ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

# အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

## ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

## ဝိသုဒ္ဓိ မှ ဝိမုတ္တိ



ဝိသုဒ္ဓိဆရာတော် နှင့် အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရား

ဝိသုဒ္ဓိဓမ္မသစ္စာတရားစာအုပ်အမှတ်(၂၀)



**ဝိသုဒ္ဓိဆရာတော်**

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

မြောင်းမြမြို့



\- စီစဉ်ပူဇော်သူ -

**ဆိုလေ်မှူးဆရာတော်**

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) မြောင်းမြမြို့

၀၉-၂၅၀၄၃၂၀၅၀ / ၀၉-၇၉၄၅၀၆၅၉၅

# ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးဖွဲ့၏ မေတ္တာရပ်ခံချက်

ရောဂဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) ဝိသုဒ္ဓိဆရာတော်ကြီး၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့ ဝိသုဒ္ဓိမဗ္ဗသစ္စာတရားတော်စာအုပ်၊ (MP-3)၊(MP-4) များမှ တစ်ပုဒ်၊ တစ်ပုံဖြစ်စေ၊ အားလုံးကိုဖြစ်စေ မိမိစေတနာ၊ သဒ္ဓါတရားဖြင့် ထပ်မံကူးယူဖြန့်ဝေနိုင်ကြပါသည်။ ဝိသုဒ္ဓိဆရာတော်တရားထပ်မံရရှိပါကလည်း ထပ်မံထည့်သွင်း၍ ကောင်းသည်ထက်ကောင်းအောင် ပြုပြင်၊ မွမ်းမံ၊ ဆောင်ရွက်၊ ဖြန့်ဝေနိုင်ကြပါရန် နှိုးဆော်တိုက်တွန်း မေတ္တာရပ်ခံအပ်ပါသည်။ ဝိသုဒ္ဓိဆရာတော်ကြီး၏ တရားစာအုပ်၊ (MP-3)၊ (MP-4)၊ ပုံတော်များကို အောက်ပါအတိုင်းဆက်သွယ်ဝယ်ယူနိုင်ကြပါသည်။

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးဆရာတော် ဦးသုမန<br>ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)၊ မြောင်းမြမြို့။ | **09-250432050** |
| (၂) | ဦးမျိုးအောင် (ရန်ကုန်) | **09-5105997** |
| (၃) | ဦးအောင်ကိုလတ်(မွဲမှဲ့) ရန်ကုန် | **09-5107496** |
| (၄) | ဆရာလေး ဒေါ်စန္ဒာသိရီ | **09-447572355** |
| (၅) | ဆရာလေး ဒေါ်မိတ္တစာရီ | **09-251620128** |
| (၆) | "ဝင်းမြင့်"ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ | **09-49741462** |
| (၇) | "ဝင်းမြင့်"ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ | **09-796685516** |
| (၈) | ကိုတိုး (မြောင်းမြ) | **09-796685527** |
| (၉) | ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေး ရုံးအဖွဲ့ | **09-447204724** |

# ရေဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့
# ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)
# ဝိသုဒ္ဓိဆရာတော်ဘုရားကြီး ဦးပဏ္ဍိတ နှင့်
# အောင်သစ္စာမဟာဓာတ်ပေါင်းချုပ်ဘုရား

## အခန်း(၁)
## ကကုသန်ဘုရားအား ဖူးတွေ့ရခြင်း

ကကုသန်ဘုရား ပွင့်တော်မူစဉ်အခါက ထန်းတက်လုလင်တစ်ဦးသည် ဘုရားအား ဖူးတွေ့မြင်ရစဉ် လှူဒါန်းလိုသော သဒ္ဓါစေတနာဖြင့် ထန်းလျက်လှူဒါန်းခဲ့သည်။ လှူဒါန်းရသောအကျိုးကြောင့် ကိလေသာ တဏှာ ပါယ်သတ်နိုင်သော တရားအသိကို ရရှိပါစေဟု ဆုတောင်းခဲ့သည်။ ဤအကြောင်းတရားသည် ယခုနောက်ဆုံးဘဝ ကိလေသာ တဏှာ ပါယ်သတ်နိုင်သော ဝိသုဒ္ဓိဆရာတော်ဘုရားကြီး ဦးပဏ္ဍိတ ဖြစ်ခဲ့သည်။

## အခန်း(၂)
## ကောဏာဂုံဘုရားအား ဖူးတွေ့ရခြင်း

ကောဏာဂုံဘုရား ပွင့်တော်မူစဉ်ကာလ လုလင်တစ်ဦးသည် ဘုရားရှင်အား ပျားရည်လှူဒါန်းခဲ့ပြီး မြတ်စွာဘုရားအား မောဟအမိုက်ကို ပါယ်သတ်နိုင်သောပုဂ္ဂိုလ် ဖြစ်ရပါစေဟု ဆုတောင်းခဲ့သည်။ ဤအကြောင်းတရားသည် ယခုနောက်ဆုံးဘဝ မောဟအမိုက်ကို ပါယ်သတ်နိုင်သော ဝိသုဒ္ဓိဆရာတော်ကြီး ဦးပဏ္ဍိတ ဖြစ်ခဲ့သည်။

## အခန်း(၃)
## ကဿပဘုရားရှင်အား ဖူးတွေ့ရခြင်း

ကဿပဘုရားပွင့်တော်မူစဉ်ကာလ ဆင်များကိုဖမ်းဆီး၍ လိမ္မာယဉ်ပါးအောင် ကျုံးသွင်းလေ့ကျင့်ပေးရသောအလုပ်ကို လုပ်ကိုင်ခဲ့သော လုလင်တစ်ဦးသည် ဘုရားရှင်အား ဖူးတွေ့ရစဉ် ဆင်သားရေလှူဒါန်းခဲ့သည်။ ဆုတောင်းခဲ့သည်မှာ အရှင်ဘုရားကဲ့သို့ သစ္စာလေးပါး၊ မြတ်တရားကို သိရှိရပါလို၏ဟု ဆုတောင်းခဲ့သည်။ ဤအကြောင်းတရားသည် ယခုနောက်ဆုံးဘဝ၌ သစ္စာလေးပါးကို သိမြင်ခဲ့သော ဝိသုဒ္ဓိဆရာတော်ဘုရားကြီး ဦးပဏ္ဍိတ ဖြစ်ခဲ့သည်။

## အခန်း(၄)
## ဂေါတမမြတ်စွာဘုရားရှင်အား ဖူးတွေ့ရခြင်း

လွန်ခဲ့သောနှစ်ပေါင်း(၂၅၀၀)ကျော်က ဂေါတမမြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် တစ်နေ့သောညနေချမ်းအချိန်တွင် တောင်ကိုးလုံးကို ကျော်၍လာရသော ခရီးမှ ရှေးဟောင်းရှမ်းကြီး အနွယ်ဝင်ဖြစ်သော ရှမ်းဘုရင်ကြီး စဝ်ထက်ခွန်ဖ၊ တောင်နန်းစံမိဘုရား စဝ်သုန္ဒရ သုမြတ်စန္ဒာ၊ မြောက်နန်းစံမိဘုရား စဝ်သုန္ဒရသုမြတ်မာလာနှင့် ရွှေတော်မျိုးတော်တို့သည် မြတ်စွာဘုရားအား လာရောက်ဖူးမျှော်ခဲ့ကြသည်။

ထိုသို့ ဖူးမျှော်ခဲ့စဉ် ဂေါတမမြတ်စွာဘုရားသခင်မှ မိန့်ကြားတော်မူသည်မှာ "ဩော် . . . ငါဘုရားနှင့် တွေ့တော်မူသော်လည်း အစွဲတရားကြီးမားသောသူတို့ကား မိမိ၏ အစွဲတရားကြောင့် ငါဘုရားဟောတော်မူသော တရားအပေါင်းတို့ မသိမြင်နိုင်ကြကုန်" ဟု ဟောတော်မူသည်။ ဘုရားသခင်ဟောကြားတော်မူသည်ကို ကန့်လန့်ကာ နောက်ကွယ်တွင်ရှိနေသော ရှမ်းဘုရင်ကြီး၏ သားတော် အသက်(၁၆)နှစ်အရွယ်ရှိ "ကိုရင်စိတ္တမှ" ကြားသိတော် မူခဲ့သည်။

## ရွှေတော်မျိုးတော်ကယ်တင်မည်

မိမိ၏ မိဘနှစ်ပါးနှင့် ရွှေတော်မျိုးတော်တို့ တရားမရနိုင်သေးကြောင်း သိရှိရ၍ "ကိုရင်စိတ္တ" စိတ်မချမ်းမြေ့ ဖြစ်သွားရရှာလေသည်။ ထို့ကြောင့် မြတ်စွာဘုရားအား လျှောက်ထားတော်မူသည်မှာ "တပည့်တော်၏ မိဘနှစ်ပါး နှင့် ရွှေတော်မျိုးတော်တို့အား တရားအသိရအောင် ဟောကြားပြသနိုင်သည့်ပုဂ္ဂိုလ်ဖြစ်ရပါလိုဟု" လျှောက်ထားခဲ့ လေသည်။

## ဘုရားဗျာဒိတ်တော်ရရှိတော်မူခြင်း

ကိုရင်စိတ္တ ၏ လျှောက်ထားချက်ကို ဂေါတမမြတ်စွာဘုရားမှ နောင် ငါဘုရားသာသနာတစ်ဝက်ကျော်လျှင် သင်သည် သင်၏ ရွှေတော်မျိုးတော်များကို တရားပြသဆုံးမ၍ တရားရအောင် ဆောင်ရွက်နိုင်သည့်ပုဂ္ဂိုလ် ဖြစ်လိမ့်မည်ဟု ဗျာဒိတ်တော်ပေးခဲ့သည်။

## သိကြားမင်းမှလျှောက်ထားခြင်း

သိကြားမင်းမှ ဂေါတမမြတ်စွာဘုရားရှင်အား လျှောက်ထားခဲ့သည်မှာ အရှင်ဘုရား အရှင်ဘုရား၏ သာသနာတစ်ဝက်တွင် တပည့်တော်ထမ်းဆောင်ရမည့် သာသနာတာဝန်မှာ အလွန်ကြီးလေးပါသည်အရှင်ဘုရား။ သို့ပါ၍ အရှင်ဘုရားကဲ့သို့ မေတ္တာတော်ထားနိုင်သော ပုဂ္ဂိုလ်တစ်ပါး ပေးသနားတော်မူပါရန် တောင်းပန် လျှောက်ထားခဲ့သည်။ ဂေါတမမြတ်စွာဘုရားရှင်မှ ငါ၏ သာသနာတစ်ဝက် ဘိုးတော်သိကြားထမ်းဆောင်ရမည့် သာသနာတော်ဦးတွင် ငါဘုရားကဲ့သို့ မေတ္တာတော်ထားနိုင်၍ သစ္စာလေးပါးတရားဟောကြားပြသတော်မူမည့် ကိုရင်စိတ္တ အား ငါဘုရားကိုယ်စား ထားတော်မူခဲ့မည်ဟု ဗျာဒိတ်တော်ပေးခဲ့သည်။

## ကိုရင်ဘဝမှ လူ့ဘဝသို့

-မြတ်စွာဘုရားရှင်အား လာရောက်ဖူးမျှော်ခဲ့ကြသော စဝ်ထက်ခွန်မ နှင့် မိဖုရားရွှေတော်မျိုးတော်တို့သည် မိမိတိုင်းပြည်သို့ပြန်ရန် ပြင်ဆင်ခဲ့ကြသည်။ ကိုရင်စိတ္တ သည် ဂေါတမမြတ်စွာဘုရားရှင်ထံတွင် တရားကျင့်ကြံပွားများ သွားပါက အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ရောက်ရှိပြီး နိဗ္ဗာန်ဝင်နိုင်သော်လည်း မိမိ၏ မိဘ၊ ဆွေတော်မျိုးတော် များကို တရားအသိဖြင့် တရားရအောင်ဆောင်ရွက်လိုသောဆန္ဒကြောင့် ကိုရင်ဘဝမှ လူထွက်ကာ မိဘများနှင့် အတူ တိုင်းပြည်သို့ ပြန်လည်လိုက်ပါခဲ့သည်။

## တိုင်းပြည်သို့ ပြန်လည်ကြွမြန်းခြင်း

ရှမ်းဘုရင်ကြီး စဝ်ထက်ခွန်ဖ သည် ဂေါတမမြတ်စွာဘုရားသခင်အား ဖူးမြင်တော်မူပြီး မိမိတိုင်းပြည်သို့ ပြန်လည်ကြွမြန်းကာ အေးချမ်းသာယာစွာ တိုင်းပြည်အုပ်ချုပ်မင်းလုပ်နေလေသည်။

## တောင်နန်းစံမိဖုရားမှ သားသမီး(၄)ယောက်ထွန်းကားခြင်း

ရှမ်းဘုရင်ကြီး စဝ်ထက်ခွန်ဖ နှင့် တောင်နန်းစံမိဖုရား စဝ်သုဒ္ဓသုမြတ်စန္ဒာ မှ သားတော်၊ သမီးတော် (၄)ပါး ဖွားမြင်ခဲ့သည်။ "ကိုရင်စိတ္တ"မှာ သားတော်ကြီး "စဝ်ထက်မြတ်ထက်"ဖြစ်ပြီး အိမ်ရှေ့မင်းသားဖြစ်သည်။ စဝ်ထက်မြတ်စံ သည် သားလတ်ဖြစ်ပြီး စစ်သေနာပတိချုပ်ဖြစ်သည်။ စဝ်သုန္ဒသုမြတ်စန္ဒီ မှာ သမီးလတ်ဖြစ်ပြီး စကားအလွန်ကြွယ်သည်။ စစ်သေနာပတိချုပ်၏ စစ်မှုရေးရာအတိုင်ပင်ခံဖြစ်သည်။ စစ်ရေးစစ်ရာအရာရှိချုပ်ဖြစ်သည်။ ဆင်ကိုးစီးပိုင်တော်မူသည်။ စဝ်ထက်ထင်ကျော် မှာ သားအငယ်ဆုံးဖြစ်သည်။ အစ်ကိုတော်၊ အစ်မတော်များမှ ချစ်စနိုးဖြင့် စောကဲ ဟုခေါ်သည်။ အဆော့သန်သည်။ အလွန်ကဲသည်။

## မြောက်နန်းစံမှ သားသမီး(၁၀)ယောက်မွေးဖွားခြင်း

စော်ဘွားကြီးစဝ်ထက်ခွန်ဖ နှင့် မြောက်တန်းစံမိဖုရား စဝ်သုန္ဒရမြတ်မာလာ မှ သားတော်၊ သမီးတော် (၁၀)ယောက်ဖွားမြင်ခဲ့သည်။ စဝ်ထက်ပဟာမင်းဂေါင်ကျော်ထင် မှာ သားကြီးဖြစ်ပြီး၊ အိမ်ရှေ့မင်းသား စဝ်ထက်မြတ်ထက်၏ ကိုယ်ရေးအရာရှိဖြစ်သည်။ ပြည်တွင်းပြည်ပရေးရာများကို ကိုင်တွယ်ဆောင်ရွက်ရသည်။ တရားစီရင်ဆောင်ရွက်ရသည်။ စဝ်ထက်မင်းလွင် မှာ သားအငယ်ဆုံးဖြစ်ပြီး တရားဓမ္မကိုဖက်တွယ်ထားသူဖြစ်သည်။

## တိမ်းရှောင်ထွက်ပြေးရခြင်း

ဂေါတမမြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်ပြုပြီး နှစ်အတန်ကြာသောအခါ ရှမ်းဘုရင်ကြီး စဝ်ထက်ခွန်ဖ ၏ တိုင်ပြည်အား ကသည်းလူမျိုးများ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ "စဝ်ထက်မြတ်ထက်" မှာ ပြန်လည်တွန်းလှန်နိုင်သော်လည်း အသက်ပေါင်းများစွာပျက်စီးမည်ကို ဂရုပြုမိ၍ ပြန်လည်တိုက်ခိုက်သူအား ဖူးဖြတ်မည်ဟု အမိန့်ထုတ်၍ တိမ်းရှောင်ထွက်ပြေးခဲ့ရသည်။ ရေလမ်းခရီး၊ ဖောင်ဖြင့်တသွယ်၊ ကုန်းလမ်းခရီးဖြင့် တချို့ထွက်ပြေးခဲ့ရသည်။

## မြတ်စွာဘုရား၏ ခြေဆစ်တော်ဓါတ်ပြာသကိန်း တစ်ထောင့်ထွာပင့်ဆောင်ခြင်း

"စဝ်ထက်မြတ်ထက်"နှင့် မောင်နှမသုံးယောက်တို့သည် ရေလမ်းခရီးမှ ဖောင်ဖြင့်တိမ်းရှောင်ထွက်ပြေးခဲ့ရသည်။ ထိုသို့ တိမ်းရှောင်ထွက်ပြေးခဲ့စဉ် ဂေါတမမြတ်စွာဘုရား၏ ခြေဆစ်တော်ဓါတ်တော်နှင့် သကိန်း တစ်ထောင့်ထွာတို့ကို ပင့်ဆောင်လာခဲ့သည်။ တိုင်းပြည်၏ ဘဏ္ဍာတိုက်မှ စိန်တစ်တင်း၊ ပတ္တမြားတစ်တင်း၊ စိတ်ယုတ်၊ ရွှေခွက်(၄၅)ခွက် တို့ကို တပါတည်းယူဆောင်လာခဲ့သည်။

## ဖောင်တော်ဆိုက်ရောက်ခြင်း

စပ်ထပ်မြတ်ထက်ဖောင်တော့်သည် ယခု ရောဝတီတိုင်း၊ မြောင်းမြမြို့ တောင်ကလေးကျေးရွာအုပ်စု၊ ပိန္နဲကုန်းကျေးရွာ ယခု အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရား တည်ထားသော တောင်ကုန်းလေးသို့ ဆိုက်ရောက်ခဲ့သည်။ ယခင်နှစ်ပေါင်း(၂၅၀၀)ကျော်က ဤတောင်ကုန်းလေးသည် ပင်လယ်ကမ်းဦးရေတိမ်ပိုင်းတွင် တည်ရှိခဲ့သော ရေပတ်လည်ဝိုင်းနေသည့် တောင်ကုန်း(ကျွန်းကလေး)ပင်ဖြစ်သည်။ ထိုတောင်ကုန်းသို့ ဖောင်တော်ဆိုက်ရောက်ပြီး ဖောင်တော်ပေါ်မှ မြတ်စွာဘုရား၏ ခြေဆစ်တော်ဓါတ်တော်၊ သကိန်းတစ်ထောင့်ထွာ၊ နန်းတွင်းပစ္စည်းများ သယ်ချပြီးချိန်တွင် ပင်လယ်၌ လေကြီးမိုးကြီးကျရောက်ခဲ့သည်။ လေကြီးမိုးကြီးသည်းထန်စွာ

ရှာသွန်းသဖြင့် ဖောင်ကြိုးပြတ်ကာ ညီလတ် စဝ်ထက်မြတ်စံ နှင့် ညီမလတ် စဝ်သုဒ္ဓရာသုမြတ်စန္ဒီ တို့သည် ဖောင်နှင့်အတူ မျောပါကာ ပင်လယ်ပြင်တွင် ရေနစ်သေဆုံးခဲ့ရသည်။ မသေမီ မိမိတိုင်းပြည်ကို စွဲလမ်းလွန်းသောအစွဲတရားကြောင့် နတ်စိမ်းဘီလူးများဖြစ်ကြရလေသည်။ ၎င်းနတ်စိမ်းမောင်နှမသည် ၎င်းတို့၏ တိုင်းပြည်သိမ်းပိုက်ထားသော ကသည်းဘုရင်အား တိုင်းပြည်ပြန်ပေးရင်ပေး၊ မပေးရင် အသင်မင်းကြီး၏ ဦးခေါင်းရှစ်စိပ်ခွဲပစ်မည်ဟု ဗိမ်မက်တော်ပေးခဲ့ရာ ကသည်းဘုရင်မှ တိုင်းပြည်အား ပြန်လည်အပ်နှင်းခဲ့ရာ တိုင်းပြည် ပြန်လည်ရသဖြင့် ပြည်တော်ပြန်၊ ပြေလည်ပြင်မောင်နှမဟု အပိုင်စားရခဲ့သည်။

## နောက်တော်ပါ မောင်နှမကွက်မြတ်ခြင်း

ရေလမ်းခရီးဖြင့်ထွက်ပြေးလာစဉ် စဝ်ထက်မြတ်ထက် မောင်နှမ(၄)ယောက်နှင့်အတူ နောက်တော်ပါ မောင်နှမ(၂)ယောက်ပါရှိခဲ့သည်။ ကျွန်းပေါ်သို့ရောက်သောအခါ နောက်တော်ပါမောင်နှမသည် စိန်နှင့် ပတ္တမြားကိုတပ်မက်သော လောဘဇောဖြင့် စဝ်ထက်မြတ်ထက် ညီအစ်ကိုနှစ်ယောက်အား လုပ်ကြံမည်ကို သိတော်မူသောကြောင့် စဝ်ထက်မြတ်ထက် မှ လက်သုံးတော်ရွှေဓားဖြင့် ကွက်မြတ်ခဲ့သည်။

## ညီငယ်အလောင်းကို အသုဘရှုခဲ့ခြင်း

ကျွန်းပေါ်တွင် နေထိုင်တော်မူစဉ် ညီအငယ်ဆုံး စဝ်ထက်ထင်ကျော် (စော်ကဲ)သည် သစ်ပင်ပေါ်တက်ဆော့ရာမှ လိမ့်ကျကာ ဇက်ကျိုး၍သေဆုံးခဲ့သည်။ ညီငယ်၏ အလောင်းအား (၁)လထားကာ အသုဘကမ္မဋ္ဌာန်းရှု၍ ပင်လယ်ထဲသို့ မျှောပစ်ခဲ့သည်။

## အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်စေတီတော်တည်ထားခြင်း

စဝ်ထက်မြတ်ထက် သည် မိမိတိုင်းပြည်မှပင့်ဆောင်လာခဲ့သော ဂေါတမမြတ်စွာဘုရားသခင်၏ ခြေဆစ်တော်၊ ဓါတ်တော်နှင့် သင်္ကန်းတစ်ထောင့်ထွာ ရွှေခွက်(၄၅)ခွက်တို့ကို ဌာပနာ၍ ထိုကျွန်းပေါ်တွင် စေတီတော်တည်ထားခဲ့သည်။ "ဘုရားတပည့်တော်သည် တရားအသိရအောင် တစ်ဘဝမရလျှင် တစ်ဘဝကျင့်ကြံသွားပါမည်ဘုရား"ဟု သစ္စာဆိုခဲ့သည်။ ပထမမြောက် မြတ်အောင်သစ္စာပင်ဖြစ်သည်။ ဘုရားဘွဲ့တော်မှာ "အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရား"ဖြစ်ပေသည်။ တည်ထားသောနေရာမှာ ယခု မြောင်းမြမြို့ တောင်ကလေးအုပ်စု၊ ပိန္နဲကုန်းကျေးရွာ ယခု "အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရား"တည်ထားသောနေရာပင်ဖြစ်သည်။

## ညီအစ်မ(၂)ယောက် ထပ်မံမွမ်းမံတည်ထားခြင်း

နောင်နှစ်အတန်ကြာသောအခါ ၎င်းစေတီအား ညီအစ်မနှစ်ယောက်မှ တွေ့ရှိသဖြင့် အုတ်ဖြင့်ငုံ၍ ထပ်မံတည်ထားခဲ့သည်။

## အလောင်းစည်သူထပ်မံမွမ်းမံပြင်ဆင်ခြင်း

နှစ်အတန်ကြာသောအခါ အလောင်းစည်သူမင်းကြီးသည် ဖောင်စကြာဖြင့် တိုင်းခန်းလှည့်လည်တော်မူစဉ် အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်စေတီရှိရာ ကုန်းတော်ပေါ်မှ သာသနာ့အလံတွေ့ရှိသဖြင့် ကုန်းတော်ပေါ်သို့ တက်ရောက်ခဲ့ရာ စေတီတော်နှင့် ရသေ့ ဦးတိဿ အား ဖူးတွေ့ရသည်။ အလောင်းစည်သူမင်းမှာ ရသေ့ဦးတိဿ

၏ ဩဝါဒခံယူ၍ စေတီတော်အား ထပ်မံမွမ်းမံပြုပြင်တည်ထားခဲ့သည်။ ကုန်းတော်ပေါ်တွင်လည်း သာသနာ့အဆောက်အဦးနှင့် ကုန်းတော်ပေါ်တက်သော စောင်းတန်းများ ဆောက်လုပ်လှူဒါန်းခဲ့သည်။ ထိုရသေ့ ဦးတိဿမှာ လွန်ခဲ့သောအတိတ်က ကိုရင်စိတ္တ (စဝ်ထက်မြတ်ထက်)ပင်ဖြစ်ပေသည်။

## အခန်း(၅)

## စော်ဘွားကြီးစိုင်းခမ်းလုံ

လွန်ခဲ့သောနှစ်ပေါင်း(၁၀၀၀)ကျော်ခန့်က ရှမ်းပြည်နယ်တွင် စော်ဘွားကြီး ဦးခမ်းလုံ သည် စော်ဘွားအရိုက်အရာကိုဆက်ခံလျက်ရှိသည်။ စော်ဘွားကြီး ဦးခမ်းလုံ သည် မွေးချင်း(၇)ယောက်ရှိသည့်အနက် သားအကြီးဆုံးဖြစ်သည်။ သူသည် ဟော်နန်းကို မက်မောခြင်းမရှိဘဲ မြတ်ဗုဒ္ဓ၏ တရားဓမ္မများကိုကျင့်ကြံ၍ သာသနာပြုလုပ်ငန်းများကိုသာ စိတ်ဝင်စားခဲ့သည်။

### သားတော်စိုင်းခွန်စိုင်း၊ အစ်မတော် စောမွန်လှ

စော်ဘွားကြီး ဦးခမ်းလုံ တွင် ဓားရေး၊ လှံရေး ဝါသနာထုံသော စိုင်းခွန်စိုင်း ခေါ် သားတော်တစ်ပါးရှိခဲ့သည်။ စော်ဘွားကြီးသည် တိုင်းရေးပြည်ရေးကိစ္စကို သားတော်ကြီးနှင့်လွှဲအပ်ထားပြီး သာသနာပြုလုပ်ငန်းများကိုသာ ကိုယ်တိုင်ဆောင်ရွက်ခဲ့သည်။ ဘုရားသုံးဆူတည်ထားကိုးကွယ်ခဲ့ပြီး ကျောင်းကန်များကို တည်ထားဆောက်လုပ်လှူဒါန်းခဲ့သည်။ စော်ဘွားကြီးတွင် အစ်မတော်စောမွန်လှ ရှိပြီး သာသနာကို အတူတကွဆောင်ရွက်ခဲ့ကြသည်။

### အစ်မတော်စောမွန်လှ အား အနော်ရထာမင်းကြီးထံဆက်သ

အနော်ရထာမင်းကြီးသည် တိုင်းခန်းလှည့်လာစဉ် စော်ဘွားကြီး ဦးခမ်းလုံ နယ်သို့ရောက်ရှိခဲ့သည်။ စော်ဘွားကြီး ဦးခမ်းလုံ မှ အစ်မတော်စောမွန်လှ ကို ဆက်သခဲ့သည်။ ရွှေသင်ဖြူးဖျာ(၅)ချပ်ကို လက်ဆောင်အဖြစ်ဆက်သခဲ့ရာ အနော်ရထာမင်းကြီးမှာ ကြိမ်စကြိုးဖြင့်ရိုက်၍ တစ်ချပ်တည်းဖြစ်အောင်ပြုလုပ်ပြီး စော်ဘွားကြီး ဦးခမ်းလုံ အား ပြန်လည်အပ်နှင်းခဲ့သည်။

### နို့ပုန်းစားတော်လှန်ပုန်ကန်ခြင်း

စော်ဘွားကြီး ဦးခမ်းလုံ ၏ သား စိုင်းခွန်စိုင်း နှင့် အသက်အရွယ်တူသော နို့ပုန်းစား (မွေးစားသား)တစ်ပါးရှိခဲ့သည်။ နောင်အခါ ထိုမွေးစားသားသည် အာဏာမက်သော လောဘဇောတိုက်သော အနော်ရထာမင်း ကို သွေးထိုးမြှောက်ပင့်ပူးပေါင်းကာ စော်ဘွားကြီး ဦးခမ်းလုံ နှင့် သားတော် စိုင်းခွန်စိုင်း တို့ နယ်စပ်ဒေသသို့ တိုင်းခန်းလှည့်လည်နေစဉ် ဟော်နန်းတွင်ကျန်ရစ်ခဲ့သော မိဖုရားနှင့် သားတော်များကို လုပ်ကြံတော်လှန်ပုန်ကန်ခဲ့သည်။

## ရွှေစာရံဘုရားတည်

ထိုတစ်ချိန်တည်းမှာပင် ပုဂံပြည်၌လည်း စော်ဘွားကြီး ဦးခမ်းလုံ ၏ အစ်မတော် စောမွန်လှ ကို စုန်းကဝေ ဟုစွပ်စွဲကာ ရွှေနန်းတော်မှ နှင်ချခဲ့သည်။ အစ်မတော်စောမွန်လှ သည် မိမိဒေသသို့ပြန်လာရာ လမ်းခရီးတွင် ဓါတ်တော်ကိန်းဝပ်သော မိမိနားဋ္ဌောင်းကို ဌာပနာ၍ ရွှေစာရံဘုရားတည်ခဲ့ပြီးနောက် လမ်းခရီး၌ ရင်ကွဲနာကျ၍ သေဆုံးခဲ့ကာ နတ်ဘုံစံခဲ့ရသည်။

## သည်းခံခြင်းတရား

စော်ဘွားကြီးသည် ဟော်နန်းသို့အပြန် နို့ပုန်းစား လုပ်ကြံတော်လှန်သဖြင့် ထွက်ပြေးခဲ့ရသော ညီမငယ်နှင့် လမ်းမှာတွေ့ဆုံခဲ့ရသည်။ သားတော်ဖြစ်သူ စိုင်းခွန်စိုင်း က ပြန်လည်တိုက်ခိုက်မည်ပြုစဉ် စော်ဘွားကြီးမှ လူများ သေကျေပျက်စီး ဒုက္ခရောက်မည်ကို တရားသဘောဖြင့် ဆင်ခြင်မိကာ တားမြစ်ခဲ့သည်။

## မော်တင်စွန်းထိပြေးခဲ့ရ

နို့ပုန်းစားက လိုက်လံတိုက်ခိုက်သဖြင့် တောတောင်အထပ်ထပ်ကိုဖြတ်ကျော်၍ အောက်ပြည်အောက်ရွာ သို့ တိမ်းရှောင်ရင်း မော်တင်စွန်း(ပုသိမ်)သို့ ရောက်ရှိခဲ့သည်။ မော်တင်စွန်းတွင် သီတင်းသုံးနေသော ရသေ့ ဆရာကြီး ဦးဇဝန ထံတွင် တစ်ထောက်နား၍ မလုံခြုံသောကြောင့် ခရီးဆက်ခဲ့ရသည်။ ကန်ကြီးထောင့်မြို့တွင် ကရင်တိုင်းရင်းသားများကို မောင်းတီး၍ စုဆောင်းခဲ့သောကြောင့် ယခုတိုင်ပင် ကန်ကြီးထောင့်မြို့နယ်တွင် မောင်းတီးရွာ၊ ကရင်စုရွာဟု ရှိနေပေသည်။ ထိုသို့လူစုပြီး တစ်ဖက်ကမ်းသို့ကူးခဲ့ရာ ရဲဘက်များ လေးဘက်တွား၍ တက်ခဲ့ရသဖြင့် လေးဘက်တွားရွာဟု ယခုမြောင်းမြမြို့နယ်တွင် အမည်တွင်ကျန်ရစ်ခဲ့သည်။

## ဦးကံကောင်းကုန်းသို့ရောက်ရှိ

နို့ပုန်းစားလည်း ဆက်လက်လိုက်လံတိုက်ခိုက်နေသဖြင့် ရဲမက်များကျဆုံးကာ စော်ဘွားကြီးတို့သုံးယောက်သာ ကျန်ခဲ့သည်။ စိုင်းခွန်စိုင်း လည်း အဒေါ်ကိုထမ်း၍ ပြေးခဲ့ရပြီး ယခုအခေါ် ပိန္နဲကုန်းကျေးရွာ၊ ဦးကံကောင်းကုန်း တွင် စခန်းချနေခဲ့ရသည်။

## ဒိဒူးပင်ရင်းမှ ရသေ့ဦးပရတိဿ

ထိုနောက် ရက်အတန်ကြာသော် သစ်သီးများရှာဖွေရင်း တောင်ကုန်းငယ်လေးတစ်ခုပေါ်သို့ရောက်ရှိလာ သည်။ ထိုတောင်ကုန်းမှာ ယခုမြောင်းမြမြို့နယ်၊ ပိန္နဲကုန်းရွာအနီး တောင်ကုန်းကလေးပင်ဖြစ်သည်။ ထိုတောင်ကုန်း ပေါ်ရှိ ဒိဒူးပင်ခြေရင်းတွင် ရသေ့တစ်ပါးတွေ့ရှိခဲ့ရသည်။ ထိုရသေ့မှာ "ဦးပရတိဿ" ရသေ့ပင်ဖြစ်သည်။ ထိုရသေ့ ကြီး ဦးပရတိဿ သည် လွန်ခဲ့သောနှစ်(၂၅၀၀)ကျော်က "ကိုရင်စိတ္တ"၊ လူအမည် "စဝ်ထက်မြတ်ထက်" ဖြစ်သည်။ ယခင်က ဤကုန်းတော်ပေါ်တွင် အလောင်းစည်သူမင်းနှင့် လက်တွဲသာသနာပြုခဲ့သော ရသေ့ ဦးတိဿ လည်း ဖြစ်သည်။

## ရသေ့ထံ တရားနာ

စိုင်းခွန်စိုင်း မှ ဖခင်စော်ဘွားကြီးအားပြောသောအခါ စော်ဘွားကြီးမှ ရသေ့ကြီးထံသို့ နေ့ညမပျက် သွားရောက်၍ တရားတော်များနာကြားခဲ့သည်။

စော်ဘွားကြီးသည် ရသေ့ကြီး ဦးပရတိဿ နေ့ညမပျက်သွားရောက်တိုင်း သားတော်စိုင်းခွန်စိုင်း အား ခေါ်ဆောင်သွားခဲ့သည်။ စိုင်းခွန်စိုင်း ကလည်း တရားနာရတာပျင်းတယ်၊ စစ်တိုက်တာလောက် စိတ်ဝင်စားစရာ မကောင်းဟု ပြောခဲ့သည်။ မြစ်တစ်ဖက်ကမ်းသို့ကူးကာ ဦးထိပ်နိ (ယခုထန်းပင်ကုန်းရွာ)ထံသို့ သွားရောက်၍ နေ့စဉ် ထန်းရည်သောက် မူးယစ်နေတော့သည်။

## ဉာဏ်ဘုရားတည်ကြမယ်၊ ဉာဏ်သာသနာပြုမယ်

တစ်နေ့သောအခါ စော်ဘွားကြီး ဦးခမ်းလုံ က ရသေ့ကြီး ဦးပရတိဿ အား ကုန်းတော်ပေါ်တွင် ဘုရား တည်ရန် လျှောက်ထားခဲ့သည်။ ထိုအခါ ရသေ့ကြီး ဦးပရတိဿ မှ ယခုအချိန် ဘုရားတည်ရင်တော့ ကံဘုရား ဖြစ်လိမ့်မယ်၊ နောက်တစ်ချိန် မဂ်ဉာဏ်ရမှ ဘုရားတည်ရင် ဉာဏ်ဘုရားဖြစ်လိမ့်မယ်ဟု မိန့်ကြားခဲ့သည်။

## ကံသာသနာ

ကံမြင် ၊ ကံရှိ ၊ ကံအသိဖြင့် ကောင်းမှုပြုခြား စိတ်ထားမမှန် လောကစံကို ခံနိုင်အားမရှိ ကံအသိဖြင့် တည်ပါသော်ငြား ကံဘုရားပဲဖြစ်လိမ့်မည်။ ကံသာသနာဖြစ်လိမ့်မည်။

## ဉာဏ်သာသနာ

ဉာဏ်မြင် ဉာဏ်ရှိ ဉာဏ်အသိဖြင့် ကောင်းမှုပြုခြား စိတ်ထားတည်ရန် လောကစံကို ကြံ့ကြံ့ခံ၍ တွန်းတိုက် သော်ငြား ခန္တီပွားပြီး မဂ္ဂင်(၈)ပါး၊ ခြေခံထား၍ အတွင်းပရမတ်ဓါတ်ဖြင့်တည်ပါက ဉာဏ်ဘုရား၊ ဉာဏ်သာသနာ ဖြစ်လိမ့်မည်။

## ပိန္နဲနှစ်ပင် သက်သေတည်

စော်ဘွားကြီး ဦးခမ်းလုံ သည် နောင်တစ်ချိန် ရသေ့ဦးပရတိဿ၊ သားတော် စိုင်းခွန်စိုင်း နှင့်အတူ ဉာဏ်ဘုရားတည်ရန် ဉာဏ်သာသနာပြုရန်အတွက် သစ္စာပြုရန်စီစဉ်ခဲ့သည်။ သားတော် စိုင်းခွန်စိုင်း အား ပိန္နဲပင် အိမ်မာ နှစ်ပင်အရှာခိုင်းခဲ့သည်။ ပိန္နဲပင်အိမ်မာနှစ်ပင်ရသောအခါ သားတော်၏ လက်ဝတ်ရတနာ၊ ညီမတော် လက်ဝတ်ရတနာများစုပေါင်း၍ တစ်ဝက်စီခွဲဝေကာ တစ်ဝက်ကို စော်ဘွားကြီး၏ တဘက်နှင့်ထုပ်၍ ပိန္နဲပင် တစ်ပင်စိုက်ခဲ့သည်။ ကျန်ရတနာတစ်ဝက်ကို ရသေ့ကြီး ဦးပရတိဿ ၏ တဘက်ဖြင့်ထုပ်၍ ယခု ပိန္နဲကုန်းရှိ ဒီဇူးပင်ခြေရင်းတွင်မြှုပ်နှံကာ ၎င်းအပေါ်တွင် ပိန္နဲပင်အိမ်မာပင်တစ်ပင်စိုက်ခဲ့သည်။

## သုံးဦးသုံးဖလှယ်ပြန်ဆုံသောအခါ ဉာဏ်ဘုရားတည်ကြမယ်

၎င်းကဲ့သို့ ပိန္နဲပင်အိမ်မာပင်နှစ်ပင်စိုက်ပြီးနောက် စော်ဘွားကြီးဦးခမ်းလုံ၊ သားတော် စိုင်းခွန်စိုင်း နှင့် ရသေ့ကြီး ဦးပရတိဿ တို့မှာ ရွှေခွက်ဖြင့် အဓိဋ္ဌာန်ပြုခဲ့သည်မှာ ပိန္နဲပင်အိမ်မာပင်မှ အိမ်ပျော့သီးပြီး ကိန်းနက္ခက် အချိန်ကျ၍ သုံးဦးသုံးဖလှယ်ပြန်ဆုံတဲ့အခါမှာ ဉာဏ်ဘုရားတည်ကြမယ်ဟု သစ္စာပြုခဲ့ကြသည်။ ထိုအချိန်တွင် စော်ဘွားကြီး၏ ညီမတော်မှာလည်း ဝင်ရောက်၍ ထိုသာသနာပြုလျှင် သူမလည်း ပါရမီဖြည့်ပါရစေဟု တောင်းပန် လျှောက်ထားခဲ့သည်။

## သားတော်စိုင်းမွန်စိုင်း တပည့်အဖြစ်အပ်နှံခြင်း

စော်ဘွားကြီး ဦးခမ်းလုံ မှာ သားတော် စိုင်းခွန်စိုင်း အား ရသေ့ကြီး ဦးပရတိသ ထံတွင် တပည့်ရင်းအဖြစ် အပ်နှံခဲ့ရာ ရသေ့ကြီးက လက်ခံခဲ့သည်။

## ရှမ်းစော်ဘွားကြီးဦးခမ်းလုံ ကံတော်ကုန်

ရက်အတန်ငယ်ကြာသောအခါ စော်ဘွားကြီး ဦးခမ်းလုံ သည် ကံတော်ကုန်ခဲ့သည်။ ကံတော်ကုန်၍ သာသနာပြုနတ်မင်းဖြစ်ခဲ့သည်။ ရသေ့ကြီး ဦးပရတိသ မှ နောင်တစ်ချိန်တွင် ရှမ်းဘိုးတော် အမည်ဖြင့် သာသနာပြု လိမ့်မည်ဟု မိန့်ကြားခဲ့သည်။

## နတ်ဘုံနှင့် ငရဲဘုံပြသ

တစ်နေ့သောအခါ ရသေ့ကြီး ဦးပရတိသ မှ တပည့်ဖြစ်သူ စိုင်းခွန်စိုင်း အား ခင်ဗျားခမည်းတော် ဘယ်ဘုံကို ရောက်သလဲဆိုတာ သိချင်မြင်ချင်သလားဟု မေးခဲ့သည်။ စိုင်းခွန်စိုင်း မှ မြင်ချင်ပါတယ်ဟု ပြောခဲ့သည်။ ရသေ့ကြီးမှာ မြင်ရင်ရင် ကျွန်ုပ်တရားကိုနာရမည်။ နောင်အရက်မသောက်ရဘူးဟု ပြောကြားခဲ့သည်။ ထို့နောက် စိုင်းခွန်စိုင်း ၏ မျက်လုံးအား လက်ဖြင့်ပိုင်းပြီး တုသိတာနတ်ပြည်၌ နတ်မင်းဖြစ်နေသော စော်ဘွားကြီးဦးခမ်းလုံ အား ပြသခဲ့သည်။ ကျန်သော မျက်လုံးတစ်ဖက်ကို လက်ဖြင့်ပိုင်း၍ ငရဲပြည်၌ ဝတ်လစ်စလစ်ဖြင့် ပြေးပြေးလွှားလွှား ဒုက္ခခံနေရသော ငရဲသားတွေကိုပြသပြီး ခင်ဗျားဘယ်ဘုံကိုသွားမလဲ။ ခင်ဗျားခမည်းတော်ဆီသွားချင်ရင် ခင်ဗျား ခမည်းတော်လို တရားကျင့်ရမည်ဟု မိန့်ခဲ့သည်။ ထိုအခါမှစ၍ စိုင်းခွန်စိုင်း သည် အရက်သောက်စားခြင်းမပြု တော့ဘဲ ရသေ့ကြီး၏တရားများ နာကြားလိုစိတ်ဖြစ်ပေါ်ခဲ့သည်။

## အနိစ္စ၊ ဒုက္ခ၊ အနတ္တ

ရင်းနှစ် တော်သလင်းလပြည့်နေ့ ညရောက်သောအခါ စိုင်းခွန်စိုင်း မှ ခုံကလေးတစ်ခုပြုလုပ်ပြီး ခုံကလေးကို ယခုဘုံသုံးဆင့် ကျောင်းနေရာတွင်ခင်းထားပြီး ၎င်း၏ အင်္ကျီကို ခုံကလေးပေါ်တွင်ခင်း၍ ရသေ့ကြီး ဦးပရတိသ ကို ထိုင်စေပါသည်။ ထိုအချိန်တွင် စိုင်းခွန်စိုင်း မှာ မာန်မာနကျနေချိန်ဖြစ်ပါသည်။ ဆရာရသေ့ကြီးမှ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားဟောပါသည်။ "ခင်ဗျားဟော်နန်းကနေ ဒီကိုရောက်လာတာက အနိစ္စ၊ လမ်းမှာ အငတ်ငတ် အပြတ်ပြတ်နေခဲ့ရတာက ဒုက္ခ၊ ခင်ဗျားခမည်းတော်သေသွားရတာက အနတ္တ" ဟု ဟောကြားခဲ့သည်။

## ရသေ့ဦးပရတိသ ကံတော်ကုန်ခြင်း

တစ်နေ့သောအခါ ရသေ့ကြီးသည် ရေဆိပ်သို့ဆင်း၍ ရေချိုးရင်း သဲသောင်ခုံပေါ်တွင် ကံတော်ကုန်ခဲ့ရ ပါသည်။ စိုင်းခွန်စိုင် သည် ကုန်းတော်ပေါ်သို့ ထမ်းတင်လာပြီး စင်ကလေးထိုး၍ ရသေ့ကြီး ဦးပရတိသ ၏ အလောင်းကို ထားရှိခဲ့ပါသည်။ ခုနစ်ရက်ထားရှိခဲ့ရာ ပုပ်ခြင်း၊ နံခြင်းမရှိသဖြင့် ယခုအတိုင်းထားလို့တော့ မဖြစ်ဟု ဆိုကာ ကုန်းတော်တွင် လှိုဏ်ခေါင်းတူးပါသည်။

## နဂါးမင်းနှင့်သစ္စာပြု

လှိုင်ခေါင်းတူးစဉ် တစ်ဝက်ခန့်ရောက်သောအခါ နန္ဒနဂါးမင်း ၏တွင်းကို ဖောက်ထွင်းမိသဖြင့် နန္ဒနဂါးမင်းသည် တရားထိုင်ရာမှ ထွက်လာပြီး အသင်လူသား မတူးပါနှင့်ဟု တားမြစ်ခဲ့သည်။ ထိုအခါ စိုင်းခွန်စိုင်း မှ နောင်တစ်ချိန်တွင် သာသနာပြုပုဂ္ဂိုလ်၏ ရုပ်ကလာပ်ကို သိမ်းဆည်းလို၍ တူးရခြင်းဖြစ်ပါသည်ဟု ပြောသောအခါ နဂါးမင်းလည်း ရသေ့ကြီး ဦးပရတိဿ ၏ ရုပ်ကလာပ်ကို ဦးတိုက်ပြီး ခွင့်ပြုခဲ့သည်။ နဂါးမင်းမှာ နောင်တစ်ချိန်တွင် သာသနာပြုသောအခါ ကျွန်ုပ်တို့လည်း ပါပါရစေဟု တောင်းခံရာ စိုင်းခွန်စိုင်း ကလည်း ခွင့်ပြုပြီး နဂါးမင်းနှင့် သစ္စာပြုခဲ့ကြသည်။ နဂါးမင်း၏ တွင်းဝသည် ပိန္နဲကုန်းပေါ်ရှိ ဒီဒူးပင်အရင်း၌ တည်ရှိသည်။

## ရှမ်းဆရာကြီး စိုင်းခွန်စိုင်း

စိုင်းခွန်စိုင်း သည် ဆရာတော်ရသေ့၏ ရုပ်ကလာပ်ကို လှိုင်ဂူအတွင်း သိမ်းဆည်းပြီးနောက် အင်း၊ အိုင်၊ ခလဲ့၊ လက်ဖွဲ့နှင့် ဆေးပညာရပ်များကိုလိုက်စားပြီး ရှမ်းဆရာကြီးအဖြစ်ဖြင့် လှည့်လည်ဆေးကုသမှုပြုလုပ်ခဲ့သည်။ ဤသို့ဖြင့် နှစ်အတော်ကြာနေလာခဲ့သည်။

## စိုင်းခွန်စိုင်း မှ အရှင်ထွက်ဝိဇ္ဇာဘဝပြောင်း

ယင်းနောက် ရှမ်းဆရာကြီး စိုင်းခွန်စိုင်း သည် ရသေ့ကြီး ဦးပရတိဿ ပေးခဲ့သော အဆောင်လက်ဖွဲ့နှင့် မိမိလေ့လာလိုက်စားခဲ့သော ဆေးပညာရပ်တို့ဖြင့်ပူးပေါင်းကာ အရှင်ထွက်,ထွက်၍ ဝိဇ္ဇာဘဝကူးပြောင်းခဲ့သည်။ အဘ စိုင်းခွန်စိုင်း သည် ဝိဇ္ဇာဘဝဖြင့် အချိန်ကျရောက်၍ သာသနာပြုသည့်အခါ လိုအပ်မည့်သာသနာပြုပုံပြုနည်းများ သိရှိကျွမ်းကျင်ရန်အတွက် နေရာအနှံ့ လေ့လာကြိုးကုတ်အားထုတ်ရှာဖွေခဲ့သည်။

## အခန်း (၆)

## မြောင်းမြမြို့နယ် ပိန္နဲကုန်းရွာ

ယခုအခါ ဧရာဝတီတိုင်း၊ မြောင်းမြမြို့နယ်ရှိ ပိန္နဲကုန်းကျေးရွာကလေးသည် ရန်ကုန်ပုသိမ်သွားသော သင်္ဘောများဖြတ်သန်းခုတ်မောင်းရာ မြစ်ဘေးတွင်ရှိ၍ သစ်ပင်ဝါးပင်၊ တောင်ကုန်းတောင်တန်း၊ တောင်ခွယ်လေးများနှင့် သာယာစိုပြည်လှပသော ရွာကလေးဖြစ်သည်။ ထိုပိန္နဲကုန်းကျေးရွာကလေးသည် ဘိုးဘွားလက်ထက်ခေတ်အဆက်ဆက်မှစ၍ ဒေးရန်အသွယ်သွယ်ကို စောင့်ရှောက်ကာကွယ်ပေးသော ဝိဇ္ဇာနွယ်ဝင် ရှမ်းဆေးဆရာကြီးတစ်ပါးရှိခဲ့သည်။ ၎င်းဝိဇ္ဇာနွယ်ဝင် ရှမ်းဆေးဆရာကြီးမှာ လွန်ခဲ့သောနှစ်ပေါင်း(၁၀၀၀)ကျော်က စော်ဘွားကြီးဦးခမ်းလုံ ၏ သားတော်ကြီး စိုင်းခွန်စိုင်း ပင်ဖြစ်သည်။

## ပိန္နဲကုန်းတောင်ကုန်း

ပိန္နဲကုန်းရွာအနီးရှိ တောင်ကုန်းကလေးသည် ဒိဗ္ဗူးပင်ကြီးတစ်ပင်၊ ဝါးရုံပင်၊ ခြုံနွယ်ပိတ်ပေါင်းဖြင့် ဖုံးအုပ်လျက်ရှိသည်။ ရွာမှနွားများကို ၎င်းကုန်းတော်ပေါ်တွင် ချည်ထားတတ်ကြသည်။ ယခင်ရှေးဟောင်းဘုရား ရှိမှန်း မည်သူမျှမသိကြတော့ပေ။ ဒိဗ္ဗူးပင်ခြေရင်းတွင် ပိန္နဲပင်အိမ်မာပင်တစ်ပင်ရှိသည်။ (ယခု ပိန္နဲပင်မှာ ခြောက်၍ သွားသည်။ ကိုင်းခြောက်များရှိသည်။ ယင်းကိုင်းခြောက်များကို သွေးသောက်က ရောဂါပျောက်သည်။) ၎င်းအပင်နှင့် (၁၀)တောင်အကွာတွင် နောက်ထပ် ပိန္နဲပင်အိမ်မာတစ်ပင်ရှိသည်။ (၎င်းပိန္နဲပင်မှာ ခြောက်၍သေသွားသောကြောင့် ၎င်းနေရာတွင် သိကြားမင်းကျောင်းဆောင် ဆောက်လုပ်ထားသည်။)

## သစ္စာတော်အချိန်ကျရောက်ခြင်း

ပိန္နဲကုန်း၊ ဒိဗ္ဗူးပင်ရင်းတွင် သစ္စာတိုင်တည်၍ စိုက်ထားခဲ့သော ပိန္နဲပင်အိမ်မာမှ အိမ်ပျော့သီးခဲ့သည်။ ဉာဏ်ဘုရား၊ ဉာဏ်သာသနာမှာလည်း စတင်ပွင့်လင်းရန် အချိန်ရောက်လုပြီဖြစ်သည်။

## ဗုဒ္ဓသာသနာ တောက်ပြောင်ထွန်းလင်း၊ လေးကျွန်းလင်းမယ်

လူအများ ရိုကျိုးပူဇော်ကြသော ရှမ်းဆေးဆရာကြီး အဘစိုင်းခွန်စိုင်း သည် ဝိဇ္ဇာနွယ်ဘွား ဉာဏ်ကစားလို့ ပုထုဇဉ်လူ ဒေါ်စမူ ကို ခန္ဓာဟားပြီး ဓါတ်စီးပြောသည်မှာ "မင်းတို့ ကျေးရွာသေးငယ်သော်လည်း ဗုဒ္ဓမဟာသာသနာတွင် တောက်ပြောင်ထွန်းလင်း လေးကျွန်းလင်းမယ်" ဟု ပြောကြားခဲ့သည်။

## မြတ်ဘုရားတည်၊ ကျောင်းတော်ဆောက်လို့

နှစ်တွေအလီလီပြောင်းခဲ့ပြီး သာသနာအချိန်ကျပြီမို့ ဒေါ်စမူ အား ဓါတ်စီး၍ အဘစိုင်းခွန်စိုင်း မှ ပြောခဲ့သည်မှာ "မြတ်ဘုရားတည်၊ ကျောင်းတော်ဆောက်လို့၊ ဓမ္မခန္ဓာ၊ မြတ်သံဃာကို၊ ကိုယ်တိုင်ပင့်လို့ ဦးစီးနာယက၊ ပန္နက်ချမယ်၊ ငါဝါဝါမြင်တိုင်း၊ ဦးမချဘူး" ဟု ပြောကြားခဲ့သည်။

## ဘိုးတော်သိကြားရုပ်ထု

၁၃၃၃ ခုနှစ်တွင် ဝိဇ္ဇာပုဂ္ဂိုလ် ရှမ်းဆရာကြီး အဘစိုင်းခွန်စိုင်း ၏ မိန့်ကြားချက်အတိုင်း သာသနာနှစ်ထောင့်ငါးရာနောက်ပိုင်းသည် သိကြားမင်းစောင့်ရှောက်သော သာသနာဖြစ်သည့်အတွက် သိကြားမင်းရုပ်ထု ထုလုပ်ခဲ့သည်။ သိကြားမင်းရုပ်ထု ထုလုပ်ပြီး မကြာမီမှာပင် မယုံကြည်သူများက ဖျက်ဆီးခဲ့သဖြင့် ပျက်စီးသွားခဲ့သည်။ တဖန် တံခွန်၊ ကုက္ကား၊ ကြက်လျှာတို့ဖြင့် သာသနာတစ်ဖန် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး အဘစိုင်းခွန်စိုင်း ပြောကြားခဲ့သော ဘုရားတည်ရန်အတွက် အုတ်(၁၀၀၀)ကိုလည်း စုစည်းထားခဲ့သည်။

## မောင်မြမောင် မွေးဖွားခြင်း

၁၂၉၀ ခုနှစ်၊ တော်သလင်းလဆန်း(၁၃)ရက်နေ့ ကြာသပတေးနေ့တွင် ရောဝတီတိုင်း၊ အိမ်မဲမြို့နယ်၊ သရက်ကုန်းကျေးရွာရှိ ဦးချိုးတိုး + ဒေါ်အုံးမေ တို့မှ မောင်မြမောင် ကို မွေးဖွားခဲ့သည်။

## မောင်မြမောင် စာမတတ်

တိုင်းပြည်အခြေအနေမကောင်းသောကြောင့် မောင်မြမောင် မိဘများက ကျောင်းမထားနိုင်ခဲ့ပေ။ ထို့ကြောင့် စာမတတ်ပေ။ ငယ်စဉ်ကပင် လယ်ယာအလုပ်၊ ကြုံရာကျဘမ်းအသက်မွေးခဲ့ရသည်။

## ရဲသားဘဝ အိမ်ထောင်ကျ

အသက်အရွယ်ရလာသောအခါ ရဲသားဘဝရောက်ခဲ့သည်။ အသက်(၂၄)နှစ်တွင် ရောဝတီတိုင်း၊ မော်လမြိုင်ကျွန်းမှ ဒေါ်မြင့် နှင့် အိမ်ထောင်ကျခဲ့သည်။ သားသမီး(၃)ဦး ထွန်းကားခဲ့သည်။

## ဆိုးသွမ်းမိုက်မဲခြင်း

ရဲသားဘဝတွင် ထီပေါက်ပြီး ထီပေါက်သည့်ငွေဖြင့် သုံးဖြုန်းသောက်စားမူးယစ်၊ မိန်းမရှုပ်ခဲ့သည်။ ထီပေါက်သောငွေကုန်သောအခါ ရပ်ကွက်ထဲ ရေထမ်းရောင်းရခြင်း၊ အနိုပ်သည်ဘဝလုပ်ခဲ့ရသည်။ လူ့ဘဝတွင် ဆိုးသွမ်းအားကြီးသဖြင့် ဇနီးကပင် သည်းမခံနိုင်တော့ဘဲ ဦးမြမောင် ကို ပစ်ထားခဲ့ကာ သမီးကြီးရှိရာ လပွတ္တာသို့ သွားရောက်နေထိုင်ခဲ့သည်။

## သတိပေးနှိုးဆော်

ထိုအချိန်တွင် ဦးမြမောင် မကောင်းမှုများနှင့် လောကအလယ်ပြုလုပ်နေချိန်တွင် ပိဋ္ဌာရုမ်းဆရာကြီး စိုင်းခွန်စိုင်း မှ ဒုက္ခအမျိုးမျိုးပြ၍ လောကီမှ လောကုတ္တရာသို့ ကူးပြောင်းရန် နှိုးဆော်ခဲ့သည်။

## သံဝေဂတရားရခြင်း

ထိုအချိန်ကျမှ အတိတ်ကပြခဲ့သည့် သစ္စာတော်အချိန်ကျပြီမို့ သံဝေဂတရားရကာ တရားစတင်လုပ်ခဲ့သည်။ တစ်နေ့ ရေထမ်းလာရင်း မြောင်းမြမြို့ မြိုင်မာလာ(၂)လမ်း၊ ဦးမြညွန့် အိမ်မှ သဲအင်းဂူဆရာတော်ဘုရားကြီး၏ ကက်ဆက်ခွေဖွင့်သံကြား၍ ရေထမ်းချကာ တရားနာခဲ့သည်။ သဲအင်းဂူဆရာတော်ကြီးတောင် ခါးပြတိုက်ဆိုးသွမ်းနေရာက တရားရအောင် လုပ်နိုင်သေးတယ်။ ငါကတော့ ခါးပြတော့မတိုက်ဘူး တရားလုပ်ရင်ရမှာပဲဟု ဆုံးဖြတ်ချက်ချကာ လူဝတ်ဖြင့် တရားစတင်ကျင့်ခဲ့သည်။

## တစ်ဘဝပြီး တစ်ဘဝ ပြောင်းခဲ့ရ၊ နောက်ဆုံးဘဝ ကိုရင်ကြီးဖြစ်

အသက်(၄၅)နှစ်အရွယ်တွင် လူဝတ်ဖြင့် (၂)နှစ်ကျော်ကြာ မြောင်းမြပတ်ဝန်းကျင်တောထဲတွင် တရားကျင့်ကြံအားထုတ်ခဲ့ပြီး အသက်(၄၇)နှစ်တွင် ကိုရင်ကြီးဝတ်ခဲ့သည်။ ထိုကိုရင်ကြီးကား လွန်ခဲ့သောနှစ်ပေါင်း (၁၀၀၀)ကျော်က မြောင်းမြမြို့နယ်၊ ပိန္နဲကုန်းကျေးရွာ၊ ပိန္နဲကုန်း ဗီဇူးပင်ခြေရင်းတွင် သီတင်းသုံးခဲ့သော ရသေ့ကြီး ဦးပရတိဿ ပင်ဖြစ်ပေသည်။ လွန်ခဲ့သောနှစ်(၂၅၀၀)ကျော်က စပ်ထက်မြတ်ထက် ပင်ဖြစ်ပေသည်။ ကိုရင်ကြီးကား နောက်ဆုံးဘဝပင်ဖြစ်သည်။ နတ်ပြည်မှစုတေ၍ လူ့ဘဝရောက်ရှိခဲ့သည်။ ချမ်းသာသောမိဘ၏ ဝမ်းတိုက်ထဲတွင် သန္ဓေခလို့ရသည်။ သို့သော်လည်း ဆင်းရဲဒုက္ခခံ၍ တရားပြုလိုသောကြောင့် ဆင်းရဲသောမိဘနှစ်ပါး၏ ဝမ်းတိုက်ထဲ ဝင်ရောက်သန္ဓေခဲ့သည်။

## ပိန္နဲကုန်းသို့ ပင့်ဆောင်ပြီ

ဝိဇ္ဇာရှမ်းဆရာကြီး အဘစိုင်းခွန်စိုင်း သည် ကိုရင်ကြီးအား ပိန္နဲကုန်းတွင် သီတင်းသုံးရန် သွားရောက်ပင့်ဆောင်သည်။ ကိုရင်ကြီးမှ လူသားများပင့်ဆောင်မှသာ ကြွလို့ရမည်ဟု မိန့်ကြားခဲ့သည်။

## ပိန္နဲကုန်းသို့ကြွခြင်း

၁၃၄၂ ခုနှစ်တွင် ရောက်သောအခါ ဝိဇ္ဇာအဘ စိုင်းခွန်စိုင်း သည် ပိန္နဲကုန်းရွာမှ ဒေါ်သိန်းမြင့် အား မနောခါတ်ပေး၍ နှိုးဆော်သဖြင့် ဒေါ်သိန်းမြင့် သည် ဘုန်းကြီးကို ကိုးကွယ်ရန် ဆန္ဒဖြစ်ပေါ်ခဲ့သည်။ မိမိဆန္ဒအား သားကြီးဖြစ်သူ ဦးထွန်းရွှေ နှင့် တိုင်ပင်ခဲ့သည်။ ဦးထွန်းရွှေ မှ ကျွန်တော်နှင့် ခမည်းခမက်တော်ပြီး တရားကျင့်ကြံတဲ့ ကိုရင်ကြီးတစ်ပါးရှိတယ်။ အမေတို့နှင့် သင့်တော်မယ်ဟု ပြောကြားပြီး ကိုရင်ကြီးအား ပိန္နဲကုန်းသို့ ပင့်ဆောင်ခဲ့ကြသည်။ ပိန္နဲကုန်းတွင် (၇)ရက်ခန့်သီတင်းသုံးပြီး မြောင်းမြမြို့သို့ ပြန်လည်ကြွသွားခဲ့သည်။

## ရဟန်းဘောင်ဝင်ရောက်ခြင်း

ကိုရင်ကြီးသည် မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း ဝိသုဒ္ဓိကျောင်းသို့ ပြန်လည်ကြွရောက်သီတင်းသုံးခဲ့ပြီး ၁၃၄၃ ခုနှစ်တွင် ဒကာဒကာမများ၏ လျှောက်ထားချက်အရ မြောင်းမြမြို့ ပဇ္ဇောတာရုံတိုက်ဟောင်း သိမ်တော်တွင် ဦးဝံသပါလ အား ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည်။ ရဟန်းဒကာမှာ ဦးဆန်းအောင် (ဦးစန်းလွင်)ဖြစ်သည်။ ဘွဲ့တော်မှာ ဦးပဏ္ဍိတ ဖြစ်သည်။ ဦးပဏ္ဍိတ မှာ လွန်ခဲ့သောအတိတ်က ကိုရင်စိတ္တ (စပ်ထက်မြတ်ထက်)၊ ဦးတိဿ၊ ဦးပရတိဿ ဘဝများစွာကျင်လည်ခဲ့ရပြီး ယခုဘဝ ဝိသုဒ္ဓိဆရာတော် ဦးပဏ္ဍိတ ဖြစ်ခဲ့သည်။

## ခေါ်ယူဆုံးမသြဝါဒ

ပိန္နဲကုန်း ဦးပဏ္ဍိတ ရောက်ရှိပြီး (၁၅)ရက်ခန့် သီတင်းသုံးနေထိုင်စဉ် ပိန္နဲကုန်းကျေးရွာအနီးရှိ တောင်ကလေးရွာမှ တောင်ကလေးကျောင်းဆရာတော် ဦးဉာဏ မှ ဦးပဏ္ဍိတ အား ခေါ်ယူ၍ အရှင်ဘုရားသည် ဝါငယ်သည့်အတွက် ဥပဇ္ဈာယ်ဆရာနှင့် ကင်းကွာ၍မနေအပ်ကြောင်း ခေါ်ယူမိန့်ကြားခဲ့သဖြင့် ဦးပဏ္ဍိတ မြောင်းမြ ပြန်ကြွသွားခဲ့ရပြန်သည်။ ဤသာသနာသည် အနှောင့်အယှက် အဟန့်အတားအမျိုးမျိုးကြားမှ ပေါ်ထွက်လာခဲ့ရ သည်။

## သာသနာလက်ခံပြီ

ပိန္နဲကုန်းကျေးရွာမှ ဒကာ၊ ဒကာမများသည် ရဟန်းဖြစ်ပြီးသော ဦးပဏ္ဍိတ အား ပင့်ဆောင်ခဲ့ကြသည်။ ပိန္နဲကုန်းရွာတွင် ကျောင်းဆောက်ကာ သီတင်းသုံးခဲ့သည်။ ဘုရားတည်ရန်အတွက် အဘစိုင်းခွန်စိုင်း မှ မကြာခဏ လျှောက်တင်ခဲ့သည်။ သို့ရာတွင် ဦးပဏ္ဍိတ မှ "ကျွန်ုပ်စာမတတ်ဘူး၊ မလုပ်ပါရစေနဲ့ဗျာ" ဟု တားမြစ်သော်လည်း အဘစိုင်းခွန်စိုင်း မှ ဤသာသနာသည် အရှင်ဘုရားပြုမှရမည်ဖြစ်ကြောင်း၊ တပယ်သံဃာမှ ပြု၍မရကြောင်း၊ ဤသာသနာသည် ခွက်ထိုးခံရမည့်သာသနာမဟုတ်ပါကြောင်းဟု လျှောက်တင်သောအခါ ဦးပဏ္ဍိတ မှ သာသနာကို လက်ခံခဲ့သည်။

## ဆည်းလည်းသံကြားရခြင်း

၁၃၄၆ ခု တော်သလင်းလပြည့်နေ့ ည(၈)နာရီခန့်တွင် ပိန္နဲကုန်းပေါ် ကျောင်းလေးတွင် သာသနာအတွက် ဆွေးနွေးတိုင်ပင်ကြစဉ် အထက်ကောင်းကင်မှ ဆည်းလည်းသံများကို အားလုံးကြားခဲ့ကြရသည်။

## ဘုရားရှင်ပွင့်သကဲ့သို့ ပွင့်ရမည့်သာသနာ

နောက်မကြာမီ ပိန္နဲကုန်းရွာမှ ဒေါ်ဝင်းရီ အား အဘရှမ်းဘိုးတော်ဓါတ်စီးခဲ့သည်။ ထိုအဘ ရှမ်းဘိုးတော်မှာ ယခင်နှစ်ပေါင်း(၉၇၀)က ပိန္နဲကုန်းပေါ်သို့ ရသေ့ကြီး ဦးပရတိဿ ထံ တရားလာနာသော ရှမ်းစော်ဘွားကြီး ဦးခမ်းလုံ ပင်ဖြစ်သည်။ တုသိတာနတ်ပြည်တွင် နတ်မင်းဖြစ်နေသည်။ အဘရှမ်းဘိုးတော်မှ ဒေါ်ဝင်းရီ အား ဓါတ်စီး၍ ပြောသည်မှာ "ဤသာသနာသည် ကံသာသနာမဟုတ်၊ ဉာဏ်သာသနာဖြစ်သည့်အတွက် ဓါတ်(၄)တိုင်အခြေပြုပြီး ဓမ္မဖြင့် အုတ်မြစ်ချရမည်။ ဓါတ်၊ နတ်၊ သိုက်အပေါင်းတို့မှ ဆရာတော်ကြီးအား မဂ်တိုင်ထား၍ ဝန်းရံခရမည်။ မင်းတို့အတွင်းခန္ဓာတွေလည်း ဆေးကြောပြီး၊ ဓမ္မဓါတ်ကိန်းအောင်ကျင့်ရမည်။ ဘုရားရှင်ပွင့်သကဲ့သို့ ပွင့်ရမည့် သာသနာဖြစ်ပြီး၊ သာသနာတစ်ဝက်တွင် ပွင့်ရသောဓါတ်ပေါင်းချုပ်ဘုရားဖြစ်သည့်အတွက် မြတ်စွာဘုရား၏ ဗျာဒိတ်တော်အရ ဘိုးတော်သိကြားမှ ဦးစီးထားပြီး ဦးစွာပထမပွင့်ပေါ်ရမည့် ပင်ရင်းပင်မသာသနာဖြစ်သည်။ ဤသာသနာကို ပြုနိုင်သောပုဂ္ဂိုလ်သည် ရဟန်းကလည်း ရဟန်းစစ်ရမည်။ ယောကျ်ားကလည်း ရဟန်းနီးနီး၊ မိန်းမကလည်း ဘိက္ခုနီနီးနီးဖြစ်ရမည်။ ဤသာသနာကို ခေန၊ ငွေကြေး ချမ်းသာကြွယ်ဝတိုင်းလည်း ပြု၍မရပါ။ ဘုရားစစ် ဘုရားမှန်ပွင့်သကဲ့သို့ တရားစစ် တရားမှန်တွေပေါကြားပြီး၊ သံဃာစစ် သံဃာမှန်တွေနှင့် လူစစ် လူမှန်တွေဖြစ်ကြရမည်။ ဤသာသနာပွင့်ပေါ်ပြီးနောက်တွင် ကိုင်းတက်ကိုင်းပွားသာသနာတော်များ ပွင့်ပေါ်လာပြီး မြန်မာတစ်ပြည်လုံး သာသနာတော်ထွန်းလင်း၍ ဝပြောသာယာမည်ဖြစ်သည်။ ကံဘုရားကို အမြင်ပြု၍ ဆရာတော် ဘုရား၏ ပရမတ်တရားဖြင့်ပေါကြားပြီး (၇)ရက်သားသမီးအပေါင်းတို့အား ကယ်တင်ရမည့် သာသနာဖြစ်သည် ဟု" ဒေါ်ဝင်းရီ အား အဘရှမ်းဘိုးတော် ဓါတ်စီးပြောခဲ့သည်။

## သမိုင်းဦးအစ မျိုးစေ့ချ၊ မျိုးစေ့မှ အပင်ပေါက်ခဲ့ပြီ

အဘရှမ်းဘိုးတော်သည် လွန်ခဲ့သောနှစ်ပေါင်း(၉၇၀) သမိုင်းဦးအစ၊ မျိုးစေ့ချခဲ့ရာ ယခုအခါ အပင်ပေါက်ပြီဖြစ်သည်။ ဉာဏ်သာသနာကို ပြုကြတော့မည်ဖြစ်သည်။ (၇)ရက်သားသမီးများအား ဘုရားကိုအမြင်ပြကာ ခန္ဓာကိုယ်တွေ့ တရားကို ဆရာတော်ဦးပဏ္ဍိတ မှ ဟောကြားတော်ပေးတော့မည်ဖြစ်သည်။

## ခွင့်ပြုချက်ရယူ

ပိန္နဲကုန်းတော်ပေါ်တွင် ဘုရားတည်ရန်ဆောင်ရွက်နေချိန်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာအရ ဘုရားအသစ်တည်ထားကိုးကွယ်ခြင်း၊ စေတီတော် ပြုပြင်ခြင်းတို့ကို သက်ဆိုင်ရာသံဃနာယကအဖွဲ့ ခွင့်ပြုချက်ရမှသာ တည်ထားကိုးကွယ်ရသည့်အချိန်အခါဖြစ်သည်။ ထိုအခက်အခဲရှိနေချိန်တွင် ဆရာတော်ဦးပဏ္ဍိတ မှ မိန့်ကြားတော်မူသည်မှာ "ခင်ဗျားတို့ ဒီနေ့သွားတင် ခွင့်ပြုချက်ရပြီဗျ" ဟု မိန့်ကြားတော်မူခဲ့သည်။ ထို့ကြောင့် ဂေါပကအဖွဲ့မှ တောင်ကလေးကျေးရွာအုပ်စုမှ သံဃနာယက ဦးဉာဏ ၏ ထောက်ခံချက်။ တောင်ကလေးကျေးရွာ ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးသန်းစိန် ၏ ထောက်ခံချက်များနှင့်အတူ ၁၉၈၆ ခုနှစ်၊ ဇွန်လ (၃)ရက်နေ့တွင် မြောင်းမြမြို့နယ် သံဃနာယကဥက္ကဋ္ဌ၊ စကားမြားဆရာတော်ထံ တင်ပြလျှောက်ထားခဲ့သည်။ မြောင်းမြမြို့နယ် သံဃနာယကအဖွဲ့မှ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်စေတီတော်အရှင်မြတ်ဘုရား တည်ထားကိုးကွယ်ခွင့်ရရှိခဲ့သည်။

## ဘုရားတည်ရန် မြေအလှူခံခြင်း

မြောင်းမြမြို့နယ်၊ ပိန္နဲကုန်းကျေးရွာ၊ ပိန္နဲကုန်းတောင်ကုန်းတွင် အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်စေတီတော်အရှင်မြတ်ဘုရားတည်ရန်နေရာအား ဦးကောင်းကြွယ်+ဒေါ်ထွေး တို့ထံမှ မြေအလှူခံခဲ့ရာ ၎င်းတို့မှ မြေလှူဒါန်းခဲ့ကြပါသည်။

## ပန္နက်တော်ချပြီး

ယခင်မျိုးစေ့ချခဲ့သော ဉာဏ်ဘုရားတည်ရန်အတွက် သစ္စပန္နက်ပြုခဲ့ကြသူ သုံးဦးဖလှယ်ဆုံကြသဖြင့် ၁၃၄၇ ခုနှစ်တွင် တပေါင်းလဆန်း(၉)ရက်၊ တနင်္ဂနွေနေ့၊ ည(၉)နာရီအချိန်တွင် ဓမ္မရက္ခိတကုန်း(ပိန္နဲကုန်း)ပေါ်တွင် ဆရာတော် ဦးပဏ္ဍိတ ဦးစီး၍ တပည့်ဒကာဒကာမများနှင့်အတူ ပန္နက်တိုင် စိုက်ထူခဲ့သည်။

## ဘွဲ့အမည် အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်စေတီ

၁၃၄၈၊ ကဆုန်လဆုတ်(၂)ရက်နေ့တွင် ဒေါ်ဝင်းရီ အား အဘရှမ်းဘိုးတော်မှ ဓါတ်စီး၍ ပြောသည်မှာ ဓမ္မရက္ခိတကုန်းတော်ပေါ်တွင် တည်မည့်ဘုရားသည် ကံဘုရားပင်ဖြစ်သော်လည်း ဤကံဘုရားကို အမြင်ပြကာ ဆရာတော်ကြီးမှ ခန္ဓာကိုယ်တွေ့ ကျင့်ကြံရရှိသော တရားအသိ၊ ဉာဏ်တရားကို ဟောကြားပေးမှာဖြစ်ကြောင်း

သစ္စာ(၄)ပါးတရားကို ဘုရားရှင်ပွင့်ထွန်းသကဲ့သို့ ဟောကြားပြသပေးမှာဖြစ်ကြောင်း လူနတ်ပြဟ္မာ၊ သတ္တဝါအပေါင်းတို့သည် ပရမတ်သဘောဖြင့်ကြည့်ပါက ဓါတ်သဘောမျှသာဖြစ်ကြောင်း၊ ဤသာသနာသည် လူ၊ နတ်၊ ပြဟ္မာ၊ သတ္တဝါအပေါင်းတို့အား ဗုဒ္ဓ၏ ဓမ္မဓါတ်ဖြင့် ချုပ်ငြိမ်းစေပြီး အေးချမ်းသောနိဗ္ဗာန်ကို ခံစားစံစားနိုင်ကြမည့် သာသနာဖြစ်ကြောင်း ဆရာတော် ဦးပဏ္ဍိတ အား မဂ်တိုင်ထားပြီး ဓါတ်၊ နတ်၊ သိုက်တို့ဝန်းရံခရသည့် ဓါတ်မြူး၊ နတ်ပူး၊ သိုက်ထူး မဂ်ကူးကြရမည့် သာသနာဖြစ်ကြောင်း၊ တည်ထားမည့်ဘုရားမှာလည်း ဂေါတမမြတ်စွာဘုရား၏ သာသနာတစ်ဝက်၊ သာသနာနှစ်ထောင့်ငါးရာကျော်တွင် ထူးခြားစွာပွင့်လင်းရသည့် ဘိုးတော်သိကြားစောင့်ရှောက်သည့် ပန္နက်ဦးစေတီတော်ကြီး တည်ကြရမည်ဖြစ်ကြောင်း၊ ဘိုးတော်သိကြား၏ မကိုဋ်ဦးကင်းသဏ္ဍာန် ပလ္လင်ထက်တွင် စေတီတည်ထားမည်ဖြစ်ကြောင်း စေတီတော်ကြီး၏ ဘွဲ့တော်ကိုလည်း ဘုရားရှင်ပွင့်ထွန်းပေါ်ပေါက်လာသကဲ့သို့ ဆရာတော်ကြီး၏ သစ္စာ(၄)ပါးတရားတော်နှင့် လူ၊ နတ်၊ ပြဟ္မာ၊ သတ္တဝါအပေါင်းတို့အား ငြိမ်းအေးသော နိဗ္ဗာန်သို့ ပို့ဆောင်ပေးမည့်သာသနာအစ စေတီဖြစ်သည့်အတွက် "အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်စေတီတော် အရှင်မြတ်ဘုရား" ဟု ဘွဲ့အမည်ပေးခဲ့သည်။

## ဓမ္မစကြာဖြင့်ကြို

ပိန္နဲကုန်းကျေးရွာမှ ဒေါ်ဘေဘီသန်း အား အမေစန္ဒီမယ်တော်ဓါတ်စီး၍ပြောသည်မှာ "ဤသာသနာသည် မြတ်စွာဘုရား ဗျာဒိတ်တော်ပေးခဲ့သော သာသနာဖြစ်သည့်အတွက် ဓါတ်၊ နတ်၊ သိုက်၊ ပုဂ္ဂိုလ်များနှင့် လူပါရမီရှင်များ လက်ရောက်ဝန်းရံခရမည်။ ထို့ကြောင့် ရဟန်းရှင်လူ လက်ခံနိုင်သည့် ပုထိုးစေတီများ၌ ရွတ်ဆိုရသော ဓမ္မစကြာတရားတော်ဖြင့် သာသနာတော်ကို ကြိုဆိုရမည်ဟု ဓါတ်စီး၍ မိန့်ဆိုခဲ့ပါသည်။ ထို့ကြောင့် အောင်ဓမ္မရက္ခိတကုန်း (ပိန္နဲကုန်း)တွင် ဓမ္မစကြာရွတ်၍ သာသနာကို ကြိုဆိုခဲ့ကြသည်။

## လက်ဖဝါးက ဆူးထွင်လို့ရတယ်၊ ကျောက ဆူးထွင်လို့မရဘူး

ဆရာတော် ဦးပဏ္ဍိတ အား ဝိဇ္ဇာအဘစိုင်းခွန်စိုင်း မှ ဘုရားတည်ရန် အကြိမ်ကြိမ်လျှောက်ထားခဲ့ရာ ဆရာတော် ဦးပဏ္ဍိတ မှ စာလည်းမတတ်ဘူး၊ ဘုရားလည်းမတည်ဖူးဘူးဟု အတန်တန်ငြင်းဆိုခဲ့ပါသည်။ ဆရာတော်မှ ကျုပ်လက်ဖဝါးမှာ ဆူးစူးနေတဲ့ဆူးကိုတော့ ထွင်တတ်တယ်။ ကျောကုန်းမှာစူးနေတဲ့ဆူးကို ဘယ်လိုမှ မထွင်တတ်ဘူးဟု ပြောခဲ့သည်။ အတိတ်က သစ္စာပြုခဲ့ဘူးသော သစ္စာကြောင့် သစ္စာပြုခဲ့သူများ ထွင်မှသာ ကျောမှဆူးသည် ထွင်နိုင်မည်ဖြစ်သည်။

## ဦးပဏ္ဍိတ ပြုရမည့်သာသနာ

ဆရာတော်ကြီးအား အဘစိုင်းခွန်စိုင်း လျှောက်ထားသည်မှာ ဆရာတော် ဦးပဏ္ဍိတ ပြုမည့် သာသနာဖြစ်သည့်အတွက် ဆရာတော်မှ ဦးစီးဦးဆောင်၍ ဤအောင်သစ္စာမဟာဓါတ်ပေါင်းချုပ်စေတီတော်အား တည်ထားပေးပါ ဘုရား၊ ဓါတ်၊ နတ်၊ သိုက်၊ ဝန်းရံခမည့် သာသနာဖြစ်သည့်အတွက် ခွက်ထိုးခံရသည့် သာသနာမဟုတ်ပါ။ ကျောမှာစူးသော ဆူးကို တပည့်တော်တို့ ထွင်ပေးပါမည်ဘုရားဟု လျှောက်ထားခဲ့သည်။

## သစ္စာရေသောက်ခြင်း

၁၃၄၈ ၊ နယုန်လဆန်း(၈)ရက်၊ တနင်္ဂနွေနေ့၊ နံနက်(၄)နာရီအချိန်တွင် ပိန္နဲကုန်းရွာမှ ဦးအေးကြည်၊ ဒေါ်ဝင်းရီ၊ ဦးသံလုံး တို့သည် ဆရာတော် ဦးပဏ္ဍိတ ၏ ရှေ့မှောက်တွင် ဤသာသနာတော်ကို ဆရာတော်ကြီးနှင့် အတူ လက်တွဲမဖြုတ်ဘဲ ပြီးဆုံးသည့်တိုင်အောင် သာသနာပြုပါမည်ဟု သစ္စာပြု၍ သစ္စာရေသောက်ခဲ့သည်။

## ဘုရားတည်ရန်မြေတူးပြီ

၎င်းနေ့ နံနက်(၆)နာရီတွင် ဦးသိလိန္ဒ (တရုတ်ဦးဖင်း ဖြဲကြီး)၊ ဦးအေးကြည်၊ ဦးခင်လှိုင်၊ ဦးတောကျော်၊ ဦးဖောင်ပု၊ ဦးပေါလု တို့မှ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်စေတီတော် တည်ရန်မြေကို စတင်တူးဖော်ခဲ့သည်။

## ရှေးဟောင်းဘုရားကြီး ဂန္ဓကုဋီတိုက်ဟောင်းတွေ့ပြီ

ဤကဲ့သို့ ဂန္ဓကုဋီတိုက်နေရာမှ ရှေးဟောင်းအုတ်ချပ်ကြီးများတွေ့ရှိခဲ့သည်။ ထိုအခါကျမှ အဘ ရှမ်းဘိုးတော် အဘစိုင်းခွန်စိုင်း တို့မှ ဆက်မတူးပါနှင့်တော့ဘုရား၊ အောက်မှာ ရှေးဟောင်းဘုရားရဲ့ ဂန္ဓကုဋီတိုက် ရှိခဲ့ပါတယ်။ အဲဒါကိုထပ်ငုံပြီး ဘုရားတည်ပေးပါဟု ဓါတ်စီးကာပြောကြားခဲ့သည်။ ဤရှေးဟောင်းအုတ်ချပ်ကြီး များသည် ယခင် စပ်ထက်မြတ်ထက် တည်ခဲ့သော အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရားကို ညီအစ်မ နှစ်ယောက်နှင့် အလောင်းစည်သူမင်းတို့ ပြုပြင်မွမ်းမံတည်ထားခဲ့သော အုတ်ချပ်ကြီးများပင်ဖြစ်သည်။

## အုတ်မြစ်ချပြီ

ထို့ကြောင့် ၎င်းနေရာတွင် မြေအောက်ဂန္ဓကုဋီတိုက် ပြုလုပ်ရန်အတွက် ဆရာတော် ဦးပဏ္ဍိတ သည် ၁၃၄၈ ခု၊ ပြာသိုလဆန်း(၈)ရက်နေ့၊ နံနက်(၉)နာရီတွင် အုတ်မြစ်ချခဲ့သည်။

## ဘုရားစတည်ပြီ

မြေအောက်ဂန္ဓကုဋီတိုက်ကို ဆောက်လုပ်ခဲ့သော ပန်းရံဆရာမှာ ဦးစန်းထိုက် ဖြစ်သည်။ ဦးစန်းထိုက် သည် မြေအောက်ဂန္ဓကုဋီတိုက်၏ အခြေခံဘောင်တန်းများလုပ်ပြီး လုပ်ငန်းရပ်ဆိုင်းခဲ့သည်။ ဘုရားတည်သည့် ပန်းရံဆရာ ဦးသိန်းမောင် နှင့် ဆက်လက်ဘုရားတည်ခဲ့ရာ ပလ္လင်တော်မပြီးမြောက်မီ ရပ်ဆိုင်းခဲ့ရသည်။ ပန်းရံဆရာ အခက်အခဲနှင့် ကြုံတွေ့ခဲ့ရသည်။

## ယုံကြည်မှုဖြင့် ဘုရားတည်

ထို့နောက် ပန်းရံဆရာ ဦးထွန်းရီ ဖြင့် ဆက်တည်ခဲ့သည်။ ပန်းရံဆရာဦးထွန်းရီ မှာ ဘုရားတည်သော ပန်းရံဆရာမဟုတ်ပေ။ သဒ္ဓါထက်သန်စွာဖြင့် သက်ကင်းစား၊ အဓိဋ္ဌာန်ဝင်၍ ဘုရားတည်ခဲ့သည်။

## အောက်ဌာပနာပိတ်ခြင်း

၁၃၄၉ ခုနှစ်၊ တန်ခူးလဆုတ်(၁၂)ရက်နေ့တွင် အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်စေတီ၏ အောက်ဌာပနာတိုက်တွင် ဌာပနာပစ္စည်းများထည့်သွင်းသော ဌာပနာပိတ်ခဲ့ပါသည်။

## အထက်ဌာပနာပိတ်ခြင်း

၁၃၅၀ တန်ခူးလပြည့်နေ့တွင် အထက်ဌာပနာတိုက်တွင် ဌာပနာပစ္စည်းများကို အောင်ဓမ္မရက္ခိတကုန်းပေါ်တွင် ကွတ်ခိုင်မြို့မှ တရုတ်ဘုန်းကြီးနှစ်ပါးမှ အနေကဇာတင်၍ ဆရာတော် ဦးပဏ္ဍိတ နှင့် တပည့်ဒကာ၊ ဒကာမများမှ အထက်ဌာပနာထည့်သွင်းပူဇော်ခဲ့ပါသည်။ စေတီတော်မြတ်ကြီးမှာလည်း ငှက်ပျောဖူးတွင် ပိန္နဲတိုင်စိုက်ပြီးဖြစ်သည်။ ထီးတော်တင်ရန် အဆင်သင့်ဖြစ်နေပြီးဖြစ်သည်။

## ရွှေထီးတော် မြောင်းမြမှ ပိန္နဲကုန်းပင့်ဆောင်ခြင်း

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်စေတီတော်အတွက် ရွှေထီးတော်မှာ မြောင်းမြဝိသုဒ္ဓိကျောင်းပင့်ဆောင်ပြီးဖြစ်သည်။ ဝိသုဒ္ဓိကျောင်းမှ ရွှေထီးတော်ကို ပိန္နဲကုန်းသို့ပင့်ဆောင်ရန် စီမံဆောင်ရွက်ခဲ့သည်။

## ရွှေထီးတော်စတင်ပင့်ဆောင်ပြီ

၁၃၅၂ ခု၊ တန်ခူးလပြည့်ကျော်(၃)ရက်၊ နံနက်(၇)နာရီတွင် ရွှေထီးတော်မြတ်အား နတ်မြင်းပျံပေါ်သို့ပင့်ဆောင်၍ မြောင်းမြသို့ တစ်ပတ်ပတ်အပူဇော်ခံ၍ အကြိုတော်ရုံဆိပ်ကမ်းမှ နတ်မင်းကြီးလေးပါး၊ ဒကာတစ်ချို့သည် ကရဝိတ်ဖောင်တော်ပေါ်မှလည်းကောင်း၊ ကျန်တပည့် ဒကာ၊ ဒကာမများက စက်လှေများနှင့် ခြံရံ၍လည်းကောင်း ပင့်ဆောင်ခဲ့သည်။ ဆရာတော်ကြီးမှ ကရဝိတ်ဖောင်တော်ပေါ် လိုက်ပါလာသောဒကာများအားရေကူးတတ်ကြသလားဟု မေးခဲ့သည်။

## ရွှေထီးတော်ရေခခြင်းနှင့် လျှောင်လှုပ်ခြင်း

ရွှေထီးတော်မြတ်သယ်ဆောင်လာသော ကရဝိတ်ဖောင်တော်သည် ပိန္နဲကုန်းနယ်မြေထဲ ဝင်ရောက်လာသောအခါ နဂါးဖောင်တော်ဖြင့် ကရဝိတ်ဖောင်တော်အား ရွှေကြိုး၊ ငွေကြိုးများနှင့် ဆွဲယူပင့်ဆောင်ရန်ဆောင်ရွက်ကြစဉ် ပင့်ဆောင်လာသော ကရဝိတ်ဖောင်တော်သည် လေတိုက်၊ မိုးရွာခြင်းမရှိဘဲ လက်ယာဘက်သို့ငြိမ့်ကနဲဖြစ်ကာ တိမ်းစောင်းသွားပြီး ဖြေးညင်းစွာနစ်မြုပ်ခဲ့သည်။ ရွှေထီးတော်ကြီးရေခခဲ့ရပါသည်။ ထိုသို့ နစ်မြုပ်သွားစဉ် မြေလျှောင်နှစ်ကြိမ်လှုပ်ခဲ့ပြီး ပြင်းထန်သော တော်လဲသံတစ်ကြိမ်ဖြစ်ခဲ့သည်။

## နဂါးနှင့်လူ သီလပြိုင်၊ နဂါးကနိုင်

ဤသာသနာသည် အတိတ်အကြောင်းက နဂါးနှင့်လည်းပတ်သက်မှုရှိခဲ့သည်။ သစ္စာဆိုခဲ့သော နန္ဒနဂါးမင်းသည် နဂါးနှင့်လူ သီလပြိုင်ကြမည်။ သီလရှိသူများက ရွှေထီးတော်ကို ဦးစွာပထမပူဇော်ကြည်ညိုရမည်ဟု ကတိထားခဲ့သည်။ နဂါးမှ နိုင်သောကြောင့် ရွှေထီးတော်ရေခရသည်။ ဆရာတော် ဦးပဏ္ဍိတ မှ ထီးတော်ရေခပြီး မိန့်ကြားရာတွင် သဘော်ဖြင့် ပင့်ဆောင်လျှင်လည်း မြုပ်မှာပဲဟု မိန့်ခဲ့သည်။

## ရွှေထီးတော် ပြန်လည်ဆယ်ယူခြင်း

ရွှေထီးတော်ရေခပြီး အချိန်အနည်းငယ်တွင် ရေငုပ်ဆယ်ယူရာတွင် စိန်ဖူးတော်၊ ကြာပွင့်လေးပွင့်ပါ ထီးတော်ခွေတစ်ခု၊ ငှက်မြက်နားတော်တစ်ခု၊ ရွှေထီးတော်နှင့်အတူ ပင့်ဆောင်လာခဲ့သော ကြေးဆင်းတုတစ်ဆူ၊ ကျောက်ဆင်းတုရှစ်ဆူ ဆယ်ယူရရှိခဲ့ခြင်းမရှိဘဲ ကျန်ထီးခွေအားလုံး ဆယ်ယူရရှိခဲ့သည်။ ရွှေထီးတော်ဆယ်ယူသူများ ကုန်းတော်ပေါ်သို့ ပြန်လည်ရောက်ရှိချိန်တွင် (၇)တောင်ခန့်ရှိသော မိကျောင်းကြီးတစ်ကောင်ကို ရွှေထီးတော်ရေခသောနေရာတွင် ထူးခြားစွာတွေ့ရှိကြရသည်။

## ရွှေထီးတော်ကြီးပူဇော်ခံထားရှိခြင်း

ရွှေထီးတော်ကြီးသယ်ယူပြီး ပိန္နဲကုန်းပေါ်ရှိ နိဗ္ဗာန်ဘုံကမ္မဋ္ဌာန်းကျောင်းသို့ ပင့်ဆောင်ပူဇော်ထားရှိခဲ့သည်။

## အောင်တံခွန်လွှင့်ထူခြင်း

၁၃၅၆ ခုနှစ်၊ တော်သလင်းလဆုတ်(၈)ရက်နေ့တွင် ပထမဆုံး အောင်တံခွန်လွှင့်ထူခြင်း ဆောင်ရွက်ခဲ့သည်။

## ဘိုးတော်သိကြား မနောထီးတင်လှူခြင်း

၁၃၅၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း(၈)ရက်နေ့၊ နံနက်(၆)နာရီတွင် ဘိုးတော်သိကြားဦးစီး၍ ဘိုးတော်၊ မယ်တော်၊ ဓါတ်၊ နတ်၊ သိုက်တို့နှင့် သာသနာမိသားစုများမှ မနောထီး(ပရမတ်)ကို တင်လှူပူဇော်ခဲ့ကြသည်။ သာသနာမိသားစုများကလည်း အသက်ခန္ဓာတည်ရှိနေသ၍ သာသနာကို သယ်ပိုးထမ်းဆောင်ပါမည်ဟု ကတိပြုခဲ့ကြသည်။

## နိဗ္ဗာန်သို့ဝင်နိုင်ကြပါစေ

၁၃၅၇ ခုနှစ်၊ တပေါင်းလပြည့်၊ နံနက်(၇)နာရီတွင် ဆရာတော် ဦးပဏ္ဍိတ ဦးဆောင်၍ သံဃာတော်များ၊ သီလရှင်များ၊ တပည့်ဒကာ ဒကာမများမှ စုပေါင်း၍ မြတ်စွာဘုရားကို ဦးတိုက်၍ ဆရာတော် ဦးပဏ္ဍိတ မှ သစ္စာပြုခဲ့သည်မှာ "အရှင်ဘုရား၊ ပုထုဇဉ်တွေမှာ ကိလေသာတဏှာရှိပါတယ်ဘုရား၊ ဘုရားတပည့်တော်သည် ရဟန်းဘဝရောက်ရှိသည့်အချိန်မှစ၍ ကိလေသာနှင့် တဏှာကို ပယ်သတ်ခဲ့ပါသည်ဘုရား၊ တပည့်တော်၏ သစ္စာ မှန်ကန်ပါက ဘုရားတပည့်တော်အား အလုပ်အကျွေးပြုတဲ့သူတွေ၊ ကူညီလုပ်ကိုင်ပေးတဲ့သူတွေ၊ မြင်ရသောပုဂ္ဂိုလ်၊ မမြင်ရသောပုဂ္ဂိုလ်တွေဟာ နိဗ္ဗာန်သို့ စံဝင်နိုင်ပါစေ အရှင်ဘုရား၊ အကယ်၍ တပည့်တော်သစ္စာမမှန်ကန်ခဲ့ပါက ဘုရားတပည့်တော်က ဖြစ်လေရာဘဝတိုင်းမှာ ကျင့်ဆဲပုဂ္ဂိုလ်ဖြစ်ပါရစေအရှင်ဘုရား"ဟူ၍ သစ္စာပြုပြီး (ပရမတ် ထီး)ကို အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရားအား တင်လှူခဲ့သည်။

## အထက်ဌာပနာပိတ်ပွဲ ထူးခြားချက်

၁၃၅၈ ပြည့်၊ တန်ခူးလပြည့်နေ့တွင် ဌာပနာပိတ်ပွဲကျင်းပသည့်ကာလ အောင်ဓမ္မရက္ခိတကုန်းတော်ပေါ်ရှိ ညောင်ပင်မှ ညောင်ရွက်များသည် အရသာချိုမြိန်သဖြင့် လာရောက်သော ပရိတ်သတ်များက ခူးယူစားသုံးခဲ့ကြ သည်။

## ကျောက်ဖျာတွေ့ရှိခြင်း

အောင်ဓမ္မရက္ခိတကုန်းတော်ပေါ်ရှိ ဝါးရုံငုတ်ကို တူးဖော်ရာတွင် (၅)ပေခန့်ရှိသော ကျောက်ဖျာကြီးကို တူးဖော်မိသဖြင့် ဆက်၍မတူးကြတော့ဘဲ ကျိုးပျက်သွားသောအစိတ်အပိုင်းအား ဆရာတော် ဦးပဏ္ဍိတ အား ပြသရာ ဆရာတော်ကြီးမှ ဌာပနာတိုက်ထဲထည့်၍ ဌာပနာရန် ပြောကြားခဲ့ပါသည်။

## ဦးပရတိဿ နှင့် ဒီဒူးပင်

ပိန္နဲကုန်းတောင်ကုန်းတွင် လုံးပတ် လူ၏လက်(၃)ဖက်ခန့် ဖက်ရသော ကြီးမားမြင့်မားသည့် ဒီဒူးပင်ကြီး တစ်ပင်ရှိသည်။ ၎င်းဒီဒူးပင်သည် ဦးပရတိဿရသေ့ တရားကျင့်ကြံခဲ့သော ဒီဒူးပင်ဖြစ်သည်။ ယခုအခါ ထိုဒီဒူးပင် ကြီး လဲသွားပြီဖြစ်၍ အပင်မရှိတော့ပါ။

## ဆည်းလည်းသံကြားရသော ဝါးရုံပင်

ကုန်းတော်ပေါ်ရှိ ဝါးရုံပင် (ယခု ဘုရားတည်ရန်အတွက် ခုတ်ပစ်ပြီးဖြစ်သည်) ထိပ်ဖျားမှ ညအခါ ဆည်းလည်းသံများကြားရသည်။

## သာသနာ့နယ်မြေစောင့်ရှောက်ခြင်း

ရှင်းဗိုဒူးပင်နှင့် ဝါးရုံပင်အောက်တွင် မင်းဝတ်တန်ဆာ၊ ခြေနင်းတော်(ဘိနပ်)၊ စဝ်သုန္ဒရသုမြတ်စန္ဒီ ပိုင်ဆိုင်သော စိန်တစ်တင်း၊ ပတ္တမြားတစ်တင်း စိတ်ယုတ်(တစ်တင်း လေးပြည်လျော့)ကို ကျောက်ဖျာနှင့် ပိတ်ကာ ထားခဲ့သည်။ ရှင်းသိုက်ကို စဝ်ထက်ခွန်စိုင်း နှင့် သမီးတော် မယ်စန္ဒီ တို့က စောင့်ရှောက်သည်။ ကုန်းမြတ် တစ်ခုလုံးကို စဝ်ထက်မြတ်ထက် ၏ ခမည်းတော် စဝ်ထက်ခွန်ဖ က စောင့်ရှောက်သည်။ မြောင်းမြမြို့ပတ်ဝန်းကျင် ကို စဝ်ထက်ဖိုးခိုင် နှင့် စဝ်ထက်ဖိုးထိန် က စောင့်ရှောက်သည်။ မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင်ကမ္ဘဋ္ဌာန်းကျောင်း ဝိသုဒ္ဓိကျောင်းကို စဝ်ထက်ဖိုးထိန် အမွှာညီအစ်ကို စောင့်ရှောက်သည်။

## နတ်ပြဟ္မာကို ဦးခိုက်ခြင်း

၁၃၅၂ ခု၊ တန်ခူးလပြည့်ကျော်(၃)ရက်နေ့မှစ၍ ရေခခဲ့သော ရွှေထီးတော်အား အောင်ဓမ္မရက္ခိတ ကုန်းတော်ပေါ်တွင် (၇)ရက်ကြာအပူဇော်ခံထားရှိစဉ် ညအချိန်သို့ ရောက်ရှိသောအခါ ကောင်းကင်မှ လျှပ်စစ် လက်ခြင်းများဖြစ်ပေါ်၍ အလင်းရောင်များဖြစ်ပေါ်ပြီး တိမ်စိုင်ကြားမှ နတ်သိကြားတို့မှ ရွှေထီးတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုနေသောပုံများကို လူအချို့မှ ည(၁)နာရီခန့်တွင် တွေ့ရှိခဲ့ကြသည်။

## ထူးဆန်းသော အလင်းတန်းကြီး

၁၃၅၆ ခုနှစ်၊ တန်ခူးလဆုတ်(၂)ရက်နေ့၊ ည(၁)နာရီအချိန်ခန့်တွင် အောင်ဓမ္မကုန်းတော်ပေါ်ရှိ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်စေတီအနီးတွင် အလွန်တောက်ပသောအလင်းတန်းကြီး ကောင်းကင်မှ ဖြာထွက်၍ စေတီအနီး မြေပြင်သို့ ကျရောက်သည်ကို ထူးဆန်းစွာတွေ့ရသည်။

## အောင်ဓမ္မကုန်းတော်ပေါ်မှ သာသနာ့အဆောက်အဦး

အောင်ဓမ္မကုန်းတော်ပေါ်တွင် အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်စေတီတော်သည် ထီးတင်ရန်အတွက် ပိန္နဲတိုင်စိုက်ထူထားပြီးဖြစ်သည်။ အောင်ဓမ္မကုန်းတော်ပေါ်တွင် ရေတွင်း၊ ရေကန်၊ ရေချမ်းစင်များ ဆောက်လုပ် ပြီးဖြစ်သည်။ ဘုံသုံးဆင့်ကျောင်းဆောင်၊ နိဗ္ဗာန်ဘုံ၊ ကမ္မဋ္ဌာန်းကျောင်း ဆောက်လုပ်ပြီးဖြစ်သည်။ မြစ်ဆိပ်တွင် သင်္ဘောကပ်ရန် ကွန်ကရစ်ကျောက်ရေဆင်း တံတားဆောက်လုပ်ပြီးဖြစ်သည်။ မြစ်ဆိပ်မှ အောင်ဓမ္မကုန်းတော် ပေါ်သို့တက်ရောက်ရန် နဂါးနှစ်ကောင်ရံထားသော တောင်ကုန်းပေါ်တက်သော အုတ်လှေကား တည်ဆောက်ပြီး ဖြစ်သည်။ သံဃာကျောင်းဆောင်နှင့် အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်စေတီ မီးပူဇော်ရန် မီးစက်၊ မီးစက်ရုံကို တည်ဆောက်ပြီးဖြစ်ဖြစ်သည်။ ဘိုးတော်သိကြားရုပ်ထု၊ ပြေလည်ပြင်မောင်နှမ ရုပ်ထု၊ အရံစေတီ(၄)ဆူ၊ နဂါးရုံ ဘုရားများ တည်ထားပြီးဖြစ်သည်။

## ကားလမ်းဖောက်လုပ်ခြင်း

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်စေတီတော် အရှင်မြတ်ဘုရားကြီးသည် မြောင်းမြမြို့မှ ပုသိမ်သို့သွားသော ရေလမ်းခရီးတွင်တည်ရှိပြီး မြောင်းမြစက်လှေဖြင့်သွားပါ တစ်နာရီခန့်ဖြင့် ရောက်ရှိနိုင်ပါသည်။ ကုန်းလမ်းဖြင့် လွယ်ကူစွာသွားရောက်နိုင်ရန်အတွက် ၁၃၅၈ ခုနှစ်၊ တပို့တွဲလဆန်း(၁၀)ရက်နေ့ ကားလမ်းစတင်ဖောက်လုပ်ခဲ့ရာ ကားလမ်းဖောက်လုပ်ပြီးစီးခဲ့ပါသည်။ မြောင်းမြမှ မော်တော်ကားဖြင့် မိနစ်(၂၀)ခန့် စေတီတော်သို့ ရောက်ရှိဖူးမြော် နိုင်သည်။ ဤလမ်းကို မေတ္တာလမ်းဟု အမည်ပေးခဲ့သည်။ မြောင်းမြမှ လပွတ္တာသွားကားလမ်းဘေးမှ ဝင်ရသည်။

## တရားခွင်မှ မနောအာရုံ

ပိန္နဲကုန်းကျေးရွာ ဓမ္မစကြာဝတ်အသင်းအဖွဲ့ဝင် ဒေါ်တင်တင်ဝင်း သည် တရားထိုင်နေစဉ် ထူးခြားစွာ မနောဓါတ်အာရုံ ဖြစ်ပေါ်ခဲ့သည်။ ၎င်းမနောဓါတ်အာရုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ဤဓါတ်ပေါင်းချုပ်သာသနာသည် ဘဘုရား၏ ဗျာဒိတ်တော်နှင့်အညီပွင့်သော သာသနာဖြစ်သည်။ ဘဘုရား ပရိနိဗ္ဗာန်စံဝင်ခါနီးတွင် ဘုရားရှင်၏ သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် မြင်တော်မူပြီး ငါဘုရားမရှိသည့် နောက်တွင် သာသနာတော် မှေးမှိန်တော့မည်။ သတ္တဝါတို့သည် သံသရာဝဲဩဃတွင် နစ်မြုပ်ကြတော့မည်။ ဘိုးတော်သိကြားအား သာသနာတော်ကို တစ်ဆတိုးလို့ အပ်နှံခဲ့စဉ်အချိန်ကာလ၌ တပည့်သားသမီးတို့သည် ဘဘုရား၏ ကျေးဇူးတော်ကို ပေးဆပ်ကြပါမည်ဟု ကတိသစ္စာပြုခဲ့ကြသည်။ အဲဒီသားသမီးတွေဟာ ယခုဘိုးတော် သိကြားရဲ့ သာသနာမှာ လူ့ဘုံ လူ့ရွာသို့ရောက်ရှိပြီး သစ္စာပါရမီတွေဖြည့်နေကြရသည်။

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်စေတီတော် အရှင်မြတ်ဘုရားသည် ဘဘုရား၏ ဗျာဒိတ်တော်နှင့် ပွင့်ရသော သာသနာဖြစ်သည့်အတွက် ဤသာသနာပြုသားသမီးတွေသည်လည်း ဘဘုရား၏ မေတ္တာတော်ဓါတ်ကို ရရှိပြီးဖြစ်သည်။

ဘဘုရား သက်တော်ထင်ရှားရှိစဉ်အခါက သတ္တဝါအပေါင်းတို့အား ကယ်တင်ကာ သွားခဲ့သော်လည်း အားရတော်မမူခဲ့ပါ။ ထို့ကြောင့် သာသနာကို တစ်ဆတိုး၍ ဘိုးတော်သိကြားထံ အပ်နှံခဲ့ပါသည်။

ဂေါတမမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံခါနီးတွင် မြတ်စွာဘုရား၏ တပည့်သားသမီးတို့သည် မြတ်စွာဘုရား ၏ အနား၌ရှိနေကြသည်။ မြတ်စွာဘုရား၏ တပည့်သားသမီးများသည် ဝမ်းနည်းစွာဖြင့် အရှင်ဘုရားမရှိသည့် နောက်ပိုင်းတွင် သားသမီးများသည် အရှင်ဂေါတမမြတ်စွာဘုရား မေတ္တာဖြင့် အရှင်ဘုရား၏ သာသနာအတွင်း၌ ကယ်တင်သွားပါမည်ဟု ကတိသစ္စာတွေ ပြုခဲ့ကြပါသည်။

ကတိသစ္စာတွေပြုခဲ့ကြသည့်နောက် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ငါ၏ သာသနာ တော်မှာ ငါဘုရားကဲ့သို့ မေတ္တာထားမှသာ သတ္တဝါတွေ ကျွတ်တမ်းဝင်နိုင်မည်။ ငါ၏ သာသနာတစ်ဝက်၊ ဘိုးတော်သိကြား၏ သာသနာဦးမှာ ငါဘုရား၏ ဓါတ်တော်များချုပ်လို့ ဓါတ်ပေါင်းချုပ် သာသနာတွင် ငါဘုရားရဲ့ သာဝကတွေကို မင်္ဂမျိုးစေ့သိမ်းလို့ လိုက်ခဲ့ပါတော့လို့ ဗျာဒိတ်ထားခဲ့သည်။

တပည့်သားသမီးအပေါင်းတို့သည် သာသနာ့အမွေဆက်ခံ၍ သတ္တဝါအပေါင်းတို့ အား မဂ်မျိုးစေ့တွေ ချပေးပြီး လိုက်ခဲ့ပေတော့လို့ ဗျာဒိတ်ထားခဲ့ပါသည်။

တပည့်သားသမီးအပေါင်းတို့သည် ငါဘုရား၏ သာသနာမှာ သတ္တဝါအပေါင်းတို့အား ကယ်တင်၍ ပါရမီဖြည့်ပြီး လိုက်ခဲ့ပေတော့ဟု ဗျာဒိတ်တော်ထားခဲ့သည်။

## နိဗ္ဗာန်ပို့ဆောင်ပေးမည်

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်စေတီတော်အရှင်မြတ်ဘုရားကြီးသည် လွန်ခဲ့သောအတိတ်(၂၅၀၀) ကျော်က ဂေါတမမြတ်စွာဘုရား၏ ခြေဆစ်တော်ဓါတ်တော်နှင့် သင်္ကန်းတစ်ထောင့်ထွာကို ဌာပနာ၍ တည်ထားသော ရှေးဟောင်းစေတီတော်ဖြစ်သည်။ ပိန္နဲကုန်းရွာကလေးတွင် စေတီတော်ကြီးပေါ်ပေါက်လာမည်။ သာသနာ့တော် ပွင့်လင်းလာမည်ကို မယုံကြည်ခဲ့ပေ။ ဤသာသနာသည် အခက်အခဲအမျိုးမျိုးကြားမှ ပွင့်ထွန်း ပေါ်ပေါက်လာရသော သာသနာဖြစ်သည်။ ဝိသုဒ္ဓိဆရာတော်ကြီး ဦးပဏ္ဍိတ အား မဂ်တိုင်ထား၍ ဓါတ်၊ နတ်၊ သိုက်တို့မှ ဝန်းရံရမည့် သိုက်ထူး၊ နတ်ပူး၊ ဓါတ်မြှုး၍ မဂ်ကူးမည့်သာသနာတွင် ဆရာတော်ကြီးမှ ခန္ဓာကျင့်၊ ခန္ဓာအသိဖြင့် ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာကို ပွင့်လင်းစေမည်ဖြစ်သည်။ ဝိသုဒ္ဓိဆရာတော်ကြီး ဦးပဏ္ဍိတ၊ မိမိရုပ်ဖြင့်ရင်းရာကာ ရရှိထားသော သစ္စာလေးပါးတရားတော်ဖြင့် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်း တို့အား ငြိမ်းအေးသောနိဗ္ဗာန်သို့ ပို့ဆောင်ပေးမည့် "အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်စေတီတော်အရှင်မြတ် ဘုရား" ပင်ဖြစ်ပေသည်။

## ရွှေထီးတော်တင်လှူခြင်း

၁၃၇၀ ခုနှစ်၊ တန်ခူးလပြည့်နေ့တွင် (၇)ရက်သား၊ (၇)ရက်သမီးများစုပေါင်း၍ ဝိသုဒ္ဓိဆရာတော်ကြီး ဦးပဏ္ဍိတ တည်ထားပေးတော်မူခဲ့သော "အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရား" ရွှေထီးတော်တင်လှူပူဇော် ခဲ့ကြပါသည်။

## အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရား

လွန်ခဲ့သောအတိတ်က ကကုသန်ဘုရားအား ထန်းလျက်လှူဒါန်းခဲ့ပြီး ကိလေသာနှင့် တဏှာကို ပယ်သတ်နိုင်သော တရားအသိရှိရပါလို၏ဟု ဆုတောင်းခဲ့ခြင်းသည်လည်းကောင်း၊ ကောဏဂုံဘုရားအား ပျားရည် လှူဒါန်းခဲ့ပြီး မောဟအမိုက်ကို ပယ်သတ်နိုင်သော တရားအသိကို အသိကိုရရှိရလိုပါ၏ဟု ဆုတောင်းခဲ့ခြင်းသည် လည်းကောင်း၊ ကဿပဘုရားရှင်အား ဆင်သားရေလှူဒါန်းခဲ့ပြီး သစ္စာလေးပါးမြတ်တရားကို သိရှိရပါလို၏ဟု ဆုတောင်းခဲ့ခြင်းသည်လည်းကောင်း၊ ဂေါတမဘုရားရှင်အား ကိုရင်စိတ္တ ဘဝဖြင့် ဆွေတော်မျိုးတော်များကို တရားအသိရအောင် ကယ်တင်နိုင်ရပါလို၏ဟု သစ္စာပြုခဲ့ခြင်းသည်လည်းကောင်း ဤအကြောင်းတရားများသည် ယခုဘဝ သစ္စာလေးပါးခန္ဓာသိတရားရရှိတော်မူသော ဝိသုဒ္ဓိဆရာတော် ဦးပဏ္ဍိတ ဖြစ်ခဲ့ရပြီး ဝေနေယျသတ္တဝါ အပေါင်းအား မဂ္ဂင်ဖောင်ကြီးဆိုက်ထားပေးတော်မူသည်။

ဝေနေယျသတ္တဝါအပေါင်းတို့သည် တရားဘာဝနာ ကျင့်ကြံပွားများအားထုတ်၍ သည်းခံ၊ စေတနာထား၊ သမ္မာနဲ့နေကာ ကုသိုလ်တရားပွားများအားထုတ်၍ ကာယသခ်ီရ၊ ဝစီသခ်ီရ၊ မနောသခ်ီရတွေ ငြိမ်ဝပ်ပိပြားကာ အဓိစိတ္တ ဖြစ်၍ ဒုစရိုက်(၁၀)ပါးနှင့် သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိအယူကိုပယ်၊ ဘုရားဟောကြားသော သမ္မာအယူကို ယူထားရင် သေတဲ့အခါ နတ်ပြည်ရောက်မည်။ နတ်ပြည်မှာ တရားနာကြားကျင့်ကြံအားထုတ်၍ ဂေါတမမြတ်စွာဘုရား၏ သာသနာအတွင်း နိဗ္ဗာန်ဝင်နိုင်ကြမည်ဖြစ်သည်။ ဤသာသနာသည် ဂေါတမဘုရားရှင်၏ သာဝကများအား မဂ်မျိုးစေ့သိမ်း၍ ဘုရားရှင်၏ ဓါတ်တော်များချုပ်ငြိမ်းမည့် ဝိသုဒ္ဓိ ဆရာတော်ကြီး ဦးပဏ္ဍိတ နှင့် အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရားပင်ဖြစ်ပေသည်။

## ဝိသုဒ္ဓိမဟာဖြိုင်ကမ္မဋ္ဌာန်းကျောင်း၊ မြောင်းမြ (ဝိသုဒ္ဓိကျောင်း)

( သီလ ၊ သမာဓိ ၊ ပညာ )

### သစ္စာတရား(၄)ပါး

❀ ဒုက္ခသစ္စာ
(ဆင်းရဲခြင်း အမှန်တရား)
❀ သမုဒယသစ္စာ
(ဆင်းရဲခြင်းဖြစ်ကြောင်း အမှန်တရား)
❀ နိရောဓသစ္စာ
(ဆင်းရဲခြင်းချုပ်ငြိမ်းရာ အမှန်တရား)
❀ မဂ္ဂသစ္စာ
(ဆင်းရဲခြင်းချုပ်ငြိမ်းရာလမ်းကြောင်း အမှန်တရား)

### သတိပဋ္ဌာန်(၄)ပါး

❀ ကာယ သတိပဋ္ဌာန်
(ရုပ်အပေါင်းကို သတိကပ် ရှုမှတ်ခြင်း)
❀ ဝေဒနာ သတိပဋ္ဌာန်
(ခံစားမှုကို သတိကပ် ရှုမှတ်ခြင်း)
❀ စိတ္တာ သတိပဋ္ဌာန်
(စိတ်ကို သတိကပ် ရှုမှတ်ခြင်း)
❀ ဓမ္မာ သတိပဋ္ဌာန်
(သဘောတရားကို သတိကပ် ရှုမှတ်ခြင်း

### မဂ္ဂင် (၈)ပါး

(၁) သမ္မာဒိဋ္ဌိ
(၂) သမ္မာ ကမ္မန္တ
(၃) သမ္မာ အာဇီဝ
(၄) သမ္မာ ဝါယမ
(၅) သမ္မာ သတိ
(၆) သမ္မာ သမာဓိ
(၇) သမ္မာ ဒိဋ္ဌိ
(၈) သမ္မာ သင်္ကပ္ပ

### ဗောဓိပက္ခိယ(၃၇)ပါး

| | |
|---|---|
| သတိပဋ္ဌာန် | (၄) ပါး |
| သမ္မပ္ပဓာန် | (၄) ပါး |
| ဣဒ္ဓိပါဒ် | (၄) ပါး |
| ဣန္ဒြေ | (၅) ပါး |
| ဗိုလ် | (၅) ပါး |
| ဗောဇ္ဈင် | (၇) ပါး |
| မဂ္ဂင် | (၈) ပါး |
| ဗောဓိပက္ခိယ | (၃၇) ပါး |

❒ အစွဲဥပါဒါန်ကို ဒါန၊ သီလနဲ့ ဖြတ်လို့မရဘူး။
မဂ်ဉာဏ်ရမှ ပြတ်တာ။
မဂ်ဉာဏ်ရအောင် မဂ္ဂင်(၈)ပါးနဲ့ ကျင့်
မဂ္ဂင်(၈)ပါးနဲ့ ကျင့်လို့ရတဲ့ ဉာဏ်
မဂ်ဉာဏ်။

❒ ဝိသုဒ္ဓိဝိပဿနာ
နှာသီးနှာဖျားဝ၊ ထိသိမမြဲ
လမ်းလျှောက်ရင်းလည်း ခြေဖဝါး အသိကပ်၊ ထိသိမမြဲ
မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ ကြံတာ မမြဲ
အမြဲသတိကပ်မှတ်။

❒ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိနှင့်အောင်သစ္စာ
ဝိသုဒ္ဓိမှ ဝိမုတ္တိသည်
သည်းခံ၊ စေတနာထား၊ သမ္မာလမ်းကြောင်းပေါ်ကနေ
မဂ္ဂင်(၈)ပါး ဉာဏ်လမ်းကြောင်း နဲ့ မဂ်ဉာဏ်ရအောင် ကျင့်တာ
ဂေါတမဘုရားသာသနာတွင်း နိဗ္ဗာန်ဝင်မှာ။

❒ ဝိသုဒ္ဓိဝိပဿနာသည် မဂ္ဂင်(၈)ပါး အခြေခံထား၍
သတိပဋ္ဌာန်(၄)ပါးကျင့်စဉ်ဖြင့် ဗိုလ်(၅)ပါးဦးစီး၍
ဝိသုဒ္ဓိ(၇)ပါးပိုင်ဆိုင်အောင်
သစ္စာ(၄)ပါးသိမြင်အောင်
အားထုတ်နည်းပင်ဖြစ်သည်။

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

# အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

## ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

## ဝိသုဒ္ဓိ မှ ဝိမုတ္တိ







| | |
|---|---|
| အစွဲဥပါဒါန်ကို ဒါန၊ သီလနဲ့ဖြတ်လို့မရဘူး။ မဂ်ဉာဏ်ရမှ ပြတ်တာ။ မဂ်ဉာဏ်ရအောင် မဂ္ဂင်(၈)ပါးနဲ့ကျင့်။ ကျင့်လို့ ရတဲ့ဉာဏ် မဂ်ဉာဏ်။ | ဝိသုဒ္ဓိဝိပဿနာ၊နှာသီးနှာဖျားဝ၊ထိသိမမြဲ၊ လမ်းလျှောက်ရင်လည်း ခြေဖဝါးအသိကပ်၊ ထိသိမမြဲ၊ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ ကြံတာ မမြဲ၊ အမြဲသတိကပ်မှတ်။ |
| အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်၊ ဝိသုဒ္ဓိ နှင့် အောင်သစ္စာ၊ ဝိသုဒ္ဓိမှဝိမုတ္တိသည် သည်းခံ၊ စေတနာထား၊ သမ္မာလမ်းကြောင်းပေါ်ကနေ မဂ္ဂင်(၈)ပါး ဉာဏ်လမ်းကြောင်းနဲ့ မဂ်ဉာဏ်ရအောင်ကျင့်တာ ဂေါတမဘုရားသာသနာတွင်း နိဗ္ဗာန်ဝင်မှာ။ | ဝိသုဒ္ဓိဝိပဿနာသည် မဂ္ဂင်(၈)ပါး အခြေခံထား၍ သတိပဋ္ဌာန်(၄)ပါးကျင့်စဉ်ဖြင့် ဗိုလ်(၅)ပါးဦးစီး၍ ဝိသုဒ္ဓိ(၇)ပါး ပိုင်ဆိုင်အောင် သစ္စာ(၄)ပါး သိမြင်အောင်အားထုတ်နည်းပင်ဖြစ်သည်။ |

ဝိသုဒ္ဓိဓမ္မသစ္စာတရားစာအုပ်အမှတ်(၂၁)




စွဲရင်ကံ၊ မစွဲရင် ဉာဏ်၊ စွဲရင် ပူတယ်၊ မစွဲရင် အေးတယ်။ စွဲရင် သံသရာလည်တယ်။ မစွဲရင် သံသရာပြတ်တယ်။ မမြဲတာ သတိကပ်ရင် မစွဲတော့ဘူး။ မစွဲတာ မဂ်ဉာဏ်။

ဝိသုဒ္ဓိ မှ ဝိမုတ္တိ ၊ ဝိသုဒ္ဓိဖြစ်မှ ဝိမုတ္တိဖြစ်မယ်။ ဝိသုဒ္ဓိစင်ကြယ်ခြင်းဖြစ်မှ ဝိမုတ္တိလွတ်မြောက်ခြင်းဖြစ်မယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ဝိသုဒ္ဓိစင်ကြယ်အောင် ဝိပဿနာတရားအားထုတ်ကြပါ။ ဒါမှ ဒုက္ခဆင်းရဲအပေါင်းမှ ဝိမုတ္တိလွတ်မြောက်မယ်။ အဲဒါ ဝိသုဒ္ဓိ မှ ဝိမုတ္တိ။

## ဝိသုဒ္ဓိဆရာတော်၏ စန္ဒာကျင့်၊ စန္ဒာသိ၊ စန္ဒာကိုယ်တွေ့ ဝိသုဒ္ဓိမေ္ဂသစ္စာတရားတော်များ စီစဉ်ပူဇော်သူ မိုလ်မှူးဆရာတော်၏ ထေရုပ္ပတ္တိ

(၂၈.၁၉၅၇)ခုနှစ်၊ သောကြာနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့ ကျန်စစ်သားရပ်တွင် မွေးဖွားပြီး၊ ငယ်အမည်မှာ သန်းမြင့်အောင် ဖြစ်သည်။ မွေးချင်း(၆)ယောက်ရှိပြီး အငယ်ဆုံးသားဖြစ်ပါသည်။ (၁၉၆၀)ခုနှစ်တွင် ရွှေဘိုမြို့ ထနောင်းဝင်းရပ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ပြီး၊ (၁၉၆၃)ခုနှစ်တွင် ရွှေဘိုမြို့ ကတိုးကုန်းရပ်ရှိ မူလတန်းကျောင်းတွင် ပညာသင်ကြားခဲ့ပါသည်။ (၁၉၆၈)မှ (၁၉၇၅)အထိ ရွှေဘိုမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပါသည်။ (၁၉၇၅)ခုနှစ်တွင် (၁၀)တန်းကို (သင်္ချာ၊ ဓာတု၊ ဇီဝ) (၃-ဘာသာ)ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ (၁၉၇၆)မှ (၁၉၈၁)ထိ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်(တိမွေးကုတက္ကသိုလ်) အင်းစိန်သို့ တက်ရောက်ပညာသင်ကြားခဲ့သည်။ (၁၉၈၁)ခုနှစ်တွင် B.V.S ဘွဲ့ ရခဲ့သည်။ (၁၉၈၂)ခုနှစ်တွင် မှော်ဘီ-ဗိုလ်သင်တန်းကျောင်း၊ ဗိုလ်လောင်းသင်တန်းအပတ်စဉ်(၆၄) (O.T.S-64) တက်ရောက်ခဲ့သည်။ (၁၉၈၃)ခုနှစ်တွင် သင်တန်းဆင်းပြီး၊ ကြည်း/၁၇၆၃၈ ၊ ဗိုလ်-ရာထူးခန့်အပ်ခြင်းခံခဲ့ရသည်။ (၁၉၈၃)ခုနှစ်တွင် အိမ်ထောင်ကျခဲ့ပြီး၊ သားသမီး(၂)ဦးထွန်းကားခဲ့ပါသည်။ (၁၉၈၆)ခုနှစ်တွင် ဗိုလ်ကြီးအဆင့်သို့လည်းကောင်း၊ (၁၉၉၇)ခုနှစ်တွင် ဗိုလ်မှူးရာထူးသို့လည်းကောင်း ရာထူးတိုးမြှင့်ခန့်အပ်ခြင်းကိုခံရပါသည်။ (၂၀၀၇)ခုနှစ်တွင် တပ်မတော်မှအငြိမ်းစားယူပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပါသည်။ (၂၀၀၇)ခုနှစ်တွင် အဆိုပါဌာနမှ အငြိမ်းစားယူခဲ့ပြီး (၂၀၀၇)ခုနှစ်မှ (၂၀၀၉)ခုနှစ်ထိ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရား၊ ပိန္နဲကုန်းကျေးရွာ၊ မြောင်းမြမြို့နယ်တွင် ဂေါပက-ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ (၂၀၀၉)မှ (၂၀၁၀)ထိ ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့တွင် ယောဂီဝတ်ဖြင့် တရားအားထုတ်ခဲ့ပါသည်။ (၂၀၁၀)ခုနှစ်တွင် ဘွဲ့တော် သုမန ၊ သာသနာဝင်ကတ်ပြား(၁၄/မမန(သ)၀၀၂၂၈၄)ဖြင့် ရဟန်းဘောင်သို့ဝင်ရောက်ခဲ့ပါသည်။ (၂၀၂၁)ခုနှစ်တွင် သက်တော်(၆၅)နှစ်၊ သိက္ခာတော်(၁၂)ဝါရှိပြီး ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)၊ မြောင်းမြမြို့တွင် သီတင်းသုံးနေထိုင်တော်မူခဲ့သည်မှာ ယနေ့ထိတိုင်ဖြစ်ပါသည်။

ဝိသုဒ္ဓိကျောင်း၊ ဗိုလ်မှူးဆရာတော် မြောင်းမြ ဦးသုမန ၊ ၀၉-၂၅၀၄၃၂၀၅၀ / ၀၉-၇၉၄၅၀၆၅၉၅

## ❀ ဝိသုဒ္ဓိ မှ ဝိမုတ္တိ ❀

ဝိသုဒ္ဓိဝိပဿနာသည် မဂ္ဂင်ရှစ်ပါးအခြေခံထား၍၊ သတိပဋ္ဌာန်လေးပါးကျင့်စဉ်ဖြင့် မိုလ်ငါးပါး ဦးစီး၍ ဝိသုဒ္ဓိ(၇)ပါးပိုင်ဆိုင်အောင် သစ္စာ(၄)ပါးသိမြင်အောင် အားထုတ်နည်းပင်ဖြစ်သည်။

**မဂ္ဂင်(၈)ပါး** ။ (၁) သမ္မာဒိဋ္ဌိ၊ (၂) သမ္မာသင်္ကပ္ပ၊ (၃) သမ္မာဝါစာ၊ (၄) သမ္မာကမ္မန္တ၊ (၅) သမ္မာအာဇီဝ၊ (၆) သမ္မာဝါယမ၊ (၇) သမ္မာသတိ၊ (၈) သမ္မာသမာဓိ

**သတိပဋ္ဌာန်(၄)ပါး** ။ (၁)ကာယသတိပဋ္ဌာန်၊(၂)ဝေဒနာသတိပဋ္ဌာန်၊(၃)စိတ္တသတိပဋ္ဌာန်၊ (၄)ဓမ္မာသတိပဋ္ဌာန်

**မိုလ်(၅)ပါး** ။ (၁) သဒ္ဓါမိုလ်၊ (၂) ဝီရိယမိုလ်၊ (၃) သတိမိုလ်၊ (၄) သမာဓိမိုလ်၊ (၅) ပညာမိုလ်

**ဝိသုဒ္ဓိ(၇)ပါး** ။ (၁) သီလဝိသုဒ္ဓိ၊ (၂) စိတ္တဝိသုဒ္ဓိ၊ (၃) ဒိဋ္ဌိဝိသုဒ္ဓိ၊ (၄) ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ (၅) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ (၆) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ (၇)ဉာဏဒဿနဝိသုဒ္ဓိ

**သစ္စာ(၄)ပါး** ။ (၁) ဒုက္ခသစ္စာ၊ (၂) သမုဒယသစ္စာ၊ (၃) နိရောဓသစ္စာ၊ (၄) မဂ္ဂသစ္စာ

**ခန္ဓာ(၅)ပါး** ။ (၁)ရူပက္ခန္ဓာ၊ (၂)ဝေဒနက္ခန္ဓာ၊ (၃)သညာက္ခန္ဓာ၊ (၄)သင်္ခါရက္ခန္ဓာ၊ (၅)ဝိညာဏက္ခန္ဓာ

**ဗောဓိပက္ခိယ(၃၇)ပါး**။(၁)သတိပဋ္ဌာန်(၄)ပါး၊ (၂)သမ္မပ္ပဓာန်(၄)ပါး၊ (၃)ဣဒ္ဓိပါဒ်(၄)ပါး၊ (၄)ဣန္ဒြေ(၅)ပါး၊ (၅)မိုလ်(၅)ပါး၊ (၆)ဗောဇ္ဈင်(၇)ပါး၊ (၇)မဂ္ဂင်(၈)ပါး

## ❀ ဝိသုဒ္ဓိဝိပဿနာ ❀

★ မြင်တာကရုပ်၊ သိတာကနာမ်၊မြင်သိရုပ်နာမ် မမြဲပါလား။ ★ကြားတာကရုပ်၊ သိတာကနာမ်၊ ကြားသိရုပ်နာမ် မမြဲပါလား။ ★ နံတာကရုပ်၊သိတာကနာမ်၊ နံသိရုပ်နာမ် မမြဲပါလား။ ★ စားတာကရုပ်၊ သိတာကနာမ်၊ စားသိရုပ်နာမ် မမြဲပါလား။ ★ထိတာကရုပ်၊ သိတာကနာမ်၊ ထိသိရုပ်နာမ် မမြဲပါလား။ ★တွေးတာကရုပ်၊ သိတာကနာမ်၊ တွေးသိရုပ်နာမ် မမြဲပါလား။ ★ဖေါက်ပြန်တာကရုပ်၊ ခံစားတာကနာမ်၊ ဖောက်ပြန်တဲ့ရုပ်ကလည်း မမြဲသလို၊ ခံစားတဲ့နာမ်ကလည်း မမြဲပါလား။ ★မမြဲတာသိတော့ မစွဲတော့ဘူး။ ★ စွဲရင်ပူတယ်၊ မစွဲရင်အေးတယ်။ ★ စွဲရင်ကံ၊ မစွဲရင်ဉာဏ်။ ★ မစွဲတဲ့မဂ်ဉာဏ်ရအောင် မဂ္ဂင်ရှစ်ပါးနဲ့ကျင့်။ ဝိပဿနာတရားအားထုတ်ကြ။ ★ အပြင်မှာစင်ကြယ်မှ (သီလ)၊ ခန္ဓာမှာစင်ကြယ်မယ် (သမာဓိ)၊ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်(ပညာ)၊ ★သီလရှိမှ သမာဓိရှိမယ်။ သမာဓိရှိမှ ပညာဖြစ်မယ်။ ★သီလအုတ်ပန္နက်ခိုင်ခိုင်ရိုက်၊ သမာဓိတိုင်ထူ၊ ပညာအမိုးမိုး။ ★ ကိုယ့်စိတ်ကိုယ်စစ်ပါ။ ★သူများအကြောင်း ကိုယ့်အကြောင်းမလုပ်ပါနဲ့။ ★ သည်းခံ၊ စေတနာထား၊ သမ္မာနဲ့နေပါ။ ★ အယူမှား၊ အမှတ်မှား၊ အစွဲမှားတွေ မဖြစ်အောင် ဝိပဿနာတရားအားထုတ်ပါ။

★ ပေါ်တိုင်းမပြတ်၊ ရှုမှတ်နေလျှင်၊ ရုပ်နာမ်နှစ်မျိုး၊ ကြောင်းကျိုးသိမြင်၊ မမြဲဆင်းရဲ ဉာဏ်ထဲပေါ်လွင်၊ အနတ္တသိက နိဗ္ဗာန်ဝင်၊ အနိစ္စဆိုတာ မမြဲပါ၊ ဖြစ်လိုက်ပျက်လိုက်ဖြစ်နေတာ၊ ဒုက္ခဆိုတာ ဆင်းရဲပါ၊ ဖြစ်ခြင်း ပျက်ခြင်း၊ နှိပ်စက်တာ၊ အနတ္တဆိုတာ သဘောပါ၊ အကောင်အထည်မဟုတ်ပါ။ (ရုပ်နာမ်-အနိစ္စ၊ ဒုက္ခ၊ အနတ္တ)

# ❀ ဝိသုဒ္ဓိဝိပဿနာ ❀

❀ အပြင်မှာစင်ကြယ်မှ (သီလ)၊ ခန္ဓာမှာစင်ကြယ်မယ် (သမာဓိ)၊ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ် (ပညာ)

❀ အပြင်မှာမစင်ကြယ်ရင် (သီလ)၊ ခန္ဓာမှာမစင်ကြယ်ဘူး (သမာဓိ)၊ ခန္ဓာမှာမစင်ကြယ်ရင်၊ ဉာဏ်မှာ မစင်ကြယ်ဘူး (ပညာ)

❀ သီလရှိမှ သမာဓိရှိမယ်၊ သမာဓိရှိမှ ပညာဖြစ်မယ်၊ သီလမရှိရင်၊ သမာဓိမရှိဘူး၊ သမာဓိမရှိရင် ပညာမဖြစ်ဘူး။

❀ သီလအုတ်ပန္နက် ခိုင်ခိုင်ရိုက်၊ သမာဓိတိုင်ထူ၊ ပညာအမိုးမိုး။

❀ သီလ၊ သမာဓိ၊ ပညာရှိမှ မဂ်ဉာဏ်ကူးနိုင်မယ်။

❀ မဂ္ဂင်ရှစ်ပါးနဲ့သွား၊ လမ်းဆုံးရင် မဂ်ဉာဏ်ရမယ်။

❀ မဂ္ဂင်ရှစ်ပါးနဲ့ကျင့်လို့ရတဲ့ဉာဏ်ဟာ မဂ်ဉာဏ်ပါပဲ။

❀ မဂ္ဂင်ရှစ်ပါးဆိုတာ သီလမဂ္ဂင်(၃)ပါး၊ သမာဓိမဂ္ဂင်(၃)ပါး၊ ပညာမဂ္ဂင်(၂)ပါး၊ သီလ၊ သမာဓိ၊ ပညာ ဖြစ်ပါတယ်။ သီလ၊ သမာဓိ၊ ပညာသည်ပင် သိက္ခာ(၃)ပါး၊ သာသနာ(၃)ရပ်၊ အကျင့်မြတ်(၃)ပါး ဖြစ်ပါတယ်။

❀ မဂ္ဂင်ရှစ်ပါးအကျင့်မှန်တရားသည် နိဗ္ဗာန်ကိုရောက်နိုင်သောလမ်းကြောင်းမှန် တရားဖြစ်ပါတယ်။

❀ ဝိသုဒ္ဓိဝိပဿနာသည် မဂ္ဂင်ရှစ်ပါးအခြေခံထား၍ ဝိသုဒ္ဓိ(၇)ပါးရရှိအောင် ကျင့်ကြံအားထုတ်သောနည်းပင် ဖြစ်ပါတယ်။

❀ ဝိသုဒ္ဓိဝိပဿနာတရားသည် မနောကိုအထူးစင်ကြယ်အောင်ကျင့်သောတရားဖြစ်ပါတယ်။

❀ မနောသည် သံသရာလည်နိုင်သလို သံသရာပြတ်အောင်လည်း လုပ်နိုင်ပါတယ်။ သံသရာဆိုတာ (၃၁)ဘုံကို ပြောတာပါ။ (၃၁)ဘုံက လွတ်မြောက်လိုလျှင် မနောကိုစင်ကြယ်အောင် ဝိပဿနာတရား အားထုတ်ကြရမှာ ဖြစ်ပါတယ်။

❀ ဒီလိုတရားအားထုတ်ကြတဲ့အခါမှာ ရုပ်ပေါ်နာမ်ပေါ်မှာဘဲ ရှုမှတ်ပွားများရမှာဖြစ်ပါတယ်။

❀ နှာသီးဖျား လေဝင်တိုင်းထွက်တိုင်း၊ ထိတာကရုပ်၊ သိတာကနာမ်၊ ထိတဲ့ရုပ်လည်းမမြဲ၊ သိတဲ့နာမ်လည်း မမြဲပါလားလို့၊ သတိနောက်မှာ အသိလိုက်ပေးရပါတယ်။ သဘာဝကို သဘောလေးနဲ့ ရှုပွားရပါတယ်။

❀ ရုပ်ကဖေါက်ပြန်တယ်၊ နာမ်က ခံစားတယ်၊ ဒါသဘာဝတရားပါပဲ။

❀ ဖေါက်ပြန်မှု၊ ခံစားမှုအာရုံဟာ မနောနဲ့ပေါင်းရင် လောဘ၊ ဒေါသဖြစ်ပါလိမ့်မယ်။ ဒါ့ကြောင့် အာရုံကို သတိ ကပ်ထားပါ။

❀ လောဘ၊ ဒေါသဖြစ်တာနဲ့ မနောသီလပျက်ပါတယ်။

❀ အာရုံနဲ့မနော မပေါင်းနိုင်အောင် သတိကပ်ထားရင် မနောသီလအားကောင်းလာပါလိမ့်မယ်။

❀ မနောသီလအားကောင်းလာရင် သမာဓိခိုင်မာလာပါလိမ့်မယ်။

❀ သမာဓိခိုင်မာလာရင် ရုပ်နာမ်မမြဲ ဆင်းရဲ၊ အစိုးမရတဲ့သဘောပေါက်လာပါလိမ့်မယ်။ ပညာဉာဏ်ကူးလာပါ လိမ့်မယ်။

❀ ခန္ဓာမှာ ဖြစ်ပျက်နေတဲ့ ရုပ်ဖေါက်ပြန်မှု၊ နာမ်ခံစားမှုကို သတိနဲ့စောင့်ကြည့်ရင်းနဲ့ သီလဖြစ်လာပါလိမ့်မယ်၊ သမာဓိတည်လာပါလိမ့်မယ်၊ ပညာက သဘာဝကို သဘောပေါက်လာပါလိမ့်မယ်။

❀ ဝေဒနာကိုသည်းခံခြင်းဟာ သီလဖြစ်ပါတယ်။ သည်းခံခြင်းသီလ အားကောင်းလာရင် အဓိသီလဖြစ်လာ ပါလိမ့် မယ်။ အဓိသီလအားကောင်းရင် စိတ်ကလည်း ကြည်လင်ပြီး၊ သဒ္ဓါအားတွေ ကောင်းလာရင် အဓိစိတ္တ ဖြစ်လာပါလိမ့်မယ်။

❀ အဓိသီလ၊ အဓိစိတ္တဖြစ်ရင်တော့ အဓိပညာဆိုတဲ့ ရုပ်နာမ်၊ ဖြစ်ပျက်လွတ်တဲ့နေရာ ဒုက္ခဝေဒနာ၊ သုခ ဝေဒနာလွတ်တဲ့နေရာ ရောက်ရှိမှာဖြစ်ပါတယ်။

❀ ဒါ့ကြောင့် သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာ(၃)ပါး၊ သာသနာ(၃)ရပ်၊ အကျင့်မြတ်(၃)ပါး၊ ဝိသုဒ္ဓိ(၇)ပါး ပိုင်ဆိုင် အောင် မဂ္ဂင်ရှစ်ပါးအခြေခံထား၍ "ဝိသုဒ္ဓိ ဝိပဿနာတရားကို "ဝိ" အထူး၊ "သုဒ္ဓိ" မနောစင်ကြယ် အောင် "ဝိ" အထူး "ပဿနာ" ဆင်ခြင်ရှုပွားခြင်းဖြင့် ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့ ဝိသုဒ္ဓိမဂ္ဂ သစ္စာတရား သိမြင်လာပါလိမ့်မယ်။

❀ သူများစိတ် မစစ်ပါနဲ့၊ ကိုယ့်စိတ်ကိုယ်စစ်ပါ။

❀ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်ပါနဲ့။

❀ ဘယ်သူဘာပြောပြော သည်းခံပါ။ ဘယ်သူပျက်ပျက် ကိုယ့်စေတနာမပျက်ပါနဲ့။

❀ မဂ္ဂင်ရှစ်ပါး အခြေခံထား၍ သမ္မာနဲ့နေပါ။ ဝိပဿနာတရား အားထုတ်ကြပါ။ တရားထိုင်ကြပါ။

❀ မဂ္ဂင်ရှစ်ပါး အခြေခံထား၍ ဝိပဿနာတရားအားထုတ်ရင် ဝိသုဒ္ဓိ(၇)ပါး ပိုင်ဆိုင်ပါလိမ့်မယ်။ ဝိသုဒ္ဓိ(၇)ပါး ပိုင်ဆိုင်ပြီဆိုရင်တော့ (၃၁)ဘုံက ဝိမုတ္တိလွတ်မြောက်ပါလိမ့်မယ်။

# ၄ အပြင်မှာစင်ကြယ်အောင်အားထုတ်နည်း (သီလ)

၁။ သိပ်မအိပ်နဲ့။
၂။ သိပ်မစားနဲ့။ (ချင့်ချိန်စားပါ)
၃။ စကားနည်းပါ။ (တရားစကားပြောပါ)
၄။ စာမဖတ်နဲ့။ (ဝတ္ထု ဂျာနယ်၊ မဂ္ဂဇင်း၊ **TV, VIDEO** (မကြည့်ရ)၊ တရားစာအုပ် ဖတ်နိုင်ပါတယ်)
၅။ တရားကို မရ-ရအောင်ကြိုးစားအားထုတ်ချင်စိတ်ထားပါ။
၆။ မပြတ်လုပ်ပါ။ (အရိယာပုဒ်(၄)ပါးနဲ့ အမြဲနှလုံးသွင်းပါ)
၇။ သည်းခံပါ။ (ဆရာတော်အဓိကဟောပါတယ်)
၈။ စေတနာထားပါ။ (ဆရာတော်အဓိကဟောပါတယ်)
၉။ သမ္မာနဲ့နေပါ။ (ဆရာတော်အဓိကဟောခဲ့ပါတယ်)
၁၀။ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ငယ်သူကို သနားပါ။
၁၁။ ကိုယ်ချင်းစာစိတ်ထားပါ။
၁၂။ စာနာတဲ့စိတ်ထားပါ။
၁၃။ ဗြဟ္မာစိုရ်တရားထားပါ။
၁၄။ သံဝေဂတရားထားပါ။
၁၅။ မာန်မာနချထားပါ။
၁၆။ အတ္တနည်းပါစေ။
၁၇။ မေတ္တာထားပါ။
၁၈။ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်ပါနဲ့။
၁၉။ ကိုယ့်စိတ် ကိုယ်စစ်ပါ။
၂၀။ သမုတိသစ္စာမှန်အောင်နေပါ။
၂၁။ ဒုစရိုက်(၁၀)ပါးရှောင်ပါ။
၂၂။ လောဘ၊ ဒေါသ၊ မောဟ ခေါင်းပါးပါစေ။
၂၃။ အာရုံငါးပါးပေါ်တိုင်း မြင်တာ မမြဲပါလား၊ ကြားတာ မမြဲပါလား၊ နံတာ မမြဲပါလား၊ စားတာ မမြဲပါလား၊ ထိတာ မမြဲပါလား အမြဲပွားများပါ။ မြင်ချင်၊ ကြားချင်၊ နံချင်၊ စားချင်၊ သိချင်၊ သွားချင်စိတ်များ ခေါင်းပါးပါစေ။
၂၄။ တရားထိုင်တဲ့အခါ တွေးစိတ်မဝင်တော့ဘူးဆိုရင် အပြင်မှာစင်ကြယ်ပါပြီ။
၂၅။ မဂ္ဂင်ရှစ်ပါးထဲမှာ သီလမဂ္ဂင်သုံးပါးဖြစ်သော သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမာအာဇီဝနှင့် ကိုက်ညီမှန်ကန်မှု ရှိ/မရှိ ကိုယ့်စိတ်ကိုစစ်ပါ။ တရားထိုင်နေတဲ့အချိန် စကားတောင်မပြောတဲ့အတွက် **"သမ္မာဝါစာ"** ဖြစ်နေပါတယ်။ တရားထိုင်တဲ့အလုပ်ဟာ အကောင်းဆုံးအလုပ်ဖြစ်၍ **"သမ္မာကမ္မန္တ"** ဖြစ်နေပါတယ်။ မိမိအသက်ရှင်ဖို့အတွက် အာဟာရ စားသုံးရပါတယ်။ ရုပ်တောင်းတလို့ အာဟာရထည့်ပေးရပါလား။ ရှိတာလေးနဲ့ ရောင့်ရဲတင်းတိမ်စားရင် သမ္မာအာဇီဝဖြစ်နေပါတယ်။ တရားထိုင်နေတဲ့အချိန် သီလမဂ္ဂင်သုံးပါးစလုံး ပြည့်စုံရင် အပြင်မှာ စင်ကြယ်ပါတယ်။ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာ စင်ကြယ်မှာ ဖြစ်ပါတယ်။

၁။ နှာခေါင်းနှစ်ပေါက်က ဒလစဉ်၊ ဒလစပ်လှုပ်ရှားနေသော ဝင်လေထွက်လေကို သတိကပ်မှတ်၍ သမာဓိ ထူထောင်ပါ။

၂။ တွေးစိတ်ပေါ်တတ်ပါတယ်။ တွေးစိတ်ပေါ်လာရင် မပေါ်နိုင်အောင် လေပြင်းပြင်းရှူပေးပါ။ တွေးစိတ် ပျောက်သွားပါလိမ့်မယ်။

၃။ တွေးစိတ်မပေါ်တော့ရင် စိတ်ငြိမ်လာပါတယ်။ စိတ်ငြိမ်လာရင် ဝင်လေ၊ ထွက်လေဟာ နှာသီး၊ နှာဖျားဝ မှာ ထိသွားတဲ့သဘော (ဖေါက်ပြန်ပြောင်းလဲသွားတဲ့သဘော)ကို ရုပ်၊ သိမှုသဘောဟာ နာမ်လို့ အသိ ကပ်ရှုမှတ်ပါ။

၄။ "ထိတာရုပ်၊ သိတာနာမ်"လို့ "သတိ၊ အသိ" ကပ်မှတ်ပါ။

၅။ မှတ်ရင်းမှတ်ရင်းနဲ့ ကြာလာရင် တွေးစိတ်မဝင်တော့ဘဲ၊ သမာဓိအားကောင်းလာတဲ့အတွက် ဝေဒနာ ပေါ်လာပါတယ်။ ဝေဒနာပေါ်လာရင် ရှုမှတ်တဲ့စိတ်က ဝေဒနာဘက် အလိုလိုရောက်သွားပါတယ်။

၆။ ပေါ်တဲ့ဝေဒနာကို တောင့်မထားပါနဲ့။ တောင့်ထားတင်းထား အံကြိတ်ထားရင် ဒေါသဖြစ်တတ်ပါတယ်။ ဝေဒနာကို အသာလေး အသိလေးကပ်ပြီး မျောလိုက်ရပါတယ်။ ဆရာတော်ကတော့ ဝေဒနာဟာ ပဋ္ဌာန်းမြားတစ်လုံးရသလိုပဲ၊ ဝေဒနာပေါ်က တရားရတာလို့ ဟောခဲ့ပါတယ်။ ဝေဒနာရှုမှတ်နည်းမှာပေါ် လာတဲ့ ဝေဒနာဟာ ငါလုပ်တာမဟုတ်ဘူး။ မနာပါနဲ့ ပြောလို့လဲမရဘူး။ သူ့သဘာဝ သူဖေါက်ပြန်လာ တာပဲ။ ငါမပါပါလား၊ ရုပ်ရှိလို့ ဝေဒနာခံစားရပါလား။ ရုပ်ဖေါက်ပြန်တဲ့သဘော၊ နာမ်က ခံစားတဲ့သဘော ပဲရှိပါလား၊ ငါမပါ ပါလား၊ ဝေဒနာမမြဲတဲ့သဘောရှိပါလားလို့ "သတိ၊ အသိ"ကပ်ပြီးရှုမှတ်ပါ။

၇။ ဝေဒနာတက်လာလေလေ သဒ္ဓါ၊ ဝီရိယ၊ သတိ တိုးတင်ပေးရတယ်။ ဇွဲ၊ သတ္တိတင်ပြီး ဝေဒနာကို အရှုံးမပေးဘဲ သည်းခံပြီး အနိုင်တိုက်ရပါတယ်။ သည်းခံ နိဗ္ဗာန်ရောက်လို့ ဆိုပါတယ်။ အလျှော့မပေး ပါနဲ့၊ ဝေဒနာအစ၊ အလယ်၊ အဆုံး သဘောပေါက်အောင် တရားထိုင်တာ မပြင်ဘဲ ဆက်တိုက် ကြာရှည် အားထုတ်ရပါတယ်။ တရားထိုင်ရာမှာ ဝေဒနာမှာ လန်ကျတာများပါတယ်။ အလျှော့ ပေးတာများကြ ပါတယ်။ ဝေဒနာအပေါ်က အသိရမှာဖြစ်တဲ့အတွက် အသိ မရတော့ပါဘူး။ ဒါကြောင့် "မခံသာ မှန်ပါဘိ

ဒီတရားခံသာရင် သံသရာကြောမျောလိမ့်အများ" ဝေဒနာသက်သာအောင်၊ အတ္တနဲ့ပြင်လိုက်မယ်၊ ဖြုတ်လိုက်မယ်ဆိုရင် သံသရာပြန်လည်ဦးမှာပါပဲ၊ ဝေဒနာသက်သာချင်တာ တဏှာပါပဲ။ အစ၊ အလယ်၊ အဆုံး ဝေဒနာရဲ့ သဘာဝသဘောကို ဆုံးခန်းတိုင်အောင် စောင့်ကြည့်ရှုမှတ်နေရင် ဝေဒနာရဲ့ သဘာဝ သဘောနားလည်ပြီး အနတ္တကို သိမြင်လာနိုင်မှာဖြစ်ပါတယ်။

၈။ သဒ္ဓါဝီရိယကောင်းကောင်းနဲ့ "သတိ၊ အသိ" မှတ်ရှုမှု အားကောင်းလာတဲ့အခါ စိတ်တည်ငြိမ်လာပါသည်။ တည်ငြိမ်တဲ့စိတ်နဲ့ ဝေဒနာကို အပေါ်ကနေစီးကြည့်နေနိုင်ပါပြီ။ ဝေဒနာကို အပေါ်စီးရပါပြီ။ ဝေဒနာရှိနေပေမယ့် ဝေဒနာခံနိုင်အားရှိလာပါပြီ။ ဝေဒနာက သတ်သတ်၊ စောင့်ကြည့်နေတဲ့ "သတိ၊ အသိ"က သတ်သတ်ဖြစ်နေပါ ပြီ။ သမာဓိတည်လာပါပြီ။ တည်ကြည်ငြိမ်သက်တဲ့စိတ်နဲ့ ဝေဒနာရှုမှတ်နိုင်ပါပြီ။

၉။ ဝေဒနာရှုမှတ်စိတ်မလိုက်ဘဲ နှာသီး၊ နှာဖျားဝမှာ "သတိ၊ အသိ"ကပ် မှတ်နေရင်လဲ အထက်ဖော်ပြပါ တည်ကြည်ငြိမ်သက်တဲ့စိတ် ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ သမာဓိတည်လာမှာ ဖြစ်ပါတယ်။ မိမိကြိုက်ရာနည်းနဲ့ ရှုနိုင်ပါတယ်။ ဆရာတော်ကတော့ ဝေဒနာရှုမှတ်တာကို အဓိကဟောခဲ့ပါတယ်။

၁၀။ မဂ္ဂင်ရှစ်ပါးထဲက သမ္မာဓိမဂ္ဂင်သုံးပါးဖြစ်သော သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိနှင့် ကိုက်ညီမှန်ကန်မှုရှိ/မရှိ တိုက်ဆိုင်စစ်ဆေးပါ။ ကိုက်ညီမှန်ကန်ပါက ခန္ဓာမှာစင်ကြယ်ပါပြီ။ တိုက်ဆိုင်စစ်ဆေးရမည့် သမာဓိမဂ္ဂင်သုံးပါးမှာ တရား(မဂ်ဉာဏ်)ရလိုသော သဒ္ဓါစိတ်ဖြင့် ကြိုးစာအားထုတ်မှုသည် "သမ္မာဝါယမ" ဖြစ်ပါသည်။ တရား(မဂ်ဉာဏ်)ရလိုသော သဒ္ဓါစိတ်ဖြင့် ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးပေါ်တွင် သတိကပ်ရှုမှတ်နေခြင်းသည် သမ္မာသတိဖြစ်ပါသည်။ တရား(မဂ်ဉာဏ်)ရလိုသော သဒ္ဓါစိတ်ဖြင့် သတိကပ်ကြိုးစားအားထုတ်ပါက တည်ကြည်ငြိမ်သက်သောစိတ်ဖြစ်လာပါက သမ္မာသမာဓိဖြစ်ပါတယ်။ တရားထိုင်နေစဉ် သမာဓိမဂ္ဂင်သုံးပါးလုံးပြည့်စုံရင် ခန္ဓာမှာစင်ကြယ်ပါတယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မှာဖြစ်ပါတယ်။

၁။ ဝင်လေထွက်လေရှုမှတ်ရင်း တည်ငြိမ်တဲ့ သမာဓိဖြစ်လာတဲ့အချိန်မှာ ဝိပဿနာတင် ရှုမှတ်ရပါတယ်။

၂။ ဝိပဿနာတင်ရှုမှတ်တယ်ဆိုတာ ဝင်လေထွက်လေ နှာသီးဖျားမှာ ဒလစဉ်၊ ဒလစပ် ထိ ထိသွားတာကို "သတိ၊ အသိ"ဖြင့် စောင့်ကြည့်ရပါတယ်။ ထိမှု သိမှု ကြည့်ရှုနေတာဟာ ကိုယ့်ရဲ့ အဓိကအလုပ်ဖြစ်ပါတယ်။ စောင့်ကြည့်ရင်း သိသင့် သိထိုက်တာများ သိလာပါလိမ့်မယ်။ စောင့်ကြည့်ဖို့က ကိုယ့်အလုပ်ပါ။

၃။ သတိ၊ အသိဖြင့် စောင့်ကြည့်ရင်းနဲ့ပဲ "ထိ"တာဟာ ဖေါက်ပြန်တဲ့သဘော "ရုပ်"၊ "သိ"နေတာ နာမ်သဘောကို ရှုမှတ်ရင်းနဲ့ ရုပ်သဘော၊ နာမ်သဘောကို ကွဲကွဲပြားပြားသိမြင်လာပါတယ်။

၄။ ရုပ်နာမ်နှစ်ပါးဟာ ထိသွားလိုက်၊ ပျောက်သွားလိုက်၊ ထိသွားလိုက်၊ ပျောက်သွားလိုက်နဲ့ ရုပ်နာမ်နှစ်ပါးရဲ့ ဖြစ်မှု၊ ပျက်မှုကို ထင်ထင်ရှားရှားသိမြင်လာပါတယ်။

၅။ "သတိ၊ အသိ"ရှုမှတ်အားကောင်းကောင်းနဲ့ ဆက်လက်ရှုပွားရင်း ခန္ဓာကိုယ်မှာ တရိပ်ရိပ်၊ တရွရွ၊ ဖြိုးဖြိုးဖျက်ဖျက်၊ ရှိုးရှိုးရွရွ၊ သဲသဲလှုပ်လှုပ်၊ အခိုးအလှုံ့ဟိုန်းဟိုန်းထနေသကဲ့သို့ လှိုင်းတွေလို လေတွေလို မငြိမ်မသက် ဖိုးဖိုးဖက်ဖက် ထိုးထိုးထိပ်ထိပ် ရုပ်နာမ်ဖြစ်ပျက်နေတာကို ပိုင်းပိုင်းခြားခြား သိမြင်လာပါတယ်။ တစ်ဦးနှင့်တစ်ဦး ရုပ်နာမ်ဖြစ်ပျက်တွေမှု မတူညီပါ။ စရိုက်ပါရမီအပေါ်မူတည်၍ ကွာခြားမှုရှိပါတယ်။

၆။ တကိုယ်လုံး ရုပ်နာမ်နှစ်ပါးဖေါက်ပြန်၊ ဖြစ်ပျက်မှုကို ကိုယ်တိုင်၊ ကိုယ်ပိုင်အသိဖြင့် တွေ့မြင်ရသောအခါ ရုပ်နာမ်နှစ်ပါးမမြဲသော အနိစ္စသဘော၊ ဆင်းရဲသော ဒုက္ခသဘော၊ အစိုးမရ သူ့သဘာဝ သူဖြစ်ပျက်နေတာ အနတ္တသဘောကို သိမြင်လာပါတယ်။

၇။ ရုပ်နာမ်နှစ်ပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောဖြင့် ရှုမှတ်ပွားများရင် ရုပ်နာမ်ဖြစ်မှုပျက်မှု ချုပ်ဆုံးသွားတာ သိမြင်လာပြီး ရုပ်နာမ်ချုပ်ဆုံးသွားပါတော့တယ်။

၈။ ဝေဒနာပေါ်ပါက ရှုမှတ်နည်းမှာ ပေါ်လာသောဝေဒနာကို သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သည်းခံကာ ခန္ဓာမှာ စင်ကြယ်အောင် အားထုတ်နည်းအတိုင်း ရှုမှတ်ပွားပါက သီလ၊ သမာဓိ၊ ပညာဖြစ်ပေါ်လာကာ ဝေဒနာ တဖြည်းဖြည်းလျော့ကျလာပါတယ်။ (တချို့ရုတ်တရက် ဝေဒနာပြုတ်ကျသွားတာလဲရှိတတ်ပါတယ်) ဝေဒနာအကြမ်းစားတွေကုန်ဆုံး၍ ဝေဒနာအနုစား၊ သုခဝေဒနာ ပြောင်းလဲလာပါတယ်။

၉။ ဝေဒနာအကြမ်းစားကုန်လျှင် ဝေဒနာရဲ့သဘာဝကို သိမြင်လာပါတယ်။ ဝေဒနာဟာ ငါမှမဟုတ်ပါလား သူ့သဘာဝသူ ဖြစ်ပျက်နေတာပါလားဆိုတဲ့ သဘာဝသဘောတရား(ဓါတ်)ကို သိသွားပါတယ်။ ဆရာတော်ကတော့ စိတ်ကနေ ဓါတ်ပြောင်းသွားတယ်လို့ပြောပါတယ်။ ဓါတ်ဆိုတာ သဘာဝ သဘောတရားအနတ္တပါပဲ။

၁၀။ ဝေဒနာအနုစား၊ သုခဝေဒနာကို သတိရတာမလွယ်ဘူး။ ဒီနေရာမှာ သာယာနေတတ်တယ်။ ဝပ်နေတတ်တယ်လို့ ဆရာတော်ပြောခဲ့ပါတယ်။ သုခဝေဒနာလဲ ငါမဟုတ်ပါလား။ သူ့သဘာဝသူ ဖြစ်ပျက်နေတဲ့ရုပ်ပါလား။ ခံစားမှုသဘောဟာ နာမ်ပါလား။ ရုပ်နာမ်ပါလား။ ငါမပါပါလား။ သုခဝေဒနာလဲ မမြဲပါလား၊ ဖြစ်ပျက်နေတာပါလားလို့ရှုမှတ်ပွားများရင် သုခဝေဒနာလဲ ငါမဟုတ်၊ သူ့သဘာဝ သူ့သဘောဆိုတာ သိမြင်လာပါတယ်။

၁၁။ ဆက်လက်ရှုမှတ်ရင်းနဲ့ ဒုက္ခဝေဒနာနဲ့ သုခဝေဒနာဟာ ငါမဟုတ်ပါလား၊ သူ့သဘာဝ သူ့သဘောနဲ့ ဖြစ်ပျက်နေတာပါလားလို့ သိရှိလာပါတယ်။ ဒုက္ခဝေဒနာနဲ့ သုခဝေဒနာဟာ ဖြစ်ပျက်နေတဲ့အတွက် မမြဲတဲ့ အနိစ္စသဘော၊ ဆင်းရဲတဲ့ ဒုက္ခသဘော၊ အစိုးမရတဲ့ အနတ္တသဘောကို ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား ကွက်ကွက်ကွင်းကွင်းသိမြင်ပြီး ဒုက္ခဝေဒနာလဲမစွဲ၊ ဥပါဒါန်လွတ် ဒုက္ခဝေဒနာချုပ်၊ သုခဝေဒနာလဲ မစွဲ၊ ဥပါဒါန်လွတ် သုခဝေဒနာချုပ်၊ ဒုက္ခဝေဒနာနဲ့ သုခဝေဒနာကြား အလယ်က သွားနိုင်သော တရားအသိရရှိလာပါတယ်။

၁၂။ မဂ္ဂင်ရှစ်ပါးထဲက ပညာမဂ္ဂင်နှစ်ပါးဖြစ်သော သမ္မာဒိဋ္ဌိ၊ သမ္မသင်္ကပ္ပနှင့် ကိုက်ညီမှန်ကန်မှုရှိ/မရှိ တိုက်ဆိုင် စစ်ဆေးပါ။ တိုက်ဆိုင်စစ်ဆေးရမည့် ပညာမဂ္ဂင်နှစ်ပါးမှာ ရုပ်နာမ်နှစ်ပါး ကွဲကွဲပြားပြား သိခြင်းနှင့် ရုပ်နာမ် ဖြစ်ပျက်ထင်ထင်ရှားရှား သိမြင်ခြင်းသည် "သမ္မဒိဋ္ဌိ"ဖြစ်ပါတယ်။ ရုပ်နာမ်ဖြစ်ပျက် ချုပ်ဆုံးမှုသည် မှန်ကန်သောဉာဏ်၊ သမ္မာသင်္ကပ္ပဖြစ်ပါတယ်။

၁၃။ သီလမဂ္ဂင်သုံးပါး၊ သမာဓိမဂ္ဂင်သုံးပါး၊ ပညာမဂ္ဂင်နှစ်ပါးပြည့်စုံသွားရင် မဂ္ဂင်ရှစ်ပါးစလုံး ပြည့်စုံသွားတဲ့ အတွက် ဉာဏ်မှာ စင်ကြယ်ပါပြီ။ မဂ်ဉာဏ်ရရှိပါပြီ။ ဒါ့ကြောင့် ဆရာတော်က "အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်" လို့ ပြောခဲ့တာပါ။

# ဝိသုဒ္ဓိဆရာတော်ကြီး ၏ ဩဝါဒ

၁။ စာမတတ်တဲ့အတွက် ပြောလိုက်တဲ့စကား ပညတ်တပ် မှားယွင်းသွားရင် ဆရာတော်ကြီးများ၊ ကိုရင်လေး က အစ သီလရှင်၊ ယောဂီများ၊ တရားနာပရိတ်သတ်အပေါင်း သည်းခံခွင့်လွှတ်ကြပါလို့ မေတ္တာရပ်ခံတောင်းပန်ပါတယ်။ ငယ်စဉ်တောင်ကျေးက မိဘက မူလတန်းကျောင်းမထားလို့ စာမတတ်တာပါ။ စာကိုပယ်တာ မဟုတ်ပါဘူး။ ကိုယ်တတ်တဲ့အသိ လုပ်ပါတယ်။ သဘောလေးပြောပြမယ်။

၂။ စာမတတ်တဲ့အတွက် “**ဝိပဿနာ ခန္ဓာအသိနဲ့**” ဟောပါတယ်။

၃။ “စာတွေက မှန်ပါတယ်” ဗျာ။ ကိုယ် “**စိတ်မှန်ဘို့**” လိုတယ်။

၄။ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတရားတွေရှိလို့ ဒီအကျင့်ကို ကျင့်နိုင်တာပါ။

၅။ စာနဲ့ စိတ်နဲ့ တစ်ထပ်တည်းကျမှ “**သစ္စာ**” ထိုက်တယ်။

၆။ စာနဲ့ စိတ်နဲ့ တစ်ထပ်တည်းကျမှ “**အရိယာ**” ဖြစ်တယ်။

၇။ အသိထုတ်ပြလို့တော့မရဘူး။ သဘောလေးနဲ့သာ နာ။ စာနဲ့ ခန္ဓာနဲ့ တစ်ထပ်တည်းဟောပေးမယ်။

၈။ ဦးပဏ္ဍိတ ဟောသွားတဲ့အသိ မယုံနဲ့ဦး။ “**လေ့လာပါ။ စုံစမ်းပါ။ မေးမြန်းပါ။ သုံးသပ်ပါ။ လုပ်ကြည့်ပါ**” လုပ်မှသိမယ်။ သိမှပယ်မယ်၊ ပယ်မှ မဂ်ဆိုက်မယ်။ ဖိုလ်ဆိုက်မယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွား လို့ စာက ရေးထားပါတယ်။

၉။ အသိကိုဟောသွားတာပါ။ တစ်ဦးနှင့်တစ်ဦး အသိမတူဘူး။ လင်မယားတောင် အသိမတူဘူး။ စေတနာချင်း မတူဘူး။ စေတနာချင်းမတူတော့ ကံချင်းမတူဘူး။ ကံချင်းမတူတော့ ဘုံချင်းမတူဘူး။

၁၀။ တရားအသိကိုယူကြ “**သည်းခံကြ။ စေတနာမပျက်ကြနဲ့။ သမ္မာလေးနဲ့နေကြ**” ဘယ်သူပြောပြော သည်းခံ၊ မြေကြီးလို နေပါ။

၁၁။ ရခဲတဲ့လူ့ဘဝ ရလာကြပြီ။ ဘုရားသာသနာနဲ့လဲ ကြုံကြပြီ၊ သူတော်ကောင်းတရားကိုလဲ နာကြားကြရပြီ။ ဒီတော့ “**အထူမှား၊ အမှတ်မှား၊ အစွဲမှား**” တွေမဖြစ်ရအောင် “**တရားအားထုတ်ကြ**” အမှောင်က လာရင် အလင်းပြန်ကြ၊ မိရိုးဖလာအသိတွေနဲ့ “**မနေကြနဲ့**”။

၁၂။ အစွဲဥပါဒါန်ကြောင့် သံသရာလည်တယ်။ အစွဲဥပါဒါန်ကို ဒါန–သီလ–သမထနဲ့ သတ်လို့မရဘူး။ ဝိပဿနာ မဂ်ဉာဏ်ရမှ ပြတ်တယ်။ မဂ်ဉာဏ်ရအောင် မဂ္ဂင်ရှစ်ပါးနဲ့ကျင့်၊ ဝိပဿနာတရားအားထုတ်ကြ။

၁၃။ စိတ်ကို သမာဓိနဲ့ထိန်း၊ အာရုံဉာဏ်နဲ့ ဖြတ်။

၁၄။ စိတ်၊ စေတသိတ်၊ ရုပ် အဲဒီသုံးချက်လွတ်ရင် နိဗ္ဗာန်ပဲပေါ့။

၁၅။ ခန္ဓာကျင့်ပြီး သိလို့ ခန္ဓာသိတရားဟောတာပါ။

၁၆။ မဂ္ဂင်ရှစ်ပါးနဲ့ကျင့် လမ်းဆုံးရင် မဂ်ဉာဏ်ရမယ်။ မဂ္ဂင်ရှစ်ပါးနဲ့ကျင့်လို့ရတဲ့ဉာဏ်ဟာ မဂ်ဉာဏ်ပါပဲ။

## ❁ ဝိသုဒ္ဓိ မှ ဝိမုတ္တိ ❁

ကာယကံစင်ကြယ်တယ်။ ဝစီကံစင်ကြယ်တယ်။ မနောကံစင်ကြယ်တယ်။ ကိုယ်နှုတ်စင်ကြယ်တယ်။ စိတ်စင်ကြယ်တယ်။ အသိဉာဏ်စင်ကြယ်တယ်။ စင်ကြယ်ခြင်းဝိသုဒ္ဓိကြောင့် ဒုက္ခခပ်သိမ်း၊ ဘေးရန်ခပ်သိမ်း လွတ်မြောက်ခြင်း ဝိမုတ္တိဖြစ်ပါလိမ့်မယ်။ ဝိသုဒ္ဓိဆရာတော်က စင်ကြယ်ခြင်းဆိုတဲ့ ဝိသုဒ္ဓိဟာ စံပြမရှိ ဝိသုဒ္ဓိ၊ အတုမရှိ ဝိသုဒ္ဓိ၊ ကမ္ဘာကျော် ဝိသုဒ္ဓိ၊ နဘယံ ဘေးမရှိဝိသုဒ္ဓိဖြစ်လိမ့်မယ်။ ဝိသုဒ္ဓိဖြစ်မှ ဝိမုတ္တိဖြစ်မယ်။ အကျဉ်းချုပ်လိုက်တော့ ဝိသုဒ္ဓိနဲ့ ဝိမုတ္တိပဲရှိတယ်။ အဲဒီနှစ်ခု ပိုင်နိုင်အောင်ကြိုးစားကြပါ။

## ❁ ဝိသုဒ္ဓိဆရာတော် ဦးပဏ္ဍိတ ၏ ဩဝါဒ ❁

ခင်ဗျားတို့တတွေမှာ မိသားစုတာဝန်၊ လောကီအလုပ်တွေနဲ့ ဝိပဿနာတရား ကြိုးကြိုးစားစား မကျင့်နိုင်ကြတော့ဘူး။ ဒီတော့ နိဗ္ဗာန်ရောက်နိုင်တဲ့ အနီးဆုံးဖြတ်လမ်းပေးခဲ့မယ်။

- ❁ ဘုရား၊ တရား၊ သံဃာကို ယုံကြည်ပါ။ ကြည်ညိုပါ။
- ❁ ကာယကံ၊ ဝစီကံ စင်ကြယ်အောင် (၅)ပါးသီလ ခါးဝတ်ပုဆိုးလိုမြဲအောင် စောင့်ထိန်းပါ။
- ❁ မနောကံ စင်ကြယ်အောင် **သည်းခံ၊ စေတနထား၊ သမ္မာလေးနဲ့** နေပါ။
- ❁ ဝိပဿနာတရားအားထုတ်ပါ။ တရားထိုင်ပါ။

အဲဒီလိုနေသွားကြရင် သေတဲ့အခါ နတ်ပြည်ရောက်မယ်။ နတ်ပြည်မှာ၊ နတ်ဓမ္မာရုံမှာ နတ်ဓမ္မကထိက နတ်သားတွေဟောတဲ့ တရားနာ၊ တရားအားထုတ်ပြီး၊ ဂေါတမမြတ်စွာဘုရားရှင်ရဲ့ သာသနာတွင်းမှာ နိဗ္ဗာန်ဝင်မယ်။ အဲဒါအနီးဆုံး ဖြတ်လမ်းပဲ။ အဲဒီအနီးဆုံးဖြတ်လမ်းနဲ့သာ လိုက်ခဲ့ကြပေတော့။

## ❁ ဝိသုဒ္ဓိဝိပဿနာတရားစခန်းပွဲများ ❁

- ★ တစ်နှစ်ပတ်လုံး အပတ်စဉ် တနင်္ဂနွေနေ့တိုင်းကျင်းပသော ဝိသုဒ္ဓိဝိပဿနာ(၁)ရက်တရားစခန်းပွဲ။
- ★ ဝါတွင်း ဥပုသ်နေ့တိုင်းကျင်းပသော ဝိသုဒ္ဓိဝိပဿနာ(၁)ရက် တရားစခန်းပွဲ။
- ★ နှစ်စဉ် ဖေဖော်ဝါရီလ(၂၁)ရက်မှ (၂၅)ထိကျင်းပသော ဝိသုဒ္ဓိဆရာတော်ကြီး ပျံလွန်တော်မူခြင်း ဓမ္မပူဇာ ဝိသုဒ္ဓိဝိပဿနာ(၅)ရက်တရားစခန်းပွဲ။
- ★ နှစ်စဉ် ဧပြီလ(၁၃)မှ (၁၇)ထိ ကျင်းပသော သင်္ကြန်တွင်း ဝိသုဒ္ဓိဝိပဿနာ (၅)ရက်တရားစခန်းပွဲ။
- ★ လူငယ်များအတွက် သီတင်းကျွတ်ကျောင်းပိတ်ရက်၊ ဒီဇင်ဘာကျောင်းပိတ်ရက်၊ နွေရာသီကျောင်းပိတ် ရက်၊ မျိုးဆက်သစ်လူငယ် ဝိသုဒ္ဓိဝိပဿနာ(၃)ရက်တရားစခန်းပွဲ။
- ★ နေ့စဉ် အမြဲမပြတ် ဝိသုဒ္ဓိတရားစခန်းပွဲ (တစ်နေ့ (၅)ကြိမ်တရားထိုင်ရပါမည်။)

ဝိသုဒ္ဓိဝိပဿနာတရားပြ ဗိုလ်မှူးဆရာတော် **ဦးဒသမ**၊ ဝိသုဒ္ဓိကျောင်း၊ မြောင်းမြ။ ၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၇၉၄၅၀၆၅၉၅

**ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့၊ ၀၉-၄၄၇၂၀၄၇၂၄ ၊ ၀၉-၂၅၁၆၂၀၁၂၈ ၊ ၀၉-၄၄၇၅၇၂၃၅၅**

ဇရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

## အောင်သစ္စာမဟာစိတ်ပေါင်းချုပ်

### ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

### ဝိသုဒ္ဓိ မှ ဝိမုတ္တိ

## ဝိသုဒ္ဓိဆရာတော်



ဝိသုဒ္ဓိဆရာတော်၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်

(၁၆၁)(၁၆၂)(၁၆၃)(၁၆၄)(၁၆၅)(၁၆၆)(၁၆၇)(၁၆၈)(၁၆၉)(၁၇၀)

(၁၇၁)(၁၇၂)(၁၇၃)(၁၇၄)(၁၇၅)(၁၇၆)(၁၇၇)(၁၇၈)(၁၇၉)(၁၈၀)(၁၈၁)

**ဝိသုဒ္ဓိဓမ္မသစ္စာတရားစာအုပ်အမှတ်(၂၃)**

# ဝိသုဒ္ဓိဆရာတော်



**ဝိသုဒ္ဓိဆရာတော်**

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

မြောင်းမြမြို့

ဧရာဝတီတိုင်းဒေသကြီး



\- စီစဉ်ပူဇော်သူ -

**ဗိုလ်မှူးဆရာတော်**

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) မြောင်းမြမြို့

၀၉-၂၅၀၄၃၂၀၅၀ / ၀၉-၇၉၄၅၀၆၅၉၅

# ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးဖွဲ့၏ မေတ္တာရပ်ခံချက်

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) ဝိသုဒ္ဓိဆရာတော်ကြီး၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့ ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်စာအုပ်၊ (MP-3)၊(MP-4) များမှ တစ်ပုဒ်၊ တစ်ပုံဖြစ်စေ၊ အားလုံးကိုဖြစ်စေ မိမိစေတနာ၊ သဒ္ဓါတရားဖြင့် ထပ်မံကူးယူဖြန့်ဝေနိုင်ကြပါသည်။ ဝိသုဒ္ဓိဆရာတော်တရားထပ်မံရရှိပါကလည်း ထပ်မံထည့်သွင်း၍ ကောင်းသည်ထက်ကောင်းအောင် ပြုပြင်၊ မွမ်းမံ၊ ဆောင်ရွက်၊ ဖြန့်ဝေနိုင်ကြပါရန် နှိုးဆော်တိုက်တွန်း မေတ္တာရပ်ခံအပ်ပါသည်။ ဝိသုဒ္ဓိဆရာတော်ကြီး၏ တရားစာအုပ်၊ (MP-3)၊ (MP-4)၊ ပုံတော်များကို အောက်ပါအတိုင်းဆက်သွယ်ဝယ်ယူနိုင်ကြပါသည်။

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးဆရာတော် ဦးသုမန<br>ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)၊ မြောင်းမြမြို့။ | 09-250432050 |
| (၂) | ဦးမျိုးအောင် (ရန်ကုန်) | 09-5105997 |
| (၃) | ဦးအောင်ကိုလတ်(မှဲ့မှဲ့) ရန်ကုန် | 09-5107496 |
| (၄) | ဆရာလေး ဒေါ်စန္ဒာသီရိ | 09-447572355 |
| (၅) | ဆရာလေး ဒေါ်မိတ္တစာရီ | 09-251620128 |
| (၆) | "ဝင်းမြင့်"ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ | 09-49741462 |
| (၇) | "ဝင်းမြင့်"ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ | 09-796685516 |
| (၈) | ကိုတိုး (မြောင်းမြ) | 09-796685527 |
| (၉) | ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေး ရုံးအဖွဲ့ | 09-447204724 |

## ဝိသုဒ္ဓိဆရာတော်၏ ဓန္တာကျင့်၊ ဓန္တာသိ၊ ဓန္တာကိုယ်တွေ့ ဓမ္မသစ္စာတရားတော်

### MP.3 ၊ MP.4 ၊ တရားစာအုပ် ၊ PDF File ဝယ်ယူနိုင်သောနေရာများ

၁။ **ဓမ္မရောင်ခြည်** ဓမ္မဒါနဖောင်ဒေးရှင်း **(MP.3, MP.4)**
သိမ်ကြီးဈေး၊ စီရုံ၊ အဆောင်(၄)၊ ပထမထပ်
Phone : 01-382935 , 09-252714847 , 09-252808291

၂။ **ဓမ္မအရိပ်** **(MP.3, MP.4)**
ယုဇနပလာဇာ P-3 (8,9,10,11)
Phone : 09-5412354 , 09-772121359

၃။ **SKY SUN** **(MP.3, MP.4)**
အမှတ်(၁၂၇)၊ ပြည်လမ်း၊ (၁၀)မိုင်ကုန်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်။
Phone : 09-43023074 , 09-799990502

၄။ **ဓမ္မအလင်း**
အမှတ်(၄၄)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်
Phone : 09-73009841 , 09-957309841

၅။ **Family Dhamma Distribution** **(MP.3, MP.4)**
(၈၂)လမ်း၊ မဟာမြတ်မုနိဘုရားကြီးတောင်ဘက်၊ ကွန်းလုံးဥသျှောင်ရပ်ကွက်၊ မန္တလေးမြို့
Phone : 09-454740450 , 09-782777124/104

၆။ **အယင်လုံး** ကွန်ပျူတာ/မိတ္တူ **(စာအုပ် နှင့် PDF File)**
အိုးရှင်းနှင့် SSC ဆေးရုံကြား၊ တာမွေအဝိုင်းအနီး၊ ရွှေဂုံတိုင်လမ်းမကြီး၊ တိုက်(၈)၊ အခန်း(၀၀၂)
အောင်ချမ်းသာအိမ်ယာ၊ ဗဟန်း။ Phone : 09-5400916 , 09-420009916

၇။ **သိန်းနိုင် နှင့် ညီများ** ပုံနှိပ်တိုက် **(MP.3, MP.4)**
(၈၉)လမ်း၊ (၂၉)လမ်းနှင့် (၃၀)လမ်းကြား၊ ပြည်ကျော်ဈေးမြောက်ဘက်၊ ချမ်းအေးသာဇံမြို့နယ်၊
မန္တလေးမြို့။ Phone : 09-790316654 , 09-444200232

၈။ **ဝင်းမြင့်** ဓာတ်ပုံတိုက် **(MP.3 ၊ MP.4 ၊ စာအုပ်၊ PDF File)**
**ကိုတိုး** ၊ (၈)လမ်း၊ မြောင်းမြမြို့။ Phone : 09-796685527

၉။ **ဝီရဓိ** ကွန်ပျူတာ **(MP.3 ၊ MP.4 ၊ စာအုပ်၊ PDF File)**
**ကိုဇော်မျိုးထိုက်** ၊ တာဝတိံသာဘုရားခြေတော်ရင်း၊ ရွှေသာလျောင်းဘုရားအရှေ့ မြောင်းမြမြို့။
Phone : 09-791212585

# မာတိကာ



| စဉ် | ရက်စွဲ | အကြောင်းအရာ | တရားတော် အမှတ် |
|---|---|---|---|
| ၁။ | ၁၄.၁၀.၂၀၀၁ | သာကေတ၊ ဇိနမာန်အောင်ဘုရား တရားတော် | ၁၆၁ |
| ၂။ | ၂၈.၉.၂၀၀၁ | ကိုးထပ်ကြီးဘုရား တရားတော် | ၁၆၂ |
| ၃။ | ၂၉.၉.၂၀၀၁ | ကိုးထပ်ကြီးဘုရား တရားတော် | ၁၆၃ |
| ၄။ | ၂၇.၁၀.၂၀၀၁ | တောင်ဒဂုံ၊ အောင်ဇေယျဘုရား တရားတော် | ၁၆၄ |
| ၅။ | ၈.၉.၂၀၀၁ | မိတ္ထီလာ၊ ဖောင်တော်ဦးဓမ္မာရုံ တရားတော် | ၁၆၅ |
| ၆။ | ၂၆.၁၀.၂၀၀၁ | ပဲခူးမြို့ တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးလှမျိုး + ဒေါ်ရွှေ နေအိမ် တရားတော် | ၁၆၆ |
| ၇။ | ၂၅.၇.၂၀၀၂ | ဝိသုဒ္ဓိကျောင်း၊ မြောင်းမြ၊ ဝါဆိုသင်္ကန်းကပ်ပွဲ တရားတော် (နံနက်ပိုင်း) | ၁၆၇ |
| ၈။ | ၂၅.၇.၂၀၀၂ | ဝိသုဒ္ဓိကျောင်း၊ မြောင်းမြ၊ ဝါဆိုသင်္ကန်းကပ်ပွဲ တရားတော် (နေ့လည်ပိုင်း) | ၁၆၈ |
| ၉။ | ၃၁.၅.၂၀၀၃ | မုံရွာမြို့ ဒေါ်ရေသွယ် နေအိမ် တရားတော် | ၁၆၉ |
| ၁၀။ | ၃၁.၅.၂၀၀၃ | မုံရွာမြို့ ဆုတောင်းပြည့်ဘုရား တရားတော် | ၁၇၀ |
| ၁၁။ | ၁.၆.၂၀၀၃ | ပခုက္ကူမြို့ ဖောင်တော်ဦးဘုရား တရားတော် | ၁၇၁ |
| ၁၂။ | ၁၅.၂.၂၀၀၂ | တောင်ဥက္ကလာပ၊ ကျော်သူလမ်းဓမ္မာရုံ တရားတော် | ၁၇၂ |
| ၁၃။ | ၁၈.၂.၂၀၀၀ | ခြောက်ထပ်ကြီးဘုရား တရားတော် | ၁၇၃ |
| ၁၄။ | ၁၅.၄.၂၀၀၃ | မြောင်းမြမြို့နယ်၊ မဲကျော်ရွာ၊ ဒီပါရုံဘုရား တရားတော် | ၁၇၄ |
| ၁၅။ | ၁၀.၄.၁၉၉၄ | မြောင်းမြမြို့နယ်၊ စည်ပင်စမ်းရွာ၊ ပင်းတယအောင်စေတီ ထီးတင်ပွဲ တရားတော် | ၁၇၅ |
| ၁၆။ | ၂၄.၅.၁၉၉၄ | ဝိသုဒ္ဓိကျောင်း၊ မြောင်းမြ၊ ကံစေတီဌာပနာပိတ်ပွဲ တရားတော် (နံနက်ပိုင်း) | ၁၇၆ |
| ၁၇။ | ၂၄.၅.၁၉၉၄ | ဝိသုဒ္ဓိကျောင်း၊ မြောင်းမြ၊ ကံစေတီဌာပနာပိတ်ပွဲ တရားတော် (နေ့လည်ပိုင်း) | ၁၇၇ |
| ၁၈။ | ၂၂.၇.၁၉၉၄ | ဝိသုဒ္ဓိကျောင်း၊ မြောင်းမြ၊ ဝါဆိုသင်္ကန်းကပ်ပွဲ တရားတော် | ၁၇၈ |
| ၁၉။ | ၆.၁၁.၁၉၉၅ | ဝိသုဒ္ဓိကျောင်း၊ မြောင်းမြ၊ ကထိန်သင်္ကန်းကပ်ပွဲ တရားတော် | ၁၇၉ |
| ၂၀။ | ၄.၃.၁၉၉၇ | အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရား၊ ပိန္နဲကုန်းရွာ၊ မြောင်းမြမြို့နယ် တရားတော် | ၁၈၀ |
| ၂၁။ | ၉.၃.၁၉၉၇ | အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရား၊ ပိန္နဲကုန်းရွာ၊ မြောင်းမြမြို့နယ် တရားတော် | ၁၈၁ |

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္ဘဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၂၈.၁၀.၂၀၀၁)ရက်နေ့

သာကေတ၊ ဇိနမာန်အောင်ဘုရားတွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၆၁)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ် (၁၆၁)
# (၂၈.၁၀.၂၀၀၁) သာကေတ၊ ဇိနမာန်အောင်ဘုရား
# ဝိသုဒ္ဓိဆရာတော် တရားတော်

ဦးဇင်း က စာပေကျမ်းဂန်မတတ်ဘူး။ စာပေကျမ်းဂန်မတတ်တဲ့အတွက်ကြောင့် နဂိုမူလက ငယ်စဉ်တောင်ကျေးက ဒီစာကိုမသင်ခဲ့ပါဘူး။ အတန်းစာတွေကိုမသင်တော့ တောမှာနေတယ်။ တောမှာဆိုတာက အင်မတန်မှ ခေါင်းပါးတဲ့ရွာဘက်။ ဟိုးငယ်ငယ်က မိဘများက ကျောင်းမထားနိုင်လို့ စာမတတ်တာပါ။ စာကိုပယ်တာမဟုတ်ပါဘူး။ စာမတတ်တော့ သူဟာ အခုအသက်ကြီးမှ ဝိပဿနာတရားများကို ကျင့်ကြံအားထုတ်တော့မှ ဩော် အေး အေး အေး။ ဒီတရားတွေကို အဲဒီတော့ ဦးဇင်း ရဲ့အသိလေးပြောပြပါ့မယ်။ အားလုံးရှိတဲ့ ဆရာတော်၊ သမားတော်၊ သံဃာတော်အရှင်မြတ်၊ ထေရ်ကြီးဝါကြီးများ။ အဲ ကိုရင်လေးတွေများ တပည့်တော်က စာမတတ်တဲ့အတွက်ကြောင့် ပညတ်နဲ့ ပရမတ် မှားသွားလို့ရှိရင် အထူးသည်းခံပါလို့။ စာမှမတတ်တာနော်။ ဒကာ၊ ဒကာမများ တရားကို နာတဲ့အခါကျတော့ အသိလေးပေါ့ဗျာ။ အဲဒီတော့ အသိလေးက အာရုံ၊ လောကီအာရုံအသိနဲ့ လောကုတ္တရာအာရုံအသိလေးကို သေသေချာချာလေးပဲ အသိလေးကို နှလုံးသွင်းပေါ့။ ဦးဇင်း က စာမတတ်တော့ ပြောမှားဆိုမှားရှိရင် အားလုံးခွင့်လွှတ်ပါ။ စာမှမတတ်တာ။ အဲဒီတော့ စာတတ်ချင်ပေမယ့် သူမှ ငယ်စဉ်တောင်ကျေးက မသင်ခဲ့လို့ မတတ်ဘူးပေါ့။ မတတ်တော့ ခန္ဓာသိပဲပြောပြမယ်။ အဲဒီတော့ ဘုရားကဟောပါတယ်။ ဘုရားက ဘာဟောလည်းဆိုတော့ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနိစ္စတဲ့၊ သဗ္ဗေ အလုံးစုံသော သင်္ခါရဒုက္ခတဲ့၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနတ္တတဲ့။ အဲဒီတော့ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ်။ ခန္ဓာမှာရှာရမယ်။ ခန္ဓာမှာရှာတဲ့အခါကျတော့ သဘောတဖြည်းဖြည်း သဘောပေါက်လာတယ်နော်။ တဖြည်းဖြည်း။ အဲဒီတော့ တောင်ပို့မှာ ဂရယ်(၆)ပေါက်ရှိတယ်။ ဂရယ်(၆)ပေါက်ကို အပြင်အာရုံ(၅)ပါးကိုပိတ်လိုက်ပါတဲ့။ အပြင်(၅)ပါးပိတ်လို့ရှိရင် လုံပြီလားတဲ့။ လုံပါပြီတဲ့။ အတွင်းအာရုံကိုသတ်ပါတဲ့။ ဒီလိုဥပမာ၊ ဥပမေယျ ဆရာတော်၊ သမားတော်တွေက ဒီလိုညွှန်ပြလိုက်တဲ့အသိလေး သိပါတယ်။ အဲဒီတော့ တောင်ပို့ဟာ ဘာနဲ့သဏ္ဌာန်တူသလဲဆိုတော့ ကိုယ့်ရဲ့ခန္ဓာဝန်ခေါ်ပါတယ်။ အဲဒီ ကမ္မဝဋ်လည်းခေါ်မှာပေါ့။ ခန္ဓာဝန်လည်းခေါ်မယ်ဗျ။ အဲဒီ စက္ခုအာရုံ၊ နားသောတအာရုံ၊ နှံသာအာရုံ၊ ဇိဝှါအာရုံဆိုတာ ဒါ စာတွေနဲ့ရေးထားတာ။ ဟုတ်တယ်ဗျ။ အဲဒီတော့ မြင်တော့သိတယ်၊ ကြားတော့သိတယ်၊ နံတော့သိတယ်၊ စားတော့သိတယ်၊ ထိတော့သိတယ်။ ဒီအသိ(၅)ခုကို လောကီအာရုံခေါ်တယ်။ ပညတ်အာရုံခေါ်တယ်။ အဲဒီပညတ်အာရုံကို ခေတ္တ

ရုပ်ဆိုင်းထားပြီးတော့ သမ္မာကို နှလုံးသွင်းရမယ်။ ဘာလို့သူ့ကိုရုပ်ဆိုင်းထားရလဲ။ ငါမြင်တယ်ကွ၊ ငါ့နားကြားတယ်ကွ။ ကြားလို့ငါသိတယ်။ ငါမြင်လို့ ငါသိတယ်။ အဲ အဲဒီလိုမြင်လိုက်တဲ့အခါမှာ ပစ္စည်းတွေပျောက်ဆုံးသွားတဲ့အခါမှာ ဟိုလူရဲ့ ပစ္စည်းတွေကို ဟိုလူကခိုး၊ ဒီလူကခိုး၊ ငါမြင်တယ်ကွ။ မင်းခိုးသွားတာ ငါမြင်တော့ သိတယ်ကွ။ ငါ နားကြားလို့သိတယ်ကွ၊ ငါ့လာတိုင်တာ အဲဒီလိုယူတဲ့အယူက ဒေါသဖြစ်သွားတယ်။ သူ့ပစ္စည်းကို တန်ဖိုးရှိတဲ့ပစ္စည်းတဲ့။ ပစ္စည်းကို သူသွားပြီးတော့ ပစ္စည်းကြောင့် ဥပါဒါန်ဗျ။ အဲဒီပစ္စည်းတွေကို တဏှာခေါ်တယ်။ တဏှာကြောင့် မနောက ဥပါဒါန်ဖြစ်သွားတယ်။ ဒါ အကြောင်း၊ ဒါမိစ္ဆာအယူ။ ငါမြင်တယ်၊ ငါသိတယ်ဆိုတဲ့ အရာဝတ္ထုတွေပါ။ ဒါက သစ္စာနဲ့ ဟောလိုက်တာ။ ပစ္စုပ္ပန်တည့်တည့်လေးပါ။ သစ္စာနဲ့မြင်လိုက်တာ။ သိတာပေါ့။ ကိုယ့်နားကြားတဲ့ အခါ သိတယ်။ ငါ့ကိုဆဲနေတယ်၊ တိုင်းနေတယ်။ ငါ့အတင်းကိုပြောနေတယ်။ တစ်ခါတည်း ဒေါသဖြစ်သွားတယ်ဗျို့။ အဲဒီအကြောင်းကို သတ်ရမယ်။ ဒါကြောင့်မို့ ခေတ္တခဏ အာရုံ(၅)ပါးကို ပိတ်ထားပါ။ ဒါဖြင့် ပိတ်ထားပြီတဲ့။ ဒါဖြင့်ရင် ဘာလုပ်မလဲတဲ့။ သမ္မာလုပ်ပါတဲ့။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ ဒါ သီလမဂ္ဂင်။ ဒီသီလမဂ္ဂင်ဟာ ဒီအပြင်အာရုံ(၅)ပါးကိုလည်း သူပယ်ထားပြီ။ အတွင်းအာရုံမှာ ထိတယ်။ တွေးစိတ်တွေမှာ နိဝရဏတွေ အာရုံနဲ့ အပြင်အာရုံနဲ့ အတွင်းအာရုံနဲ့ပေါင်းသလား။ အဲဒါ ကိုယ့်စိတ်ကိုယ်စစ်။ အဲဒါ ထိတယ်၊ သိတယ်။ ထိတာကရုပ်၊ သိတာကနာမ်၊ ထိတာလည်း မမြဲဘူး၊ သိတာလည်း မမြဲဘူး။ ဒါ အနတ္တ။ အဲဒီတော့ ဒီအနတ္တကိုသိလာလိမ့်မယ်။ အနတ္တရဲ့သဘောဟာ ဒီသဘောလေး။ သဘောလေး။ အဲဒီလိုလုပ်နေတဲ့အခါမှာ သူဘာဖြစ်လာမလဲ။ ကာယကံ(၃)ပါး။ သူများအသက်မသတ်ဘူး၊ သူများပစ္စည်းမခိုးဘူး၊ သူများသားမယား မဖျက်ဆီးဘူး။ ဒါ ကာယကံ၊ ကာယကံလည်း လုံနေပြီ။ ဝစီကံ မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ။ ဒါကလည်း ဝစီက ရေတောင်မသောက်ပါဘူး။ ဒီသဒ္ဓါရဲ့ကောင်းမှုကြောင့် အပြင်သဒ္ဓါ၊ အတွင်းသဒ္ဓါရဲ့ ကောင်းမှုကြောင့် ဝီရိယထူထောင်ထားတယ်။ ဝီရိယမှာ ထူထောင်ထားတဲ့အခါကျတော့ သူများဘာဖြစ်လာလဲ။ သီလ၊ သမာဓိ၊ ပညာတွေဖြစ်လာလိမ့်မယ်။ သီလဆိုတာက ဘာလဲ။ ပါဠိလိုရေးထားတယ်။ ဗမာလိုဆိုရင် ဒုစရိုက်(၁၀)ပါး။ မိစ္ဆာဒုစရိုက်(၁၀)ပါးကို သမ္မာဖြစ်အောင် သူလုပ်နေတယ်။ ကာယကံသုံးပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါးပေါင်းလိုက်တော့ ဒုစရိုက်(၁၀)ပါးလို့ခေါ်တယ်။ အဲဒီတော့ ဒီကံတွေဟာ ကာယကံ၊ ဝစီကံ၊ မနောကံ။ ဒီကံတွေ ဘာကြောင့်ဖြစ်ရတာလဲ။ အာရုံကြောင့်ဖြစ်တာ။ အာရုံ(၅)ပါး မလွတ်လို့ ငါဖြစ်တာ။ ကိုယ့်စိတ် ကိုယ်စစ်လိုက်။ အဲဒီတော့ အပြင်အာရုံနဲ့ အတွင်းအာရုံနဲ့ မပေါင်းတော့ဘူး။ ထိတယ်၊ သိတယ်၊ ထိတယ်၊ သိတယ်။ ဒီအလုပ်တွေ လုပ်မိတဲ့အခါမှာ အပြင်သီလတွေ

အားကောင်းလာတယ်နော်။ မမြင်ချင်ဘူး၊ မကြားချင်ဘူး၊ မသိချင်ဘူး၊ မထိချင်ဘူး။ အဲဒီအယူဝါဒတွေလည်း မယူဘူး။ မနောရဲ့အတွင်းအာရုံကို သူသတ်တယ်။ ဒီအတွင်းအာရုံက အပြင်အာရုံနဲ့ပေါင်းသလား။ ဩော် အပြင်အာရုံနဲ့ မပေါင်းဘူး။ အဲဒီတော့ အတွင်းအာရုံဟာဘာလဲ။ အဲဒီတော့သညာသင်္ခါရ၊ ဥပါဒါန်သဘောလေးတွေပါ။ စာနဲ့ရေးထားတာ ရုပ်၏ လက္ခဏာ၊ နာမ်၏ လက္ခဏာ၊ရုပ်အကျိုး၊ နာမ်အကြောင်း။ အကျိုးပေါ်မှာ အကြောင်း။ အဲဒီတော့ အကျိုးဟာ ရုပ်တရားဟာဖောက်ပြန်တယ်။ ဘာတွေဖောက်ပြန်လဲ။ ကိလေသာခါတ်တွေဖောက်ပြန်တယ်။ အဲဒီကိလေသာခါတ်တွေ ဖောက်ပြန်တာ အကုန်အစင် သူကနေပြီးတော့ အတွင်းခါတ်ကို သူကပယ်နိုင်အောင် သူပယ်နိုင်အောင် ကျင့်ကြံပါတယ်။ အပြင်အာရုံ(၅)ပါးနဲ့ ဘာမှမပေါင်းဘူး။ တရားစဉ်က ထွက်သွားတယ်။ဩော် အေး အေး အေး။ လှမ်းတယ်၊ လှမ်းတယ်။ ဒီလှမ်းတာကို ခြေထောက်ကလေးက မြေကြီးကိုထိသွားတယ်။ ကိုယ့်အသားက၊ ကိုယ့်ခြေဖဝါးက မြေကြီးကိုထိတော့ မသိဘူးလား။ သိတာက စိတ်၊ထိတာက ရုပ်၊ အဲဒါ ထိ၊ သိခေါ်တယ်။ ထိသိပေါ်မှာ မနောက အဲဒီအသိကိုကပ်ထား။ ဘယ်အာရုံမှမလိုက်ပါနဲ့။ အဲဒီလို တည့်တည့်လေး ပစ္စုပ္ပန်တည့်တည့်လေး၊ တည့်တည့်လေးဟာ သစ္စာခေါ်တယ်။ဒါဘာသစ္စာလည်း အရိယတ္တသစ္စာ။ အာရုံကိုပယ်တော့မယ်။ အတွင်းကိုသတ်တော့မယ်နော်။ ဒါအရိယတ္တသစ္စာခေါ်တယ်။ သမုတိသစ္စာက သမ္မာကလာလိမ့်မယ်။ အဲဒီတော့မှ ဝိရတီသစ္စာ၊ ဝိပဿနာလမ်းပေါ်မှာ သူလျှောက်မယ်။ အဲဒီတော့ ရုပ်အကျိုးတရား၊ နာမ်အကြောင်းတရား။ အဲဒီအကျိုးတရားနဲ့ အကြောင်းတရားကို သူသတ်နေတဲ့အခါမှာ ဒါ ပညာပိုင်းခေါ်တယ်နော်။ ပညာပိုင်းဆိုတာ ခုနကသမ္မာကနေ လာတာ။ မိစ္ဆာက လာတာမဟုတ်ဘူး။ ဝိပဿနာ မဂ္ဂင်ရှစ်ပါး။ ဒါ ဦးဇင်း က စာမတတ်လို့နည်းနည်းလေး သဘောလေးလောက် သဘောလေးလောက်ပဲပြောသွားတာ။ ဒါတွေဟာ အဓိသီလ၊အဓိစိတ္တ၊ အဓိပညာ။ အဲဒီတော့ ဒါ စာရေးတာ။ အဓိသီလဆိုတာဘာလဲ။ ကိုင်တာ။ သူတိုင်နေပြီ။ဩော် အေး အေး အေး။ မြင်တာက အဲဒီတော့ သူမြင်လိုက်တဲ့အခါမှာ ပညာပိုင်းနဲ့၊ ပညာပိုင်းမှာဘာတင်ခိုင်းသလဲ။ ဉာဏ်တင်ခိုင်းတယ်။ ဉာဏ် ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ ဉာဏာဥဒပါဒိ၊အလောကောဥဒပါဒိ။ အဲဒါ လောကုတ္တရာဉာဏ်။ အဲဒါ ဉာဏ်ဆိုတာ မဂ္ဂင်(၈)ပါးပေါ်ကရတဲ့အသိဉာဏ်ခေါ်တယ်။ အဲဒီအသိဉာဏ်နဲ့ ဩော် အေး အေး အေး။ အဲဒီတော့ ပညာဆိုတာ ဘာလဲ။ ပညတ်နဲ့ပရမတ်ကို ပိုင်းခြားပြီးသိသွားတာ။ မလုံသွားနိုင်ဘူးတဲ့။ ပညတ်ကလည်း အပြင်မှာရှိနေတယ်နော်။အဲဒီပရမတ်က အတွင်းခါတ်ကို ကိလေသာခါတ်တွေ။ ဒီခါတ်တွေကိုချုပ်အောင် သူလုပ်နေတာ။အဲဒါ ပညာပိုင်းတွေပဲ။ အဲဒီတော့ ပညာပိုင်းကို မပေါ်ဘူး။ သညာပိုင်းကနေပြီးတော့ ဘာကိုလည်း

သမ္မာကိုဖြစ်လာတယ်။ သမ္မာကနေ ပညာကို သူတတ်မယ်။ ရုပ်ပေါ်နာမ်ပေါ် ကို သိတာကို။ အဲဒီတော့ ရုပ်နာမ်မသိတာ အဝိဇ္ဇာ။ ရုပ်နာမ်သိတာ ဝိဇ္ဇာခေါ်တယ်။ သဘောလေးသာ နာ။ ဒါကြောင့်မို့ ခုနက စာကရေးထားတယ်။ ပရိဘောဂစေတီ၊ ဓါတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီ။ စေတီ(၄)မျိုးရှိတယ်။ ကြိုက်တာကို ခင်ဗျားတို့ ကိုးကွယ်ကြ။ ရှိတယ် သာသနာဟာ မဆိတ်သုဉ်းသေးဘူး။ ရှိတယ်။ ပုဂ္ဂိုလ်စစ်၊ ပုဂ္ဂိုလ်မှန်တွေရှိတယ်နော်။ ဒါပေမယ့် ကိုယ်ကမသိနိုင်ဘူး။ အဲဒီပုဂ္ဂိုလ်က သိတယ်။ သူက ဒီလမ်းကလာတာကိုး သူက ဒီလမ်းကမလာတော့ဘူး။ မြင်သွားတဲ့အသိနဲ့ ဟိုအရင်တုန်းကလာတဲ့ အသိနဲ့ မတူတော့ဘူး။ ဒါကြောင့်မို့ သွေးသားပြောင်းတယ်။ စိတ်ပြောင်းတယ်။ ဓမ္မလို့ရေးထားတယ်။ ဒါ ဘုရားဟောအရ ဓမ္မဆိုတာ ဘယ်မှာလဲ။ နှလုံးသားမှာရှိတယ်။ အဲဒီ နှလုံးသားမှာရှိတယ်။ အပြင်က ပညတ်ခေါ်တယ်။ နှလုံးဟာ သူက ဓမ္မဖြစ်နေတယ်။ အဲဒီတော့ အယုတ်၊ အလတ်၊ အမြတ်မရွေးဘူး။ သူ့စေတနာဟာ အင်မတန်မှထူးနေတဲ့စေတနာ။ ဒါ ဉာဏ် စေတနာခေါ်တယ်။ ကံစေတနာမဟုတ်ဘူး။ ကံစေတနာက ခွဲခြားတယ်။ ဒါ ငါ့သမီး၊ ဒါ ငါ့သား၊ ဒါ ငါ့မိန်းမ၊ ဒါ ငါ့အစ်ကို။ ဒါ ငါ့ကိုပေးနေတဲ့လူကြီး။ အဲဒီတော့ သညာနဲ့ စေတနာဟာ ပျက်တတ်တယ်။ ဘာပျက်တတ်လဲ။ သီလပျက်တယ်။ အတွင်း သီလပျက်တယ်။ အဲဒီတော့ အတွင်းသီလလုံမှသာလျှင် အပါယ်ပိတ်မယ်။ အပြင်နဲ့ပေါင်းနေတယ် နော်။ အဓိသီလဆိုတာ အဲဒီအာရုံပေါ်မှာ သြော် အေး အေး။ အာရုံပေါ်မှာ သူက အဲဒီအယူကို သူမယူဘူး။ မြင်တော့မြင်နေပြီ၊ ကြားတော့ ကြားနေပြီ။ အဲဒါကို မမှတ်ဘူး။ ပညာနဲ့သာ နှလုံးသွင်း ထားတယ်နော်။ ဒါ အင်မတန်ကျင့်တဲ့သူပဲသိတယ်။ အဲဒီတော့ အဓိသီလဆိုတာက အပါယ်ပိတ်တာ။ ခင်ဗျားတို့ယူထားတဲ့သီလကတော့ ဟုတ်တာပေါ့နော်။ ဟုတ်တယ်၊ မှန်တယ်။ ဒါ သဘောလောက် ပြောမယ်။ အပါယ်ပိတ်နိုင်တယ်။ မပိတ်နိုင်တယ်။ လမ်းလေးကိုပြလိုက်မယ်။ မအေ သေတယ်။ မယား နောက်လင်ယူသွားတယ်။ အဲဒီမယား နောက်လင်ယူသွားရင် အဲဒီဒကာ ဘယ်လိုနေမလဲ။ ပူတာပေါ့။ ဒါ ဘာဖြစ်လို့ပူလဲ။ စွဲလို့ပူတာပေါ့။ ဒါ ဥပါဒါန်ကံ ခေါ်တယ်နော်။ အဲဒီတော့ စွဲတော့ မိစ္ဆာအယူလား၊ သမ္မာအယူလား။ ကိုယ့်စိတ်ကို စစ်လိုက်ဦးနော်။ အဲဒီကံကလည်မှာ။ သံသရာကို ခုနက အဓိသီလ ကလည်မှာမဟုတ်ဘူး။ အပါယ်ပိတ်တာ အဲဒီလို အဓိသီလ ဘယ်ကလာသလဲ။ မဂ္ဂင်(၈)ပါးကရတာ။ ဒီမဂ္ဂင်ရှစ်ပါးကို ခင်ဗျားတို့ ကျင့်ကြပါ၊ ကြံကြပါ၊ အားထုတ်ကြပါ။ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာ စင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။ အပြင်မှာမစင်ကြယ်ဘူး။ အာရုံပေါ်မှာ မစင်ကြယ်ဘူး။ သညာသခၤါရ၊ ဥပါဒါန်တွေဖြစ်နေတယ်။ အဲဒီတော့ အပြင်မှာဖြစ်နေတယ်။ အဲဒီတော့ အပြင်မှာဖြစ်နေရင် အတွင်းမှာ ပေါက်တယ်။ မဲမယ်။ အတွင်းသီလ၊ အတွင်းရဲ့ အဓိစိတ္တလုံမှ

အပြင်သီလစိတ်ချရမယ်။ ဒါ အတွင်းမှာ သမာဓိကောင်းမှ အပြင်မှာစိတ်ချရမယ်။ ခင်ဗျားလုပ်တဲ့ စရဏရှိပါ။ ကိုယ့်အလုပ်ကို ကိုယ်မှန်အောင်လုပ်ပါ။ ဝိရတိ သစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယတ္ထသစ္စာနော်။ ရေးထားတယ်နော်။ စာကမှန်၏ ဉာဏ်မမိ၊ ထိအောင်သူမသိဘူးနော်။ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်။ ခံစားရတယ်။ တရားဟာနော် ခံစားရတယ်။ နှလုံးသားခံစားရတယ်။ အာရုံကို ခံစားရတယ်။ အပြင်အာရုံနဲ့ပေါင်းတယ်။ အပြင်အာရုံ နဲ့ပေါင်းတာ အတွင်းအာရုံအနှစ် ငါ့မှာ အနှစ်ထိုင်ပြီးသား။ ကိုယ့်စိတ် ကိုယ်စစ်လိုက်။ အဓိသီလ ဆိုတာ ဝိပဿနာသွားတဲ့လမ်း။ အဲဒီအဓိသီလ၊ အဓိစိတ္တ၊ အဓိပညာကို သိက္ခာ(၃)ပါးကို အဆီအနှစ် ထုတ်ထားလိုက်မယ်။ ဘာဆီတွေကျမလဲနော်။ အဲဒီတော့ ဒီအဆီတွေ ဘာဆီတွေကျမလဲ။ (၃)ပါး အဆီအနှစ်တွေ။ ကော ဓမ္မောကျမယ်၊ ကော ဓမ္မော ဘယ်ကလာသလဲ။ အေးသွားပြီ။ သူ ကော ဓမ္မော ဘယ်ကလာသလဲ။ ရုပ်ပေါ် နာမ်ပေါ်ကလာတယ်။ ရုပ်ပေါ် နာမ်ပေါ်ကလာရင် နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ ဟာ ပြီးပြီ။ အလုံဒီပါဆိုတာ မနောလုံသွားပြီ။ အာရုံကိုမလိုက်တော့ဘူး။ အဲဒါ သူပဲသိတယ်။ ဘယ်သူမှမသိဘူး။ ဉာဏ်ကိုဗျ။ ဒါကြောင့်မို့ ဦးပဏ္ဍိတ ဘာသတ်သွားလဲ။ ကိလေသာနဲ့ တဏှာကိုရှိတယ်။ ဝေဒနာနိယောဓါ၊ တဏှာ နိယောဓေါလို့ရေး ထားတယ်။ စာ ဝေဒနာကနေ တဏှာ၊ တဏှာကနေ မာန်ဖြစ်တတ်တယ်။ အံကြိတ်ထားတယ်။ တောင့်ထားတယ်နော်။ နောက် ဖြေဖျော့ပြီးတော့လိုက်တယ်နော်။ ဝေဒနာကို အသိလေးနဲ့သာလိုက်။ သူဖောက်ပြန်တာလား။ ငါဖောက်ပြန်တာလား။ အဲ သူဖောက်ပြန်တာက သဘာဝ ခေါ်တယ်။ ငါက အံကြိတ်ထားရင် အတ္တဖြစ်သွားလိမ့်မယ်။ အတ္တနဲ့ အနတ္တကို သဘောလေးသာနာ။ ဒီရုပ်ပေါ် နာမ်ပေါ်က တစ်ချို့က ဒီသီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာတို့ဆိုတာလည်း ရုပ်ပေါ် နာမ်ပေါ်ကဖြစ်နေ တာပါ။ ခင်ဗျားရဲ့ ဗုဒ္ဓကိုယုံကြည်တယ်။ ဓမ္မကိုယုံကြည်တယ်။ သံဃာကိုယုံကြည်တယ်။ အဲဒီတော့ ဗုဒ္ဓကိုယုံကြည်ရင် ခုနက တရားအားထုတ်ထား။ အဲဒီတရားအားထုတ်ရင် ဓမ္မဖြစ်မှာပဲနော်။ ဓမ္မ တွေ့ရင် သူဟာ သံဃာတော်နဲ့ ပဋိဝေဓကို သူလုပ်ပေးတော့မယ်။ အဲဒါ ပဋိဝေဓပဲ။ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ။ အဲဒီပဋိဝေဓဆိုတာ အင်မတန်မှ ထူးပါတယ်နော်။ ဖော်ပေးတာ။ ဒါ ဦးဇင်း က စာပေကျမ်းဂန် မတတ်တော့ ဘာမှပြောတာဆိုတာ မှားယွင်းသွားရင် ဒါ ပညတ်၊ ပညတ်မှာ ပညတ်ကို ကိုယ်က သမ္မာနဲ့ယူပါ။ မိစ္ဆာနဲ့သွားမယူပါနဲ့နော်။ ပညတ်ရှိလို့လည်း ပရမတ်ကိုသိတာ။ ပညတ်ကိုလည်း မပယ်ပါဘူး။ မပယ်ဘူး။ မစွဲဘူး။ ပညတ်ကိုလည်း ယူတယ်၊ စွဲလည်းစွဲရင်တော့ ဘယ်နှယ့်မှ မတတ်နိုင်တော့ဘူးနော်။ ဘုရားက ပညတ်ကာ အဲဒီတော့ ပညတ်တော်(၁၀)ပါးကို ခင်ဗျားတို့ကြည့်။

အဲဒီဘုရားပညတ်တာကိုကော ဒါတွေဟာ မကောင်းတဲ့ဒုစရိုက်တွေပါပဲ။ ငါသည် ဒီအလုပ် လုပ်မယ်။ ဘယ်သူနဲ့မှလည်း မပေါင်းတော့ဘူး။ မမြင်ချင်ဘူး၊ မကြားချင်ဘူး၊ မသိချင်ဘူး၊ မထိချင်ဘူး၊ မစားချင်ဘူးတဲ့။ ဟော တဖြည်းဖြည်း ကိလေသာဟာ ခမ်းခြောက်လာလိမ့်မယ်နော်။ ကိလေသာဟာ ခမ်းခြောက်လာတာနဲ့ ခင်ဗျားဟာ ဘာဖြစ်လာမလဲ။ ကိလေသာခမ်းခြောက်လာတာနဲ့ ဒုက္ခသစ္စာကို သိလာလိမ့်မယ်။ ဩော် ကမ္မဝဋ်ဖြစ်ပါလား၊ ဘဝအနန္တက ကမ္မဝဋ်။ ဒီကမ္မဝဋ်ကို ငါမပယ်နိုင်လို့ ဟောဒီဘဝ၊ ဟောဒီဘဝမှာ ငါမလွတ်ပါလား။ ငါမလွတ်ရင် အနာဂတ်ဝိဘာဂဝဋ်၊ ကမ္မဝဋ်နဲ့လာကြတာ မနုဿတ္တဘာဝေါ ဒုလ္လဘောဆိုတာ ကမ္မဝဋ်။ ဘာနဲ့လာလဲ။ ကိလေသာ၊ တဏှာနဲ့လာတာ။ တွေးကြည့် ဒီရုပ်ကြီးဟာနော် ခွေးကြည့်။ ခွေးလေးမွေးရင် ခွေးရုပ်ပေါ့ဗျ။ ကြက်ကလေးမွေးရင် ကြက်ရုပ်ပေါ့ဗျ။ လူကမွေးရင် လူရုပ်ပေါ့ဗျ။ ဒါ ကိလေသာ။ အဲဒီကိလေသာကို ကိလေသာပေါ်မှာ တဏှာတွေရှိတယ်။ တဏှာဆိုတာ ခံစားတာ။ ကိုယ်ပဲသိတယ်။ ခံစားတာ။ ခံစားတဲ့အရသာရှိလည်းမရှိဘူး။ ရှိလည်း ဒါပဲ နှစ်သက်တယ်။ ဘယ်လိုလုပ်တဏှာဆိုတာ အဲဒီကိလေသာမှာရှိတယ်။ ဒါကြောင့်မို့ ကိလေသာနဲ့ တဏှာ အဲဒီတော့ တရားအားထုတ်၊ တရားအားထုတ်ရင် သမ္မာဖြစ်သွားလိမ့်မယ်။ မိစ္ဆာကိုပယ်မယ်။ မမြင်ချင်ဘူး၊ မကြားချင်ဘူး၊ မသိချင်ဘူး၊ မထိချင်ဘူး၊ မစားချင်ဘူး၊ လက်ကလေးပိုက်ပြီးတော့ အဲဒီတော့ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါးဆိုတဲ့ ဒုစရိုက်(၁၀)ပါး။ ဘယ်ဒုစရိုက်ကို သတ်မလဲ။ ဗျာပါဒနဲ့ အဘိဇ္ဈာနဲ့၊ ဝန်တိုမိစ္ဆာနဲ့၊ ကုက္ကုစ္စစိတ်တွေကို ဘယ်သူက ကုက္ကုစ္စစိတ်လုပ်လဲ။ ဘယ်သူက ဗျာပါဒလုပ်လဲ။ ဘယ်သူက ဝန်တိုမိစ္ဆာစိတ်လုပ်သလဲ။ ဘယ်သူက ဒေါသစိတ်ဖြစ်အောင် လုပ်သလဲ။ ကိုယ့်စိတ်ကိုယ်စစ်လိုက်။ အာရုံကြောင့်ဖြစ်တာ။ ဩော် ငါ့သမီးလေး ဟိုသူကရိုက်နေပါလား။ အဲဒီတော့ မအေက တစ်ခါတည်း အဲဒီအာရုံကို သညာနဲ့ယူတော့မှ သင်္ခါရတွေဖြစ်ပြီးတော့ ဒေါသတွေဖြစ်သွားတယ်။ ဒီလိုဒေါသဖြစ်သွားရင် ခင်ဗျားသီလရှိတောင် ရမလားတဲ့။ ခင်ဗျားအပြင်အာရုံကြောင့် အတွင်းမှာတဲ့ အတွင်းအာရုံနဲ့ အပြင်အာရုံနဲ့ပေါင်းလိုက်လို့ ခင်ဗျားစိတ်မာန်ပြီးတော့ အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်။ အဲဒီတော့ ခင်ဗျား ဥပါဒါန်ကြီးဖြစ်နေပြီတဲ့။ ဥပါဒါန်အစွဲမရှိဘူးတဲ့။ လမိုင်းခေါ်လိမ့်မယ်နော်။ သဘောလေးသာနာ။ အဲဒီလိုအစွဲသတ်ပစ်မှသာလျှင် ဒီအစွဲဥပါဒါန် ဘယ်သူကသတ်မလဲ။ ခင်ဗျားတို့ယူထားတဲ့ (၈)ပါးသီလနဲ့လည်း သတ်လို့မရဘူး။ ဒီမအေသေတယ်၊ သားသေတယ်၊ သမီးသေတယ်၊ အိမ်မီးလောင်တယ်၊ တိုက်မီးလောင်တယ်၊ ကားတွေမီးလောင်တယ်။ ဒီဥပါဒါန်အစွဲ ဘာနဲ့သတ်လို့ရလဲ။ ခင်ဗျားတို့ယူထားတဲ့ သီလနဲ့သတ်လို့ရပါ့မလား။ ခင်ဗျားတို့ ဆောက်တည်ထားတဲ့ သမာဓိနဲ့ သတ်လို့ရပါ့မလား။ အဲဒီအစွဲဥပါဒါန်ဟာ မဂ်ဉာဏ်နဲ့သတ်မှ

ရမယ်။ ဒီတစ်လမ်းပဲရှိတယ်။ အဲဒီအစွဲပြတ်ရင် (၃၁)ဘုံလွတ်ပြီနော်။ ခင်ဗျားတို့ ရုပ်နာမ်မှာ ရုပ်နာမ် မသိတာ အဝိဇ္ဇာခေါ်တယ်။ အာရုံနဲ့ပေါင်းပြီးတော့ အာရုံ(၆)ပါးနဲ့ မနောနဲ့ အာရုံနဲ့ပေါင်းတော့ သင်္ခါရ တွေဖြစ်တယ်။ ဥပမာနဲ့ပြောမယ်ဆိုရင် တဏှာကိုခေါ်ပြလိုက်မယ်။ ဥပမာ ကျားကြီးတစ်ကောင်ဟာ ရှေ့လက်ကလေးတင်ပြီးတော့ သူ့ဟာသူ အဲဒီတော့ အမွေးတွေကိုလျှက်နေတယ်။ တစ်နေ့သောအခါ ဂျီတစ်ကောင်က ဖြတ်သွားလိုက်တယ်။ ဖြတ်သွားတော့ ကျားကမြင်လိုက်တယ်။ အကြောင်း၊ အကြောင်းမသတ်တတ်ဘူး။ ကျားကနော်။ အဲဒီအစာ ငါ့အစာပဲ။ ငါ့အစာ တဏှာပဲဆိုပြီး မာန်ခဲတာ။ ဂုတ်ကိုကုတ်တော့ ဂျီသေတာပဲဗျို့။ တစ်ခါတည်း သေတော့မှ သူ့မှာ တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ် အဲဒီအယူဝါဒတွေယူလို့ ကျားဟာ ဒုက္ခရောက်တာပေါ့။ မစဉ်းစားနဲ့နော်။ ဒါ ဥပမာပေးတာ။ ငါ့အစာ ဆိုတာ တဏှာ၊ တဏှာကြောင့် မာန်ဖြစ်တာ။ အဲဒီတဏှာနဲ့ မာန်ဟာ ဘယ်သူလုပ်လဲ။ ဒိဋ္ဌိလုပ်တာ။ ဒိဋ္ဌိကဘာလဲ။ အာရုံကိုယူတာ။ အာရုံနဲ့ မနောပေါင်းတာ။ အဲဒါ ဒိဋ္ဌိ။ အဲဒါ သံသရာလည်တဲ့တရားနော်။ ခင်ဗျား ဘယ်ကိုရောက်တယ်မပြောဘူး။ သံသရာဟာ အခုလည်းလည်ရင် နောင်လည်း လည်မယ်။ အဲဒါ ကမ္မဝဋ်ကိုမသိလို့။ ဘဝမှာ နစ်နေတာ။ ဘဝနစ်နေရင် ဝိဘာဂဝဋ်ပါသွားလိမ့်မယ်။ ခင်ဗျားတို့ ဟောဒီဝဋ်က အိုမယ်၊ နာမယ်၊ သေမယ်။ စိတ်က မအိုဘူး၊ စိတ်ကိုဟောသွားတာ။ ခင်ဗျားမြင်လိုက် တော့ သိမှာပေါ့။ သိတာက သိစိတ်ပဲ၊ ကြားစိတ်ပဲမမှတ်နဲ့။ သောမနဿခေါ်တယ်။ အဲဒီသညာက ကိုယ့်ဒုက္ခပေးတာ။ ကိုယ့်ကို ဒုက္ခပေးတာ။ ပညာလေးနဲ့ယူပါ။ သြော် ကြားတာလည်း မမြဲပါလား၊ ငါ့ဆဲတာလည်း မမြဲပါလား။ အပြင်အာရုံကိုမယူနဲ့။ အပြင်အာရုံကိုယူရင် သမ္မာကိုယူ မိစ္ဆာကိုမယူနဲ့။ မိစ္ဆာဆိုတာ ငါ့ဆဲတာပဲ၊ ငါ့တိုင်းတာပဲ၊ ငါ့မအေပဲ ဘာပဲ။ အဲဒီလိုဒေါသဖြစ်ရင် ဆဲသွားတဲ့လူအပေါ်မှာ အဲဒီဒေါသ ဖြစ်တဲ့လူက စေတနာပျက်တာပဲ။ စေတနာပျက်ရင် သီလပျက်တာပဲ။ အဲဒီသီလကို လုံအောင် အပြင်မှာ သမ္မာနဲ့ယူပါ။ မိစ္ဆာနဲ့မယူပါနဲ့။ သြော် အေး အေး အေး။ ဒါကြောင့်မို့ ကိုယ့်ထက် ကြီးတဲ့သူကိုလည်း ရိုသေပါ။ ကိုယ်နဲ့တန်းတူကိုလည်း ကြင်နာပါ။ ကိုယ့်အောက်ကလူကိုလည်း သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဖြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို မာန်တွေ၊ ရာဇ မာန်တွေ၊ ခနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ၊ စာမာန်တွေ။ အေး မစွဲနဲ့တဲ့။ အဲဒီဟာတွေကို မင်းမစွဲနဲ့တဲ့။ စွဲရင်တော့ ကံဖြစ်သွားလိမ့်မယ်တဲ့နော်။ အတ္တနဲ့ မစွဲနဲ့ပေါ့။ အဲဒါ သွားမစွဲနဲ့။ အဲဒါတွေ ကောင်းတဲ့ဟာကိုတော့ မင်းယူတဲ့။ သြော် ဘုရား တည်တယ်။ ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဥဒ္ဒိဿစေတီ။ ငါ အုတ်တွေသယ်ပေးမယ်၊ ငါ သဲတွေသယ် ပေးမယ်။ အဲဒါ ငါ ဒီဘုရားတည်သွားတဲ့အခါမှာ ငါက မလှူနိုင်ဘူး။ ငါ့ရဲ့ ကာယသဒ္ဓါ၊ ဝစီသဒ္ဓါ၊

မနောသဒ္ဓါနဲ့ ငါလုပ်မယ်။ လူကြီး ခိုင်းတယ်။ ရပ်ကွက်ကလူကြီးတွေ ခိုင်းတယ်။ ခိုင်းပါစေကွာ။ ငါလုပ်ပေးမယ်။ ဟော စေတနာသဒ္ဓါတွေနော်။ အဲဒီတော့ လုပ်လည်းလုပ်ရသေးတယ်၊ လူကြီးကို ကြောက်တော့ မပြောရဲဘူး။ မပြောတော့ အတွင်းမှာ မဲတယ်။ မဲတော့ လုပ်လည်းလုပ်တယ်။ အတွင်းမှာလည်းမဲပြီး အတွင်းသီလ မအောင်ဘူး။ အပြင်မှာ အပြင်အာရုံကြောင့် သူ့မှာသံသရာ လည်လိမ့်မယ်။ ဒီသဘောပဲနော်။ သဘောလေးပဲ။ ကိုယ့်ကိုယ်ကို ကိုယ့်အကြောင်းသာကိုယ်သတ်၊ သူများအကြောင်းကို သြော် အေး အေး အေး။ ရပ်ကွက်ကလူကြီးမင်းများကိုလည်း ရှိသေပါ။ ဒါမှ အသိတရားတွေရမယ်။ အာ လူက တဏှာ၊ မာန၊ ဒိဋ္ဌိ က ကပ်နေတယ်။ အာရုံပေါ်မှာ ကပ်နေတာ။ ဘာနဲ့သွားလဲ။ ဒီကောင်၊ ဒီကောင့်မ ဘာလဲကွ။ အာရုံပေါ်မှာ အဲဒီအာရုံကြောင့် မနောမှာပျက်ကုန်ပြီ။ အဲဒီသီလဆိုတာ အဓိသီလဆိုတာ နှလုံးသားမှာလုံမှ တည်ငြိမ်တဲ့ဓါတ်ကလေးဖြစ်မှ အာရုံနောက် ကို သမ္မာလေးနဲ့ပေါင်း၊ မိစ္ဆာနဲ့မပေါင်း နဲ့။ အဲဒါ ခင်ဗျားသိလာလိမ့်မယ်။ ခင်ဗျားသိလာတော့ ပယ်လိမ့်မယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွား။ ဟော မကောင်းတဲ့ဒုစရိုက်တွေကို ပယ်လိမ့်မယ်။ ကိုယ်ကလည်း ကျင့်တဲ့စရဏကလည်း အလွန်ကောင်းရမယ်။ ကျင့်တဲ့စရဏကလည်း မကောင်းဘူး။ ဘယ်သူ့မှလည်း လူမထင်တော့ဘူး။ သူနေချင်တာနေ လောကီကိုအားကိုးတယ်။ ရွှေတွေကို အားကိုးတယ်၊ ငွေတွေ အကုန်အားကိုးတော့တာပဲဗျာ။ အားကိုးမှားနေတယ်။ သမ္မာနဲ့ အားကိုးပါ။ မိစ္ဆာနဲ့ အားမကိုးပါနဲ့။ အဲဒီတော့ လာတာလည်းတစ်ယောက်တည်း၊ ပြန်တော့လည်းတစ်ယောက်တည်း။ စားတော့ အများစားမယ်။ ခံတော့ ကိုယ်တစ်ယောက်တည်း ခံရလိမ့်မယ်နော်။ သိကြားမင်း သိတယ်။ ဒါက သဘောလေးနဲ့ဟောလိုက်တာ။ အဲဒီသိကြားမင်းက ဘာကိုသိလဲ။ မနောကိုသိတယ်။ လူက ပြောတာဆိုတာကို လူသိတယ်။ အဲဒီတော့ ဦးပဏ္ဍိတ သည် ယခု ခင်ဗျားတို့လှူကြ၊ ဒါန်းကြတဲ့အခါမှာ သူ့အတ္တနဲ့ သူများကိုစွဲလန်းပြီးတော့ သား၊ မယား၊ သားသမီးတွေကို သူပေးရင် အတ္တနဲ့သူပေးရင် သူခံရမှာပဲ။ ဦးပဏ္ဍိတ ခင်ဗျားတို့ကတော့ မသိရှာဘူးနော်။ ဒါကြောင့် သြော် အေး အေး အေး။ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်တယ်။ အပြင် အာရုံတွေမှာ သမ္မာနဲ့ယူပါနော်။ အဓိသီလလို့ စာကရေးထားတယ်။ အဓိစိတ္တက ဗြဟ္မာဘုံရောက် လိမ့်မယ်ပြောတယ်။ အဓိပညာက (၃၁)ဘုံ လွတ်တဲ့ပုဂ္ဂိုလ်ခေါ်တယ်။ ပညတ်နဲ့ ပရမတ်ကိုသိသွား တာ။ ဉာဏ်နဲ့သိသွားတာ။ ခန္ဓာကပဲသိတာ။ အဲဒီတော့မှ သူကဉာဏ်ရသွားကာမှ သီလနဲ့ သမာဓိကို ဖျက်ပစ်လိုက်ပြီ။ အကုန်ချုပ်ပြလိုက်မယ်။ မင်းတို့ပညတ်ယူဦးကွတဲ့။ ယူဦးကွတဲ့။ မင်းတို့ စာမှမတတ်တာကို။ အဲဒီလိုလုပ်ပြပါတယ်နော်။ ဒါဘာလဲ။ ဦးဇင်းရဲ့ ကျောင်းပန္နက်ဝန်းထဲမှာ

လုပ်တာပါ။ အပြင်မှာမလုပ်ပါဘူး။ မင်းတို့ကွာ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကသူကို သနားပါ။ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာ စင်ကြယ်လာပြီ။ အပြင်အာရုံကို မယူပါနဲ့။ သမ္မာကို ယူပါ။ မိစ္ဆာကို မယူပါနဲ့။ ကိုယ့်စိတ်လည်း ကိုယ် စစ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ အဲဒါ သီလမဂ္ဂင်၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။ သမာဓိမဂ္ဂင်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ။ ဟော ပညာမဂ္ဂင်။ အဲဒီသိက္ခာ(၃)ပါး ကို အဆီအနှစ်ထုတ်တော့ အဲဒီအဆီအနှစ်ထုတ်တော့ ဧကော ဓမ္မော။ ဘယ်ကလာသလဲ။ ရုပ်ပေါ် နာမ်ပေါ်က အဲဒါခံစားပြီ၊ ဧကောဓမ္မော ခံစားသွားပြီနော်။ အလုံဒီပါ သီလာရေမြေ သီလက ရေဖြစ်ပြီ အေးနေပြီနော်။ အပြင် သီလ၊ ပညတ်သီလပယ်ပြီးတော့ ပရမတ်သီလ၊ အတွင်းသီလ။ ဓမ္မသီလကို သွင်းထားပြီ။ ပညတ် သီလ၊ ပရမတ်သီလတောင်မဟုတ်၊ ဓမ္မသီလခေါ်တယ်။ ဒါကြောင့်မို့ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဆိုတာ နောက်သိပါလိမ့်မယ်နော်။ ဟိုမှာခေါ်ပေးမယ်။ ဦးပဏ္ဍိတ သာ မှန်ပါစေ။ ဦးပဏ္ဍိတ ကလည်း ကိလေသာနဲ့ တဏှာကို ထမ်းထားရမယ်။ မလွတ်ပါဘူး။ သတိ အမြဲတမ်းထားရတယ်။ အပ္ပမာဒေန သမ္မာဒေထ ကိလေသာက ရုပ်တရား၊ တဏှာက နာမ်တရား။ အဲဒါ ရုပ်မှာပဲ အဲဒါ ဝိဇ္ဇာဉာဏ်နဲ့ကြည့်မှ သိမယ်နော်။ အဲဒီရုပ်နာမ်က ကိုယ့်ဒုက္ခပေးနေတာနော်။ ဒါကြောင့်မို့ ဒီတရားကိုကျင့်ကြပါ၊ ကိုယ့် ဖအေလိုအောက်မေ့တယ်၊ ကိုယ့်မအေလို အောက်မေ့တယ်၊ ကိုယ့်အစ်မကြီးလို အောက်မေ့တယ်။ ကိုယ့်ညီလို အောက်မေ့တယ်။ မသိရင်လာမေးပါ။ အဲဒီတော့ ငါဘာမှ အာရုံမရဘူးကွတဲ့။ လောကီ အာရုံလည်း မရဘူး။ (၃)လုံးလည်း မရဘူး၊ (၂)လုံးလည်း မရဘူး။ ငါ့ ဒါတွေလာမလုပ်နဲ့။ ငါလည်း ဘာမှမသိဘူးနော်တဲ့။ မင်းကံနဲ့ မင်းအကျိုးပေးမှာတဲ့။ မင်းဟာမင်း မင်းကံ ငါ့ကိုယုံကြည်တဲ့စေတနာ၊ ပုပ္ဗ၊ မုဉ္စ၊ ပရစေတနာ။ သဒ္ဓါသံပတ္တိ ရတနာသုံးတန် ကံ ကံ၏အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူ။ အဲဒီကပဲ ဓမ္မဖြစ်နေတာကွတဲ့။ မင်းကလည်း ကံကွ။ ငါ့ကိုယုံကြည်တဲ့စေတနာ။ အဲဒီတော့ မင်းရဲ့စေတနာ ငါ့ရဲ့ ဓမ္မာ ကုသလာနံ ဓမ္မာနံ ဟေတု ပစ္စယော။ ဝေဒနိယဒိဋ္ဌိ လက်ငင်း မျက်မှောက်အကျိုးပေးတယ်။ ငါ့ကို သိုက်တွေကလည်း လာလှူပြီ၊ ဓါတ်တွေကလည်း လာဖွင့်ပြီ၊ နတ်တွေကလည်း ကူးကုန်ပြီ။ မဂ်အောင်တဲ့ရဟန်းနဲ့ပေါင်းလို့ အဲဒါလေး ကျွန်းသာသနာခေါ်တယ်။ လေးကျွန်းခေါ်တယ်နော်။ ဦးပဏ္ဍိတ ဘာတွေ မြောင်းမြမှာလုပ်နေသလဲ။ မေးပါ။ အဆောက်အဦး တွေလုပ်နေတယ်ဆိုတာ တောထဲမှာနေတာ ဘာမှစာတတ်တာမဟုတ်ဘူးနော်။ ဘာမှသိတာ မဟုတ်ဘူး။ ခန္ဓာကသိတာနော်။ အဲဒီတော့ ခန္ဓာကသိတဲ့အသိနဲ့ ခင်ဗျားတို့ ပစ္စုပ္ပန်တည့်တည့် ခင်ဗျား အခုမြင်ပြီမှလား။ မြင်တော့သိတယ်။ အဲဒီအသိက သစ္စာထားရမယ်။ ပစ္စုပ္ပန်တည့်တည့်လေးသိတဲ့

အသိလေး သစ္စာထား။ အဲဒါ အရိယသစ္စာပဲနော်။ အရိယသစ္စာဆိုတာ အာရုံနောက်ကို မနောကမလိုက်တော့ဘူး။ ဒါကြောင့်မို့ ခက်တယ်လို့ပြောတာ ဦးပဏ္ဍိတ က စျာန်ရတယ်လို့လည်း မပြောဘူး။ အနာဂါမ်လည်း မပြောဘူး၊ သကဒါဂါမ်လို့လည်း မပြောဘူး၊ သောတပန်လို့လည်း မပြောဘူး။ ငါ့စိတ်ကိုသိတယ်။ အဲဒီတော့ ဘုရားက စိတ်ကိုဟောတာ။ စိတ်တာ တဏှာနာမ် ခယမဇ္ဈက စိတ်သာရှင်ဖေ ဘုရားဟော။ ငါ့စိတ်ကလေး ငါထားတတ်ပြီကွတဲ့။ အရင်တုန်း က ငါ့စိတ်ကလေး ငါမထားတတ်ဘူးကွတဲ့။ အခု စိတ်ကလေးက ငါထားတတ်ပြီကွတဲ့။ စိတ်ဆိုတာ ပညတ်နယ်ထဲမှာ ခေါ်သမုတ်ထားတာကွတဲ့။ အမှန်တော့ ရုပ်နာမ်တွေ။ အဲဒါတွေပေါ့ကွာတဲ့။ ရုပ်တရား ဓါတ်တွေ ပေါ့ကွာတဲ့။ ဓါတ်တရားကြီးပါကွာတဲ့။ အဲဒီဓါတ်တရားက သဘာဝသဘောတရား။ သူလုပ်တာ၊ ငါလုပ်တာမဟုတ်ဘူးတဲ့။ အဲဒီဓါတ်ပဲတဲ့။ အခုတော့ ငါလုပ်မယ်။ ဒီအကောင်ကြီးတဲ့ ငါမြင်တယ်၊ ငါသိတယ်၊ ငါကြားတယ်၊ ငါစားတယ်။ အဲဒီတော့ ခင်ဗျားတို့တွေးတောင်ကြည့်ပေတော့နော်။ အပါယ် ပိတ်ဖို့က အဓိသီလရမှ အဲဒါအပါယ်ပိတ်မှာ။ အဓိသီလဆိုတာ ရုပ်။ အာရုံမှာ သမ္မာနဲ့ပေါင်း။ မိစ္ဆာနဲ့ မပေါင်းနဲ့။ ငါမြင်တယ်၊ ငါမြင်တော့ ငါသိတယ်။ ငါ့နားကြားလို့ ငါသိတယ်။ မှတ်တယ်။ အဲဒီတော့ အမှတ်မှားတယ်၊ အယူမှားတယ်၊ အစွဲမှားတယ်။ အဲဒါ သက္ကာယဒိဋ္ဌိကြီးပဲ။ သေချာသွားပြီ။ အဲဒါ ကြောင့် မို့ ကိုယ့်ဖအေလို၊ ကိုယ့်မအေလို၊ တဏှာကလွှမ်းမိုးထားတာ။ တဏှာက ခိုင်းနေတာ။ အဲဒါ တဏှာက ခိုင်းနေတော့ ကိလေသာက ကမ္မဝဋ်ကမသိတော့ဘူး။ ကမ္မက ကံကရတဲ့ ဝဋ်ကောင်ကြီး က မသိဘူး။ တဏှာက လွှမ်းမိုးထားတာ။ အို့အိုး ငါ့မယားလေး စားဖို့ကွ၊ ဟော တဏှာကခိုင်းနေတယ် နော်။ တဏှာကခိုင်းနေတာ။ တခါတည်း ရုပ်ပျက်နေတယ်။ နာမ်ကြောင့် ရုပ်ဒုက္ခရောက်နေတာ။ အဲဒါကို မသိဘူး။ မကောင်းတဲ့ဒုစရိုက်တွေကို မလုပ်ပါနဲ့။ အသက်ကို ဉာဏ်စောင့်တယ်။ ဥစ္စာကို ကံစောင့်တယ်။ ဉာဏ်လေးနဲ့စဉ်းစားပါ။ ဩော် ဒါတွေ မကောင်းပါလား။ ဩော် ငါနေတဲ့ရပ်ကွက် တွေမှာ အမိအဖတွေအားလုံး သင့်သင့်မြတ်မြတ်ရှိကြပါစေ၊ စားနိုင်ကြပါစေ၊ သောက်နိုင်ကြပါစေ၊ ငါ ကူညီမယ်။ ငါ မစားပါဘူး။ မင်းတို့ စားပါစေ။ ဒီလိုစိတ်မျိုးတွေထားပါ။ အခုဟာက ခင်ဗျားတို့ တွေးကြည့်ပေါ့။ ဥပမာ ဦးဇင်း က စာမတတ်ဘူး။ မြေ ငါဆင်းသွားဦးမယ်ဆိုပြီးတော့ ခေါင်းရင်းက မြေတွေကို ခြံချုံးပြီးတော့ တစ်ခါတည်း ဝုတ်တိုင်ရိုက်တာပဲဗျို့။ ဈေးကပြန်လာတော့ ဟာ ငါ့မြေကို ယူထားတယ်။ နှစ်တောင်လောက်ယူထားတာ တစ်ခါတည်း။ အဲဒါသွားစွဲနေတာ။ ဒေါသဖြစ်တာပဲဗျို့။ အံကြိတ်တော့တာပဲ။ တစ်ခါတည်း ဆွဲခြင်းကိုလွှတ်ပစ်ပြီးတော့ မတရားသဖြင့်လုပ်တာ။ ဒါ ဖမှန် ကတော့ သည်းခံနိုင်ရတယ်ဗျို့။ သမ္မာယူဗျို့။ မိစ္ဆာအယူနဲ့လုပ်ရင် တစ်ခါတည်း သီလပျက်ပြီ။

သမ္မာလေးနဲ့ သြော် အေး အေး အေး။ အေးဆေးမှုပဲချော့ပြောမယ်။ အေးဆေးမှုပဲချော့ပြောမယ်။ ယူပါစေ အေး အေး အေး။ ကြမ်းကြမ်းတမ်းတမ်းနဲ့ တွေ့တွေ့ခြင်း မောဟဖြစ်အောင်လုပ်လိုက်တော့ ဒေါသနဲ့ လောဘဖြစ်ကုန် ရော။ ကြည့်စမ်း အဲဒါတွေပါပဲဗျာ။ ဒီလောက်ဆိုတော်ရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား။ )

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာစေတီပေါင်းချုပ်

ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၂၈.၉.၂၀၀၁)ရက်နေ့

ကိုးထပ်ကြီးဘုရား၊ စမ်းချောင်း၊ ရန်ကုန်၌

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၆၂)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၁၆၂)

# (၂၈.၉.၂၀၀၁) ကိုးထပ်ကြီးဘုရား၊ ဝိသုဒ္ဓိဆရာတော် တရားတော်

ဦးဇင်း က စာပေကျမ်းဂန်မတတ်ဘူး။ ပြီးတော့ အသက်ကြီးမှ အသက်(၅၀)ကျော်မှ ရဟန်းဘောင်ကိုရောက်လာပါတယ်။ ဘယ်လိုအသိနဲ့ ရဟန်းဘောင်ကိုရောက်လာလဲဆိုတော့ လူ့ဘဝက အင်မတန်မှ ဆင်းရဲနွမ်းပါးတာ။ တောခြေဆင်ခြေဖုံးရပ်ကွက်မှာနေပါတယ်။ သိပ်ဆင်းရဲတယ်နော်။ ဒါကြောင့်မို့ စာကရေးထားတယ်။ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိဘာဂဝဋ်တဲ့။ ဒါ စာကရေးထားတယ်။ စာနဲ့ စိတ်နဲ့တစ်ထပ်တည်းဖြစ်ရမယ်နော်။ ဒါ ပညတ်စကားတွေ။ ဟောမနောချည်တိုင်ပြန်လာတယ်။ ပျားလိုပဲ အပြင်တော့ထွက်လိုက်တာပဲ။ အတွင်းတော့ ပြန်လာတယ်။ ကြိုးတစ်လှိမ့်လို့ပြောတယ်။ လက်တစ်ဖျောက်လို့ပြောတယ်။ ရှိတဲ့အလုပ်တွေကို လုပ်သွားတာ။ ကိလေသာရဲ့ဝဋ်၊ ဘဝရဲ့ဝဋ်၊ ဝိဘာဂရဲ့ဝဋ် ဟော ခင်ဗျားတို့ အတ္တသမားတွေက ဘာလဲ။ အာရုံပေါ်မှာ ဘာနဲ့ယူလဲ။ အမှတ်နဲ့ယူထားတယ်။ ဟောဒါ ငါ့သမီး၊ ဟောဒါ ငါ့သား၊ ဟောဒါ ငါ့တိုက်၊ ဟောဒါ ငါ့ပစ္စည်း။ အဲဒါကံတွေ။ ခင်ဗျားတို့ (၃၁)ဘုံလည်ပြီ။ ဘာလည်း အမှတ်နဲ့ယူတာကိုဗျ။ ဟောဒါလေးက ငါ့သမီးပဲ ဟောဒါလေးက ငါ့သားလေး၊ ဟောဒါလေးက ငါ့အိမ်လေး။ တဏှာဖြစ်ကုန်တယ်နော်။ ဒီအမှတ်သညာကြောင့် ဥပါဒါန်တွေဖြစ်ကုန်တာ။ ဒါဟာ ရင်ဝကိုလှံစူးတာ။ ဘာစူးလဲ ဒီလှံက တဏှာ၊ မာန၊ ဒိဋ္ဌိ။ (၃၁)ဘုံကိုလည်တဲ့အယူဝါဒတွေ မိရိုးဖလာရဲ့အယူဝါဒတွေခေါ်တယ်နော်။ စာမတတ်လို့ မိရိုးဖလာရဲ့အယူဝါဒတွေယူပါ။ သမ္မာနဲ့ယူပါ။ သမ္မာလေးနဲ့ယူပါ။ မင်းအပါယ်ပိတ်လိမ့်မယ်။ အပါယ်လေးပါးတံခါးပိတ်လိမ့်မယ်။ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ။ ဒီလိုဒိဋ္ဌိတွေနဲ့ တစ်ခါတည်း ခင်ဗျားတို့သိပ်အစွဲကြီးတာ။ ဟာ သမီးများပျောက်သွားရင် တစ်ခါတည်း ခြေထောက်ကိုထခုန်တာပဲဗျို့။ တောင်းပန်လို့တောင်မရဘူး။ ဒါ လမိုင်းတွေခေါ်တယ်နော်။ ကုန်းလမိုင်း၊ ရေလမိုင်း၊ အာကာလမိုင်းလို့ စာကရေးထားတယ်။ ဒါ တောင်းပန်လို့ရတာ။ ရှုးရှုးနဲ့ရိုက်တော့တာပဲ။ ထိုးတော့တာပဲ။ ကြိတ်တော့တာပဲ။ မစဉ်းစားဘူး။ စဉ်းစားတာကဉာဏ်၊ မစဉ်းစားတာက မောဟ။ ကြည့်စမ်း သေကုန်ပြီ။ ခင်ဗျားတို့ရဲ့ သီလ။ အဲခင်ဗျားတို့ရဲ့ သီလကဘာလဲ။ သူများအသတ်မသက်ပါဘူး၊ သူများပစ္စည်းမခိုးပါဘူး။ သူများသားမယားမဖျက်ဆီးပါဘူး။ သေရည်သေရက် မသောက်ပါဘူး။ ဝိကာလဘောဇနာ မစားပါဘူး။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသူက၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေပန၊ တီးခြင်း၊ မှုတ်ခြင်း၊ နံ့သာလိမ်းခြင်း၊ မဖွယ်မရာမလုပ်ပါဘူး။ ရှောင်ထားတဲ့သီလ။ အဲဒါ အဲတာရှောင်ထားတာ စာတတ်တော့ ရှောင်တာဟာ အပြင်အာရုံကိုရှောင်ထားတဲ့အခါ မကောင်းတဲ့ဒုစရိုက်တွေကို မလုပ်ပါဘူး။ အဲဒီလို သီလယူလာပြီးတော့ အိမ်မှာ သားလေး

က မြွေကိုက်တယ်ဗျို့။ ဟ မြွေကိုက်တော့ ဆေးရုံတက် ဘာတက်နဲ့ အဲဒီသီလယူထားတဲ့ သီလ ဘယ်ရောက်လို့ရောက်သွားမှန်းမသိတော့ဘူး။ ဒီမှာ ဥပါဒါန်ချက်ချင်းဖြစ်သွားပြီ။ အစွဲတရား။ အစွဲတရား။ တဏှာ၊ တဏှာ။ အဲဒီတဏှာကြောင့် ဥပါဒါန်ဖြစ်သွားတာ။ အဲဒါ (၃၁)ဘုံလည်တာ။ မှတ်ထား။ အဲဒါ ဝိနည်းမဟုတ်ဘူး။ အဲဒါ မဂ္ဂင်ကလာတဲ့သီလတွေ။ မဂ္ဂင်ကလာတဲ့ သမာဓိတွေ။ မဂ္ဂင်ကလာတဲ့ ပညာတွေ။ အဓိစိတ္တ၊ အဓိသီလ၊ အဓိပညာ။ ခင်ဗျားတို့စာရေးထားတယ်။ အဓိသီလ ဆိုတာဘာလဲ။ အဓိစိတ္တဆိုတာ ဘာလဲ။ အဓိပညာဆိုတာ ဘာလဲ။ ပညာကြတော့ ဟိုနှစ်ခုကိုသုံးလို့ ရတယ်။ သညာမဟုတ်ဘူး။ ပညာခေါ်တယ်။ ဘယ်ကရလဲ။ ရုပ်နာမ်ကိုသိသွားတာ။ အဲဓါပညာခေါ် တယ်။ ပညတ်နဲ့ ပရမတ်တွဲနေတာ။ အဲဒါသိလား။ အဲဒါမှ ဘုန်းကြီးအစစ်ခေါ်တာနော်။ ခင်ဗျားတို့ လူ(၁၀)ယောက်လာတယ်။ တစ်ယောက်နဲ့တစ်ယောက် အသိခြင်းတူပါ့မလား။ မေးပြီ။ မင်းတို့စာတွေ မိုးပျံအောင်တတ်တယ်။ မှန်တယ်ကွ။ ငါလက်ခံတယ်။ လက်ခံတယ်ကွ။ မင်းတို့ ငါကန်တော့မယ်ကွတဲ့။ စာနဲ့ပတ်သတ်တဲ့ ဝိပဿနာရှိတယ်ကွ။ ခန္ဓာကသိတဲ့ ဝိပဿနာရှိတယ်ကွ။ မှတ်ထားတဲ့။ မင်းစာမှန် တယ်ကွ။ အဲဒီဟာ အဲဒီစာရှိလို့ အဲဒီအကျင့်ကို ငါကျင့်လို့ရတာကွ။ ငါသိတာကွ။ မပယ်ဘူးကွ။ ဒါပေမယ့် စာနဲ့ စိတ်တစ်ခု၊ နှစ်ခုမှန်မှ အရိယသစ္စာခေါ်တာကွတဲ့။ အဲ စာတော့မှန်နေတယ်။ စိတ်မမှန် ရင် သမုတိသစ္စာတဲ့။ ဒါကြောင့်မို့ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယတ္ထ သစ္စာ ဈာန်က တကယ်ရှိတာ။ ဈာန်ဝင်စားတယ်။ ဘယ်သူသိမလဲကွ။ ဘေးက အဲဒါလောကီ အကြောင်းချပြတာ။ စိတ်နဲ့ စေတသိတ်ချပြတာ။ ဓါတ်ကို ဓါတ်လေးပါးကို တစ်ခုတည်းလုပ်။ ဘုန်းကြီး က သူ့ဟာသူယုံကြည်နေတာပေါ့။ စိတ်သဘောတွေကောင်းနေတာ။ ခင်ဗျားတို့ကို ကျင့်တဲ့သူက ပြောသွားတာ။ ကျင့်တဲ့သူသိလိမ့်မယ်နော်။ ဝိဇ္ဇာစရဏသမ္ပန္နော နဲ့ရေးထားတာ။ ဒီကစ္စတွေဟာ အဲဒီတော့ ကာယကံ၊ ဝစီကံ၊ မနောကံ ဘယ်ကံက သံသရာလည်သလဲ။ အဲဒီမနောကံကလည်တယ်။ မနောကံက ဘာကြောင့်လည်သလဲ။ ကံဆိုတာ ဥပါဒါန်အစွဲခေါ်ထားတာ။ စာမတတ်လို့နော်။ အဲဒီ မနောကံဟာ သံသရာလည်တာပဲ။ ဘာဖြစ်လို့သူလည်သလဲ။ အခု ပစ္စုပ္ပန်ဘဝမှာ ပစ္စုပ္ပန်တည့်တည့် လေးမှာ မြင်လိုက်တော့ မင်းမသိဘူးလား။ မင်းကြားလိုက်တော့ မသိဘူးလား၊ နံလိုက်တော့ မင်း မသိဘူးလား။ ဖိဂှါစားတော့ မင်းမသိဘူးလား။ သိပါတယ်ဘုရား။ အဲဒါသိတာ စိတ်ကလေးပဲ။ အဲဒီ ဟာလေးကိုမြင်တာ အရာဝတ္ထုကို မင်းမမှတ်ဘူးလား။ မင်းအဲဒီဓါတ်ဘူးမဟုတ်ဘူးလား။ အဲဒီသိပိတ် မမှတ်ဘူးလား။ မှတ်ပါတယ်ဘုရား။ အေးတော်ပြီတဲ့ ကောင်းတယ်ကွာ။ သူငယ်ချင်းရေ ငါပြန်ဦးမယ်။ သညာနဲ့ယူထားတယ်နော်။ ပညာနဲ့ယူရမယ်။ ဒါကြောင့်မို့ သမ္မာအယူရှိပါတယ်။ မရှိဘူးမပြောဘူး။

အဲဒီကတက်တာ။ သမ္မာမှန်ရင် အပါယ်ပိတ်တယ်မှတ်ထား။ အဲ ဉာဏ်ပေါက်ရင် (၃၁)ဘုံလွတ်တယ်။ အဲဒီတော့ သဘောလေးပြောတာနော်။ သူသိသွားပြီ။ ခင်ဗျားတို့ချွတ်ပါဆို ချွတ်ပေးလိုက်မယ်။ ချွတ်ပေးပါ့မယ်တဲ့။ ဒီသင်္ကန်းကို။ ဒါပေမယ့် ဒီသင်္ကန်းဝတ်တာ ဘာကြောင့်လဲ။ ငါ့အတွက်လား၊ မင်းတို့အတွက်လား။ အဲဒါ မင်းတို့စဉ်းစားပေတော့တဲ့။ မင်းတို့အတွက်၊ ငါ့အတွက်လားဆိုတာ မင်းတို့ စဉ်းစားတဲ့။ ဟာ အဲဒီတော့ အဲဒါပေါ့ဗျာ။ ဘယ်နှယ့်မှလည်းမလုပ်တတ်တော့ဘူး။ မင်းက ချွတ်ပါဆို ငါချွတ်ပေးလိုက်မယ်တဲ့။ အခု ပုဆိုးအင်္ကျီလေးဝတ်သွားလိုက်မယ်တဲ့။ ကျင့်ပြီးပြီကွ။ နေတတ်ပြီကွ၊ စားတတ်ပြီကွတဲ့။ သေတတ်ပြီကွတဲ့။ တောထဲနေတော့မယ်ကွတဲ့။ အခု ငါသာသနာလာပြုတာကွ။ ဒါ ကာယကံ၊ ဝစီကံ၊ ပညတ်မှာသာသနာလာပြုတာကွ။ ဉာဏ်နဲ့လာပြုတာကွတဲ့။ မင်းတို့လှူသမျှ၊ ဒါန်းသမျှပိုက်ဆံကို အဲဒါ ငါလည်းသိတာပေါ့ကွတဲ့။ ငါ ဒီအာရုံနောက်လိုက်သေးလား၊ မလိုက်ဘူးလား ဆိုတာ ငါပဲသိတယ်ကွ။ စာတော့မတတ်တာအမှန်ပဲတဲ့နော်။ ဒါကြောင့်မို့ ဒီဝိပဿနာတရားကို ကျင့်ကြပါ၊ ကြံကြပါ၊ အားထုတ်ကြပါ။ ခင်ဗျားတို့ အချိန်က ကံကုန်ရင် ပြန်ရမှာ။ ဘုရင်လည်း ပြန်ရမှာပဲ။ ခင်ဗျားတို့ ဘုန်းကြီးလည်း ပြန်ရမှာပဲ။ ဦးပဏ္ဍိတ လည်း ပြန်ရမှာပဲ။ အဲဒီတော့ ဒီသံသရာကြွေး တွေကို သံသရာရဲ့ကြွေးတွေကို ဆပ်သွားပါနော်။ ခင်ဗျားတို့ အဲဒီဟာ အဲဒီတော့ ဒါကြီးကရထားတာ ကိလေသာဝဋ်၊ ဝဋ်ကောင်ကြီး။ သိပ်ကြောက်ဖို့ကောင်းတယ်။ မသိလို့ ကိလေသာဝဋ်ကြီး အမျိုးမျိုး ဒုက္ခပေးနေတယ်။ ကိုယ့်ရုပ်က ကိုယ့်ကိုပြန်ပြီးတော့ ဒုက္ခပေးနေတယ်။ ကိုယ်မှမသိတာကိုဗျ။ အဲ နိဗ္ဗာန်ကတော့ ရုပ်နာမ်မရှိဘူး။ သွားပြီ။ သဘောလေးပဲ။ ခဏဝင်ကြည့်လိုက်တာ။ ဒါ ခင်ဗျားတို့ကို ပြန်ပြောတာ။ ဘာမှမရှိဘူး။ ခင်ဗျားတို့တွေးကြည့်။ ဘာလဲ၊ ဘာတွေတွေ့ရလဲ။ ကိလေသာရဲ့ဝဋ်နော်။ ကိလေသာရဲ့ ဝဋ်ကြီးကလည်း ခံနေရတယ်။ ကိလေသာရဲ့ ဝဋ်၊ သံယောဇဉ်ရဲ့ ဝဋ်၊ အာရုံရဲ့ ဝဋ်။ အဲဒါလည်း သွားစွဲနေတယ်။ အဲဒီနှစ်ခုလုံးမလွတ်တော့ဘူး။ ကိလေသာရဲ့ဝဋ်ဆိုတာက အမယ်လေး အကြောင်းတွေက ကံနိမ့်လာတော့ အောင့်မှာပေါ့ဗျာ။ အမယ်လေး အမေရေ ကျွန်တော် အောင့်လိုက် တာ။ ဆေးရုံပို့ပါအမေရယ်။ အထဲထဲမှာ ဘယ်လို။ အဲဒါ ရုပ်ကဖောက်ပြန်တော့ နာမ်ဆင်းရဲတယ်။ ရုပ်က ဖောက်ပြန်တော့ နာမ်ဆင်းရဲတယ်။ အဲဒါ ဒီရုပ်လိုချင်သေးလား။ နာမ်ဆင်းရဲတယ်။ နာမ်ကြောင့် ရုပ်ဆင်းရဲတယ်။ ဟာ လုပ်ပြန်ရောဗျို့။ အဲဒီဟာ အလယ်ကသွား။ ခင်ဗျားတို့ကို အဖေလို၊ အစ်ကိုလို၊ မအေလို အောက်မေ့လို့ဟောသွားတာ။ ခင်ဗျားတို့ဆီက ဘာမှယူသွားတာမဟုတ်ဘူးနော်။ ခင်ဗျားတို့ ကြိုက်မှလှူ၊ မကြိုက်ရင် မလှူနဲ့။ ဦးဇင်း ဘုန်းကြီးဘဝမှ ဘာကြောင့် တန်ခိုးကြီးသလဲတဲ့။ ဦးပဏ္ဍိတ လာခဲ့တဲ့ မင်းတို့ရဲ့ သွေးသားနဲ့ပတ်သက်တဲ့ရောဂါတွေ အဲဒါကတော့ ဒေါက်တာဆီသွား။ ပြီးတော့

ကွာတဲ့။ ပယောဂနဲ့ပတ်သက်တဲ့ တောင်ပိုင်၊ ကွင်းပိုင်၊ တန္တြ သရဲ့ ယက္ခ၊ ဂူမှန်၊ ဂန္ဓပ္ပ လုပ်တဲ့အကောင်တွေ။ အဲဒီပယောဂရောဂါဆို ငါ့ဆီလာခဲ့တဲ့။ လာခဲ့တဲ့။ အချိန်မှီသာ လာခဲ့တဲ့။ ငါတစ်ရက်၊ နှစ်ရောက်နေဦးမယ်ကွတဲ့။ မင်းတို့လာခဲ့ကွတဲ့။ ပျောက်တယ်၊ မပျောက်တယ်တော့ ပျောက်သွားတယ်လို့တော့ ငါမပြောဘူး။ မင်းကံတရားပဲကွတဲ့။ လာခဲ့တဲ့။ ဒီခေါ်လာပြီး ပျောက်သွားတယ်။ ဟာ ပိုက်ဆံတွေ ငါပေးတယ်။ အခု နိုင်ငံခြားသွားတယ်။ ဦးပဏ္ဍိတ ဘာမှ တရားဟောတာမဟုတ်ဘူး။ သူတို့ရဲ့ရောဂါတွေပျောက်သွားလို့ သိန်းပေါင်းမြောက်များစွာပေးတာ။ ဟောင်ကောင်ကလည်း ပေးလိုက်တာပဲ။ ဘာမှ ဟောတာမဟုတ်ဘူး။ အဲဒီက ပိုက်ဆံတွေကိုရလာပြီးတော့ ဗမာပြည်မှာ သာသနာကို ဘယ်နေရာမှာ ဘုရားတည်တယ်၊ ဘယ်နေရာမှာ တည်တယ်။ လိုက်ကြည့်။ ခွက်ထိုးပြီးတော့ခံတဲ့ သာသနာမဟုတ်ဘူးနော်။ အကုန်ပြောသွားတာ။ ချွတ်ဆိုချွတ်ပေးလိုက်မယ်နော်။ မင်းတို့ ဒီဘုရားကြီးတည်နေတာ မင်းတို့မြင်တယ်မလား။ မင်းရဲ့စေတနာမှန်ဖို့လိုတယ်။ ငါတောင်းစရာမလိုဘူး။ ထည့်ပါလို့ ငါပြောစရာမလိုဘူးနော်။ မင်းတို့ ပုပ္ပ၊ မုဥ္စ၊ ပရ ဆိုတဲ့ စေတနာသုံးတန် မင်းတို့စေတနာသုံးတန်လို့ ကြားပြီ။ မင်းတို့သိသလားတဲ့။ ငါ့ပြောစမ်း။ ဒီသုံးတန်ကို ဟာ ဟိုကလည်း ဓမ္မအစစ်ဖြစ်သလား၊ ငါ့ပြောစမ်း။ ဟာ အဲဒီဓမ္မကလည်း အစစ်ဖြစ်ရမယ်။ စေတနာသုံးတန်ကလည်း အစစ်ဖြစ်ရမယ်။ ကုသလာနံ၊ ကုသလာနံ၊ ဓမ္မာနံ ဟေတုပစ္စယောတဲ့။ ဝေဒနိယဒိဋ္ဌ လက်ငင်းမျက်မှောက်အကျိုးပေးတာ။ နောက် ဒါ ဆုတောင်းတဲ့တရားမဟုတ်ဘူး။ ဆုတောင်းတာကံ၊ ဟာ ဘုရားသွားဆုတောင်းတယ်။ တပည့်တော် မင်္ဂလာဖိုလ်ရပါလို၏။ တပည့်တော် ဘာဖြစ်လိုပါ၏။ ဆုတောင်းတာ။ အမျိုးအစားရှိတယ်။ ဆုတောင်းတာ ဦးဇင်း သဘောလေးပြောပြမယ်။ အမျိုးအစား။ အဲဒီ ဒကာမကြီးက ကျင့်ဆဲ၊ ကျင့်လတ္တံ့၊ လျှောက်ဆဲ၊ လျှောက်လတ္တံ့၊ သွားဆဲ၊ သွားလတ္တံ့။ ဝိပဿနာ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ။ လမ်းမဆုံးတော့ သူ့မှာ ရောဂါကြီးဟာ ရနေတယ်။ သူလည်းသေမှာကိုသိနေတယ်။ အဲဒီမှာ ဆုတောင်း။ အလုပ်လုပ်ပြီး ဆုတောင်းတာ မှတ်ထား။ အလုပ်လည်းမရှိ၊ ဘာမှလည်းမရှိပဲ သွားဆုတောင်းနေတယ်။ ခင်ဗျားတို့စိတ် ခင်ဗျားတို့စစ်။ ဆုတောင်းကြတာ တောင်းတတ်ဖို့လိုတယ်။ အဲဒီတော့ သီလဆိုတာ မှန်တယ်ဗျ။ သမာဓိဆိုတာလည်း မှန်တယ်ဗျ။ ပညာဆိုတာလည်း မှန်တယ်ဗျ။ ပညတ်ဆိုတာလည်း မှန်တယ်ဗျ။ ဟာ အကုန်မှန်တာချည်းပဲ။ ပညာဆိုတာကလည်း မှန်တယ်ဗျ။ ပညာဆိုတာ ပယ်လို့မရဘူး။ ပယ်အပ်တဲ့တရားမဟုတ်ဘူး။ သိအပ်တဲ့တရားတွေ။ ကိုယ်ကသိရမယ်။ ယုံကြည်ရမယ်နော်။ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့ အကြောင်း။

ခင်ဗျားတို့ ကြည့်နေ၊ ကြည့်စား။ ဟာ အပါယ်လေးဘုံကိုမရောက်စေနဲ့။ ဟာ ခုနက သက္ကာယအယူ၊ မိစ္ဆာအယူတွေ ယူတော့ ယူတာပဲ။ ဟော အာရုံမှာတွေ့လိုက်တော့ ဟော ကိုယ့်မှာ တဏှာ၊ ကိလေသာမှာက တဏှာက ကပ်နေတယ်။ တစ်ခါတည်း နာမ်ဖြစ်တာပဲဗျို့ ဒီကောင် ဘာဂရုစိုက်ရမလဲ။ ဒီကောင် ဘာကောင်လဲ။ မစားရ မသောက်ရပဲနဲ့ မိစ္ဆာ၊ သက္ကာယအယူတွေ ဖြစ်ကုန် ရောဗျို့ ကြည့်စမ်း အဲဒါတွေးကြည့်။ အဲဒါဘာလဲ။ တဏှာက မီးမွှေးတော့ မာန်ဖြစ်တာ။ အဲဒီနှစ်ခု ဘယ်သူကလုပ်လဲ။ ဒိဋ္ဌိကလုပ်တာ။ အာရုံနဲ့ မနောပေါင်းတော့ သခီရတွေဖြစ်ကုန်ရော။ အာရုံမလွတ် ဘူး။ အာရုံလွတ်တာ အာသွက္ခယဉာဏ်ရတဲ့လူက လွတ်တာ။ ခင်ဗျားတို့ခိုင်းလာခဲ့။ ရေပုလင်း မင်း လာသောက်ကြည့်။ လွှက်ခြောက်က ဆေးဖြစ်တယ်၊ ရေက ဆေးဖြစ်တယ်။ မဟုတ်တာ မဟတ်တာ မလုပ်ဘူး။ ငါ့ ပိုက်ဆံလည်း ပေးစရာမလိုဘူး။ နင်တို့က ငါ့ကို သင်္ကန်းတွေဝယ်ပေးတာ ထမင်းလည်း ကျွေးတာ။ မင်းတို့ကျေးဇူးတွေ အများကြီးရှိတယ်။ ဆပ်သွားတာ။ ဒီဘဝမှာနော်။ သတ္တလောက၊ ဩကာသ လောက၊ သခီရလောက လောက(၃)ပါး။ အခု သခီရလောကနယ်ထဲမှာ ဟာ အဲဒါစာတွေ ဟုတ်တယ်ဗျို့ စာနဲ့ နှလုံးသားနဲ့ကြည့်မှ အရိယာခေါ်တယ်။ ဒါမှ ဒီတရားကိုပြောတာ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိယောဓသစ္စာ၊ မဂ္ဂသစ္စာ။ ဟုတ်သလားတဲ့။ ဟုတ်ရင် ဒုက္ခသစ္စာဟာ ဘာလဲကွတဲ့။ ပြောစမ်းတဲ့။ ဒုက္ခသစ္စာဆိုတာ လေတဲ့။ မင်း အခုရထားတဲ့ရုပ်။ အဲဒါ ဒုက္ခကွတဲ့။ အဲဒါနဲ့ အဲဒီရုပ်ကြီး က ကိလေသာရုပ်ကြီးက ကိလေသာရဲ့ ဝဋ္ဋကြီးဖြစ်နေပြီကွတဲ့။ ဘာဖြစ်လို့ ဝဋ္ဋကြီးဖြစ်နေလဲ။ နင့်ကံက ကံကိုမပြတ်လို့တဲ့။ ဟောဒီဘဝမှာ အတိတ်ရဲ့ကံ၊ ပစ္စုပ္ပန်ရဲ့ ကံ နင်မပြတ်ဘူးတဲ့။ မင်းမှာ ဘာက လွှမ်းမိုး ထားလဲ။ တဏှာကလွှမ်းမိုးထားပြီ သူငယ်ချင်းရေတဲ့။ ဟာ အဲဒီရုပ်မှာ တဏှာ။ အဲဒီကိလေသာရုပ်မှာ တဏှာဖြစ်နေပြီ။ အဲဒီရုပ်ကြီးမှာ တဏှာကပ်နေတယ်။ ဉာဏ်နဲ့ကြည့်ပါ။ ဒါ စာနဲ့ကြည့်လို့မရဘူး။ သေချာပေါက်ပြောပေးလိုက်မယ်။ စာနဲ့ကြည့်တာက သူ အလုပ်လုပ်နေရတယ်။ သမ္မာနဲ့လုပ်နေရ တယ်။ သမ္မာနဲ့လုပ်တုန်းရှိတယ် သူဘာတွေသတ်သွားလဲ။ စာသမားက သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ။ ဒါတွေသတ်ရတယ်။ သမ္မာလေးနဲ့ သူသွားနေတာ။ အဲဒီတော့မှ ကာယသတိပဋ္ဌာန်၊ ကာယ ပေါ်မှာရှိတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေ တစ်ခါတည်း အကျင့်မြတ်နဲ့ တစ်ထပ်တည်း တည့်အောင် လုပ်နေရတယ်။ ဘယ်မှလည်းမသွားဘူး။ ဒီလိုစိတ်ကိုကျင့်ထားမှ စိတ်အကြောင်းကိုသိရမယ်။ စိတ်ကို မကျင့်ပဲနဲ့ ဟာ အဲဒါကျင့်တောင်နေပြီးတော့ ဦးဇင်း က စာမတတ်ဘူး။ တကယ်အေးရမယ်။ ခင်ဗျား တို့ ဖအေလို၊ မအေလိုအောက်မေ့တယ်။ ကိုယ်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ၊ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။

ကိုယ့်ကိုယ်ကို မာန်တွေ၊ ရာဇမာန်တွေ၊ ခနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ ဟော ဗလဆိုတာ သူကဗလရှိတာကိုဗျ။ ရုပ်အားကိုးနေတယ်။ ရုပ်အားကိုးပြီးတော့ ဘယ်သူ့ကြောက် ရမှာလဲ။ ဟောတွေးကြည့်။ ခင်ဗျားတို့ ငါဘယ်သူ့ကြောက်ရမှာလဲ။ ဗလအားသိပ်ကောင်းတယ်။ ဟိုဖျားနေတဲ့အကောင် သွားလုပ်ကြည့်ပါလား။ အသံတောင်မထွက်။ မလုပ်ပါနဲ့ဗျာ။ မလုပ်ပါနဲ့ဗျာ။ ဗလမရှိတော့ဘူး။ ဝေဒနာတွေဖြစ်နေပြီ။ တွေ့လား။ ဒီစိတ်ကလေးက သိပ်ကြောက်ဖို့ကောင်းတယ်။ အဲဒီတော့ အဲဒီစိတ်ကလေးကို ဘာလည်းဆိုတာသိချင်ရင် ကျင့်ရမယ်။ အဲဒီတော့ ခါတ်တွေ သွားတွေ့ တယ်။ ဟော စိတ်ခါတ်တဲ့။ အဲဒီတော့ အတ္တက အနတ္တကူးတော့မယ်နော်။ သညာက ပညာကူးတော့ မယ်။ ပညတ်က ပရမတ်ကို ကူးတော့မယ်။ ဟော ဘယ်သူသိလိုက်လဲ။ အဲဒါလာဟောတာ။ အဲ သူနေတာ ထိုင်တာတော့ မတတ်ဘူးပေါ့ဗျာ။ ဒကာမလည်း သွားဖက်နမ်းရင် နမ်းနေမှာပဲ။ အေး ငါလုပ်တယ်ကွ၊ လုပ်တယ်ကွတဲ့။ မလိမ်ပါဘူး။ ငါသစ္စာက မလိမ်ဘူးကွ။ လိမ်တဲ့တရားတွေ မဟုတ်ဘူးကွ။ နမ်းသလား နမ်းတယ်။ ချွတ်ရမလား ချွတ်ဆို ငါချွတ်ပေးလိုက်မယ်။ သူ့ကိုငါ ဘယ်လို ဖြားယောင်းပြီးတော့ ဒီသာသနာပတ်သက်ပြီးတော့ သူ့ကို ငါဘယ်လိုပရိယာယ်နဲ့ ငါလုပ်နေတာလဲကွ။ ငါ ပရိယာယ်လုပ်တာ မင်းသိသလားတဲ့။ မင်းအပြင်က ဖက်နမ်းတာတောင် မြင်တယ်မလားတဲ့။ မင်း ဆူးပေါ်ဖက်ကျ ဖက်ပေါက်သွားလိမ့်မယ်နော်။ ဖက်ပေါ်ဆူးကျရင် ဖက်ပေါက်သွားလိမ့်မယ်။ ငါမှန်ရင် မင်းကြည့်သာနေပေတော့တဲ့။ လူအမျိုးမျိုးကွတဲ့။ အရက်သမားလည်း ချွတ်ရတယ်ကွ။ ခင်ဗျားတို့ တွေးကြည့်။ ခင်ဗျားတို့ ဘုရားက ဘာတွေချွတ်သွားလဲ။ ဦးဇင်း ကတော့ ဘုရားတော့မဟုတ်ဘူးပေါ့ ဗျာ။ ဥပမာ၊ ဥပမေယျနဲ့ပြောရတာ။ အဲဒီလိုပေါ့ ငါ့အမေရဲ့ ပြည့်တန်ဆာလည်း ငါချွတ်ရတာပဲ။ ငါ့အစ်မကြီးရဲ့ပြည့်တန်ဆာလည်း ငါချွတ်ရတာပဲ။ ရလား၊ မရလားတော့မသိဘူးပေါ့။ ချွတ်တာကတော့ ငါ့တာဝန်။ အဲဒီတော့ သူ နားထောင်တာကတော့ သူ့အကြောင်း။ ငါသူ့ကို အသားလေးကျွေး၊ ဘာလေးကျွေး၊ ညာလေးကျွေး။ သူ့ကိုကောင်းကောင်းမွန်မွန်ထား၊ ကောင်းကောင်းမွန်မွန်နေ။ သူ တဏှာတော့ ဘယ်ပယ်နိုင်မလဲကွ။ သက္ကာယဒိဋ္ဌိရယ်၊ မိစ္ဆာဒိဋ္ဌိရယ်၊ အတ္တဒိဋ္ဌိရယ်တော့ သူ တဖြည်းဖြည်း ကျဉ်းမြောင်းလာတယ်။ သမ္မာဖြစ်လာတယ်။ အပါယ်လေးပါးပိတ် တော်ရောပေါ့။ အဲဒါက လုပ်ပေးတာ။ အဲဒီတော့ ဦးပဏ္ဍိတ ဝိနည်းမတတ်တော့ ဟာ လွှက်ခြောက်ကျတော့ တယ်စွမ်း နေတာ။ ရေကျတော့လည်း တယ်စွမ်းနေပါလား။ ဘယ်နှယ်မှလည်း သူမလုပ်တတ်။ ခုနက ဖက်နမ်း တာကိုတော့ တစ်မျိုးထင်တယ်ဗျို့။ ဘယ်လိုလုပ်ပြောမလဲ။ တကယ် ခင်ဗျားတို့ တောင်ပိုင်တို့၊ ကွင်းပိုင် တို့၊ တစ္ဆေတို့၊ သရဲတို့ရှိပါတယ်။ စာထဲရေးထားတယ်။ ရှိတယ်။ ရှိတယ်နော်။ နာမ်ကောင်တွေ။ ခင်ဗျားတို့

အေး အဲဒါပဲပေါ့ဗျာ။ ကျင့်တဲ့သူက သိတယ်ဗျ။ ဘယ်လိုထုတ်ပြရမလဲ။ ခင်ဗျားတို့ ဘယ်လိုထုတ်ပြမလဲ။ ယုံလို့ ဒီသာသနာကိုပြုပေးတာ။ နောင်လည်း သာသနာပြုတယ် ဒကာ၊ ဒကာမက ထမင်းကျွေး၊ သင်္ကန်းဝယ်ပေး။ သူ့လည်းလာပြီးတော့ ပြောရဆိုရ၊ လုပ်ရကိုင်ရပါတယ်။ ဟာ မင်း ငါ့အမေ ဖာသည်ပေမယ့် သွားလို့ပြောလို့ရတာမဟုတ်ဘူး။ ငါ့သမီးက ဖာသည်လို့ ပြောလို့ရတာမဟုတ်ဘူး။ ချော့ပြောရတယ်။ ဒါကြောင့်မို့ အယုတ်၊ အလတ်၊ အမြတ်မရွေး စေတနာဟာ ဉာဏ်စေတနာခေါ်တယ်။ ကံစေတနာ မဟုတ်ဘူး၊ ကံစေတနာဆိုတာ ခွဲခြားတဲ့စေတနာ။ သညာနဲ့ပတ်သက်ပြီးတော့ ခွဲခြားတာ။ ဟောဒါ ငါ့အဖေပဲ၊ ဟောဒါ ငါ့အမေပဲ။ အဲဒါ သညာနဲ့ခွဲခြားတာ။ ကံစေတနာခေါ်တယ်။ ပညာနဲ့ပတ်သက်တဲ့ စေတနာက ဉာဏ် ဂမ္ဘီရဉာဏ်ခေါ်တယ်။ အဲဒါလာဟောတာ။ မနက်ဖြန်ကျရင် ဟောရေပုလင်းတွေယူလာခဲ့။ လွှက်ခြောက်တွေစားကြည့်။ ပျောက်ရင် ခင်ဗျားကံပဲ။ ပျောက်တာ ပိုက်ဆံပေးစရာမလိုဘူး။ ခင်ဗျားတို့ကကျွေးတာ သာသနာကိုပြုတာ။ ခင်ဗျားတို့ကပြုတာ ဒကာ၊ ဒကာမတွေက အဲဒါ သာသနာကို ခင်ဗျားတို့ ကောင်းတာလုပ်ပေးပါ၊ ဟောပေးပါ၊ ပြုပေးပါ။ ခင်ဗျားတို့ခေါ်လို့လာရတာ။ ခင်ဗျားတို့ပင့်လို့လာရတာ။ ဦးပဏ္ဍိတ တစ်ခါတည်း ဒီနေ့ရောက်လာတာ တစ်ခါတည်း နှစ်ရက်၊ သုံးရက်ကြိုပြီးလာတာမဟုတ်ဘူး။ အဲ ဒီနေ့လာတာ မြောင်းမြက (၈)နာရီလောက်က ထလာတာ။ ဒီကိုဘယ်လောက်ရောက်လဲ။ ဘယ်သိမလဲဗျ။ ဟာ ရောက်လာတာ သူ တုံးလုံးလေးလှဲနေတယ်။ တံခါးပိတ်ထားတယ်။ ဖွင့်စရာရှိဖွင့်၊ လာစရာရှိလာ။ သူက အတွင်းအာရုံနဲ့နေတာနော်။ အပြင်မှာ သိတယ်။ မေးဆိုရင်မေး သူပြောပါ့မယ်တဲ့။ မတတ်တာတော့ သူမသိဘူး။ စာတွေတော့ ငါမတတ်ဘူးကွာတဲ့။ ဈာန်ဆိုတာရှိတယ်။ ကံဆိုတာရှိတယ်။ ဉာဏ်ဆိုတာ ရှိတယ်။ ပရမတ်တရားရှိတယ်။ ပညတ်ကိုလည်း မပယ်ဘူး။ ပညတ်ကိုသွားမစွဲနဲ့။ စွဲရင်တော့ ကံဖြစ်သွားလိမ့်မယ်နော်။ အဲဒါပဲနော်။ သဘောလေးပဲ။ ခင်ဗျားတို့ တရားထိုင် ကိုယ့်စိတ်ကို ကိုယ်စစ်။ ခုနကရှိတဲ့ ကိုယ့်တိုင်းပြည်မှာအုပ်ချုပ်တဲ့ဘုရင် သူလည်း အလုပ်ဘယ်လောက်လုပ်ရတယ်ဆိုတာ တွက်ကြည့်။ ခင်ဗျားတို့ဘယ်လောက်သနားဖို့ကောင်းလဲ။ ကိုယ့်တိုင်းပြည်မှာ ကိုယ့်လူမျိုး ကိုယ်ကအားပေးရမယ်နော်။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ။ သူကောင်းစားမှ ကိုယ်ကအေးမှာ။ အဲဒီလိုနဲ့ စိတ်တွေနဲ့ တစ်ယောက်နဲ့တစ်ယောက် ကျောကသားက သား၊ ရင်ကသားက သား။ မနက်ဖြန်ပြန်ရမလား။ သဘက်ခါပြန်ရမလား။ ဟာ ခင်ဗျားတို့ခံရမှာ။ သေမင်းတောင်းလည်း ဇက်ကျောပြတ်ပြီးသေတာပဲ။ ရေချိုးမှားသေတာပဲနော်။ သိပ်မြန်တယ်။ ဒီကပ်ထဲပါမှာစိုးလို့ အဲဒီကပ်က ခင်ဗျားလွတ်သွားရင် ဒီပွဲကြည့်ရဦးမယ်။ ပွဲရှိတယ်။ အဘိုးကြီးအို ခါးကုန်းကုန်း၊ မသေပါနဲ့ဦး။ နောင်နှစ်ခါတန်ဆောင်မုန်း ပွဲကြည့်ပါဦး။

စာရေးထားတယ်။ စာလေးရေးထားတယ်။ ဒါကြောင့်မို့ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ အဲဒီအပြင်မှာ စင်ကြယ်အောင်နေပါ။ ဩော် အေး အေး အေး။ နိုင်ငံတော်အစိုးရ သူကလည်း အလုပ်ကို ဆယ့်နှစ်ရာသီလုပ်ရပါလား။ သူလည်း အလုပ်တော်တော်များပါလား။ ဩော် အေး အေး အေး။ အဲ သူကောင်းစားမှ ကိုယ်လည်း ကောင်းစားမှာ။ မှီခိုရတာကိုဗျ။ ကျွန်းပင်ကြီးကို ကိုင်းပင်လေးက သွားမှီခိုတာ။ အဲဒီလိုနေကြ။ ကိုယ့်တိုင်းပြည်မှာ စည်းစည်းလုံးလုံး ထင်းစည်းများလို အစည်းမပြေပါနဲ့။ မှန်မှန်ကန်ကန်နဲ့ သစ္စာတွေနဲ့ နေထိုင်ရင် ဒီကပ်ကလွတ်သွားပါလိမ့်မယ်နော်။ ခင်ဗျားတို့ကြည့်ရလိမ့်မယ်။ အဲဒီပွဲကိုကြည့်ရလိမ့်မယ်။ သဘောလေးနဲ့ပဲပြောသွားမယ်။ ကိုယ်မှန်ဖို့လိုတယ်။ အဲဒီကပ်ကလွတ်အောင် တစ်ယောက်နဲ့တစ်ယောက် ညီအစ်ကိုအရင်း၊ မောင်နှမအရင်း၊ သစ္စာတွေထား။ သူများမနာလို ကိုယ်အကျိုးမရှိ။ မစ္ဆရိယစိတ်၊ မနာလိုတဲ့စိတ်၊ ကုက္ကုစ္စစိတ်၊ ဝန်တိုမိစ္ဆာစိတ်၊ ဒေါသစိတ်၊ လောဘစိတ်၊ မောဟစိတ်တွေ အာရုံကြောင့်ဖြစ်နေတာ။ မနော မနော ဟောဒီမနော။ ဒီမနောကိုစစ်ပါ။ ဒီမနောလုံမှ အလုံဒီပါခေါ်တယ်။ အလုံဒီပါခေါ်တယ်။ သီလာရေမြေသူပြုနေတာ။ မနောအေးတာ ရေဖြစ်သွားပြီ။ မီးမဟုတ်တော့ဘူး။ အဲဒါတွေကို ကျင့်ကြပါ။ ဦးဇင်းကြီးအကုန်ပြောသွားမယ်။ နက်ဖြန်ခါတစ်နေ့ရှိသေးတယ်။ ဘယ်သူပျက်ပျက် ကိုယ်မပျက်နဲ့။ သည်းခံပါ။ သည်းခံပါ။ ကိုယ့်စေတနာမပျက်ပါနဲ့။ အာရုံပေါ်မှာ စေတနာမပျက်ပါနဲ့။ ကိုယ့်သမီးလေးကိုရိုက်တယ်။ ရိုက်တဲ့လူကို စေတနာမပျက်ပါနဲ့။ ဒေါသမဖြစ်ပါနဲ့။ အတွင်းသီလကို ယူထားပါ။ ဒေါသဖြစ်တာနဲ့သမီးလေးသွားရိုက်တာ တဏှာ၊ တဏှာကြောင့် ဒေါသဖြစ်တယ်။ ဟာ ဒေါသဖြစ်ရင် ခင်ဗျား မနောသီလပျက်ပြီ။ မနောသီလလုံမှ အပါယ်လေးပါးတံခါးပိတ်မယ်။ ခင်ဗျားတို့ကို သင်ပေးလိုက်တာ။ မနောကိုထိန်းထား။ အပြင်မှာ သမ္မာနဲ့သုံး၊ သမ္မာဝါစာ၊ သမ္မာနဲ့သုံး။ အတွင်းမှာ ဉာဏ်လေးနဲ့သုံး။ ဟိုဟာကိုမယူနဲ့။ သမီးကို ဟိုကောင်ကရိုက်နေတယ်။ မစွဲနဲ့။ ဩော် အေး အေး အေး။ သွားမစွဲနဲ့။ ဟိုကောင်က မိစ္ဆာ။ ကိုယ်က သမ္မာဖြစ်အောင်လုပ်။ အဲဒါ ကိုယ်အပါယ်ပိတ်တယ်။ ဉာဏ်လေးနဲ့သုံးလိုက်။ သူရိုက်တာကို ကိုယ်ကသွားပြီးတော့ ဒေါသဖြစ်တော့ တုတ်ဆွဲ၊ ဓါးဆွဲမလုပ်နဲ့။ အဲဒါလာဟောတာ။ အဲဒီလို အပါယ်ပိတ်သွားမယ်ဆိုရင် ဒီကပ်က ခင်ဗျားတို့လွတ်မယ်။ ဒီပွဲကိုကြည့်ရလိမ့်မယ်။ ဟာ သိပ်ထူးတဲ့ပွဲကြည့်ရလိမ့်မယ်။ သာသနာ(၂၅၀၀)ကျော်မှာရှိတယ်။ သေချာလေးပြောသွားမယ်။ ခင်ဗျားတို့နေတာထိုင်တာ မှန်ဖို့လိုတယ်။ သူများဟာတွေ သွားမခိုးနဲ့။ မလုနဲ့၊ မတိုက်နဲ့။ အရက်တွေ မသောက်နဲ့။ အဲ လောင်းကစားတွေမလုပ်နဲ့။ ဘုရားကမကြိုက်ဘူး။ နတ်တွေကလည်းမကြိုက်ဘူး။ အဲ နတ်မကြိုက်ရင် ဘုရားကလည်းမကြိုက်ဘူး။ မှတ်ထား ခင်ဗျားတို့ ကိုယ်စောင့်နတ်

ရှိတယ်။ မသိလို့ ခင်ဗျားတို့ မသိလို့။ ကိုယ်စောင့်နတ်ရှိတယ်နော်။ ဒါတွေသိပ်အရေးကြီးတယ်။ နေတတ်ဖို့။ ဒီဘဝ ပြန်မှာ။ ဒီရုပ်ကြီးက အဲဒီရုပ်က ဝဋ်ကြွေးကြီး။ ကိလေသာဝဋ်ကြီး။ ဟိုအတိတ်က အနန္တက ကံက မပြတ်ခဲ့ဘူး။ ကံမပြတ်ခဲ့ဘူးနော်။ အဲဒီကံမပြတ်တော့ ဒီဘဝမှာ ဟော ဒီကံနဲ့ ဒီရုပ် ရတာဗျို့။ အဲဒီရုပ် ရတာ။ အဲဒီရုပ်မှာ တဏှာပါနေတယ်။ အဲ တဏှာပါနေတယ်။ တဏှာနဲ့ ကိလေသာ နဲ့တွဲနေတယ်။ အဲဒါ နာမ်က ဉာဏ်စဉ်ရမှ သဘောပေါက်မယ်။ ကံတွေကတော့ မသိဘူး။ အဲဒါ သဘောလေးပြောတာ။ အဲ တဏှာက သမီးလေး သူများရိုက်တယ်။ သားလေး သူများရိုက်တယ်။ ဟော ဖအေက မာန်ဖြစ်တာကို သားသမီးစွဲတာ တဏှာဗျ။ ခင်ဗျားတို့ ဒါကိုမပြောနဲ့။ ဝေဿန္တရာ မင်းကြီးဟာ သားနဲ့ သမီးကိုလှူလိုက်တယ်။ လှူလိုက်တဲ့အခါကျတော့ ပုဏ္ဏားကိုလှူလိုက်တယ်။ ပုဏ္ဏားကဆင်းလာပြီးတော့ သူ့ရှေ့မှာ သူ့သားတွေ၊ သမီးတွေကိုရိုက်တော့တာပဲဗျို့။ ဝေဿန္တရာက သံလျက်ဆွဲတာပဲ။ ဘာလဲ တဏှာကြောင့် မာန်ဖြစ်သွားပြီ။ စွဲတာ ကိုယ့်စိတ်ကလေးကို ဉာဏ်လေးနဲ့ သုံးပါ။ သြော် ဘုရား ဘုရား။ ငါစွဲမိတာ။ တဏှာကြောင့် တဏှာလက်သမား ပိုက်ကွန်ယောက်ျား တစ်ဘဝ ငါအိမ် ဆောက်ရဦးမှာပဲ။ ဒီဘဝမှာ ဒီတဏှာမပြတ်ဘူး။ ဒီဘဝမှာ ဒီတဏှာမပြတ်ရင် ဘဝ အထွေထွေမှာ လက်သမားက ငါဆောက်တော့မယ်။ ဟောဒီတဏှာကဆောက်တာ။ ဒီရုပ်တွေ ရဦးမယ်။ ခွေးရုပ်လာမယ်၊ ကြက်ရုပ်လာမယ်။ ဟာ အကုန်လျှောက်ရောက်။ ခင်ဗျားအပေါ်မှာ မူတည်တယ်။ ဒီလောက်ဆို ပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား။ )

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာစေတီပေါင်းချုပ်

ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၂၉.၉.၂၀၀၁)ရက်နေ့

ကိုးထပ်ကြီးဘုရားတွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၆၃)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၁၆၃)
# (၂၉.၉.၂၀၀၁) ကိုးထပ်ကြီးဘုရား၊ ဝိသုဒ္ဓိဆရာတော် တရားတော်

နောက်တစ်ခါဘာပလဲ။ ပညာပါ။ နောက်တစ်ခါဘာပါလဲ။ သင်္ခါရပါမယ်နော်။ တစ်ခါ အဲဒါက ပေါ်လာတယ်။ ဥပါဒါန်ဖြစ်တယ်ဗျို့။ အဲဒါကံပဲဗျို့ မှတ်ထား။ ခင်ဗျားတို့ရုပ်ကိုမသိဘူး။ ရုပ်ကို တဏှာနဲ့ ပေါင်းထားတယ်။ ဝေဒနာနိရောဓါ၊ တဏှာနိရောဓေါ။ ဒါကံကိုသတ်ထားတာနော်။ ကံပြတ်တရား ခေါ်တယ်။ ဉာဏ်ရဖို့လိုတယ်။ ခုနကပြောသွားတယ်နော်။ အဲဒီတော့ ရုပ်ရှိရင် ဝေဒနာရှိတယ်။ ဝေဒနာ ရှိရင် သညာရှိမယ်။ သညာရှိရင် သင်္ခါရတွေရှိတယ်။ သင်္ခါရရှိရင် ဥပါဒါန်ကံဖြစ်လိမ့်မယ်။ ဟာ တဏှာ ကြောင့်နော်။ သညာက လုပ်ပေးလိုက်တာ။ အခုကတော့ ခင်ဗျားတို့ရုပ်တွေ၊ တဏှာနဲ့ပေါင်းနေတယ်။ အာရုံနဲ့ပေါင်းနေတယ်။ အကုသိုလ်ကံ၊ ကုသိုလ်ကံ။ အဲဒီအကုသိုလ်ကံနဲ့ ကုသိုလ်ကံဟာ ဘာကြောင့် ဖြစ်ရတာလဲ။ တဏှာ့ကြောင့်ဖြစ်တယ်။ တဏှာ၊ မာန။ သြော် အဲဒါ(၃၁)ဘုံပဲနော်။ နတ်ဘုံ(၃၁)ဘုံမှာ အမြတ်ဆုံးဘုံဟာ လူ့ဘုံပဲ။ ဘုရားအသိနဲ့ပြောမယ်။ ဘုရားငယ်တွေသိတယ်။ သစ္စာလေးပါးရတဲ့ပုဂ္ဂိုလ် သဘောလေးနဲ့နာ။ အဲဒီလိုစိတ်ထားမျိုး ရလို့ရှိရင် ခင်ဗျားတို့ကလည်း ပုပ္ပ၊ မုဥ္စ၊ ပရဆိုတဲ့ တကယ့် စေတနာတွေရမယ်။ ဟာ အဲဒီခင်ဗျားစေတနာကလည်း မှန်ရမယ်။ ပကာသနစေတနာရှိတယ်။ ဘယာစေတနာရှိတယ်။ ဒါ စာကရေးထားတယ်။ အဓိပတိနှလုံးသားထဲကထွက်လာတဲ့စေတနာ။ အဲဒီ စေတနာက ခင်ဗျားအပေါ်မှာ အကျိုးပေးလိမ့်မယ်။ ခင်ဗျားဆုမတောင်းနဲ့ အကျိုးကိုပေးတော့မယ်။ ခင်ဗျားအဲဒီစေတနာပဲဗျို့ ပညတ်ကိုမသိတော့ဘူး။ ဒါ မြမောင် တဲ့။ ဒါ ဦးပဏ္ဍိတ ပဲ။ ဦးချိတိုး သားပဲ၊ ဒေါ်အုန်းမေ သားလို့ပဲသိတယ်။ တရားကိုယုံကြည်ထား။ သူပြောသွားတဲ့တရားလေးတွေကို တစ်လုံး တစ်ပါဒလေးလိုက်နာရင် ခင်ဗျားအပါယ်ပိတ်တာပဲ။ တဏှာတော့ သူမပါယ်နိုင်ဘူးပေါ့ဗျာ။ ဟာ ကြည့်စမ်း။ ဒါကြောင့်မို့ ဦးဇင်း က ရုပ်ရှိရင် ဝေဒနာရှိတယ်။ ဝေဒနာရှိရင် သညာကမှတ်တယ်။ သညာ အမှတ်ရှိရင် သင်္ခါရဖြစ်လိမ့်မယ်။ သင်္ခါရဖြစ်ရင် ဥပါဒါန်။ မနောကံဖြစ်လိမ့်မယ်ဗျို့။ ဟာ ငါ့သမီးလေး လင်နောက်လိုက်သွားပြီ။ မအေက တောက်ခေါက်တယ်။ အဲဒါပဲဗျို့ အဲဒါလိုက်သွားတာကလည်း ဘိန်းစားနဲ့လိုက်သွားတယ်။ အရက်သမားနဲ့လိုက်တယ်။ သမီးလေးက လူဂုဏ်တန်လေး။ ဟာ တစ်ခါတည်း ရင်ပူတာပဲဗျို့ အဲ ခင်ဗျားတို့ယူထားတဲ့ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ၊ ဗုဒ္ဓေါ ဘာတွေနဲ့ ပါးစပ်နဲ့လက်ခံထားတယ်။ တကယ်သစ္စာနဲ့ပြောသွားတာနော်။ ဒါပေမယ့် ဦးပဏ္ဍိတ က တကယ် ပြောသွားမယ်။ စာမတတ်လို့ အဲဒီအစွဲတရားကို ဘာနဲ့ဖြတ်မလဲ။ ဒါကြောင့် ဒီအစွဲတရားဟာ မဂ်ဉာဏ် နဲ့သတ်မှ ပြတ်တယ့်ဗျို့ မှတ်ထားနော်။ ကံကို မဂ်ဉာဏ်သတ်ပစ်လိုက်။ တစ်ချက်ပဲသတ်ရမယ်။

အသိနဲ့သတိ ကျင့်ကြ။ မိုးကျောခိုင်းသွားမယ်။ ကိုယ့်ဖအေလို၊ ကိုယ့်မအေလို၊ ကိုယ့်အစ်မကြီးလို ပရမတ်ကို ယူကြနော်။ ပညတ်ကိုမပယ်နဲ့။ မစွဲနဲ့နော်။ ပညတ်မှာ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ငယ်သူကို သနားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို မာန်တွေ၊ ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေမစွဲနဲ့။ လောကီအားကိုးနေတယ်။ အားကိုးမှားနေတယ်။ (၃၁)ဘုံလည်တဲ့အကြောင်းတွေကို မသတ်ဘူး။ ကြည့်စမ်း။ အစွဲမှားနေတယ်။ အယူမှားနေတယ်။ အမှတ်မှားတယ်။ အစွဲမှားတယ်။ ဘာကို သွားစွဲလဲ။ ပညတ်ကိုသွားစွဲတယ်နော်။ ပညတ်မှန်းလည်းမသိ၊ ပရမတ်မှန်းလည်းမသိ၊ အတ္တမှန်းလည်းမသိ၊ အနတ္တမှန်းလည်းမသိ။ ကြည့်စမ်း။ သညာမှန်းလည်းမသိ၊ ပညာမှန်းလည်းမသိ၊ ဒါတွေဟာ ကံပြတ်တဲ့လမ်းကိုရောက်အောင် ကံကိုဘယ်လိုဖြတ်ရလဲ။ ဒီလိုဖြတ်ရတာမဟုတ်ဘူး။ ခင်ဗျားတို့ သီလကိုကျင့်ပါဆိုတော့ မကျင့်ဘူး။ အဲဒီသီလက သမ္မာသီလခေါ်တယ်။ နိဗ္ဗာန်သွားမယ့်သီလခေါ်တယ်။ ဝိနည်းမဟုတ်ဘူး။ ဒါ မှန်တာပြောတာ။ သူ့စိတ်ကို သူ့မနောက စစ်ထားတာ။ မနောကစစ်ရင် ကာယကလုံတယ်ဗျို့။ ဟော ဆေးလိပ်လည်းမသောက်တော့ဘူး။ ရေလည်း မသောက် တော့ဘူး။ ကွမ်းလည်း မစားတော့ဘူး။ ဘာနဲ့မှ စကားမပြောတော့ဘူး။ တစ်ခါတည်း ချုပ်သွားတာပဲ။ အသီးတစ်ရာ၊ အညာတစ်ခု။ အညာကိုဖြတ်မယ်။ ဟာ အညာဖြတ်တော့ တစ်ခါတည်းဖြတ်စရာမလို ဘူး။ အကုန်ပြုတ်ကျကုန်တယ်။ ခင်ဗျားတို့အပေါ်မှာမူတည်တယ်။ ဒကာကြီးတွေရော၊ ဒကာမကြီး တွေ မှန်တယ်။ ဝိနည်းပယ်တာမဟုတ်ဘူး။ ပညတ်ကိုပယ်တာမဟုတ်ဘူး။ မစွဲနဲ့တဲ့။ စွဲရင် မင်းထိုက်နဲ့ မင်းကံပဲတဲ့။ ဒါ ငါ့အစွဲတရားကိုလာဟောတာ။ မင်းစိတ်ကို မဂွင်နဲ့စစ်။ အဲဒါ နိဗ္ဗာန်သွားမယ့်လမ်း။ အဲဒါ သွားတဲ့အခါကျတော့ မနောသတ်ပြီ။ ဘယ်လိုနည်းနဲ့သတ်မှာလဲ။ အဲဒီတော့ အပြင်မှာစင်ကြယ် ရင် ခန္ဓာမှာစင်ကြယ်တယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်ပြီ။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံ ဥဒပါဒိ၊ အလောကောဥဒပါဒိ၊ ဉာဏဥဒပါဒိ။ ဦးပဏ္ဍိတ ဉာဏ်ရတယ်လို့မပြောဘူး။ သဘောလေးနဲ့ နာ။ ဉာဏ်ဆိုတာ မစွဲဘူး။ ကံဆိုတာ စွဲတာ။ သမာဓိဗ္ဗိကိုလည်း သွားမစွဲနဲ့။ သက္ကာယဒိဋ္ဌိကိုလည်း သွားမစွဲနဲ့။ မိစ္ဆာဒိဋ္ဌိကိုလည်း သွားမစွဲနဲ့။ အတ္တဒိဋ္ဌိကိုလည်း သွားမစွဲနဲ့။ ဒါ လောကီတရားပဲ။ ဒါတွေ ဖြစ်နေတယ်။ ကဲ သက္ကာယဒိဋ္ဌိဆိုတာက စာလို ပါဠိလိုရေးထားတဲ့ သက္ကာယဒိဋ္ဌိ။ ငါကားလုပ်တယ် ဆိုတော့ ငါမြင်တယ်ကွ။ မင်းငါ့ကားထဲကဟာ လုပ်တာ ငါမြင်တယ်ကွ။ ဟုတ်ပါတယ်ဆရာကြီးရယ်။ အဲဒီလိုလုပ်တာ အဲဒါဘာအယူလဲ။ အမှတ်နဲ့ယူတယ်။ ခိုးတာက အကျင့်စာရိတ္တကောင်းသလား၊ မကောင်းတဲ့သူ့အယူကို သွားမယူနဲ့။ မလုပ်ပါနဲ့ကွာ။ အစ်ကိုကြီး ဒါလေးယူသွားရင် ဒုက္ခရောက်ပါ့မယ်။

မင်းကို အစ်ကိုကြီးကွာ တောင်းပန်ပါတယ် ညီလေးရယ်။ သူလုပ်တာနဲ့ ဟိုမှာ ဓါးနဲ့ခုတ်တယ်။ ဘာလုပ်မယ်။ ဟာ ပုံကြီးတွေချဲ့တာနော်။ အဲဒီတော့ ညီလေးရယ် နောက်မလုပ်ပါနဲ့။ အစ်ကို့မှာ ဒါလေးနဲ့အလုပ်လုပ်စားရပါတယ်ညီလေးရယ်။ ဟော အဲဒါသမ္မာနော်။ အမှန်တော့ သူယူတဲ့အယူ လည်း မှန်တယ်။ အရိယာကတော့ ဘယ်လိုလဲဗျို့ စာတော့မတတ်ဘူး။ ဘုန်းကြီးတစ်ပါးက ဆွမ်းခံ ကြွတယ်။ အဲဒီဒကာမကြီး ဆွမ်းကပ်တာကိုသွားတယ်။ သွားတဲ့အခါကျတော့ ထိုင်ပါဘုရား၊ ထိုင်ပါ ဘုရားဆိုတော့ သူကထိုင်တယ်။ အဲ သူကရှင်ဘုရင်က သူ့ကို လက်စွပ်လုပ်ဖို့ပေးထားတဲ့ပတ္တမြားလုံး ကြီးကို သူကလည်း ဘုန်းကြီးရှေ့ချထားတယ်။ ချထားပြီးတော့ ဆွမ်းသွားခူးဦးမယ်ဆိုပြီးတော့ ဆွမ်း သွားခူးတယ်။ အဲဒီတော့ အိမ်မှာရှိတဲ့ ကြိုးကြာငှက်က အစာမှတ်လို့ ဒါကြီးက ဝင်းဝင်းမြင်တော့ အစာမှတ်လို့ ကောက်စားလိုက်တယ်။ ဘုန်းကြီးကမြင်လိုက်တယ်။ မြင်လိုက်တော့ ဒကာကလည်း ဆွမ်းကိုလောင်းလိုက်ကော သူခုံပေါ်တင်ထားတဲ့ပတ္တမြားကို မတွေ့တော့ဘူး။ ဘုန်းကြီးကို အရှင်ဘုရား တဲ့ ပတ္တမြားကိုမတွေ့တော့ဘူး။ ဘုန်းကြီးကို အရှင်ဘုရားတဲ့။ ခုနကတင်ထားတဲ့ပတ္တမြား ဘယ်မှာလဲ တဲ့။ ဟာ ဒကာတဲ့ ကြည့်ပြောကွာ။ ဘာကြည့်ပြောရမှာလဲ။ ပြောလို့မရတော့ ဘုန်းကြီးကိုရိုက်တယ်ဗျို့ ကြာပွတ်နဲ့ဆော်တာဗျို့ဆိုတော့ ဘုန်းကြီးက ဘာမှမပြောတော့ဘူး။ ဒါကို သူမွေးထားတဲ့ကြိုးကြာလဲ ရိုက်မိတော့ ကြိုးကြာက ဆန့်ငင်ဆန့်ငင်ဖြစ်ပြီး လဲပြီဗျို့ သေလား၊ ရှင်လား မသိဘူး။ အဲ ဘုန်းကြီး လည်း အရိုက်ခံရတယ်။ ကြိုးကြာလည်း မလွတ်တော့ အထိခံရတယ်။ အဲဒီတော့ မင်း ကြိုးကြာ ဘယ်လိုဖြစ်သလဲ။ သေပြီဘုရားတဲ့။ ဟုတ်သလား။ မင်းကြည့်ဦး။ ဟုတ်ပါတယ်ဘုရားတဲ့။ သေပါပြီ ဘုရားတဲ့။ သေရင် မင်းကြိုးကြာ ရင်ခွဲကြည့်။ တွေ့လား သေမှပြောတာ။ အဲဒါ အရိယာအစစ်ခေါ်တယ် နော်။ ဒါကြောင့်မို့ အတ္တနဲ့ အနတ္တ ခန္ဓာကသိတဲ့တရား။ ခန္ဓာက ဝိပဿနာနဲ့ ခန္ဓာသိတရားခေါ်တယ်။ ဟိုက စာသိတရားခေါ်တယ်။ မတူတော့ မတူဘူး။ စာသိမှန်တယ်။ ဒါပေ့ါ။ စိတ်မှန်ဖို့လိုတယ်။ မနော မှန်ဖို့လိုတယ်။ အာရုံနောက်လိုက်တာနော်။ ဒါကြောင့်မို့ ရုပ်ကုဋေ(၅)ထောင်၊ နာမ်ကုဋေ(၁)သိန်း ဖြစ်ပျက်မှုမသိရင် ကိလေသာကြွေးတင်တယ်။ ဟော ဆိုထားတယ် စာက။ စာကမှန်၏၊ ဉာဏ်မမိ၊ ထိအောင်သူမသိ၊ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်။ ခင်ဗျားတို့ ဒါ စာအရပြောတာ။ ဦးဇင်း က စာတတ်တာမဟုတ်ဘူး။ ဒါ ဘုရားရှင်ဟောထားတာ။ ရုပ်ကုဋေ (၅)ထောင်၊ နာမ်ကုဋေ(၁)သိန်း ဖြစ်ပျက်မှုမသိရင် ကိလေသာကြွေးတင်တယ်။ ကြွေးတွေဘာလို့ တင်လဲ။ ကိလေသာရုပ်တရားကြောင့် ကြွေးတင်တာ။ အာရုံမလွတ်တော့ တဏှာကြွေးတွေတင်နေ တယ်။ ဟာ ကြွေးတင်ဗျို့ ဟိုက အရိယာကပြောနေတယ်။ ဟာ အေး အေး အေး။ အဲဒီရုပ်ပေါ်က

နာမ်ကိုသတ်။ တစ်ချို့က ရုပ်ကိုမီးရှို့။ ဟာ ဝိဇ္ဇာထိုရ်၊ ဝိဇ္ဇာပေါက်။ သူတို့ပညာတွေနဲ့လုပ်ထားတာ။ ဒီက ရုပ်၊ နာမ်ဂဏကြေအောင်ကျင့်ထားတာနော်။ ခင်ဗျားတို့ခိုင်းကြည့်ပါ။ ခိုင်းကြည့်ကြည့်ပေါ့။ ဘာတွေလဲဆိုတော့ တောင်ပိုင်တို့၊ ကွင်းပိုင်တို့၊ ဂူမှာန်တို့၊ ဂန္ဓပ္ပ ခေါ်ခိုင်းတယ်။ ဟော အဲဒီဘုန်းကြီး ကို အကယ်၍ ခင်ဗျားတို့ခိုင်းတတ်ဖို့လိုတယ်။ ခင်ဗျားတို့ကမသိကြဘူး။ ဒကာမလေးက သူ့ယောကျာ်း သေတယ်။ အဲဒါသေတော့ သူယောကျာ်းက သေသွားတဲ့အတွက် အစွဲရှိတယ်။ မယား စွဲလား၊ အိမ်စွဲလားတော့မသိဘူးတဲ့။ အဲဒီတော့ ဘုန်းကြီးဆီလာတယ်။ ငွေ(၅)ထောင်ပေးတယ်။ အဲ လူတစ်ယောက်(၅)ထောင်။ ဘုန်းကြီးကမတောင်းပါဘူး။ အဲဒီတော့ ကိုယ့်ဏ္ဍန္ဒြေနဲ့ကိုယ်နေတယ်။ အဲဒါ ဦးဇင်း ကို ပိုက်ဆံတွေလှူတယ်။ တပည့်တော် အိမ်ကြွပါဘုရား။ မင်းငါ့ကိုပင့်သလား။ ပင့်တယ် ဘုရားတဲ့။ ကဲပင့်ရင် မင်းအိမ်ကြွမယ်။ ညနေကြွမယ်။ တရားမဟောခင် ဘုန်းကြီးလိုက်သွားတယ်။ ဒကာမကြီးက သင်္ကန်းလှူတယ်။ နင့်လင် နင့်လင်ကိုနှင်မလားဆိုတော့ နှင်မယ်၊ နှင်မယ်နော်။ အေး အေး။ နင်နှင်ချင်ရင် ငါနှင်ပေးမယ်။ ဟော ဘာပြောလဲဆိုတော့ ဟာ ဘ၀ခြင်းခြားနေပြီနော်တဲ့။ မင်းကောင်းတဲ့နေရာ ငါလုပ်မယ်။ ဒကာ မင်းကိုငါကူညီမယ်။ မင်းဒီနေ့ကစပြီး အဲဒီမှာ ဘ၀ခြင်းခြား နေပြီ။ သွားမလုပ်နဲ့တဲ့။ မူးအောင်၊ ဝေအောင်၊ မိုက်အောင်၊ မောအောင် ဘာမှမလုပ်နဲ့တဲ့။ အဲဒီတော့ မင်းလုပ်နေလည်း ဟိုက ဒကာမလေး နင်တို့နားက ဆရာတော်၊ သမားတော်ကောင်းကောင်း၊ ဘုန်းကြီးတစ်ပါးကိုပင့်။ နင့်အိမ်ရှေ့ သစ်ကိုင်းလေးချိုး။ မောင်ရေ ဒီနေ့မနက် ရှင့်အတွက် ကောင်းမှု ကုသိုလ်တွေလုပ်ပါ့မယ်။ လာပါ။ သစ်ကိုင်းလေးယူသွား ဘုန်းကြီးရှေ့မှာထား။ ကောင်းမှုကုသိုလ် တွေ၊ ဘာတွေလုပ်။ အဲဒါတွေလုပ်ရင် သဘောပေါက်လာလိမ့်မယ်။ နောက်ခြောက်ပါဆိုတောင် မခြောက်ဘူး။ ဘ၀ခြင်းလည်း သူကခြားသွားပြီ။ အယူမှား၊ အမှတ်မှားစွဲသွားတာ။ သေတဲ့အချိန် ဝိညာဉ်က စွဲလို့ဖြစ်တာ။ မဆိုတတ်ဘူး။ နောက်တော့သိမယ်။ အဲဒီလိုအကြောင်းအမျိုးကိုသိချင်ရင် ပင့်သာပင့်။ ဒိုင်းဒုန်းဒိုင်းခြောက်တယ်။ တောင်ပိုင်၊ ကွင်းပိုင်၊ ဂူမှာန်၊ ဂန္ဓပ္ပ ခြောက်လှန့်ရင် ခင်ဗျားတို့ လာပင့်။ နင်တို့ ငါ့ရဲ့တရားကိုတော့ လေးစားပါ။ နားလည်ပေးပါ၊ တစ်ခါတည်းလာပင့်တာ။ အကြောင်း နဲ့ပတ်သက်ရင် နေရာကိုတော့ကြွပါတယ်။ အဲဒီတော့ နင်တို့အစာတွေစားမိတော့ ကြွရတယ်ဗျို့။ မေတ္တာတော်တော်ကြီးမားတယ်နော်။ ကိုယ့်ကိစ္စအောင်မြင်အောင်လုပ်။ ကိုယ့်ကိစ္စအောင်မြင်လာရင် သူများကို ကူညီနိုင်တယ်ဗျို့။ အဲဒီလာဘ်လာဘကိုမျှော်မနေနဲ့။ အဲဒီလာဘ်လာဘကိုမယူဘဲ သာသနာ ပြုတယ်ဗျို့။ တော၊ ခြုံကြားမှာ ဘုရားတည်တာ သိုက်ကလာခေါ်ရတယ်။ ဦးပဏ္ဍိတ သွားဟာမဟုပ် ဘူး။ သိုက်ကပူးပြီးတော့လာခေါ်တယ်။ အဲဒါ လမိုင်းကိုနိုင်တဲ့ရဟန်းခေါ်တယ်။ မှတ်ထား။ စာတော့

မတတ်ပေမယ့် အစွဲသမားတွေ၊ လူတွေကလည်း အစွဲသမားတွေ။ ဟိုကလည်း အစွဲသမားနော်။ နိမ့်ရင် ခံရတတ်တယ်။ အဲဒါတွေအရေးကြီးတယ်ဗျို့နော်။ ဒါကြောင့်မို့ ဒီပုဂ္ဂိုလ်မသေပါစေနဲ့ဆုတောင်း။ ငါကလည်း ကယ်မယ်လေ။ တရားနာတတ်ဖို့လိုတယ်။ လေးစားတတ်ဖို့လိုတယ်။ ဘုရားမှာ ငါသစ္စာ ဆိုထားတယ်။ အဲဒါ ဒုက္ခ၊ ဒုက္ခသစ္စာက ကိလေသာရုပ်၊ ဝေဒနာရုပ်ကြီးကိုမသိဘူး။ အဲဒီဒုက္ခသစ္စာ မသိတော့ သမုဒယသစ္စာမပယ်နိုင်တော့ စွဲလန်းတဲ့ဥပါဒါန် အဲဒါဘယ်သူသိလဲ။ အဲဒီတော့ ဒုက္ခသစ္စာ ကို အရင်သတ်မှ သမုဒယသစ္စာပြတ်မယ်။ သမ္မာန်တော့ သမ္မာန်ပဲ။ ဦးကြိုးတော့ ဖြုတ်တယ်။ ပဲ့ကြိုး တော့ မဖြုတ်ဘူး။ ပဲ့ကြိုးကိုဖြုတ်ပြန်တော့လည်း ဦးကြိုးမဖြုတ်ဘူး။ ဟာ ကြိုးနှစ်ကြိုးကို နှစ်ချက်ခုတ် ရင် နှစ်ချက်ပြတ်တယ်။ ရုပ်ကိုကျင့်ပါ။ ရုပ်မှာ ဒုက္ခသစ္စာသိရင် ဝေဒနာတွေ့မယ်။ အဲဒီဝေဒနာမှာ တဏှာကိုသိရင် ကံပြတ်တယ်။ အဲဒီဝေဒနာမှာ သညာ၊ သင်္ခါရ၊ ဥပါဒါန်ရှိတယ်။ သညာဆိုတာ ကိုယ်ကအမှတ်နဲ့ယူတာ။ အဲဒီဝေဒနာကို သညာက ပညာဖြစ်အောင်လုပ်၊ သညာက ပညာဖြစ်တယ်။ အတ္တက အနတ္တဖြစ်တယ်။ ဟော အစွဲက အနတ္တဖြစ်တယ်။ အဲဒါ ခင်ဗျားတို့အပေါ်မှာမူတည်တယ်။ အဲဒီတော့ တရားထိုင်တော့ ဝေဒနာနိရောဓ၊ တဏှာနိရောဓ၊ တဏှာနဲ့ ဝေဒနာကြားက အလည်က သွားတယ်။ သူ့အာရုံက တဏှာနဲ့ ဝေဒနာကြားကသွားတာ။ အဲဒါသွားတတ်ဖို့လိုတယ်။ အဲဒါ (၃၁)ဘုံ လွတ်တယ်၊ မလွတ်တယ် ခင်ဗျားစိတ်ကို ခင်ဗျားစစ်၊ ဒါလာဟောတာ။ စာတော့ ဘာမှမတတ်ဘူး။ အသက်(၅၀)ကျော်မှ ရှင်သာမဏေဝတ်၊ ရှင်သာမဏေကနေပြီးတော့ ဒကာ၊ ဒကာမများက ကြည်ညို လို့ ရဟန်းဘောင်ကိုတက်တာ။ ရဟန်းဘောင်တက်တော့ ကျင့်ဆဲကျင့်လတ္တံ့၊ လျှောက်ဆဲလျှောက် လတ္တံ့၊ သွားဆဲ သွားလတ္တံ့။ အဲဒီလိုနေပါတယ်ဗျာ။ နောက် ကျင့်ပြီးသိမှ ဒီတရားဟောတာပါ။ ဒီလောက်ဆိုပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား။ )

မြောင်းမြမြို့
ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)
အောင်သစ္စာမဟာစေတီပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၂၇.၁၀.၂၀၀၁)ရက်နေ့
တောင်ဒဂုံ၊ အောင်ဖေါ်စိဘုရားတွင်
ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၆၄)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၁၆၄)
# (၂၇.၁၀.၂၀၀၁) တောင်ဒဂုံ၊ အောင်ဇေယျဘုရား
# ဝိသုဒ္ဓိဆရာတော် တရားတော်

ဦးဇင်း က စာပေကျမ်းဂန်မတတ်ဘူး။ ပြီးတော့ နောက် စာမတတ်တော့ အသက်(၅၀)ကျော်မှာ ရဟန်းဘောင်တက်တော့ အသက်ကြီးမှတက်တာပါ။ တောထွက်ကြီး စာမတတ်ဘူး။ အားကြီးတတ်ချင်တယ်။ မတတ်ဘူး။ အဲဒီတော့ စာနဲ့သိတဲ့အသိရှိတယ်။ ခန္ဓာကသိတဲ့အသိရှိတယ်။ သဘောလောက်ပဲ။ ဦးဇင်း က စာမတတ်တော့ သဘောလောက်ပဲ။ ခင်ဗျားတို့နာကြပါတဲ့။ စာမတတ်ဘူးတဲ့။ အဲဒီတော့ ခန္ဓာသိ ဝိပဿနာရှိသလို စာသိဝိပဿနာရှိတယ်။ အခု ဦးဇင်း က ခန္ဓာသိကံကို သဘောလေးပြောပြမယ်။ ဒီကံက ဘယ်ကစသလဲ။ ကာယကံ၊ ဝစီကံ၊ မနောကံ ဘယ်ကစသလဲ။ မနောကံကစတယ်။ မနောကံက စတဲ့အတွက်ကြောင့် ဒီကံဟာ ဘာကြောင့်ဖြစ်ရတာလဲ။ အခုဘဝမှာ အာရုံ(၅)ပါး မျက်စိမြင်လိုက်တယ်၊ မြင်မှသိပါတယ်တဲ့။ ဒီသိတဲ့အသိလေးဟာ ဘယ်လိုနဲ့သိသလဲတဲ့။ အမှတ်နဲ့သိပါတယ်တဲ့။ မှတ်တာက သညာ၊ စွဲလမ်းတာက ဥပါဒါန်။ သဘောပေါ့ဗျာ။ အဲဒါ ကံလို့ဖြစ်သွားတယ်။ ဘယ်လိုစွဲသလဲ။ ဥပမာဆိုရင် ဥပမာပေါ့ဗျာ သားသမီး သူ့ဟာသူ တစ်နေ့သောအခါ ရေချိုးရင်းနဲ့ ကလေးက ရေနစ်သွားတယ်။ မအေက အဲဒီကလေးကိုကြားလိုက်တယ်။ လက်ဦးတုန်းကတော့ ကောင်းနေတာပေါ့။ အဲဒီသူနားကကြားတော့မှ အဲဒီအာရုံကို အမှတ်နဲ့ယူလိုက်တယ်။ သြော် ငါ့သားလေးရေနစ်သွားပါလား။ အဲဒီတော့မှ ဥပါဒါန်ကံဖြစ်သွားတယ်။ အဲဒါဗျာပါဒလို့ခေါ်တယ်။ စိုးရိမ်ကြောင့်ကြပူပန်ရတဲ့ ဗျာပါဒနောင်တ။ ဒါ ဘာဖြစ်လည်း။ အဘိဇ္ဈာဆိုတာ ဝန်တိုမိစ္ဆာ၊ အဘိဇ္ဈာဒါ စာကရေးထားတယ်။ အာရုံမှာကြည့်လိုက်တော့ ကိုယ် ဒီပုဂ္ဂိုလ်ကို သိပ်ပြီးတော့ မကျွေးချင်ဘူး။ တခါတည်း မြင်တယ်ဆိုရင် ဟင်းလျာတွေဖွက်ထားတယ်နော်။ အဘိဇ္ဈာအာရုံကြောင့် ဥပါဒါန်ကံ။ ဒီကံတွေဟာ သံသရာကိုလည်တဲ့တရားတွေပဲ။ အခုဘဝမှာလည်နေတာ။ ဒါ အကုသိုလ်ကံ၊ ကုသိုလ်ကံ၊ ဥပါဒါန်ကြောင့်ဖြစ်တဲ့ကံနော်။ ဥပါဒါန်ကြောင့်ဖြစ်တဲ့ကံ။ အစွဲကြောင့်ဖြစ်တဲ့ကံ။ အဲဒီကံက ကောင်းတဲ့ကံရှိသလို၊ မကောင်းတဲ့ကံရှိတယ်။ အဲဒီ မိမိရဲ့စိတ်ကိုထန်းထားပါ။ အာရုံ(၅)ပါးမှာ နှလုံးသားရဲ့ စေတနာဟာ အာရုံပေါ်မှာ စေတနာထားပါနော်။ စေတနာထားရင် စိတ်ကလေးကို ရှေ့စိတ်နဲ့ နောက်စိတ်။ သြော် အဲဒီတော့ ငါစေတနာထားရမှာပဲ။ ငါ့ဆဲတာပဲ၊ ငါ့တိုင်းတာပဲ။ ငါ့ကိုမကောင်းတဲ့ သတင်း၊ အပုပ်ချပြောတာပဲ။ သူဘာပဲပြောပြော ကိုယ့်စေတနာမပျက်နဲ့။ အဲဒါ စိတ်ထိန်းတဲ့ပုဂ္ဂိုလ် တစ်ယောက်ခေါ်တယ်။ စိတ်သာတဏှာနာမ် ခယမဏ္ဍက စိတ်သာရှင်ဖေ ဘုရားဟောတဲ့။ အဲဒီ

စိတ်ကလေးကို ထိန်းပါတဲ့။ အဲဒီတော့ အပြင်မှာစင်ကြယ်တယ်။ အဲဒီအာရုံ(၅)ပါးကို စင်ကြယ်ရင် နှလုံးသားလည်း စင်ကြယ်တယ်ဗျို့။ နှလုံးသားတောင်စင်ကြယ်ရင် ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဉ ဒပါဒိ၊ အလောကောဉဒပါဒိ၊ ဉာဏာဉဒါပါဒိ။ အဲဒီတော့ ဝိပဿနာဟာ ဉာဏ်စခန်းခေါ်တယ်နော်။ ခုနက ဦးဇင်း ဆိုပြပြီ ဂမ္ဘီရဉာဏ်ဆိုတာက ရုပ်နာမ်သိတဲ့ပုဂ္ဂိုလ်ကို အဲဒါ ဝိဇ္ဇာဉာဏ်ခေါ်တယ်။ ရုပ်နာမ် မသိတာက အဝိဇ္ဇာခေါ်တယ်။ အဲဒါ စိတ်ရဲ့သဘောလေးတွေကိုပြောသွားတာ။ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး။ ကာယကံ(၃)ပါးက ခင်ဗျားတို့ စာနဲ့ရေးထားတယ်။ သူများအသက် မသတ်နဲ့။ သူများပစ္စည်း မခိုးနဲ့။ သူများသားမယား မဖျက်ဆီးနဲ့။ ဒါ စာကရေးထားတယ်။ အဲဒီတော့ စာကမှန်တယ်။ စာကမှန်တယ်။ စိတ်မမှန်ဘူး။ အဲဒီတော့ စိတ်မမှန်ရင် ဘာဖြစ်မလဲ။ သစ္စာတရားတွေ ပျက်တယ်။ အဲဒီတော့ သစ္စာတွေက သမုတိသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယတ္ထသစ္စာနော်။ စိတ်ကလေးကိုထိန်းထား။ ခင်ဗျားတို့ပြန်ကြမှာပဲ။ ခင်ဗျားတို့လာတာလဲ တစ်ယောက်တည်း၊ ပြန်တော့လည်း တစ်ယောက်တည်းပဲ။ ဒီအစွဲဉပါဒါန်တွေဟာ သံသရာလည်တဲ့ တရားတွေပဲ။ အဲဒီတော့ ဒီသံသရာဘယ်ကစသလဲ။ ခန္ဓာကစတယ်။ ခန္ဓာနယ်ကစတဲ့အတွက်ကြောင့် ဒီအာရုံ(၅)ပါးကိုမလွှတ်လို့ ခင်ဗျားတို့မှာ အဲဒီအာရုံမှာသွားပြီး မှတ်ပြီးတော့ ယူလိုက်တဲ့ အယူများ တယ်၊ အမှတ်များတယ်၊ အစွဲများတယ်။ အဲဒါကံတွေပဲဗျို့။ အဲဒါသံသရာလည်တာပဲနော်။ ဥပမာလေး ပြောကြဆိုရင် ဦးဇင်း က စာတတ်တာမဟုတ်ဘူး။ သဘောလေးပြောတာ။ နတ်ပြည်မှာ လူပြည်ကနေ ပြီးတော့ လူပြည်မှာ အင်မတန်စေတနာသိပ်ကောင်းတယ်။ ဒီအဘွားကြီးက အို စေတနာကို သိပ် ကောင်းတာပဲ။ သူပါးရိုက်လည်း စေတနာမပျက်ဘူး။ သူ့လက်သီးနဲ့ထိုးလည်း စေတနာမပျက်ဘူး။ သူ့ဟာ လိမ်ပြီးစားလည်း စေတနာမပျက်ဘူး။ သူအနာခံတယ်။ သူသိထားတာကို အဲဒီလို စေတနာ တွေ အလွန်ကောင်းတဲ့အခါကျတော့ ကွယ်လွန်အနိစ္စရောက်သွားတဲ့အခါကျတော့ နတ်ဘုံရောက် တယ်ဗျို့။ နတ်ဘုံမှာ တစ်ခါတည်းလျှမ်းလျှမ်းတောက်နေတာပဲ။ သူ့အောက်က စေတနာကောင်းတော့ ဟိုမှာလည်း တစ်ခါတည်းကို အင်မတန်မှထူးမြတ်တဲ့ဘုံနော်။ နေတာထိုင်တာ အင်မတန်မှထူးတယ်။ အဲဒါ လူပြည်မှာ စေတနာပုပ်စပ်တယ်။ စေတနာတွေပုပ်စပ်တဲ့အခါကျတော့ နတ်ပြည်ရောက်သွားတဲ့ အခါကျတော့ ဟာ ဘုံလေးက မှိတ်တုတ် မှိတ်တုတ်နော်။ ဒါဘာလဲ။ စေတနာပေါ့ဗျာ။ ခင်ဗျားတို့ ဒီစေတနာတွေဟာ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင် ကိုယ့်ထက် ကြီးပဲ့ပူးဟို ရိုသေပါ။ ကိုယ်နဲ့ဟန်းဟူဟို ကြင်နာပါ။ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်ကျင့် တရားထားပါ။ ပြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို မာန်တွေ၊ ရာဇမာန်တွေ၊

ဓနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဗလမာန်တွေ၊ ဒီမာန်တွေ အဲဒီတော့ မစွဲနဲ့တဲ့။ စွဲရင် ဥပါဒါန်ကံဖြစ်သွားလိမ့်မယ်နော်တဲ့။ မ်ငး ဗလအားကိုးတယ်၊ ဆွေမျိုးကို အားကိုးတယ်၊ ရာထူးကို အားကိုးတယ်၊ အားကိုးတဲ့မာန်တွေ အဲဒီတော့ ဒီမာန်ဟာ ဘာကြောင့်ဖြစ်သလဲ။ တဏှာကြောင့်ဖြစ်တယ်။ အဲဒီတဏှာက ဘာကြောင့်ဖြစ်သလဲ။ ဒိဋ္ဌိကိုမသတ်လို့ အာရုံကိုမပယ်ဘူးဗျို့၊ တဏှာ၊ မာန၊ ဒိဋ္ဌိဟာနော်ကိုယ့်ကိုယ်ကို ရင်ဝလုံစူးတာကို စူးမှန်းမသိဘူးနော်။ အဲဒီတော့ မြင်တာလည်း မမြဲပါလား၊ ကြားတာလည်း မမြဲပါလား၊ နံတာလည်း မမြဲပါလား၊ စားတာလည်း မမြဲပါလား၊ ကြားတာလည်း မမြဲပါလား၊ နံတာလည်း မမြဲပါလား၊ စားတာလည်း မမြဲပါလား၊ ထိတာလည်း မမြဲပါလား၊ ဟော မမြဲတော့ မစွဲဘူး။ ဥပါဒါန်မရှိဘူး။ ဥပါဒါန်မရှိတော့ အဲ မနောအေးတယ်ဗျို့၊ ရေခဲတုံးကြီး ဗိုက်ထဲထည့်ထားရသလိုပဲနော်။ အဲဒါ အေးငြိမ်းခြင်းခါတ်ခေါ်တယ်။ အဲဒါတွေ ဒါတွေကို ခုနကပြောသလို ကိုယ့်စိတ်ကို ကိုယ်စစ်ရမယ်။ ကိုယ့်စိတ်ကို ဘာနဲ့စစ်ရမလဲ။ ဩော် ဦးပဏ္ဍိတ ကပြောတယ်။ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး ပေါင်းလိုက်တဲ့အခါမှာ ဒုစရိုက်(၁၀)ပါး၊ ဒုစရိုက်(၁၀)ပါးကို အပယ်ခိုင်းနေပြီဗျို့၊ အဲ အာရုံ(၅)ပါးကိုပဲ မြင်ချင်လား မမြင်ချင်ဘူး၊ ကြားချင်လား မကြားချင်ဘူး၊ နံချင်လား မနံချင်ဘူး၊ စားချင်လား မစားချင်ဘူး၊ ထိချင်လား မထိချင်ဘူး။ အာရုံလည်းပယ်ပြီ။ ဟော မဂ္ဂင်နော်။ အဲဒီကံ(၁၀)ပါးလည်းပယ်ပြီ။ အဲဒီကံက (၃၁)ဘုံလည်တဲ့ကံကဘာလဲ။ ဟော (၃၁)ဘုံလည်တဲ့ကံ။ အဲဒီအထဲမှာနေတယ်။ ဗျာပါဒ၊ အဘိဇ္ဈာက ဟော ခြေမထိ၊ လက်မထိပဲဖြစ်တဲ့ ကံသွားစွဲတာ။ သွားစွဲတာနော်။ ဟိုဟာက ဟိုကံက ကာယကံက၊ ဝစီကံက သွားပြီးတော့ ကြက်ကလေးသတ်လို့စားရသေးတယ်။ မနောကံက မစားရဘူးဗျို့၊ အဲဒါ ဥပါဒါန်ကံ ဒါအစွဲတရားကြီးခေါ်တယ်နော်။ အစွဲကိုသတ်မယ်နော်။ အဲဒီမဂ္ဂင်ရှစ်ပါးနဲ့ ကိုယ့်စိတ်ကို ကိုယ်စစ်ပြီ။ အာရုံ(၅)ပါးလည်းပယ်ပြီ။ ဒုစရိုက်(၁၀)ပါးလည်းပယ်ပြီ။ အာနာပါန၊ ခယဝယ၊ ထိမှု၊ သိမှု၊ ကြည့်ရှုတယ်။ အဲဒီဘဝင်စိတ်ကလေးက မနောဘဝင်စိတ်ကလေးက နှာခေါင်းနှစ်ပေါက်နဲ့ ထွက်လေဝင်လေ၊ ထွက်လေဝင်လေ ဒလစဉ်၊ ဒလစပ်လုပ်တယ်။ ဒီအချိန်အခါမှာ ဒီအာရုံကို သူဖမ်းမယ်။ ဘယ်လိုဖမ်းမလဲ။ စိတ်ကလေးကို ငြိမ်အောင်ဖမ်းထားတယ်။ အဲဒီတော့ ထိတယ်၊ သိတယ်၊ ထိတယ်၊ သိတယ်ဆိုတော့ ဘဝင်စိတ်ကလေးက ဒီနှာသီးနှာဖျားဝမှာ ထိတာကရုပ်၊ သိတာက နာမ်၊ ထိတာက ရုပ်၊ သိတာက နာမ် ဆိုမနေနဲ့။ ကိုယ့်ဟာကိုယ် စိတ်ကလေးနဲ့မှတ်နေ အမှတ်အသိလေးနဲ့ မှတ်နေ။ အဲဒါဟာ ဘာလဲ အဓိသီလ၊ အပြင်မှာစင်ကြယ်တော့ အဓိသီလ၊ အဓိစိတ္တ၊ ဟော ပညာရတော့မယ်။ အဲဒါစိတ်ကိုစစ်တာ။ မဂ္ဂင်နဲ့စစ်တာ။ အာရုံလည်းပယ်ပြီ။ ကံကိုလည်းပယ်ပြီ။ အဲဒါ ဝိပဿနာရဲ့ ဉာဏ်၊ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒါပါဒိ၊ အလောကော ဥဒါပါဒိ၊

ဉာဏာဥဒပါဒိ။ ဒါ စာရေးထားတယ်။ စာကမှန်၏၊ ဉာဏ်မမိ၊ ထောင်အောင်သူမသိ၊ စာတွေ့ငါတွေ့ ကသာတယ်။ ဟော ခံစားရတယ်။ တရားလိုခံစားရတယ်နော်။ ဟိုဟာက ကြက်သားဟင်းတော့ ချက်တယ်ဗျို့။ ကောင်းကောင်းမွန်မွန်ချက်တာပဲဗျို့။ အဲဒီလို ကောင်းကောင်းမွန်မွန်ချက်တဲ့အခါကျ တော့ အဲဒီကြက်သား စလောင်းဖုံးဖွင့်တော့ အမွှေးတွေက အင်မတန်နံတာ။ အင်မတန်မွှေးကြိုင်တဲ့ အနံ့ကိုရထားတော့ စားချင်သလိုပဲ။ သိပ်စားချင်တယ်။ ဟော အနံ့ကိုရှူရတယ်။ ဟိုက အဖတ်တွေ စားရတာ အဲဒီအရသာသိတယ်။ ဝိပဿနာဉာဏ်ကနော်။ စာတတ်တဲ့ဟာက အနံ့ပဲရတယ်။ မစားရ ဘူး။ ဒီသဘောလေးရှိတယ်။ စာပယ်တာမဟုတ်ဘူး။ စာနဲ့ စိတ်နဲ့တစ်ထပ်တည်းဖြစ်မှ အရိယာခေါ်တာ နော်။ စာကတော့မှန်နေတယ်၊ ဘဝင်စိတ်က တဏှာ၊ မာနစိတ်ကြီးဖြစ်နေရင် ဘာဖြစ်ဦးမှာလဲဗျနော်။ ကိုယ့်စိတ်ကို ကိုယ်စစ်။ အဲ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ နေတတ်ဖို့လိုတယ်၊ စား တတ်ဖို့လိုတယ်။ ဘယ်သူက ဘာပြောပြော ဟုတ်ကဲ့ဆရာကြီး၊ ဟုတ်ကဲ့ဆရာကြီး။ အပြင်မှာစင်ကြယ် တယ်။ အပြင်မှာ ဘာလဲ။ အာရုံတွေကို သူ့စေတနာက စင်ကြယ်တယ်ဗျို့။ သြော် အစ်ကိုကြီး ကျွန်တော့် ခိုင်းပါ။ အစ်မကြီး ကျွန်တော့်ခိုင်းပါ။ ကျွန်တော်လုပ်ပါ့မယ်။ ဟော လုပ်ချင်တော့ ကိုယ့်မှာ ထမင်းဖိုး လေး၊ ဟင်းဖိုးလေး သူတို့ကထုတ်ပေးမှာပဲ။ ကိုယ်မှန်ဖို့ လိုတယ်နော်။ ကိုယ်က မဟုတ်တဲ့၊ မမှန်တဲ့ ဟာတွေလုပ်မယ်ဆိုရင်တော့ တစ်ခါပဲစားရမယ်ဗျို့။ ကိုယ်မှန်ဖို့၊ ကိုယ်သစ္စာရှိဖို့လိုပါတယ်။ အဲ ခင်ဗျား တို့လည်းပြန်မှာပဲ။ ဦးပဏ္ဍိတလည်း ပြန်မှာပဲ။ ခင်ဗျားတို့ရဲ့ အဝိဇ္ဇာတုံးကြီးကို ဘာနဲ့ဆေးကြောလဲ။ သီလနဲ့ဆေးကြောတယ်။ အဝိဇ္ဇာကြီးကို ဘဝနဲ့ဆေးကြောလည်း ဒါနနဲ့ဆေးကြောတယ်။ အဝိဇ္ဇာကြီး ကို ဘာနဲ့ပွားများလဲ။ ဘာဝနာနဲ့ပွားများတယ်နော်။ လုပ်တတ်ဖို့လိုတယ်။ ဦးပဏ္ဍိတ က စာတတ်တာ မဟုတ်ဘူး။ လူဆိုးတစ်ယောက်ပဲ။ လူဆိုး၊ လူဆိုးက လူကိုတော့သတ်တာတော့မဟုတ်ဘူးဗျို့။ လစ်ရင်ခိုးတယ်နော်။ ကိုင်းကောက်တယ်၊ အရက်သောက်တယ်၊ စာရိတ္တတွေပျက်တယ်။ လူကြီးမှန်း မသိ၊ လူငယ်မှန်းမသိ ထင်တာတွေကြဲတယ်။ အရက်မူးလာရင် ရမ်းတယ်။ ဒါတွေဟာ မိစ္ဆာအယူတွေ၊ သက္ကာယအယူတွေ၊ အတ္တဒိဋ္ဌိအယူတွေ၊ သမ္မာမဟုတ်ဘူး။ အဲဒါများ အဲဒီလိုစိတ်မျိုးနဲ့ သေသွားရင် ခွေးတောင်ဖြစ်မှာမဟုတ်ဘူးနော်။ သဘောလေးသာနာနော်။ ကိုယ်က ဘုံ(၃၁)မှာရောက်လာတာ။ လူ့ဘုံဟာ အမြတ်ဆုံးပဲ။ လူ့ဘုံလောက်မြတ်တာတော့ မရှိဘူး။ အဲဒီတော့ ကိုယ်မသိတာနဲ့ မရှိတာ မရှိတာကိုသွားရှာရင် ရတယ်။ မသိတာ အခက်ဆုံး။ လူ့ဘုံရောက်တာ အမြတ်ဆုံး။ သဘောလေး ပြောပြမယ်။ စာပေတော့မဟုတ်ဘူးဗျ။ သဘောလေးနဲ့သာနော်။ အဲဒါ လူ့ဘုံရဲ့သဘောလေးပေါ့။ ဗုဒ္ဓုပ္ပါဒေါ ဘုရားဖြစ်ခြင်းကို ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏တဲ့။ သူက ဘုရားဖြစ်ချင်တဲ့ပုဂ္ဂိုလ်တစ်ယောက်။

သူများတစ်တောင်ကျင့်ရင် သူက နှစ်တောင်ကျင့်တယ်။ သူများနှစ်တောင်ကျင့်ရင် သူက လေးတောင်ကျင့်တယ်။ အဲဒါ ဘုရားဖြစ်ချင်တဲ့ပုဂ္ဂိုလ်ပဲ။ နောက်တစ်ခါ စာကရေးပြန်ရော။ မနုဿတ္တဘာဝေါ ဒုလ္လဘော လူ့ဘဝကို ခဲယဉ်းစွာရအပ်ပေ၏တဲ့။ ဟော စာရေးထားတယ်နော်။ စာကသိပ်မှန်နေတာ။ မနုဿတ္တဘာဝေါ ဒုလ္လဘော လူ့ဘဝကို ခဲယဉ်းစွာရအပ်ပေ၏တဲ့။ ဟော ဖြစ်ပြန်ရောဗျို့။ နောက်တစ်ခု ရေးပြန်ရော။ သဒ္ဓါသမ္ပတ္တိ ရတနာသုံးတန် ကံ ကံ၏အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူ ရှိခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏တဲ့။ ဟော သုံးခုရှိသွားပြီ။ နောက်တစ်ခုရေးပြန်ရောဗျို့။ ပဗ္ဗဇိတ ရသေ့ရဟန်းအဖြစ်တို့ကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏တဲ့။ ဟော (၄)ခုရှိပြီ။ နောက်တစ်ခုက သဒ္ဓမ္မဿဝနံ သူတော်ကောင်းတရားစကား နာကြားရခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏တဲ့။ ဝေ ဒိဝသေ ဒိဝသေ ခြေဆေးအင်ပြင်မှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အမြဲတမ်း ဒီတရားကိုဟောပါတယ်။ ဒါ လူ့ဘုံ(၃၁)ဘုံမှာနေတဲ့ လူ့ဘုံကိုဟောတာ။ ခင်ဗျား အဲဒီ (၅)ပါးထဲက ဒုလ္လဘ(၅)ပါးထဲက ခင်ဗျားရဲ့အာရုံနဲ့ မနောနဲ့ တစ်ထပ်တည်းဖြစ်နေမယ်ဆိုရင် ခင်ဗျား စေတနာတွေကလည်း အလွန်ကောင်းမယ်ဆိုတဲ့ ဝိပဿနာတရားလည်း ကျင့်တော့ ဟော သစ္စာလေးပါး ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်း၏ အကြောင်း အမှန်တရား၊ နိယောဓသစ္စာ၊ မဂ္ဂသစ္စာ အဲဒါ သစ္စာလေးပါး။ ဒီသစ္စာလေးပါးကို ဘာကြောင့်ရသလဲ။ ဟော ခင်ဗျား ဘာတွေပယ်လဲ။ ကမ္မာသဝ၊ ကာမသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ အာရုံ(၆)ပါးပယ်ပြီ။ ဒိဋ္ဌိကိုသတ်ပြီ။ ဟော နော် အဲဒါ ဝိပဿနာဉာဏ်နဲ့လုပ်ရတယ်။ အဲဒီဟာ ခင်ဗျား အဲဒီသီလတွေဟာ (၃၁)ဘုံလွတ်တဲ့သီလတွေဗျို့။ အဲဒီတော့ အဲဒီလို သီလမျိုးကို အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာ(၃)ပါးကို အဆီအနှစ်ထုတ်ရင် ဘာဆီတွေကျမလဲ။ ကောဓမ္မောကျတယ်။ ကောဓမ္မောက ဘယ်ကလာသလဲ။ ရုပ်ပေါ်၊ နာမ်ပေါ်ကလာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်၊ ခန္ဓာမှာ ဆုံးတယ်၊ သီလမှာချုပ်တယ်။ စာရေးထားတယ်။ စာကမှန်၏ ဉာဏ်မမီ၊ ထိအောင် သူမသိ။ ဟော ဉာဏ်ရလို့ လာဟောတာဗျို့။ အဲဒီလိုပဲ သူက စာမှမတတ်တာကို။ မင်းတို့ လောကီအကြောင်းတွေ၊ ကံအကြောင်းတွေ။ ကံရှိရင် ဈာန်ရှိတယ်။ ဈာန်ရှိရင် ဉာဏ်ရှိတယ်။ မင်းမေးချင်တာ ငါ့မေး။ ဟော စာတတ်တယ် မလား။ မင်းစာအုပ်ကလေးဘေးချ။ လောကုတ္တရာအကြောင်းကိုမေး။ လောကီအကြောင်းကိုလည်း မင်းမေး၊ မင်းမေးလို့ မဖြေနိုင်ရင် ဟော ဒီသက်နီးကိုချွတ်ပေးမယ်။ အဲဒါတွေးကြည့်ပေါ့၊ အဲဒါ ရုပ်နာမ်သိတာ။ ဝိဇ္ဇာဉာဏ်ခေါ်တယ်နော်။ သဘောလေးနာ။ လူ့ပြည်ကတော့ ပြန်ရမှာနော်။ ခင်ဗျား လည်း ပြန်ရမှာပဲ။ ဦးပဏ္ဍိတလည်း ပြန်ရမှာပဲ။ ခုနက ဒုလ္လဘ(၅)ပါးကိုဟောပြီ။ အဲဒီ ဒုလ္လဘ(၅)ပါး

ဟာ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိယောဓသစ္စာ၊ မဂ္ဂသစ္စာ။ သစ္စာ(၄)ပါးကို ပေါက်ရောက်ပြီးတော့ အောင်တယ်၊ အဲဒါ ဘုရားငယ်ခေါ်တယ်။ ဟောတွေ့လား ဘုရားငယ်ခေါ်တယ်။ လူတွေက တစ်ယောက်နဲ့တစ်ယောက် မနာလိုကြဘူး။ အဲ တစ်ယောက်နဲ့တစ်ယောက် နာလိုတဲ့လူရှိသလို၊ မနာလိုတဲ့လူရှိတယ်။ ရဟန်းထဲမှာလည်း နာလိုတဲ့ရဟန်းရှိတယ်၊ မနာလိုတဲ့ရဟန်းရှိတယ်။ ဒီသဘော လေးပဲ။ ဘယ်သူ့ကိုမှမပြောဘူး။ ကိုယ့်စိတ်ကို ကိုယ်စစ်။ အဲဒီတော့ ဒီက မဂ္ဂင်ရှစ်ပါးနဲ့စစ်တယ်။ ဘာလဲ ရုပ်နာမ်ဆိုတာဘာလဲ။ ရုပ်တရား ကိလေသာ။ ကိလေသာဝဋ်ခေါ်တယ်။ ဟော ကိလေသာဝဋ်၊ ကိလေသာဝဋ်ကိုသတ်မှ ကမ္မဝဋ်ကိုပြတ်မယ်။ ဟောဒီဘဝအေးမယ်။ သဘောလေးပဲ။ ဘဝမှာ အေးမယ်။ ဗိုက်ထဲမှာ ရေခဲတုံးကြီးထည့်ထားတယ်နော်။ ဒီလိုပုဂ္ဂိုလ်မျိုးကိုရှာနော်။ အတုအယောင် တွေရှိတယ်။ ရဟန်းတော့ ရဟန်းပဲ။ အသိမတူဘူး။ အသိကိုပြောသွားတာ။ သိရင်ပယ်မယ်၊ ပယ်ရင် မဂ်ဆိုက်၊ ဖိုလ်ဆိုက်မယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွား။ သဘောလေးပြောသွားတာနော်။ ချွတ်ဆို ချွတ်ပေး လိုက်ပါမယ်။ လာပါ ခင်ဗျားတို့ ရန်ကုန်မှာရှိတဲ့ ထေရ်ကြီး၊ ဝါကြီးတွေ၊ သံဃာတော်အရှင်မြတ်တွေ၊ ရှင်သာမဏေတွေ တပည့်တော်တော့ စာမတတ်ဘူး။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ။ အဲ စာတော့ မတတ်ဘူး။ တကယ်သစ္စာနဲ့ပြောသွားမယ်။ လာခဲ့။ ဟော ခင်ဗျားတစ်နေရာမှာ မနက်ဖြန်တစ်ရက် ရှိသေးတယ်။ သဘက်ခါပြန်မယ်နော်။ ချွတ်ပြီးတော့ပြန်သွားမယ်။ ခင်ဗျား မကျေနပ်တဲ့ဟာကို မဝတ်နဲ့ဆို မဝတ်ပါဘူး။ ဟော အကုန်လုံး သူကဝန်ခံပြီလေ။ သူ့စေတနာက မပျက်ဘူး။ အဲဒီတော့ ဒီသင်္ကန်းဝတ်တယ်ဆိုတာ သြော် ငါ့ရဲ့ ခန္ဓာ(၅)ပါး၊ ရုပ်နာမ်(၂)ပါးရဲ့အကြောင်းကို သိလို့ သြော် အဲဒီဟာတွေ သင်္ကန်းဝတ်တော့ ဘုရားအသိရှိတယ်၊ တရားအသိရှိတယ်၊ သံဃာအသိရှိတယ်။ အဲဒီတော့ ခင်ဗျားကလည်း စေတနာမှန်တယ်။ အဲဒီတော့ စေတနာမှန်တဲ့ အဲဒီသံဃာနဲ့ပေါင်းတယ်။ ကုသလာနံ ဓမ္မာနံ ဟေတုပစ္စယောတဲ့။ ဘုရားကဟောထားတာ။ အဲဒီတော့ ခင်ဗျားတို့ကို ကောင်း အောင်သင်ပေးတယ်။ အဲ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ၊ ကိုယ်နဲ့တန်းတူကို ကြင်နာပါ၊ ကိုယ့် အောက်ကသူကို သနားပါ၊ ကိုယ်ကျင့်တရားထားပါ၊ ဗြဟ္မစိုရ်တရားထားပါ၊ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို မာန်တွေ၊ ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ၊ မစွဲနဲ့တဲ့။ စွဲရင် ဥပါဒါန်ကံဖြစ်သွားမယ်။ ကံဆိုရင် သံသရာလည်သွားလိမ့်မယ်။ သြော် မြင်တာ မမြဲပါလား။ အဲစိတ်ကလေးကိုထိန်းတာ။ ရှေ့စိတ်၊ နောက်စိတ်နဲ့ စိတ်ကိုအထိန်းခိုင်းနေတာ။ ခင်ဗျားတို့စိတ်တွေကို ထိန်းခိုင်းနေတာ။ မကောင်းတဲ့ဒုစရိုက်ကို မလုပ်ပါနဲ့။ အဲ သူများက ရပ်ကွက် ကလူကြီးတွေခိုင်းရင် အစ်ကိုကြီး ကျွန်တော်လုပ်ပေးပါ့မယ်ဗျာ၊ စေတနာထား။ ဟာ ငါချည်းပဲ

နေ့တိုင်းကျင်းတူးခိုင်း။ တစ်နေ့လည်း ကျင်းတူးခိုင်း၊ တစ်နေ့လည်း လူကြီးက ကျင်းတူးခိုင်း။ ဟော မတူးတော့ဘူးတဲ့။ စေတနာ ပျက်တယ်ဗျို့။ ဟော လုပ်လည်းလုပ်ရသေးတယ်၊ စေတနာပျက်တယ် နော်။ စေတနာမပျက်နဲ့။ ခင်ဗျားနိဗ္ဗာန်ရောက်မှာ။ အဲဒီအတွင်း စေတနာတွေ အာရုံပေါ်က အစ်ကိုကြီး ရယ် ကျွန်တော်လုပ်ပေးပါ့မယ်။ အစ်မကြီးရယ် ကျွန်တော်လုပ်ပေးပါ့မယ်။ ကျွန်တော်ထင်းခွဲပေးပါ့ မယ်။ ကျွန်တော် ရေခပ်ပေးပါ့မယ်။ သစ္စာနဲ့သုံး။ အဲဒီတော့ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယတ္ထသစ္စာ။ စိတ်ကိုဟောသွားတာ။ ဒီစိတ်ကလေးကို ဟောသွားတာ။ မကောင်း တာကို ပယ်လိုက်၊ ပယ်လိုက်ပါ။ ဩော် ဦးပဏ္ဍိတ က တို့ကို ရှာမှာလာဟောတယ်ကွာ။ ဘာတရားတွေ ကို ဟောသွားသလဲ။ တစ်ယောက်နဲ့တစ်ယောက် လေ့လာပါ၊ သုံးသပ်ပါ၊ စုံစမ်းပါ၊ မှန်ရင် ခင်ဗျား စိတ်ကလေးကို ပြုပြင်လိုက်ပါ၊ ပြောင်းလိုက်ပါနော်။ ခင်ဗျားအပါယ်တွေပိတ်တယ်။ အပါယ်လေးပါး တံခါးပိတ်တယ်။ ဟောဒီဘဝက ဘယ်လောက်မှမကြာဘူး။ လူ့ဘုံမှာ အသက်(၇၅)နှစ်ပဲနေရမယ်။ သက်တမ်း ဘုရားခေတ်က ရာတန်း၊ ဘုရားက သာသနာ(၂၅၀၀)မှာ အနှစ်အစိတ်နှုတ်လိုက်။ အဲဒါ ရာတမ်းထဲက (၂၅)နှစ်နှုတ်လိုက်။ (၇၅)နှစ်တန်းပဲ။ အဲဒီတော့ (၇၅)နှစ်တန်းကို ရာတန်း(၂၀၀)တန်း နေချင်တယ်။ နေချင်ရင် အဲဒီတော့ ခင်ဗျားကို အသက်ကို ဉာဏ်စောင့်တယ်။ ဟော ဥစ္စာကို ကံစောင့် တယ်။ ခင်ဗျားအပေါ်မှာမူတည်တယ်။ အသက်ကို ဉာဏ်စောင့်တယ်။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံ ဥဒပါဒိ၊ အာလောကောဥဒပါဒိ။ ဟော အသက်ကို ဉာဏ်စောင့်တော့မယ်။ အဘောလေးပြောသွားမယ်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ စာရေးထားတယ်။ စာအရပြောတာ။ ကံရယ်၊ စိတ်ရယ်၊ ဥတုရယ်၊ အာဟာရ အဲ ခန္ဓာမှာရှိတယ်။ သွေးရယ်၊ သည်းခြေရယ်၊ လေရယ်၊ သလိပ်ရယ်။ စာလိုဆိုရင်တော့ ပထဝီရယ်၊ တေဇောရယ်၊ အာပေါရယ်၊ ဝါယောရယ် အဲဒီဓါတ်ကလပ်နဲ့ ဟော ဒီဟာနဲ့ညီမျှအောင်စား။ ဘေးမဖြစ် စေနဲ့။ ညီမျှအောင်စား။ အဲဒီတော့ ရာသီဥတုမှာ နွေဥတု၊ မိုးဥတု၊ ဆောင်းဥတု။ ဟောတွေ့လား။ ခုနက ပါနေတယ်။ ကံရယ်၊ စိတ်ရယ်၊ ဥတုရယ်၊ အာဟာရရယ်။ သင့်မြတ်အောင်နေတတ်ဖို့လိုတယ်။ စားတတ်ဖို့လိုတယ်။ အထဲတည်းက ဓါတ်နဲ့ သင့်မြတ်အောင်နေရင် အသက်ဆန့်ထုတ်လို့ရတယ်။ လောဘတွေနဲ့စား၊ ဒေါသဟာ ပြီးရင်တဏှာတွေဖြစ်၊ ကံတွေဖြစ်။ အဲဒါကျတော့ ခင်ဗျားတို့ ဇူဇကာ ပုဏ္ဏား လှူတာတွေအကုန်စားပဲဗျို့။ ဒီတဏှာဟာ သိပ်ကြောက်ဖို့ကောင်းတယ်နော်။ ခင်ဗျားတို့ ဥပမာ ပြောရမယ်ဆိုရင် စာမတတ်ဘူး။ ဒီတဏှာ ကိလေသာမှာ ကိလေသာဆိုတာ ရုပ်တရား။ တဏှာနဲ့ ကပ်နေတယ်။ တွဲနေတယ်။ ဂမ္ဘီရဉာဏ်နဲ့ကြည့်မှသိတာ။ စာနဲ့ကြည့်လို့မရဘူး။ မဂ်ဉာဏ်ရမှ သိတာ။ အဲဒီလိုပြောသွားမယ်။ ဒါပေမယ့် ဦးဇင်း ကို ခင်ဗျားတို့ အခုလှူကြတယ်။ အလှူခံပေးမယ်။ ဟောဒီ

ဘုရားကြီးအတွက် ဘာတစ်ခုမျှ ယူသွားတာမဟုတ်ဘူးနော်။ ဘယ်နေရာမှာရောက်ရောက် ရွှေတိဂုံ ကုန်တော်ပေါ်မှာလည်း အကုန်ထားပစ်ခဲ့တာ၊ ပဲခူးရောက်လည်း အကုန်ထားပစ်ခဲ့တာ။ ဘာမှမယူဘူး။ ဩော် ငါစာမတတ်ပါလား၊ စာမတတ်တော့ အရင်က မိုက်လိုက်တာ။ ဝက်လည်းသတ်တာပဲ၊ ကြက် လည်း သတ်တာပဲ။ မကောင်းတဲ့ ဒုစရိုက်တွေလည်း လုပ်တာပဲ။ အရက်လည်း သောက်တာပဲ၊ ရေလည်း ထမ်းပါတယ်။ ဒါ စွဲလို့လုပ်တာပေါ့ဗျာ။ ဒါ ဘာဖြစ်လို့စွဲလဲ။ ကိလေသာဝဋ် မသိဘူး။ ကိလေသာဝဋ်မသိရင် ကမ္မဝဋ်ကို မပယ်နိုင်ဘူး။ ကံဖြစ်နေတဲ့ဝဋ်ကိုလည်း မပယ်နိုင်ဘူးနော်။ သဘော လေးပဲနော်။ အဲဒီတော့ ကိလေသာဝဋ်နဲ့ ကမ္မဝဋ် သဘောလေး။ ကိလေသာနဲ့ တဏှာနော်။ သဘော လေးပဲ။ ဦးဇင်း က ဟိုးရှေးရှေးတုန်းက အဲဒီတော့ သူကလှူလိုက်တယ်၊ ပုဏ္ဏားကို အဲ သူ့သားလေး တွေ၊ သမီးလေးတွေကို ဝေဿန္တရာလား၊ ဘာလားတော့မပြောတတ်ပါဘူးဗျာ။ ဟုတ်လား။ ဒကာကြီး အဲဒါ ဝေဿန္တရာနော်။ စာတော့မတတ်ဘူး။ အဲဒါဖွင့်ပေးလိုက်တာ။ ဝေဿန္တရာမင်းကြီးက သားလေး တွေ၊ သမီးလေးတွေကိုလှူလိုက်တာ။ ပုဏ္ဏားက အလှူခံတယ်။ အဲ ဆင်းလာပြီးတော့ ကလေးတွေကို ရိုက်တယ်၊ ဖအေရှေ့မှာရိုက်တယ်။ ဟာ တစ်ခါတည်း သံလျက်ဆွဲတယ်။ ဝေဿန္တရာကြီးက ဟာ ဒေါသဖြစ်သွားပြီ။ သူ့ကလေးတွေကိုရိုက်တော့ သံယောဇဉ်တရားမပယ်နိုင်ဘူးဗျ။ တွေ့လား။ မြင်လိုက် တော့ မျက်စိမြင်လိုက်တော့ မနောနဲ့သွားပြီးတော့ မှတ်ပြီးတော့ယူလိုက်တယ်။ အာ သူများ အမှတ်များ၊ အစွဲများ၊ တစ်ခါတည်း သံလျက်ဆွဲတာပဲ။ ဟာ အဲဒီမှာ ငါများပြီတဲ့၊ ငါ့ရဲ့ နှလုံးသားရဲ့ ဝိသုဒ္ဓိက မစင်ကြယ်သေးပါလား။ သူကိုယ်သူ သတိရတယ်။ နောင်တရတယ်။ သံလျက်ကြီးဆွဲထား တယ်နော်။ အဲဒီလိုစိတ်ကိုစစ်။ အဲဒါတဏှာ သံယောဇဉ်တဏှာတွေကပ်နေတယ်။ အကြောင်းဖြစ်မှ ပေါ်လာတယ်။ အဲဥပမာ မိန်းမက ငါ့မိန်းမက နောက်ယောကျ်ားနဲ့ဖြစ်နေတယ်။ မျက်စိမြင်ရင် ဓါးနဲ့ တက်ခုတ်မှာပေါ့။ မခုတ်နဲ့နော်၊ မခုတ်နဲ့။ ရှောင်ပြေး၊ ရှောင်ပြေးနော်။ အေးတယ်။ သွားခုတ်ရင် ပုလိမ့်မယ်။ ကိုယ့်စိတ်ကို ဉာဏ်လေးနဲ့သုံး။ ကံဆိုတာ သွားခုတ်တာ။ စွဲလို့ခုတ်တာ။ မှတ်ထား၊ မခုတ်နဲ့။ ဦးပဏ္ဍိတ က သိလာလို့ ခင်ဗျားတို့ကို အစ်ကိုလို၊ အဖေလို၊ ညီလို ပြောသွားတာနော်။ ဘာမှမလုပ်နဲ့။ ဩော် အေး အေး အေး။ အဲဒါစွဲတော့ခုတ်တော့ ကံဆိုတော့ အခုလည်းမကောင်းဘူး၊ နောင်ဘဝ လည်း မကောင်းဘူး၊ ဟော ဉာဏ်ဆိုတော့ မစွဲတော့ဘူး။ အာရုံပေါ်မှာ မမှတ်တော့ဘူး။ အဲဒါမှ ခင်ဗျားထူးတာဗျို့။ ဒီလောက်ဆိုတော်ရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား။ )

[အဲဒီဘုရားကြီးအထဲမှာ ခင်ဗျားတို့ရဲ့ စေတနာပေါ့ဗျာ။ ပုပ္ပ၊ မုဥ္စ၊ ပရ ဆိုတဲ့ စေတနာ။ ခင်ဗျားတို့ ငွေမရှိတော့ မုန့်တို့ဘာတို့လှူပါ။ ဒါကြောင့် ဟိုက ဝတ္ထုကာမ ငါ့မှာရှိတာက ကိလေသာ ကာမ ယှဉ်တွဲပါက အများလည်းကြိုက်၏။ ကိုယ်လည်းကြိုက်၏။ အရိယာကမကြိုက်ဘူးတဲ့။ အဲဒီတော့ ဒါနစစ်၊ ဒါနမှန်တွေ။ သူ့အသိတွေကို ပေးပစ်ခဲ့တာ။ ခင်ဗျားတို့ကလည်း စေတနာစစ်၊ စေတနာမှန် နဲ့လှူကြပါတဲ့။ ]

ဖြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာစေတီပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၈.၉.၂၀၀၁)ရက်နေ့

မိတ္ထီလာ၊ ဖောင်တော်ဦးဓမ္မာရုံတွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၆၅)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၁၆၅)
# (၈.၉.၂၀၀၁)မိတ္ထီလာဖောင်တော်ဦးမဂ္ဂာရုံ
# ဝိသုဒ္ဓိဆရာတော် တရားတော်

သညာသိနဲ့ ပညာသိ ဒီနှစ်နေရာမှာပြောသွားမယ်။ အဲဒီတော့ ဒီစာတွေကို မတတ်တဲ့အတွက်ကြောင့် ပြောမှားဆိုမှားရှိရင် အားလုံး ဆရာတော်၊ သမားတော်တွေ အားလုံးရှိတဲ့ ရှင်သာမဏေတွေပါ ဦးဇင်း က တောင်းပန်ပါတယ်တဲ့။ တစ်ခါ ဒကာ၊ ဒကာမများ ပရိတ်သတ်များအားလုံး တရားကိုနာကြတဲ့ပုဂ္ဂိုလ်များ အားလုံးရှိကြတဲ့ ခုနှစ်ရက်သား၊ ခုနှစ်ရက်သမီးအပေါင်းများလည်း ဦးဇင်း က စာပေကျမ်းဂန်မတတ်တော့ အဲဒီတော့ ပြောသွားတဲ့စကားလေးတွေမှာ မှားသွားလို့ရှိရင် အားလုံးသည်းခံကြပါလို့ ဦးဇင်း က တောင်းပန်ပါတယ်နော်။ အဲဒီတော့ ခုနက စာကရေးထားတယ်။ ဆူးပေါ်မှာဖက်ကျရင် ဖက်ပေါက်မှာပဲ၊ ဖက်ပေါ်မှာ ဆူးကျရင်လည်း ဖက်ပေါက်မှာပဲ။ မနောအာရုံကြောင့်ဖြစ်တတ်တယ်။ သဘောလေးသာနာလိုက်။ ဦးဇင်း က အခုဟောရမယ့် အသိက ဘာအသိလဲလို့ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်း၏အကြောင်း အမှန်တရား၊ နိယောဓသစ္စာနဲ့ မဂ္ဂသစ္စာ (၄)ပါး။ ဒီသစ္စာလေးပါးကို ဘယ်လိုလုပ်ပြီးတော့ ကျင့်ပြီးတော့ ဘယ်လိုလုပ်ပယ်ရမယ်၊ ဘယ်လိုလုပ်ပြီး ပယ်ရင် ဘယ်လိုလုပ်ပြီး သိရမယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွားနော်။ ကျင့်မှသိမှာ။ ဒါကျင့်လို့ သိလို့လာပြီးတော့ တစ်ယောက်နဲ့တစ်ယောက် ဓမ္မသာဝနံ၊ ဓမ္မသာကစ္ဆာဆိုတဲ့အသိတွေကို ပြန်ပြီးတော့ ကိုယ်က ဘဝတစ်ပါးသို့မပြောင်းခင်အခါမှာ ဒီအသိလေးတွေ လာပြီးတော့ ဦးဇင်း က ပြောပြတာဖြစ်ပါတယ်။ အဲဒီတော့ ဒီဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ ဒါ ဘုရားဟောအရပြီးတော့ နောက်တစ်ခါ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိဘာဂဝဋ်။ အဲဒါစာတွေ။ ဟုတ်တယ်ဗျို့၊ သိပ်မှန်တယ်။ အဲဒါလည်းပြောပြမယ်။ အဲဒီတော့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာဆိုတာက ဒါ မှန်ပါတယ်။ ဦးဇင်းတို့ရဲ့ အနေနဲ့ပြောမယ်ဆိုရင် ကိလေသာတဏှာလို့ခေါ်တယ်။ ကိလေသာက ရုပ်တရား၊ တဏှာက နာမ်တရား။ သဘောလေးပဲနော်။ အဲဒီတော့ ဒီအကြောင်းရှိရင် ဒီဝေဒနာရှိတယ်။ ဝေဒနာရှိတယ်နော်။ ဝေဒနာမှာ တဏှာတွေရောနေတယ်။ အဲဒီတော့ ကိလေသာတရားလို့ပြောပါတယ်။ ကိလေသာနဲ့ တဏှာတွဲနေတယ်။ အဲဒီတော့ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊ ဉာဏာဥဒပါဒိ လို့ စာကရေးထားတယ်။ ဦးပဏ္ဍိတ က ရတယ်လို့မပြောဘူးနော်။ သဘောလေးသာပြောတာ။ ဒီအစွဲတရား မိရိုးဖလာကစွဲလို့ အာရုံကြောင့်ဖြစ်နေတာတွေ။ အဲဒီတော့ ဒီတရားကိုကျင့်ကြပါ၊ ကြံကြပါ၊ အားထုတ်ကြပါ။ နှလုံးသွင်းကြပါ။ နေကဝင်လာရင် အချိန်ကြရင် ပြန်ရမှာနော်။

အဲဒီတော့ ခင်ဗျားအပေါ်မှာမူတည်တယ်။ အဓိသီလလို့ရေးထားတယ်။ အဓိစိတ္တလို့ ရေးထားတယ်။ အဓိပညာလို့ ရေးထားတယ်။ ပါဠိလိုပြောရင် အဓိပ္ပါယ်။ အဓိပ္ပါယ်နဲ့ပြန်ရင် သဘောပေါက်လာလိမ့်မယ်နော်။ သီလဆိုတာ အင်မတန်ထူးတဲ့ သီလတွေရှိတယ်။ အခုလူတွေမှာ အားလုံးရှိကြတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိအာရုံကြောင့် မနောကဖြစ်နေတာ။ ဒါ ဥပါဒါန်တရားတွေ။ ဒါ သံသရာလည်တဲ့တရားတွေ အခုလည်နေတာ။ ဒါဘာခေါ်လဲ။ သင်္ခါရလို့ခေါ်တယ်။ သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရဒုက္ခ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရအနတ္တ။ ဒီသင်္ခါရတရားတွေကို ဒါဖြင့်ရင် ဝိပဿနာတရားကို ကျင့်ကြ၊ ကြံကြ၊ အားထုတ်ပါ။ ကျင့်ကြ၊ ကြံကြ၊ အားထုတ်လို့ ဝိပဿနာတရား မင်း မဂ်သွားမယ်။ မဂ်ဉာဏ်ရဲ့ သဘောတွေပဲ။ ဉာဏ်စခန်းတွေပဲ။ ဉာဏ်စခန်းတွေ။ အဲဒီတော့ ဒီဉာဏ်ကိုပေါက်ရင် ဘာဖြစ်လဲ။ ကိုယ့်ရဲ့တရားထိုင်တဲ့အချိန်လေးမှာ အဓိသီလဖြစ်နေတယ်။ အဓိစိတ္တ ဖြစ်နေတယ်။ အဓိပညာဖြစ်နေတယ်နော်။ အဓိသီလဆိုတာကလည်း ခင်ဗျားတင်ပလ္လင်ခွေတယ်။ တရားအာရုံကို နှလုံးသွင်းထားတယ်။ အဲဒီတော့ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး ပေါင်းလိုက်လို့ရှိရင် ဒုစရိုက်(၁၀)ပါး။ ဒီဒုစရိုက်(၁၀)ပါးတွေဟာ ဒီနေ့ ငါယုံကြည်တယ်။ သဒ္ဓါ သဒ္ဓါကြောင့် ငါ ဝရိယပြုမယ်။ ဝီရိယကောင်းလာရင် သီလကောင်းလာလိမ့်မယ်။ ဒါလေးတွေကို သိပ်အရေးကြီးပါတယ်။ ကိုယ်စိတ်ကို ကိုယ်စစ်ပါ။ ဘာနဲ့စစ်ရမလဲ။ မဂ္ဂင်နဲ့စစ်နော်။ မဂ္ဂင်နဲ့စစ်။ အခု မဂ္ဂင်သွားမယ့်လမ်း ဒါ ဉာဏ်ပေါက်တဲ့လမ်း၊ ဉာဏ်မရတောင်မှ အပါယ်လေးပါးတံခါးပိတ်တယ်။ အဲဒါ ကျန်းမာရေးလာဘ်ရတယ်။ အာရောဂျံ ပရမံ ကျန်းမာရေးလာဘ်ရတယ်။ ဟို(၃၁)ဘုံလွတ်တာက နဘယံ ဘေးမရှိ။ အဲဒါ (၃၁)ဘုံလွတ်နေတဲ့ပုဂ္ဂိုလ် သဘောလေးသာ နာ။ ကိုယ်ကကံတွေ ဒီကံက ခုနက တရားထိုင်ထားတဲ့အခါမှာ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး အားလုံး ဒုစရိုက်(၁၀)ပါး။ မိစ္ဆာဒိဋ္ဌိအယူပဲ။ မိစ္ဆာဒိဋ္ဌိအယူတွေပဲ။ သက္ကာယဒိဋ္ဌိ အယူတွေပဲ။ အတ္တဒိဋ္ဌိအယူတွေပဲ။ ဘာယူလဲ။ သမ္မာယူတယ်။ သမ္မာယူတာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာ အာဇီဝ၊ ဘာတွေကိုယူမလဲ။ ဆေးလိပ်တောင် မသောက်ဘူး။ ရေတောင် မသောက်ဘူးနော်။ ဝစီ ကလည်း ပိတ်သွားပြီ။ ကာယကလည်း သူဘာမှ တောင့်တခြင်း ပြုခြင်း ဘာမှမရှိဘူး။ မနောသတ်တယ်။ မနောက မြင်ချင်လား၊ မမြင်ချင်ဘူး၊ ကြားချင်လား၊ မကြားချင်ဘူး။ သိချင်လား၊ မသိချင်ဘူး။ စားချင်လား၊ မစားချင်ဘူး၊ ထိချင်လား မထိချင်ဘူး။ အာရုံ(၅)ပါးကိုပယ်ပြီ။ ဒုစရိုက်တွေနဲ့ မိစ္ဆာအယူတွေကိုလည်း ပယ်ပြီ။ သမ္မာကလေးတွေနဲ့ နေလိုက်တယ်။ အဲဒီသမ္မာကလေးနဲ့နေတဲ့အခါမှာ အာရုံမှာ နှာခေါင်း နှစ်ပေါက်ရဲ့ ဝင်လေ၊ ထွက်လေ ဒလစဉ်၊ ဒလစပ်ဖြစ်နေတယ်။ ကိုယ့်ဟာလေး

ကိုယ်စစ်။ ကိုယ့်စိတ် ကိုယ်စစ်။ ဒလစဉ် ဒလစပ် ဆင်းလိုက်၊ တက်လိုက်လုပ်နေတဲ့ဟာ။ အဲဒီတော့ ဘဝင်စိတ်ကလေးက ဟောဒီဘဝင်စိတ်ကလေးက နှာသီး၊ နှာဖျားဝမှာ တင်လိုက်။ အဲဒီလို တင်ထားတဲ့အခါမှာ ဘဝင်စိတ်ကလေးက သိလာလိမ့်မယ်။ မနောဘဝင်လေးက သိလာလိမ့်မယ်။ ဟော ထိတယ်၊ သိတယ်၊ ထိတယ်၊ သိတယ်၊ ထိတာက ဘယ်လို၊ ထိတာက လူတွေရဲ့ ကာယဝိညာဉ် ကိုထိတော့ သိတယ်၊ သိတာက စိတ်၊ ထိတာက ရုပ် ဒါလေးမှာ အသိဘဝင်စိတ်ကလေးကပ်ထား။ အဲဒါက အဓိစိတ္တလို့ခေါ်တယ်။ အဓိသီလခေါ်တယ်။ အဲဒီက အပါယ်ပိတ်တဲ့တရားတွေ။ အပါယ် ပိတ်တဲ့သီလတွေနော်။ ခင်ဗျားတို့ အကယ်၍ သားလေး သေသွားတယ်၊ သမီးလေး သေသွားတယ်၊ တစ်ခုခုဖျက်ဆီးလိုက်တယ်ဆိုရင် ခင်ဗျားတို့ ပူဆွေးတောက်လောင်တယ်။ ဥပါဒါန် ဗျာပါဒတွေဖြစ် နေတယ်။ အဲဒါ သံသရာလည်တာဗျို့။ အခုလည်နေတာနော်။ အခုလည်တာ။ စာတော့မတတ်ဘူး။ အဲဒါဘာလဲ သခ်ီရ။ အာရုံနောက်မှာ အာရုံမှာကျက်စားနေတာ။ အဲဒါ တဏှာပါပဲဗျို့နော်။ သဘောလေးသာနာ။ အဲဒီတော့ ကိုယ်က ဒီဘဝပြန်ရမှာ။ ဘယ်လောက်မှ မကြာတော့ဘူးနော်။ အိုရမယ်၊ နာရမယ်၊ သေရမယ်၊ ဘာလဲ။ ရုပ်အိုရမယ်၊ နာရမယ်၊ သေရမယ်။ ဘာလဲ ရုပ်၊ စိတ်က မအိုဘူး။ အဲဒီစိတ်မှာ တဏှာရှိတယ်။ မြင်စိတ်မှာ တဏှာရှိတယ်။ ကြားစိတ်မှာ တဏှာရှိတယ်။ အဲဒီတဏှာကိုသတ်။ ဒါကြောင့် စာကရေးထားတယ်။ စိတ္တာ တဏှာနာမ် ခယ မစ္ဆက စိတ်သာရှင်ဖေ ဘုရားဟောတဲ့ စိတ္တာတဏှာနာမ် စာမတတ်လို့ ဦးဇင်း က သဘောလေးလာပြောတာ။ အဲဒါ နာမ် ပါနေတယ်။ ခန္ဓာ(၅)ပါး၊ ရုပ်နာမ်(၂)ပါးဆိုတာ နာမ်ခန္ဓာ ဘယ်နှစ်ပါးလဲ။ အဲဒီတော့ ဒါလေးတွေဟာ စာမတတ်တော့ မပြောတတ်ဘူးဗျနော်။ စိတ်အကြောင်းလေးတွေ။ အဲဒီစိတ်ကလေးက မြင်လိုက် တဲ့အခါမှာ ခင်ဗျားဘာနဲ့မြင်တာလဲ။ မိရိုးဖလာရဲ့အသိ၊ မိရိုးဖလာရဲ့အသိဆိုတာ ဘာလဲ။ ခင်ဗျား အမှတ်နဲ့ယူတာပေါ့။ ဟောဒါ ငါ့သမီး၊ ဟောဒါ ငါ့သား၊ ဟောဒါ ငါ့တိုက်။ ဒါ အမှတ်ခေါ်တယ်။ အဲဒါ ပါဠိလို သညာခေါ်တယ်။ သညာကြောင့် သခ်ီရတွေဖြစ်နေတယ်။ သွားစွဲတာနော်။ ဒီအစွဲကို စွဲတာ။ မိစ္ဆာနဲ့ အဲဒီအစွဲကိုဖြတ်လို့ရှိရင် ဘာရလို့ပြတ်တာလဲ။ မဂ်ဉာဏ်ရလို့ပြတ်တာ။ ဟာ ကောင်းတယ်ဗျို့ မဂ်ဉာဏ်ကို ဆုတောင်းလို့ရလား။ ကိုယ်မှ အလုပ်မှ မလုပ်တာပဲ။ လုပ်ရင် သိလာလိမ့်မယ်။ သိလာရင် ပယ်လာလိမ့်မယ်။ ပယ်လာရင် မဂ်ဆိုက်၊ ဖိုလ်ဆိုက် မယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွား။ ကိုယ်မှ မကြိုးစားတာပဲနော်။ ခင်ဗျားတို့အပေါ်မှာမူတည်တယ်။ တရားဟာ ပညတ်နယ်မှ လုပ်ပေးရမယ်။ အလုပ်လုပ်ရမယ်နော်။ ခင်ဗျားတို့ ဥပါဒါန်ကိုမလွတ်ဘူး။ ဥပါဒါန်ကို မလွတ်ရင် (၃၁)ဘုံကိုမလွတ် ဘူး။ ခင်ဗျားတို့ကို အပါယ်ကျတယ်မပြောဘူး။ နတ်ပြည်ရောက်တယ် မပြောဘူးနော်။ (၃၁)ဘုံကို

မလွတ်တဲ့အကြောင်းတွေကို ဟောနေတာ။ အဲဒီဥပါဒါန်ပဲနော်။ လုပ်မှ သိမယ်။ အလုပ်လုပ်မှ သိမယ်။ သိရင် မကောင်းတဲ့ဒုစရိုက်တွေကိုပယ်မယ်။ ပယ်ရင် ခင်ဗျား မဂ်ဖိုလ်သွားမယ့်လမ်း ခင်ဗျားယူလိမ့်မယ်။ မဂ္ဂင်လမ်းရှိတယ်။ အဲဒီလမ်းက မှန်အောင်သာလျှောက် အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်တယ်။ အပြင်မှာ အာရုံမှာ ဘာအာရုံလဲ။ ခင်ဗျားယူရမယ်။ ဦးဇင်း က စာမတတ်ဘူးနော်။ သဘောလေးပဲပြောမယ်ဗျို့။ အဲဒီတော့ အပြင်အာရုံမှာ သမုတိသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယတ္ထသစ္စာ၊ သမုတိသစ္စာက တက်ရမယ်။ သမုတိသစ္စာမှန်မှ ဝိရတီသစ္စာဖြစ်လာလိမ့်မယ်။ သိလာလိမ့်မယ်နော်။ ဒါလေးတွေ စာနဲ့ရေးထားတာ။ ကိုယ်ကိုယ်တိုင်ကျင့်မှ ကိုယ်ကိုယ်တိုင်သိမှ ကိုယ်ကိုယ်တိုင်ပယ်မယ်တဲ့။ အဲဒီတော့မှ သွေးသားပြောင်းမယ်။ စိတ်ပြောင်းမယ်။ အခုဖြစ်နေတာက မိရိုးဖလာတွေ။ အဲဒါ သံသရာလည်တဲ့ဟာတွေ။ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိအာရုံနဲ့ဖြစ်တတ်တယ်။ နားနဲ့ဖြစ်တတ်တယ်၊ နှာခေါင်းနဲ့ဖြစ်။ အာ အကုန်ဖြစ်တာပဲ။ နှာခေါင်းနဲ့ဖြစ်တာ ကိုယ်အိပ်နေတဲ့ အိပ်ယာမှာ သွားအာပုပ်တွေ သွားချတော့ ဒေါသတွေဖြစ်တယ်ဗျို့။ ဒါဘာလဲ ပညတ်ကိုသွားစွဲတာ။ ပညတ်ကို သွားစွဲတာ။ ဘာနဲ့စွဲလဲ သညာနဲ့စွဲတာ။ တစ်ခါတည်း သဒ္ဓါရဲ့ ဉပါဒါန်၊ သီလတွေပျက်။ မနောသီလတွေ ပျက်။ အပြင်ကိုသွားယူလိုက်တာနော်။ အတွင်းသီလဆိုတာက အလုံဒီပါ သီလာရေမြေ အားလုံး လုံသွားပြီနော်။ မနောလုံသွားပြီ။ အာရုံနောက်ကို မလိုက်တော့ဘူး။ ကိုယ့်စိတ်ကိုစစ်။ သူများစိတ်ကို ကိုယ်သွားမစစ်နဲ့။ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ ဦးဇင်းလည်း ပြန်ရမှာပဲ။ ခင်ဗျားတို့လည်း ပြန်ရမှာပဲနော်။ အသိတရားလေးတွေနဲ့ ပြန်ရင် အဲဒီတော့ မရဏသေမင်းကို အသိတရားနဲ့ ပြန်ရင် ခင်ဗျားတို့ အင်မတန်ထူးမယ်။ ဘာမှ အသိတရားလည်းမပါဘဲ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ ခင်ဗျားတို့ရဲ့ အဲဒီဝိညာဉ်လေးက နာမ်ကြောင့် ခင်ဗျားတို့ဒုက္ခရောက်သွားမယ်။ ဒီနာမ်ကသိပ်တက်တယ်။ အဲဒီရုပ်ကို မသိတော့ နာမ်လေးအတွက်ကြောင့် ရုပ်ခွေးဖြစ်တယ်။ ဒါကြောင့် စိတ်မဆင်းရဲပါစေနဲ့။ စိတ်မဆင်းရဲပါစေနဲ့။ ရုပ်ဆင်းရဲပါစေလို့ ပြောသွားမယ်။ စိတ်ဆင်းရဲတယ်ဆိုတာ ကိုယ်ကစွဲလို့ သားလေး သေသွားရင် မအေ စိတ်ဆင်းရဲတယ်။ သမီးလေး သေရင် စိတ်ဆင်းရဲတယ်။ ဒါ သဘောလေးပြောတာနော်။ စီးပွားရေးမကောင်းရင် စိတ်ဆင်းရဲတယ်။ အကြောင်းမကောင်းရင် စိတ်ဆင်းရဲတယ်။ သွားပူတာ။ အဲဒါ (၃၁)ဘုံမလွတ်တဲ့စိတ်တွေဗျနော်။ အဲဒီတော့ ဖြစ်လာတယ်။ ကောဓ ဓမ္မော၊ ကောဓ ဓမ္မော ဘယ်ကလည်းသလဲ။ ရုပ်ပေါ်နာမ်ပေါ်ကလာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာ စတယ်၊ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ ဘယ်သီလ၊ ဘယ်သီလမှာ

ချုပ်သလဲ။ ဟော ပညတ် သီလ၊ ပရမတ်သီလ အဲဒီမှာချုပ်တာ။ ဉာဏ်ကလုပ်သွားတာ။ အဲဒီတော့မှ ဟိုဘက်ကို ကူးတာ။ အဲဒီလိုတွေလုပ်မှ ကူးလို့ရတာ။ အဲ ပရမတ်သီလဘာလဲ။ ဓါတ်တွေ။ ဓါတ်လေးပါးကချုပ်လို့ အဲဒီတော့ ပညတ်သီလက လောကီမှာအစွဲပြတ်သွားပြီ။ အဲဒီအဆီအနှစ် စာမတတ်တော့ အဲဒီလိုပဲပြောလိုက်မယ်နော်။ လောကီအာရုံမှန်သမျှ မဂ်ကဖြတ်လိုက်တာ။ တစ်ချက်ပဲဖြတ်ရတယ်။ အဲဒါလုပ်မှ ဝိပဿနာ ခင်ဗျားတို့ ပိုက်ဆံလည်းမကုန်ဘူး။ ဘာမှမကုန်ဘူး။ လှူလည်း မလှူနဲ့။ ဘယ်သူ့သွား အားကိုးရမှာလဲ။ ကိုယ့်အလုပ် ကိုယ်လုပ်။ သူများအားကိုးနေတယ်။ ခင်ဗျားတို့ သူများအားမကိုးနဲ့။ ကိုယ့်ကိုယ်ကို အားကိုးပါလား။ ဟာ ဘုရားကြီးရှေ့ထားပြီး အားကိုး နေတယ်။ ဖြစ်သွားပြီ။ ဒီက အဲဒါ ပညတ်တရားတွေ။ အဲဒါ ပညတ်တရားတွေ၊ ပရမတ်တရားကို ရှာရမယ်နော်။ ဓမ္မစေတီကိုရှာ။ ဓမ္မအစစ်ကိုရှာ။ ကိုယ်လည်း စစ်ရမယ်။ အားကိုးမှားနေတယ်။ လောကီကို အားကိုးနေတယ်။ လောကုတ္တရာအလုပ် အနတ္တအလုပ် အနတ္တလုပ်မှ ခင်ဗျား အဲဒါ သိမယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ အနိစ္စကို မြင်အောင်ကြည့်။ ဒုက္ခကို မုန်းအောင်ကြည့်၊ အနတ္တကို ဆုံးအောင်ကြည့်။ ဒါပဲရှိတာ။ ဩော် အဝိဇ္ဇာကို အဲဒီ အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့သတ်တယ်နော်။ အနိစ္စရဲ့ သဘော၊ ဒုက္ခရဲ့သဘော၊ အနတ္တရဲ့သဘော၊ သိမ်းတာကလည်း ဝေဒနာ၊ တွန်းတာလည်း ဝေဒနာ၊ ပူတာကလည်း ဝေဒနာ၊ အေးတာကလည်း ဝေဒနာ၊ တောင့်တင်းတာကလည်း ဝေဒနာ။ ဒီရုပ်ကြီးက ဝေဒနာရုပ်ကြီးဗျ။ ဒီကောင်ကြီးကို ကြည့်မနေနဲ့။ အဲဒီရုပ်ပေါ်က ဉာဏ်ရအောင်ရှာ။ အဲဒီရုပ်ပေါ်က ဉာဏ်ရအောင် ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ ဉာဏာဥဒပါဒိ ဒါစာတွေ။ အဲဒီတော့ ဉာဏ်တွေက ဘယ်သူက လာတာလဲ။ လောကီရှိသမျှ အကုန် ဘုရားက အဲဒီပညတ် တွေကို ဘာမှမစွဲတော့ဘူး။ အဲဒါ ဉာဏ်ပဲ။ သွားစွဲရင်တော့ ခင်ဗျား ကိုယ့်စိတ်ကို ကိုယ်စစ်လိုက်။ အခုတော့ ဒေါသတွေ၊ လောဘတွေ၊ မောဟတွေ၊ တဏှာ တွေ၊ မာနတွေ၊ ဒိဋ္ဌိတွေ ဒါဘာလဲ။ ဒါတွေ က သီလပျက်တယ်။ အာရုံကြောင့် မနောပေါက်တယ်။ ဟော ဒီမနော၊ မနော ခုနက ခင်ဗျားတို့ မနောကို လုံအောင်ထိန်း။ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာ စင်ကြယ်မယ်။ အပြင်မှာ သမ္မာနဲ့ပေါင်း။ ကိုယ်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ၊ စာမာန်တွေ မစွဲနဲ့တဲ့။ မလုပ်နဲ့ မပြောဘူး။ မစွဲနဲ့တဲ့။ လုပ်တော့လုပ်။ ပညတ်ကိုတော့မစွဲနဲ့၊ အဲဒါက သဘောလေး စိတ် ထားတတ်ဖို့လိုတယ်။ စိတ်ထားတတ်ဖို့လိုတယ်နော်။ ခင်ဗျားတို့ စိတ်ထားတတ်ဖို့လိုတယ်။ အခု

ထစ်ကနဲဆို ရိုက်ပွဲဖြစ်တာ။ အဲဒါ စိတ်ကလေးက ရုပ်ကုဋ္ဌေ(၅)ထောင်၊ နာမ်ကုဋ္ဌေ(၁)သိန်း ဖြစ်ပျက်မှု မသိရင် ကိလေသာကြွေးတင်လိမ့်မယ်။ စာရေးထားတယ်။ စာကမှန်၏။ ဉာဏ်မမိ၊ ထိအောင်သူ မသိ၊ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်။ သူကိုယ်တိုင်ခံစား ရတာကိုဗျ။ အဲဒီတော့ ဦးပဏ္ဍိတ ခံစားရသလို ဒကာ၊ ဒကာမများက ခံစားရအောင် ဦးဇင်း လာပြီး တော့ မြောင်းမြဝါးကျောင်းကနေပြီးတော့ လာပြီးတော့ တကူးတကနဲ့ အဲ ဂိလာနကြီး အဲဒီလို လာပင့်တဲ့လူက ဩော် အေး အေး။ မင်းပင့်ထားတယ်။ မောတယ်နော်။ ဂီလာနခါတ်တွေ ပျက်နေ တယ်။ ဩော် လိုက်ပါ့မယ်ကွာ။ ငါလိုက်ပါ့မယ်။ မောတယ်။ အဲဒီတော့ ဒါလေးတွေက ဦးဇင်း အစက လူအမည် မြမောင်၊ ရဟန်းနာမည် ပဏ္ဍိတ။ မြမောင် ဖအေဟာ ဘယ်သူလဲ။ ဦးချိုတိုး၊ ဦးချိုတိုးတဲ့ မှတ်ထား။ အဲဒီ မြမောင် ရဲ့ မအေက ဘယ်သူလဲ။ ဒေါ်အုန်းမေ။ အဲဒီ ဒေါ်အုန်းမေ နဲ့ ဦးချိုတိုး က တစ်ရွာတစ်ကျေးမှာနေတာ။ အဲဒီတော့ တစ်နေ့သောအခါမှာ လယ်လုပ်တော့ လယ်ပိုင်ရှင်ဆီက အကျိုတွေငှားလာတယ်။ သွားပြီးတော့ မျက်နှာစုံညီသွားပြီးတွေ့ကြတယ်လေ။ တွေ့တာနဲ့ ခင်ဗျားတို့ သရက်ကုန်းသီးကွင်းပေါ့ဗျာ။ အဲဒီလိုသွားတွေ့တဲ့အခါမှာ ဩော် ဒေါ်အုန်းမေ ရဲ့ရုပါကာယ အလွန် တင့်တယ်ပါလား။ ဟော အပြင်ကိုသွားစွဲတာ သညာနဲ့မှတ်ပြီး စွဲတာ။ အဲဒီ ဒေါ်အုန်းမေ ကလည်း ဦးချိုတိုး ကို ငါ့တကယ်လုပ်ကျွေးမှာပဲ။ ငါ့အိမ်ကို လိုက်လာတယ်။ ငါ့ကိုလိုက်ပြီး ပြုစုပေးတယ်ကွ။ စောင့်ရှောက်ပေးတယ်။ ဒေါ်အုန်းမေ ကလည်း ဦးချိုတို အပေါ်မှာ အင်မတန်မှ စေတနာအားထား ပြီဗျို့နော်။ အဲဒီတော့ ဦးချိုတိုး ရဲ့မျက်စိနှစ်ဘက်သာကန်းနေရင် ဒေါ်အုန်းမေ မယူပါဘူး။ အဲဒီတော့ ဒေါ်အုန်းမေ ကလည်း မျက်စိနှစ်ဘက်ကန်းနေရင် ဦးချိုတိုး မယူပါဘူး။ အပြင်ပကာသနလူတွေက ဖြစ်နေတာ။ အဲဒါတွေကို သွား သာယာတယ်ဗျို့ လင်မယားပေါင်းကြတော့ ညားတာပေါ့ဗျာ။ အဲဒါ ဗမာလိုပြော ညားတော့မှ ကိလေသာတွေလား၊ တဏှာနဲ့ ဆောက်လုပ်ထားတဲ့ ကိလေသာရုပ် အဲဒီမှာ ဖြစ်တယ်ဗျို့ မြမောင် မြမောင် အဲဒါကျတော့ လူဖြစ်တယ်ပေါ့ဗျာ။ အဲဒီတော့ ဘာနဲ့ဖြစ်လဲ ဩော် ငါသည် ကမ္မဝဋ်၊ အတိတ်ရဲ့ကမ္မဝဋ်၊ ဝိဘာဂဝဋ်တွေ ငါအတိတ်က ဘဝအနန္တက အရိုးတောင်လိုပုံ အရင်ဘာဖြစ်လဲ။ ကံတွေ အစွဲကြောင့် ငါဖြစ်ရပါလား။ အခု ဒီဘဝရောက်လာတာသည် ဟော ရောက် လာပြန်တော့လည်း အင်မတန်ဆင်းရဲတယ်။ ကျောင်းတောင် မထားနိုင်ဘူး။ သိပ်ဆင်းရဲတယ်။ ပဋိသန္ဓေ။ အဲဒီမှာ သွားဝင်တယ်ဗျို့ အဲဒီဆင်းရဲတော့ အဲစာကရေးထားတယ်။ ဟောဒီဘဝ ဟောဒီ ဘဝ အဲဒီတော့ ဗုဒ္ဓုပ္ပါဒေါ် ဘုရားဖြစ်ခြင်းကို ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏။ ဟော မြမောင် လူ့ဘဝ ရောက်လာပြီ။ ကံနဲ့ရောက်လာတာ။ အဲ နောက်တစ်ခါ သဒ္ဓါသံပတ္တိ ရတနာသုံးတန် ကံ ကံ၏ အကျိုး

ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူရှိခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏။ အဲဒီကံက အင်မတန်ယုံကြည်တဲ့သဒ္ဓါ စေတနာ။ ဒီအလုပ်ကို ခန္ဓာ(၅)ပါး၊ ရုပ်နာမ်(၂)ပါးကို လုပ်လာတာနော်။ အဲဒီတော့ အဲဒီကနေတက်သွားတယ်။ ပဗ္ဗဇ္ဇိတဘာဝေါ ဒုလ္လဘော ရသေ့၊ ရဟန်းအဖြစ်တို့ကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏။ သဒ္ဓမ္မသာဝနံ အတိဒုလ္လဘံ သူတော်ကောင်းတရား၊ စကား နာကြားရပေခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏။ ဇေ၀ံ ဒိ၀သေ ဒိ၀သေ ဘုရားက ခြေဆေးအင်ပေါ်မှာ ဒီအသိတရားတွေကိုဟောတာဗျ။ အဲဒီတော့ ဘုရားက လက်မပေါ်က သဲနဲ့၊ ခြေထောက် ဘုရားနင်းတဲ့ ခြေထောက်အောက်သဲနဲ့ ဘယ်သူကများသလဲတဲ့၊ အောက်ကများပါတယ်ဘုရားတဲ့။ အပေါ်က လက်မပေါ်ကသဲက ငါ့နောက်လိုက်မယ့်သူတွေပဲတဲ့နော်။ သဘောလေး ပြန်ကြမှာ။ သိပ်ကြောက်ဖို့ကောင်းတယ်။ ခင်ဗျားတို့ တရားထိုင်ကြပါ။ အဲဒီတော့ အကယ်၍ လင်သားဇနီးတွေဖြစ်တယ်။ ကိုယ်မပစ်နိုင်တော့ဘူး။ အခုက လင်ကမုဆိုး၊ မယားက သောတပန်။ စာရေးထားတယ်။ သောတပန်ရဲ့အသိ ဘယ်လိုတားရမလဲ။ မုဆိုးရဲ့အသိကို ယူလို့မရဘူး။ လင်မယား ဆိုပေမယ့် ပေါင်းသင်းနေပေမယ့် ပေါင်းတတ်ဖို့လိုတယ်။ ခင်ဗျားတို့အပေါ်မှာမူတည်တယ်။ ဩော် အေး အေး အေး။ လင်က မူးလာတယ်။ ဆဲတယ်၊ ဆိုတယ်။ ဩော် ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့။ ကိုယ့်အတွင်းသီလ မပျက်အောင်နေပါ။ မကောင်းတဲ့ဒုစရိုက်တွေကို မယူဘူး။ လင်က မူးလာတဲ့ ဒုစရိုက်တွေ ကိုယ်ကမယူဘူး။ ဟော ဟုတ်ကဲ့၊ ဟုတ်ကဲ့။ ဒီလိုအသိတရားလေးနဲ့ ဆင်ခြင်ပြီး နှလုံးသွင်းရင် ဒါတွေဟာ ခင်ဗျားရဲ့ သီလပဲ။ အပါယ်ပိတ်တဲ့သီလတွေဗျ။ အဲဒီလင်ကလည်း လာတယ်။ ကိုယ်ကလည်း အိုးရွဲ့လို့ စလောင်းရွဲ့ရင်တော့ အဲ ခင်ဗျားတို့ ဒုက္ခပါပဲဗျ။ အဲဒါကြည့်ပြီးတော့ နေကြ၊ စားကြ၊ ထိုင်ကြပါနော်။ ပြန်ကြမှာ ဒီဘဝနောက်ဆုံးဘဝနော်။ အင်မတန်မှ ဦးပဏ္ဍိတရဲ့ အသိကို ဟုတ်တယ်၊ မဟုတ်တယ် လေ့လာပါ၊ သုံးသပ်ပါ၊ စုံစမ်းပါ၊ မေးမြန်းပါ။ မှန်ရင် လုပ်ကြပါနော်။ ဦးပဏ္ဍိတ က စာတတ်တာမဟုတ်ဘူးနော်။ အကုန်ပဲ ဘွင်းဘွင်းပြောတယ်။ အင်္ဂလိပ်ခေတ်ကလည်း သူ မကောင်းခဲ့ပါဘူး။ အဲ ဂျပန်တွေခေတ်လည်း သူ မကောင်းခဲ့ပါဘူး။ အာဘယ် မင်း မကောင်းဘူး။ ဟောဒီအစိုးရလက်ထက်ရောက်မှ သူဒီအလုပ်ကို လုပ်တာပါ။ လုပ်တော့မှ သိတာ။ အာ အဲဒီတော့မှ အိုအိုး တယ်ထူးပါလား၊ ကိုယ်ဟာကိုယ် စာလည်းမတတ်ပေမယ့်လည်း မတတ်နော်။ ဒီလိုလာပြီးတော့ မြောင်းမြမြို့ကလာပြီဗျ။ ဒကာ၊ ဒကာမများက အရပ်လေးမျက်နှာကလာလှူတယ်။ ဦးဇင်းက အဲဒီတော့ ရှိတဲ့နာမ်ပုဂ္ဂိုလ်တွေ တောင်ပိုင်တို့၊ ကွင်းပိုင်တို့၊ တစ္ဆေတို့၊ သရဲတို့၊ ယက္ခတို့၊ ဂုမ္ဘာန်တို့၊ ဂန္ဓပ တို့ ကျင့်တဲ့သူကတော့ သိတာပေါ့ဗျ။ အဲဒီတော့ လူတွေကလည်း မအားဘူး။ ငါဒီကောင်ကြီး

ငါသွားကူမှ ပဲ။ ငါသွားလုပ်မှပဲ။ ငါသွားကိုင်မှပဲ။ နောက်က ဒကာမကာ ငါ့ပေးတယ်။ ဒကာတွေက အားပေးတယ်။ ဝတ္ထုတွေပေး၊ ဘုရားတွေတည်ပေး။ ဒါတွေလုပ်တယ်။ မြောင်းမြမြို့မှာ ဒါတွေလုပ်တယ်။ တစ်ချို့က မကြိုက်ဘူးဗျ။ သြော် မကြိုက်တော့လည်း ဟုတ်ကဲ့၊ ဟုတ်ကဲ့။ အဲဒီတော့ တစ်ယောက်နဲ့တစ်ယောက် အသိမတူဘူး။ သံဃာအချင်းချင်းတောင်မှ အသိမတူဘူးနော်။ ဦးဇင်းက စာမတတ်ဘူး။ စာမတတ်တဲ့အတွက်ကြောင့် စာတတ်တဲ့ဘုန်းကြီးကို လေးစားပါတယ်။ ရှောင်တယ်၊ ကျဉ်တယ်။ အဲ အနားမကပ်တော့ဘူးနော်။ ဘာဖြစ်လို့လဲ။ ကိုယ်မှမတတ်တာ။ အဲဒါ ပြောလိုက်မယ်။ အဲဒါ လောကီပညာမပယ်ပါဘူးနော်။ စာမပယ်ပါဘူး။ သာသနာကိုလည်း မကွယ်ပါဘူး။ ကိုယ်မတတ်တာကိုပြောတာ သိပ်တတ်ချင်တယ်။ အဲဒီတော့ အသိကတော့ ခန္ဓာကတော့ လောကီနဲ့ လောကုတ္တရာအသိ၊ လောကုတ္တရာသိတော့ နောင်ဘဝတွေသိ အကုန်သိ၊ အကုန်သိတယ်။ သိလို့လည်း ခင်ဗျားတို့ဆီလာဟောတာ။ အဲဒီကပြန်ရင် မန္တလေးသွားဦးမယ်နော်။ ဘယ်လောက်အထိ ပင်ပန်းသလဲ။ မြောင်းမြမှာလည်း တွေ့လား။ အားကြီးပဲ။ အုံးအုံးအုံးနေတယ်။ ဘာလဲ ကောင်းလာပြီးတော့ ဒကာတွေကိုသာ မေးကြည့်ပါ။ နောက်ဘာလဲ။ တရားကို နတ်စောင့်တယ်။ အဲဒီတော့ နတ်တွေက နဘာယာ ဘေးမရှိတဲ့၊ ရေးထားတယ်။ ခင်ဗျားတို့ကို ဖွင့်ပြောသွားမယ်။ ဘာလဲ အာရောဂျံဆိုတဲ့ ကျန်းမာရေးလာဘ်ရတယ်။ အဲဒီတော့ ကျန်းမာရေးလာဘ် ဒါလေးတွေရမယ်။ ခုနက အပါယ်ပိတ်တဲ့ဟာလေးတွေ (၃၁)ဘုံလွတ်အောင်လုပ်ပါ။ လွတ်တယ်၊ မလွတ်တယ်တော့ တရားထိုင်တဲ့သူ သိလိမ့်မယ်။ ကိုယ့်ဟာကိုယ် သိတယ်။ သူများ သွားမမေးနဲ့။ သီလဆိုတာ ဘယ်လို ဘယ်လို စိတ်ကထိန်းရတယ်။ သမာဓိဆိုတာ စိတ်က ဘယ်လိုထိန်းရတယ်။ ပညာဆိုတာ ဘယ်လိုသုံးတယ်။ ပညာနဲ့ သီလ ဘယ်အချိန်မှာပြုသွားသလဲ။ နောက်ပြီးကျတော့ အတ္တနဲ့ အနတ္တ ဘယ်အချိန်မှာဖြစ်သွားတယ် ကိုယ်သိရမယ်။ ကိုယ့်စိတ်ကိုစစ်ပါ။ အဲ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ တရားထိုင်တဲ့အခါမှာ လူသူကင်းမဲ့တဲ့နေရာမှာ စိတ်ငြိမ်တဲ့နေရာမှာ ဘုရားက ဟောတယ်။ ဘဝဆိုတဲ့ဟာ ဥတုသပ္ပါယ၊ ဘောဇဉ်သပ္ပါယ ခင်ဗျား အဲဒီဥတုသပ္ပါယ၊ ဘောဇဉ်သပ္ပါယ ညီမျှအောင် ခင်ဗျားနေ။ နေထိုင်ပြီးတော့ နှလုံးသွင်းပါ။ ကျင့်ပါ၊ ကြံပါ၊ အားထုတ်ပါ။ ဒါပဲရှိတယ်။ ဒီလိုနေလိုက်တဲ့ အခါမှာ ခင်ဗျားမှာ ဘာဖြစ်လာလဲ။ လောဘစိတ်ခမ်းလာလိမ့်မယ်။ ဒေါသလည်း ခမ်းလာလိမ့်မယ်။ မောဟဆိုတာလည်း အိပ်ချင်တဲ့စိတ်ကလေး ရှိသေးသလား၊ နားချင်တဲ့စိတ်ကလေး ရှိသေးသလား။ ကိုယ်စိတ်ကို ကိုယ်စစ်။ အဲစိတ်ကလေး စစ်တတ်ဖို့လိုတယ်။ မဂ္ဂင်နဲ့စစ်။ အဲဒီတော့ လမ်းဆုံးတော့ ရှာတွေ့လိမ့်မယ်။ ဒါလေးတွေလုပ်ကြပါ။ ပြန်မှာ အဲဒီတော့ မအေ စွဲလိုက်၊ သား စွဲလိုက်။ သမီး

စွဲလိုက်၊ စီးပွားရေးမပြေလည်လို့ ကမ္မဝဋ်ကို မသိတော့ ပေါဒီဘဝမှာ ငြိနေတယ်။ ပေါဒီဒုက္ခ သစ္စာကိုမသိဘူး။ ဒုက္ခသစ္စာမသိတာ။ အဝိဇ္ဇာ၊ ဒုက္ခသစ္စာကိုသိတာက ဝိဇ္ဇာဉာဏ်။ သဘောလေးသာ နာနော်။ အဲဒီတော့ ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယုံကြည်ပါ။ သူများအားကိုးတာက ခင်ဗျားတို့ သေချာစွာလေးနဲ့ ကိုယ့်ပညာဉာဏ်လေးနဲ့ သူများပြောတာလေးကို ကိုယ်က လေ့လာဦး။ သွားမစွဲနဲ့။ ကိုယ့်ရဲ့ပညာဉာဏ်လေးနဲ့ အဲ နှလုံးသွင်းပြီးတော့ထားပါ။ သူများပြောတာ ဆိုတာကို လေ့လာပါ၊ သုံးသပ်ပါ၊ စုံစမ်းပါ။ ပေါ မစွဲနဲ့တဲ့။ မှန်ရင်ယူထားလိုက်။ မှန်ရင်လုပ်လိုက်။ ဒါပဲရှိတယ်။ အခုတော့ ခင်ဗျားတို့ သူများသွားအားကိုးနေတယ်နော်။ အားကိုးမှားနေတယ်။ ပညတ်သွားအားကိုးနေတယ်။ ပရမတ်အလုပ်ကို မလုပ်ဘူး။ သဘောပြောတာပါ။ သစ္စာ၊ သစ္စာလေးနဲ့ ပြောသွားတာနော်။ ပြန်ကြမှာ အပြန်ကောင်းဖို့ အရေးကြီးတယ်နော်။ ဒီအစွဲတွေဟာ ဥပါဒါန်တွေ၊ မိရိုးဖလာ အယူဝါဒတွေ။ အဲဒီ အယူဝါဒတွေ၊ ကံတွေ၊ (၃၁)ဘုံလည်တာတွေ ဘယ်ကလည်တာလဲ။ အခုလည်နေတာ။ တစ်ခုခု သွားဖြစ်ကြည့်ပါလား။ အဲဒီဒကာကြီးအိမ်ဝင်သွားကြည့်ပါလား။ ဟော့ကောင် မင်းဘယ်ကအကောင် လဲ။ ဟော တဏှာ၊ မာန၊ ဒိဋ္ဌိ။ တဏှာအရင်းခံထားတယ်။ တဏှာကို မပြတ်လို့ မာန်မာနဖြစ်နေတယ်။ အဲဒီနှစ်ခုမလွတ်လို့ ဒိဋ္ဌိလာဖြစ်နေတာ။ အာရုံကိုယူလိုက်လို့ အဲဒါဆိုရင် ပြီးရောဗျို့။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား။ )

ဦးဇင်းတို့ နက်ဖြန်ခါ အစောကြီးမှာ ပြန်မယ်။ ခင်ဗျားတို့ သွေးသားနဲ့ဖြစ်တဲ့ရောဂါ၊ ပယောဂ နဲ့ ပတ်သက်တဲ့ ကံနိမ့်လို့ခံရတတ်တဲ့ တောင်ပိုင်တို့၊ ကွင်းပိုင်တို့၊ တစ္ဆေ သရဲတို့၊ ယက္ခ၊ ဂုမ္ဘန်၊ ဂန္ဓဗ္ဗ တို့ အဲဒီအကောင်တွေ နှိပ်စက်တဲ့ကံရှိနေသေးရင် ကျွန်မသမီးကယ်ပါ။ အစွဲဥပါဒါန်ရဲ့ နှိပ်စက်တာခံ နေရပြီ။ အဲဒီနာမ်ကောင်တွေ ဦးပဏ္ဍိတ နဲ့တွေ့မှ လက်နက်ချတယ်။ ရောဂါတွေပျောက်ရော။ ခေါင်းကိုင်ပေးတာနဲ့ ပျောက်တယ်။ ရေပုလင်း ဦးပဏ္ဍိတ မေတ္တာခါတ်ပေးတာနဲ့ ပျောက်တယ်။ ဒါလောက်ဆို ပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား။ )

# မြောင်းမြမြို့
# ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)
# အောင်သစ္စာမဟာစေတီပေါင်းချုပ်

## ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

## ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၂၆.၁၀.၂၀၀၁)ရက်နေ့
ပဲခူးမြို့၊ တိုင်းစိုက်ပျိုးရေးမန်နေဂျာ
ဦးလှမျိုး + ဒေါ်ရှု နေအိမ်တွင်
ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၆၆)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ် (၁၆၆)
# (၂၆.၁၀.၂၀၀၁) ပဲခူးမြို့၊ တိုင်းစိုက်ပျိုးရေးမန်နေဂျာ
# ဦးလှမျိုး + ဒေါ်ရှု့ နေအိမ်၊ ဝိသုဒ္ဓိဆရာတော် တရားတော်

ဦးဇင်း က မြောင်းမြမှာ ဝါးကျောင်းမှာ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းဌာနမှာ သီတင်းသုံးပါတယ်။ ဦးဇင်း က စာပေကျမ်းဂန်မတတ်ဘူး။ ငယ်စဉ်က ရှင်သာမဏေနဲ့ စာမတတ်ပါဘူး။ အသက်(၅၁)နှစ် အရွယ်ရောက်တော့မှ လူဆိုးတစ်ယောက်ပါ။ လူဆိုးဆိုတာ စွဲလန်းတဲ့ဉပါဒါန်ပေါ့ဗျာ။ လူ့လမိုင်း၊ ကုန်းလမိုင်း၊ ရေလမိုင်း၊ အာကာလမိုင်းလို့ စာကရေးထားပါတယ်။ လမိုင်းဆိုတာ တစ်ချို့ ချွတ်လို့ရ တယ်။ တစ်ချို့ ချွတ်လို့မရဘူး။ အစွဲကြီးတယ်။ ယက္ခ၊ ဂုမ္ဘာန်၊ ဂန္ဓဗ္ဗ ဆိုတဲ့ ဒါတွေက အင်မတန်အစွဲ ကြီးတဲ့ လမိုင်းလို့ စာလိုသတ်မှတ်တယ်။ ဒါပေမယ့် ဦးဇင်း က လူထဲမှာဆိုတော့ အစွဲကြီးသွားတဲ့ လူတစ်ယောက်။ လူဆိုးပေါ့။ လူတော့ မသတ်ခဲ့ဘူး။ အဲဒီတော့ မြောင်းမြမြို့မှာ သူကနေပြီးတော့ မြောင်းမြဆင်ခြေဖုံးရပ်ကွက်ထဲမှာ သူက အမျိုးမျိုးပေါ့ဗျာ။ သူစွဲလန်းတဲ့ဉပါဒါန် သက္ကာယအယူတွေ၊ မိစ္ဆာအယူတွေ၊ အတ္တအယူတွေပဲ။ သမ္မာမဟုတ်ပါဘူး။ အဲဒီတော့ သူ့ကိုယ်သူ လောကီအားကိုးလို့ မရတော့ အားကိုးစရာမရတော့ သားတို့၊ သမီးတို့ကလည်း သူ့အိမ်မှာကပ်ပြီး စားလို့မရတော့ဘူး။ သားမယားများကလည်း မကျွေးတော့ဘူး။ အဲဒါ တောရွာမှာ တရားသွားအားထုတ်တယ်။ ခန္ဓာ(၅)ပါး၊ ရုပ်နာမ်(၂)ပါးဆိုတာက ဒီရုပ်နာမ်(၂)ပါးကို သိချင်လို့ ဝိပဿနာကို ကာယသတိပဋ္ဌာန်၊ ဝေဒနာ သတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မသတိပဋ္ဌာန်။ သတိပဋ္ဌာန်လေးပါးဟာ တစ်ခုနဲ့တစ်ခုတော့မတူဘူး။ ကာယကံ၊ ဝစီကံ၊ မနောကံ။ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါးပေါင်းလိုက်တော့ ဒုစရိုက် (၁၀)ပါး။ ကံ (၃၁)ဘုံကို လည်တဲ့ကံနော်။ ဘာကြောင့် ဒီကံဟာလည်ရသလဲ။ မနောက အာရုံကြောင့် ဒါဖြင့် ကိုယ်မပြုလုပ်တဲ့ကံရှိသလို၊ ကိုယ်ပြုလုပ်တဲ့ကံရှိတယ်။ ကိုယ်ပြုလုပ်တဲ့ကံကတော့ ကာယကံ မှာရှိတယ်။ ကိုယ်မပြုလုပ်တာကတော့ မနောကံ။ ကိုယ်ကမပြုလုပ်ဘူး။ အာရုံကြောင့် အာရုံ(၅)ပါး ကြောင့် ဟောဒီဘဝပေါ်မှာ အာရုံ(၅)ပါးကြောင့် မလွတ်တော့ဘူး။ အဲဒီအမှတ်နဲ့ မှတ်တယ်။ ဒါ မိန်းကလေးပဲ၊ ဒါယောကျ်ားလေးပဲ။ ဒါ သညာခေါ်တယ်။ အမှတ်နဲ့ သိတယ်။ ပညာ မဟုတ်ဘူး။ အဲဒီတော့ ဒါတွေဟာ ဗျာပါဒရယ်၊ အဘိဇ္ဈာရယ်ဆိုတာက အာရုံကြောင့်ဖြစ်နေတယ်။ လိုရင်တစ်မျိုး၊ မလိုရင်တစ်မျိုး ဘာဖြစ်လို့ ဗျာပါဒ၊ အဘိဇ္ဈာဖြစ်ရတာလဲ။ ဗျာပါဒ ဆိုတာ သားလေး သေသွားတယ်။ ငါက ကြားတယ်၊ ကိုယ့်နားကြားတယ်။ ဩော် ငါ့သား သေသွားပါလား၊ ငါ့သမီး သေသွားပါလား၊ ငါ့မိန်းမ သေသွားပါလား၊ ငါ့အိမ်တွေ မီးလောင်ပါလားဆိုတော့ နားကြားတော့သိတယ်။ သိတော့

အဲဒီဘဝင်အသိက ဘာနဲ့ယှဉ်လဲဆိုတော့ အမှတ်နဲ့ယှဉ်တယ်။ ဩော် ငါ့အိမ် မီးလောင်တယ်ဆိုတော့ တစ်ခါတည်း ဗျာပါဒပူတာပဲဗျို့။ ဒါဘာလဲ သံသရာလည်တဲ့တရားခေါ်တယ်။ အဲဒါ ရုပ်နာမ်မသိတဲ့ပုဂ္ဂိုလ် ခေါ်တယ်။ ရုပ်နာမ်မသိတော့ အဝိဇ္ဇာခေါ်တယ်။ ရုပ်နာမ်သိတာက ဝိဇ္ဇာဉာဏ်ခေါ်တယ်။ အဲဒါက ကွာနေတယ်။ ယခုဟောတာက မနောကံဟောနေတာ။ အခုဘဝ ဟောဒီပစ္စုပ္ပန်တည့်တည့် ရှေ့လည်း မမျှော်နဲ့၊ နောက်လည်း မတွေးနဲ့။ ပစ္စုပ္ပန်မှာ မြင်လိုက်တော့မှ မျက်စိမြင်တယ်၊ မျက်စိကမြင်တော့ ဘဝင်ကသိတော့ အဲဒီအသိဟာ အမှတ်နဲ့သိတာ။ ကြားတာလည်း နားက ကိုယ့်နားက တစ်ကယ် ကြားတာ။ ကြားလိုက်တယ်။ ဩော် မင်းအိမ်ကြီး မီးလောင်သွားပြီဆိုတော့ မှတ်တာ။ အဲဒီကြားထဲ အာရုံကို ဘာနဲ့ယှဉ်သလဲ။ အမှတ်နဲ့ယှဉ်တယ်။ အမှတ်နဲ့ယှဉ်တော့ ဥပါဒါန်ဖြစ်ပြီတဲ့။ ကံဖြစ်တယ်နော်။ အဲဒါ သံသရာလည်တဲ့တရား။ ဧကော ဓမ္မောမဟုတ်ဘူး။ ဧကော ဓမ္မော ဘယ်ကလာသလဲ။ ရုပ်ပေါ် နာမ်ပေါ်ကလာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်၊ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ သဘောလေးသာနာ။ ဟောလိုက်တာ သိပ်နုတယ်။ ဒီတရားဟာ အခု ပစ္စုပ္ပန်တည့်တည့် ကိလေသာ က တဏှာ၊ ကိလေသာဆိုတာက ရုပ်တရားခေါ်တယ်။ တဏှာဆိုတာ နာမ်တရားခေါ်တယ်။ အဲဒီ ရုပ်နာမ်မသိတော့ အဝိဇ္ဇာ။ ရုပ်နာမ်သိတဲ့လူက ဝိဇ္ဇာဉာဏ်ခေါ်တယ်။ ဒါကြောင့်မို့ စာကမှန်၏ ဉာဏ် မမီ ထိအောင်သူမသိ၊ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့က သာတယ်။ ခင်ဗျားတို့လည်း လူ့ဘုံကနေပြီးတော့ (၃၁)ဘုံမှာ လူ့ဘုံပါနေတယ်။ အဲဒီလူ့ဘုံပါနေတဲ့အခါမှာ ခင်ဗျားတို့ လာတာလည်း တစ်ယောက်တည်း၊ ပြန်တော့လည်း တစ်ယောက်တည်း။ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ ဆိုတာရှိတယ်။ တဏှာ၊ မာန၊ ဒိဋ္ဌိက အာရုံပေါ်မှာဖြစ်နေတယ်။ မနောမှာ လုံ့သုံးချောင်းစိုက်နေတယ်။ သိပ်နုတယ်။ ကိုယ့်အကြောင်း၊ ကိုယ့်အတင်းတွေ သူများပြောတယ်ဆိုရင် စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတယ်နော်။ စေတနာက ပျက်သွားပြီ။ အဲဒီပြောတဲ့လူအပေါ်မှာ ကိုယ်က စေတနာပျက်ရင် ဘာဖြစ်လဲ။ ဝိသုဒ္ဓိသီလ အတွင်းသီလမစင်ကြယ်ဘူး။ ဘာကြောင့်လဲ အပြင်ယူ ထားတာကို ပညတ်ကိုယူထားလို့ ပရမတ်ကိုမသိတော့ဘူး။ ဒါကို ခင်ဗျားတို့ကို မြောင်းမြက လာပြီး တော့ ပဲခူးက ရွှေမော်ဓောဘုရားဂေါပကက ဟောပါဆိုလို့ ခုလာဟောတာ။ ရန်ကုန်မှာ ဟောပါဆို တော့ ဟောတော့ဟောပြီးပြီ။ ပဲခူးလည်း ဟောပြီးပြီ။ ရန်ကုန်လည်း ဟောပြီးပြီ။ အခုတစ်ခါလည်း တန်းလာတယ်။ ညဘက်မှာဟောပါဦးတဲ့။ ဘုန်းကြီးက ပြန်ချင်နေပြီ။ ဘာဖြစ်လို့လဲ။ သိတာကို ဒါတွေ ဟာ ကံတရားတွေပဲ။ အာရုံ(၆)ပါးကို မလွတ်လို့ ဩော် သူတို့ရဲ့ စေတနာ၊ သဒ္ဓါ၊ ဝိရိယတွေ၊ သီလ၊ သမာဓိတွေ၊ ပညာတွေပဲ။ သူတို့ရဲ့ ဆန္ဒကို ဘယ်လိုလိုက်မယ်ဆိုတာ ဦးပဏ္ဍိတ လိုက်တယ်။ ဦးပဏ္ဍိတ

ရဲ့ နှလုံးသွင်းတဲ့ အာရုံကို ဘယ်သူသိမလဲ။ ဘယ်သူမှမသိပါဘူး။ အဲဒါကို အနားကပ်တဲ့လူတောင် မသိပါဘူး။ ခင်ဗျားတို့ရှိတဲ့ မြန်မာနိုင်ငံတော်မှာရှိတဲ့ သံဃာထေရ်ကြီး အခုနက အများကြီးရှိကြတာ ပေါ့။ စာတတ်တွေ ဒီကတစ်လုံးမှမတတ်ဘူး။ မေးပါတဲ့။ ခင်ဗျားမေး ဒီကလည်း ပြန်မေးမယ်နော်တဲ့။ ရုပ်နာမ်သိတဲ့လူကလည်း ပြန်မေးမယ်နော်တဲ့။ ခင်ဗျားကလည်း စာသိနဲ့ပြောတာ။ စာသိနဲ့၊ ဝိပဿနာ သိ၊ ခန္ဓာသိတဲ့ ဝိပဿနာသမားကမေးတဲ့ မင်းတို့သီလအမျိုးအစားရှိတယ်ကွတဲ့။ ခုနက ဒကာ၊ ဒကာမ များ စောင့်စည်းတဲ့သီလက သီလ၊ ဒါန၊ ဘာဝနာလို့ခေါ်တယ်။ အဲ ခင်ဗျားတို့လိုင်းက ဒီဘက်က လိုင်းက ရုပ်နာမ်သိတဲ့လူက အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာ(၃)ပါးက အဆီအနှစ်ထုတ်တော့ ကော ဓမ္မော။ ကော ဓမ္မော ဘယ်ကလာသလဲ။ ရုပ်ပေါ် နာမ်ပေါ်ကလာတယ်။ အဲဒီတော့ ဓမ္မောကို ခံစားတာ ဒီသဘောပဲ။ အဲဒါကျတော့ ခင်ဗျားတို့ ခေါင်းတွေကိုကိုင်တယ်။ ဓါတ်ပေါက်တဲ့ရဟန်း ခေါ်တယ်။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓါတ်(၄)ပါးကိုပေါက်တဲ့ရဟန်းခေါ်တယ်။ အဲဒါကြောင့်မို့ ခင်ဗျားတို့ကို ပညတ်သွားရာ ဓာတ်သက်ပါဆိုတဲ့ ခေါင်းကိုင်ပေးလိုက်တာ ဉာဏ်ပုဂ္ဂိုလ်ခေါ်တယ်။ ဦးဇင်းရဲ့ သစ္စာမှန်ကန်ရင် သမုတိသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယတ္တသစ္စာ မှန်ရင် နာမ်ပုဂ္ဂိုလ်က သူ့ဟာသူလာလိမ့်မယ်။ အဲဒါထုတ်ပြဆိုတော့ ဦးဇင်း က ထုတ်ပြလို့မရဘူး။ ဒါ ဦးဇင်း ခင်ဗျားတို့ကိုပြောလိုက်မယ်။ အဲဒီခင်ဗျားတို့ရုပ်လည်းရှိတယ်။ နာမ်လည်းရှိတယ်။ ခင်ဗျားတို့ သမ္မာနဲ့ယှဉ်။ သမ္မာနဲ့ယှဉ်ရင် အဲဒီနာမ်ပုဂ္ဂိုလ်က သူတို့စောင့်ရှောက်တယ်။ ကိုယ်က မိစ္ဆာအယူတွေနဲ့ သက္ကာယဒိဋ္ဌိအယူတွေ ထင်တာ တောက်လျှောက်ပြော။ အရက်မူးအောင်သောက်၊ နေချင်သလိုနေ၊ လုပ်ချင်သလိုလုပ်တော့ အဲဒါ ခင်ဗျားထိုက်နဲ့ ခင်ဗျားကံ၊ ကံကိုဟောတာ။ ကံမြင့်တော့ ခင်ဗျား ဘာ လုပ်လုပ် စီးပွားအကျိုးဖြစ်ထွန်းတယ်။ ကံနဲ့ယှဉ်ရင် ဝိရိယအကျိုးလေးလောက်ပဲ စားရတယ်။ ကံအကျိုး မပေးဘူး။ ကံကိုယုံကြည်ပါ။ ကံဆိုတာ ကောင်းတဲ့ကံ ရှိတယ်။ မကောင်းတဲ့ကံ ရှိတယ်။ ကံဆိုတာ သဒ္ဓါ သံပတ္တိ။ ရတနာသုံးတန် ကံ ကံ၏ အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူရှိခြင်းကို လည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏တဲ့။ ခင်ဗျားတို့ကံက တဏှာပါနေတယ်။ အရိယာကံက တဏှာမပါဘူး။ အဲဒါကွာနေတယ်။ တဏှာဆိုတာ သာယာတာ။ ဟာ တဏှာပစ္စည်းလှူလိုက်ရလို့ ဝမ်းသာတယ်။ အဲဒါ နတ်ဘုံကိုရောက်နိုင်တယ်။ အဲဒီလိုပုဂ္ဂိုလ်မျိုးက သူ့ပစ္စည်းလေးကိုစားလိုက်တာ။ ဝမ်းကိုသာနေတာ။ ပီတိကိုဖြစ်နေတာ။ အဲဒါ သူစိတ်ချမ်းသာတာ။ စိတ်ချမ်းသာတော့ အဲဒါ သူက ကောင်းတဲ့သူကိုကပ်တယ်။ အဲဒီတော့ ကောင်းတဲ့သူကလည်း ဓမ္မဖြစ်ရမယ်။ ဓမ္မအစစ်ဖြစ်ရမယ်။ ရဟန်းကလည်း ဓမ္မအစစ်ဖြစ်ရမယ်။ ကုသလာနံ ဓမ္မာနံ ဟေတုပစ္စယောတဲ့။ ဝေဒနိယမိဋ္ဌ လက်ငင်း

မျက်မှောက်အကျိုးပေးတယ်တဲ့။ မင်း ဆုမတောင်းနဲ့။ မင်းစေတနာ မင်းအကျိုးပေးလိမ့်မယ်။ စေတနာ ပုပ်စပ်ရင် မင်းပုပ်စပ်သလိုဖြစ်မယ်။ စေတနာကောင်းရင် ကောင်းသလိုဖြစ်မယ်။ မင်းအပေါ်မှာ မူတည်တယ်။ အဲဒီဓမ္မကလည်း စစ်ရမယ်။ ဒါဟောတာပါ။ ပြန်တော့ပြန်ကြမှာပဲ။ ဦးပဏ္ဍိတလည်း ပြန်ရမှာပဲ။ ခင်ဗျားတို့လည်း ပြန်ရမှာပဲ။ (၃၁)ဘုံကိုလွတ်အောင်ရုန်းကြ။ (၃၁)ဘုံကိုလွတ်တယ်ဆိုတာ ရုပ်နာမ်ကို မစွဲတော့ဘူးဆိုရင် အဲဒါ လွတ်ပြီပဲ။ အဲ ရုပ်က ကိလေသာ၊ ကိလေသာဝဋ်၊ ကမ္မဝဋ် စာက ရေးထားတယ်။ ကိလေသာဝဋ်ကို မပယ်နိုင်တော့ ကမ္မဝဋ်ကို မသိတော့ဘူး။ စွဲကုန်ရော။ ကြည့်စမ်း အဲဒီနှစ်ပင်လိမ်နေတာ။ အဲဒီနှစ်ပင်လိမ်နေတာ။ အစွဲတရားကိုဟောသွား တာ။ ကိုယ့်စိတ်ကိုယ်စစ်။ မဂ္ဂင်နဲ့စစ်။ အဲ လမ်းဆုံးတော့ ရွာတွေ့မယ်။ အဲဒါ ရွာတွေ့တော့ ခင်ဗျားတစ်မျိုးဖြစ်ပြီပေါ့။ ခင်ဗျားလည်း အိမ်ပေါ်က အောက်ဆင်းသွားပြီ။ ဘာလို့လဲ။ သွေးသားပြောင်းသွားတာကို မိရိုးဖလာသွေးသားတွေ ပြောင်းသွားပြီ။ ဓမ္မသွေးသားတွေဖြစ်သွားပြီ။ အဲဒါကိုဟောတော့ မိရိုးဖလာသွေးသားတွေဖြစ်နေကြပြီ။ တရားထိုင်ကြ။ ဒါလောက်ဆိုပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား။ )

# မြောင်းမြမြို့
# ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)
# အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

## ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

## ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၂၅.၇.၂၀၀၂)ရက်နေ့
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
ဝါဆိုသင်္ကန်းကပ်လှူပွဲ (နံနက်ပိုင်း)တွင်
ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

## ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၆၇)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ် (၁၆၇)
# (၂၅.၇.၂၀၀၂) ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့၊ ဝါဆိုသင်္ကန်းကပ်လှူပွဲ
# ဝိသုဒ္ဓိဆရာတော် တရားတော် (နံနက်ပိုင်း)

အဲဒီတော့ ကိလေသာဝဋ်နဲ့ ကမ္မဝဋ်ဟာ တွဲနေတယ်။ တွဲနေတဲ့အခါကျတော့ ခုနက ဥပမာပေါ့။ သုမေဓာရှင်ရသေ့ ဆိုတာရှိတယ်။ သူကလည်း ဒီပင်္ကရာဘုရားကြီး က ကြွလာတာ။ သူက ဝမ်းလျားထိုးမှောက်တယ်။ အဲဒီဘုရားကလည်း သူ့ကို ဗျာဒိတ်ပေးတယ်။ ဗျာဒိတ်ဆိုတာကတော့ ဗမာလို နောက်လာမဲ့ကမ္ဘာမှာပွင့်မည့် ဘုရားပဲ။ သဘောလေးပဲ။ အဲဒီတော့မှ ဒကာမကြီးတစ်ယောက်က ပန်းလာလှူတယ်။ ဒါနရယ်၊ သီလရယ်၊ ဘာဝနာရယ် အာရုံ(၆)ပါးကို ဒီဒါနနဲ့ဆေးကြောတယ်။ သီလနဲ့ ဆေးကြောတယ်။ ဘာဝနာနဲ့ ပွားများတယ်။ သူကလည်း ဆုတောင်းတယ်။ တောင်းတဲ့အခါကျတော့ ဒီပင်္ကရာဘုရား ဆုပေးတယ်။ ဆုတောင်းတဲ့အချက်တွေရတာပေါ့။ စာကလည်း ရေးထားတဲ့ တစ်ထောင်နဲ့တို့တာတို့ ဘာတို့ မဟုတ်ပါဘူး။ တစ်တောင်နဲ့တို့တယ်ဆိုတာ ဒကာကြီးတို့တွေးကြည့်ပေါ့။ ဘာပြုလို့လဲ။ တောင်းတဲ့အကြောင်းအကျိုးကြည့်ပေါ့။ သာသနာ့အကျိုးကို ပါရမီဖြည့်တာပါ။ တစ်ချို့ကတော့ တစ်ထောင်နဲ့တွက်တယ်ပြောကြတာ မဟုတ်ပါဘူး။ အဲဒါကြောင့် ထူးခြားတာပေါ့ဗျာ။ ဝတ္ထုကတော့ ကိုယ်ရှာမှရမယ့် အဲဒီပစ္စည်းကို ပကာသနမထားပဲနဲ့ ကိုယ့်ရဲ့ဘုရား၊ တရား၊ သံဃာ (၃)မျိုးရှိတယ်။ ဘုရားရယ်၊ တရားရယ်၊ သံဃာရယ်။ ဒါကြောင့် စေတနာသုံးတန်လို့ခေါ်ပါတယ်။ အဲဒါကိုသူလှူလိုက်တော့ ဒါလှူတဲ့အခါမှာလည်း သူ့နှလုံးသားထဲက စေတနာဟာ သူပဲသိလိမ့်မယ်။ ငါ့စေတနာဟာ ဒီနေ့၊ ဒီရက်၊ ဒီလ၊ ဒီမိနစ်၊ ဒီအချိန်မှာ ငါ့နှလုံးသားရဲ့ စေတနာဟာ ဘယ်လိုလဲဆိုတာ သိရင် ဒါ သူရသွားပြီ။ အဲဒီလိုသိသွားရင် သူမှန်ကန်တဲ့အသိပါ။ အလှူခံတဲ့ရဟန်းလည်း မှန်ကန်တယ်ဆိုရင်တော့ ဘဝတွေ ဘဝတွေပါသွားပြီ။ ဒီသဘောပေါ့။ သူသိရမယ်။ ကုသလာနံ ဓမ္မာနံ ဟေတု ပစ္စယောတဲ့။ ဝေဒနီယဒိဋ္ဌ လက်ငင်းမျက်မှောက်ခံစားရပါလိမ့်မယ်။ အဲဒီသဘောပဲ။ အဲဒါမပျက်တော့ဘူး။ ဒီဘဝ သူရသွားပြီ။ ရဟန်းကလည်း ကိလေသာဝဋ်ကို သူသိတဲ့အတွက် ကမ္မဝဋ်ကို ဒီဘဝမှာ သူကရှောင်တယ်တဲ့။ ကံဖြစ်မယ့်ဝဋ်ကို သူမလုပ်ဘူးတဲ့။ အစွဲမလုပ်တော့ဘူး။ ဒီသဘောပဲ။ ကိလေသာဝဋ်ဆိုတာ သူခံစားနေရတယ်။ ဒုက္ခသစ္စာကြီး။ အဲဒါကြီးကို သူကြည့်ကြည့်ပြီးတော့ လူတွေအနားအကပ်မခံတော့ဘူး။ မင်းတို့သွားကြ။ မင်းတို့နဲ့နေချင်တဲ့ဆန္ဒမရှိတော့ဘူး။ လာလှူကြတာကို ဒီက လက်ခံပေးတာပါ။ နောက်သိပါလိမ့်မယ်။ နောက်ဒီ ဝိသုဒ္ဓိကျောင်းဟာ တစိမ့်စိမ့်သိလာပါလိမ့်မယ်။ ဓါတ်တို့၊ သိုက်တို့၊ နတ်တို့၊ မင်္ဂတို့ အဲဒါကိုဗျ။ သူက ဓာတ်အောင်သွားတဲ့ရဟန်းခေါ်တယ်။

ခါတ်အောင်တဲ့အခါကျတော့ ဘယ်လိုလဲ။ အဲဒီတော့ လျှုတဲ့လူကလည်း ခါတ်ခိုက်သွားတယ်။ အပြင်မှာ သူမျက်ရည်ကျတယ်။ ခါတ်ခိုက်သွားပြီ။ အဲဒီတော့ ဟိုပုဂ္ဂိုလ်ကြီးကလည်း မျက်ရည်ကျတယ်။ အဲဒီသဘောပေါ့။ သူ့မျက်ရည်ကတော့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ မျက်ရည်တွေမဟုတ်ပါဘူး။ အင်မတန်မှ သဘောပါပဲ။ ဒီကမပြောတတ်လို့။ သူ့မှာ တရားထူး၊ တရားမြတ်တွေ ကိန်းဝပ်ပါတယ်။ ဒီလောက်ဆို ပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား။ )

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၂၅.၁.၂၀၀၂)ရက်နေ့

ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့

ဝါဆိုသင်္ကန်းကပ်ပွဲ (နေ့လည်ပိုင်း)တွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၆၈)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ် (၁၆၈)
# (၂၅.၇.၂၀၀၂) ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့ ဝိဆိုသက်နိုးကာမိလှူပွဲ
# ဝိသုဒ္ဓိဆရာတော် တရားတော် (ညနေပိုင်း)

ဦးဇင်း က စာပေကျမ်းဂန်မတတ်ဘူး။ စာပေကျမ်းဂန်မတတ်တဲ့အတွက်ကြောင့် ခန္ဓာသိကို ပြောပြပါ့မယ်။ အခု နှစ်ပေါင်း(၂၅၀၀)ကျော်လာတဲ့အတွက် အခုပစ္စုပ္ပန်မှာ တည့်တည့်လေးပဲ မြင်တာသိတယ်၊ ကြားတာသိတယ်၊ နံတာသိတယ်၊ စားတာသိတယ်။ မနောကသိတာနော်။ အဲဒီတော့ သဘောလေးနဲ့သာနာ။ မြင်တော့သိတယ်၊ ကြားတော့သိတယ်။ ဥပမာ နားနှစ်ဖက်မကြား ဘူးဆိုရင် မသိဘူးတဲ့။ မျက်စိနှစ်ဖက် မမြင်ဘူးဆိုရင် မမြင်ဘူးတဲ့။ မြင်တော့ လောဘဖြစ်တယ်၊ ကြားတော့ မနောကသိတယ်။ ဒီတော့ အသိလေးတွေကို ဦးဇင်း သဘောလေးဟောပြပါ့မယ်။ စာပေကျမ်းဂန် ကရေးထားတာရှိတယ်။ ဒုက္ခသစ္စာတဲ့။ ဆင်းရဲခြင်းအမှန်တရား သမုဒယသစ္စာတဲ့။ ဆင်းရဲခြင်း၏ အကြောင်း အမှန်တရား၊ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာ သစ္စာလေးပါး။ ဒီသစ္စာလေးပါးဟာ ဘာတွေ ဘုရားကဟောသလဲ။ သဘောလေးနဲ့သာနာနော်။ အဲဒီတော့ ဘုရားက ဒီသစ္စာလေးပါးကို ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရားပါပဲတဲ့။ သမုဒယသစ္စာ ဆင်းရဲခြင်းအကြောင်း အမှန်တရားပါပဲတဲ့။ နိရောဓ သစ္စာနဲ့ မဂ္ဂသစ္စာ ဒီလေးပါးဟာ သိချင်တယ်။ ဦးဇင်းတို့ ခင်ဗျားတို့ အကုန်သိချင်တာပဲ။ အဲဒီတော့ အကုန်သိချင်တော့ ဒီအသိကိုရှာရမယ်။ အဲဒီတော့ ဒီအသိရှာတဲ့အခါကျတော့ ဒါ စာကရေးထား တယ်။ ကိလေသာဝဋ်တဲ့၊ ကမ္မဝဋ်တဲ့၊ ဘဝဝဋ်တဲ့၊ ဝိဘာဂဝဋ်တဲ့။ ဝဋ်လေးပါး ခုနကဟာက ဒုက္ခသစ္စာတဲ့၊ သမုဒယသစ္စတဲ့၊ နိရောဓသစ္စာတဲ့၊ မဂ္ဂသစ္စာတဲ့။ အခု ဒီဟာက ကိလေသာဝဋ်တဲ့၊ ကမ္မဝဋ်တဲ့၊ ဝိဘာဂဝဋ်တဲ့။ အဲဒီတော့ ဒီကမ္မဝဋ်ကို ပြတ်ချင်တယ်။ ဦးဇင်းတို့ ဒီဘဝမှာ ကံဆိုတာ အစွဲဥပါဒါန်။ ခုနမြင်လိုက်တော့ စက္ခုအာရုံကြောင့် မနောက သိတတ်တယ်၊ နားသောတကြောင့် မနောကသိတယ်နော်။ နံ့သာကြောင့် နှာခေါင်းသိတယ်။ ဇိဝှါကြောင့် မနောကသိတယ်။ ဒါ လျှာပေါ်မှာ တင်ရင် မနောကသိတယ်။ မနောအသိကို ဟောတာ ဒီမနောအသိက အာရုံ(၅)ပါးအပေါ်မှာ အဲဒီတော့ ကံလေးတွေ ဖြစ်,ဖြစ်သွားတယ်။ ဘယ်လို,ဘယ်လို ဖြစ်သွားတာလဲနော်။ သူရေးထားတာပဲ။ ဘာတွေ ရေးထားလဲ။ ကာယကံ ဒါ ကံတရား၊ ဝစီကံ ကံတရား။ ဒါစွဲရင် ကံပဲ။ မနောကံကြတော့ ဘာလဲ၊

ဗျာပါဒရယ်၊ အဘိဇ္ဈာရယ်၊ ဒိဋ္ဌိရယ်။ ဒိဋ္ဌိဆိုတာ ဒိဋ္ဌိကိုပယ်မှ သက်ပွကိုရမယ်။ ဒိဋ္ဌိကိုသိမှ သက်ပွကိုရောက်မယ်။ မဂ္ဂင်ရှစ်ပါးက ရေးထားတယ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ တွေ့လား။ ဒိဋ္ဌိကိုယူသွားပြီ။ သမ္မာသက်ပွတဲ့ လွတ်သွားပြီ။ အဲဒီပုဂ္ဂိုလ်က လွတ်သွားပြီ။ ဘာလွတ်သွားပြီလဲဆိုရင် အာရုံကိုလွတ်သွားတယ်။ ကြားတဲ့ အာရုံကို လွတ်သွားတယ်။ ကြားတဲ့အာရုံကိုလည်းလွတ်ပြီ၊ မြင်တဲ့အာရုံကိုလည်း လွတ်ပြီ။ နံတဲ့အာရုံကိုလည်း လွတ်ပြီ။ အဲဒီစားတဲ့အာရုံကိုလည်း လွတ်ပြီ။ ထိတဲ့အာရုံကိုလည်း လွတ်ပြီနော်။ ဒါကြောင့်မို့ စာက ရေးထားတယ်။ အာသွက္ခယဉာဏ်လို့ခေါ်ပါတယ်။ အဲဒါ စာကရေးထားတယ်ဗျို့။ အဲဒီအာရုံကလည်း စက္ခုအာရုံမှာလည်း သူမစွဲတော့ဘူး။ ဝင်တာ၊ ထွက်တာ နားသောတမှာလည်း အဲ ကြားတယ်။ ကြားတာကိုလည်း မစွဲဘူး။ နံတယ် နံတာကိုလည်း မစွဲဘူး။ စားတာကိုလည်း မစွဲဘူး။ ထိတာကိုလည်း မစွဲဘူး။ သိတာကိုလည်း မစွဲဘူးတဲ့။ ဒါ အာရုံလွတ်သွားတဲ့သဘောပေါ့နော်။ ဒါကြောင့်မို့ ဒကာကြီးတို့၊ ဒကာမကြီးတို့ အားလုံးရှိကြတဲ့ သံဃာတော်အရှင်မြတ်တွေ ဒီဟာကို စွဲတယ်၊ မစွဲတယ်ဆိုတာကို ကိုယ့်စိတ်ကို ကိုယ်စစ်။ ကိုယ်ကောင်းတာလည်းလုပ်တယ်၊ မကောင်းတာကိုလည်း လုပ်တယ်။ ကောင်းတာစွဲရင် သမ္မာဒိဋ္ဌိ၊ မကောင်းတာစွဲရင် မိစ္ဆာဒိဋ္ဌိနော်။ ဒီနှစ်ခုက မလွတ်တော့ဘူး။ အဲဒါ ဘာလဲဆိုတော့ ဘဝင်ကိုပြောတာနော်။ မနော ပြောသွားတာ။ အဲ စက္ခုအာရုံကို မြင်တော့ မနောက သိတယ်။ နားသောတကြောင့် မနောကသိတယ်၊ နံ့သာကြောင့် မနောကသိတယ်၊ ဇိဝှါကြောင့် မနောကသိတယ်။ ကိုယ့်အသားကို ထိလိုက်လို့ရှိရင် မနောကသိတယ်။ သဘောလေးပဲ။ အဲဒီ အသိလေးဟာ ဘယ်လိုလုပ်ရလဲ။ ဟော သိတာလည်း မမြဲပါလား၊ သိတာလည်း မမြဲပါလား၊ မြင်တာလည်း မမြဲပါလား၊ ကြားတာလည်း မမြဲပါလား၊ နံတာလည်း မမြဲပါလားနော်။ သဘောလေးနော။ အဲဒါ အနတ္တတဲ့။ အဲဒါ (၃၁)ဘုံလွတ်တယ်။ ဉာဏ်တရားတွေဗျို့။ အဲဒါ (၃၁)ဘုံလွတ်တဲ့ဉာဏ်တရားပဲ။ (၃၁)ဘုံကိုမလွတ်တဲ့ တရားကတော့ ဘာလဲ။ သမုတိသစ္စာ။ ဟိုဟာက အရိယာတသစ္စာ။ အရိယာ ကျင့်တဲ့အကျင့်တွေခေါ်တယ်။ သမုတိသစ္စာကတော့ ဘာလဲ။ ကာယကံ၊ ဝစီကံ၊ သူများအသက် မသတ်ပါဘူး။ သူများပစ္စည်း မခိုးပါဘူး၊ သူများသားမယား မဖျက်ဆီးပါဘူး။ ဒါ ကာယကံ၊ ဝစီကံ က မုသာဝါဒါမပြောပါဘူး၊ ပိသုဏာဝါစာ၊ ဖရုဿဝါစာ။ အဲဒါတွေကို သူမပြောပါဘူး။ မနောကံကြတော့

အာရုံနဲ့ပတ်သက်တဲ့ကံခေါ်တယ်ဗျို့။ အဲဒီကံကိုထိန်းနိုင်ရင် (၃၁)ဘုံလွတ်တာလည်းဖြစ်မယ်။ မလွတ်တာလည်း ဖြစ်မယ်။ ခင်ဗျားသိရမယ်။ ဒါကြောင့်မို့ သမုတိသစ္စာနဲ့ ဝိရတီသစ္စာ၊ ဝိရတိသစ္စာနဲ့ သဘာဝသစ္စာ၊ သဘာဝသစ္စာနဲ့ ပရမတ္ထသစ္စာ၊ ပရမတ္ထသစ္စာနဲ့ အရိယထသစ္စာ တွေ့လား။ အရိယထသစ္စာဆိုတာက အာရုံကိုပြတ်သွားတာ။ အဲဒါ အရိယာခေါ်တယ်။ အဲဒီလို အရိယာနဲ့ အခုလို ဒကာ၊ ဒကာမနဲ့ သံဃာတော်အရှင်မြတ်တွေ ယုံကြည်တယ်၊ ယုံကြည်တယ်ဆိုတာ ပါဠိလို သဒ္ဓါခေါ်တယ်။ သဒ္ဓါရှိပါတယ်ကွာတဲ့။ ယုံကြည်တယ်တဲ့။ အဲဒီတော့ သမုတိသစ္စာ သူလာတယ်။ ဘုန်းကြီးကို ကျွေးတယ်၊ ပေးတယ်။ သူ့အနေနဲ့ သူ မလာရရင်နေ အဲဒီဘုန်းကြီးကို ကျွေးတယ်။ အဲဒီလိုနှလုံးသားထဲက စေတနာဟာ အဲဒါ သမ္မာဒိဋ္ဌိခေါ်တယ်ဗျို့။ အဲဒီပုဂ္ဂိုလ်ဟာ သမ္မာဒိဋ္ဌိခေါ်တယ်နော်။ အလှူခံတဲ့ရဟန်းက သင်္ကပ္ပခေါ်တယ်ဗျို့။ ဒီနေရာမှာ ကုသလာနံ ဓမ္မာနံ ဟေတုပစ္စယောတဲ့။ ဒါ စာရေးထားတယ်။ ဗမာလို ဦးဇင်း က ပြောတယ်နော်။ သူ့စေတနာ သူပဲသိတယ်။ အလှူခံတဲ့ရဟန်းကလည်း သူပဲသိတယ်။ အဲဒီနှစ်ယောက်ကလာပြီးတော့ သူက သမ္မာဒိဋ္ဌိနဲ့ လာလှူတာ။ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိမဟုတ်ပါဘူးနော်။ သမ္မာဒိဋ္ဌိနဲ့လာလှူတယ်။ အလှူခံတဲ့လူကလည်း ဉာဏ်နဲ့အလှူခံတယ်။ လှူတဲ့လူကလည်း ကံ။ ပုပ္ပ၊ မုဥ္စ၊ ပရဆိုတဲ့ စေတနာသုံးတန်နဲ့လာလှူတယ်။ အဲဒီလူဟာ အပါယ်ပိတ်တယ်ဗျို့။ သူ့စေတနာတွေ့လား။ စေတနာလေးကိုပြောတာ။ စေတနာလေးကိုပြောတာ။ အဲဒီတော့ လှူတဲ့သူကလည်း ပကာသနနဲ့လှူတာနဲ့ ဘယာနဲ့လှူတာ။ အဓိပတိနဲ့ လှူတဲ့ နှလုံးသားထဲက အဓိပတိနဲ့လှူတဲ့ အလှူကတော့ အဲ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက်ဖြစ်တယ်။ ပကာသနနဲ့ ဘယာနဲ့လှူတဲ့လူကတော့ ညောင်ပင်ကြီးလောက်လှူရင် ညောင်စေ့လောက်ရတယ်ဗျို့။ အဲဒီတော့ စေတနာကလည်း မှန်တယ်၊ အလှူခံတဲ့ရဟန်းကလည်း ဓမ္မဖြစ်တယ်ဆိုရင်တော့ အဲဒီလူဟာ အပါယ်ကိုပိတ်တာပဲဗျို့။ ခင်ဗျားနောက်သိလာလိမ့်မယ်။ နောက်ကိုသိလာလိမ့်မယ်။ ဒါကြောင့်မို့ ဦးဇင်း ကနေပြီးတော့ ခုနက ပရိယတ္တိသာသနာ၊ ပရိပတ္တိသာသနာ၊ ပရိဝေဓသာသနာလို့ သာသနာ (၃)ရပ်ရှိပါတယ်။ အဲဒီ သာသနာ(၃)ရပ်ကနေပြီးတော့ ဦးဇင်းတို့ရဲ့ လောကီဘုံမှာနေထိုင်ကြတဲ့ အားလုံး သာသနာကိုလည်း ဘုရားကိုလည်း ယုံကြည်တယ်။ တရားကိုလည်း ယုံကြည်တယ်၊ သံဃာကိုလည်း ယုံကြည်တယ်။ ဒီလိုပုဂ္ဂိုလ်မျိုးတွေက လာပြီးတော့လှူကြတယ်။ ဟိုကျောင်းလည်း သွား

လှူတယ်၊ ဒီကျောင်းလည်း သွားလှူတယ်။ အဲဒါ ကိုယ်က ကံကိုဗျ။ သွားလှူတဲ့လူက တဏှာမပြတ်သေးဘူးဗျို့ တဏှာမပြတ် သေးရင် အယူကမှားတယ်။ အမှတ်ကမှားတယ်။ အစွဲကမှားတယ်။ အယူမှားတယ်ဆိုတာဘာလဲ။ အယူမှားတယ်ဆိုတာ ဘယ်လိုလဲဘုရား။ ဒုက္ခသစ္စာကို ဆင်းရဲခြင်းအမှန်တရားဆိုတဲ့ ကိလေသာဝဋ်ကို မသိရှာဘူးဗျို့ ခန္ဓာက ကိလေသာဝဋ်ကိုမသိတော့ ကာမဝဋ်ကိုမပယ်နိုင်ဘူးဗျို့ တဏှာကို မပယ်နိုင်တော့ဘူး။ အဲဒီတော့ ဒါလေးတွေရှိပါတယ်ဗျာ။ အများကြီးပါပဲ။ ဒါကြောင့် လှူတတ်ဖို့လိုတယ်နော်။ ခင်ဗျားတို့အပေါ်မှာ မူတည်တယ်။ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက်ဖြစ်တယ်။ ညောင်ပင်ကြီးလောက်လှူရင် ညောင်စေ့လောက်ဖြစ်တယ်တဲ့နော်။ စာကရေးထားတယ်။ အဲဒီတော့ ဒီသဘောလေးပါ။ အဝိဇ္ဇာကို သီလနဲ့ ဆေးကြောတယ်၊ ဒါနနဲ့ ဆေးကြောတယ်၊ ဘာဝနာနဲ့ ပွားများတယ်။ ဦးပဏ္ဍိတ ရဲ့ အဝိဇ္ဇာတုံးကြီးကို အဓိသီလနဲ့ ဆေးကြောတယ်။ အဓိစိတ္တနဲ့ ဆေးကြောတယ်။ အဓိပညာနဲ့ဆေးကြောတယ်။ ခင်ဗျားတို့မှာကတော့ သီလဆိုတာက သီလစစ်နဲ့ဆေးကြောတယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ တပည့်တော်တို့ ဒိဋ္ဌိရှိနေလို့ပါဘုရားတဲ့။ အဲဒီတော့ ခင်ဗျားတို့ ဒိဋ္ဌိရှိတယ်ဆိုတာ အာရုံကိုသွားယူတယ်နော်တဲ့။ အာရုံကိုသွားယူတာ၊ ဘာနဲ့ယူသလဲတဲ့။ အမှတ်နဲ့ယူတယ်တဲ့။ ငါမြင်တယ်၊ ငါကြားတယ်၊ ငါသိတယ်၊ ငါ့သား၊ ငါ့သမီး၊ ငါ့မယား၊ ငါ့အိမ်၊ ငါ့ကားဆိုပြီးတော့ အယူမှားတယ်တဲ့နော်။ အဲဒီတော့ ဘာဖြစ်လို့အယူမှားသလဲ။ ဒုက္ခသစ္စာကိုမသိဘူးတဲ့။ ဒုက္ခသစ္စာကိုမသိရင်တဲ့ သမုဒယအကြောင်းကို မပယ်နိုင်ဘူးတဲ့။ အဲဒီတော့ ဒုက္ခသစ္စာကိုတော့ မပယ်နိုင်ပေမယ့် ဟောဒီအခုကာလအချိန်ပေါ့ဗျာ။ ရုပ်နာမ်းကလည်းစစ်တယ်၊ ခင်ဗျားရဲ့စေတနာကလည်း စစ်တယ်ဆိုရင်တော့လည်း အပါယ်ပိတ်တယ်တဲ့နော်။ အဲဒီတော့ တဏှာတော့ရှိတာပေါ့ဗျာ။ တဏှာရှိတော့ (၃၁)ဘုံကိုသူမလွတ်နိုင်သေးဘူး။ သူအပါယ်လေးပါးတံခါးပိတ်နေပြီဗျို့ အဲဒီလူဟာ သေလို့ရှိရင်တော့ ကောင်းရာသုဂတိနတ်ပြည်ကိုရောက်တာပေါ့။ နတ်ရထားနဲ့ ခေါ်မှာပေါ့။ အားလုံး ခင်ဗျားတို့တွေ ယခုလိုတရားသိ၊ တရားမှန်၊ ခန္ဓာကသိတဲ့ ကံတရား၊ ဉာဏ်တရားတွေနဲ့ လာပြီးတော့လှူကြ တယ်၊ တွေ့ကြုံဆုံကွဲ အနတ္တကိုဗျ။ မြင်တာလည်း မမြဲပါလား။ အဲဒါ အနတ္တပဲ။ ကြားတာလည်း မမြဲပါလား။ အဲဒါ အနတ္တ ဒီလိုအနတ္တကို ဘဝင်မှာ နှလုံးမှာကိန်းဝပ်ပြီးနေရင် လောဘလည်းခမ်းပါတယ်။ ဒေါသလည်း ခမ်းပါတယ်။ မောဟလည်း ခမ်းပါတယ်။

တဏှာ၊ မာန၊ ဒိဋ္ဌိလည်း ခန်းပါတယ်တဲ့။ ဒီအနတ္တကို နှလုံးသွင်းပြီးတော့ကြည့်လိုက်တဲ့အခါ ဩော် အေး အေး အေး။ ဒီသဘောပဲ။ အင်မတန် ထူးပါတယ်။ ခုနက ဦးဇင်း က ဒါကျင့်တဲ့ပုဂ္ဂိုလ်နော်။ ဦးဇင်းရဲ့သဘောလေး အခုကာလဖြစ်တဲ့ ကိစ္စကိုပြောတာပါ။ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရားပဲတဲ့။ သမုဒယသစ္စာ ဆင်းရဲခြင်းအကြောင်း အမှန်တရားပဲတဲ့။ နိရောဓနဲ့ မဂ္ဂသစ္စ။ သစ္စာလေးပါးကို သဘောလေးတွေပြောတော့ အဲဒီတော့ ဒီ ဦးပဏ္ဍိတ က သစ္စာလေးပါးကိုကျင့်လိုက်တဲ့အခါကျတော့ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ ကိုသိတယ်။ သိတဲ့အခါကျတော့ ဘယ်လိုအာရုံတွေရသလဲတဲ့။ နိရောဓနဲ့ မဂ္ဂကို ရသွားတဲ့အခါကျတော့ သူ့ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာအစွဲကို ပယ်ပြီဗျို့။ မဂ်ကပယ်လိုက်ပြီ။ ဒုက္ခသစ္စာကိုခံနေရတယ်။ ခံနေရတဲ့အတွက်ကြောင့် အဲဒီတော့ ဦးဇင်း မှာ ဘာဖြစ်လဲဆိုတော့ အခုအချိန်ကာလ ဝမ်းသွားတယ်၊ ဟာ ဝမ်းကိုက်တယ်။ ဝမ်းကိုက်တော့ သူက အာရုံနဲ့ နိရောဓအာရုံကိုဝင်ပြီးတော့ ဒုက္ခသစ္စာကို သူရှုကြည့်တာ။ ဩော် အေး အေး။ ငါဟာ ကိလေသာဝဋ်ကြီးပါလား၊ ငါခံစားနေရတယ်။ စိတ်ဆင်းရဲတာမဟုတ်ပါဘူး။ ဒီကိလေသာဝဋ်ဟာ အလွန်ကြောက်မက်ဖွယ်ကောင်းလှပါတယ်။ နိရောဓရတဲ့အတွက်ကြောင့် နိရောဓနဲ့ ကိလေသာဝဋ်ကိုပြန်ကြည့်တယ်။ ဒုက္ခသစ္စာဖြစ်နေပါလား။ အဲဒါကိုတော့ ပယ်လို့မရဘူးဗျ။ အစွဲဥပါဒါန်ကိုတော့ ပယ်လို့ရတယ်။ အဲဒါတွေကိုတော့ ဒီလိုပုဂ္ဂိုလ်ကို ဒါဖြင့်ရင် ငါ ရန်ကုန်မြို့မှာ ဒီလိုဝမ်းပျက်နေပါလား။ အကြီးအကျယ်ရောက်နေပါလား။ ဘယ်သူ့ကိုမှမပြောဘူး။ သူများကို စိတ်ညစ်အောင်မလုပ်ဘူး။ ကိုယ့်ကိုယ်ကို ခံပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သိတာကို ကိလေသာဝဋ် ဒုက္ခသစ္စာ၊ ကိလေသာဝဋ်ကြီး ဒုက္ခသစ္စာဖြစ်နေပါလား။ ဒုက္ခတဲ့။ သူ ဒုက္ခသစ္စာဖြစ်နေပြီ။ ဒါကိုတော့ ပယ်လို့မရဘူး။ အဲဒီတော့ ဘေးနားကလူက အဲဘုန်းဘုန်း ဘာများဖြစ်လို့လဲ။ သူတို့က ပြုစုပေးမယ်။ အကုန်လုပ်ပေးမယ်။ ပြည့်စုံပါတယ်ကလေးရယ်၊ ပြည့်စုံတယ်။ အဲဒါ သူများကိုဒုက္ခမပေးဘူး။ ကိုယ့်ကိုယ်ကို ခံနေတယ်။ အဲဒီတော့ခုနက သမုတိသစ္စာကတော့ အမယ်လေး ဘယ်သူလာပါ၊ ဘယ်ဝါလာပါ။ ကျုပ်တော့ ဘာဖြစ်တာပဲဆိုပြီး သူများကို ဒုက္ခသွားပေးတာပဲ။ မပေးဘူးနော်။ အဲဒီလိုအသိတရားမှန်ခဲ့ရင် ခင်ဗျားတို့လည်း စေတနာတွေမှန်မှာပေါ့ဗျာ။ ဟာ ခင်ဗျားတို့မှာ အင်မတန်ထူးပါတယ်။ ဘုရားကဟောသွားတယ်။ စေတနာကိုဟောသွားပါတယ်။ ခင်ဗျားတို့ ပုပ္ပ၊ မုဥ္စ၊ ပရဆိုတဲ့ စေတနာ အဲဒီရဟန်းကလည်း

ဓမ္မအစစ်ဖြစ်ရမယ်တဲ့။ ဒါကြောင့်မို့ ဒီကျောင်းမှ (အုန်းအုန်း)နဲ့ နေကြတယ်။ တစ်နေ့ အချိန်ကျလို့ ရှိရင်တော့ အဲဒီပန်းက ပွင့်မှာပဲ။ ပန်းပွင့်ရင်တော့ ခင်ဗျားတို့ ဒီပန်းကိုဆောင်ထားကြပါ။ ခင်ဗျားတို့ ဘဝ,ဘဝရဲ့ အတိတ်ဖြစ်စဉ်တွေပါသွားပြီ။ အဲဒီပန်းဟာနော် ခင်ဗျားတို့ဘာဖြစ်ဖြစ် သည်းခံ။ ကိုယ့် စေတနာမပျက်နဲ့။ အာရုံပေါ်မှာ မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိတွေနော်။ သမ္မာနဲ့သုံးပါဗျာ။ ခင်ဗျားတို့သည်းခံထား။ အင်မတန် နောက်သိလာလိမ့်မယ်။ တစ်ချို့ မဂ္ဂင် မဂ္ဂင်ဖေါင်ပေါ်က ဆင်းတဲ့သူ၊ တစ်ချို့က တဝေတဝက် လိုက်လာတဲ့လူလည်းရှိတယ်။ ဒါကတော့ ခင်ဗျားတို့ရဲ့ စေတနာပဲဗျို့နော်။ အင်မတန်ထူးတယ်။ နောက်သိလိမ့်မယ်။ ဦးဇင်း က ခင်ဗျားတို့ သိရပါလိမ့်မယ်လို့ပြောထားတယ်နော်။ မှားရင်လည်း သိရလိမ့်မယ်။ မှန်ရင်လည်း သိရလိမ့်မယ်။ ခင်ဗျားတို့ သေသေချာချာ စေတနာသာ မပျက်စေနဲ့။ ဘယ်သူပဲ ဘာပြောပြော ဘယ်သူကပဲ ဘာဆိုဆို သည်းခံပါ။ အဲဒီတော့ အပေါင်း အသင်းမကောင်းရင် ပျက်တတ်တယ်။ အပေါင်းအသင်းကောင်းရင် တက်တတ်တယ်။ အဲဒါတော့ ကိုယ်က အရိယာစိတ်ကလေးမဟုတ်သေးဘူး။ သမုတိစိတ်နော်။ သမုတိစိတ်ကနေပြီးတော့ ခုနကလို သက္ကာယဒိဋ္ဌိတွေ၊ မိစ္ဆာဒိဋ္ဌိတွေ၊ အတ္တဒိဋ္ဌိတွေနဲ့ ကိုယ့်လာပြောရင် ကိုယ်ကလည်း ဒီ ဒိဋ္ဌိတွေရှိတယ် ဗျ။ ကိုယ်ကလည်း အစွဲရှိတော့ စိတ်ပျက်တယ်။ အဲဒီမှာ ခုန်ဆင်းသွားလိမ့်မယ်။ မဂ္ဂင်ပေါ်က ခုန်ဆင်းသွားလိမ့်မယ်။ သူ့ဟာသူဆင်းမှာ။ အဲဒီတော့ အသာလေး အာရုံမှာ စေတနာမပျက်စေနဲ့။ အဲဒီအာရုံပေါ်မှာ မြင်၊ ကြားတယ်။ ခင်ဗျား စေတနာမပျက်ဘူး။ သဘောပေါက် သွားတယ်နော်။ ဒီလောက်ဆိုရင် တော်ရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား။ )

# ဖြောင်းမြမြို့

# ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

# အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

## ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

## ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၃၁.၅.၂၀၁၃)ရက်နေ့

မုံရွာမြို့၊ ဒေါ်ရေသွယ် နေအိမ်တွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

## ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၆၉)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ် (၁၆၉)
# (၃၁.၅.၂၀၀၃) မုံရွာမြို့၊ ဒေါ် ရေသွယ် နေအိမ်၊
# ဝိသုဒ္ဓိဆရာတော် တရားတော်

လူ့ဘုံကိုရောက်လာတယ်။ တို့ဘာတွေကို မပယ်နိုင်သလဲ။ ကမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ အဲဒါ စာတွေ့။ သိပ်မှန်တယ်။ ဦးပဏ္ဍိတ က ဉာဏ်နဲ့ကြည့်တာ။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊ ဉာဏာဥဒပါဒိ ရေးထားတယ်။ ဒီက အာဏာစက်ရှိတယ်။ တွေ့လား။ ဆေးဖြစ်စေဆိုပြီး လုပ်လိုက်တယ်။ ဆေးဖြစ်တယ်။ စာမတတ်ဘူး။ ကံကိုဟောသွားတာ။ အစွဲဥပါဒါန်ကိုဟောသွားတာ။ သောကပဋိဒေဝ။ အဲဒါစာ။ တဏှာတည်းပါယ်ပြီ။ ပယ်မှ မဂ်ဖိုလ်ကို ရမယ်။ ခင်ဗျားတို့ဘယ်သူမှ ပေးတာမဟုတ်ဘူး။ ကျင့်လို့ရတာ။ သစ္စာတွေမှန်ရမယ်။ အရိယထသစ္စာ မှန်ရင် ဝိသုဒ္ဓိရမယ်။ သမုတိသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယထသစ္စာတွေ ရှိတယ်။ ဒီလောက်ဆိုပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား။ )

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာစေတီပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၃၁.၅.၂၀၀၃)ရက်နေ့

မုံရွာမြို့၊ ဆုတောင်းပြည့်ဘုရားတွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၇၀)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၁၇၀)
# (၃၁.၅.၂၀၀၃) မုံရွာမြို့၊ ဆုတောင်းပြည့်ဘုရား
# ဝိသုဒ္ဓိဆရာတော် တရားတော်

ဦးဇင်း က စာပေကျမ်းဂန်မတတ်ပါဘူး။ စာကိုပယ်တာမဟုတ်ဘူး။ ငယ်စဉ်တောင်ကျေးက မသင်ခဲ့လို့ မတတ်တာပါဗျာ။ စာမတတ်တော့ အားလုံး သံဃာတော်အရှင်မြတ်တွေ၊ ရှင်သာမဏေတွေ၊ တရားနာကြတဲ့ ပရိတ်သတ် ဒကာကြီးတွေ၊ ဒကာမကြီးတွေ၊ ဒကာလေးတွေ၊ ဒကာမလေးတွေ ဦးဇင်း က စာမတတ်လို့ပါတဲ့။ ခုနကဟောသွားတာ ပထမ ပရမတ္ထအနှစ်တွေကို အသိပြောပြပါ့မယ်။ ဓါတ်၊ ပရမတ်၊ ပညတ် ဘုရားဟောအရ ဦးဇင်း စာပေကျမ်းဂန်မတတ်တဲ့အခါမှာ စကားပြောတဲ့အခါမှာ အားလုံးပြောလိုက်တဲ့စကားတွေမှာ မှားရင်ခွင့်လွှတ်ပါလို့ အားလုံးကိုတောင်းပန်ပါတယ်။ အဲဒီတော့ ဘုရားကဟောတယ်။ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား။ ဒါ ဘုရားဟောအရ အဲဒါစာဆိုတော့ ဒုက္ခသစ္စာ ဆင်းရဲခြင်း၏ အမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်း၏အကြောင်း အမှန်တရား၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ သစ္စာလေးပါး အဲဒါဘုရားဟောအရ ဘာတွေကိုဟောသွားသလဲ။ ကံတွေကို ဟောသွားတာ။ ကံဆိုတာ သဘောလေးပါဗျာ။ ခေါ်ဝေါ်သမုတ်တာ။ ပညတ်အစွဲတွေကို ကောင်းတာပဲစွဲစွဲ၊ မကောင်းတာပဲစွဲစွဲ စွဲရင်တော့ ကံပေါ့ဗျာ။ အဲဒါ စာကတော့ ရေးထားတယ်။ ကံရဲ့အဓိပ္ပါယ်ကို မသိတော့ ထင်တာတွေလျှောက်လုပ်ကြတာပေါ့။ ကံဆိုတဲ့ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး။ ဒါက စာကသက်သေပဲ။ ဒါ မှန်တယ်ဗျို့ သိပ်မှန်တယ်။ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး။ အဲဒီတော့ ကံတွေကိုပယ်ရတော့မှာပေါ့နော်။ ဒါ ဝိပဿနာရဲ့အကြောင်းပါ။ အကျိုးပေါ်က အကြောင်း၊ ဟောဒီဘဝ ပစ္စုပ္ပန်တည့်တည့်လေးမြင်တော့ သိတယ်၊ သိလား သိတာက စိတ်ပါပဲနော်။ စိတ်ကိုဟောနေတယ်။ အဲဒါ သိစိတ်ခေါ်တယ်၊ မှတ်စိတ်ခေါ်တယ်။ ဟောဒါက ယောကျ်ားလေးပဲ၊ ဟောဒါက မိန်းမ သိပ်မှန်တာပေါ့။ ပညတ်အယူကတော့ သိပ်မှန်တာပေါ့။ ပရမတ်အယူကတော့ အေးကွာတဲ့ ပညတ်ကိုတော့ သညာအမှတ် ပညတ်ကိုယူပြီးတော့ အဲဒီအမှတ်နဲ့သွားပေါင်းလိုက်တယ်ကွာတဲ့။ ဒါအနုသယ၊ ဒါ စိတ္တာနုပဿနာ၊ စိတ္တာနုပဿနာလို့ခေါ်ပါတယ်။ ကာယနုပဿနာနဲ့ ဝေဒနာနုပဿနာကို သဘောလေးလောက်ပြောပြပါ့မယ်။ အဲဒီတော့ ဒီကံတွေဟာ အာရုံကြောင့် ခင်ဗျားတို့ဖြစ်နေတာနော်။ အာရုံကြောင့် အာရုံ(၅)ပါးကြောင့် ပစ္စုပ္ပန်တည့်တည့်ကလေးပဲ။ အဲဒီတော့ ကိုယ့်စိတ်ကို ကိုယ်စစ်။ သူများအကြောင်းကို ကိုယ့်အကြောင်းမလုပ်နဲ့နော်။ နေတတ်ဖို့လိုတယ်၊ စားတတ်ဖို့လိုတယ်၊ သွားတတ်ဖို့လိုတယ်၊ လာတတ်ဖို့လိုတယ်၊ သောကတွေ။ ခင်ဗျားအပေါ်မူတည်တယ်။

တရားကိုရှာရင် ကိုယ်မှာရှိတယ်နော်။ တရားဟာ ကိုယ်မှာရှိပါတယ်နော်။ နီးနီးလေးပဲ၊ နီးနီးလေးပဲ။ နိဗ္ဗာန်ဟာ နီးနီးလေးပဲ။ မရှာတတ်လို့ပါနော်။ အဲဒီတော့ရှာ၊ ကပ်ပါနေတယ် နိဗ္ဗာန်။ နိဗ္ဗာန်ဆိုတာ အေးငြိမ်းခြင်းဓါတ်ကိုခေါ်တယ်။ နှလုံးသားအေးတာ အပူမဟုတ်ဘူးနော်။ အပူဆိုတာ သောမနဿ။ အဲဒါ ပညတ်ကိုယူထားတဲ့ ကံတွေ။ အကာကိုယူထားတဲ့ ကံတွေခေါ်တယ်။ အဲ အနှစ်ကတော့ မနော ပေါ့ဗျာနော်။ အဲဒါကြောင့် ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး။ ဒါ ဘုရားဟောနော်။ အဲဒါကြောင့် ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး။ ဒါ ဘုရားဟောအရ။ အဲဒီတော့ ဒီကာယကံ(၃)ပါးက ဘာလဲ။ သြော် ဦးဇင်းက စာမတတ်တော့ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်။ ကာယကံ(၃)ပါးက သူများအသက် မသတ်နဲ့၊ သူများပစ္စည်းကို မခိုးနဲ့တဲ့၊ သူများသားမယား မဖျက်ဆီး နဲ့တဲ့။ ဒါ အင်မတန်ကြီးလေးတယ်။ သူများအသက်မသတ်နဲ့ဆိုတော့ ဥပမာ ဒါဖြင့် ခင်ဗျားတို့ သွားရင်း လာရင်းနဲ့ အဲဒီတော့ ရေရှိတော့ ငါးတွေက တက်တက်လာတယ်။ ငါးရစ် တက်တယ်။ ဥပမာပေါ့ဗျာ။ အဲဒီတော့ ငါးတွေဟာ ငါကြင်းတို့၊ ငါးသိုင်းတို့၊ ငါးမြစ်ချင်းတို့ တက်လာတာမြင်တာပေါ့ဗျာ။ မြင်တော့ သိတာပေါ့ဗျာ။ အဲဒီငါးအမျိုးစုံကို မှတ်တာက သညာပေါ့ဗျာ။ အဲဒီမှာဝိုင်းတားပြီးတော့ တုတ်ရှာပြီး ရိုက်တာပေါ့ဗျာ။ အဲဒါ ဘုရားမလုပ်နဲ့တဲ့။ ဒီအယူကို မယူပါနဲ့တဲ့။ ဒါကို မှာပစ်ခဲ့တာ။ ကံကိုမှာ ပစ်ခဲ့တာ။ အစွဲ၊ အစွဲ စွဲမှာစိုးလို့ ဘဝတွေ၊ ဘဝတွေ၊ ဘဝတွေ သံသရာဘယ်ကစလဲ၊ ခန္ဓာကစပါတယ် တဲ့။ သံသရာဘယ်ကပြတ်သလဲ၊ ခန္ဓာကစလို့ ပြတ်ပါတယ်။ သံသရာဘယ်ကလည်သလဲ၊ ခန္ဓာကစလို့ လည်ပါတယ်တဲ့။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်၊ ခန္ဓာမှာဆုံးတယ်၊ သီလမှာချုပ်တယ်။ အဲဒါ စာကို အမှန်းတင်ပေးလိုက်တာနော်။ စာကို အမှန်းတင်ပေးလိုက်တာ။ ဦးဇင်းလည်း ပြန်ရမှာပဲ။ အားလုံး ဒကာ၊ ဒကာမတွေ နာတဲ့ပုဂ္ဂိုလ်များလည်း ပြန်ရမှာပဲ။ အဲဒီတော့ အသေလေးမဦးခင် ဉာဏ်ဦးအောင် ပြန်ကြပါတဲ့။ ဉာဏ်ဆိုတာ မစွဲဘူးပေါ့ဗျာ။ အဲဒီတော့ ကံဆိုတာက သမ္မာအယူပေါ့ဗျာ။ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ။ မယူနဲ့ မကောင်းဘူး။ စာကရေးထားတယ်နော်။ အဲဒီတော့ ဒီတရားတွေကို အားထုတ်တော့ ပယ်အပ်မယ့်တရား။ ကိုယ်ကပယ်ရတော့မယ့်တရား၊ သိအပ်မယ့်တရား၊ ပယ်အပ် မယ့်တရား ကိုယ်ကသိရမယ်နော်။ သူများသွားမမေးနဲ့။ ကိုယ်မှန်ဖို့လိုတယ်။ ကိုယ်မမှန်လို့ အဲဒီတော့ ဟိုလိုလို၊ ဒီလိုလိုဖြစ်နေတယ်။ စာကရေးထားတယ်။ သဒ္ဓါဗိုလ်တဲ့၊ သဒ္ဓါဆိုတာ ပါဠိစကား။ ဗမာလို ဆိုရင် ယုံကြည်တယ်။ သဒ္ဓါဗိုလ်၊ သဒ္ဓါဗိုလ်ပြီးရင်ဘာလဲ ဝီရိယဗိုလ်။ ဝီရိယဗိုလ်ပြီးရင်ဘာလဲ သီလဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်။ ဟော အဲဒါစာလိုရေးထားတာ။ အဲဒီ သဒ္ဓါနဲ့ မိမိရဲ့စိတ်နဲ့ တစ်ထပ်တည်းဖြစ် နေမယ်။ သဒ္ဓါဆိုတော့ မင်းယုံကြည်သွားတယ်။ ယုံကြည်ပြီတဲ့နော်။ ယုံကြည်ပြီးတဲ့ အဲဒီမင်းရဲ့

နှလုံးသွင်းတဲ့ အသိနဲ့ သဒ္ဓါနဲ့ တစ်ထပ်တည်းဖြစ်နေရမယ်။ အဲဒီတော့ စာကတော့ ဒါပါပဲ၊ နှလုံးသွင်းတဲ့ အသိကတော့ ဟာ ဒီတရား ဟိုကဖြစ်၊ ဒီကဖြစ်။ ဟာဖြစ်ပြီးတော့ ပေါ ဝီရိယအားနည်းတော့ သဒ္ဓါ မှာလျော့သွားတယ်ဗျို့။ အဲဒီလိုနဲ့ တရားထိုင်ပြီး ခေါင်းထဲထည့်ပြီး ကိုယ့်စိတ်သာ ကိုယ်စစ်ပါဗျာ။ သဒ္ဓါဆိုတာ ယုံကြည်ပြီ၊ ငါယုံကြည်နေပြီ။ ဝီရိယက အားပျော့တယ်။ လက်ကလေးပိုက်တယ်။ ဒါ ပယ်အပ်တဲ့တရားတွေပါပဲ။ ကိုယ့်စိတ်ကို ကိုယ်စစ်။ ကမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ အဲဒါ ယုံကြည်တဲ့သဒ္ဓါက စာကမှန်၏၊ ဉာဏ်မိအောင်ကြည့်ပါတဲ့။ စာကတော့ မှန်နေပြီ။ မင်းစာကို ဉာဏ်နဲ့သိမှ အေး သိရင်ပယ်မယ်၊ ပယ်ရင် မဂ်ဖိုလ်ရမယ်။ အဲဒါစာလိုရေးထားတယ်။ အဲဒီတော့ တရားအားထုတ်တဲ့အခါမှာ ဩော် ငါဟာ ကမ္မာသဝ။ ကံအလုပ်ကိုရှောင်တဲ့အတွက် ဘဝါသဝ ဒီဘဝမှာ လွတ်မြောက်အောင် ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက်။ ငါကျင့်မယ်ဗျို့ သဒ္ဓါက ကမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ အဲဒါယုံကြည်တဲ့သဒ္ဓါက စာကမှန်၏၊ ဉာဏ်မိအောင်ကြည့်ပါတဲ့။ စာကတော့ မှန်နေပြီ။ မင်းစာကို ဉာဏ်နဲ့သိမှ အေး သိရင်ပယ်မယ်၊ ပယ်ရင် မဂ်ဖိုလ်ရမယ်။ အဲဒါ စာလိုရေးထားတယ်။ အဲဒီတော့ တရားအားထုတ်တဲ့အခါမှာ ဩော် ငါဟာ ကမ္မာသဝ၊ ကံအလုပ်ကို ရှောင်တဲ့အတွက် ဘဝါသဝ ဒီဘဝမှာလွတ်မြောက်အောင် ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက် ငါကျင့် မယ်ဗျို့ သဒ္ဓါက ကမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ ဒိဋ္ဌိကို ငါသတ်မယ်တဲ့။ ဒိဋ္ဌိအယူကို ငါမယူတော့ ဘူးတဲ့၊ ကိုယ့်ကိုယ်ကို ယုံကြည်တာ ဒိဋ္ဌိအယူကို ယူတာက ငါမှားနေပြီ။ ဘဝတွေ ငါမလွတ်တော့ဘူး။ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ ငါဒီအာရုံ(၆)ပါးမှာ ငါဟာ သင်္ခါရကျက်စားနေပါလား၊ ဘုရား ဘုရား။ ဩော် အေး အေး အေး တောင်ပို့မှာ ဂရယ်(၆)ပေါက်ရှိတယ်။ အပြင်(၅)ပေါက်ကိုပိတ်ပါ။ အကုန်လုံးနော်။ မျက်စိတံခါး၊ နားတံခါး၊ လျှာတံခါး၊ ကိုယ်တံခါး။ အဲဒီတော့ မနော။ မနောကိုဖမ်းပါ။ မနောကို အာနာပါန ခယဝယ ထိမှု၊ သိမှု၊ ကြည့်ရှုပါတဲ့။ ထိသိ သတိ ထိတာ သိတာ မင်းသတိထားပါ။ စိတ်ပေါ်မှာမူတည် တယ်။ သတိထားပါ။ သတိတစ်လုံး အမြတ်ဆုံးတဲ့။ အဲဒီလို မင်းတရားထိုင်တဲ့အခါမှာ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာ(၃)ပါး ဉာဏ်နဲ့ဖြစ်နေပြီကွ။ တရားကို မင်းအဲဒီလိုထိုင်တဲ့အခါ ပေါ့ဆဆ မလုပ်နဲ့ကွ။ မင်းအသိနဲ့ သိတဲ့သီလ။ အဲဒီ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ။ မင်းဒီလိုဆိုလုံလောက်ပြီ။ သူများနဲ့လည်း စကားမပြောဘူး။ ဘယ် ဟိုနား၊ ဒီနားလည်း မသွားတော့ဘူး။ လာပြောလို့လည်း သူပေးလို့လည်း မယူတော့ဘူး။ တစ်ခါတည်း လူမသိ၊ သူမသိ ချောင်ထဲမှာ တရားအားထုတ်နေတာ။ ဘယ်လောက်ကောင်းသလဲနော်။ ရေတောင်မသောက်။ ကာယကံလည်းထိန်းပြီ၊ ဝစီကံကိုလည်း ထိန်းပြီ၊ မနောကံကိုလည်း ထိန်းပြီ။ မနောကံကိုတော့ အနတ္တနဲ့ ထိန်းတယ်။ ကိုယ်က မိရိုးဖလာရဲ့

အယူကို ပယ်တယ်နော်။ နောက်ဆုံးဘဝ ခင်ဗျားတို့လည်းပြန်ရမှာပဲ။ ဦးပဏ္ဍိတ လည်း ပြန်ရမှာပဲနော်။ အဲဒီတော့ သေမင်းမဦးခင် ဉာဏ်ဦးအောင်ပြန်ကြ။ စာလေးနဲ့ရေးထားတယ်။ အဲဒါက မှတ်။ အဲဒီတော့ မှ ဩော် ဒါ ပယ်အပ်မယ့်တရား၊ သိအပ်မယ့်တရားက ဘာတွေလဲ။ အဲဒီတော့ သိအပ်မယ့်တရားက ပယ်တော့ပယ်ပြီ။ ဟော ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်းအကြောင်း အမှန်တရား၊ နိယောဓသစ္စာနဲ့ မဂ္ဂသစ္စာ။ ငါတပြိုင်တည်းချမယ်နော်။ အဲဒီဟာကို ကိုယ်က ဒုက္ခသစ္စာ ဆိုတာဘာလဲ။ ကိလေသာရဲ့ ရုပ်တရား၊ အဲဒီရုပ်မှာ ဝေဒနာရှိတယ်။ အဲဒီရုပ်ကြီးမှာ ဝေဒနာရှိတယ် နော်။ တောင့်တယ်၊ တင်းတယ်။ ကိုက်တယ်၊ ခဲတယ်၊ အေးတယ်ဆိုတဲ့ သဘောပေါ့ဗျာ။ အဲဒါလေးကို ရုပ်ကနေပြီး ဝေဒနာကိုသိတယ်၊ သိတဲ့အသိလေးက ခံစားတယ်။ မခံသာ အဲဒီတော့ ခံသာရင် သံသရာကြောမျောလိမ့်မယ်ဗျ။ ဒီဝေဒနာတွေကို သူမခံနိုင်ဘူး။ အဲဒီဝေဒနာမှ တဏှာကိုမြင်အောင် ကြည့်။ စာကရေးထားတယ် ဝေဒနာနိယောဓါ၊ တဏှာနိယောဓါနော်။ သေချာကြည့်။ အဲဒီတော့ ဝေဒနာ ကို ဘာကြောင့်မခံနိုင်သလဲ။ ခင်ဗျားမှာ ပညတ်နဲ့ သညာကို မပယ်နိုင်သေးဘူး။ ပညတ်က ရုပ်တရား နော်။ သညာက အမှတ်တရား။ အဲဒီမှာ ဥပါဒန်ဖြစ်တာပဲဗျို့။ ကံလေးကပြတ်တာပဲ။ အဲဒီ တော့ ဉာဏ်ကိုရဖို့ဟာ ဒီနေရာမှာကြိုးစားရင် သီလတော့ရမှာပေါ့ဗျာနော်။ ခင်ဗျားတို့ရဲ့ သဒ္ဒါက အင်မတန်ကောင်းတာကိုဗျ။ ဒီနေရာမှာ နားလည်ပြီးသား ဆရာကောင်းကလည်း မတွေ့ ကိုယ် ကလည်း မလုပ်တော့ဘူး။ အပြင်စင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်တယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာ စင်ကြယ်တယ်။ အပြင်မှာဘာလဲ။ ကံတွေ။ သက္ကာယဒိဋ္ဌိအယူကို မယူဘူး။ မိစ္ဆာဒိဋ္ဌိအယူကို မယူဘူး။ သမ္မာအယူကို ယူတယ်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာ သမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတဲ့။ ဟော သင်္ကပ္ပကြတော့ အေးလို့ သိသွားပြီလေ။ သဘောလေး ပဲနာ။ သဘောလေးပဲ။ သဘောလေးပြောတာ။ သဘောနဲ့ မနောကိုပြောသွားတာနော်။ ဒါကြောင့်မို့ ကိုယ့်ဖအေလို၊ ကိုယ့်အမေလို၊ ကိုယ့်အစ်ကိုကြီးလို၊ ကိုယ့်အစ်မကြီးလို၊ ကိုယ့်ညီမတွေလို အဲဒါ အမျိုးတွေပေါ့ဗျာ။ အမျိုးတွေနော်။ စွဲတော့မစွဲဘူးပေါ့ဗျာ။ တွေတော်အပေါင်း၊ မျိုးတော်အပေါင်းတွေ ပေါ့။ တစ်ယောက်နဲ့တစ်ယောက် ဓမ္မသာဝနာ၊ ဓမ္မဒေသနာ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီဆိုပြီးတော့ နော် ကြည်ညိုအားထားကြတဲ့ သံဃာတော်အရှင်မြတ်ကို ဒကာ၊ ဒကာမတွေက ယုံယုံကြည်ကြည် နဲ့ လေးလေးစားစားနဲ့ စားဦးစားဖျားကိုလှူကြဒါန်းကြတယ်။ ဩော် အေး အေး အေး။ ဒါပဲသိတယ်။ အေး အေး အေး။ သူ့နှလုံးက အေးတာကိုဗျ။ ဒါပဲ။ ကာယသတိပဋ္ဌာန်၊ ကံတရားတွေ။ မကောင်းတဲ့ ဒုစရိုက်တွေ၊ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိကိုပယ်ပြီနော်။ သမ္မာနဲ့လုပ်သွားတာ။ ကံတော့ ကံပဲ။

သမ္မာနဲ့ပဲသွားရတာ။ တက်ရတာ။ ဒီတရား အဲဒီတော့ ကံတွေဟာ အပြင်မှာစင်ကြယ်သွားပြီ။ အတွင်းမှာ စင်ကြယ်ဖို့လိုတယ်။ ဒါ သိပ်အရေးကြီးတယ်။ အဲဒီတော့ အတွင်းမှာ ဝေဒနာတွေပေါ်လာတယ်။ ဝေဒနာတွေပေါ်လာလို့ရှိရင် သည်းခံတယ်။ စာပေကျမ်းဂန်မတတ် မကောင်းဘူး။ ဒုက္ခဝေဒနာ၊ ဒုက္ခဝေဒနာတွေရယ် ခံစားနေရတာပါလား။ စိတ်ဆင်းရဲနေတယ်။ ရုပ်အကျိုး၊ နာမ်အကြောင်း။ အကျိုးနဲ့ အကြောင်းသာဖြစ်တယ်။ အကျိုးနဲ့ အကြောင်းသာပျက်တယ်။ ဖြစ်တယ်၊ ပျက်တယ်။ ဒါပဲရှိတယ်။ သဘောလေးနာ။ မနောကိုပြောသွားတာ။ အဲဒီတော့ ဖြစ်လိုက်၊ ပျက်လိုက်နေပါလား။ အဲဒီတော့ ဒါကို ကိုယ်က ကိုယ့်ရဲ့အတွင်းစိတ်ထဲကနေ အရှင်ဘုရားရယ် တပည့်တော်ရဲ့စိတ်ကလေး သားအတွက်ပူရတာတစ်မျိုး၊ သမီးအတွက်ပူရတာတစ်မျိုး၊ စားရေး၊ နေရေးအတွက် ပူရတာတစ်မျိုး တပည့်တော် ခန္ဓာဝန်ဒုက္ခကို ပူရတာတစ်မျိုး အကြောင်းအမျိုးမျိုးတွေပူရပါလား။ ဆရာ၊ ဒကာကြီးရယ်၊ အရှင်ဘုရားရယ်။ ဩော် သောကမီးလောင်နေပါလား။ အေး အေး အေး နော်။ ဗျာပါဒ စိုးရိမ်ကြောင့်ကြ ပရိဒေဝသောကတွေဖြစ်ကုန်ပြီ။ အဲဒီသောကမီးတွေ၊ ဗျာပါဒတွေ၊ အဘိဇ္ဈာတွေ၊ မိစ္ဆာဒိဋ္ဌိတွေ မတွေးနဲ့။ တရားနှလုံးသွင်းပါ။ နှလုံးသွင်းပါ။ ဘယ်သူနဲ့မှ စကားမပြောပါနဲ့။ ဘယ်ကိုမှလည်း မသွားပါနဲ့။ အဲဒီတော့ ဒါလေးတွေကို တရားထိုင်ပြီးရင် ထိုင်တဲ့အသိကို စစ်ပါ။ ထိုင်တဲ့အသိလေးကို စစ်ပါ။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ။ အဲဒါကိုစစ်။ အဲဒီတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာသတိ၊ သမ္မာသမာဓိ။ ဟော နှလုံးသွင်းတယ်။ သမာဓိ၊ အပြင်သမာဓိ၊ အတွင်းသမာဓိ၊ သမ္မာသမာဓိ စိတ်ကလေးကို တစ်ထပ်တည်းဖြစ်အောင် ဒီလို နီဝရဏတွေမပေါ်ပါနဲ့ဗျာ။ အဲဒါတွေကင်းရှင်းအောင် အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်မယ်။ အပြင်မှာမစင်ကြယ်ရင် ခန္ဓာမှာမစင်ကြယ်ဘူး၊ ခန္ဓာမှာမစင်ကြယ်ရင် ဉာဏ်မှာမစင်ကြယ်ဘူးနော်။ ကိုယ့်စိတ်ကို ကိုယ်စစ်။ ဩော် ငါ တရားထိုင်တယ်၊ ငါ နီဝရဏစိတ်နဲ့ စေတသိတ်တွေ။ စိတ်ကတော့ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်တွေနဲ့ နောင်တမလွန်က အိုအိုး ဘယ်နှခုနှစ်ကဟာတွေလဲ လာပေါ်နေတယ်။ အခုလည်း ပေါ်တယ်ဗျို့။ အဲဒါ စွဲလို့ပေါ်တာ။ အနုသယကံတွေပေါ့။ ကံဆိုတာ စွဲရင်ကံလို့ခေါ်တယ်။ တွေးသေးလား၊ မတွေးဘူးတဲ့။ မတွေးဘူးနော်တဲ့။ မတွေးရင် မစွဲလို့၊ မတွေးတာပေါ့တဲ့။ အဲဒါပဲလုပ်နေတဲ့ မင်းအဲဒီကတက်ပြီးတော့တဲ့ အဲဒီကတက်တဲ့ အဲဒီ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းဖြစ်လာတော့ အဲဒီတောထဲမှာနေတယ်။ ဘယ်သူ့ကိုမှ အတွေ့မခံဘူးနော်။ ဆင်းရဲဒုက္ခ သူ့ဟာသူခံစားနေတယ်။ ဆင်းရဲတယ်၊ စိတ်ဆင်းရဲတယ်။ ခန္ဓာဝန်ကြောင့် ဒုက္ခဖြစ်တယ်။ စားရသောက်ရတာက ဘယ်သူ့မှလည်း မကျွေးပါဘူး။ အဲဒီလိုကျင့်ပါတယ်ဗျာ။ အဲဒီတော့ ကရင်အမျိုးသားနဲ့လာတွေ့ပါတယ်။ အဲဒီတော့

လာတွေ့တော့စားရတယ်။ အဲ ချိုင့်လေးထည့်ယူလာတယ်။ အဲဒီ တောမှာနေတယ်။ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းနေတယ်။ အရင်တုန်းကတော့ မြမောင် ဟာ ဦးဇင်းနာမည်က မြမောင်။ အရင်တုန်းက မြမောင်ဟာ မြိုင်မာလာ(၂)လမ်းမှာနေတယ်။ ဖဲရိုက်တာပဲ အကုန်ချတယ်။ လိမ်လည်းချတယ်၊ ညာလည်းချတယ်။ ဒီအိမ်ဖဲရိုက်ဖို့လိုက်သွားတယ်။ ဒါ စွဲလို့ပေါ့။ သမ္မာအယူ၊ မိစ္ဆာအယူ ဘုရားက မကြိုက်ပါဘူး။ မြမောင် လုပ်တယ်။ ဒါပေါ့။ အဲဒါမကောင်းတဲ့ဒုစရိုက်ဆိုတာပဲ။ အဲဒီလိုလုပ်တော့ ဒီနေ့ ဝိပဿနာတရားများကို နှလုံးသွင်းတဲ့အခါကျတော့ ဖဲဝိုင်းသွားတဲ့ဟာလိုမဟုတ်တော့ဘူး။ သိလည်း မသိတော့ဘူး။ မစွဲဘူး၊ သွားလည်း ဝီစိကိစ္စတွေ မလုပ်တော့ဘူး။ အဲဒီတော့ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းကြာတယ်။ စိတ်ကလေးငြိမ်လာတယ်ဗျို့နော်။ စိတ်ကလေးငြိမ်လာတယ်။ တွေးစိတ်တွေ ခေါင်းပါးလာတယ်။ ဘယ်မှလည်းမသွားတော့ ဩော် စိတ်ကလေးက ငြိမ်ပြီး တရားအားထုတ်တယ်။ ဝေဒနာပေါ်လိုက်တယ်။ ဝေဒနာရဲ့ အာရုံကို အသိလေးကပ်ထားတယ်။ ဘယ်အာရုံမှ မသွင်းတော့ဘူး။ အဲဒီတော့ ဝေဒနာရဲ့ ဒုက္ခ၊ ဒုက္ခဝေဒနာပါလား။ ကံကြောင့် ဒါတွေဒုက္ခဖြစ်ပါလား။ ဩော် ငါဘယ်အယူနဲ့ ငါသညာ၊ ပညတ်။ ပညတ်ကို ငါထင်ပြီးတော့ သညာနဲ့ ငါယူနေတာပါလား။ ဩော် ပညတ်ကို ငါထင်နေပါလား။ ငါ့ရုပ်၊ ငါ့နာမ်တွေပါလား။ သညာနဲ့ယူလိုက်တာ။ ယူတာလည်း မှားတယ်၊ မှတ်တာလည်း မှားတယ်၊ သွားစွဲတော့နော်။ အဲဒီမှာ တဏှာ။ ဉာဏ်ရလို့လာဟောတာနော်။ အဲဒီတော့ ဒကာကြီး တို့၊ ဒကာမကြီးတို့ အားလုံးရှိကြတဲ့ ယောဂီအပေါင်းက ကိုယ့်စိတ်ကိုစစ်ကြည့်။ စစ်တဲ့။ ခင်ဗျားစိတ်ကလေးဟာ မစင်ကြယ်ပါဘူးဘုရား။ တရားထိုင်တဲ့အခါမှာ လောဘစိတ်တွေပေါ်ပါတယ်ဘုရား။ ဘာကြောင့်ပေါ်လဲ သိသလား၊ မသိပါဘူးဘုရား။ မသိရင်တော့ ပြောလိုက်မယ်။ အပြင်မှာ မစင်ကြယ်ရင် ခန္ဓာမှာမစင်ကြယ်ဘူး။ ခန္ဓာမှာမစင်ကြယ်ရင် ဉာဏ်မှာမစင်ကြယ်ဘူး။ အပြင်အာရုံကို မင်းမနောက လိပ်လိုဖြစ်နေပြီတဲ့။ ဝင်လိုက်၊ ထွက်လိုက်လုပ်တယ်တဲ့။ ပြောတော့တစ်မျိုး၊ လုပ်တော့ တစ်မျိုး။ အဲဒီလိုဖြစ်ပါတယ်တဲ့။ ဒီလိုစိတ်မျိုးတွေကို မဖြစ်နိုင်အောင် ဒီကထိန်းပေးရတယ်ဗျို့။ မင်း အပေါ်မှာ မူတည်ပါတယ်တဲ့။ အဲဒီတော့ ဒီလိုစိတ်တွေကို ငြိမ်သက်အောင် ခင်ဗျားတို့ကျင့်ရမယ်။ ဩော် အေး အေး အေးနော်။ သဒ္ဓါဆိုတာ ယုံကြည်ခဲ့ပြီ။ ဝီရိယဗိုလ်လည်း ကြိုးစားခဲ့ပြီ။ အဲဒီတော့ သီလနဲ့ သမာဓိက တွဲထားတယ်။ သမာဓိဆိုတာ နှလုံးသား၊ သီလဆိုတာ အပြင်နော်။ အဲဒါ ခင်ဗျားတို့ အပါယ်ပိတ်တဲ့တရားတွေပဲနော်။ အဲဒီတော့ ဘယ်သူဘဲပျက်ပျက် ကိုယ်မပျက်နဲ့။ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ၊ ကိုယ်နဲ့တန်းတူကို ကြင်နာပါ၊ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ၊ ဗြဟ္မစိုရ် တရားထားပါ၊ သံဝေဂတရားထားပါနော်။ အပြင်မှာ ညီလေးရယ်၊ ဩော် ညီမလေး

ရယ် မကောင်းတာတွေကို မလုပ်နဲ့။ သူများမြှောက်ပေးတိုင်း မကောင်းတာတွေကို မြှောက်ပေးတိုင်း ကိုယ်က လျှောက်မလုပ်နဲ့။ ကိုယ့်စိတ်ကိုယ်စစ်။ အသိတရားထားဖို့လိုတယ်နော်။ အဲဒီအသိတရား ထားဖို့လိုတယ်။ အဲဒီအသိလေးရရင် အသိတစ်လုံး အမြတ်ဆုံး။ အဲဒါ ခန္ဓာသိ၊ ပညာသိခေါ်တယ်။ အဲဒီတော့ ပညာသိက ဉာဏ်ပေါက်သွားတာ။ ဉာဏ်ဆိုတာ မစွဲဘူး။ ခင်ဗျားတို့ကိုလာပြီးတော့ ကိုယ့်အဖေလို လာပြောတာ။ အဲဒီတော့ အပြင်မှာ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ နေတတ်ဖို့လိုတယ်။ စားတတ်ဖို့လိုတယ်၊ သွားတတ်ဖို့လိုတယ်နော်။ အဲဒီလို အပြင်မှာ အထူးအားဖြင့် ခင်ဗျားက စင်ကြယ် အောင်နေ၊ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ အပြင်မှာ အာရုံမှာ လောဘစိတ်တွေ၊ မောဟ စိတ်တွေ၊ ဒေါသစိတ်တွေ၊ တဏှာ၊ မာန၊ ဒိဋ္ဌိစိတ်တွေ။ မနောက အာရုံကြောင့်ဖြစ်နေရင် ခင်ဗျား ရေခပ်တာ ခပ်ပြီးတော့ ဆေးရတယ်။ မလုပ်ကြဘူးနော်။ ခပ်တော့ခပ်ပါ။ အဲဒီတော့ ငါဘယ်လိုနေ ရမလဲ။ ဘယ်လိုကိုင်ရမယ်၊ ဘယ်လိုနှလုံးသွင်းရမယ်နော်။ ဒီရုပ်က နီးနီးလေးပဲ။ ကိုင်း နိဗ္ဗာန် အကြောင်းလေးကူးသွားတော့ ဖြတ်ပြောပြီ။ ဖြတ်ပြောပြမယ်။ နိဗ္ဗာန်ဟာ နီးနီးလေးပဲဆိုတော့ ဖြတ်ပြီးတော့ ပြောပြမယ်။ သူချည်းပဲ ဒကာမတစ်ယောက်ကလာကပ်တယ်။ ဘာကြောင့်ကပ်လဲ။ အဲဒီကျသိရလိမ့်မယ်။ ကံနဲ့ ယောကျ်ားကံနဲ့၊ မိန်းမကံ သညာကမှတ်ပေးတယ်။ အဲဒါ သညာက မှတ်ပြီးတော့ ဒါက အမျိုးသမီး။ သြော် အဲဒီတော့မှ သူ ပညတ်ကိုယူထားတယ်။ သညာကိုမှတ် ပေးတယ်။ သညာတွေမှတ်ပြီး ပညတ်ကိုယူထားတယ်။ ပရမတ်မဟုတ်တော့ဘူး။ အဲဒါမှ ဂဏာပေါ်လွှင် ပါတယ်တဲ့နော်။ ဘယ်သူသိမလဲ။ သူ့အခန်းက ဦးပဏ္ဍိတ ဝင်သွားတယ်။ မိန်းကလေးတွေက နောက်ကဝင်လာတယ်။ မိန်းကလေးတွေက ဦးပဏ္ဍိတ အခန်းဘာလို့ဝင်လဲ။ ဦးပဏ္ဍိတ က ဒီအသိတွေကိုသိတယ်။ ဒီအသိတွေ ကိုသိတယ်။ ဒီအသိတွေကို သိတယ်ဆိုတာက အေး နင် လိုချင်တာရှိရင်ယူသွားနော်။ အေး သူ့ကိုတော့ အယုအယနဲ့ ထမင်းခွံ့မကျွေးနဲ့နော်။ အဲဒီတော့ စေတနာက အလွန်ကောင်းတယ်နော်။ အယုတ်၊ အလတ်၊ အမြတ်မရွေးဘူး။ လူမျိုးမခွဲခြားဘူးနော်။ စေတနာပဲ။ အဲဒီစေတနာဟာ အပင်ပေါက်တာ။ အဲဒီတော့ ခင်ဗျားတို့မှာ သညာနဲ့ယူတဲ့စေတနာ တွေဟာ ဖွက်ထတယ်ဗျို့။ အဲဒီစေတနာဟာဖွက်ထရင် ဝိသုဒ္ဓိသီလမစင်ကြယ်ဘူးတဲ့။ ဝိသုဒ္ဓိဆိုတာက သူမှန်ဖို့လိုတယ်။ တောင်းစရာမလိုဘူး။ သူ့ဟာသူ ဖြစ်လာလိမ့်မယ်နော်။ ဝိသုဒ္ဓိဆိုတာ ဝိဆိုတာ ဝိသုဒ္ဓိမနော သူမှန်မှ ဝိသုဒ္ဓိဖြစ်မယ်နော်။ ဘယ်သူကမှ ပေးတဲ့ဘွဲ့မဟုတ်ဘူးနော်။ ပေးပါ။ ဒီအစစ်ဟာ ခင်ဗျားတို့ဟာ ခင်ဗျားတို့ နှလုံးသွင်းကြည့်။ အဲဒီတွေ ဒီဝိသုဒ္ဓိဟာ ဘာကြောင့်စင်ကြယ်လဲ။ စေတနာ။ ဒီစေတနာတွေ ဘယ်ကရသနည်းတဲ့။ မဂ်ပေါ်က ရတာနော်။ မဂ်ပေါ်ကရတာ။ အဲဒီမဂ်ပေါ်ကရတဲ့

စေတနာ။ ဘာရလဲ။ မဂ်ပေါ်က ဉာဏ်ရတာ။ အဲဒါ ဉာဏ်စေတနာခေါ်တယ်။ မတူဘူး။ ခင်ဗျားတို့နဲ့ အဲဒီတော့ တရားတော့ထိုင်ပါတယ်။ ခင်ဗျားတို့ ဘက်က သဘောပေါ့ဗျာ။ စာတော့မတတ်ဘူး။ ပဏ္ဏာသနစေတနာ၊ ဘယာစေတနာ၊ အဓိပတိ စေတနာမှ ခင်ဗျားကောင်းမှာ အဓိပတိဆိုတာ နှလုံးသားထဲကဖြစ်တဲ့ စေတနာကိုခေါ်တာ။ တွေ့တဲ့လူ တွေ့လိမ့်မယ်။ အဲဒါ အဓိပတိဖြစ်တဲ့ စေတနာ နော်။ အဲဒီတော့ ပဏ္ဏာသနဆိုတာက ဟော့ ဟော့ ဟော့လူတွေ၊ စားကြပါကွ၊ စားကြပါ။ လူကုံတန်တွေ ကို ခေါ်ကျွေးတယ်။ ခွဲခြားတယ် စေတနာနော်။ လှူတော့လှူတာပဲ။ လှူတတ်ဖို့လိုတယ်။ ခင်ဗျားတို့ လူတတ်ဖို့လိုတယ်။ စာကရေးထားတယ်။ သံဃိက ပုဂ္ဂိုလ်ကျတော့ ဒါရေးထားတယ်။ စာကမှန်၏ ဉာဏ်မမိ၊ ဉာဏ်နဲ့ လှူတာမဟုတ်ဘူးနော်။ စေတနာက သဒ္ဓါရ၊ ဉပါဒါန် ကံကြီးနဲ့၊ အဲဒီတော့ အတွင်းသီလပျက်တာပေါ့ဗျာနော်။ ခင်ဗျားနော် လှူတော့ ဘာရမှာလဲဗျာ။ ဒါပေါ့ဗျာ ဇောတိကလို့ စာကရေးထားတယ်။ တချို့တွေမှာ ကံအကျိုးပေးမှာပေါ့။ ဒီက ဉာဏ်အကျိုးပေးတယ်။ ချက်ချင်း အဲဒီရဟန်းကလည်း စစ်ရမယ်။ ဓမ္မအစစ်လို့ရေးထားတယ်။ ပရိဘောဂစေတီ၊ ဓါတုစေတီ၊ ဥဒ္ဒိဿ စေတီလို့ ဓမ္မစေတီတဲ့။ ဟောဒါတွေရအောင်လုပ်။ အဲဒီဓမ္မစေတီနဲ့ ဆွေတော်အပေါင်း၊ မျိုးတော် အပေါင်းကို သာဝကတွေ၊ သာသနာပြုတဲ့ ပဋိဒေဝ၊ သာသနာပြုတဲ့ ဆွေတော်အပေါင်း၊ မျိုးတော် အပေါင်း လာခဲ့တဲ့ သူသာဝကနဲ့သူ လာခဲ့တဲ့။ ဘယ်သူလာလဲ။ သိုက်လာလိမ့်မယ်၊ ဓါတ်လာလိမ့် မယ်၊ နတ်လာလိမ့်မယ်၊ မဂ်အောင်တဲ့ရဟန်းတွေ လာလိမ့်မယ်။ အဲ သူ့သာဝကနဲ့သူနော်။ အဲဒီ ပုဂ္ဂိုလ်တွေလာလိမ့်မယ်။ အဲဒီပုဂ္ဂိုလ်တွေကနေပြီးတော့ လှူတော့တာပါပဲဗျို့။ မဂ်အောင်သွားတဲ့ ရဟန်းကို ဓမ္မခေါ်တယ်။ ဒါကြောင့်မို့ ဓမ္မစေတီ၊ ဓမ္မစေတီဆိုတာ ဘယ်ကလာလဲ။ မနော နှလုံးသား ကနော်။ အဲဒါတွေကို ကိုယ့်ဖအေလို၊ ကိုယ့်မအေလို ပြောသွားတာနော်။ အခု ဒီတရားဟာ ကျင့်တဲ့ သူရဲ့အသိ ဦးဇင်း ကလည်း ပြန်ကာနီးနေပြီ။ စာတော့မတတ်ပါဘူးဗျာ။ စစ်ပါ။ စာရေးထားတယ်။ စာအတိုင်း တပည့်တော်ကိုမေးပါဗျာ။ တပည့်တော် စာအတိုင်း ခန္ဓာသိကိုပြောမယ်ဘုရား တဲ့။ စစ်ပါ၊ မေးပါ၊ အဲဒီလို ရဟန်းပါ။ အဲဒီတော့ တရားဟာ ခန္ဓာမှာရှိတယ်။ အဲဒီတော့ ရှာတတ်ဖို့လိုတယ်။ ခုနက ဒါ မိန်းကလေးပဲ။ မိန်းမ တစ်နေ့သောအခါ သညာရဲ့စိတ်ကလေးက ညဥ့်သန်းခေါင်မှာ ပေါက်လာတယ်တဲ့။ ဒီစိတ်ကလေးက ဟိုမှာတည့် သူသွားပြန်ပြီ။ ရန်ကုန်မြို့ကြီးကို သင်္ဘောကြီး နဲ့သွားကြတယ်။ အဲ သင်္ဘောကြီးနဲ့ (၃)ရက်၊ (၄)ရက်။ လာပါဗျ။ စားပါဗျ။ သောက်ပါဗျ။ စားပါ ထမင်းစားပါ။ ခလေးမလေးကခေါ်ကျွေးတယ်။ ဟာ သူ့လည်းငါမသိ၊ ငါ့လည်းသူမသိ။ ငါ့ကိုခေါ်တော့ မလာရင် ကောင်းဖို့လား။ နေရာတွေပေး ဘာတွေပေး။ ဟာ တယ်ဟုတ်တာပေါ့။ အဲနေရာလည်း

လုပြီးမယူကြနဲ့။ ဟာ စိတ်ကဖေါက်တော့မယ်နော်။ မနော မနော အဲဒီတော့ ဉာဏ်လို့ ကံနဲ့ဆိုရင်တော့ အဲဒါလည်ဦးမှာပဲ။ အဲဒါစိတ်က စိတ်ပဲ။ သမုတိသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယတ္ထသစ္စာ၊ အရိယတ္ထသစ္စာပျက်တယ်။ ပျက်ရင် ရေပုလင်းတောင် ဆေးမဖြစ်တော့ဘူး။ လွှက်ခြောက်ကလည်း ဆေးမဖြစ်တော့ဘူး။ သူကောက်ကျွေးရင် ပေးတဲ့ဟာ ခင်ဗျားရဲ့ရောဂါ သွေးသားနဲ့ဖြစ်တဲ့ရောဂါ၊ သွေးသားနဲ့ဖြစ်တဲ့ရောဂါကတော့ ဦးဇင်းလည်း ရှိတာပဲဗျို့။ နဖူးကြီးရောင် တာ။ ဘယ်လိုလုပ်မလဲ။ အဲ ပယောဂနဲ့ပတ်သက်တဲ့ရောဂါလာခဲ့။ မင်းတို့လာခဲ့ပါတဲ့။ မြွေကိုက်တယ်။ မင်းမြွေဟောက်ကိုက်တယ်။ လာခဲ့တဲ့။ မင်းတို့မြွေကိုက်တဲ့သူ ရေမသောက်ရဘူးပြောတယ်။ လာခဲ့တဲ့။ ရေသောက်ပြီးတော့လာခဲ့တဲ့။ ထိုင်နေတယ်။ အဲဒါ ပယောဂ။ ကံနိမ့်ရင်ခံရတယ်။ တောင်ပိုင်တို့၊ ကွင်းပိုင်တို့၊ ယက္ခ၊ ဂုမ္ဘာန်၊ ဂန္ဓပ္ပ မြင်လည်း မမြင်ရဘူး။ ဒီကောင်တွေ ဒီကောင်တွေလုပ်တာ။ စာက ရေးထားတယ်နော်။ ဒါကြောင့်မို့ နေတတ်ဖို့လိုတယ်။ ထိုင်တတ်ဖို့လိုတယ်။ ကျင့်တတ်ဖို့လိုတယ်။ ဒါတွေကိုလာဟောတာပါ။ ဘယ်သူပဲပျက်ပျက် ကိုယ်မပျက်နဲ့။ သူများ ကိုယ့်ပါးရိုက်လည်း သည်းခံ။ သူများ လက်သီးနဲ့ထိုးလည်း သည်းသာခံ။ သူများမြှောက်တိုင်းလည်း သွားမမြှောက်နဲ့။ သွားမလုပ်နဲ့။ ဒါကောင်းသလား၊ မကောင်းလားဆိုတာနော်။ ဒါတွေဟာ မကောင်းဘူး။ တို့အတွက် မကောင်းဘူး။ ဒါတွေဟာ အဘိဇ္ဈာတွေပဲ။ ကိုယ့်အလုပ်ကလေး ကိုယ်လုပ်။ သူများဖြစ်နေတဲ့ရန်တွေကို ကိုယ်က ဖြေပေးရတယ်။ စောင့်ရှောက်ပေးရတယ်။ ကူညီပေးရတယ်။ သြော် မဖြစ်နဲ့သမီးရယ်။ ဟိုမှာ တောက်ခေါက်သွားတယ်။ ကြည့်သာကြည့် သနားဖို့ကောင်းတယ်။ မောပြီ။ အဲဒါကြောင့်ပြောပါတယ်။ ဒါကြောင့် သြော် အေး အေး အေး။ သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက။ အဲဒီတော့ သတ္တဝါတွေဖြစ်ပေါ်လာတဲ့ လောကကြီးပါလား။ ကံတရားတွေပါလား။ မျောနေကြပါလား။ ဒါ သစ္စာနဲ့ ဟောတာပါ။ သြော် မျောနေကြပါလား။ တစ်ဘဝပြီးတစ်ဘဝ ကူးကြဦးမှာပဲတဲ့။ သြော် မသိဘူး။ ခန္ဓာဒုက္ခကိုလည်း မသိဘူး။ ခန္ဓာဒုက္ခကို မသိတော့ ကမ္မဝဋ်၊ သဗ္ဗေ အလုံးစုံသော သင်္ခါရဒုက္ခ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရအနတ္တ၊ သင်္ခါရ။ ဒါ အာရုံမှာတင်ထားတာ။ အနိစ္စနဲ့ ဒုက္ခ၊ အနတ္တ ခန္ဓာမှာရှိတာ ကို ရေးထားတာ။ ကိုယ့်ခန္ဓာမှာရှိတယ်။ အနိစ္စဆိုတာဘာလဲ။ အနိစ္စကို ယူလိုက်လို့ ငါ့မှာ ဒုက္ခဖြစ်နေ ပါလားဆိုတဲ့အတွေး။ အဲဒါ ဒုက္ခဖြစ်နေပြီ။ မမြဲတာကို မြဲပါတယ်လို့ ငါယူထားတယ်။ အဲလိုယူလာတဲ့ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိမယူနဲ့။ သမ္မာလေးနဲ့ယူ။ ညနေစာ စားတာနော်။ ဝိကာလဘောဇနာ ပေါ့ဗျာနော်။ တဏှာတော့မပယ်နိုင်သေးဘူးဗျို့နော်။ ဒီလိုစိတ်တွေကိုစစ်မှ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ၊ နိယောဓသစ္စာနဲ့၊ မဂ္ဂသစ္စာ အခုဖြစ်ရမယ်။ အခုတရားမှတ်တယ်။ နိယောဓနဲ့ မဂ္ဂဖြစ်ရမယ်။ အဲဒါ

အစွဲနှစ်ပါးပယ်ပြီ။ ဉာဏ်နဲ့ပယ်သွားပြီ။ ကံ အဲဒီနှစ်ပါးကို ကိုယ်ကစွဲနေတယ်နော်။ လောကကိုမဖြတ်နိုင်တော့ ဟာ ပူလိုက်တာ။ ပဋ္ဌာစာရီ လင်လည်းသေ၊ အဲ သားတွေသေ။ သောကမီးကလောင်တော့ တာပဲဗျို့။ စွဲတာ ကိုယ်ကစွဲတာ။ အဲ အဲဒါတွေပေါ့။ အဲ ဗျာပါဒဆိုတာ စိုးရိမ်ကြောင့်ကြတာ။ ကိုယ်လုပ်တဲ့ဟာတွေ ပူလိုက်တာ။ ဟာ သိပ်ဟုတ်တာပဲ။ အဲ ပူတာပဲဗျို့နော်။ ခင်ဗျားတို့အပေါ်မှာမူတည်တယ်။ အဲဒီတော့ တရား အားထုတ်မှာ စာကိုလည်း မပယ်နိုင်းပါ။ မပယ်ပါနဲ့နော်။ စာကိုတော့ မစွဲနဲ့၊ မပယ်နဲ့၊ အဲဒီတော့ ဘာဖြစ်ဖြစ် ဩော် အေး အေး အေး။ ဟောဒီဘဝ နောက်ဆုံးပဲတဲ့။ အေးကွာတဲ့။ ဒီနေ့ကစ၍ ဒီရဲ့အသက်နဲ့ ကိုယ့်စိတ်ကိုယ်စစ်ပြီးတော့ ကိုယ့်စိတ်ကို စစ်မယ်။ အဲဒီတော့ အင်္ဂုလိမာလတောင်မှ ကျင့်ရင် ဖြစ်သေးတာပဲ။ သူက လူသတ်တဲ့ အကောင်။ ကိုယ်က သတ်တာမဟုတ်ဘူး။ အကျင့်ပါ။ ကြံကြပါနော်။ အဲဒီအစွဲဟာ ဝေဿန္တရာကြီး ကိုကြည့်ပါနော်။ သားတွေ၊ သမီးတွေကို လှူလိုက်တယ်။ ပုဏ္ဏားကို အဲ ပုဏ္ဏားကလည်း ကလေးတွေကိုရိုက်တယ်ဗျို့။ ဖအေရှေ့မှာ လှူတဲ့ ဖအေ ရှေ့မှာရိုက်တယ်။ ဖအေ က သံလျက်ဆွဲတယ်။ ဘယ်လောက်မာန်ကြီးလဲလို့။ အဲဒါ မာန်ပေါ့။ ဒီမာန်ကလည်း ဒီမာန် ဘာကြောင့်ဖြစ်ရတာလဲ။ တဏှာကြောင့်ဖြစ်တာ။ တဏှာကြောင့် မာန်ဖြစ်ရတာ။ ဒီတဏှာနဲ့ မာန် ဘာကြောင့်ဖြစ်ရလဲ။ အဲဒါ ဒိဋ္ဌိကိုမလွှတ်လို့။ ဒါကြောင့်မို့ တဏှာ၊ မာန၊ ဒိဋ္ဌိတဲ့။ ဒါက စာကမှန်၏ ဉာဏ်မမိ၊ ထိအောင်သူမသိ။ စာတွေ၊ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်။ ဉာဏ်တွေ၊ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကောဥဒပါပါဒိ၊ ဉာဏဥဒပါပါဒိ တဲ့နော်။ ဒါတွေ အာသွက္ခယဉာဏ်တွေခေါ်တယ်။ အဲဒီ ဝိပဿနာလက်မလွှတ်ကြပါနဲ့။ ထိုင်ကြပါနော်။ ကျွဲကူးရေပါတယ်နော်။ အဲ တစ်ချက်ခုတ် နှစ်ချက်ပြတ်။ ဒါတွေကိုလုပ်ကြပါနော်။ ဘာပဲဖြစ်ဖြစ် သည်းခံပါ။ ရပ်ကွက်က လူကြီးမင်းကြီးများကခိုင်းလည်း ဟုတ်ကဲ့၊ ကျွန်တော်လုပ်ပေးပါ့မယ်။ ဟုတ်ကဲ့ ကျွန်တော် လုပ်ပေးပါ့မယ်။ လုပ်ပေး ကုသိုလ်ရတယ်။ အဲ ငါတို့တစ်အိမ်တည်းလိုက်ရတယ်။ တစ်နေ့လည်း ငါ့အိမ်၊ တစ်နေ့လည်း ငါ့အိမ်။ မနောပေါက်တယ်ဗျို့။ ဟော မနောပေါက်တော့ ခင်ဗျားမှာ သီလလည်းပျက်တယ်။ မစ္ဆရိယစိတ်၊ မနာလိုတဲ့စိတ်၊ ကုက္ကုစ္စစိတ်။ ဒါတွေပဲ ဒေါသဖြစ်တယ်။ မနော၊ မနောအာရုံကြောင့်ရတာ။ အဲဒီ မနောဟောဖြစ်တာပဲ။ ဩော် အဲဒါတွေ ငါ သူကျွေးမယ်၊ ငါကလည်း သူကျွေးရင် ငါလုပ်မယ်။ စေတနာလေးနဲ့ ငါလုပ်မယ်။ ဟာ တရားပျက်တယ်၊ ဘယ်သူပဲပျက်ပျက် ကိုယ်မပျက်ဘူး။ ခင်ဗျားတို့ကြည့် စာတော့မတတ်ဘူး။ အဲဒီမျောက်ကြီးက သူက အဲဒီမှာ မုဆိုးတွေကလည်း အဲဒီ မျောက်ကြီးကို အုတ်ခဲနဲ့ထုတယ်။ ခေါင်းကွဲသွားတယ်။ အဲဒီတော့ သစ်ပင်ပေါ်တက်ပြီးတော့ သွေးစက်ကျတဲ့ဟာနဲ့ လမ်းပြတယ်နော်။ သူတော်ကောင်းများဟာ ဘယ်လောက်အထိစောင့်ထိန်းသွားတာ။

သူယုတ်မာက ဘယ်လောက်ပဲပျက်ပျက် သူတော်ကောင်းက မပျက်ပါဘူးနော်။ ကိုယ့်စိတ်က ကိုယ် စစ်တတ်ဖို့လိုတယ်။ ခုနက ဒေဝဒတ်အကြောင်းတော့ ဘုရားဟောတာ။ အင်မတန်သွေးတွေ စက်စက် ကျနေတယ်။ ဘယ်မှမလုပ်တတ်တော့ဘူး။ ဦးဇင်း လည်း အင်မတန်မှ အနတ္တတရားကြီးနော်။ အဲဒီတော့ ဒီအနတ္တဟာ အေးကွာတဲ့၊ အေး အေး ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းလေးပါးက ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓါတ်လေးပါး။ အဲဒီတော့ ဓါတ်လေးပါးက ဥတုသပ္ပာယ၊ ဘောဇဉ် သပ္ပာယ၊ ကျင့်အပ်တဲ့တရားတော်။ ဒီတရားက သြော် ပေါ်လာတာ ကိလေသာကံတွေ။ အိမ် ကိုယ့် ကိုယ်ပိုင်အိမ်ကို ပြန်လာပြီ။ ဒကာက တရားသွားထိုင်တယ်။ ဒီနားမှာပဲ ကိုယ်နေရမှာပဲ။ အခန့် မသင့်ရင် အဲဒီအိမ်က ဝုန်းဒိုင်း၊ ဝုန်းဒိုင်း၊ အေး တံခါးလေးဖွင့်ကြည့်လိုက်တယ်။ မင်းတို့ သိချင်ရင် လာကြ။ တရားထိုင်နေတာ။ အိပ်နေတာမဟုတ်ဘူး။ ခင်ဗျားတို့ရဲ့ လက်ပွတ်းတတီးပဲ သင်ပြတာ။ မသိတာကိုလည်း ဦးပဏ္ဍိတ မသိရင် မမေးနဲ့။ ဦးပဏ္ဍိတ လည်း မသိဘူး။ သိတာကိုပဲပြောပြမယ်နော်။ ဒီလိုနေတဲ့ ရဟန်းနော်။ သူ့မှာ ဘာဖြစ်လို့ ကုလားထိုင်တွေ ဘာတွေသုံးလဲ။ တရားပွဲမို့လို့ သူ့မှာ ဒီအပေါ်မှာထိုင်ရတာနော်။ သူက မာန်ပြုတ်တယ်။ သူ့အောက်နေတယ်။ သူများမေးတော့ (၃)ဝါ။ ဝါကျတော့ သူ့မှာ (၅)ဝါအထက်တောင်မရှိဘူးနော်။ အဲဒီတော့ အဲဒီလောက်အထိ သူနေခဲ့ပါ တယ်နော်။ အဲဒီလိုမှ တပည့်တော် တောင်းပန်ပါတယ်ဘုရား။ ရှိခိုးပါတယ်။ အဲ ဦးဇင်း ကတော့ ပြောတာပေါ့ဗျာ။ ပြောတဲ့အချိန်မှာ ဟောဝါကြီးတာ၊ ဝါကြီးတာပေါ့ကွ။ အဲဒီလိုပြောတော့ အေး အေး အေး ပါကွာတဲ့နော်။ အထင်သေးတော့ ဒီလိုပုဂ္ဂိုလ်ရှိပါတယ်။ အဲဒီတော့ ဘာပဲဖြစ်ဖြစ်ဗျာ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ။ အဲဒီလို ကိုယ့်ရပ်ကွက်ကလူကြီးတွေလိုလည်း သင့်သင့်မြတ်မြတ်နဲ့ ကြင်ကြင်နာနာနဲ့ ပေါင်းပါနော်။ ခင်ဗျားတို့လူကြီးတွေကိုပေါင်းပါ။ အဲဒီတော့ ကိုယ်ကလည်း သူ့အလို ကိုယ်ကပေါင်းတဲ့ အခါမှ ကိုယ်ကဖြည့်ပေးပါ။ သူတို့လုပ်ရတာကလည်း မလွယ်ပါဘူး။ တိုင်းပြည်အတွက် အလုပ်လုပ် ရတာပါနော်။ သူတို့ကောင်းမှ သစ်တစ်ပင်ကောင်းမှ ငှက်တစ်သောင်းကယ်လို့ စကားရှိထားတယ်။ ရှိထားတဲ့အရာ ဒါကြောင့် ဦးဇင်းတို့ သဘောလေးပြောတာပါနော်။ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ။ သူက ကျွန်းပင်၊ ကိုယ်က ကိုင်းပင်။ သူတောင့်မှ ကိုယ်က အဲ အဲဒီတော့ ကိုယ့်စိတ်ကို ကိုယ်စစ်ပြီးတော့ သြော် ငါဟာ သူမကြိုက်တာ ငါမလုပ်ဘူး။ ငါအလုပ်မဟုတ်ဘူး။ ငါ့အလုပ် ငါလုပ်မယ်။ ငါ့ခန္ဓာမှာ တွယ်နေတဲ့အစွဲတွေကို သတ်မယ်။ အဲဒါ အနာဂတ်ကိုလည်း မြင်တယ်။ ဒီဘဝလည်း တွယ်နေတဲ့ အစွဲတွေကိုသတ်မယ်။ အဲဒါ အနာဂတ်ကိုလည်းမြင်တယ်။ ဒီဘဝလည်း အေးတယ်။ ရန်သူမျိုးငါးပါး ရန်လည်း လွတ်တယ်။ ကြည့်စမ်း အဲဒါမလုပ်ပဲနဲ့ စွာတာတာလုပ်တော့ ရန်သူမျိုးငါးပါးက ဖြစ်ပြီဗျို့။

ကံနိမ့်တော့ ခံရပြီဗျို့။ အဲဒီတော့ ကံနိမ့်မှ ဘုန်းကြီး ဦးပဏ္ဍိတ ရယ် တပည့်တော်သားလေးက ဟို ဘာလဲ တီဘီဆေးသောက်နေတယ်။ ဟို မြောင်းမြ အဲ ဆရာဝန်ခေါ်ခဲ့တော့ ဒကာကြီးရယ် ခင်ဗျား အပေါ်မူတည်တယ်။ မဖြစ်ခင်တုန်းက ဘုန်းကြီးစကားနားထောင်ပါလား၊ ဖြစ်ပြီးမှ လွှန်ခဲ့မှ ဘုန်းကြီး ဘာတတ်နိုင်မှာလဲနော်။ သူ့ကံကြောင့် ခံရတာပေါ့ဗျာ။ မဖြစ်ခင်က မကောင်းတာတွေကို မလုပ်ပါနဲ့ ပြောသွားတာပဲ။ အဲဒါ သွားမလုပ်နဲ့။ အဲဒါ ခင်ဗျားတို့ စာကရေးထားတယ်။ ရန်(၅)ပါးပေါ့ဗျာ။ အဲဒီတော့ ဘုရင်ရော၊ မီးရော၊ ရေရော၊ လေရော၊ ဘာရောပေါ့ဗျာ။ အဲဒီ(၅)ပါးလွတ်တာ။ အဲဒါက ထမင်းကြမ်းခဲ လေးကို ဆားလေးနဲ့နယ်စား၊ စိတ်မဆင်းရဲပါစေနဲ့။ ရုပ်ဆင်းရဲပါစေ၊ စိတ်ဆင်းရဲတာ သောကဖြစ်လို့။ သားသမီးအတွက် သွားစွဲလို့ စိတ်ဆင်းရဲတာ။ အဲဒါ ခင်ဗျား သံသရာလည်တယ်နော်။ ကိုယ့်စိတ် ကိုယ်စစ်တတ်ဖို့လိုတယ်။ ဒီတဏှာနဲ့ သညာဟာ နိဗ္ဗာန်တံခါးအထိလိုက်ပြီးတော့ ဒီသညာကဖြစ်တယ်။ ဒီအမှတ်က ကြည့်စမ်း။ အဲဒီတော့ ပညတ်နဲ့ သညာနဲ့ပေါင်းတော့ သင်္ခါရတွေဖြစ်၊ ဥပါဒါန်တွေဖြစ်။ ကြည့်စမ်း သိပ်နတယ်။ ဒီတရားဟာနော်။ သိပ်နတယ်။ တဏှာဆိုတာ ကိုယ့်ရဲ့ကိလေသာမှာရှိတယ်။ မသိဘူး တဏှာဆိုတာ ဇမာလိုပြန်မယ်ဆိုရင်တော့ သာယာတာဗျို့။ ကောင်းတဲ့ဟာတွေကို အင်မတန် လိုချင်တယ်။ ကောင်းတာတွေကို စားချင်တယ်၊ ကောင်းတာတွေကို ဝတ်ချင်တယ်၊ ကောင်းတာနဲ့မှ လိုချင်တယ်။ မကောင်းတာ မလိုချင်ဘူးနော်။ အဲဒါသဘောလေးပဲ။ ဒီတဏှာဟာ တဏှာလို့သာ ခေါ်တယ် စိတ်က အဲဒီလိုမဟုတ်ဘူး။ အဲဒါလေးသွားသာယာတာနော်။ ပစ္စုပ္ပန်ဘုံလေးမှာ ဟော ဒီဘုံလေးမှာ မြန်လိုက်တဲ့အရာဝတ္ထုကို သွားသာယာတာ တဏှာခေါ်တယ်။ အဲဒါ တဏှာခေါ်တယ်။ ကိုယ်က အခုဖြစ်နေတယ်။ ပစ္စုပ္ပန်မှာ အကြောင်းလေးတွေ အကျိုးအကောင်းလေးတွေ ဘာဖြစ်ဖြစ်၊ ညာဖြစ်ဖြစ် ကိုယ့်သားတွေ၊ သမီးတွေသေတယ်။ အဲ သေတယ်။ အဲဒီအချိန်ကျရင် ကောင်းတဲ့ဘဝ ကိုနော်။ အဲဒီတော့ ကိလေသာနဲ့ တဏှာကို သတ်ဖို့ ဘယ်သူကိုအရင်သတ်မလဲ။ ဒိဋ္ဌိကိုသတ်၊ ဒိဋ္ဌိဆိုတာ အာရုံ(၅)ပါးအယူကိုမယူဘူး။ မယူတော့ အဲဒီတော့ ပယ်ပြီ။ အာရုံ(၅)ပါးကို မနောကိုသတ် တယ်။ မနောက ဟိုတုန်းကတွေးတာတွေ နှလုံးသားကလာတဲ့ဟာတွေ၊ အစွဲတွေ အဲဒီတော့ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်း ဟော ယူလိုက်ပြီ။ ရုပ်နာမ် တစ်ကယ်လည်း ဝီရိယတွေကောင်းတာကို။ သီလနဲ့ သမာဓိဖြစ်နေပြီ။ သီလဆိုတာ အပြင်မှာစင်ကြယ်တယ်။ သမာဓိဆိုတာ နှလုံးသားနော်။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာ(၃)ပါးရတော့ အဲဒါ ရဟန္တာ မှ ရတာ။ အဲဒီ အဓိသီလဆိုတာ ထိုင်လာတဲ့ အကျင့်သီလဟာ ဝိသုဒ္ဓိဖြစ်နေပြီ။ လောဘ၊ ဒေါသ၊ မောဟ ခေါင်းပါးသွားပြီနော်။ ခေါင်းပါးသွားပြီ။ သူ့စိတ်ကို သူဆင်ခြင်လို့ရပြီ။ အဓိစိတ္တတွေဖြစ်သွားပြီ။ အဲဒါဘယ်လို လူကသိလဲ။

ပညာက အဓိဖြစ်သွားပြီ။ ဒါကြောင့်မို့ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာ(၃)ပါးကို အဆီအနှစ် ထုတ်တာ။ ဘာဆီတွေကျလဲ။ ဓောဝ မဓွောကျတယ်။ အေးသွားပြီ။ ကံဖြစ်သွားတာနော်။ ကံပြတ်လို့ ခင်ဗျားတို့ ဒါနမျိုးစေ့၊ သီလမျိုးစေ့၊ ဘာဝနာမျိုးစေ့ လာပေးတာနော်။ ခင်ဗျားတို့လည်း ပြန်မှာပဲ။ ဦးပဏ္ဍိတ လည်း ပြန်မှာပဲ။ အသေမဦးခင် ဉာဏ်ဦးအောင်ပြန်နော်။ ပြန်ကြမှာပဲ။ တစ်နေ့တော့ စားတာ၊ သောက်တာ ခြိုခြံပြီးစား။ သူများအားမကျနဲ့။ သူများစားတာတွေ သွားအားမကျနဲ့။ ကိုယ့်ရဲ့ခန္ဓာက ဘာအကျိုးလဲ၊ ဘာအတွက်လဲ။ ကိုယ့်ဟာကိုယ် ထမိန်လေးလှည့်ဝတ်၊ အင်္ကျီလေးလှည့်ဝတ်စားတတ်ဖို့လိုတယ်နော်။ ဗီဇ္ဇါကို ခံစားတဲ့တရားတွေဟာ တဏှာခေါ်တယ်။ စက္ခုံကို ခံစားတဲ့တရားတွေဟာ တဏှာခေါ်တယ်။ နားသောတကို ခံစားတာ တဏှာ။ ဒီပြင်အပေါက်တွေကို ယိုစီးနေတာ ဟာ ခင်ဗျားတို့ကျောင်းလာပြီး သီလယူတယ်၊ ကြည့်သာယူ၊ ကြည့်သာစားနော်။ ဥပါဒါန်ကံတွေကို ဟောသွားတာနော်။ အဲဒီ ဥပါဒါန်ကံက နိယောခနဲ့ မဂ်ရမှပြတ်မှာ။ ဒုက္ခသစ္စာနဲ့၊ သမုဒယသစ္စာကိုသိလို့ သူပြတ်တာ။ ပြတ်လို့လာဟောတာနော်။ အဲဒါ သစ္စာလေးပါး ကံတရားခေါ်တယ်။ ဘယ်ကံလဲ။ မနောကံ။ ဘာကံလဲ။ အစွဲစွဲရင် ကံဖြစ်တယ်။ မင်း အဲဒါစွဲရင်တော့ မင်းစိတ်မင်းစစ်။ အဲဒါ အရိယတ္ထသစ္စာခေါ်တယ်။ သမုတိသစ္စာကတော့ ကံတော့ကံပဲယူတယ်။ ကောင်းတာလုပ်ရင် အဲဒါ သမုတိသစ္စာ၊ အရိယတ္ထသစ္စာနဲ့ သမုတိသစ္စာက ကွာနေတယ်။ အဲဒီမှာ (၃)ခုကွာနေတယ်။ အဲဒီ ဝိရတီသစ္စာနဲ့ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ အဲဒီ(၃)ချက် သူအလုပ်လုပ်တာ။ အဲဒီ(၃)ချက်ကို အလုပ်လုပ်ထားတော့ အရိယတ္ထသစ္စာရတယ်။ အဲ အလုပ်မလုပ်ဘဲ သမုတိဖြစ်နေတယ်။ သမုတိဖြစ်တာ ဘာတွေ သမုတိနတ်တွေ၊ ဘာတွေပေါ့ဗျာ။ အဲဒီလိုနေကြထိုင်ကြ။ အဲဒါကောင်းတဲ့အလုပ်။ သမ္မာအလုပ်။ တစ်ခါတစ်လေ မိစ္ဆာဖြစ်တတ်တယ်နော်။ ဘာဖြစ်လို့ ဖြစ်တတ်လဲ။ ခင်ဗျားတို့ စိတ်တွေစစ်ကြည့်ပေါ့ဗျာ။ ဖြစ်ပျက်ကလေးတွေ ရုပ်ကုဋေ(၅)ထောင်၊ နာမ်ကုဋေ(၁)သိန်း ဖြစ်ပျက်မှမသိရင် ကိလေသာ အကြွေးတင်တယ်။ စာကရေးတယ်။ ဟုတ်သလားတဲ့။ ဟုတ်ပါတယ်တဲ့။ ဟုတ်ရင် မင်းသိသလားတဲ့။ အဲဒါသိမှ ပယ်မှာ။ ရုပ်ကုဋေ(၅)ထောင်၊ နာမ်ကုဋေ(၁)သိန်းကို အိုး နာမ်ခိုင်းတော့ ရုပ်ခွေးဖြစ်တယ်။ ကြည့်စမ်း ရုပ်ကခိုင်းတော့ နာမ်ခံစားရတယ်။ ဘာခံစားရလဲ။ အေး အေး အေး ဒီလောက်ဆို တော်ရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား။ )

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၁.၆.၂၀၀၃)ရက်နေ့

ပခုက္ကူ ဖောင်တော်ဦးဘုရားတွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၇၂)


ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ် (၁၇၁)
# (၁.၆.၂၀၀၃) ပခုက္ကူ ဖောင်တော်ဦးဘုရား
# ဝိသုဒ္ဓိဆရာတော် တရားတော်

ကာယကံ၊ ဝစီကံ၊ မနောကံ။ ကံတွေရှိတယ်။ သံသရာဘယ်ကစသလဲဆိုတော့ ခန္ဓာက စလို့လည်တယ်။ အာရုံကိုမလွတ်လို့ အာသွက္ခယဉာဏ်မရလို့လည်တာ။ အကုသိုလ်ကံ၊ ကုသိုလ်ကံ သွားစွဲတယ်။ စွဲရင် သံသရာလည်မယ်တဲ့။ အဲဒါ သဘောပဲနော်။ တရားဟာ ဘယ်မှာရှိလဲ။ ခန္ဓာမှာရှိတယ်တဲ့။ ခန္ဓာမှာ ဉာဏ်စိုက်ရင် ကြာရင်သိလာပါလိမ့်မယ်နော်။ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်း၏အကြောင်း အမှန်တရား၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ ဒါ ကံပြတ်တရားတွေ။ အစွဲဥပါဒါန်ပြတ်တဲ့တရားတွေ။ တရားအားထုတ်တဲ့အခါကျတော့ တရားထိုင်တဲ့အခါကျတော့ အာရုံ (၅)ပါးနဲ့လည်းမပေါင်းဘူး။ မနောက အာနာပါန ခယဝယ ထိမှု၊ သိမှု၊ ထိသိ၊ သတိ၊ သတိအမြဲတမ်းထားပါ။ စိတ်တွေခေါင်းပါးလာတယ်။ အဲဒီလိုစိတ်ကလေးကို အင်မတန်မှ သတိထား။ ပြီးတော့ ဒီသီလတွေကို သမ္မာလေးကို ပညာတွေဖြစ်အောင်ကြိုးစားတယ်။ ဒါကြောင့်မို့ ဒုက္ခသစ္စာ ဆင်းရဲခြင်းအကြောင်း အမှန်တရား။ ဘာကြောင့်ဆင်းရဲသလဲ။ စိတ်ကလေးက ဆင်းရဲတယ်။ အဲဒီစိတ်ကလေးဆင်းရဲတာကို အာရုံမှာမှတ်မှားပြီးတော့ မှတ်တယ်။ အဲဒီတော့ အာရုံမှာ မှတ်မှားပြီးတော့ ဗျာပါဒဆိုတဲ့ အပူတွေလိုက်လာတယ်။ သောကမီးတွေ ပူလောင်တယ်။ ပြီးတော့ စိတ်ချမ်းသာတယ်။ ကိုယ်လိုချင်တာရတယ်။ ဒါတွေဟာ (၃၁)ဘုံမလွတ်ဘူးဗျနော်။ အဲဒီတော့ (၃၁)ဘုံမလွတ်တဲ့အသိနဲ့ (၃၁)ဘုံလွတ်တဲ့အသိတော့ရှိတယ်။ ဒါကျင့်တဲ့သူမှသိတယ်။ သီလ၊ သမာဓိ၊ ပညာလို့ သိက္ခာ(၃)ပါးလို့ရေးထားပါတယ်။ ရေးထားတဲ့အခါမှာ သီလ၊ သမာဓိ၊ ပညာလို့ သိက္ခာပုဒ်မှာရေးထားတယ်။ အဲဒီတော့ ဒီက အဓိသီလတဲ့။ အဓိဆိုတာ သီလဆိုတဲ့စိတ်ကလေးဟာ မနောနဲ့ အာရုံနောက်ကို မလိုက်တော့ဘူး။ အဲဒါ အဓိသီလနော်။ အဲဒါ အာသွက္ခယဉာဏ်ရတဲ့ပုဂ္ဂိုလ်ကသိတယ်။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ။ ဒါ ဝိပဿနာသွားမယ့်လမ်း။ မဂ္ဂင်ရှစ်ပါးက တက်သွားတဲ့လမ်း။ စိတ်ကိုစစ်သွားတဲ့ မဂ္ဂင်နဲ့စစ်သွားတယ်။ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်းအကြောင်း အမှန်တရား၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ ဒါ ကံပြတ်တရားတွေဖြစ်တယ်။ သံသရာဘယ်ကစသလဲ။ ခန္ဓာကစတယ်။ ဘယ်ကံလဲ။ ကာယကံ၊ ဝစီကံ၊ မနောကံ။ မနောကံ က အာရုံ(၅)ပါး၊ ပစ္စုပ္ပန်တည့်တည့်လေး။ အဲဒီတည့်တည့်လေးမှာ ပစ္စုပ္ပန် စက္ခုအာရုံမှာ သာယာတာ တဏှာ၊ နားသောတမှာ သာယာတာ တဏှာ၊ နှာသာမှာ သာယာတာ တဏှာ၊ ဇိဝှါမှာ သာယာတာ တဏှာ။

တဏှာသတ်တဲ့ရဟန်းခေါ်တယ်။ အဲဒီတဏှာဟာ ကိလေသာမှာရှိတယ်။ အောင်းနေတယ်နော်။ ဒီတဏှာက ဘာနဲ့သတ်မလဲ။ ဒီတဏှာကိုသိချင်ရင် တရားအားထုတ်တဲ့ အဲဒီတော့ ကာယသတိပဋ္ဌာန်၊ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကာယသတိပဋ္ဌာန်။ အဲဒီတော့ ကာယသတိပဋ္ဌာန်။ ကာယမှာစင်ကြယ်ရမယ်။ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်မယ်။ ဝိပဿနာဉာဏ်စခန်း ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အလောကောဥဒပါဒိ၊ ဉာဏာဥဒပါဒိတဲ့နော်။ ဒါ ကံပြတ်တရားတွေ။ အစွဲဥပါဒါန်တွေ။ သားလေးတစ်ခုခုဖြစ်သွားရင် မအေ က သောကဖြစ်တယ်။ ဗျာပါဒဖြစ်တယ်။ စိုးရိမ်ကြောင့်ကြစိတ်တွေဖြစ်တယ်။ ဘယ်ဟာလဲ။ အာရုံ မလွတ်လို့ မနော။ အဲဒါ သီလပျက်တယ်ဗျို့။ အဲဒါ ကံတွေပဲနော်။ ကိုယ့်စိတ်ကိုယ်စစ်ပါ။ မဂ္ဂင်နဲ့စစ်။ စစ်ရင်သိမယ်။ သိရင်ပယ်မယ်၊ ပယ်ရင် မဂ်ဖိုလ်လမ်းကိုမြင်လိမ့်မယ်နော်။ ကိုယ့်စိတ်ကိုယ်မှ မစစ်တာပဲ။ ဘုရားကဟောသွားတယ်။ စိတ္တာတဏှာနာမ် ခယမစ္စက စိတ်သာရှင်ဖော ဘုရားဟောတဲ့။ ဟော စာမတတ်ဘူး။ ဦးပဏ္ဍိတ တောထွက်ကြီး။ ငယ်ဖြူမဟုတ်ဘူး။ ဝိပဿနာနဲ့ကျင့်လာတဲ့ အဲ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ အဲဒီတော့ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ။ အဲဒီတော့ ရုပ်တရား၊ နာမ်တရား အကျိုးအကြောင်း၊ အကျိုးက ရုပ်၊ အကြောင်းက နာမ်။ ရုပ်နာမ် မသိတာ အဝိဇ္ဇာ၊ ရုပ်နာမ်သိတာ ဝိဇ္ဇာဉာဏ်။ ဟော သဘောလေးနဲ့နာ။ သဘာဝသဘောလေးနဲ့ပြောသွားတာနော်။ မြောင်းမြမှာနေတာ။ ခင်ဗျားတို့ဆီလာရတာ ခက်ခက်ပဲ။ အဲ မြောင်းမြနဲ့ ရန်ကုန်၊ ရန်ကုန်နဲ့ ဟော့ဒီခင်ဗျားတို့ မုံရွာ၊ မုံရွာကနေပြီး ပခုက္ကူနော်။ အခု ဒီညဟောပြီးရင် ပြန်မှာ။ သူကနော် အဲဒီတော့ ဒါတွေဟာ သဘောလေးနဲ့ မဂ်ဉာဏ်ရတဲ့ပုဂ္ဂိုလ်။ မဂ်ဉာဏ်ဆိုတာ ကံပြတ်တဲ့ပုဂ္ဂိုလ်ခေါ်တယ်။ အစွဲဥပါဒါန်ပြတ်တာ။ အဲဒါ မဂ်ဉာဏ်ရလို့ပြတ်တာ။ သဘောလေးနဲ့နာ။ ခင်ဗျားတို့ကို မျိုးစေ့တွေ လာပေးတာ။ အဲဒီမျိုးစေ့တွေလာပေးတာ။ ဦးပဏ္ဍိတ မြောင်းမြကလာပြီးတော့ ကိုယ့်စရိတ်နဲ့ကိုယ်လာတာနော်။ ကိုယ့်ဟာနဲ့ကိုယ် ဘယ်သူ့ကိုမှ အပူမကပ်ဘူးနော်။ ဒါပေမယ့် ရန်ကုန်က ဒကာ၊ ဒကာမတွေက လိုက်လှဲ့စွာနဲ့ကြိုဆိုပြီးတော့ ဒီသာသနာကို သူတို့အားလုံး အကုန်အကျခံပြီးတော့ သူတို့ ကိုယ်တိုင်လိုက်လာတာ။ သြော် အေး အေး အေး အေး။ အဲဒီလို သူအေးသွားပြီ။ အပူမဟုတ်တော့ဘူး။ သားစွဲလို့ စိုးရိမ်ကြောင့်ကြခြင်းသူ့မှာမရှိ၊ သမီးစွဲလို့ စိုးရိမ်ကြောင့်ကြခြင်းမရှိဘူးနော်။ ဒါဘာလဲ အေးတဲ့ခါတ်။ အေးငြိမ်းခြင်းခါတ် အခုရတာ။ အခု ဘဝရတာနော်။ အကြွေးမဟုတ်ဘူး။ ဒါဘာလဲ ကျင့်လို့ ကြလို့ရတာ အဲဒီတော့ သဒ္ဓါဖိုလ်တွေ၊ သဒ္ဓါဆိုတာ ယုံကြည်တာ။ သဒ္ဓါဖိုလ်တွေ၊ ဝိရိယဖိုလ်တွေ၊ သီလဖိုလ်တွေ၊ သမာဓိဖိုလ်တွေ၊ ပညာဖိုလ်တွေ။ အဲဒီဖိုလ်တွေနဲ့တက်လာတာ။ အဲဒါ ခင်ဗျားတို့

သဒ္ဓါဗိုလ်တွေတော့ရှိပါတယ်ဗျာ။ သဒ္ဓါတော့ ယုံကြည်ပါတယ်ဗျာ။ ဝီရိယခေါင်းပါးနေတယ်။ အဲဒီတော့ အဲဒီရုပ်မှာက ဟောဒီကိုယ့်ရုပ်မှာက တဏှာရှိတယ်။ ဒီတဏှာကိုသတ်ရင် ဝေဒနာနဲ့သတ်ရမယ်။ ဝေဒနာပေါ်မှ တဏှာကိုသိတယ်။ တဏှာဆိုတာ နာမ်နော်။ စာမတတ်လို့။ အဲဒါနာမ်ပဲ။ အဲဒါ ခန္ဓာလေ။ ခန္ဓာ(၅)ပါးလောကီပညာဆိုတာ ဥပါဒါန်ကံ။ အဲဒါ နာမ်ခန္ဓာတွေ။ သဘောလေး။ ဝေဒနာက တဏှာကို ကူးသွားတာ။ စိတ်ချမ်းသာတယ်။ စိတ်ချမ်းသာတာကတော့ အဲဒါကံနော်။ တရားဆိုတာ ထိထိမိမိနဲ့ ကြည့်ရှုနှလုံးသွင်းရတယ်နော်။ အဲဒီတော့ ဒါတွေ ခင်ဗျားတို့အပေါ်မှာမူတည်တယ်။ ဦးပဏ္ဍိတ ကလည်းသေမှာ။ ရုပ်က အိုမယ်၊ ရုပ်က နာမယ်၊ ရုပ်က အိုမယ်၊ စိတ်က မအိုဘူး။ အဲဒီစိတ်အကြောင်း လာပြောတာ။ ကိုယ့်ထက်ကြီးတဲ့လူကို ရိုသေပါ။ ကိုယ့်ထက်တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်က လူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို မာန်တွေ၊ ရာဇမာန်တွေ၊ ခနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ၊ စာမာန်တွေ မစွဲနဲ့တဲ့။ စွဲရင်ကံဖြစ်သွားမယ်။ စွဲရင်ကံဖြစ်မယ်။ ဘာဖြစ်လို့လဲ။ ခင်ဗျားတို့ကြည့်။ ခင်ဗျားတို့ သုတ္တန်ထဲမှာ ဝေဿန္တရာ ကြည့်။ သားလေးတွေကို လှူလိုက်တယ်။ ပုဏ္ဏားက ဆင်းရိုက်တယ်။ ဆင်းရိုက်တော့ ဖအေ က မြင်တယ်။ မြင်တော့ သားလေးကိုစွဲတာ တဏှာ၊ တဏှာကြောင့် မာန်ဖြစ်တယ်။ သံလျက်ဆွဲတယ်။ အဲဒါ ဝေဿန္တရာရဲ့စိတ်တွေ။ အပြင်မှာ မစင်ကြယ်ရင် ခန္ဓာမှာ မစင်ကြယ်ဘူး။ ခန္ဓာမှာ မစင်ကြယ်ရင် ဉာဏ်မှာမစင်ကြယ်ဘူး။ ခင်ဗျားတို့အပေါ်မှာမူတည်တယ်။ ဝိပဿနာဉာဏ်စခန်းခေါ်တယ်။ ဉာဏ်ရလို့လာဟောတာနော်။ အဲဒါ မျိုးစေ့တွေလာပေးတာ။ (၃၁)ဘုံလွတ်တဲ့ မျိုးစေ့လာပေးတာ။ ခင်ဗျားတို့ အဝိဇ္ဇာတုံးကြီးဟာ သီလစစ်၊ သီလမှန်နဲ့ ဆေးကြောပါ။ ဘာဝနာစစ်၊ ဘာဝနာမှန်နဲ့ ပွားများပါ။ ဦးပဏ္ဍိတရဲ့အဝိဇ္ဇာတုံးကြီးဟာ သီလစစ်၊ သီလမှန်နဲ့ဆေးကြောပါ။ ဒါနစစ်၊ ဒါနမှန်နဲ့ဆေးကြောပါ။ ဘာဝနာစစ်၊ ဘာဝနာမှန်နဲ့ ပွားများပါ။ ဦးပဏ္ဍိတ ရဲ့ အဝိဇ္ဇာတုံးကြီးဟာ အဓိသီလနဲ့ ဆေးကြောတယ်။ အဓိစိတ္တနဲ့ ဆေးကြောတယ်၊ အဓိပညာနဲ့ ဆေးကြောတယ်နော်။ အဝိဇ္ဇာတုံးကြီးကို အဝိဇ္ဇာဆိုတာ အာရုံ(၆)ပါးနော်။ အခုတော့ လောဘစိတ်တွေ၊ ဒေါသစိတ်တွေ၊ မောဟစိတ်တွေ၊ တဏှာ၊ မာန၊ ဒိဋ္ဌိစိတ်တွေ အဲဒါ ဒိဋ္ဌိပဲ။ ဒိဋ္ဌိသတ်ပစ်၊ ဒိဋ္ဌိသတ်မှ တဏှာကိုမြင်မှာနော်။ ခင်ဗျားတို့ သဘောလေးပဲ။ ခင်ဗျားတို့ ဒီလမ်းပြန်ရမှာပဲ။ မရဏသေမင်း မဦးခင် ခင်ဗျားတို့ရဲ့ ဉာဏ်ရအောင် ကြိုးစားကြပါ။ မရှိတာကိုရှာရင် ရတယ်။ မသိတာ အခက်ဆုံး။ ဒါ အသိလာပြောတာ။ မြောင်းမြကလာပြောတာ။ ဝါးကျောင်းက လာပြောတာ။ သိ၊ ပယ်၊ ဆိုက်၊ ပွါး နော်။ ခန္ဓာမှာ တဏှာရှိတယ်။ အဲဒီ ကိလေသာနဲ့ တဏှာဟာ တွဲနေတယ်။ အဲဒါ ဉာဏ်နဲ့ကြည့်။ ခင်ဗျားတို့ကြည့်။ အဲဒီတော့

တရားလေးထိုင်ပါ။ လက်ကလေးပိုက်ပါ။ ကာယကံ(၃)ပါးက သူများအသက် မသတ်ပါနဲ့တဲ့။ သူများပစ္စည်း မခိုးပါနဲ့တဲ့။ သူများသားမယား မဖျက်ဆီးပါနဲ့တဲ့။ အပြင်မှာစင်ကြယ်ပါ။ သမ္မာနဲ့ယူပါ။ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိတွေနဲ့ မယူပါနဲ့တဲ့။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ စိတ်ကို သီလနဲ့ဆေးကြောပါနော်။ အဲဒီတော့ စိတ္တာတဏှာနာမ် ခယမစ္စက စိတ်သာရှင်ဖော ဘုရားဟောတဲ့နော်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာ ဆုံးတယ်။ သီလမှာချုပ်တယ်။ ဟော သီလချုပ်သွားပြီ။ မနောသီလချုပ်သွားတာ။ ဒီလောက်ဆို ပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား။ )

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာစေတီပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၂၅.၂.၂၀၀၁)ရက်နေ့

တောင်ဥက္ကလာပ၊ ကျော်သူလမ်း၊ ဓမ္မာရုံတွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၇၂)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၁၇၂)
# (၂၅.၂.၂၀၀၁) တောင်ဥက္ကလာပ၊ ကျော်သူလမ်း၊ မဂ္ဂါရုံ
# ဝိသုဒ္ဓိဆရာတော် တရားတော်

ဦးဇင်း က စာပေကျမ်းဂန်မတတ်ဘူး။ အဲဒီတော့ ရဟန်းဘောင်မှာ အသက်(၅၄)နှစ်အရွယ်မှာ တက်တာပါ။ စာပေကျမ်းဂန်မတတ်ပါဘူးဗျာ။ ငယ်စဉ်တောင်ကျေးက အဖေ၊ အမေများက ဆင်းရဲနွမ်းပါးတော့ ကျောင်းကိုမထားနိုင်ဘူး။ ဒီလိုနဲ့ အိမ်မဲမြို့နယ်၊ သရက်ကုန်းကျေးရွာမှာနေပါတယ်။ ဆင်းရဲလွန်းလို့ ကျောင်းမနေရတဲ့အတွက်ကြောင့် စကားပြောတဲ့အခါမှာ မှားယွင်းသွားရင် ဆရာတော်သမတော်တွေ၊ သံဃာတော်အရှင်မြတ်တွေ၊ ပုဂ္ဂိုလ်များအားလုံးကို တပည့်တော်က စာမတတ်တဲ့အတွက် အားလုံး တပည့်တော်ကိုခွင့်လွှတ်ပါတဲ့။ စာမတတ်လို့ပါတဲ့။ အဲဒီတော့ ဦးဇင်း က ဟောရမှာက ကံတရားပေါ့။ အဲဒီတော့ ဒီကံတရားဟာ စာကရေးထားပါတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ။ ကံ(၃)ခုရှိမှာပေါ့ဗျာနော်။ ဘယ်ကံကို ဝိပဿနာတရားနဲ့ ဘယ်ကံကိုနှလုံးသွင်းရမလဲလို့ ဒါကိုယ့်အကြောင်း ကိုယ်သာသိတာပေါ့။ အဲဒီတော့ ကံတရားဆိုတာက စာလိုရေးတာက ကံ၊ မိမိရဲ့ အားလုံးရှိကြတဲ့၊ ပုဂ္ဂိုလ်များဟာ အစွဲဥပါဒါန်ကို ကံလို့ခေါ်တယ်။ ကိုယ့်စိတ်ကလေးကို ကိုယ်စစ်သွားဆိုရင်ကံပဲ။ ကောင်းမှုကုသိုလ်ကံကို သွားစွဲရင်လည်း ကောင်းမှုကုသိုလ်ကံ သူ့မှာ ဒိဋ္ဌိပါနေသေးတယ်။ သမ္မာဒိဋ္ဌိကြီးနဲ့ ဟိုကလည်း မိစ္ဆာဒိဋ္ဌိကြီးနဲ့ မကောင်းတာလုပ်တာလည်း အဲအကုသိုလ်ကံ၊ ကောင်းတာလုပ်တာလည်း ကုသိုလ်ကံ။ ဒါ ဘယ်ကံလဲ။ ကာယကံ၊ ဝစီကံ၊ မနောကံ။ မနောကံက အာရုံကိုမပြတ်တော့ အာရုံ(၅)ပါးကို စက္ခုအာရုံ၊ နားသောတအာရုံ၊ နံ့သာအာရုံ၊ ဇိဝှါအာရုံ အာရုံတွေခေါ်ပါတယ်။ စာကရေးထားတယ်။ ဒီအာရုံပေါ်မှာ အမှတ်များတွေဖြစ်နေတယ်ကိုမြင်လိုက်တော့ သဘော်မြင်သဘော်၊ အဲ ကမ်းမြင်ရင် ကမ်းပေါ့။ မှတ်တာပေါ့။ ဒါက အားလုံးရှိကြတဲ့ပုဂ္ဂိုလ်များ ဒီအယူဝါဒဆိုတဲ့ နှလုံးသွင်းပြီးတော့ယူကြတယ်။ ယူထားတဲ့အခါကျတော့ လောဘစိတ်တွေ၊ ဒေါသစိတ်တွေ၊ မောဟစိတ်တွေ၊ တဏှာ၊ မာနစိတ်တွေဖြစ်နေကြတယ်နော်။ ဒီစိတ်တွေကိုမဖြစ်အောင် တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ ဒီလိုစိတ်မျိုးတွေမဖြစ်အောင် တရားကို ကိုယ့်ခန္ဓာမှာရှိတဲ့တရားတွေကို ကိုယ်သိရမယ်။ ကိုယ်ကျင့်ရမယ်။ အဲဒီတော့ ကျင့်တော့သိတယ်၊ သိတော့ ပယ်မယ်၊ ပယ်တော့ မဂ်ဖိုလ်ဆိုက်မယ်။ စာကရေးထားတယ်။ အဲဒီတော့ (၃၁)ဘုံမှာ ဦးဇင်းတို့ရဲ့ လူ့ဘုံမှာနေကြတဲ့ လူ့ဘုံကရောက်လာတယ်။ ဘာနဲ့ရောက်လာလဲ။ သမ္မာအယူနဲ့ရောက်လာတယ်။ ကံတော့ ကံပဲ။ အဲဒီကံတွေကတော့ မိစ္ဆာဒိဋ္ဌိကံနဲ့လာတုန်း စွဲကံတွေဖြစ်တယ်။ အဲဒါ မိစ္ဆာတဲ့။ ဒီက သမ္မာကံတဲ့။ သဘောလေးပဲ။ ကံဆိုတာ ဥပါဒါန်ကံ

အစွဲတရားပဲ။ အဲဒီတော့ ဒီတရားကို ခန္ဓာမှာရှာရမှာကိုဗျ။ ခုနကပြောသလိုပေါ့။ ဦးဇင်း စာမတတ်တော့ ဝိနည်း ဘာမှ ကြားတော့ကြားဖူးတယ်။ ဝိနည်း(၂၂၇)သွယ်မှန်ပါတယ်တဲ့။ ဒီဝိနည်းအရဆိုရင် အဲ တပည့်တော်က ဘာမှလည်း စာမတတ်တော့ ဒီဟာတွေကိုရှောင်ရမယ့်တရား၊ ပယ်ရမယ့်တရားတွေ မှန်ပါတယ်တဲ့။ အဲဒီတော့ ဝိနည်းမတတ်လို့ရှိရင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာရေးသုံးပါးကို တော့ ဝိပဿနာနဲ့ကြည့်ရင်တော့ ဒါဟာ ရဟန်းလို့ဖြစ်ပါ့မလား။ အဲ ရဟန်းဖြစ်ပါတယ်တဲ့နော်။ ဝိပဿနာတရားကိုပဲ စိတ်ကိုစစ်မှပေါ့ဗျ။ အဲဒီတော့ ဘုရားဟောအရ မဂ္ဂင်ရှစ်ပါးရှိတယ်။ ဒီမဂ္ဂင် ရှစ်ပါးမှာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ စာကရေးထားတယ်။ ဒါ ပါဠိစကားတွေ။ အဲဒီတော့ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။ ဒါ သမ္မာဓိလို့ရေးထားတယ်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပလို့ ဒီလိုခေါ်ကြတယ်။ မဂ္ဂင်ရှစ်ပါးပေါ့ဗျာ။ အဲဒီတော့ ဒီတရားတွေဟာ ကိုယ်ကနေပြီးတော့ ယုံယုံ ကြည်ကြည်နဲ့ သဒ္ဓါကြည်ကြည်နဲ့၊ ဝီရိယကောင်းကောင်းနဲ့ အလုပ်လုပ်တဲ့အခါမှာ အလုပ်လုပ်ပြီပေါ့ ဗျာ။ အလုပ်လုပ်တဲ့အခါမှာ အာရုံ(၅)ပါးနော်။ အာရုံ(၅)ပါးတဲ့။ စက္ခုအာရုံ၊ နားသောတအာရုံ၊ အပြင်အာရုံတွေကို ပိတ်လိုက်ပါတဲ့။ ဒါတွေနဲ့ အပေါင်းအသင်းမလုပ်ပါနဲ့တဲ့နော်။ ဘယ်ကံကို ပယ်ရ ဦးမလဲတဲ့။ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ။ ဒါတွေကိုလည်း ပယ်လိုက်ပါတဲ့နော်။ သက္ကာယဒိဋ္ဌိ ဆိုတာ ငါမြင်တယ်၊ ငါကြားတယ်၊ ငါ့အိမ်၊ ငါ့တိုက်ဆိုတဲ့ အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှား တယ်။ အစွဲမှားတယ်နော်။ အဲဒါတွေကို ဘာဖြစ်လို့ အယူမှားလဲဆိုတော့ ဒါ ငါ့ပစ္စည်း၊ ငါ့အိမ်၊ ငါ့တိုက်၊ ငါ့သမီးဆိုတော့ ငါနဲ့ယူထားတဲ့အတွက်ကြောင့် အဲဒီတော့ သညာ၊ သင်္ခါရ၊ ဥပါဒါန်၊ အမှတ်ဖြစ်သွား တယ်။ အရာဝတ္ထုတစ်ခုကို မြင်လိုက်တဲ့အခါမှာ ဒါ ထောင်တန်၊ ဒါ ငါးရာတန်ကို မှတ်တယ်။ အဲဒီ အမှတ်ကြောင့် ဒါကိုကွဲပြားပြီးတော့ သူပြောတယ်။ မှတ်ထားလို့ရတယ်။ ဟောဒါ ငါးရာတန်၊ ဟောဒါ တစ်ထောင်တန်။ သူမှတ်ပြီးပြီ။ မှတ်တဲ့အရာဝတ္ထုကို ကွဲပြားပြီ။ သူပြောမှာနော်။ ဒါ မိရိုးဖလာရဲ့အသိ တွေ၊ ကံအသိတွေ၊ ကံအသိဆိုတော့ နတ်ဘုံရောက်မယ်။ ဗြဟ္မာ့ဘုံရောက်မယ်။ မကောင်းတဲ့ မိစ္ဆာ ဒိဋ္ဌိမှန်သမျှ ယူမယ်ဆိုရင်တော့ ခုနက အပါယ်လေးဘုံတို့ ဘာတို့ပေါ့ဗျာ။ (၃၁)ဘုံမှ မထွက်နိုင်ရင် ထွက်နိုင်တဲ့လမ်းလေးတွေကို ရှာရမယ်။ သူရေးထားတယ်။ မဂ်ဉာဏ်တဲ့၊ ဖိုလ်ဉာဏ်တဲ့။ ရေးထား တယ်။ စာကရေးထားတယ်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဆိုတာ ကိုယ့်ရဲ့ကြိုးစားမှုတွေမှာမူတည်ပါတယ်။ အဲဒီတော့ ဒီတရားတွေကို အင်မတန်မှ လူ့ဘုံဟာ အမြတ်ဆုံးပါပဲ။ (၃၁)ဘုံမှာ လူ့ဘုံအမြတ်ဆုံးပဲနော်။ တော်ကြာ မိုးကျောခိုင်းပြီးတော့ လောဘစိတ်တွေ၊ ဒေါသစိတ်တွေ၊ မောဟစိတ်တွေ၊ တဏှာ၊ မာန၊ ဒိဋ္ဌိစိတ်တွေ။ ဒါတွေကိုဖြစ်သွားမှာစိုးလို့ ဝိပဿနာရဲ့ တရားများကို ထိုင်ကြပါ။ ကိုယ့်အလုပ်ကို

လာတော့လည်း တစ်ယောက်တည်း။ ပြန်တော့လည်း တစ်ယောက်တည်း။ အဲဒီတော့ ဒီအသိတရားတွေဟာ အဲဒီတော့ ကျင့်တဲ့လူအပေါ်မှာ မူတည်ပါတယ်။ အဲဒီတော့ မဂ္ဂင်ရှစ်ပါးက သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဆိုတာ ဒါ သီလမဂ္ဂင်။ ဗမာလိုပြန်ရင် ဗမာလိုပြန်လို့ရှိရင်တော့ မှန်တာကိုပြောပါတယ်တဲ့။ မှန်တာကို ကျင့်ပါတယ်တဲ့။ မှန်တာကို အသက်မွေးဝမ်းကြောင်းပြုပါတယ်တဲ့။ သူလာပေးရင် ကောက်စားတယ်တဲ့။ အဲဒီတော့ မှန်တဲ့တရားကို သူပြောတယ်။ အဲဒီတော့ မှန်တာကိုကျင့်ပါ၊ မှန်တာကို ပြောပါ၊ မှန်တာကို အသက်မွေးဝမ်းကြောင်းပြုပါတဲ့။ ဟာလေးတွေ နောက်တစ်ခါသမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝလို့ ရေးထားတယ်။ ပါဠိလိုနော်။ ညစာတောင် မစားတော့ပါဘူး။ အဲဒီတော့ ဒီမဂ္ဂင်ရှစ်ပါးအနေနဲ့ မဂ္ဂင်ရှစ်ပါးနဲ့ ကိုယ့်ရဲ့နှလုံးသားနဲ့က တိုက်ပြီးစစ်ရမယ်။ အဲဒီမဂ္ဂင်ရှစ်ပါးနဲ့သွားနေတဲ့အခါ သမုတိသစ္စာခေါ်ရတယ်။ သမုတိသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာလို့ စာကရေးထားတယ်။ အဲဒီတော့ သမုတိသစ္စာမှာ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်နော်။ သမုတိသစ္စာမှန်ရမယ်။ အဲဒီတော့ သမုတိသစ္စာကနေပြီးတော့ ဘယ်သစ္စာကိုသွားမလဲ။ အရိယတ္ထသစ္စာရှိတယ်။ အဲဒီမှာ(၃)ခုရှိတယ်နော်။ ဝိရတီသစ္စာနဲ့သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ အဲဒီလိုရှိတယ်။ ဒါတွေကို ကိုယ်ကသိရမယ်။ အဲဒီတော့ သီလပြည့်စုံအောင် ဆောက်တည်ကြ၊ သီလပြည့်စုံရင် အခုလည်းကောင်းမယ်၊ နောင်လည်းကောင်းမယ်နော်။ သီလဆိုတာ အပူသီလလည်းရှိတယ်ဗျ။ အပူသီလလည်းရှိတယ်။ အေးတဲ့သီလလည်းရှိတယ်။ ဘယ်ကလဲ မနော။ ဘာကြောင့်ပူရလဲ။ အာရုံကြောင့်ပူတယ်။ အာရုံကြောင့်မှတ်ပြီတော့ပူတယ်။ ဘာလို့ပူလဲ။ ငါ့အဖေသေပြီ။ ငါ့အမေသေပြီ။ ငါ့ရဲ့ စီးပွားရေးပျက်တယ်ဆို ဗျာပါဒလို့ခေါ်တယ်။ ပါဠိလို။ အဲဒါ အစွဲခေါ်တယ်။ အဲဒီအစွဲနဲ့ ကိုယ့်စိတ်ကိုကိုယ်စစ်လိုက်လို့ စွဲတယ်။ စွဲရင် ကံလို့ရေးထားတယ်နော်။ သဘောလေးသာနာ။ ကာယကံ၊ ဝစီကံ၊ မနောကံ ကံ(၃)ကံဟာ ဘယ်ကံက သံသရာလည်သလဲ။ ဘယ်ကံက သံသရာလည်သလဲဆိုရင်တော့ မနောကံကလည်တယ်နော်။ မနောကံကလည်ရင် ဘာကြောင့်လည်သလဲ။ အာရုံ အခုပစ္စုပ္ပန်တည့်တည့်လေးမှာ မြင်တာတည့်တည့်၊ ကြည့်တာတည့်တည့်၊ အဲဒီအယူကိုယူတယ်။ အဲဒီဟာကို မှတ်တယ်။ အဲဒါကို သွားစွဲတယ်။ အဲဒါ ဥပါဒါန်ကံ။ အဲဒီတော့ ဒီကံတရားတွေဟာ ဘယ်လိုသတ်မလဲ။ မနောကံဆိုတော့ ဩော် မနောကံကို ငါသတ်မယ်ဆိုတော့ အဲဒီတော့ ဒီကံတွေဟာ ဘယ်ပေါ်ကဖြစ်လဲ။ ရုပ်ပေါ်ကဖြစ်တယ်။ အဲဒီတော့ ရုပ်မှာဘာရှိသလဲတဏှာရှိတယ်။ ရုပ်မှာ ဘာရှိတယ်။ တဏှာရှိတယ်။ အဲဒါကို အမှတ်မှားတွေဖြစ်နေကြတယ်နော်။ မိရိုးဖလာရဲ့ အယူဝါဒတွေကို ယူကြတယ်။ ဩော် ငါ့အဖေက ဒီလို၊ ဒီလို။ ငါကလည်း ဒီလို ဒီလို။

ကံတရားတွေ။ အဲဒီတော့ ကံတရားကိုပြတ်အောင် ဘယ်လိုဆောင်ကျဉ်းရမလဲ။ အဲဒီတော့ ဝိပဿနာတရားကို သူထိုင်တယ်။ ဝိပဿနာတရားကို အာနာပါန၊ ခယဝယ ထိမှု၊ သိမှုကို သိ သိ သိ ဆိုတော့ ဒီနှာခေါင်းနှစ်ပေါက်က သိသွားတာကို သိတယ်နော်။ သိတာကစိတ်၊ ထိတာကရုပ်။ အဲဒါတွေပဲ သဘောပေါက်။ သဘောလေးနဲ့သာနာ။ အဲဒီလိုဘဝင်စိတ်ကလေးဟာ သိနေတယ်။ သူကသိနေပြီ။ နိဝရဏတွေ မလာတော့ဘူး။ အနုသယတွေမလာတော့ဘူး။ အဲဒီသိစိတ်ကလေး သူသိနေပါလား။ သူသိလာပြီနော်။ အလုပ်ကလည်း မှန်လာတယ်။ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်တယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်မယ်။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊ ဉာဏဥဒပါဒိ လို့ ဘုရားဟောတယ်။ ဘုရားဟောတာကို ဦးဇင်းကနေ သဘောလေးအသိနဲ့ ပြောပြတာပါနော်။ အာသွက္ခယဉာဏ်။ ဟော ရေးထားတယ်။ ဒါတွေဟာ အင်မတန်မှ နက်နဲတဲ့ တရားတွေပဲနော်။ ကိုယ်လုပ်ရင် ကိုယ်သိမယ်။ သိရင် မကောင်းတဲ့ဒုစရိုက်တွေကို ပယ်မယ်။ ပယ်ရင် မဂ်ဆိုက်၊ ဖိုလ်ဆိုက်မယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွား အားလုံးရှိကြတဲ့ တရားနာကြတဲ့ ပရိတ်သတ်များက အဲ ဦးပဏ္ဍိတ နဲ့ အသက်ကြီးတဲ့လူလည်းပါမယ်။ ငယ်တဲ့သူလည်းပါမယ်။ တန်းတူလည်း ပါမှာပေါ့။ ဒီဘဝဟာ နောက်ဆုံးပဲနော်။ ရုပ်က အိုသွားမယ်၊ စိတ်က မအိုဘူး။ စိတ်အကြောင်းကိုပြောတာ။ အဲဒီစိတ်အကြောင်းကို အဲဒီစိတ်ကလေးရဲ့အကြောင်းကို သိချင်ရင် အဲဒီတော့ ခင်ဗျားသိချင်ရင် တဏှာ၊ မာန၊ ဒိဋ္ဌိ သတ်ပါ။ စိတ်အကြောင်းသိချင်ရင် အဲဒီစိတ်ကလေးကို တဏှာ၊ မာန၊ ဒိဋ္ဌိသတ်ပါတဲ့။ အဲဒီစိတ်ကလေးမှာ တဏှာပါနေတယ်နော်။ ထိစိတ်ကလေး၊ စားစိတ်ကလေး၊ နံစိတ်ကလေး။ ဒီတဏှာကိုသတ်ရမယ်။ အဲဒီတဏှာပြတ်မှ အေးမှာပဲနော်။ ကိုယ့်စိတ်သာ ကိုယ်စစ်။ ဒိဋ္ဌိကြီးသတ်မှ တဏှာပြတ်မယ်။ ဒိဋ္ဌိဆိုတာ အာရုံနဲ့မနောကို မပေါင်းဘူး။ မပေါင်းတဲ့အခါကျတော့ ဘာပြောလဲ ဆိုတော့ စိတ်၊ စေတသိတ် ဟော စိတ်၊ စေတသိတ်ပြောတဲ့ မြင်စိတ်၊ ကံ၊ ဥတုကနေဖြစ်တတ်တယ်။ ကံဆိုတာ အစွဲဥပါဒါန်ကို ကံလို့ခေါ်တယ်။ သံသရာဘယ်ကစသလဲ။ မနောကံကစတယ်။ သံသရာ ဘယ်ကလည်သလဲ။ မနောက စလို့လည်တယ်။ သံသရာ ဘယ်ကပြတ်သလဲ။ မနောကံကစလို့ ပြတ်တယ်။ ဟော ပြတ်တဲ့သူနဲ့ အဲခုနက ပြောတယ်။ မပြတ်တဲ့နည်းတွေရှိပါတယ်။ အဲဒီတော့ ဒါတွေကို ဝိပဿနာတရားများကို ထိုင်ပါများလာတဲ့အခါကြတော့ ပုထုဇဉ် ကလျာဏများရဲ့ သီလစောင့်တည် ထားတယ်။ ဆရာတော်တွေ၊ သမားတော်တွေ၊ ဝိနည်းကနေတက်တယ်။ ကာယကံ၊ ဝစီကံတွေကို ထိန်းပြီးတော့ ကာယကံ၊ ဝစီကံတွေကို မွန်မြတ်အောင်ကျင့်ပြီးတော့ သူတို့နေကြပါတယ်။ အဲဒါ ဝိနည်း(၂၂၇)သွယ်ပဲနော်။ ခုနက ဟိုဒကာ၊ ဒကာမများ ဆောက်တည်တာပဲ။ အဲဒီတော့ ဦးဇင်း က

ဟိုပုဂ္ဂိုလ်ကတော့ ငါက အသီးတစ်ရာကွတဲ့။ အသီးတစ်ရာ။ ဒီအသီးတစ်ရာကိုတော့ ငါခူးရင်ကြာ လိမ့်မယ်။ အညှာဖြတ်မယ်။ အဲဒီအညှာမှာ ဘာနဲ့ဖြတ်လို့ရ မဂ်ဉာဏ်နဲ့ဖြတ်လိုက်တာ။ မနောနော်။ အဲဒီမနောမှာ မဂ်ဉာဏ်နဲ့ဖြတ်လို့ရှိရင်တဲ့ ဟော ဉာဏ်ဖြစ်သွားပြီ။ သူ့မှာ ဉာဏ်မနောမှာ ဉာဏ် အုပ်ချုပ်သွားပြီ။ မြင်လိုက်တဲ့အခါမှာ သဘောပေါက်သွားပြီ။ ကြားလိုက်တဲ့အခါမှာ ဘာသဘော ပေါက်လဲ။ သူမြင်တာက ပညာနဲ့။ ဟိုလူတွေမြင်တာက သညာနဲ့မြင်တယ်။ အမှတ်နဲ့မြင်တယ်။ သူက ပညာနဲ့မြင်တာတဲ့။ ဒါကြောင့်မို့ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာလို့ခေါ်ပါတယ်။ ပညာခေါ်တယ်။ အဲဒါ လောကုတ္တရာပညာ။ သူများပေးတိုင်း သွားမယူနဲ့။ သညာနဲ့ သွားသင်လိုက်လို့တတ်တာနဲ့ ပညာလိုတတ်တဲ့ဟာကိုလည်း ပညာလို့ခေါ်လိမ့်မယ်။ ဒါက သဘောလေးပဲနော။ လောကီပညာရှိသလို လောကုတ္တရာပညာက စစ်နေတယ်နော်။ ပညာအစစ်ရှိတယ်။ လောကီမှာ အမှတ်နဲ့ယူတယ်။ အဲ ဘာကိုယူသလဲဘုရား။ ပညတ်တာကို သွားမှတ်တယ်နော်။ ကံသီလတွေခေါ်တယ်။ အဲဒီကံဟာ မနောဟာ အာရုံနောက်လိုက်တဲ့အတွက်ကြောင့် သူ့မှာကတော့ အဲ သူ့အပေါ်မှာမူတည်တယ်။ အဲဒီတော့ ဒီတရားတွေကို အခုဟောသွားတဲ့တရားတွေဟာ ဘာလဲဆိုရင် အဲ စိတ္တနုပဿနာဟာ ဘာလဲဆိုရင် တဏှာကိုသတ်တော့မယ်။ သီလတွေခေါ်တယ်။ တဏှာသတ်သွားပြီတဲ့။ ကံသတ်ဖို့ လည်းလိုတယ်နော်။ အဲဒီတော့ မသေခင်က ကိုယ့်စိတ်ဟာ ကိုယ့်နှလုံးသားက ဘယ်ရောက်နေတယ် ဆိုတာကို အဲဒီလိုသိခါမှ ဩော် ဟုတ်ပါလား။ ငါတရားတွေ အမြဲတမ်းထိုင်နေပြီ။ အဲဒီလိုတရားလေး တွေကို အမြဲတမ်းထိုင်နေတဲ့ပုဂ္ဂိုလ်တွေဟာ တရားတော့ထိုင်ပါတယ်။ ထိုင်ပြီးတော့ အာရုံနဲ့ထိုင် ပေါင်းနေတယ်။ မျက်စိနဲ့ မနောပေါင်းတယ်။ အဲ နားနဲ့ မနောပေါင်း၊ ဇိဝှါနဲ့ မနောပေါင်းတယ်။ အဲ ကိုယ့်အသားနဲ့ မနောပေါင်းတယ်။ ဒါတွေဖြစ်တာက ကိုယ့်မှာ အပြင်မှာမစင်ကြယ်တော့ ခန္ဓာမှာ မစင်ကြယ်ဘူး။ တရားထိုင်တယ်ဆိုတာက အမြင်အာရုံ(၅)ပါးကိုပယ်ရမယ်။ စက္ခုအာရုံ၊ နားသောတ အာရုံ၊ ဇိဝှါအာရုံ။ ဒီအာရုံတွေကိုပယ်လိုက် မှ ဒါ နိဗ္ဗာန်ရောက်မယ့်တရားတွေပဲ။ ဘာကိုပယ်ရမလဲ ဆိုရင် ဒိဋ္ဌိကိုပယ်လိုက်။ ဩော် ရုပ်က အိုရဦးမယ်၊ ရုပ်ကြီးက အိုရဦးမယ်၊ နာရဦးမယ်၊ သေရဦးမယ်။ အဲဒီတော့ အနိစ္စရဲ့သဘော၊ ဒုက္ခရဲ့သဘော၊ အနတ္တရဲ့သဘော။ အဲဒီသဘောလေး(၃)ခုကို အနိစ္စဆိုတာ ဘာလဲ။ အဲဒီတော့ ဦးဇင်းရဲ့ အသိကိုပြောရမယ်ဆိုရင်တော့ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ။ ဩော် အာရုံတွေဟာ မမြဲပါလား။ ဒီနေရာမှာ ပစ္စည်းလေးထားတာ။ အဲ ငါစားတာလည်း မမြဲပါလား။ ငါရှိတာလဲ မမြဲပါလား။ မမြဲတော့ မစွဲဘူး။ မစွဲတော့ ဥပါဒါန်ကံမဖြစ်တော့ဘူးဗျို့နော်။ ကိုယ့်စိတ်ကို ကိုယ်စစ်တတ်ဖို့ လိုတယ်။ အဲဒီတော့ ကိုယ့်စိတ်ကို ဘာနဲ့စစ်ရမလဲ။ မဂ္ဂင်ရှစ်ပါးနဲ့စစ်။

အဲဒီမဂ္ဂင်ရှစ်ပါးနဲ့စစ်မှ အဲဒီတော့ မဂ္ဂင်ရှစ်ပါးနဲ့လမ်းကြောင်းကိုလည်း ခင်ဗျားရဲ့ မနောနဲ့ တစ်ထပ်တည်းဖြစ်အောင်လုပ်။ ဝိသုဒ္ဓိက မဂ်တရားခေါ်တယ်။ မဂ်သီလခေါ်တယ်။ မဂ္ဂင်ကရလို့ မနောက စင်ကြယ်သွားတာနော်။ မဂ္ဂင်က မရရင်တော့ ဝိသုဒ္ဓိတွေ။ (၃၁)ဘုံမှာလည်ဦးမှာပဲ။ ကံတရားတွေ။ ကံဆိုတာ ဥပါဒါန်။ ဥပါဒါန်ကို ဦးဇင်း က လာဟောတာ။ အဲဒီတော့ အစွဲတရားဥပါဒါန်ကို လာပြောတာ။ အဲဒါ လူတိုင်းပဲ အကုန်ရှိကြတယ်နော်။ ရှိကြတယ်။ သတ္တဝါမှန်ရင် အကုန်ရှိတယ်။ ကျားက သူဟာပဲဗျ။ ငါ့အစာပဲဆိုတော့ အဲဒါ တဏှာပေါ့ဗျာ။ အဲဒီတဏှာတွေဟာ ကုန်အောင်သတ်။ သမ္မာကံလေး၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝနဲ့ ဒီက စိတ်ကိုစစ်သွားတာ။ စစ်သွားတဲ့အခါမှာ ကာယသတိပဋ္ဌာန်တဲ့နော်။ ဦးဇင်း ကျင့်တဲ့သဘောလေးပြောသွားတာ။ ကာယသတိပဋ္ဌာန်မှာ ကာယမှာ ဒီကံတွေကို ပယ်ရမယ်။ မကောင်းတဲ့ ဒုစရိုက်ကံတွေပဲ။ မကောင်းတာတွေကို မလုပ်နဲ့။ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို မာန်တွေကို ပယ်ပစ်ပါ။ သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပရောက်သွားရင် အားလုံး စင်ကြယ်သွားပြီနော်။ အဲဒါကြောင့်မို့ ကိုယ့်စိတ်ကိုယ်စစ်။ အဲဒီတော့ ဒီသီလဟာ သီလအစစ်။ စစ်ဖို့ ခင်ဗျားတို့ကြိုးစားကြပါ။ ဒီတရား ဝိပဿနာတရားထိုင်တဲ့အတွက် ဥပါဒါန်ပါလား။ ဥပါဒါန်ကံတွေပါလား။ ကံကိုယုံကြည်တာ။ အဲဒီတော့ ဦးဇင်းတို့ရဲ့ တွေ့တဲ့ကံက အတိတ်ရဲ့ကံက ဒေါ်အုန်းမေ။ ဟော ဒေါ်အုန်းမေ ရဲ့ ရူပကာယရဲ့ အပြင်မှာ အဲဒီ ဒေါ်အုန်းမေကြီးကို ဟာ ဆံပင်ကလည်းကောင်းတယ်။ အဲဒီလိုတွေ သူလျှောက်လုပ်နေတာ။ တစ်နေ့သောအခါမှာ ဒေါ်အုန်းမေ ကလည်း ဦးချိုတိုးကြီး ကို ငါ့ကိုတစ်သက်လုံးလုပ်ကျွေးမှာပဲ။ ငါပြောတာကိုလည်း သည်းခံတယ်။ ငါ ဒီလူကြီး ယူမှာပဲ။ ဟိုကလည်း ဒီမိန်းမယူမှာပဲ။ အဲဒါ အာရုံကြောင့် ဦးဇင်းနာမည်က မြမောင် တဲ့။ မြမောင် က ဘယ်ကလာသလဲ။ အတိတ်ရဲ့ကံက မကုန်တော့ ပစ္စုပ္ပန်ဘုံမှာ လာပြီးတော့ မနုဿတ္တဘာဝေါ ဒုလ္လဘော။ ဖအေ၊ မအေ ဆင်းရဲတော့ သားသမီးလည်း ဆင်းရဲတာပဲ။ အဲဒါ ဥပါဒါန် ကံတရားတွေပဲဗျ။ အဲဒါ ဒေါ်အုန်းမေ နဲ့ ဦးချိုတိုး ဟော သူတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် သာယာတာပေါ့ဗျာ။ မနောက မနော။ မနော အဲ သူက အမှတ်မှားတယ်။ အယူမှားတယ်။ သဘောလေးသာနာ။ သဘောပြောတာနော်။ သဘာဝအကောင်အထည်ပြလို့ ရလို့ မြင်နေတာနဲ့ သဘောပေါက်ပါဗျာ။ မောလာတဲ့အခါကျတော့ တစ်ခါတည်း အချိန်တော့ ပြင်လို့ရသွားမှာပဲနော်။ သဘောလေးသာနာ။ တရားကိုကျင့်ကြပါ။ ကြံကြပါ။ ခင်ဗျားတို့ သမာဓိနဲ့ရရင်တော့ အပါယ်ပိတ်တာပေါ့ဗျာ။ အကယ်၍ ပညာပိုင်းကိုမတက်နိုင်သေးဘူး။ ဉာဏ်ပိုင်းကို မရောက်သေးဘူး။

ဉာဏ်ပိုင်းနဲ့ ပညာပိုင်းနဲ့ပေါင်းယူရတယ်။ သညာနဲ့ ပညတ်ကို ပေါင်းယူရတယ်နော်။ အဲဒီတော့ ဘာလဲ။ ရုပ်သညာ၊ နာမ်ပညတ်။ ဟော ဘုရားပညတ်တာ အဲဒီ ပညတ်ကိုသွားစွဲနေတယ်။ နောက်တစ်ခါ အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်။ ဒါ သဘောလေးနာ။ ကံမဟုတ်ဘူး။ အစွဲကို ပြောသွားတာ။ ကံကိုဟောသွားတာ (၃၁)ဘုံလွတ်ပြီ။ အဓိသီလနဲ့ တစ်ခါတက်တော့ သမုဒယ အကြောင်းလည်း ဘာပဲပြောပြောမရှိတော့ဘူး။ မရှိရင် ဘာလဲ။ နိယောခနဲ့ မဂ်ရသွားပြီ။ အချိန်ကျ ပေါ်လာလိမ့်မယ်။ ကံအကျိုးတွေ။ ကံပယ်တာ။ ဘုရားက ကံကို စေတနာလို့ခေါ်တယ်။ မင်းရဲ့ စေတနာပဲ။ အဲဒီတော့ ဝတ္ထု မင်းသွားပေးလိုက်တယ်။ မင်းရဲ့စေတနာဟာ ကံ။ အဲဒီတော့ သမ္မာကံ၊ ငါးတွေ၊ နွားတွေသတ်တာ၊ မိစ္ဆာကံ၊ ဟော အတ္တ မကောင်းတဲ့ဒုစရိုက်တွေကို ယူထားတာ။ အဲဒါ မကောင်းတဲ့ဒုစရိုက်တွေလုပ်တဲ့သူ မကောင်းတဲ့ကံ။ ဒါ အစွဲတရားတွေ။ သွားစွဲရင် ကံပဲ။ အဲဒါတွေ ကို သြော် ငါ့မှာဖြစ်နေပါလား။ အဲ ကိုယ်ကဘယ်ကကျင့်တာလဲ။ ပစ္စုပ္ပန်က ကျင့်တယ်။ ပစ္စုပ္ပန်က ဘာနဲ့ကျင့်လဲ။ မဂ္ဂင်ရှစ်ပါးနဲ့ကျင့်တယ်။ အသီးတစ်ရာ အညှာတစ်ခု။ အသီးရဲ့အညှာကို မဂ်နဲ့ဖြတ် တယ်။ မသိလိုက်ဘူး။ ဘယ်သူမှ မသိလိုက်ဘူး။ အညှာကိုဖြတ်တယ်။ မနော ဖြတ်လိုက်တယ်။ အဲဒီ တော့ ဒီမနော မရှိတော့မှ မနောက ဉာဏ်ဖြစ်သွားပြီ။ အဲဒီတော့ ကံမဟုတ်တော့ဘူး။ မနောမှာ ဉာဏ်ဖြစ်သွားပြီ။ အာရုံပေါ်နေတယ်။ သညာက ပညာနဲ့သုံးသွားပြီ။ သညာနဲ့ မသုံးတော့ဘူး။ အာရုံ မှာလည်း ပညာနဲ့သုံးသွားပြီနော်။ သဘောလေးနာ။ အင်မတန်မှ ထူးမြတ်တယ်။ ဒီ ဦးပဏ္ဍိတ ဟာ စာပေကျမ်းဂန်မတတ်ဘူးနော်။ အစက လူဆိုးပါ။ လူဆိုးဆိုတော့ လူသတ်တာမဟုတ်ပါဘူး။ သူများ ပစ္စည်းခိုးရမှာလည်း မကြောက်ဘူး။ သူများဟာကို လိမ်ရမှာလည်း မကြောက်ဘူး။ သူများသား မယားကို ဖျက်ဆီးရမှာကိုလည်း မကြောက်ဘူး။ အစွဲတွေ၊ အစွဲတွေနော်။ ကြည့်စမ်း ဘယ်လောက် ကြောက်ဖို့ကောင်းလဲလို့။ အဲဒါတွေကိုမလုပ်ပါနဲ့။ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူ ကို ကြင်နာပါ။ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ အပြင်မှာစင်ကြယ်တာပေါ့။ ရိုသေတာကို လူကြီးမင်းများကို ရိုသေတယ်။ ကလေးတွေကိုလည်း သနားတယ်။ မုန့်တွေဘာတွေ ဝယ်ကျွေးတယ်။ ဟော အပြင်မှာစင်ကြယ်နေပြီ။ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်သွားပြီလေ။ ခန္ဓာမှာစင်ကြယ် သွားပြီ။ (ပရိဘောဂစေတီကိုလည်း သူလုပ်ပေးတယ်။ အဲ ဓါတုစေတီကိုလည်း သူလုပ်ပေးတယ်။ အဲဒါတွေလုပ်ပေးတယ်။ သူ့မှာရသွားပြီ။ အချိန်ကြာရင် သူ့ဆီကိုအကုန်လာတယ်၊ သိုက်ကလည်း လာလှူပါတယ်၊ နတ်ကလည်း လာလှူပါတယ်။ မေး ဓါတ်ကပေါက်တာကို အဲဒီတော့ စိတ်ဓါတ်။ အဲဒီဓါတ်ကြီးပေါက်သွားပြီ။ ဘယ်ဓါတ်ကိုနိုင်သလဲ။ ကိလေသာဓါတ်ကို ဓမ္မဓါတ်ကနိုင်သွားပြီ။

သဘောလေးသာနာ။ သိပ်ထူးတဲ့ခါတ်တွေနော်။ ခင်ဗျားတို့ဘာမှလူသတ်လို့လည်းမရပါဘူး။ ငါ မဟုတ်တာလုပ်လို့လည်း မရပါဘူး။ ဒါ ကိုယ့်စိတ်ကို ကိုယ်မနိုင်တဲ့ အရိယာအစစ်ကို သွားမသတ်ကြသေးဘူး။ သွားမပျက်ဆီးသေးဘူးနော်။ ထိုင်ထားတဲ့အသိလေးက တရားထိုင်တဲ့အသိလေး ဟော ခင်ဗျား ကာယကံ(၃)ပါးကလည်း လုံနေပြီ။ စဝီကံ(၄)ပါးကလည်း ငြိမ်ပြီ။ မနောကံ ဗျာပါဒနဲ့ အဘိဇ္ဈာကိုသတ်ပြီ။ အဲဒီတော့ ဒိဋ္ဌိဗျာပါဒနဲ့ အဘိဇ္ဈာ ဘာကြောင့်ဖြစ်ရသလဲ။ ငါ့မှာ ဝန်တိုမိစ္ဆာရှိပါလား။ ငါ့အဖေသေလို့ ငါပူရပါလား။ ငါ့အမေသေလို့ ငါပူရပါလား။ ငါ့သမီးလေးသေလို့ ငါ့မှာ ပူရပါလား။ ဥပါဒါန်ကံတွေ။ အဲဒီကံကို ဘာနဲ့ဖြတ်မလဲ။ ဟော ဒိဋ္ဌိကိုသတ်လိုက်။ ဒိဋ္ဌိဆိုတာဘာလဲ။ ပါဠိစကား။ ဗမာလိုပြန်မယ်ဆိုရင် အာရုံ(၅)ပါးနဲ့မပေါင်းနဲ့တဲ့။ အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်။ အာရုံနဲ့မပေါင်းနဲ့တဲ့။ သက္ကာယဒိဋ္ဌိတွေကိုပယ်လိုက်ပါ။ မိစ္ဆာဒိဋ္ဌိကိုလည်း ပယ်လိုက်ပါ။ အတ္တဒိဋ္ဌိတွေကို ပယ်လိုက်ပါ။ ဟော ခင်ဗျားတို့ပယ်ပြီ။ ဘာတွေယူထားလဲ။ သမ္မာဒိဋ္ဌိကို ယူထားပြီ။ သမ္မာဆိုတာ ကောင်းတဲ့ကံ။ အဲဒီတော့ ထိတာက ရုပ်၊ သိတာက နာမ်၊ ထိတာက ရုပ်၊ သိတာက နာမ်။ ထိတာက ဘာသိလဲ။ ကာယပသာဒဝိညဉ်၊ ဝိညဉ်အသိကိုယူလိုက်တော့ ယူလိုက်၊ စွဲလိုက်၊ ယူလိုက်၊ စွဲလိုက်။ ထွက်လိုက်၊ ဝင်လိုက်၊ ထွက်လိုက်၊ ဝင်လိုက်။ အဲဒီထွက်လိုက်၊ ဝင်လိုက်ဟာ သူက အာရုံကိုလုပ်နေတယ်။ အဲဒီအာရုံကို ဘဝင်ဆိုတဲ့အသိလေးက အဲဒီအာရုံမှာတွေ့တာ။ အဲဒီလိုတွေ့တဲ့အခါ ဘဝင်စိတ်ကလေးက အဲဒီအာရုံမှာ နင်ထားရင် ငြိမ်လာလိမ့်မယ်။ ငြိမ်လာလို့ရှိရင် ခင်ဗျားမှာ အပြင်မှာစင်ကြယ်လို့ ခန္ဓာမှာစင်ကြယ်ပြီ။ ခင်ဗျားလက်ပိုက်ပြီး တရားထိုင်နေတာပဲ။ အာရုံနဲ့မှ မပေါင်းတော့တာ။ ဘယ်မှလည်း မသွားတော့ဘူးနော်။ လူတွေပေါင်းတာ ဒိဋ္ဌိအပြင် အာရုံတွေကို ယူတာနော်။ အမှတ်မှားတွေနဲ့ယူတယ်။ သညာနဲ့ယူတယ်။ သညာနဲ့ယူတော့ သင်္ခါရတွေ၊ ဥပါဒါန်တွေဖြစ်။ အဲဒါ ကံသီလတွေ ဖြစ်နေတယ်နော်။ ခင်ဗျားတို့ အခုကျောင်းမှာသွားပြီးတော့ အဲလပြည့်၊ လကွယ်မှာ ဥပုသ်သီတင်းစောင့်နေတယ်။ သူဌေးကြီးပေါ့ဗျ။ ရှစ်ပါးသီလတွေယူတယ်။ ဟာ စားသောက်ပြီးတော့ ဝိကာလဘောဇနာ မစားပါဘူး။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿန၊ မာလာဂန္ဓ မလုပ်ပါဘူး။ ဟော သူဌေးကိုဗျ။ သူဘာမှ မလုပ်တော့ဘူး။ လုပ်လည်း မလုပ်နိုင်ဘူး။ မြေးလေးသေတော့ ပူတယ်ဗျို့။ သမီးလေးသေတော့ ဖအေကြီးပူတယ်ဗျို့။ ဒီအပူကို ဘာနဲ့သတ်မလဲ။ သေတော့ပူတယ်။ စီးပွားရေးအခြေအနေမကောင်းလို့ ပူတယ်။ အဲဒီလိုမျိုးဖြစ်နေရင် အပူတွေကို သောမနဿဖြစ်တယ်။ သောမနဿ ကခေါ်တယ်။ ဒေါမနဿကခေါ်တယ်။ ဟော ဒါတွေဟာ ဒီအပူတွေနော်။ အဲဒီအပူတွေဟာ ဘာနဲ့ဖြတ်မလဲ။ မဂ်နဲ့ ဖြတ်မှပြတ်မှာ တစ်ချက်တည်းဖြတ်ရတယ်။ ဒါကြောင့်

မဂ္ဂင်ရှစ်ပါးက အတုလံ အတုမရှိတဲ့။ မဂ္ဂင် ရှစ်ပါးနော်။ ရေလိုက်မှားနေတယ်။ ခင်ဗျားတို့ ရေလိုက်မှားနေတယ်။ အဲဒီ ဦးပဏ္ဍိတ ရတဲ့ရုပ်ကလည်း သီလပဲ။ ခင်ဗျားရတဲ့ရုပ်ကလည်း သီလပဲ။ တဏှာနဲ့ ဆောက်လုပ်ထားတဲ့ရုပ်။ အဲဒီတော့ ဒါတွေကို ဒီသညာကိုဖြတ်မှသာလျှင် ဒိဋ္ဌိကြီးပယ်မှ အဲဒီတော့ တဏှာ၊ မာန ပယ်နိုင်တယ်။ မာန်ပြုတ်သွားမယ်။ မာန်ပြုတ်သွားရင် တဏှာမှမရှိတော့တာ။ တဏှာရှိရင် မာန်ရှိတယ်နော်။ အဲဒီတော့ ခင်ဗျားတို့အပေါ်မှာမူတည်တယ်။ ဦးဇင်း ကတော့ အခုဟောပြီးရင် ပြန်မှာပဲ။ ညတွင်းကြီးပြန်မှာပဲ။ အဲဒီတော့ ကိုယ့်အလုပ် ကိုယ်လုပ်တယ်။ အဲဒီတော့ ဒီတရားတွေကိုလည်း ဟောပေးပါတယ်။ ရတဲ့ငွေကြေးတွေကိုလည်း အကုန်ထားပစ်ခဲ့ပါတယ်။ သူမှမစွဲတာကြီးကို။ ခင်ဗျားတို့ အဲဒီဝိပဿနာတရားကို ခင်ဗျားတို့ကို လမ်းပြပေးတာ။ အဲဒီတော့ နေတတ်ဖို့လိုတယ်၊ စားတတ်ဖို့လိုတယ်၊ သေတတ်ဖို့လိုတယ်။ ခင်ဗျား သိသွားရင် ပယ်မယ်။ အေး နေတတ်ပြီ။ ဆားကလေးနဲ့ ထမင်းလေးနဲ့စားမယ်။ လောဘတွေခမ်းလာပြီ၊ ဒေါသတွေခမ်းလာပြီ၊ မောဟသတ်ပါ။ ဒီမောဟကို အဲဒီမောဟက ဘယ်မှာလဲ။ ကိုယ်မှာရှိတယ်။ အဲဒီတော့ ကိလေသာမှာရှိတယ်။ တဏှာနဲ့ ကိလေသာမှာရှိတယ်။ ဟော ဒီရုပ်ပေါ်မှာ တဏှာကရှိတယ်။ အဲဒီရုပ်ပေါ်မှာ မောဟလည်းရှိတယ်။ အဲဒီတော့ သတ်မယ်နော်။ ရုပ်အကျိုး၊ နာမ်အကြောင်း။ အကြောင်းက ပစ္စုပ္ပန်။ ဟောဒီ ပစ္စုပ္ပန်ဘဝ။ အဲဒီတော့ ရုပ်ကဘယ်ကလဲ။ အတိတ်က ကံ။ ကံနဲ့ရလို့ ဒီရုပ်ရတာ။ မနုဿဘာဝေါ ဒုလ္လဘော။ လူ့ဘဝကို ခဲယဉ်းစွာရအပ်ပေ၏တဲ့။ ဗုဒ္ဓုပ္ပါဒေါ ဘုရားဖြစ်ခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏တဲ့။ ဟော သဒ္ဓါသမ္ပတ္တိ ရတနာသုံးတန် ကံ ကံ၏အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူရှိခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏။ ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော ရဟန်း၊ ရသေ့အဖြစ်ကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏။ သဒ္ဓမ္မဿဝနံ သူတော်ကောင်းတရားစကား နာကြားအပ်ပေခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏။ ဝေံဒိဝသေ ဘုရားကဟောသွားတာ။ ဒါတွေကို အဲဒါတွေကို ခင်ဗျားတို့ ပျင်းရိပြီးတော့နေတော့ တစ်ခါတည်းသွားပြီပေါ့ဗျာ။ ဝက်တွေလည်း ဖြစ်လိမ့်မယ်၊ ကြက်တွေလည်း ဖြစ်လိမ့်မယ်။ ခွေးတွေလည်း ဖြစ်လိမ့်မယ်။ ဘယ်လောက်ကြောက်ဖို့ကောင်းလဲနော်။ ဒီဥပါဒါန်အစွဲကို ပယ်မယ်နော်။ အဲဒီတော့ မစွဲစေနဲ့။ သမ္မာလေးနဲ့နေပါ။ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီပါ။ အဲဒီတော့ မျှတအောင်နေ။ အဲဒီစိတ်က မနောကပေါက်တယ်။ မျက်စိကမြင်လိုက်တယ်။ မနောကပေါက်တယ်။ နားကကြားတယ်။ လင်မယားအချင်းချင်းတောင် ရန်ဖြစ်တယ်နော်။ ဒါတွေဟာ မနောနော်။ အေး အေး အေး။ သြော် အေး အေးအေး အေး။ သူ့နှလုံးသားက အေးနေပြီ၊ အေးသွားပြီး။ အပူမဟုတ်တော့ဘူး။ ဒါကြောင့်မို့ အေး

အေး အေး။ အဲဒါ ခင်ဗျားတို့ပူလိုက်တာ။ ရာထူးတွေတက်ချင်တယ်။ ဘာလဲ။ ချဲပေါက်ချင်တယ်။ ထီတွေပေါက်ချင်တယ်။ အပူတွေ၊ အပူတွေနော်။ လူတစ်ဦးရဲ့အပူတွေ အသချေ်။ လူအချင်းချင်းတောင် မကယ်နိုင်ဘူး။ တွေးကြည့် ဒီအပူတွေသတ်ပစ်လိုက်မှ ဒီအပူတွေကို မဂ်နဲ့သတ်မှရမယ်။ ဘာနဲ့မှ သတ်လို့မရဘူး။ ဒါကြောင့်မို့ မဂ္ဂင်ရှစ်ပါး။ ကိုယ့်အိမ်မှာ ကိုယ်ထိုင်ပါ။ ကိုယ့်အလုပ်ကို ကိုယ်လုပ်ပါ။ အပေါင်းအသင်းကောင်းရင်လည်း တက်မယ်၊ အပေါင်းအသင်းမကောင်းရင်လည်း ကျလိမ့်မယ်။ ကိုယ့်ကိုယ်ကိုယုံကြည်ပါ။ သူများသွားအားမကိုးနဲ့။ ကိုယ့်ကိုယ်ကို ယုံကြည်ပါ။ ယုံကြည်တော့ သီလာ ပါလိမ့်မယ်။ သိရင်ပယ်လာပါလိမ့်မယ်။ ပယ်ရင် မဂ်ဖိုလ်အကြောင်းကို မြင်လာပါလိမ့်မယ်။ အဲဒီလို သညာက ပညာကိုပြောင်းတာပါ။ ခင်ဗျားတို့အပေါ်မှာမူတည်တယ်နော်။ သီလတွေမှာ ပုထုဇဉ်တွေ လည်း သီလယူတယ်။ ဝိနည်း(၂၂၇)သွယ် သီလယူတယ်။ အဲဒီလို ဝိပဿနာ။ ဟိုလည်းမရောက်၊ ဒီလည်းမရောက်။ အဲ သမာဓိရယ်၊ သီလရယ်ဖြစ်တယ်။ အဲဒီပညာနဲ့ သီလကျတော့ နိဗ္ဗာန်သည် ခန္ဓာမှာစလို့ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ ချုပ်သွားပြီနော်။ အဲဒီတော့ ဦးဇင်း က စာပေ ကျမ်းဂန်မတတ်တော့ ပြောတဲ့အခါမှာ ပြောတဲ့စကားများ မှားရင် ခွင့်လွှတ်ပါတဲ့နော်။ ပညတ်မရှိရင် ပရမတ်ရှိတယ်။ အတ္တရှိရင် အနတ္တရှိတယ်နော်။ သညာရှိရင် ပညာရှိတယ်။ သဘောလေးသာနာ။ ကိုယ့်ကိုယ်ကိုရှာမှ ဉာဏ်လို့ခေါ်မယ်။ လေ့လာပါ၊ ဝေဖန်ပါ၊ ခင်ဗျားတို့ မိုးကျောခိုင်းသွားလိမ့်မယ်။

( သာဓု .... သာဓု .... သာဓု ပါဘုရား။ )

ဦးဇင်းတစ်နေ့တော့ပြောမယ်။ ကိုယ့်အဖေတွေ၊ ကိုယ့်မအေတွေလိုပေါ့ဗျာ။ ကိုယ့်အမကြီးတွေ၊ ကိုယ့်ညီမလေးတွေလို အဲဒါပဲ နောက်ဆုံးဘဝနော်။ အနတ္တကိုဗျ။ အတ္တမဟုတ်တော့ဘူး။ အဲဒီတော့ ဦးဇင်း စေတနာကတော့ အတ္တပေါ့ဗျာ။ အဲ အတိတ်ကလာတော့ အနတ္တတဲ့ဗျ။ ဦးပဏ္ဍိတ ရတယ်။ မပြောဘူးနော်။ အနတ္တစာရေးထားတယ်။ စာအရနဲ့ခေါ်ဝေါ်သမုတ်ပြီးတော့ ပြောပြတယ်။ ခင်ဗျားတို့ရဲ့စေတနာ ပုဂ္ဂိုလ်များက လှူလို့ရှိရင် ဦးဇင်း အောက်မှာ အလှူခံပေးမယ်။ အဲဒါမျိုးစေ့ပဲ။ အဲဒီမျိုးစေ့ကို အဲဒီ ကမ္မဝဋ်ကို အားလုံးရှိတဲ့ ဆရာတော်ကြီးကိုပေးပစ်ခဲ့တယ်။ ရေတောင် မရေတော့ဘူး။ ဦးဇင်း က ဒါလေးကို အဲဒီဒါနက ဦးဇင်းလုပ်ပေးလို့ရတယ်။ သီလကတော့ ခင်ဗျားတို့စိတ်ကလေး ဆောက်တည်ပါ။ စိတ်ကလေး ဆောက်တည်ရင် သီလကလည်း စင်ကြယ်တယ်။ ဒါနကလည်း စင်ကြယ်တယ်။ ဘာဝနာကလည်း စင်ကြယ်တယ်။ ခင်ဗျားတို့ ထူးပြီဗျို့။ အဲဒီတော့ ဦးဇင်း အောက်မှာ အလှူခံပေးမယ်နော်။ ဒါလောက်ဆိုပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု ပါဘုရား။ )

ဖြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာစေတီပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၁၈.၁၂.၂၀၀၀)ရက်နေ့

ချောက်ထပ်ကြီးဘုရားတွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ်(၁၇၃)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ် (၁၇၃)
# (၁၈.၁၂.၂၀၀၀) ခြောက်ထပ်ကြီးဘုရား
# ဝိသုဒ္ဓိဆရာတော် တရားတော်

ဦးဇင်း က စာပေကျမ်းဂန် မတတ်ဘူး။ ငယ်စဉ်တောင်ကျေးက အမိ အဖက ကျောင်းကို အတန်းကျောင်းကို မူလတန်းကျောင်းကိုမထားခဲ့ပါဘူး။ တောမှာနေပါတယ်။ တောမှာနေတော့ အင်မတန် ဆင်းရဲနွမ်းပါးတယ်။ အဖေ၊ အမေက ဆင်းရဲနွမ်းပါးတော့ သားလေးကို ကျောင်းမထား နိုင်ဘူး။ အဲဒီလိုကျောင်းမထားနိုင်တဲ့အတွက်ကြောင့် တိုင်းပြည်ကပျက်သွားတယ်။ ပျက်သွားတော့ တောပြေးတွေ ဟိုရောက် ဒီရောက် တောပြေးတွေ။ ဟိုပြေး ဒီပြေးနဲ့ တစ်ရွာတစ်ကျေးရောက်တော့ ကျောင်းမနေဘဲ သားအဖတွေ ကူလီထမ်းပြီးတော့ စားတယ်။ ဘာဖြစ်လို့စားလဲ။ ခန္ဓာဝန်ရှိတယ်။ ကမ္မဝဋ် ကံနဲ့ရတဲ့ဝဋ် ကံဆိုတာဟာ ဥပါဒါန်ကိုခေါ်တယ်။ ဘယ်ကံလဲ။ မနောကံ။ ဘာနဲ့ပေါင်းလဲ။ အာရုံကို အာရုံ(၅)ပါးနဲ့ပေါင်းတယ်။ ဒါ အနုသယကိုဟောတာ။ အာရုံကိုဟောတာ။ အာသွက္ခယ ဉာဏ်ရမှ ဒီတရားကိုဟောတာနော်။ သဘောလေးပဲနော။ ကံတရား၊ ဈာန်တရား၊ ဉာဏ်တရားရှိတယ်။ အဲဒါ ကြိုက်တာလုပ်ကြပေတော့တဲ့။ ခင်ဗျားတို့အပေါ်မှာမူတည်တယ်။ သီလဆိုတာ (၃၁)ဘုံကို လည်တဲ့ သီလရှိတယ်။ (၃၁)ဘုံကို မလည်တဲ့သီလရှိတယ်။ အဲဒါ ခင်ဗျားတို့သဘောလေးနဲ့နော။ (၃၁)ဘုံကို လည်တဲ့သီလက ကံသီလနော်။ ကံသီလ။ အဲဒီသီလက အဲဒီတော့ ဘယ်လိုလဲ ခင်ဗျားတို့ ယူတယ်။ ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသုမိစ္ဆာစာရာ၊ မုသာဝါဒါ အကုန်ယူထားတယ်။ ဦးဇင်း က စာမတတ်ဘူးနော်။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသူက၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေပန ဆိုတာ ရှောင်ထားတဲ့ အသိခေါ်တယ်နော်။ ရှောင်ထားတာ။ ဒီနေ့၊ ဒီရက်၊ ဒီမိနစ်အချိန်မှာ ရှောင်ထားတယ် မှန်တယ်။ အဲဒီသီလ။ ဒါပေမယ့် သားလေးရေနစ်သွားတယ်၊ သမီးလေး ပျောက်ဆုံးတယ်။ တစ်ခုခုဖြစ်တယ်။ ဖအေ ဘယ်လိုနေမလဲ။ မအေ ဘယ်လိုနေမလဲ။ အာ ပူတာပေါ့ဗျာ။ ဘာလို့ပူလဲ။ သွားစွဲလို့ပူတာ။ စွဲတာ တဏှာကြောင့် ဥပါဒါန်ကံခေါ်တယ်။ အဲဒါ (၃၁)ဘုံကိုလည်တဲ့သီလခေါ်တယ်။ ခင်ဗျား အပါယ် ကျတယ်မပြောဘူး။ နတ်ပြည်ရောက်တယ်လို့ မပြောဘူးနော်။ အဲဒီတော့ သဘောလေးပဲ အပေါ်လည်း မရောက်၊ အောက်လည်းမရောက်။ အဲဒီသီလတွေနော်။ ကံသီလရှိတယ်။ ဈာန်သီလရှိတယ်။ ဉာဏ် သီလရှိတယ်။ အဲဒါ လုပ်တတ်ဖို့လိုတယ်။ ကိုယ့်မှာရှိတာလှူလိုက်။ ဘုရားလှူလိုက်၊ ဘုရားက ဟောတယ် သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စ၊ သဗ္ဗေ အလုံးစုံသောသင်္ခါရဒုက္ခ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရအနတ္တ တဲ့။ အဲဒီတော့ ရုပ်က အနတ္တ၊ စိတ်ကတော့ စိတ်တွေက အတ္တတွေ ဖြစ်နေတယ်။

အစွဲတွေဖြစ်နေတယ်နော်။ အာရုံကိုမလွတ်ဘူး။ အာရုံလွတ်တဲ့ပုဂ္ဂိုလ်ရှားတယ်။ အာရုံမလွတ်တဲ့ ပုဂ္ဂိုလ်များတယ်။ သဘောလေးသာနာ။ အဲဒါ သစ္စာ။ ဘာသစ္စာလဲ။ အရိယထသစ္စာ၊ သမုတိသစ္စာ၊ သမုတိသစ္စာဆိုတာ သမုတိသဏ္ဍာန်ကို သမုတ်တာနော်။ သိမ်ထဲရောက်သွားတဲ့အခါ ဘာလုပ်လဲ။ မှန်တယ်။ သိပ်မှန်တယ်နော်။ သမုတိသစ္စာက သမုတ်ထားတာ။ မင်း သား၊ မယား ရှိလား။ မရှိပါဘူး။ မင်းခစားယောကျ်ား မဟုတ်ပါဘူး။ ကြွေးမြေကင်းလား မရှိပါဘူး။ ပွေး၊ ဝဲ၊ ညှင်း ရှိသလား။ မရှိပါဘူးနော်။ ဒါ သမုတိသံဃာကို သမုတ်ထားတာ။ အရိယာသံဃာကတော့ ဒါက တစ်မျိုးနော်။ အရိယာသံဃာက ဘာသတ်သွားလဲ။ ကိလေသာနဲ့ တဏှာ ကိုယ်မှာရှိတဲ့ဟာကို သတ်တာ။ ကိလေသာက ရုပ်တရား၊ တဏှာဟာ နာမ်တရား။ အဲဒါ ရုပ်နာမ်မြင်အောင်ကြည့်၊ ရုပ်နာမ်လွတ်ရင် ဟောဒီဘဝမှာ အေးပြီး၊ အေးပြီနော်။ အာရုံမှာကျက်မစားတော့ဘူး။ အာရုံမှာ သင်္ခါရမလုပ်တော့ဘူး။ ဒါကြောင့်မို့ သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရအနတ္တ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တနော်။ ဘုရားဟောထားတယ်။ အဲဒါကံ၊ ကံကိုဟောတာ။ အဲဒါ ကံကိုဟောတာ။ ဘယ်ကံလဲ။ ကာယကံ၊ ဝစီကံ၊ မနောကံ ဘယ်ကံက သံသရာလည်သလဲ။ မနောကံက လည်တယ်။ ဘာကြောင့် သူလည်သလဲ။ အာရုံ(၅)ပါးနဲ့ အဲ အပြင်အာရုံနဲ့ အတွင်းအာရုံနဲ့ပေါင်းတာ။ အဲဒီတော့ အတွင်း တဏှာကိုမသတ်ဘူး။ အတွင်းတဏှာကိုမသတ်ရင် အပြင်တဏှာရပ်ပါ့မလား။ အဲ ခင်ဗျားတို့ ကိလေသာတဏှာလို့ လူတိုင်းရှိတယ်။ ဘုန်းကြီးတွေလည်းရှိတာပဲ။ ဦးပဏ္ဍိတ လည်း ရှိတာပဲ။ လူတိုင်းရှိတယ်။ သတ္တဝါတိုင်းရှိတယ်။ ဘုရားဟောတာ။ ဒါ ဦးပဏ္ဍိတ စာတွေနဲ့ဖော်ပေးလိုက်တာ။ ဘာမှ စာတတ်တာမဟုတ်ဘူး။ စာပယ်တာမဟုတ်ဘူး။ ငယ်စဉ်တောင်ကျေးက မသင်ခဲ့ဘူးနော်။ တောမှာနေတာ အိမ်မဲကျေးရွာ၊ သရက်ကုန်းအပိုင်မှာနေတာ။ ဖအေက ဦးချိုတိုး၊ မအေက ဒေါ်အုန်းမေ နော်။ ခင်ဗျားတို့တွေးကြည့်။ အဲဒီ ဦးချိုတိုး နဲ့ ဒေါ်အုန်းမေ က တစ်ရွာတစ်ကျေးမှာနေ တယ်။ ရူပကာယက အပြင်အာရုံကိုကြည့်လိုက်တော့ ဦးချိုတိုး က ဒေါ်အုန်းမေ ကို ဟာ သာယာ တယ်ဗျို့။ ဟာ ဒီအမျိုးသမီးဟာ တယ်ချောပါလား။ တယ်လှပါလားနော်။ ဒါ အာရုံနော်။ အာရုံမှာ ဘာနဲ့ယှဉ်သလဲ။ ခင်ဗျားရဲ့ မိမွေးတိုင်း၊ ဖမွေးတိုင်းပါလာတဲ့ သညာ။ အဲဒါ ပါဠိစကား။ ဗမာလိုမှတ်တာ။ အဲဒီအမှတ် အာရုံမှာ သွားမှတ်တာ။ မှတ်တော့ဘာဖြစ်လဲ။ ဟာ မနောက ကောင်းတာလည်း သူပဲ။ မကောင်းတာလည်း သူပဲ။ အဲဒါ မနောကံနော်။ အဲဒါ (၃၁)ဘုံလည်တာ။ အဲဒီတော့ ဦးချိုတိုး က ဒေါ်အုန်းမေ ရဲ့ ရူပကာယကိုမြင်လိုက်တော့ အဲဒီအာရုံမှာ သွားမှတ်တာ။ ဘာနဲ့သွားမှတ်လဲ။ ကိုယ့်ရဲ့ မကျင့်ဘူး။ ဝိပဿနာရဲ့ ခန္ဓာ(၅)ပါး၊ ရုပ်နာမ်(၂)ပါးကိုမကျင့်ဘူး။ သညာက လိမ်တော့ ဟာ သင်္ခါရတွေ

ဖြစ်တော့တာပဲဗျို့နော်။ အဲဒါ သူကကြိုက်တာပဲ။ ဒေါ်အုန်းမေ ကို ကြိုက်ပြီးတော့ အဲဒီနှစ်ယောက်က ဘာလုပ်လဲ။ တွေးကြည့်။ မြမောင် ကိုမွေးတာ။ အဲဒီ မြမောင် ရုပ်၊ မြမောင် ကလည်း အတိတ်က ကံကမပြတ်ခဲ့ဘူး။ ဟောဒီပစ္စုပ္ပန်မှာလာဆက်မယ်။ ဘာနဲ့လာလဲ။ မြမောင် ဟာ အဲ သမ္မာကံနဲ့လာတာ။ မိစ္ဆာနဲ့လာရင်တော့ ဟောဒီမှာ တိရိစ္ဆာန်တွေ၊ ဝက်တွေ၊ ကြက်တွေ၊ ခွေးတွေ။ အဲဒါ မိစ္ဆာကောင်တွေ နော်။ ဟိုဘဝက လုပ်လာတာ။ ဒီဘဝမှာ တိရိစ္ဆာန်တွေဖြစ်လာတာ။ ဟာ ဘယ်လောက်ကြောက်ဖို့ ကောင်းလဲလို့။ အဲဒီတော့ မြမောင် ကို မွေးတာပေါ့။ လူမွေးတော့လည်း လူပေါ့၊ ခွေးကမွေးတော့ ခွေးလေးပေါ့။ ဝက်ကမွေးရင် ဝက်လေးပေါ့။ ဒါ သစ္စာနဲ့ဟောတာ။ ကိလေသာတဏှာနော်။ ကိလေသာ မသိရင် တဏှာဘယ်ပြတ်မလဲ။ တဏှာကို ဘုရား ကြိမ်းသွားတာ။ အဲဒီတဏှာကိုဖြတ်ရမယ်။ အဲဒီ တဏှာဖြတ်တဲ့အခါ ဘာလုပ်မလဲ။ ဟာ စာမတတ်တော့ အေး မင်း ခုနကပြောသွားတယ်မလားတဲ့။ ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသုမိစ္ဆာစာရာ အဲဒါ ကာယကံပဲကွတဲ့။ ဝစီကံ မုသာဝါဒါ၊ ပိသုဏာ ဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ မဟုတ်တာလည်း မပြောတော့ဘူး။ အဲ သိမ်ဖျဉ်းသောစကား၊ ညစ်ညမ်းသောစကား၊ မဖွယ်မရာသောစကား ဘာမှမပြောဘူး။ ပါးစပ်က ကာယကံလည်း ဘာမှ မလုပ်ဘူး။ ဘာသတ်လဲ။ ဒုစရိုက်(၁၀)ပါးမှာ မနောကံကိုသတ်တာ။ အဲဒီကံကို သတ်တာ ကျွဲကူးရင် ရေပါတယ်။ တစ်ချက်ခုတ် နှစ်ချက်ပြတ်တယ်။ အပြင်သီလ၊ အတွင်းမှာ သမာဓိဖြစ်ရမယ်။ အပြင်မှာ စင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်တယ်။ အပြင်မှာမှ မစင်ကြယ် ရင် ခန္ဓာမှာ ဘယ်စင်ကြယ်မလဲ။ ခန္ဓာမစင်ကြယ်ရင် ဉာဏ်လည်းမရ၊ ဝိပဿနာဉာဏ်စခန်း ဉာဏ် အဓိပတိဉာဏ်ကြီးနော်။ အစိုတရားမဟုတ်၊ အခြောက်တရားကြီးနော်။ သဘောလေးနဲ့နာ။ ပြန်ကြမှာ ခင်ဗျားလည်းပြန်မှာပဲ။ ဦးပဏ္ဍိတ လည်း ပြန်မှာပဲ။ အနတ္တတရားကြီး အဲဒီအနတ္တဆိုတာ ဘာလဲ။ ရုပ်ကိုပြောတာ၊ အဲဒီရုပ်က အိုမယ်၊ နာမယ်၊ သေမယ်။ ကလေးအရွယ် ပထမ၊ ဒုတိယအရွယ် လူပျို အရွယ်၊ တတိယအရွယ်။ ဟော လူ ဟိုအရွယ်။ အဲဒီရုပ်တွေဟာ ပြောင်းသွားတယ်နော်။ ဆံပင်တွေ ဖြူလာပြီ၊ သွားတွေကျိုးလာပြီ။ အဲဒီတော့မှ တဏှာ၊ မာန၊ ဒိဋ္ဌိဟာ လျော့လာပြီနော်။ အဲဒါတွေ တဏှာ၊ မာန၊ ဒိဋ္ဌိက အာရုံကြောင့်ဖြစ်နေတာ။ အဲဒီတဏှာ၊ မာန၊ ဒိဋ္ဌိက (၃၁)ဘုံလည်တာ။ မှတ်ထားဦး။ မနောကနေ အာရုံပေါင်းလို့လည်တာ။ တဏှာ၊ မာန၊ ဒိဋ္ဌိ။ တဏှာဆိုတာ ဦးဇင်း ကတော့ စာမတတ် ဘူး။ ကိုယ့်ရဲ့တက်တဲ့ပညာဟာ ဘာပညာလဲတွေးကြည့်၊ လောကီပညာ။ အာရုံ(၆)ပါးမလွတ်သေးဘူး နော်။ မှတ်ထား။ စိတ်ကိုဟောတာ။ စိတ္တာတဏှာနာမ် ခယမဇ္ဈက စိတ်သာရှင်စေ ဘုရားဟောတဲ့။ စိတ်ပြောသွားတာနော်။ အဲဒီတော့ ဒီလိုတရားဟောတဲ့မှတ်တမ်းစာ၊ တရားစာတွေရှိလို့ ဒီအသိ သိပြီး

တော့ ဒီအကျင့်ကျင့်တာ။ စာကို စာအုပ်ကြီးနဲ့ဖတ်ပြီးတော့လုပ်နေတာမဟုတ်ဘူး။ စာကနေပြီးတော့ တက်သွားတာ။ စာရှိလို့ ကျင့်လို့ရတာ။ ဒီဟာတွေ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ ဒါသိရမယ်။ ဒုက္ခသစ္စာဆိုတာဘာလဲ။ ကိုယ့်ခန္ဓာကိုယ်ကို မြင်အောင်ကြည့်သူများ သွားမကြည့်နဲ့နော်။ အဲဒီတော့ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကိုပယ်မယ်။ ဒီနှစ်ခုပယ်ရင် ဘယ်သူကပယ်မလဲ။ အဲဒီနှစ်ခုကို မဂ်ကပယ်တာ မှတ်ထား။ မဂ်ကပယ်ရင်ဘာလဲ။ နိရောဓနဲ့ ဖလသမာပတ်ကိုရတယ်နော်။ ဈာန်ဖြစ်နေတယ်။ ဘယ်သူသိသလဲ။ မနောအာရုံဈာန်ဖြစ်နေတယ်။ အပြင်အာရုံ၊ လောကီအာရုံ(၆)ပါးကိုပယ်လိုက်တာ။ အဲဒါတွေကို ခင်ဗျားတို့ အင်မတန်ထူးမြတ်တဲ့တရားတွေ။ ဖော်မစားဘူး၊ ကျော်သွားတယ်။ ခင်ဗျားတို့ ငွေရရင် ငွေနဲ့တင်းမတိမ်နဲ့။ ငွေထက်ကောင်းတာ ရွှေရှိတယ်။ ရွှေရရင် ရွှေနဲ့တင်းမတိမ်နဲ့။ ရွှေက စျေးထဲသွားရောင်းရင် ကာလတန်ဖိုး အလေးချိန်ကပ်ပေးလိုက်မှာ။ တစ်နှစ်လောက်စား ကုန်ရော။ အဲဒီတော့ ရွှေထက်ကောင်းတာ ကျောက်ရှိတယ်။ ကျောက်က သယံဇာတကထွက်တာနော်။ အဲဒီသယံဇာတကထွက်တဲ့ကျောက်အရည်အသွေးလည်း ကောင်းတယ်။ သူ့မှာ ရတီကလည်း ကောင်းတယ်။ ကမ္ဘာကကြိုက်တယ်။ တန်ဖိုးမဖြတ်နိုင်ဘူး။ အဲဒါရှာ။ ခင်ဗျားတို့လည်းသေမှာ။ ဦးပဏ္ဍိတလည်း သေမှာ။ ဘာနဲ့သေမလဲ။ ခင်ဗျားတို့ ဥပါဒါန် ကံကြီးနဲ့သာသေသွားရင် သွားပြီပေါ့ဗျ။ ဒီဥပါဒါန်က ဘာနဲ့ဖြတ်မလဲ။ ခင်ဗျားတစ်ခုခုဖြစ်ကြည့်ပါလား။ ခင်ဗျားအဖေ၊ အမေ၊ မယားသေကြည့်ပါလား။ မယား နောက်လင်ယူသွားကြည့်ပါလား။ အဲဒီ ယောကျ်ား ဘယ်လိုနေမလဲ။ ပူတာပေါ့။ အာရုံမှာသွားမှတ်တာ။ အဲဒီအာရုံမှာ မင်းမိန်းမ မရှိတော့ဘူးကွ။ နောက်လင်ယူသွားပြီဆိုတော့ အာ တစ်ခါတည်း ကြိမ်းမောင်းလိုက်တာပဲ။ ဒါ ဥပါဒါန်၊ ဒါ မိစ္ဆာအယူတွေ အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်နော်။ ဒါကို ဥပေက္ခာရမယ်။ ကြည့်စမ်း ဒါတွေအပေါ်မှာ နှစ်မျောနေကြတယ်။ တဏှာ၊ မာန၊ ဒိဋ္ဌိ။ မယားကိုစွဲတာ တဏှာ၊ မယားကို နောက်လင်ယူသွားတယ်။ ဦးမြမောင် ရေ ခင်ဗျားမိန်းမ နောက်လင်ယူသွားတယ်။ ဟာ အဲဒီသတင်း ကြားတာနဲ့ တစ်ခါတည်း မယားကိုစွဲလန်းတယ်။ တဏှာက တမဟုတ်ခြင်းဖြစ်တာက ဒေါသဖြစ်သွားပြီ။ ဒေါသဖြစ်ရင် မာန်ဖြစ်သွားရင် သီလရှိပါ့မလား။ ပစ္စုပ္ပန်တည့်တည့်လေးဟောတာ။ ရှေ့မမျှော်နဲ့၊ နောက်မတွေးနဲ့။ တည့်တည့်လေးဟောသွားတာ။ အဲဒီတော့ ဒေါသဖြစ်တယ်။ တဏှာကြောင့် မာန်ဖြစ်တယ်။ အဲဒီတဏှာနဲ့ မာန်ကို ဘယ်သူကလုပ်တာလဲ။ ဒိဋ္ဌိကလုပ်တာ။ ဒိဋ္ဌိဆိုတာ ဘာလဲ။ ပါဋ္ဌိစကားကြီး။ ဟုတ်တယ်။ အာရုံကို သွားပြီးတော့၊ မှတ်ပြီးတော့ယူလိုက်တာ အမှတ်မှားတယ်။ အယူမှားတယ်။ အစွဲမှားပြီ။ ဟော စွဲပြီ။ ဥပါဒါန်ဖြစ်တာပဲဗျို့။ ကြည့်စမ်းနော် နိဗ္ဗာန်သည် ခန္ဓာမှာစတယ်၊ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။

ဘယ်သီလမှာချုပ်လဲ။ ပညတ်သီလနဲ့ ပရမတ်သီလမှာချုပ်တယ်။ ပရမတ်သီလဆိုတာ ဓါတ်သဘော တွေ၊ ဓါတ်ချုပ်သွားပြီ။ အဲဒီတော့ ပညတ်သီလက မိစ္ဆာအယူကို ပယ်တာ။ သမ္မာအယူကိုယူကြတာ။ ကြည့်စမ်း။ အဲဒီတော့ ငါမြင်တယ်ကွ၊ ငါကြားတယ်ကွ၊ ငါ့စက်ဘီးကွ၊ ငါ့ကားကွ။ အဲဒီကားလေးစွဲတာ တဏှာ။ တဏှာကြောင့် ဥပါဒါန်ဖြစ်တာပဲဗျို့၊ ဒေါသဖြစ်တာပဲဗျို့၊ လျော်ပေးရင် လျော်ပေး၊ မလျော် ပေးရင် ချမယ်၊ ထိုးမယ်၊ ကြိတ်မယ်။ ဟာ အာရုံကြောင့် အမှတ်နဲ့ပေါင်းလုပ်တော့ သင်္ခါရဖြစ်ပြီးတော့ ဟာ ဒုက္ခတွေရောက်ကုန်တာပဲဗျို့နော်။ ဩော် အဲဒီတော့ မတော်တဆ ထိတာပါကွယ်၊ ငါသည်းခံမယ် ကွယ်၊ ငါသည်းခံပါမယ်ကွာ။ မင်းကွာ မတော်တဆ အဲ ထိတာပါကွာ။ မင်းကိုအပြစ်မလုပ်ပါဘူးကွာ။ ဦးကြီးက မလုပ်ပါဘူးကွ။ ရိုရိုသေသေနဲ့ပြောရင် အဲဒါ သမ္မာ၊ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ။ သူ့မှာလည်း စိတ်ချမ်းသာတယ်၊ ကိုယ့်မှာလည်း စိတ်ချမ်းသာတယ်။ ဟာ ဥပါဒါန်မဖြစ်ဘူးနော်။ ဉာဏ်နဲ့လုပ်၊ ဉာဏ်နဲ့သုံး၊ ကံနဲ့သုံးလို့ ခင်ဗျားတို့ တဏှာတွေဖြစ်နေတာ။ ကံဆိုတာ အဲဒီအာရုံတွေမှာသွားစွဲတာ။ သားလေးထိတော့၊ ဟော မယားလေးထိတော့ ဟာ ကံနဲ့သုံးတာ၊ ဉာဏ်နဲ့သုံးပါ။ အသက်ကို ဉာဏ် စောင့်တယ်။ ဥစ္စာကို ကံစောင့်တယ်နော်။ သုံးတတ်ဖို့လိုတယ်။ ခင်ဗျားတို့ ကိလေသာ ငုတ်နေတယ်။ ငုတ်နေတာ အမယ်လေး ခေါင်းမြီးကြီးခြုံပြီး ငုတ်နေတာ။ တကယ့်အကြောင်းပေါ်လာကြည့်ပါလား။ ဒိုင်းကနဲ ဖြစ်တယ်နော်။ ဒီ ဥပါဒါန်နော်။ အဲဒီတော့ မျောတရားရှိတယ်။ မြုပ်တရားရှိတယ်။ ပေါ်တရားရှိတယ်။ အဲဒီတော့ သဘောလေးပဲပြောပြမယ်။ ဦးပဏ္ဍိတ ဘာသတ်လဲ။ ငါသတ်တာ။ ကိလေသာတဏှာသတ်မယ်။ စာမတတ်ဘူး။ အဲဒီတော့ ဘယ်ဟာနဲ့သတ်လဲ။ မဂ္ဂင်ရှစ်ပါးနဲ့သတ်တယ်။ ဘုရားဟောအရ အဲဒီမဂ္ဂင်ရှစ်ပါး၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ အဲဒီတော့ ကာယကံ၊ ဝစီကံ၊ မနောကံ။ မနောကံဟာ ငါ အာရုံနဲ့ပေါင်းလို့ ဗျာပါဒ ဖြစ်ပါလား၊ ဒေါသဖြစ်ပါလား၊ လောဘ ဖြစ်ပါလား၊ တဏှာ၊ မာန၊ ဒိဋ္ဌိကြီးတွေဖြစ်ပါလား။ အာရုံကြောင့် ငါဖြစ်နေပါလား။ ဒီတော့ အာရုံ(၅)ပါး နဲ့ ငါမပေါင်းဘူး။ ဟော အာရုံ(၅)ပါးနဲ့လည်း မပေါင်းဘူး။ ကံကိုလည်း ကာယကံ၊ ဝစီကံ၊ မနောကံ ကိုလည်း ငါပယ်မယ်။ ဟော ကံတွေပယ်ကုန်ပြီနော်။ အဲဒါ ဝိနည်းမဟုတ်ဘူး။ အဲဒါလမ်းတိုက သွားတာ။ ကိလေသာတဏှာကို သတ်ချင်လို့ ကံကိုသတ်ချင်လို့ သွားတာ။ ကံပြတ်တရားခေါ်တယ်။ အဲဒီတော့မှ ဘာဖြစ်လာလဲ။ အပြင်သီလ၊ အတွင်းသီလ၊ အတွင်းက အဓိစိတ္တ၊ အပြင်ကသီလ၊ အပြင်မှာစင်ကြယ်လို့ ခန္ဓာမှာစင်ကြယ်တယ်။ အပြင်မှာဘာလဲ။ အာရုံနောက် မလိုက်ဘူး။ အာရုံ (၅)ပါးနောက် မလိုက်ဘူး။ ကံအလုပ်လည်း မလုပ်တော့ဘူး။ အဲဒီတော့ ပါးစပ်ကလည်း ရေတောင် မသောက်တော့ဘူး။ ဆေးလိပ်လည်း မသောက်ဘူး။ ကွမ်းလည်း မစားဘူး။ စကားလည်း မပြောဘူး။

ဒါဘာလဲ။ အာရုံတွေကို အကုန်ပိတ်လိုက်တာ။ ဝစီပိတ်ခေါ်တယ်။ အာရုံ(၆)ပါးကို အကုန်ပိတ်လိုက်တာ။ ဒါ ဝိနည်းမဟုတ်ဘူး။ အဲဒီတော့ ရုပ်ပေါ်ကနေပြီးတော့ ရုပ်နာမ်ပေါ်ကနေ နာမ်ကိုသိရင်တော့ ရုပ်ကိုသတ်မယ်။ အဲဒီနာမ်ကိုသိချင်လို့ ရုပ်ကိုသတ်မယ်။ အဲဒီရုပ်က ဒုက္ခသစ္စာကြီး။ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်းအကြောင်းအမှန်တရား။ ဒါ ဘုရားဟောတာ။ ကိုယ်လုပ်ရင် ကိုယ်ရမယ်။ မလုပ်တာကတော့ ခင်ဗျားတို့ရဲ့သဘောပဲ။ ဒီဘဝပြန်မှာပဲ။ သွားကြမှာပဲနော်။ အဲဒီတော့ အလင်းကလာရင် ဒီလူ့ပြည်က အလင်းကပြန်ရင် အမှောင်ကိုသွားလိမ့်မယ်။ အမှောင်က လူ့ပြည်က အမှောင်ကလာရင် အလင်းကိုပြန်လိမ့်မယ်နော်။ ဟာ ဟိုမှာနတ်တွေ၊ သိကြားတွေ၊ ဗြဟ္မာတွေ၊ ဘုမ္မိကပုဂ္ဂိုလ်တွေရှိတယ်နော်။ ကြည့်နေ၊ ကြည့်စား၊ ကြည့်သွား။ ယူတာမှတ်ပြီးတော့ ကိုယ့်ရဲ့အသိတွေ၊ ကိုယ့်ရဲ့ မိရိုးဖလာပါတဲ့ အသိသညာနဲ့မှတ်ပြီးတော့ ဥပါဒါန်တွေဖြစ်တယ်ဗျို့။ ကံဖြစ်တာ။ အဲဒီကံပေါ်မှာ ငါကံဖြစ်ပါလား၊ ဉာဏ်နဲ့သုံးမှ အဲဒီဟာတွေ ငါမစွဲတော့ပါလား။ ဒီဟာတွေလည်း ငါမစွဲတော့ဘူး။ ဒီဟာတွေလည်း ငါမမှတ်တော့ဘူး။ ငါခုနက တရားထိုင်တယ်။ ငါတရားထိုင်တယ်။ အဲ ကံပြတ်တရား။ အဲဒါ ကံကိုဖြတ်တာပဲ။ အဲဒီတော့ အာရုံ(၆)ပါးလည်းပိတ်တာပဲ။ အဲဒီတော့ ပိတ်မှ ဒီကံကိုသိမှာ။ အဲဒီတော့ ဒီလိုတရား၊ ဒီရုပ်တရားဟာ ဒီရုပ်ပေါ်ကနေပြီးတော့ နာမ်တရားသိမယ်။ အဲဒီတော့ ကြာလာတဲ့အခါကျတော့ ဝိပဿနာ၊ သမ္မာနဲ့ မဂ္ဂင်ရှစ်ပါးနဲ့ စိတ်ကို အတွင်းစိတ်ကို စစ်တယ်။ အတွင်းစိတ်နဲ့ အပြင်စိတ်ကိုစစ်တယ်။ ဝိပဿနာနဲ့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ ဒါ ဘုရားဟောအရ အဲဒါ သီလမဂ္ဂင်ပဲ။ ဗမာလိုတော့ ဦးဇင်း က ပြောပြတာ။ ဦးဇင်း အသိကိုပြောပြတာ။ စာတော့မတတ်ဘူး။ သမ္မာဝါစာဆိုတာ သမ္မာဆိုတာ ကောင်းသောအလုပ် အခုလုပ်နေတာ။ အခု ပစ္စုပ္ပန်တည့်တည့်လေးလုပ်တာ။ နှလုံးသွင်းပြီးတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မှန်တာကိုကျင့်ပါတယ်။ မှန်တာကိုပြောပါတယ်။ မှန်တာကို အသက်မွေးဝမ်းကျောင်းပြုပါတယ်။ ဟော သူ့ဟာသူ ထိုင်နေတာ။ လာပေးတာပဲ။ သွား သပိတ်နဲ့ ခံတာမဟုတ်ဘူးနော်။ လာပေးတာ။ သူ့ကျောင်းကို လာပေးတာ။ သွားခံတာမဟုတ်ဘူး။ တောထဲမှာနေတယ်။ သူ့ဟာသူ ထိုင်နေတာ။ ကရင် ပေါ်လု က လာကျွေးတာ။ တောထဲမှာနေတာ ကရင်ကလာကျွေးတာ။ ငါ့သပိတ်နဲ့ ခံတာမဟုတ်ဘူး။ အဲဒီတော့ ငါလည်း ရဟန်းမဟုတ်သေးဘူး၊ ကိုရင်လည်းမဟုတ်ဘူး။ လူသူလာကျွေးတာ။ ကျွေးတော့စားတယ်။ အဲဒီတော့ ကရင်ကြီးကို ဘယ်လိုလုပ်လဲဆိုတော့ ဟော့ကောင် မင်းစောင့်မနေနဲ့၊ ငါ့အနား မင်း ထမင်းချိုင့်ထားပစ်ခဲ့။ ဟာ ထမင်းချိုင့် ခင်ဗျားဘယ်အချိန်စားမလဲ။ ခါချဉ်တွေတက်တယ်။ အာ တက်တက်ကွာ၊ မင်းအလုပ် မင်းလုပ်။ မင်းနဲ့ဘာမှမဆိုင်ဘူး။ မင်းလှူရင်

ပြီးတာပဲကွာ။ သွား။ သူကရှိနေတယ်။ လူများနဲ့လာပြီးတော့ သူများတရားထိုင်တာကို လာကြည့်နေတယ်။ သွားဟေ့ ကရင်၊ ကရင်နာမည် ပေါ်လု တဲ့။ ဟောဒီ ပေါ်လု ရဲ့ မိန်းမက သုံးပန်လု တဲ့။ ဘယ်မှာနေလဲ။ ညောင်ပင်ကြီး၊ ညောင်ပင်ကြီးနဲ့ စဥ့်ကူး နီးတယ်။ မြောင်းမြမှာ အဲဒီမှာကျင့်တာ။ အဲဒီမှာကျင့်တဲ့အခါကျတော့ ကရင်လည်းပြန်ရတာပဲဗျို့။ ထမင်းချိုင့်လေးထားပစ်ခဲ့ပြီးတော့ ချတာပဲ။ တစ်နေ့လုံးနော်။ အဲဒီတော့ ဒီလိုတရားကျင့်ပြီးတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ မှန်တာကိုကျင့်တယ်၊ မှန်တာကိုပြောတယ်၊ မှန်တာကို သက်မွေးဝမ်းကြောင်းပြုတယ်။ အဲဒီတော့ တရားစဥ်က ထွက်တော့မှ ဘယ်လိုအသိနဲ့ထွက်သလဲ။ ဟော အသိ။ ဩော် ငါ တရားစဥ်က ကျင့်တဲ့ အဲဒီတော့ စိတ် စေတသိတ် ငါ့မှာရှိသေးသလားစစ်ပြီ။ နင် မျက်စိစက္ခုကြောင့် မြင်လို့သိချင်သလား၊ နားသောတကြောင့် မနောကသိချင်သလား။ ဒီစိတ်တွေ ကိုစစ်တယ်။ အဲဒီစိတ်တွေကို တစ်ခါပြန်ပြီးတော့ ငါ စေတသိတ် သိုလှောင်ပြီးတော့ မနောက တွေးသေးလား။ မဂ္ဂင်နဲ့စစ်တယ်။ ပြီးတော့ သွားတဲ့ အခါမှာ ရေချိုးတယ်။ ရေသောက်တယ်။ အဲဒီ ဟိုချောက်ထဲမှာ ဩော် ထိတာကရုပ်၊ သိတာကနာမ်၊ ထိသိ သတိ ဟော ထိသိ သတိ ဆိုတာ ကိုယ်ကယူရမယ်။ ဘာထိလဲ။ ခြေဖဝါးက မြေကြီးထိတော့ မသိဘူးလား။ သိတာက စိတ်၊ ထိတာက ရုပ်။ အဲဒါ စကြံနီလျှောက်တာ။ အဲဒီခုနက ကျင့်ထားတဲ့ ထိသိ သတိကို အမြဲတမ်းယူထားတယ်။ အဲဒီသက်နိုးနဲ့ အာရုံပေါ်မှာထိန်းသွားတယ်။ သိ သိ သိ သိ နဲ့ ထိန်းသွားတယ်။ ပြီးတော့ အတွင်း အာရုံက မြင်ချင်လား၊ မမြင်ချင်ဘူး။ ဘယ်လောက်ကောင်းသလဲ လို့နော်။ ဒီလိုကျင့်တဲ့တရားတွေ အခုတော့ စားကောင်း၊ သောက်ကောင်း။ ဝိပဿနာတရားတော့ ထိုင်ပါတယ်ဗျာ။ ထိုင်လည်း ပြီးလည်းပြီးရော မော်တော်ဆိုင်ကယ်နဲ့စီးပြီးတော့ ပြန်၊ ကားနဲ့စီးပြန်။ ဟာ ဥပါဒါန်တော့သတ်လို့မရဘူး။ ဥပါဒါန်သတ်တာက မဂ်ဉာဏ်ရမှ သတ်လို့ရမှာ။ ပြတ်တာ။ ခင်ဗျားတို့ဘုန်းကြီးတွေကိုမေး။ တကယ်တတ်တဲ့ ဘုန်းကြီးတွေကိုမေး။ အဲဒီကိလေသာကိုသတ်မှ တဏှာပြတ်တာဗျ။ အဲဒီတော့ ရှေ့မှာကျင့်ရတာတွေ ရေးထားတယ်။ အဲဒါ သီလနော်။ ခုနက စိတ်၊ စေတသိတ်ကိုသတ်ပြီး အဲဒါ ရုပ်ပြန်ရှုတာမျိုး။ အဲဒီ ရုပ်မှာ တဏှာရှိတယ်ဗျို့။ အဲဒီကိလေသာမှာ တဏှာရှိတယ်။ အဲဒီကိလေသာဟာ ကြာလာတော့ ဝေဒနာပေါ်မယ်။ အဲဒီဝေဒနာမှာ တဏှာကပ်နေတယ်။ ဟာ အဲဒါ သညာကလည်းမှတ်ပေးတယ်ဗျို့။ အဲဒီဝေဒနာမှာ ဩော် ဩော် ဘုရား ဘုရား။ အဲဒီတော့မှ အဲဒီစိတ်ကလေးထဲမှာ တဏှာပါနေတယ်။ သိစိတ်ကလေးမှာ တဏှာပါနေတယ်။ သညာမှ မပယ်နိုင်သေးတာ။ ပညာဘက်မကူးနိုင်ဘူး။ အဲဒါ စာတွေနဲ့ပြောသွားတာ။ အဲဒီတော့ ထိုင်တာပဲဗျို့ တရားဟာ။ အင်္ဂလိပ်ခေတ်ကလည်း ဒီမြမောင် ဟာမကောင်းဘူး။ ဂျပန်ခေတ်ကလည်း

မကောင်းဘူး။ နိုင်ငံတော် ဦးနု အစိုးရမင်းရှိတုန်းကလည်း မကောင်းဘူးနော်။ အဲဒီတော့ ဒီခေတ်ကျတော့မှ ဟောဒီအစိုးရခေတ်ကျတော့မှ ဒီအလုပ်လုပ်လို့ ဒီအသိ သိတာ။ ဟိုတုန်းက ဆိုးခဲ့တဲ့လူတစ်ယောက်။ အဲဒီဆိုးလာတဲ့လူသည် အခုဒီအလုပ်လုပ်တော့ ဒုက္ခဝေဒနာတွေခံရတယ်ဗျို့။ အဲဒါ ကမ္မဝဋ်တွေခံနေရပြီ။ ဟို အင်္ဂလိပ်ခေတ်က လုပ်တာတွေ ခံခဲ့ရပြီ။ ကမ္မဝဋ် ဟောဒီဘဝမှာလုပ်တာလည်း ခံခဲ့ရပြီ။ အဲဒီကြွေးတွေကို ဆပ်သွားတာ။ ဝေဒနာနဲ့ဆပ်သွားတာ။ ဆပ်မှာ ဟာ ဘုရား ဘုရားနော်။ သားကလည်း မကယ်နိုင်ဘူး။ သမီးကလည်း မကယ်နိုင်ဘူး။ မယားကလည်း မကယ်နိုင်ဘူး။ ဘယ်သူမှ မကယ်နိုင်ဘူး။ ကိုယ်ဖြစ်နေတဲ့ခန္ဓာမှာရှိနေတဲ့ အတွင်းခန္ဓာမှာရှိနေတဲ့ ဝေဒနာကြီးကို ခံတာ။ ဖြောင်းဖြောင်းနဲ့။ ဘယ်သူသိမလဲ။ တောထဲမှာ ထမင်းလည်းမစားနိုင်တော့ဘူး။ မစားတော့ဘူး။ ဒီလိုကျင့်တဲ့စိတ်ကို အဲဒီစိတ်က တဏှာကိုမျှော်တယ်။ လှဲမယ်ကွာ လှဲမယ်။ အဲဒီတော့ ဝေဒနာနိယောဓော၊ တဏှာနိယောဓော၊ တဏှာဆိုတော့ စိတ်ချမ်းသာတယ်ပေါ့ဗျ။ အဲဒီဖေါက်ပြန်တဲ့ဝေဒနာဟာ မရှိတော့ဘူး။ စိတ်ကလေးက ချမ်းသာလာတယ်။ သြော် ဘုရား ဘုရား။ အေး ဒုက္ခသစ္စာဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်းအကြောင်း အမှန်တရား။ သဘောလေးပဲ။ အဲဒီလိုကျင့်သွားတာကွနော်။ အဲဒီလို ကျင့်သွားပြီးတော့မှ သြော် ဘာမှတော့ စာမတတ်ဘူး။ အခုလျှောက်လျှောက်ပြီးတော့ ပုသိမ်တွေကော၊ ဘာတွေကော၊ ညာတွေရော လျှောက်ဟောတာ။ ပိုက်ဆံတွေ အားကြီးရတယ်။ ငါဟိုတုန်းက မိုက်မဲခဲ့တယ်ကွ။ မလှူခဲ့ဘူး၊ မဒါန်းခဲ့ဘူး။ ငါ့အဖေလည်း ဦးချိုးတိုး လည်း သေကုန်ပြီ။ မအေလည်း သေကုန်ပြီ။ ညီလေးတွေ၊ အစ်မကြီးတွေလည်း သေကုန်ပြီ။ အားလုံး ဦးချိုးတိုး နဲ့ ဒေါ်အုန်းမေ မွေးတာ (၆)ယောက်မွေးတယ်။ ဦးဇင်း တစ်ယောက်တည်း ကျန်ရစ်ခဲ့တယ်။ အကုန်သေကုန်ပြီ။ သွားမှာပဲ။ ဒီလမ်းနော်။ ဘယ်တော့သေမှာ ကျင့်တဲ့လူက သိတယ်ဗျ။ မပြောဘူး။ ကံကိုဗျ။ ကံပြတ်တရား၊ ကံမပြတ်တာတပုံကြီးတွေ့ပြီ အတိတ်ကိုသိတယ်နော်။ ဟောဒီ ပစ္စုပ္ပန်ကနေကြည့်တာ။ ဒါပေမယ့် ဘာသိလဲ။ အေး မင်းအိမ်မှာ ဆန်ဘယ်နှစ်တင်းရှိတယ်တော့ ငါမသိဘူးကွတဲ့။ ဒါ လောကီဝိဇ္ဇာတွေကွတဲ့။ အဲဒါဝိဇ္ဇာဗေဒင်တွေကွ။ မင်းဘာတွေလည်းဆိုတာ ငါမသိဘူးကွတဲ့။ ငါသိတာ ကံတွေပဲသိတယ်ကွ။ ကံနဲ့ဉာဏ်၊ ဈာန် အဲဒီ(၃)ခုသိတယ်ကွတဲ့။ လာခဲ့ မင်းတို့က သမထလိုင်းတွေကွ။ ဟော့ကောင်ရ အဲဒါတွေနဲ့ဟောပြောပြီးတော့ မင်းတို့မာန်ဖြစ်နေတယ်ကွ။ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတာ ဉာဏ်ရမှ တဏှာ၊ မာန၊ ဒိဋ္ဌိ ရင်ဝမှာရှိတဲ့လုံ(၃)ချောင်းနှုတ်မှာကွတဲ့။ မင်းတို့ဈာန်တရားကလည်း ကောင်းကင်မှာ ဈာန်နေပြီတော့ ရုပ်ကြီးထားပစ်ခဲ့တယ်ကွတဲ့။ အဲဒီဈာန်မှာ ခန္ဓာရှိတယ်ကွတဲ့။ ဘာပြုလို့ မင်း တဏှာရှိတယ်လို့ မင်းပြောလဲ။ မင်းရုပ်မှ

မကျင့်တာပဲကွတဲ့။ ကိလေသာရုပ်ကို မင်းသတ်မှမသွားတာဘဲ ကွတဲ့။ သတ်မသွားရင် မင်း မင်းဟာ မင်း အဲ အဲဒီတော့ ဝိဇ္ဇာတွေဖြစ်ကုန်တာပဲ။ ဦးဇင်းလည်း တွေ့ခဲ့တယ်။ အားကြီးပဲနော်။ အဲဒါ ဘာဝိဇ္ဇာလဲတော့ မပြောတတ်ဘူးပေါ့ဗျာ။ အဲလာခဲ့တဲ့။ မင်းတို့တွေ အဲဒီတော့ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ ဉာဏာဥဒပါဒိ တကယ်ရေးတာ။ ဂမ္ဘီရဉာဏ်ဆိုတာ ခန္ဓာကို ထိုးထွင်းပြီးတော့ ဖောက်ပြီးတော့သိတာ။ ဖောက်တုန်းကတော့ ပျဉ်တစ်ပြားတည်းဖောက်တာ။ တစ်ခါတည်း လွှန်းကအားကောင်းတော့ (၃)ချက်ပေါက်တာပဲဗျို့နော်။ အဲဒါ ခင်ဗျားတို့လုပ်ရမယ်။ ခင်ဗျားတို့ မလုပ်တာတော့ ဘာမှလည်းမတတ်နိုင်ဘူး။ ဦးဇင်းမှာ မယားရှိတယ်။ မယားက ဦးပဏ္ဍိတဆီမှာ ရှိရင်စားမယ်၊ သားကလည်း စားမယ်၊ သမီးကလည်း စားမယ်။ သူက ဖအေလို့ထင်တာ။ ဒါပေမယ့် သူကစွဲတာ ကိုယ်ကစွဲတာမဟုတ်ဘူး။ ဘယ်လောက်ကောင်းတဲ့တရားလဲ။ ဗိုက်ထဲမှာ ရေခဲတုံးကြီးထည့်ထားတယ်။ အခု သံဃာတော်အရှင်မြတ်တွေ ရန်ကုန်မြို့မှာရှိတယ်။ မြောင်းမြမှာ ရှိတယ်၊ ပုသိမ်မြို့မှာရှိတယ်။ မကျေနပ်ဘူး။ ချွတ်ပါဆို အခုချွတ်ပေးလိုက်မယ်။ သာသနာကို မစော်ကားဘူး။ စာတော့မတတ်ဘူး။ ငါအေးနေပြီကွတဲ့။ ငါအေးနေပြီကွတဲ့။ ငါ့ရဲ့ဖအေတွေ၊ မအေတွေ၊ ငါ့ရဲ့ ညီအစ်ကိုမောင်နှမတွေ၊ ဆွေမျိုးသားချင်းတွေ၊ ဘဝအနန္တကတော်လာတဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်။ ဒီသာသနာမှာ သင်္ကန်းဝတ်ပြီးတော့ ကျေးဇူးပြန်ဆပ်တာကွတဲ့။ ငါကျင့်ထားတဲ့အသိနဲ့ ပြန်ဆပ်တာကွ။ သူတို့ဆီကရတဲ့ လှူတဲ့အလှူတွေလည်း မင်းတို့ဘုန်းကြီးကျောင်း ငါအကုန်ပေးပစ်ခဲ့တာပဲကွတဲ့။ ငါဘာယူသလဲတဲ့။ ဘာများ ငါစားသလဲ။ အကုန်ပေးတယ်နော်တဲ့။ ဘာမှမယူပါဘူး။ မင်းတို့ဟာတွေ။ ဒါကြောင့်မို့ ဝတ္ထုကာမ ငါ့မှာရှိတာက ကိလေသာကာမ ယှဉ်တွဲသုံးဆောင်မိပါက အများကြိုက်၏။ ကိုယ်လည်းကြိုက်၏၊ အရိယာမကြိုက်ဘူးတဲ့။ တွေးတောင်ကြည့်တော့ အရိယာသတ်တာက ကိလေသာတဏှာကိုသတ်တာ။ ဘာမှ စာတတ်တာမဟုတ်ဘူး။ ဟေတုပစ္စယောကို အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန် ဒီလိုစာမတတ်ဘူးကွ။ ငါခန္ဓာကကျင့်တာ။ ဒီစာတွေမှန်တယ်နော်တဲ့။ ဒီစာရှိလို့ မင်းတို့ကိုပြန်ပြောလို့ရတာတဲ့။ ဟိုတရားကလေတဲ့ လက်ပိုက်နေတာကွတဲ့။ ပြောလို့ကိုမရတော့ဘူးကွတဲ့။ အဲဒီစာရှိလို့ ပြောလို့လည်းရတယ်။ အဲဒီစာရှိလို့လည်း ကျင့်လို့ရတာကွတဲ့။ အဲဒီစာရှိလို့ ကျင့်ရတာကွ။ ဒီစာသာမရှိရင် ငါလည်း ဘယ်ကျင့်တတ်မလဲကွတဲ့။ မဂ္ဂင်(၈)ပါးက (၃၁)ဘုံလွတ်တာ။ အဲဒီမဂ္ဂင်တစ်လမ်းပဲရှိတယ်။ ဂုဏ်တော်နဲ့လည်း မလွတ်ဘူး။ ဗုဒ္ဓေါနဲ့လည်း မလွတ်ဘူး။ မေးချင်တာမေး အဲဒီမဂ္ဂင်တစ်လမ်း။ အဲဒီမဂ္ဂင်ရှစ်ပါးလမ်းဆုံးတော့ ရှာတွေ့မယ်။ အဲဒါ ရုပ်နာမ်သေတယ်။ ရုပ် အဲ နိဗ္ဗာန်သည်တဲ့ ခန္ဓာမှာစတယ်၊

ခန္ဓာမှာဆုံးတယ်တဲ့။ သီလမှာချုပ်တယ်။ ဘယ်သီလလဲ။ ပညတ်သီလနဲ့ ပရမတ်သီလမှာချုပ်ထားတာ။ အဲဒါ ရုပ်နာမ်လွတ်သွားပြီ။ အပြင်သီလချုပ်ပေမယ့် အတွင်းသီလလိုသေးတယ်။ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်စင်ကြယ်မယ်။ သီလ။ သီလတွေ အမျိုးအစားရှိတယ်။ စာတော့မတတ်ဘူးဗျ။ ကိုယ်ထိန်းနိုင်တဲ့ဟာကို ကိုယ်ထိန်းသွားတာ ရဟန္တာလို့ ခင်ဗျားတို့ပြောကြတယ်။ ဦးပဏ္ဍိတ ရဟန္တာမဟုတ်ဘူးနော်။ အနာဂါမ်လည်း မပြောဘူးနော်။ သောတပန်လည်း မပြောဘူးနော်။ သကဒါဂါမ်လည်း မပြောဘူးနော်။ ဘာမှမပြောဘူး။ စိတ်ကျင့်တာတဲ့။ ငါ့စိတ်ကို ငါကျင့်တာကွတဲ့။ ကျင့်ပြီးတော့ မင်းတို့ကိုပြန်ပြီးတော့ သစ္စာနဲ့ပြန်ပြောတာကွတဲ့။ အဲဒီတော့ စာတွေရှိလို့လည်း စာလေးနဲ့ မျှောမျှောပြီး ပြောရတာကွတဲ့။ အဲဒီတော့ ခုနကဒီတရားဟာ ခန္ဓာမှာရှိတယ်။ အာရုံ (၅)ပါး။ အာရုံနောက်မလိုက်တော့ဘူးဆိုရင် အဲဒါ ဉာဏ်တဲ့။ အာရုံနောက်လိုက်ရင်တော့ ကံပဲ။ ကံဆိုရင် (၃၁)ဘုံလည်မယ်။ ကံဆိုတာ ဥပါဒါန်ကံခေါ်တယ်။ ဥပါဒါန်ခေါ်တယ်။ ကိုယ့်စိတ်ကလေးက သွားစွဲတာ။ သာယာတာ။ အဲဒါ ဥပါဒါန်ကံခေါ်တယ်။ အဲဒါလေးကမသိတော့ မလုပ်တတ်တော့ အမှုမဲ့ အမှတ်မဲ့နေတော့ အကုန်လုံးမျောကုန်တာပဲဗျို့။ ဒါကြောင့် ဒီဝိပဿနာတစ်လမ်းပဲရှိတယ်။ (၃၁)ဘုံ ကိုလွတ်တာနော်။ လွတ်အောင်ရှာ။ အဲဒီတော့ ဒါမှ ကိုယ်ဘဝကမလွတ်လို့ ကိုယ့်ရဲ့ စရဏ၊ သဒ္ဓါ၊ ဝီရိယ၊ သီလ၊ သမာဓိ၊ ပညာတွေနဲ့တက်ချင်တော့ ခင်ဗျားအပါယ်ပိတ်တာပေါ့ဗျာ။ အပါယ်လေးပါး တံခါးပိတ်တာပေါ့ဗျာ။ ခင်ဗျားယူထားတဲ့အယူက သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ ဒီမှာ ဒိဋ္ဌိကို ပယ်ပြီ။ ဒိဋ္ဌိကိုသိသွားပြီ။ သင်္ကပ္ပကိုကူးသွားပြီနော်။ အဲဒီလို သင်္ကပ္ပရောက်တာကို ငါ့ရဲ့နှလုံးသားက ဘယ်လိုနဲ့ဆိုတာကို သိရမယ်။ အဲ စာကတော့ ရေးထားတာ သိပ်မှန်တယ်။ ကိုယ့်နှလုံးသားက မဖြစ်သေးဘူး။ သင်္ကပ္ပနေရာကို မရောက်သေးဘူး။ ဘာဖြစ်လို့မရောက်သေးလဲ။ ဒိဋ္ဌိကိုဗျ။ ဒိဋ္ဌိဆိုတာ အာရုံကိုမလွတ်သေးဘူး။ အနုသယမလွတ်သေးဘူး။ အဲဒါဘာလဲ။ အနေအထိုင်မဟုတ်လို့ အနေအထိုင်ဟုတ်ရင် အာရုံ(၅)ပါးနော်။ ခင်ဗျားပယ်ပြီတဲ့။ ကံကိုလည်းပယ်ပြီ။ ကာယကံ၊ ဝစီကံ၊ မနောကံကိုလည်းပယ်ပြီ။ ဗျာပါဒ၊ အဘိဇ္ဈာ၊ ကုက္ကုစ္စ အဲဒါကံတွေပေါ့။ အာရုံကြောင့်ဖြစ်တာတွေ၊ မနောကြောင့် ဖြစ်တာ။ မနောကိုဟောနေတာ။ မနောချည်းဟောနေတာ။ အဲဒီမြင်လိုက်တဲ့စက္ခုမှာလည်း မနောနော်။ နားသောတမှာလည်း မနော။ ဒီမနောကိုဟောတာ။ မနောက ကောခမ္မောဖြစ်ရမယ်။ မနောက သခ်ီရမဖြစ်ရဘူးနော်။ ကောခမ္မော ဘယ်ကလာသလဲ။ ရုပ်ပေါ်နာမ်ပေါ်ကလာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာ စတယ်၊ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ ကောခမ္မော ဘယ်ကလာသလဲ။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာကလာတယ်။

အဓိသီလဆိုတာ ထိုင်ရာမထ သီလ။ အဲဒီသီလက လောဘ၊ ဒေါသ မရှိဘူး။ ဘာလို့ မရှိလဲ။ မောဟကိုသတ်ထားတယ်။ ကိလေသာကိုသတ်ထားတယ်။ ဒါကြောင့်မရှိဘူးပြောတာ။ အဲဒီတော့ ဒီမောဟမှ မရှိဘူးဆိုရင် ဒီလောဘ၊ ဒေါသဖြစ်ပါ့မလား။ မဖြစ်တော့ဘူး။ တဏှာ ပြတ်သွားပြီ။ အဲဒါ အတွင်းတဏှာကိုသတ်တော့ အပြင်တဏှာကရပ်သွားပြီ။ အဲဒီလောက်ဆို ပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား။ )

မြောင်းမြမြို့
ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)
အောင်သစ္စာမဟာစေတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၁၅.၄.၂၀၀၃)ရက်နေ့
မြောင်းမြမြို့၊ မဲကျော်ကျေးရွာ
အောင်သစ္စာမဟာဒီပါရုံဘုရားတွင်
ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၇၄)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၁၇၄)
# (၁၅.၄.၂၀၀၁)မြောင်းမြမြို့၊ မဲကျော်ကျေးရွာ၊ အောင်သစ္စာမဟာဒီပရုံဘုရား
# ဝိသုဒ္ဓိဆရာတော် တရားတော်

စာမတတ်ဘူး။ စာပေကျမ်းဂန်မတတ်ဘူး။ တောလည်း တောထွက်။ တောထွက်ဆိုတော့ ငယ်စဉ်တောင်ကျေးက ရှင်သာမဏေကနေပြီးတော့ ကျောင်းထိုင်ဆရာတော်ကြီးမဟုတ်ပါဘူး။ အဲဒီတော့ တောထွက်ကြီးဆိုတဲ့ အသက်အရွယ်ကြီးမှ အသက်(၅၁)နှစ်အရွယ်ရောက်မှ ကိုယ်သိတဲ့ အသိကိုကျင့်တာပါ။ မြင်တော့ သိတယ်၊ ကြားတော့ သိတယ်၊ သိတာ စိတ်ကလေးပါပဲ။ အဲဒီ စိတ်ကလေးဟာ သန့်ရှင်းစင်ကြယ်အောင် အမြဲတမ်း သူ့ကိုစင်ကြယ်အောင်ပြုလုပ်ရပါတယ်။ ဒါကြောင့်မို့ စိတ်သာတဏှာနာမ် ခယမစ္ဆက စိတ်သာရှင်ဇော ဘုရားဟောတဲ့။ ဒါဓာတ်။ ဒီစိတ်ကလေးမှာ တဏှာပါနေတယ်။ သိတဲ့လူလည်း သိလိမ့်မယ်။ မသိတဲ့လူလည်း မသိနိုင်ဘူး။ မြင်လိုက်တဲ့ စက္ခုအာရုံ၊ စက္ခုအာရုံမှာ ကိုယ်ကမြင်ပြီး စက္ခုဆိုတာ ဒါ ပါဠိလိုရေးထားတာ။ အဲ မျက်စိမြင်ပြီဗျို့။ မြင်လိုက်တဲ့အခါမှာ ဘယ်လိုအမြင်နဲ့မြင်သလဲ။ ခင်ဗျားအမှတ်နဲ့မြင်တယ်။ ဟောဒါမိန်းမ၊ ဟောဒါ ယောက်ျား၊ ဟောဒါ နွား၊ ဟောဒါ ခွေး၊ ဟောဒါ ကြောင်။ ဒါ အမှတ်။ ပါဠိလို သညာခေါ်တယ်။ ဗမာလို အမှတ်။ အဲဒီအမှတ်ကနေပြီး မြင်လိုက်တယ်။ အာရုံပေါ်မှာ သူမှတ်မှားတွေဖြစ်သွားတယ်ဗျို့။ မြင်လိုက်တဲ့အာရုံက ဘာအာရုံလဲ။ လောကီအာရုံ(၆)ပါးမှာ ယူထားတယ်။ စိတ္တနုပဿနာတွေကို ဂဏမကြေဘူး။ စိတ္တနုပဿနာကို ဂဏမကြေရင် ခန္ဓာ(၅)ပါးကို ထုံးလိုမွှေ ရေလို မနှောက်နိုင်သေးဘူး။ ခန္ဓာဆိုတာ ရုပ်လေးပါးက ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော။ အဲဒါ ပါဠိလိုရေးတာ။ မြန်မာလို သွေး၊ သည်းခြေ၊ လေ၊ သလိပ်။ အဲဒီအချက်(၄)ချက်က ကိုယ့်ဒုက္ခပေးတယ်နော်။ ကိုယ့်ကို ဒုက္ခပေးလိမ့်မယ်။ အဲဒါကြောင့်မို့ ဒုက္ခသစ္စာ ဆင်းရဲခြင်း၏အမှန်တရား၊ စိတ်ဆင်းရဲလာပြီနော်။ ဘုရားက စိတ်မဆင်းရဲပါစေနဲ့၊ ရုပ်ဆင်းရဲပါစေတဲ့နော်။ စိတ်ဆင်းရဲတာ ဘာကြောင့်ဆင်းရဲသလဲ။ သွားစွဲတဲ့ ဥပါဒါန်၊ ဥပါဒါန်အာရုံကိုသွားပြီးတော့ ယူလိုက်တာ။ မှတ်မှားနဲ့ယူလိုက်တယ်။ အယူမှား၊ အမှတ်မှား၊ အစွဲမှား ဒါ အစွဲဥပါဒါန်ကံတွေနော်။ ကိုယ့်စိတ်ကို ကိုယ်စစ်။ သူများအကြောင်း ကိုယ့်အကြောင်း မလုပ်နဲ့။ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ စားလိုက်တဲ့ အကြောင်း၊ ထိလိုက်တဲ့အကြောင်း၊ သိလိုက်တဲ့အကြောင်း အကြောင်းသတ်ရမယ်။ ဒီအကြောင်းက ဘယ်ကလာသလဲ။ အကျိုးပေါ်ကလာတယ်။ အကျိုးဟာဘာလဲ။ ဒုက္ခသစ္စာ ဆင်းရဲခြင်း၏ အမှန်တရား။ သမုဒယသစ္စာ ဆင်းရဲခြင်း၏အကြောင်း အမှန်တရား။ အဲဒီတော့ ဥပါဒါန်ရဲ့ အစွဲ သားလေး

အတွက်နဲ့ပူရတဲ့ သောကပရိဒေဝ၊ သမီးအတွက်နဲ့ပူရတဲ့ သောကပရိဒေဝ။ မနောက ပူနေတာ။ အဖေအတွက်နဲ့ ပူနေရတဲ့ ပရိဒေဝ ဒါ ဥပါဒါန်ကံတွေ။ ဘယ်ကံလဲ။ မနောကံ။ မနောကံ အာရုံ မလွှတ်လို့။ အဲဒီတော့ အာရုံလွှတ်တဲ့လူကလာပြီးတော့ဟောတာ။ အဲဒီတော့ လာဟောတဲ့အခါမှာ အာရုံကို ဘယ်လိုလွှတ်လဲ။ စာတော့မတတ်ဘူး။ အာသွက္ခယဉာဏ်နော်။ ပညာဉာဏ်။ အဲဒီတော့ ဦးဇင်းကစာမတတ်တော့ ပြောတဲ့အခါမှာ စာနဲ့ မှားယွင်းတတ်တယ်။ အဲဒီတော့ အာသွက္ခယ အာရုံမှာ သူက ဉာဏ်နဲ့ယူတယ်။ သညာနဲ့ အတ္တက အာရုံမှာ သညာနဲ့ အမှတ်နဲ့ယူတယ်။ သညာနဲ့ယူရင် မနောကံရဲ့ ခန္ဓာ(၅)ပါးကို မကျင့်ဘူး။ ဒီကံက ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ အဲဒီတော့ ကိလေသာရဲ့ကာယကံ၊ ဝစီကံ၊ မနောကံ အဲဒီမနောကံဟာ သံသရာလည်တာပဲ။ သံသရာ ဘယ်က စသလဲ။ ခန္ဓာကစတယ်။ သံသရာဘယ်ကပြတ်သလဲ။ ခန္ဓာကစလို့ပြတ်တယ်။ နိဗ္ဗာန်သည် ခန္ဓာမှာ စတယ်၊ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ အေးတယ်နော်။ အေးတယ်။ အေးတဲ့ဓါတ်ကြီး ခင်ဗျားတို့ရဲ့ဓါတ်တွေက ကိလေသာဓါတ်တွေ။ ဒီက ဓမ္မဓါတ်။ ခင်ဗျားတို့ရဲ့ဓါတ်တွေက လောကီဓါတ်။ ဒီက လောကုတ္တရာဓါတ်။ အနတ္တကိုသိသွားပြီနော်။ အဲဒီတော့ စာကတော့ရေးထားတယ်။ စာက ဘယ်လိုရေးထားလဲ။ ခုနက ခင်ဗျားတို့ ဉာဏဥဒပါဒိ၊ အာလောကောဥဒပါဒိ ဟော ပညာဥဒပါဒိ။ အဲဒီတော့ ဒါတွေရေးထားတယ်။ အဲဒီတော့ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ။ အဲဒါ ဉာဏ်တွေဗျနော်။ စက္ခုံဥဒပါဒိ။ ဒါတွေရေးထားတယ်။ စာမတတ်လို့ အဲဒါက အရိယာ ရဟန္တာတွေအစစ်။ ဘုရားဟောသွားတဲ့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ သစ္စာ (၄)ပါး ကံပြတ်တရားတွေဟောသွားတာ။ ခင်ဗျားတို့ နာနေတဲ့လူက ကံတရားတွေ၊ အစွဲတရားတွေ သားလေးစွဲလိုက်၊ သမီးလေးစွဲလိုက်။ အဲဒါလည်ပြီ။ သံသရာကို စိတ်သာချ။ ခင်ဗျားတို့စာတတ်တဲ့ ဘုန်းကြီးကိုမေး။ မေးလို့မဟုတ်ဘူးဆိုရင် သက်ိန်းချွတ်ပေးလိုက်မယ်။ ချွတ်ပေးမယ်။ ကျင့်ထားတဲ့ ရဟန်းတစ်ပါးခေါ်တယ်နော်။ ဒါ ခန္ဓာသိ ဘာတွေကိုကျင့်ထားလဲ။ ကိလေသာနဲ့ တဏှာ၊ ကိလေသာ နဲ့ တဏှာရှိသလားတဲ့ မေးပြီ။ စာတတ်တဲ့ဘုန်းကြီးကို ကိလေသာနဲ့ တဏှာရှိသလားတဲ့။ ရှိပါတယ်တဲ့။ ရှိတဲ့အသိချင်းတူနိုင်ပါ့မလားတဲ့။ မေးပြီ။ စာမတတ်တဲ့အကောင်က တဏှာသတ်ထားတယ်။ စက္ခုမှာ သာယာတာ တဏှာ၊ နားသောတမှာ သာယာတာ တဏှာ၊ နံ့သာမှာ သာယာတာ တဏှာ၊ ဇိဝှါမှာ သာယာတာ တဏှာ။ ဖောဋ္ဌဗ္ဗ မှာ သာယာတာ တဏှာ။ တဏှာဆိုကတည်းက ကံဖြစ်ပြီနော်။ ကံဖြစ် ပြီ။ ဘယ်ကံလဲ။ မနောကံ။ ကာယကံနဲ့ ဝစီကံနဲ့က ရှောင်ထားတာ။ အဲဒါ အကာပညတ်ခေါ်တယ်။ ဘုရားပညတ်တာ။ ဒုစရိုက်(၁၀)ပါးကို အဲဒီတော့ သူများအသက်မသတ်နဲ့၊ သူများပစ္စည်းမခိုးနဲ့။

သူများသားမယားကို မဖျက်ဆီးနဲ့။ သေရည်သေရက် မသောက်နဲ့။ ဝိကာလဘောဇနာ မစားနဲ့။ မှန်တာပေါ့။ အဲဒါအကာ။ ရှောင်ထားတာ။ အဲဒီအကာတွေက ဘာတွေလဲ။ အရက်သောက်တာတို့၊ အဲ လုပ်ချင်တာတွေလျှောက်လုပ်တာ။ အဲဒါ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ။ အဲဒါ ပါဠိစကားတွေ နော်။ ပါဠိလိုသိတဲ့လူ သူပဲသိတာပေါ့။ မသိတဲ့သူလည်း မသိဘူးပေါ့နော်။ ပါဠိလိုရေးရင် အနက်နဲ့ ပြန်ရတယ်။ ပါဠိ၊ အနက်၊ အဓိပ္ပါယ်။ အဓိပ္ပါယ်ကိုပြန်မှ သဘော သဘာဝကို သိတာ အဲဒီတော့မှ သဘောပေါက်လာလိမ့်နော်။ ခင်ဗျားတို့ တဏှာနဲ့ ကိလေသာသတ်တဲ့ ဦးပဏ္ဍိတ ခေါ်တယ်။ စာတတ် တာမဟုတ်ဘူး။ စာပယ်တာမဟုတ်ဘူး။ နဂိုကတည်းက မသင်လို့မတတ်တာနော်။ အသက်ကြီးမှ သူလည်း ငါတော့မတတ်ဘူး။ ငါရှိတဲ့အသိကို ကျင့်မယ်ဆိုပြီးတော့ ကာယသတိပဋ္ဌာန် ကာယကံ၊ ဝစီကံ၊ မနောကံ အပြင်မှာစင်ကြယ်အောင်နေပါ။ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာ စင်ကြယ်ရင် ဉာဏ်တွေစင်ကြယ်မယ်။ ဘာဉာဏ်တွေလဲ။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အလောကောဥဒပါဒိ၊ ဉာဏာဥဒပါဒိ ခင်ဗျားရေးထားတာ တကယ်ရတာနော်။ တကယ့်ကိုရတာ။ မဂ်နဲ့ဖိုလ် တကယ်ရထားတဲ့ပုဂ္ဂိုလ်။ မဂ် အရင်ရပြီးတော့ ဖိုလ်ခံစားတာ။ မဂ်လောကီအနုသယကို အတ္တ အကုန်ပယ်ပစ်လိုက်တယ်။ သွေးသားပြောင်းတော့ စိတ်ပြောင်းတယ်နော်။ အခု ခင်ဗျားတို့ လုပ်နေတာ ကံတွေ၊ ကံတွေ ဘာလဲ။ သောမနဿကံ၊ ဒေါမနဿကံ၊ အကုသိုလ်ကံ၊ ကုသိုလ်ကံ။ (၃၁)ဘုံကိုမလွတ်ဘူး။ ပြဟ္မာ့ဘုံရောက်မယ်။ နတ်ဘုံရောက်မယ်။ ဟော အပါယ်လေးပါးတံခါးပိတ် မယ်။ အဲဒီတော့ မိစ္ဆာအယူနဲ့ယူရင် အပါယ်ကိုသွားလိမ့်မယ်။ အဲဒီတော့ မိစ္ဆာနဲ့ယူတယ်။ သက္ကာယ ဒိဋ္ဌိနဲ့ယူတယ်။ အပါယ်ကိုသွားလိမ့်မယ်။ စိတ်သာချ။ စားတော့အများ၊ ခံတော့တစ်ယောက်တည်း။ လောဘစိတ်တွေ၊ ဒေါသစိတ်တွေ၊ မောဟစိတ်တွေ၊ တဏှာစိတ်တွေ၊ မာန စိတ်တွေ၊ ဒိဋ္ဌိစိတ်တွေ အဲဒီစိတ်ကဘာလဲ။ မနောဥပါဒါန်တွေဖြစ်နေပြီ။ အဲ အာရုံနဲ့ပေါင်းတာ အာရုံ(၅)ပါး မနောကံ(၃)ပါး ပေါင်းလိုက်တော့ ဒုစရိုက်(၁၀)ပါးပဲ။ အဲဒီမနောကံက ခင်ဗျားတို့ကို သံသရာလည်တာ သူပဲ။ ဟော အဲဒီမနောကံက အတိတ်ကလာတဲ့ကံ။ ပစ္စုပ္ပန်မှာ အာရုံ(၅)ပါး။ အတိတ်ကံက ပစ္စုပ္ပန်ကိုလာပြီးပေါင်း တာ။ ပေါင်းတဲ့အခါမှာ ပေါင်းတတ်ဖို့လိုတယ်။ အဲဒီတော့ အတိတ်ကံက အာရုံကိုလာယူတယ်။ ဟော နောက်ဘဝ အနာဂတ်ကိုသွားတယ်။ ခင်ဗျားတို့တွေးတောင်ကြည့်။ ဘုန်းကြီးလည်း အသိမတူဘူး။ ဝါဝါဝတ်ပေမယ့် အသိပြောသွားတာ။ သိရင်ပယ်မယ်၊ ပယ်ရင် မဂ်ဖိုလ်ရတယ်။ ဘာတွေပယ်လဲ။ တဏှာကို ပယ်တာ။ ခင်ဗျားတို့ ဝေဿန္တရာမင်းကြီးတောင်မှ သားတွေ၊ သမီးတွေလှူလိုက်တာ။ လှူပြီးတော့ ပုဏ္ဏားကဆင်းရိုက်တာ။ ရိုက်တဲ့အခါကျတော့ ဖအေရှေ့မှာရိုက်တယ်။ ဖအေက

သားတွေ၊ သမီးတွေ ကို လှူလိုက်တာ။ အဲ ဆင်းရိုက်တော့ တစ်ခါတည်း သံလျက်ဆွဲတာ မာန်ပေါ့ဗျ။ အဲဒီမာန်က ဘာကြောင့်ဖြစ်သလဲ။ တဏှာကြောင့်ဖြစ်တာ။ တဏှာကဘာကြောင့်ဖြစ်လဲ။ ဒိဋ္ဌိကို မသိဘူး။ ဟော ဒိဋ္ဌိကိုမသိဘူး။ ဒိဋ္ဌိသတ်၊ ဒိဋ္ဌိသတ်မှ တဏှာပြတ်မယ်။ ခင်ဗျားတို့ ဒီဝိပဿနာမှ မကျင့်ရင် သွားပြီ။ အဲ ဦးပဏ္ဍိတ ကလာပြီးတော့ မျိုးစေ့ပေးတာ။ မဂ်အောင်တဲ့ရဟန်း မဂ်မျိုးစေ့တွေ ပေးတာ။ အထက်ကိုသွားမယ့်ဟာတွေ။ ကံဘုန်းကြီးက သမုတိသစ္စာ။ အဲဒါကံဘုန်းကြီး သမုတိသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ။ အဲဒါ ကံဘုန်းကြီး။ သမုတိသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝ သစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာထသစ္စာ ကံနဲ့တက်ယူတာ။ သမုတိသစ္စာကနေတက်တာ။ ငွေရရင် ငွေနဲ့တင် မတင်းတိမ်နဲ့။ ငွေထက်ကောင်းတာ ရွှေရှိတယ်။ ရွှေရရင် ရွှေနဲ့မတင်းတိမ်နဲ့။ ရွှေထက် ကောင်းတာ ကျောက်ရှိတယ်။ ကျောက်က သယံဇာတ။ မြေကြီးထဲကလာတာ။ အဲ ဘယ်သူလုပ်တာ လဲ။ သူ့ဟာသူ လာတာ။ ကျောက်သွေးဆရာနဲ့သွေးတော့ ကျောက်ကလည်း အရည်အသွေးတွေ မှန်၊ ရတီကလည်း ကောင်းတယ်။ ဟော ဘော်ကြိုးတွေကလည်း ပါတယ်။ ကမ္ဘာက ကြိုက်တာ။ ခင်ဗျားငွေတစ်ကျပ်ရှိ တစ်ကျပ်စား။ အဲ ခင်ဗျာတစ်လပဲ စား ကုန်ရော။ အဲ ရွှေရပြန်တော့လည်း ရွှေက တစ်နှစ်စား ကုန်ရော၊ ကျောက်ကတော့ မကုန်တော့ဘူးဗျို့။ အဲဒီတော့ သောတာပန်ရဲ့ အသိ၊ သကဒါဂါမ်ရဲ့ အသိ၊ အနာဂါမ်ရဲ့အသိ၊ ဝိဇ္ဇာမိုရ်ရဲ့ အသိ၊ ဝိဇ္ဇာပေါက်ရဲ့အသိ၊ အရိယာဝိဇ္ဇာရဲ့အသိ။ ဟာ ခင်ဗျားတို့ အဲဒါစာလိုရေးထားတာ။ အဲဒါ ခန္ဓာကသိရတာ။ စာတော့ မိုးပျံအောင်တတ်တယ်။ ကရင်တောင် စာသင်ရင်တတ်သေးတာပဲ။ အဲ စာတော့တတ်တယ်။ စိတ်မမှန်ဘူး။ စိတ်ကိုပြောနေ တာ။ စိတ်သာ တဏှာနာမ် ခယမစ္စကတဲ့။ စိတ်သာရှင်ဖော ဘုရားဟောတဲ့။ ဟော ကိုယ့်စိတ်ကလေး ကို ဘယ်သူပျက်ပျက် ကိုယ်မပျက်ပါနဲ့။ ကိုယ့်စေတနာမပျက်နဲ့။ သူများပါးရိုက်လည်း ကိုယ့်စေတနာ မပျက်နဲ့။ မနောလေးထိန်းထား။ မနောလေးထိန်းထား။ ဝိသုဒ္ဓိမဂ်ဖြစ်အောင် ဝိရှုပ်တိတွေမဖြစ်စေနဲ့။ ရှုပ်တော့ အာရုံမှာ မှတ်မှားတွေ။ မနောတစ်ခါတည်း မနောက ဒေါသတွေဖြစ်လိုက်၊ လောဘတွေ ဖြစ်လိုက်။ အဲဒါ သစ္စာပျက်တယ်ဗျ။ အဲဒါ အရိယသစ္စာမဟုတ်ဘူး။ လည်ပြန်ပြီ။ သံသရာကို။ ဒီမနော က ဥပါဒါန်။ သားလေးအတွက်နဲ့ သောကပရိဒေဝ၊ သမီးအတွက်နဲ့ သောကပရိဒေဝ၊ ဥပါဒါန်ကံတွေ ကံဟာ သံသရာဘယ်ကစသလဲ၊ မနောကံကစတာ။ သံသရာ ဘယ်ကပြတ်သလဲ။ မနောကံပြတ်လို့ အေးတာပဲ။ အခုအေးနေတာ ဦးပဏ္ဍိတ။ ဒါပေမယ့် ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ သမုဒယ သစ္စာ ဆင်းရဲခြင်းအကြောင်းအမှန်တရား၊ နိရောဓနဲ့ မဂ်ရလို့ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို လာဟော တာ။ ဒါ အစွဲဥပါဒါန်တွေကိုဟောတာ။ သတ္တဝါတိုင်းရှိတယ်နော်။ ရေးထားတယ်။ သတ္တလောက၊

ဩကာသလောက၊ သင်္ခါရလောက။ အဲဒါ ပါဠိလိုရေးထားတယ်နော်။ သတ္တဆိုတာ သတ္တဝါတွေ။ အစွဲဥပါဒါန်တွေ၊ မိရိုးဖလာရဲ့ အယူတွေကိုယူတယ်။ ဟော မိရိုးဖလာရဲ့ အယူတွေကိုယူတယ်။ ဟော ကံကမလွတ်ဘူး။ ကိုးကွယ်ရတယ်။ တောင်ပိုင်ကိုလည်း ကိုးကွယ်ရတယ်။ ခင်ဗျားတို့ ဦးရှင်ကြီးလည်း ကိုးကွယ်ရတယ်။ ခင်ဗျားတို့က ကံကိုဗျ။ ကံနိမ့်ရင် ဆော်တယ်။ အဲဒီအကောင်တွေက အဲဒါ ဉာဏ်ရသွားပြီ။ ဒီက ဉာဏ်ရသွားပြီးတော့ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကောဥဒပါဒိ ရေးထားတယ်။ စာကမှန်၏ ဉာဏ်မမိ၊ ထိအောင်သူမသိ။ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့က သာတယ်။ ငါတွေ့ သာတာပေါ့ဗျ။ ကျင့်ထားတာကို။ ခန္ဓာ(၅)ပါးကို ထုံးလိုမွှေ ရေလိုနှောက်တော့မှ အာရုံကိုသတ်ပြီးတော့ ရုပ်နာမ်ကိုသိတာ။ ရုပ်နာမ်သိတာ ဝိဇ္ဇာဉာဏ်၊ ရုပ်နာမ် မသိတာ အဝိဇ္ဇာ။ အဲသေရောပေါ့ဗျာ။ လည်ပင်းကြိုးကွင်းတပ်ထားပြီး ကြည့်စမ်း အစွဲတွေ၊ အစွဲတွေ။ အဲဒီအစွဲတွေကို တပည့်တော်ဘယ်လိုအယူ ယူရမလဲ။ သမ္မာနဲ့ယူပါ။ အဲ အပြင်ကို သမ္မာနဲ့သုံးပါ။ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ။ တစ်ယောက်နဲ့တစ်ယောက်ကို ကြင်နာပါ။ လေးစားပါ။ တစ်ယောက်နဲ့ တစ်ယောက်ကို မေတ္တာတွေထားပါ။ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ အပြင်မှာ စင်ကြယ်တယ်။ အပြင်မှာ အဲ ဗုဒ္ဓရဲ့အယူ ယဉ်ကျေးမှုတွေယူပါ။ ဗုဒ္ဓရဲ့အယူ ယဉ်ကျေးမှုတွေလုပ်ပါ။ ဩော် မောင်ရင်လေးရယ် ဘယ်ကပြန်သလဲ။ အဲ တစ်ယောက်နဲ့တစ်ယောက် နှုတ်ဆက်ကြတယ်။ သမ္မာနဲ့ နှုတ်ဆက်ကြတယ်။ အဲ အတွင်းမှာ စေတနာနဲ့ထားပါ။ ကိုယ့်စေတနာမပျက်ပါနဲ့။ အဲဒီစေတနာဟာ ပျက်တာ ဘာကြောင့် ပျက်သလဲ။ ကိုယ့်စေတနာက ဘာကြောင့်ပျက်သလဲ။ အမှတ်ကြောင့်ပျက်တယ်။ ဩော် ငါ့သမီးလေး ကို ရိုက်ပါလား၊ ငါ့သားလေးကို ရိုက်ပါလား။ ဖအေ၊ မအေက တောက်ခေါက်တယ်။ ရိုက်တဲ့သူကို စိတ်ဆိုးတယ်။ စေတနာပျက်တယ်။ စေတနာပျက်ရင် နိဗ္ဗာန်သွားမယ့်သီလက ပျက်တယ်။ မနော သီလပျက်တယ်။ အကာကိုယူလို့ ပညတ်ကိုယူလို့ ပရမတ်ကိုမသိဘူး။ ခင်ဗျားတို့ အဲဒီလိုတွေ အခု လုပ်နေတာ ဦးဇင်း သိတာပေါ့။ သိတယ်။ ဒါ ကောင်းမှုကုသိုလ်တွေပဲ။ ကံတွေပဲ၊ တဏှာပြတ်သလား ဆိုတော့ မပြတ်ဘူး။ အဲ ဖအေ ကို စွဲတာက တဏှာ၊ မအေကိုစွဲတာက တဏှာ၊ သားလေးစွဲတာက တဏှာ၊ သံယောဇဉ်ကို သံယောဇဉ်ဆိုတာ သံသရာကိုလည်တဲ့ကြိုး။ သိပ်နုတယ်။ ဒီကြိုးဟာ အဲဒါ တဏှာတွေ ပေါ့။ ဖအေကိုစွဲတာ တဏှာ၊ မအေကိုစွဲတာ တဏှာ။ အဲဒါ သမ္မာနဲ့စွဲ၊ မိစ္ဆာနဲ့စွဲရင်တော့ အပါယ်ကို သွားလိမ့်မယ်။ သမ္မာနဲ့စွဲရင်တော့ နတ်ဘုံကိုသွားလိမ့်မယ်။ ဒါပဲရှိတယ်။ (၃၁)ဘုံတော့ မလွတ်ဘူး။ အဲဒါ သစ္စာနဲ့ဟောတာ။ ဘယ်သူ့မျက်နှာမှမထောက်ဘူး။ ခင်ဗျားတို့ ဝါ(၁၀၀)ရှိတဲ့ မျက်နှာလည်း မထောက်ဘူး။ သစ္စာဗျ။ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ

ဆင်းရဲခြင်းအကြောင်း အမှန်တရား၊ နိယောဓရဲ့ သစ္စာ၊ မဂ္ဂရဲ့သစ္စာ သစ္စာ(၄)ပါးနဲ့ တည့်တည့်လေး ပစ္စုပ္ပန်တည့်တည့်လေး ရှေ့ကိုလည်း မမျှော်နဲ့၊ နောက်ကိုလည်း မတွေးနဲ့။ ပစ္စုပ္ပန်တည့်တည့်လေး။ မြင်တာလည်း မမြဲပါလား၊ ကြားတာလည်း မမြဲပါလား၊ နံတာလည်း မမြဲပါလား၊ စားတာလည်း မမြဲပါလား၊ ထိတာလည်း မမြဲပါလား။ အဲဒီတော့ မမြဲတော့ မစွဲဘူး။ မစွဲတော့ ဘဝင်ကအေးတယ်။ ဉာဏ်ဖြစ်သွားပြီ။ စွဲရင် ကံမလွတ်တော့ဘူး။ ခင်ဗျားတို့ ဒါကြောင့်မို့ ဝိပဿနာတွေကို ကျင့်ကြပါ၊ ကြံကြပါ၊ အားထုတ်ကြပါ။ ခန္ဓာ(၅)ပါး ကို ထုံးလိုမွှေ ရေလိုနှောက်ပါ။ ခန္ဓာဆိုတာ ရုပ်တရားလေးပါး။ သွေး၊ သည်းခြေ၊ လေ၊ သလိပ်။ ခင်ဗျား အသက်(၇၀)။ အသက်(၇၀)ပြည့်ရင် မကျင့်နိုင်တော့ဘူး။ ဟော မကျင့်နိုင်တော့ဘူး။ ဒီတရားတွေ အဲ အားမထုတ်နိုင်တော့ဘူးနော်။ အသက်(၅၀)အရွယ် လောက်မှာဆိုရင် ကောင်းတယ်။ စိတ်နဲ့ စေတသိတ်ကိုပယ်ပါ။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ တွေးစိတ်တွေ၊ ထိစိတ်တွေပယ်လိုက်။ အဲဒါ ပယ်ပစ်လိုက်။ ဘဝင်က အဲဒီစိတ်တွေကို လက်မခံတာ စေတသိတ်။ ကိုယ့်ကိုမလာတောပဘူး။ စိတ်ကလေးဟာ သန့်ရှင်းစင်ကြယ်လာပြီ။ ထိတာကရုပ်၊ သိတာကနာမ်။ အဲဒါ စိတ်စစ်ခိုင်းနေတာနော်။ အဲဒီစိတ်ကလေးက အဲဒီ သညာ၊ သင်္ခါရ၊ ဥပါဒါန်ဆိုတဲ့ နာမ်ခန္ဓာ(၄)ပါးနဲ့မပေါင်းတော့ဘူးဗျို့။ စိတ်ကလေးကို တည်နေတာပဲ။ ဟာ အဲဒီတော့မှ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာ(၃)ပါးကို အဆီအနှစ်ထုတ်ရင် ဧကောဓမ္မော၊ ဧကောဓမ္မောက ဘယ်က လာလဲ။ ရုပ်ပေါ်နာမ်ပေါ်ကလာတယ်။ ရုပ်နာမ်သိတာ ကိလေသာနဲ့ တဏှာကိုဖြတ်တာ။ အဲဒါ ရဟန္တာ အစစ်တွေ။ လူတော့လူပဲ။ အသိမတူဘူး။ အဲဒါ လာဟောတာ။ အဲဒီမြို့တင်မဟုတ်ဘူး။ မန္တလေးလည်း ဟောတယ်။ အခုမောတယ်။ ဂီလာနကြီးတဲ့။ အဲဒီတော့ ခင်ဗျားတို့တတွေ ကံတွေ၊ အစွဲဥပါဒါန် တွေပြတ်သွားပြီလားဆိုတော့ မပြတ်ဘူး။ ဒါပေမယ့် မှန်တဲ့အယူ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ။ ကောင်းတဲ့မင်္ဂလာနဲ့ယူ။ ဗုဒ္ဓဟောတဲ့ အဲ ယဉ်ကျေးမှုကိုသုံး။ အဲဒီတော့ ယဉ်ယဉ်ကျေးကျေးနဲ့သုံး၊ စေတနာနဲ့မှန်အောင်ထား။ စေတနာမပြောင်းနဲ့။ အဲဒီ စေတနာပြောင်းရင် ဝိသုဒ္ဓိသီလမဟုတ်တော့ ဘူး။ အဲဒီဝိသုဒ္ဓိသီလစင်ကြယ်မှသာလျှင် (၃၁)ဘုံလွတ်မယ်။ ခင်ဗျားတို့ ယူထားတဲ့သီလ၊ စားကောင်း သောက်ကောင်း ကံသီလတွေ။ အစွဲဥပါဒါန်ကံကြတော့ မပြတ်ဘူး။ ခင်ဗျားတို့ ရှစ်ပါးဖြစ်ဖြစ်၊ ဆယ်ပါး ဖြစ်ဖြစ် ယူကြည့်၊ အဲဒီတော့ သားလေးရေနစ်သေတယ်။ မိန်းမလင်နောက်လိုက်သွားတယ်ဆိုရင် အာ ပူတာပဲဗျို့။ အဲဒါ မပူရဘူး။ အေးရမယ်။ မဂ်ဉာဏ်ရဲ့ သီလက အေးတယ်။ အဲဒီတော့ အတ္တရဲ့ သီလက ပူတယ်။ အဲ ပူရင်လည်မှာပဲ သံသရာ။ အဲ လည်မှာပဲ။ အဲဒါဟာတွေကို ခင်ဗျားတို့ အပါယ် လေးဘုံကိုလွတ်အောင် အဲဒီတော့ အသူရကာယ်ဘုံ၊ ပြိတ္တာဘုံ၊ ငရဲဘုံ၊ တိရစ္ဆာန်ဘုံလွတ်အောင်

ကောင်းမှုကုသိုလ်ကံတွေလာပြီးတော့ ဟောနေတာ။ တစ်ကယ်တော့ တဏှာမပြတ်ဘူး။ ဒီတော့ ကျင့်မှမကျင့်တာပဲ။ အဲဒီတော့ ကောင်းမှုကုသိုလ်ကံလေးတွေကို သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ။ အဲဒါ စာတွေ။ အဲဒီစာနဲ့ စိတ်နဲ့ တစ်ထပ်တည်းထားရမယ်။ အဲဒီတော့မှ ကာယကံသောင်းကြမ်းမှုတွေလည်း လျော့သွားလိမ့်မယ်။ ဝစီကံသောင်းကြမ်းမှုတွေလည်း လျော့သွားလိမ့်မယ်။ အဲ ပါးစပ်က ယဉ်ယဉ်ကျေးကျေးသုံးဆောင်တယ်။ ဒါ ခင်ဗျားတို့တရားရှာရင် ကိုယ်မှာရှိတယ်။ ကိုယ့်ဟာကိုယ်သိမှ ပယ်တာ။ ကိုယ်ကသိသွားပြီ။ အတွင်းအာရုံ၊ အပြင်အာရုံရှိတယ်ဗျ။ အတွင်းအာရုံနဲ့ ခင်ဗျားဟာ ခင်ဗျား ကြည့်လို့ သီလကလည်း ကောင်းတယ်။ သမာဓိကလည်း ကောင်းတယ်။ ပညာကလည်း ကောင်းတယ်ဆိုရင်တော့ ထူးပြီပေါ့ဗျာ။ ချက်ချင်း ဝေဒနိယလက်ငင်းကို ခံစားရပြီ။ အခုတော့ သူများပြောတာယုံနေရတယ်။ ကိုယ်မှမဟုတ်တာကြီးပဲ။ အဲဒီတော့ ကိုယ်က ဒီဘဝနောက်ဆုံး ငါသည် ဒီဦးပဏ္ဍိတ တောင် စာမတတ်၊ ပေမတတ်လုပ်သေးတာပဲ။ ငါလည်း ကျင့်မယ်ဆိုပြီးတော့ ကျင့်ပေါ့ဗျ။ အဲဒီတော့ ကျင့်တဲ့အခါမှာ ကာယကံ(၃)ပါးကလည်း အဲဒီတော့ ဒုစရိုက်တွေနော်။ ဝီစိကိစ္ဆာတွေ၊ ရေမခပ်တော့ဘူး။ စပါးမသယ်တော့ဘူး။ သမ္မာန်မခတ်တော့ဘူး။ ဝီစိကိစ္ဆာကလည်း ပယ်ပြီ။ ဟောဒါတွေ အပြင်မှာ စင်ကြယ်လာပြီ။ အပြင်မှာစင်ကြယ်ရင် ခန္ဓာကို စင်ကြယ်အောင်လုပ်။ ခန္ဓာစင်ကြယ်သွားရင် ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ ဉာဏံဥဒပါဒိ။ အဲဒါရမယ်။ အဲဒါ လောကုတ္တရာဉာဏ် တွေ။ လောကီဉာဏ်မဟုတ်ဘူးနော်။ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထား ပါ။ ကိုယ့်ကိုယ်ကို မာန်တွေ၊ ရာဇမာန်တွေ၊ ခနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ၊ စာမာန်တွေ မစွဲနဲ့၊ စွဲရင် ကံဖြစ်သွားလိမ့်မယ်နော်။ မစွဲနဲ့ စွဲရင် ခင်ဗျား တဏှာကြောင့် ဒေါသဖြစ်လိမ့်မယ်။ ငါ့ပစ္စည်းပျောက်ပါလား၊ ငါ့ဟာတွေ ဘယ်ရောက်သွားသလဲ။ ဟော ဒေါသဖြစ်ကုန်ပြီဗျို့။ မာန်တွေဖြစ်လာပြီဗျို့။ ဒေါသက မာန်ဖြစ်သွားပြီ။ တွေ့လား ငါ့ပစ္စည်းပျောက်သွားတယ်။ ငါ့လှေ ပျောက်သွားတယ်။ ငါ့သင်္ဘော ပျောက်သွားတယ်။ ငါ့အိမ်မှာ ဘယ်သူတက်ခိုးတယ်။ ဒါ မာန်တွေပဲ။ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ။ ဘဝင်ကဖြစ်နေတာ။ အာရုံကိုမလွှတ်လို့ အာသဝက္ခယဉာဏ်မရတော့ဘူး။ ကံတွေဖြစ်နေတယ်။ ဒီလောက်ဆို တော်ရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား။ )

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၁၀.၄.၁၉၉၄)ရက်နေ့

မြောင်းမြမြို့၊ စီပင်စမ်းကျေးရွာ

ပင်းတယအောင်စေတီ ထီးတင်ပွဲတွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၇၅)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၁၇၅)
# (၁၀.၄.၁၉၉၄) မြောင်းမြမြို့ စီပင်စမ်းရွာ၊ ပင်းတယအောင်စေတီ ထီးတင်ပွဲ
# ဝိသုဒ္ဓိဆရာတော် တရားတော်

သဘောလေးဟောပါ့မယ်။ မမြင်အပ်တဲ့တရားဟာဘာလဲ။ ဗမာလိုသိတယ်။ အဲဒါ မင်္ဂဖိုလ်ဆိုတာ မမြင်အပ်တဲ့တရား။ စာပေကျမ်းဂန်မတတ်တော့ ပညတ်အတတ်မှားတဲ့အခါ မှားယွင်းတတ်တယ်။ ပညတ်ကိုဗျ။ ကိုယ်သိတာတွေကိုပြောလိုက်တော့ အဲ မှားယွင်းတတ်တယ်။ စာသမားက အဲဒီလို သူကနေပြီးတော့ တစ်မျိုးပြောမှာဗျာနော်။ စာမှမတတ်တာ။ အဲဒီတော့ ဦးဇင်းပြောပြပါမယ်။ မိစ္ဆာဒိဋ္ဌိ စာလိုရေးထားတယ်။ မိစ္ဆာဒိဋ္ဌိရဲ့အကြောင်းလေးက ဘယ်လိုစိတ်တွေဖြစ်ရသလဲလို့။ ဒါ ဦးဇင်းပြောပြပါမယ်။ မှားယွင်းရင် ဒကာ၊ ဒကာမ၊ သံဃာတော်အရှင်မြတ်များ၊ ဆရာတော်များ သည်းခံပါတဲ့နော်။ ဟိုက မိစ္ဆာလို့ စာလိုရေးထားတယ်။ မြန်မာလို စိတ်ပိုင်းနဲ့ပြောရရင် ပြောတဲ့အခါမှ စိတ်နဲ့ပြောလိုက်တဲ့အခါမှာ ဘဝင်စိတ်ကလေးနဲ့တင်စားပြီးတော့ ပြောလိုက်တဲ့အခါမှာ မှားသွားရင်လည်း သည်းခံပါ။ မိစ္ဆာဆိုတဲ့စကားလုံး စာရဲ့အသုံးအနှုန်းကို စိတ်ကဖြစ်ပေါ်သွားတာ။ ဘယ်လိုဖြစ်လဲ။ စိတ်က ဥပမာ ကိုယ့်အိုး၊ ကိုယ့်ခွက်၊ ကိုယ့်ဇွန်း ဒါလေးသိမ်းထားတာ။ တစ်နေ့သောအခါ လူတစ်ယောက်က ယူလိုက်သုံးလိုက်။ အဲဒီဇွန်းတွေ၊ ပန်းကန်တွေကို ပြန်မပေးဘူးဗျ။ ပိုင်ရှင်ကသိတော့ အဲဒါကိုသွားစွဲတာ။ မင်း ငါ့ဇွန်းဘယ်မှာလဲ။ ငါ့ပန်းကန်ဘယ်မှာလဲ။ ငါ့အိုးဘယ်မှာလဲမေးတယ်။ အဲဒီပိုင်ရှင်ကမေးလိုက်တာ။ အတ္တအစွဲနဲ့မေးလိုက်တာ။ ငါဆိုတဲ့စကားလုံး သူ့မှာပါသွားတယ်။ အဲဒီတော့ ဒါလေးသူစွဲပြီးတော့ သူဒေါသဖြစ်သွားတယ်။ အရာဝတ္ထုနဲ့ပတ်သက်ပြီးတော့ ဒေါသဖြစ်သွားတယ်။ အဲဒါ မိစ္ဆာဒိဋ္ဌိစိတ်ဖြစ်ပါတယ်။ ခင်ဗျားတို့လှူထားတဲ့အလှူတွေဟာ အင်မတန်မှ နက်နဲစွာနဲ့ စေတနာတွေနဲ့လှူထားတဲ့အလှူ။ ဒါပေမယ့် မသိရင်ပတ်တယ်။ မသိလို့ပတ်တယ်။ သိရင်ပြတ်တယ်။ အဲဒါသိဖို့လိုတယ်။ အဲဒါ မိစ္ဆာဒိဋ္ဌိပဲ။ အဲဒီတော့ တစ်နေ့သောအခါ ခင်ဗျားတို့ရဲ့ ပိုင်ဆိုင်တဲ့သားလေးသော်လည်းကောင်း၊ သမီးလေးသော်လည်းကောင်း လူတစ်ယောက်လောက်က ရိုက်လိုက်တယ်။ မအေဟာ ဒီနေရာမှာ စိတ်ပြောင်းသွားတယ်။ ဖအေဟာ ဒီနေရာမှာ စိတ်ပြောင်းသွားတယ်။ ဘာလဲ အဲဒါ အတ္တ၊ အတ္တဆိုတာ ငါလို့ စွဲတာတဲ့။ ငါ့သမီး၊ ငါ့သားဆိုတဲ့ အတ္တ။ အင်မတန်အရေးကြီးပါတယ်။ အင်မတန် နက်ပါတယ်။ နက်နဲတာ မသိနိုင်ဘူး။ ဘာလို့လဲဆိုတော့ အဲဒါ အဝိဇ္ဇာ လောဘ၊ ဒေါသ၊ မောဟ။ အဲဒီ မောဟဖြစ်နေတယ်။ လောဘ၊ ဒေါသ၊ မောဟ။ မောဟကြောင့် လောဘလည်းဖြစ်တယ်။ ဒေါသလည်းဖြစ်တယ်နော်။ စာကရေးထားတယ်။ စာရေးထားတဲ့အတိုင်း ဦးပဏ္ဍိတ သိတာကိုပြောပြမယ်။

အဲဒီတော့ ငါ့ပစ္စည်း၊ ငါ့ခြံကလေး။ အဲဒါလေးကို ကိုယ့်ဟာကိုယ်ဆိုင်တာမှန်တယ်။ ကိုယ်ပေးထားတာ အဲဒါကို ခေါင်းရင်းက ခြေရင်းက သူကဖဲ့ယူလိုက်၊ ဟိုကဖဲ့ယူလိုက်။ အဲဒီမြေတွေကို ပြင်လိုက်တော့ အဲဒီပစ္စည်းကို အတ္တနဲ့ ငါဆိုတဲ့ ငါပိုင်ပစ္စည်းဆိုပြီးတော့ သွားစွဲလိုက်တာ။ စွဲလိုက်တော့ တစ်ခါတည်း စိတ်မကောင်းဘူး။ စိတ်မကောင်းတော့ သူဘာဖြစ်လဲ။ အဲဒါ မိစ္ဆာဒိဋ္ဌိပဲ။ ပေါ ပစ္စည်းဟာ မှန်ပါတယ်။ ပစ္စည်းမှန်တယ်။ အဲဒီတော့ ယူပါစေ၊ ယူပါစေ။ သူကပေးလိုက်ပြီဗျို့။ သူ အဲဒီလိုသုံးသွားတယ်ဆိုရင် သမ္မာအယူ ခင်ဗျားတို့လှူလိုက်တဲ့ ဒါန၊ သမ္မာနဲ့ ဒါနပေါင်းတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာ အာဇီဝ ဒါ ဘုရားဟောအရ အဲဒီမဂ္ဂင်ရှစ်ပါးဟာ အဲဒီတော့ သီလမဂ္ဂင်ဘာလဲ။ အဲဒီမဂ္ဂင်ရှစ်ပါးဟာ အဲဒီတော့ သီလမဂ္ဂင်ဘာလဲ။ သမာဓိနဲ့ ယူပါတယ်။ ပညာနဲ့ယူပါတယ်။ မဂ္ဂင်ကနေပြီးတော့ အပြင်က စိတ်ကို စစ်လို့မရတဲ့အတွက်ကြောင့် သံသရာဝဲဩဃလို လည်နေကြတယ်။ ခင်ဗျား ဒီသီလနဲ့ ဒါန ခင်ဗျားရဲ့ အဝိဇ္ဇာဟာ အာရုံ(၆)ပါးခေါ်တယ်။ အဝိဇ္ဇာဆိုတာ စာလိုခေါ်တယ်။ မြန်မာလို အာရုံ(၆)ပါး။ အဲဒီအာရုံ(၆)ပါးမှာ စက္ခုအာရုံဟာ အဲဒီတော့ မိစ္ဆာဒိဋ္ဌိနဲ့ မမြင်နဲ့ သမ္မာဒိဋ္ဌိနဲ့ မြင်။ အဲဒီနေရာမှာ ခင်ဗျား တို့ သုံးတတ်ဖို့လိုတယ်။ မနောမြင်လိုက်ပြီ။ မြင်လိုက်တဲ့အခါမှာ မျက်စိကတော့ မြင်ဖို့ထားတယ်။ နှလုံးသားက ပြောင်းလဲသွားတာ။ ဟာကွာ။ ငါ့သား၊ ငါ့သမီး နင်တို့နှိပ်စက်နေပါလား။ ငါဆိုတဲ့ အယူဝါဒ အယူမှားတယ်၊ အစွဲမှားတယ်။ အဲဒါသွားစွဲတာ။ စွဲတဲ့အခါမှာ စကားလုံးက ဒီမှာယူထား လိုက်ပြီနော်။ မှတ်ထား။ ခင်ဗျားတို့သီလဟာ လွယ်တယ်မထင်နဲ့၊ ဟိုမှာမြင်လိုက်တာ အစွဲကိုသွား ယူတယ်။ အစွဲမှားရင် နှလုံးသွင်းလည်းမှားပြီနော်။ ဩော် ရိုက်ပါစေ။ သားတို့သမီးတို့ သည်းခံ၊ စေတနာ မပျက်နဲ့။ ဒီလိုစိတ်မျိုးထားရင် အဲဒါ သမ္မာဒိဋ္ဌိခေါ်တယ်။ ငါလို့စွဲထားတယ်။ ငါ့မြေဆိုတဲ့အယူက နှလုံး သွင်းထားတယ်။ ယူထားတယ်။ ယူလိုက်ပြီ။ အစွဲလည်းမှားသွားပြီနော်။ အဲဒါဘာလဲ။ ငါ့မြေနဲ့ပတ်သက် ပြီးတော့ ဒါတွေ ခွန်းကြီးခွန်းငယ်တွေ။ ကာယကံ၊ ဝစီကံ၊ မနောကံမှားလာတယ်ဗျာ။ မှားလာတော့ မိစ္ဆာဖြစ်တယ်။ အဲဒီ မိစ္ဆာဖြစ်ပြီး အပါယ်ဘုံသွားမယ်။ သမ္မာဒိဋ္ဌိက နတ်ပြည်တက်လိမ့်မယ်နော်။ နတ်ပြည်ကိုတက်အောင်လုပ်။ ခင်ဗျားတို့ ဘယ်လောက်ပဲ လှူပြားသော်လည်း စိတ်နှလုံးသား မဖြူစင်ရင် ဦးဇင်း တို့ မတတ်နိုင်ဘူးနော်။ အသေအချာ တစ်လုံးစီဟောပေးမယ်နော်။ အသေအချာ နားထောင်။ အဲဒီသင်ပေးလိုက်တဲ့ဟာတွေကို စာပေကျမ်းဂန်တတ်တဲ့ ဆရာတော်၊ သမားတော်၊ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတွေကိုပြ။ ဘယ်သူဟောလဲ။ ဦးပဏ္ဍိတ ဟောတယ်။ ခင်ဗျားတို့ သာမညပြ၊ ရွှေပေါ်ကျွန်းပြ၊ ချောင်းဝဆရာတော်ပြ။ တကယ်ကျင့်တဲ့ဟာကို ခင်ဗျားတို့ မိတ္ထီလာ က ဆရာတော်၊ ညောင်ငါးပင်ဆရာတော်ကြီးတွေရှိတယ်။ ပြပါ။ ကျင့်တဲ့သူလည်း ပြပါ။ စာသမားလည်းပြနော်။ မိစ္ဆာဒိဋ္ဌိ

ဆိုတာက ခုနက ဇွန်းလေးတွေ၊ အိုးလေးတွေ၊ ဒါလေးတွေကို သူကသိမ်းထားတာ။ မှန်တယ်။ သူက စည်းကမ်းနဲ့ သိမ်းထားတာ။ ဟိုလူကယူသွားတယ်။ အဲ အိုးတွေလည်း ယူသွား။ ဇွန်းတွေလည်း ယူသွား။ သူကဘာလဲဆို ငါဆိုတဲ့အယူကို နှလုံးသွင်းထားတော့ အယူမှားနေပြီ။ တွေးတာလည်း မှားနေပြီ။ စွဲတာလည်း မှားနေပြီ။ အဲဒါ မိစ္ဆာဒိဋ္ဌိခေါ်တယ်။ အဲဒါဘာတွေလဲ။ အဲဒါ ငါဆိုတဲ့အကြောင်း။ အဲဒီတော့ ငါ့အတ္တကိုဖြုတ်ပြီးတော့ အနတ္တကို သြော် မမြဲဘူး။ လုပ်ပါစေ၊ လုပ်ပါစေ၊ ပြောနိုင်ပါစေ၊ ဆိုနိုင်ပါစေ။ ကိုယ့်စိတ်ထဲမှာ ဒါ မေတ္တာတော့ပို့တာမဟုတ်ဘူး။ ကိုယ့်စိတ်ခံနိုင်အောင်နော်။ ခုနက ဗျာပါဒရယ်၊ မိစ္ဆာဒိဋ္ဌိရယ်၊ အဘိဇ္ဈာရယ်၊ ဝန်တိုမိစ္ဆာ၊ ကုက္ကုစ္စစိတ်။ အဲဒီတော့ အဲဒါတွေပေါ့ဗျာ။ နှလုံးသားက ဘာနဲ့ဖြစ်လဲ။ အာရုံ(၅)ပါးဖြစ်နေတယ်။ အဲဒီတော့ ခုနက ကိုယ်စားမယ့်ထမင်းလေးကို ဟင်းလေးကို အဲဒီတော့ ချန်ထားတယ်။ ကိုယ်ကချန်ထားတယ်။ ချန်ထားတဲ့အခါကျတော့ နောက်လူက မပြောမဆိုပဲနဲ့ စားလိုက်တယ်။ ချန်တဲ့လူက စိတ်မကောင်းဘူး။ ဘယ်လိုဖြစ်လာလဲဆိုတော့ ငါချန်ထားတဲ့ဟာကို ဒင်းမတောင်းရမ်းဘဲနဲ့ စားတယ်ဆိုတဲ့ အတ္တ။ ငါဆိုတဲ့ဟာပါသွားပြီ။ အဲဒါ မိစ္ဆာဒိဋ္ဌိဖြစ်ပြန်ရော။ စားပါစေ၊ စားပါစေနော်။ ဒီလိုလုပ်ရမယ်။ သမ္မာအယူနဲ့၊ မိစ္ဆာအယူနဲ့ ဒီနေရာမှာ ခင်ဗျားတို့ အင်မတန်မှ ယူတတ်ဖို့လိုတယ်။ အဲ ခုနကပြောသလိုပေါ့။ အဲ ပိုက်ဆံတွေချေး။ ပြန်မပေး တော့ စိတ်ဆိုးရော။ ဟော ဘယ်ကလဲ။ မနောက။ အဲဒီတော့ ဒီဝတ္ထုကိုသွားစွဲတာ။ ငါနဲ့ စွဲထားတယ်။ ငါပိုင်တဲ့အစွဲနဲ့ စွဲထားတဲ့အတွက်ကြောင့် မိစ္ဆာဒိဋ္ဌိဖြစ်တယ်။ အဲဒီတော့ အနတ္တ။ သြော် မမြဲဘူး။ အဲဒီတော့ အစွဲလည်းသတ်တော့ သမ္မာဖြစ်သွားတယ်။ ဒီလိုသုံးသွားမှသာလျှင် ခင်ဗျားတို့ရဲ့ သီလ တွေဟာ စိတ္တဝိသုဒ္ဓိဖြစ်မယ်။ ဘုရားခေတ်ကာလက ခုနကလယ်တွေလုပ်တယ်။ မင်္ဂလာဆောင် တယ်နော်။ သူ့ညီ မင်္ဂလာဆောင်တာကိုဗျ။ အဲဒါသပိတ်ထမ်းခေါ်သွားတာ။ အဲဒါ မင်္ဂလာဆွမ်းပေါ့။ ဦးဇင်း က စာမတတ်ဘူး။ လယ်ထွန်မင်္ဂလာလုပ်တဲ့အခါမှာ အဲဒီတော့ မင်္ဂလာ(၃၈)ဖြာနဲ့ သမ္မာနဲ့ လုပ်သွားတာ။ မိစ္ဆာအယူနဲ့ မလုပ်ပါနဲ့နော်။ ဒီလမ်းပြန်ကြမယ်။ အဲဒီတော့ ဒီကို ခင်ဗျားတို့စိတ်တွေကို ရှေ့စိတ်၊ နောက်စိတ်နဲ့ထိန်းရင် ဘာဖြစ်လာမလဲ။ သမ္မာအယူတွေဖြစ်လာတယ်။ ခင်ဗျား သမ္မာအယူ တွေ။ ခင်ဗျားစိတ်ကို ဘယ်နေရာရောက်ရောက် ခင်ဗျား အမြဲတမ်းသတိမလစ်နဲ့။ မိစ္ဆာကဝင်ဝင် လာတာ။ မိစ္ဆာက အမြဲတမ်းကပ်နေတယ်။ ကိုယ်က သတိလေးထားပြီး သမ္မာအယူကိုယူ။ သမ္မာ အယူလေးယူတော့ စိတ်ကလေးကို ထင်မြင်တတ်တယ်။ သူက အမျိုးမျိုး ရန်သူမျိုးငါးပါးလာရင် သူက အမြဲတမ်း ရှောင်နိုင်အောင် သမ္မာစိတ်ကလေးနဲ့လုပ်ထားတယ်။ မိစ္ဆာစိတ်နဲ့မလုပ်ဘူး။ အဲဒါ ရန်သူမျိုးငါးပါးကိုလာရင် အမြဲတမ်းရှောင်ထားတယ်။ လာရင် သူကသည်းခံတယ်။ သူက သည်းခံ

တယ်။ အဲဒီလိုသည်းခံလာတဲ့စိတ်တွေဟာ သမာဓိမြင့်တက်လာတဲ့အခါကျတော့ ခင်ဗျားသိလာလိမ့်မယ်။ ဒီကံတွေ ခင်ဗျားအကျိုးပေးလာလိမ့်မယ်။ ကောင်းတဲ့ကံကို ခင်ဗျားက ဆောင်ထားတာ။ မကောင်းတဲ့ကံကို ပယ်ထားလိုက်တာ။ အဲဒါ ခင်ဗျားအသက်ရှည်မယ်။ ကျန်းမာရေးလာဘ်ရမယ်။ စီးပွားရေးလာဘ်ရမယ်။ အပါယ်လေးပါး တံခါးပိတ်တယ်။ ဒါကို ဦးပဏ္ဍိတ သင်ပေးလိုက်တာနော်။ ခင်ဗျားရဲ့စိတ်ကို ကိုယ်မကောင်းတာတွေကို နှလုံးမသွင်းဘူး။ ကောင်းတာကို နှလုံးသွင်းတယ်။ အဲဒါ သမ္မာအယူခေါ်တယ်။ ဒီလိုစိတ်ကလေးကို အမြဲတမ်း မနက်(၆)နာရီက ည(၆)နာရီထိန်းထားမယ်။ ဒီတော့ ရန်သူမျိုးငါးပါးကို ဒီမကောင်းတဲ့အာရုံ(၅)ပါးကို မကောင်းတဲ့မိစ္ဆာနဲ့ မကြားဘူး၊ သမ္မာနဲ့ ကြားတယ်။ ဒီလို ရန်သူမျိုးငါးပါးကို အမြဲတမ်းဆင်ခြင်ထားတယ်။ အဲဒီ အဝိဇ္ဇာက ကပ်နေတယ်။ အမြဲတမ်းလုပ်နေတယ်။ ဒီကောင်လုပ်ရင် ဟိုကောင်က သိရမယ်။ ဩော် သမ္မာအယူပါလား။ ဩော် ဒါ မိစ္ဆာအယူပါလား။ ဩော် သမ္မာအယူပါလား။ သမ္မာဆိုတာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ အဲဒါ သီလမဂ္ဂင်နော်။ ဒီသီလမဂ္ဂင်ကိုရမှ အပါယ်ပိတ်မယ်။ အဲဒီတော့ အပါယ်ပိတ်သွားရင် ခင်ဗျားလှူတဲ့ဒါနလည်း ထူးသွားပြီ။ အဲဒီတော့ ဘာလို့ထူးသလဲ။ ဘုရားလှူရင် ဘုရားမျိုးစေ့ရမယ်။ ရဟန္တာလှူရင် ရဟန္တာမျိုးစေ့ရမယ်။ သမထဘုန်းကြီးလှူရင် သမထမျိုးစေ့ရမယ်။ ပုထုဇဉ်သံဃာကိုလှူရင် ပုထုဇဉ်သံဃာမျိုးစေ့ရမယ်။ ဒါ ဘုရားကဟောထားတာ။ ပုထုဇဉ်သံဃာတဲ့။ အရိယာသံဃာ။ ဘုရားဟောထားတဲ့စာအရ ဦးဇင်း ပြောတာနော်။ ဘယ်သူ့ကိုမှ မလိမ်ဘူး။ ဒါပေမယ့် အရိယာက ခဏခဏလာလှူတဲ့အခါကျတော့ ဟော့ ဒကာ၊ ဒကာမလေး သံဃိကကို ကပ်လှူပါ။ ငါလက်ခံလိုက်ပြီ။ သံဃိကဆိုတာ သံဃာတော်အရှင်သူမြတ်များကပ်ပေတော့။ ငါ့မှာ ပြည့်စုံသွားပြီ။ ငါ့ကို ခဏခဏ မကပ်နဲ့။ တော်ပြီပေါ့။ သူက စာမှမတတ်တာ။ သံဃိကဆိုတာ ဒါ အရိယာသုံးသွားတဲ့စကားလုံးတွေနော်။ ခင်ဗျားတို့ ဒါ ဟိုက နားထောင်တာ။ ဟိုက အယုတ်၊ အလတ်၊ အမြတ်မရွေးဘူး။ ရှင်သာမဏေက အစ သူလှူလိုက်တယ်။ အပါယ်ပိတ်အောင်သူကပြောပြီနော်။ အဲဒီတော့ ခုနကပြောသလို ငါ့သမီးပါလား၊ ငါ့မယားပါလား၊ ငါ့သားပါလာဆိုတာ အဲဒါဘာလဲဆိုတာ တွေးကြည့်။ အဲဒီတော့ ငါဆိုတဲ့စကားလုံးလေးဟာ သူက ငါဆိုတဲ့နှလုံးသားထဲက သူမှာဖြစ်နေပြီ။ ဖြစ်နေတဲ့အခါကျတော့ စေတနာမှာလည်း ကွဲပြားလာပြီဗျို့။ ဘယ်လိုလဲ။ ငါ့သမီးလေးက၊ ငါ့သားလေးက၊ ငါ့လင်လေးက။ မှန်တာပေါ့ ငါမပြုတ်ဘူး။ အဲဒီတော့ ငါဆိုတဲ့ဟာ ဩော် အေး အေး အေး။ အနတ္တပါလား၊ မမြဲဘူးတဲ့။ ငါ အတ္တကြီးပါလား။ မိစ္ဆာဒိဋ္ဌိကြီးပါလား။ အေး အေး အေး။ အဲဒီတော့ ဘယ်သူဖြစ်ဖြစ် စေတနာထား။ လင်ပေါ်မှာ တစ်ကျပ်ထား။ တစ်ဖက်သားလူအပေါ်မှာ တစ်ကျပ်ထား။ ငါ့သားအပေါ်အမှာလည်း တစ်ကျပ်ထား။

အဲဒီတော့ အဖေအပေါ်မှာလည်း တစ်ကျပ်ထား၊ မအေအပေါ်မှာလည်း တစ်ကျပ်ထား။ အဲဒီတော့ စေတနာက တူနေရတယ်။ ဒီလို ခင်ဗျားတို့စိတ်တွေကို အင်မတန်မှ သမ္မာအယူကိုယူပြီးမှ အဲဒီတော့မှ ခင်ဗျားတို့မှာ ထူးလာပါလိမ့်မယ်။ ဒီစိတ်တွေဟာ ဘလိုင်းလွှတ်ထားလိုက်တဲ့အခါမှာ အမှုမဲ့ အမှတ်မဲ့ ထားတော့ ဘာဖြစ်လာလဲ။ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ စိတ်ဝင်လာတယ်။ မောဟဆိုတာ မစဉ်းစား နိုင်တော့ဘူးနော်။ တွေဝေနေတာပဲ။ အဲဒီမောဟဝင်လာတာလည်း မိစ္ဆာဒိဋ္ဌိတွေဖြစ်ကုန်တော့မယ် နော်။ မိစ္ဆာဒိဋ္ဌိကကပ်နေတယ်။ ဘာဖြစ်လို့ကပ်လဲ။ မောဟဖြစ်နေတာကိုး။ မောဟသတ်တာနဲ့ ခင်ဗျား တို့မှာ လောဘ၊ ဒေါသနဲ့သွားလိမ့်မယ်နော်။ အလောဘ၊ အဒေါသ၊ အမောဟတွေဖြစ်လာလိမ့်မယ်။ စဉ်းစားပါ။ ဒီသာသနာဟာ အင်မတန်ကြီးပါတယ်နော်။ လူတွေမကဘူး အဲဒီတော့ မိစ္ဆာဒိဋ္ဌိနတ်ဆိုတာ အခုတော့ပြောပြမယ်။ ဦးဇင်း က စာမတတ်ဘူး။ အရက်တွေတင်ရ၊ ကြက်တွေတင်ရ၊ ဝက်တွေတင်ရ အဲဒီလိုတင်ရတယ်။ တင်ရတဲ့အခါမှာ အမဲသားတွေတင်ရ ဘာတွေတင်ရ၊ ခေါ်စာပစ်ရတယ်။ ဒါဘာလဲ မိစ္ဆာတွေ၊ မိစ္ဆာဒိဋ္ဌိပေါ့။ မိစ္ဆာလမ်းပေါ့ဗျနော်။ ဒါတွေဟာ မိစ္ဆာနတ်တွေကိုး။ သမ္မာနတ်ဖြစ်အောင် လုပ်ပေးနိုင်မှ လုပ်မပေးနိုင်ရင် နတ်နဲ့နဂါး မလှည့်စားကောင်းဘူးတဲ့။ အဲဒါ ခင်ဗျားတို့ခံရတတ်တယ်။ ဘာလို့ခံရလဲ။ ကိုယ်ကလည်းကံ။ သူကလည်း ကံ။ အဲဒီကံ၊ ကံချင်း သူက မိစ္ဆာဖြစ်နေပြီ။ ကံနိမ့်ရင် သူက ကိုယ့်ကိုဆော်တော့မယ်နော်။ အဲဒါလေးတွေကိုသတိထားပါ။ အဲဒါ မိစ္ဆာနာမ်။ အဲဒီမိစ္ဆာနတ် တွေကို တောင်ပိုင်၊ ကွင်းပိုင်၊ သရဲ၊ တစ္ဆေ၊ သဘက်၊ မှင်စာ၊ အစိမ်းမ။ ဒါတွေအများကြီးရှိတယ်။ ဦးပဏ္ဍိတ ဆီလာတဲ့ ပုဂ္ဂိုလ်ရှိသလို မလာတဲ့အစိမ်းမတွေ။ သရဲတွေ၊ သဘက်တွေကတော့ မလာဘူး။ လာတဲ့ပုဂ္ဂိုလ်လာတယ်။ လာတဲ့ပုဂ္ဂိုလ်လာတော့ ဟုတ်ပြီ။ အသင်တို့တော့ ဒီနေရာမှာ၊ ဒီဒေသ ကုန်းမြေမှာ ခင်ဗျားတို့ နေဖို့ စားဖို့ပေးလိုက်ပြီ။ အဲဒီတော့ ဦးဇင်း က ပေးတာမဟုတ်ဘူး။ အခု လူ့ဘဝမှာ ခင်ဗျားတို့ရဲ့ဘဝအနန္တက ဆွေမျိုးညာတကာ၊ မိတ်ဆွေ၊ အဖေ၊ အမေ၊ ညီအစ်ကိုမောင်နှမ။ ခင်ဗျားတို့နဲ့ ဘဝမတူတဲ့ သူတို့က လူ့ပြည်ရောက်နေပြီ။ သူတို့က ဦးပဏ္ဍိတ ကို အင်မတန်မှ ကြည်ကြည်ဖြူဖြူနဲ့ နှလုံးသားနဲ့ သူတို့စေတနာတွေနဲ့လှူလိုက်ပြီ။ ဦးပဏ္ဍိတ က ဒီပစ္စည်းတွေကိုလုပ် ပေးတယ်။ ဟိုဟာ လုပ်ပေး၊ ဒီဟာလုပ်ပေး။ ပရိဘောဂစေတီ၊ ဓါတုစေတီ၊ ဥဒ္ဒိဿစေတီ လုပ်ပေးတဲ့ သူက ဓမ္မစေတီ။ နှလုံးသားက ဓမ္မဖြစ်နေလို့ လုပ်ပေးတာပါ။ အဲဒီလိုလုပ်ပေးတဲ့အခါ ဒကာ၊ ဒကာမ တွေက လိုက်လှဲစွာနဲ့ လှူကြတယ်။ တန်းကြတယ်။ အဲဒီလိုလှူကြတဲ့အခါ တန်းကြတဲ့အခါ ခင်ဗျားတို့ သင်္ကန်းကပ်တယ်။ ခင်ဗျားတို့က ထမင်းတွေကျွေးတယ်။ ခင်ဗျားတို့က ရေတွေပေးတယ်။ ခင်ဗျားတို့ ကိုယ်ထိလက်ရောက် လှူရတယ်။ ဟိုနာမ်ပုဂ္ဂိုလ်က ကိုယ်ထိလက်ရောက် မလှူရဘူးဗျ။ မလှူရတော့

ခင်ဗျားတို့ရဲ့ မေတ္တာတွေ။ အဲဒီတော့ စေတနာတွေ။ အဲဒီတော့ ခင်ဗျားတို့ရဲ့ စေတနာတွေ။ ခင်ဗျားတို့ရဲ့ အလှူအတန်းပြုပေးတော့ သူ့ခမျာ မှာရတယ်။ အဲဒါက ဥပါဒါန်တွေ။ အကြောင်းနဲ့အကျိုးဖြစ်ကြတယ်။ အခုတော့ ဒီဘုရားကြီးမှာ တောင်ပိုင်၊ ကွင်းပိုင်တွေ ဟော့လာကြ။ ခင်ဗျားတို့ဘုရားငါးဆူပွင့်မယ်။ ခင်ဗျားတို့လည်း တော်တော်ထူးပါတယ်။ လေးဆူတော့ပွင့်သွားပြီ။ ဦးဇင်းလည်း မမှီဘူး။ ခင်ဗျား လည်း မမှီဘူး။ အဲဒီတော့ တစ်ဆူကျန်တာကို စိတ်ထင်တိုင်း ကမနေနဲ့။ ဟောဒီဘုရားကြီးမှာ ဒကာ၊ ဒကာမတွေက လှူလိုက်ပြီ။ တောထဲမှာ ဘုရားကြီး အဲတည်ပေးပြီ။ အဲဒီနေရာမှာ အစိုးရ နိုင်ငံတော် အစိုးရလည်း မကောက်တော့ပါဘူး။ အဲဒီသာသနာ မြေကြီးဖြစ်ပါပြီ။ အဲဒီသာသနာကနေပြီးတော့ ဒကာ၊ ဒကာမတွေရဲ့ အဲ ဌာပနာထည့်တဲ့ဘုရား။ အဲဒါ ခင်ဗျားတို့ မပြိုမပျက်စီးအောင် ခင်ဗျားတို့ အမိန့်ချလိုက်ပြီ။ အဲဒါ ခင်ဗျားတို့စောင့်ပြီးတော့ ဒီဘုရားကြီးကို မပျက်စီးရအောင် ဘုရားကြီးကို လေဒဏ်၊ မိုးဒဏ်၊ ရေဒဏ်တွေ အကုန်ခင်ဗျားတို့စောင့်ရှောက်ပါ။ အဲဒါကြီး မပျက်စီးအောင် နောက်သား၊ နောက်သမီးတွေကိုလည်း ဖူးရအောင် ခင်ဗျားတို့လည်း ဒီဘုရားကြီးကို စောင့်ပါ။ ဒီမှာ ဌာပနာထည့်ထားတယ်။ အဲဒါ ခင်ဗျားတို့စောင့်။ အဲဒီကနေစောင့်ပြီးမှ နောင်ပွင့်မယ့်ဘုရားတစ်ဆူကို ဒါကတော့ အရိမေတ္တယျ ဖူးပြီးတော့တဲ့ အဲဒါ ထူးကိုထူးပါတယ်။ အဲဒါ မိစ္ဆာနတ်ကနေပြီးတော့ သူတို့က လူတွေကိုဖမ်းစား၊ ဘာတွေလုပ်။ ဘာတွေစား။ တောင်လုပ်၊ မြောက်လုပ် မလုပ်တော့ဘဲ မိစ္ဆာနတ်က သမ္မာနတ်တွေဖြစ်လာတယ်။ သမ္မာဆိုတာ ကောင်းတဲ့ဘုရားကြီးမှာ တရားတွေကျင့်ကြပြီ၊ လုပ်ကြပြီ။ ခင်ဗျားတို့ ဒကာ၊ ဒကာမတွေက ကိုယ်ထိလက်ရောက် သင်္ကန်းကပ်ရတယ်။ ကိုယ်ထိ လက်ရောက် ထမင်းကျွေးရတယ်။ ကိုယ်ထိလက်ရောက် ရေကပ်ရတယ်။ ခင်ဗျားတို့ရဲ့နှလုံးသားထဲက မြင်မြင်ချင်း၊ တွေ့တွေ့ချင်း စေတနာတွေက မနေနိုင်ဘူး။ လှောက်ရည်တွေတိုက်၊ ဘာတွေတိုက်၊ ညာတွေတိုက်။ အဲဒီစေတနာတွေက ခင်ဗျား နိဗ္ဗာန်ကိုပို့လိမ့်မယ်။ ခင်ဗျားက ပင်ကိုယ်ကဖြစ်လာတဲ့ စေတနာ။ အဲဒီစေတနာက ခါးကလုံချည်သာ ကျွတ်ကျမယ်။ ခါးကအင်္ကျီသာကျွတ်ကျမယ်။ ဒီအသိ မကျွတ်ပါဘူးနော်။ ဘဝတိုင်း၊ ဘဝတိုင်းမှာ ပါသွားပါပြီ။ အဲဒီတော့ စိတ်နေစိတ်ထားလေးတွေ ထားတတ်ဖို့လိုတယ်။ အဲဒီတော့ ခုနက အဲ ခင်ဗျားမြေကြီးကိုလှူပါတယ်။ ခင်ဗျားမြေကြီးကို လှူ လိုက်တာမြင်လိုက်တော့ ဟာ ငါ့မြေဆိုတော့ ငါဆိုတဲ့ ဟာတွေပါနေပြီ။ ငါဆိုတဲ့ အမှုမဲ့၊ အမှတ်မဲ့ ငါပါတဲ့အတွက် တစ်ခါတည်း အစွဲကကြီးသွားပြီးတော့ အဲ မိစ္ဆာဖြစ်တတ်တယ်ဗျ။ သြော် အေး အေး အေး။ သူစဉ်းစားတယ်လေ။ အေး အေး အေး။ ပွတ်ကာနဲ့ မပြောဘူး။ ကာယကံမှုတွေ၊ ဝစီကံမှုတွေ၊ မနောကံမှုတွေ။ ဒီကံ(၃)ကံကို အဲဒီတော့ လုံအောင်ထိန်းထားတယ်။ ကာယကံမှုကလည်း သမ္မာ

အယူကို ယူပါတယ်။ ဝစီကံကလည်း သမ္မာအယူကိုယူပါတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံကလည်း သမ္မာအယူကို ယူပါတယ်။ သမ္မာဆိုတာ ဘယ်ကဆင်းသက်လာသလဲ။ သြော် ငါ့အပေါင်းအသင်းတွေက ဘုရားထီးတင်တယ်။ ငါသွားမှပဲ။ ဒါ သမ္မာအယူပေါ့။ အဲဒါတွေးတာ သမ္မာပဲ။ အဲ သမ္မာအယူ ယူသွားပြီးတော့ သမ္မာအလှူတွေလှူလိုက်လို့ ဒါတွေဟာ ခင်ဗျားတို့မှာ အင်မတန်မှထူးမြတ်ပါတယ်။ အဲဒီတော့ ဒီလိုစိတ်တွေ ထိန်းသွားတဲ့အခါကျတော့ ဘုရားရဲ့ သာသနာ(၂၅၀၀)ကျော်လာတဲ့အတွက်ကြောင့် သိကြားမင်းကနေပြီးတော့ အဲ ခင်ဗျားတို့ရဲ့ ခုနက နှလုံးသားထဲက စိတ်တွေကို သိကြားတွေက အကုန်သိပါတယ်။ ဗြဟ္မာကလည်းသိပါတယ်။ အရိယာပုဂ္ဂိုလ်ကလည်း သိပါတယ်။ အကုန် သူတော်စင်၊ သူမြတ်လောင်းတွေက ဒီလို ဒကာတွေ၊ ဒကာမတွေ စိတ်ကလေးတွေထိန်းထားပါလား။ စိတ်ရဲ့ ဝိသုဒ္ဓိစိတ်တွေစင်ကြယ်အောင် ထိန်းထားပါလား။ သမ္မာအယူတွေကို ယူထားပါလားဆိုတော့ ခင်ဗျားတို့ကိုဗျာ အသက်လည်းရှည်ပါတယ်၊ ကျန်းမာရေးလာဘ်လည်း ရပါတယ်။ စီးပွားရေးလာဘ်လည်းရပါတယ်။ ဦးပဏ္ဍိတရဲ့စကားကို မြေဝယ်မကျနားထောင်တဲ့အတွက် အပါယ်လည်း ပိတ်ပါတယ်။ အဲဒီ(၃)ချက်ကိုသွားရတာနော်။ ကိုယ်ထိလက်ရောက်ရတာနော်။ အဲဒီတော့ လင်မယားပေမယ့် စေတနာချင်းမတူဘူးဗျနော်။ သူ့ရဲ့စေတနာက တစ်မျိုး၊ သူ့ရဲ့ နှလုံးသားရဲ့ စေတနာက တစ်မျိုး။ ဖွင့်တော့မပြောဘူးဗျ။ ကိုယ့်ရဲ့စေတနာကတစ်မျိုး။ အဲဒါတွေ ခင်ဗျားတို့အကဲခတ်ကြည့်။ သြော် ငါ့ရဲ့စေတနာက ဘယ်လိုဖြစ်တယ်။ ငါလင်စေတနာက ဘယ်လိုဖြစ်တယ်။ သူက လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ သူကလုပ်မယ်လေ။ သူလုပ်တဲ့အယူအဆ ဘာတွေနဲ့လုပ်တာ မှန်းမသိဘူး။ မပြောတတ်ဘူးပေါ့ဗျာ။ သမ္မာနဲ့လုပ်သလား၊ မိစ္ဆာနဲ့လုပ်သလား။ ဒါတွေဟာ အဲဒီကောင်ဆိုတဲ့ ငါပိုင်ဆိုင်တဲ့ပစ္စည်းလေးကို သွားစွဲထားတဲ့အတွက်ကြောင့် ငါ့သား၊ ငါ့သမီး၊ ငါဆိုတဲ့ အစွဲလေးကိုစွဲထားရင် မိစ္ဆာဒိဋ္ဌိကို မိစ္ဆာဒိဋ္ဌိရဲ့လမ်းကို ဦးတည်တာပဲဗျို့။ သမ္မာဒိဋ္ဌိဆိုတာကတော့ မြင်လိုက်တဲ့အရာကို သြော် အေး အေး အေး။ ဒါတွေဟာ မမြဲပါဘူးကွယ်။ ကြားတာလည်း မမြဲဘူး၊ မြင်တာလည်း မမြဲဘူး၊ စားတာလည်း မမြဲဘူး။ အဲဒီတော့မှ မမြဲတော့မှ အစွဲကလျော့ပြီးတော့ သမ္မာဘက်ကိုဦးတည်လာပါတယ်ဗျာ။ ခင်ဗျားတို့ အဲဒါတွေကိုမှတ်ထား။ ငါဆိုတဲ့ ငါ့ပစ္စည်း ငါပိုင်၊ ငါ့အိမ် အတ္တ၊ ငါ့တိုက်၊ ငါ့စက်ဘီး၊ ငါ့ ရေဒီယို၊ ငါ့ကားဆိုပြီးတော့ ငါနဲ့ အတ္တကြီးစွဲပြီးတော့နေတဲ့အတွက်ကြောင့် အန္တရာယ်။ ရန်သူမျိုး(၅)ပါးနဲ့တွေ့နိုင်ပါတယ်ဗျာ။ မိစ္ဆာဘက်ကို ဦးလှည့်သွားပြီတဲ့နော်။ ဒီလိုသီလတွေကို ထိန်းထားမှသာလျှင် ခင်ဗျားတို့ရဲ့ တစ်မင်္ဂတစ်ဖိုလ်တွေ ခင်ဗျားတို့ရကြမှာ။ ဘယ်လိုရမလဲဆို အပြင်မှာစင်ကြယ်တော့ ခန္ဓာမှာစင်ကြယ်တယ်။ ခန္ဓာမှာစင်ကြယ်တော့ ဉာဏ်မှာ

စင်ကြယ်တယ်။ အပြင်မှာ မိစ္ဆာအယူတွေကိုယူပြီးတော့ အပြင်မှာမစင်ကြယ်တော့ ခန္ဓာမှာမစင်ကြယ်ဘူး။ ခန္ဓာမှာမစင်ကြယ်ရင် ဉာဏ်မှာမစင်ကြယ်ဘူး။ ခင်ဗျားတို့ ငါဆိုတဲ့စကားလုံးလေးက မသိမသာကပ်နေတယ်။ အဲဒီတော့ ငါ့အိမ်ပဲ၊ ငါ့တိုက်ပဲ၊ ငါ့လင်ပဲ။ အခုသူ့ဒီလိုဖြစ်နေပြီ။ ဒီ ငါဆိုတဲ့အယူလေးက သူ့မှာမပြုတ်ဘူးဗျ။ အဲဒီတော့ သီလနဲ့လည်း သတ်လို့မလွယ်။ အဲ ခုနက ဦးပဏ္ဍိတသင်ပေးသလို အဲ ငါသိတဲ့အယူကိုပယ်ပြီးတော့ သမ္မာအယူကိုယူပါ။ အတ္တအယူကို မယူပါနဲ့။ အတ္တအယူက ငါ ပါတယ်ဗျို့။ အဲဒီ ငါယူရင် မိစ္ဆာဒိဋ္ဌိနဲ့မြင်တယ်။ ကြားတာလည်း မိစ္ဆာဒိဋ္ဌိနဲ့ ကြားတယ်။ နံတာလည်း မိစ္ဆာဒိဋ္ဌိနဲ့နံတယ်။ အင်မတန်ကြောက်ဖို့ကောင်းတယ်။ အဲဒီမိစ္ဆာဆိုတဲ့ စကားလုံးအတွေးမှား၊ အစွဲမှား၊ အယူမှား။ အဲဒါ ငါဆိုတဲ့အယူတွေ၊ ငါဆိုလိုက်တာနဲ့ သူ့မှာ လောဘ၊ ဒေါသပါနေပြီ။ အကုန်ပါလာတော့တယ်နော်။ ခုနက ငါ့အိုးဆိုကတည်းက အဲဒီငါ့အိုးဆိုကတည်းကယူထားတော့ မင်းဘယ်မှာလဲ။ ဒီအိုး ဟော မေးပြီ။ သူ့ကို။ အဲဒီတော့မရတော့ စိတ်ဆိုးတာပေါ့။ ဗမာလိုပြန်လို့ရှိရင် ငါဆိုတဲ့စကားလုံးက ဦးတိုက်ပေးလိုက်တာ။ အဲဒီတော့မှ သူ့မှာ ဒေါသဖြစ်သွားတယ်ဗျို့။ သီလကပျက်တယ်နော်။ အဲဒီတော့ နေတော့ထွက်ရင် နေဝင်ဖို့ပဲရှိတာပေါ့။ အဲဒီတော့ ပိုးသာကုန် မောင်ပုံ ဆောင်းမတတ်ဘူး။ ဝတ်တော့ သီလရှင်အဝတ်တွေဝတ်ထားတယ်။ စိတ်ကတော့ တစ်မျိုးဖြစ်နေရင်တော့ ခံကြရမှာပဲ။ စိတ်သာချ။ မိစ္ဆာစိတ်က ငါ့လင်၊ ငါ့သား၊ ငါ့မယား၊ ငါ့အိမ်ဆိုတဲ့ ငါဆိုတဲ့အတ္တတွေ အနတ္တဆိုတာ ငါလည်းမမြဲဘူး၊ သူလည်း မမြဲဘူး။ ဩော် အေး အေး အေး၊ ဩော် အေး အေး အေး။ အဲဒီတော့ သမ္မာအယူခေါ်တယ်။ ဘုရားကဟောထားတယ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မှန်တာကိုကျင့်ပါ။ မှန်တာကိုပြောပါ။ မှန်တာကို အသက်မွေးဝမ်းကျောင်းပြုပါတဲ့။ အသက်မွေးဝမ်းကျောင်းပြုတယ်ဆိုတာက ခန္ဓာဝန်ရှိတယ်။ သမ္မာလေးနဲ့ ဩော် လာပေးတယ်။ ထမင်းကြမ်းခဲလေးနဲ့ ထန်းလျက်ကလေးစား။ အေး အေး အေး၊ အေး အေး အေး။ ဖွန်းလေးရှိတယ် ရေ့ယူသွား။ ပျောက်ချင်ပျောက်၊ မပျောက်ချင်နေ။ မစွဲဘူး။ အဲ ပန်းကန်လေးယူသွားတယ်။ ပျောက်ချင်ပျောက်၊ မပျောက်ချင်နေ လာပေးတယ်။ ကျကျနနသိမ်းထား။ ငါဆိုတဲ့အယူဝါဒကိုပယ်ပြီးတော့ အဲ အနတ္တဆိုတဲ့သဘောလေးကို အသိလေးနှလုံးသွင်းထားပါ။ ခင်ဗျားတို့ ဒီနေရာမှာပြန်ကြတော့မှာ။ နီးပြီ။ အဲဒီတော့ ပြန်ဖို့ကနီးပြီ။ အခုလူတွေမှားနေကြတယ်။ သေသွားတဲ့လူတွေအားကြီးပဲ။ အဲဒီတော့ ဦးဇင်း ကြည့်တယ်။ ဩော် အေး အေး အေး။ ဩော် ငါလည်း ဘယ်နှယ့်မှမပေါ်နိုင်ဘူး။ အေး အေး အေး။ ကိုယ့်စိတ်ကတော့ တစ်မျိုးဖြစ်သွားပြီ။ အရင်တုန်းကတော့ မြမောင်ဟာ ခိုးတယ်၊ လိမ်တယ်၊ လုတယ်၊ ညာတယ်၊ ဖဲလိမ်ရိုက်တယ်။ အရက်သောက်တယ်။ ငါတတ်တယ်၊

ငါနားလည်တယ်။ ငါ့အိမ်မှာ ဖဲရိုက်တာ။ မင်းနဲ့ဘာဆိုင်လဲ။ မင်းအနေသာကြီး။ မင်းဟာမင်းကြည့်နေပေါ့။ ငါ့ဟာငါချတယ်။ အဲဒါ ငါ့ကိုဗျ။ ငါတတ်တယ်၊ ငါနားလည်တယ်။ ငါ့ကိုယ်ငါ ခွန်အားဗလငါးတန်သုံးပြီးတော့ ဒီကောင်လာရင် ငါချမယ်။ ဒါပေါ့ဗျ။ ငါ သြော် မာန်တွေ၊ မာန်တွေနော်။ လောဘရဲ့စိတ်၊ ဒေါသရဲ့ စိတ်၊ မောဟရဲ့ မောဟကြောင့် လောဘ၊ ဒေါသတွေဟာ ဖြစ်ကုန်တာ။ မောဟဆိုတာ ထူးတယ်။ ချက်ချင်းလက်တလောဖြစ်သွားတဲ့ဟာတွေဗျ။ အဲဒါတွေကို ရှေ့စိတ်၊ နောက်စိတ်နဲ့သုံးပါ။ သြော် အေး အေး အေး။ ကိုယ့်စိတ်ကို ကိုယ်အမြဲတမ်း သမ္မာလေးနဲ့ယူပါဗျာ။ မိစ္ဆာဒိဋ္ဌိဆိုတာ ငါဆိုတဲ့ စကားလုံး၊ ငါကျွေးလိုက်တာ၊ ငါမွေးလိုက်တယ်။ ငါလှူလိုက်တာဆိုတာ အမှန်ကတော့ သဘောကတော့ သုံးတော့သုံးတယ်။ ဒါပေမယ့် ကိုယ့်စိတ်ကိုလည်း ကိုယ်စဉ်းစားဦး။ အဲ အဲဒီအပေါ်မှာ ငါဆိုလိုက်တဲ့မာန်လေးက သူ့မှာ ဦးတည်ချက်ကို သူလည်းမသိဘူး။ ဉာဏ်သမားကသိတာ။ ကံသမားက မသိဘူးနော်။ ဒါကြောင့်မို့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာယူရတယ်။ အဲဒီ ဒီလိုသီလအုတ်ပန္နက်မှန်ရင် သမာဓိဆိုတဲ့ လောကီရဲ့ အစွဲဥပါဒါန်တွေဟာ ငြိမ်းပြီးတော့ တည်ကြည်ပြီးတော့ နှလုံးသားမှာ သူကကျင့်ထားတာ။ နှစ်ပေါင်းသုံးလေးဆယ်လောက်ကျင့်ထားတာ။ စိတ်ကလေးငြိမ်လာတယ်။ ဒါပေမယ့် သူလည်း ဉာဏ်မပေါက်သေးဘူး။ သမာဓိတော့ ဖြစ်နေတယ်။ ဉာဏ်မပေါက်သေးဘူး။ အူလည်ချာပေါက်ဖြစ်နေတယ်။ သူ့လည်း သမာဓိရရော အဲ သမာဓိထက်ကောင်းတာ ပညာဘက်တက်သွားတဲ့အခါကျတော့ အဲဒီတော့မှ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဆိုတဲ့ ပညာမဂ္ဂင်ကိုရောက်သွားတဲ့အခါမှ စီးကြည့်တော့မှ ကိုယ်လာတဲ့လမ်း အစ၊ အဆုံးသိပါတယ်ဗျာနော်။ အဲဒီတော့ သမ္မာသင်္ကပ္ပကနေပြီးတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ လာတဲ့လမ်း မိစ္ဆာဒိဋ္ဌိလမ်း၊ သမ္မာအယူလမ်း၊ သမာဓိလမ်း။ အဲဒီလမ်းတွေနဲ့စီးကြည့်တော့ သိတယ်ဗျို့။ အဲဒီတော့ ဘုံ(၃)ပါးကိုလည်း သူမြင်တယ်ဗျို့။ သဒ္ဓါသံပတ္တိ၊ ရတနာ(၃)တန် ကံ၊ ကံ၏အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ ကံကိုယုံကြည်သွားပြီလေ။ ကံဟာဘာလဲ။ စွဲတာကိုဗျ။ မကောင်းတာကို စွဲတယ်။ ကောင်းတာကို စွဲတယ်။ သမ္မာကံတွေရှိတယ်။ မိစ္ဆာကံတွေရှိတယ်ဗျ။ အဲဒီတော့ မိစ္ဆာကံကိုမလုပ်ပါနဲ့။ သမ္မာကံကိုယူထားလိုက်ပါနော်။ သမ္မာဆိုတာကောင်းတဲ့ သမ္မာဝါစာ၊ သမ္မာလို့ ဘုရားဟောအရ တစ်ခါတည်း အဲဒီသမ္မာရဲ့ဝန်းကျင်ထဲမှာ သူနေတာ။ သူ့စိတ်ကလေးက သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ မိစ္ဆာကံမဟုတ်ပါဘူး။ သမ္မာကံတွေပါ။ သစ္စာကံတွေကနေပြီးတော့ သည်းခံခြင်းတရား၊ ကိုယ်ကျင့်တရား၊ ဗြဟ္မစိုရ်တရား၊ သံဝေဂတရား၊ ဒါတွေဟာ ကိုယ်ကျင့်တရားတွေ။ သူ့မှာ ဗြဟ္မစိုရ်တရားတွေ သူ့မှာဖြစ်လာပြီဗျို့။ အဲ ကျွေးချင်တယ်၊ မွေးချင်တယ်၊ လှူချင်တယ်၊ ပေးချင်တယ်၊ သစ္စာထားပြီး သူ့သားမယား၊ သူများသမီးလာလဲ မဖျက်ဆီး

ဘူး။ သစ္စာထားတယ်။ အဲဒါ ဘယ်သူကသိလဲ။ သိကြားမင်းကသိတယ်။ ဒီပုဂ္ဂိုလ်ဟာ တော်တော်ထူးပါလား။ တို့စောင့်ရှောက်မှပဲ။ တို့ကူညီမှပဲ။ အဲဒီတော့ သိကြားမင်းက ကူညီတယ်ဗျို့။ ဗြဟ္မာမင်း က ကူညီတယ်။ တောင်ပိုင်၊ တောပိုင်တွေကလည်း ကူညီတယ်။ မှန်တာကိုဗျ။ သူစိတ်နှလုံးသွင်းထားတာ။ မှန်နေတာကို ဘယ်သူသိလဲ။ အဲဒီတော့မှ ဩော် သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက။ ဘုံ(၃)ပါး တော်တော်ကြောက်ဖို့ကောင်းပါလားနော်။ ကုတ်ပြီးတော့ စဉ်းစားတယ်။ ဩော် ဘုံ(၃)ပါး ငါလည်း စာမတတ်၊ ပေမတတ်ပါလား။ အင်မတန်ကြောက်မက်ဖွယ်ကောင်းပါလား။ ငါတို့ရဲ့ အဝိဇ္ဇာတုံးကြီးဟာ သီလနဲ့ဆေးကြောတယ်။ ဒါနနဲ့ဆေးကြောတယ်၊ ဘာဝနာနဲ့ပွားများတယ်။ ငါ့ အဝိဇ္ဇာအာရုံ(၆)ပါးကို ငါက မိစ္ဆာဒိဋ္ဌိစိတ်တွေနဲ့သုံးပါလား။ သမ္မာအယူရဲ့ စိတ်တွေမလုပ်ပါလား။ အဲနောက်နောင်တုန်းက လုပ်လာတာ။ လျှောက်လုပ်လာတာ။ ပေါက်ကရတွေလျှောက်လုပ်လာတော့ ဟော ဉာဏ်ဘက်ကိုကူးတော့မှာကိုဗျ။ ဉာဏ်ဘက်ကူးတော့မှ (၃၁)ဘုံကိုလွတ်သွားမယ့်ပုဂ္ဂိုလ်ပဲတဲ့။ မင်း နောက်နောင်တုန်းက လုပ်လာတဲ့အပြစ်တွေတော့ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိဘာဂဝဋ်။ ဒီကံတွေ ဒုစရိုက်တွေ မင်းခံပေတော့တဲ့။ မင်းသာသနာမှာ မင်းနဲ့ကြုံပြီတဲ့။ မင်းခံတဲ့။ ဒါကြောင့်မို့ သာသနာပြုရတာ။ အဲဒီတော့ ဆရာတော် လယ်တီဆရာတော်ပြုရတဲ့သာသနာက အင်မတန်ထူးပါတယ်။ ခုနက ဆရာတော် သဲအင်းပြုတဲ့သာသနာ အင်မတန်ထူးပါတယ်။ ဝေဘူဆရာတော်ပြုတဲ့သာသနာ အင်မတန်ထူးပါတယ်။ အဲဒီတော့ ဆရာတော်တွေက ဆရာတော်တွေပြုစုသွားတဲ့ သာသနာတွေ အင်မတန်ထူးပါတယ်။ ဦးဖင်း ရဲ့ သာသနာကျတော့ တောင်ပိုင်၊ ကွင်းပိုင်က အေး ဒီလိုပြန်တယ်ဗျ နော်။ အဲဒီတော့ ပိန္နဲကုန်းရဲ့ အောင်သစ္စာမဟာခါတ်ပေါင်းချုပ်ဘုရားဆိုတဲ့ အဲဒီဟာကြီးက အမှန်ကတော့ ဦးဖင်း ပြောမှား ဆိုမှားရှိရင် ခွင့်လွှတ်။ ရမ်းပြောလိုက်တာ။ အဲဒါ သဘောလေးနဲ့ပြောလိုက်တာ။ ပိန္နဲကုန်းအောင်သစ္စာမဟာခါတ်ပေါင်းချုပ်ဘုရား၊ ပိန္နဲကုန်းရွာ ဒီဒူးပင်မှာ စိုင်းခွန်စိုင်း ဆိုတာ ဆေးဆရာကြီး။ လူမိုက်ကြီးဗျ။ ဟိုတုန်းက ပိန္နဲကုန်းနေတဲ့လူတွေ မေးပါ။ အင်မတန်ဆိုးတဲ့လူပါ။ ဒီလူမိုက်ကြီးဟာ သူ့အဖေဟာ ရှမ်းဘိုးတော်ကြီးဗျ။ သူ့အဖေက သူ့သားကို ချွတ်ရမှာကိုးဗျ။ ကြည့်လိုက်တဲ့အခါ သာသနာ(၂၅၀၀) ဘယ်သူပေါ်မလဲ။ ပေါ်တဲ့ပုဂ္ဂိုလ်ကို ငါ့သာသနာပေးမယ်။ သစ္စာဆိုခဲ့တယ်။ သူရဲ့အကြောင်း၊ အကျိုးအနန္တရ သူကပြန်ကြည့်တယ်။ ပြန်ကြည့်လိုက်တဲ့အခါ ဒီပုဂ္ဂိုလ်ကတော့ ဦးမြမောင် ကလည်း လူ့ပြည်မှာဆို ဟိုနာမ်ပုဂ္ဂိုလ်ကလည်း လူဆိုး။ အဲဒီတော့ ရှမ်းဘိုးတော်ကြီးက အဲ့ သူက အမှန်တော့ သိကြားမင်းပါတယ်ဗျ။ ဦးဖင်း ဒါ ဦးဖင်းရဲ့အယင်နော်။ ဝိသုဒ္ဓိမဟာမြိုင်မှာ အရက်သမား၊ ဖဲသမား၊ ကလေကဝ အကုန်လာကြတယ်။ အရှုးအမူး အကုန်လာကြတယ်။

သက်နိုးစီးချင်တယ်၊ သီလယူတဲ့လူ အကုန်လက်ခံတာ။ လုပ်ပါစေ၊ စားပါစေ၊ ဒါတွေဟာ လူမိုက်က လူလိမ္မာဖြစ်အောင် အဲဒါ သူ့ဟာသူထိန်းထားရတယ်။ ဒီနေရာဟာ အင်မတန် ဘူမိနက်သန်ထူးမြတ်တယ်။ သိကြားမင်းက လိုက်နေတယ်။ နောက်ကနေ တစ်ကောက်ကောက်လိုက်နေတယ်။ ဒါ ခင်ဗျားတို့ကိုပြောလိုက်ပြီနော်။ သကြားမင်းက တစ်ကောက်ကောက်လိုက်တယ်။ မကောင်းတဲ့လူကတော့ ဖျက်မှာပဲ။ အဝိဇ္ဇာကဖျက်မယ်။ မိစ္ဆာဒိဋ္ဌိကလည်း ဖျက်မယ်။ အဲဒီတော့ အဖျက်နဲ့ လမ်းအမှန်ကို ရောက်အောင် အဖျက်ကိုသည်းခံပြီးတော့ အမှန်ကိုရောက်အောင် ဟောဒီဘဝမှာ ခင်ဗျားတို့ ကျင့်ပါလို့လည်းမပြောဘူး။ မကျင့်ပါနဲ့လို့လည်း မပြောဘူး။ သမ္မာအယူကိုယူလိုက်လို့ရှိရင် ခင်ဗျားတို့ရဲ့ ဒီဘဝမှာ ပါရမီဖြည့်တာနဲ့ ခင်ဗျားရဲ့စိတ်ကလည်း သမ္မာအယူ ယူတာနဲ့ ပါရမီဖြည့်လိုက်လို့ရှိရင် ခင်ဗျားတို့ လှေကြုံစီးတာဗျ။ အဲဒီလိုလှေကြုံစီးလို့ရှိရင် လှေကြုံမှာ စီးတတ်ဖို့လိုတယ်။ ခင်ဗျားတို့ နတ်ပြည်ရောက်လို့ရှိရင် အဲ နတ်ပြည်ကနေပြီးတော့ အပါယ်ပိတ်ဖို့ သမ္မာအယူနဲ့ ယူသွားလို့ နတ်ပြည်ရောက်တယ်။ နတ်ပြည်ကနေပြီးတော့ အထက်ကို ခင်ဗျားတို့ကူးမှာ။ အောက်ဆင်းမှာမဟုတ်တော့ဘူး။ အောက်ဆင်းမှာက ကံခေါ်တယ်။ အထက်ကူးမှာက မဂ်ခေါ်တယ်။ သဘောလေးနော်။ အဲဒါတွေကို လုပ်ကြ။ သမ္မာအယူနဲ့ ထမင်းကြမ်းခဲလေးစား။ ဆရာတော် ဦးဉာဏ်ဒေါ ပြောပါတယ်။ ထမင်းကြမ်းခဲလေးနဲ့ ထန်းလျက်ခဲလေးကိုက်စား၊ စိတ်မှန်ဖို့အရေးကြီးတယ်။ သမ္မာကိုနှလုံးသွင်းတတ်ဖို့ အကျိုးရှိတဲ့တရားကို နှလုံးသွင်းပါ။ အကျိုးမရှိတဲ့တရားကို နှလုံးမသွင်းပါနဲ့။ ဘာဖြစ်ဖြစ် ရှေ့စိတ်၊ နောက်စိတ်နဲ့သုံး။ ဘာဖြစ်ဖြစ် တစ်ယောက်နဲ့တစ်ယောက် ဥပါယ်တံမျဉ် စေတနာတွေနဲ့ ပုပ္ပ၊ မုဉ္စ၊ ပရဆိုတဲ့ စေတနာ အဲ သူ့ကိုလည်း လေးစားပါ။ ကိုယ့်ကိုလည်း လေးစားပါ။ သူ့ကိုလည်း ခင်ပါ။ ကိုယ့်ကိုလည်း ခင်ပါ။ တစ်နေ့ ဒီလမ်းကပြန်ကြမယ့် အနတ္တတရားကြီး။ ဘယ်သူအရင်ပျက်မလဲ။ နက်ဖြန်ခါ သေမလား၊ သဘက်ခါ သေမလား။ ဖိန္နဲခါ သေမလား။ အဲဒါ အနတ္တပေါ့ဗျ။ ပျက်သွားတာပေါ့ဗျ။ အဲဒီတော့ မပျက်ခင်မှာ စေတနာကို ဦးထိပ်ထားပြီးတော့ တစ်ယောက်နဲ့တစ်ယောက် စေတနာ၊ ချစ်ချစ်ခင်ခင်၊ ကြင်ကြင်နာနာနဲ့ သစ္စာရှိရှိနဲ့ မေတ္တာတွေနဲ့ နေကြ၊ ထိုင်ကြ၊ သွားကြ၊ လာကြ၊ စားကြ၊ သောက်ကြ။ မသူတော်တွေနဲ့ မပေါင်းကြပါနဲ့လို့ ဦးဇင်း က ဒီနေရာက မေတ္တာရပ်ခံပါတယ်ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား။ )

ဖြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာစေတီပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၂၄.၅.၁၉၉၄)ရက်နေ့

ဝိသုဒ္ဓိကျောင်း၊ ဖြောင်းမြမြို့၊

ကံစေတီဌာပနာပိတ်ပွဲ (နံနက်ပိုင်း)

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၇၆)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ် (၁၇၆)
# (၂၄.၅.၁၉၉၄) ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့ ကံ့စေတီဌာပနာပိတ်ပွဲ
# ဝိသုဒ္ဓိဆရာတော် တရားတော် (နံနက်ပိုင်း)

ဒကာ၊ ဒကာမများ ဆရာတော်၊ ဆရာတော်တွေ၊ ဒကာကြီးတွေ၊ ဒကာမကြီးတွေ ဒီဘဝမှာ အနိစ္စရာယ်၊ ဒုက္ခရယ်၊ အနတ္တရယ်၊ အသိဟာမမြဲပါဘူးတဲ့။ မြင်တာ မမြဲဘူး၊ ကြားတာ မမြဲဘူး၊ နံတာ မမြဲဘူး၊ စားတာ မမြဲဘူး၊ ထိတာ မမြဲဘူးတဲ့။ မမြဲတော့ မစွဲဘူး။ မစွဲတော့ ဥပါဒါန်ပြတ်တယ်။ ဥပါဒါန်ပြတ်တော့ ကံပြတ်တာပေါ့ဗျာ။ ဒီတရား၊ ဒီစိတ်နဲ့၊ ဒီသာသနာကို ဖွင့်ပေးတာပါ။ ခုနက စွဲတာက အတ္တစိတ်ခေါ်တယ်။ အစွဲပြတ်ရင် သမ္မာဒိဋ္ဌိအယူသိလာလိမ့်မယ်။ မိစ္ဆာဒိဋ္ဌိအယူကို သိလာမယ်။ ဒကာကြီးတွေ၊ ဒကာမကြီးတွေ၊ ဒကာလေးတွေ၊ ဒကာမလေးတွေ ခုနှစ်ရက်သား၊ ခုနှစ်ရက်သမီးက သမ္မာအယူ ကောင်းသောအယူ (၃၈)ဖြာမင်္ဂလာ၊ ဗောဓိပက္ခိယတရား၊ ဘုရားရဲ့ တရားတော်နဲ့ ဉာဏ်ရရင် နှလုံးသွင်းလို့ရတယ်။ ဒါဟာ အပါယ်ပိတ်တာပဲ။ ဦးပဏ္ဍိတ ရဲ့ မေတ္တာဟာ (၃၁)ဘုံကို လွတ်သွားပြီဗျို့။ ဒါ နိဗ္ဗာန်ကူးမှာ။ အဲဒီတော့ ဒကာကြီးတွေ၊ ဒကာမကြီးတွေ၊ ဆရာတော်တွေ၊ သံဃတော်တွေ ဦးပဏ္ဍိတ ဘာတွေလုပ်သလဲစောင့်ကြည့်ပါ။ (၃၁)ဘုံမှာ ဗြဟ္မာ့ဘုံရှိပါတယ်။ နတ်ဘုံရှိပါတယ်။ အပါယ်လေးဘုံ ရှိပါတယ်။ လူ့ဘုံရှိပါတယ်။ ရပ်ပြစ်ရှစ်ပါးဟာ အပါယ်လေးဘုံမှာပါ။ ဒါကြောင့် ဒီနာမ်ပုဂ္ဂိုလ်ကို ပထမဦးစွာ သာသနာပြုပေးရတယ်။ နာမ်ပုဂ္ဂိုလ်ကို သာသနာပြုပြီးရင် ဒကာ၊ ဒကာမအားလုံးများကို ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စတရား၊ နိရောဓသစ္စာ၊ သစ္စာလေးပါး။ ဦးဇင်း က ဒကာ၊ ဒကာမများကို ဟောပြောပြပါမယ်။ ဒါ ခန္ဓာက အသိကိုဟောတာပါ။ အခုနက ပြောသလို စာတော့မတတ်ဘူး။ အဲဒီတော့ ခင်ဗျားတို့ ဒကာ၊ ဒကာမတွေဟာ ဘာဖြစ်ဖြစ် ဒီအသိတွေဟာ တစ်နေ့သောအခါ အင်မတန်မှ သိရပါလိမ့်မယ်။ အခု ဒီသာသနာကြီးကို နှစ်ခုပြုရပါတယ်။ နာမ်ပုဂ္ဂိုလ်တွေဟာ အတိတ်အကြောင်း၊ အခုဘဝက ပစ္စုပ္ပန်အကြောင်း၊ အကြောင်းနှစ်ခုကို ဦးဇင်း က ပြုရပါတယ်။ ဒီလောက်ဆိုပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား။ )

# မြောင်းမြမြို့

# ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

# အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၂၄.၅.၁၉၉၄)ရက်နေ့၊ မြောင်းမြမြို့

ဝိသုဒ္ဓိကျောင်း၊ ကံစေတီဌာပနာပိတ်ပွဲတွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၇၇)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ် (၁၇၇)
# (၂၄.၅.၁၉၉၄)ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့ ကံဇေတီဒွာပနာပိတ်ပွဲ
# ဝိသုဒ္ဓိဆရာတော် တရားတော်

အဲဒီတော့ ဗမာစာမတတ်ပါဘူး။ ပဋိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဆိုတဲ့ သာသနာ(၃)ရပ်ရှိပါတယ် ဦးဇင်း အခြေခံပြောပြမယ်ဆိုရင် အရင်တုန်းက ဘာသီလမှလည်း မယူပါဘူး။ အဲဒီတော့ ဘာလုပ်လဲ မကောင်းတဲ့အရာတွေကို လုပ်ပါတယ်။ မကောင်းတဲ့ဟာတွေကို လုပ်တဲ့အတွက်ကြောင့် မိစ္ဆာဒိဋ္ဌိ ခေါ်ပါတယ်။ အဲဒီတော့ မိစ္ဆာဒိဋ္ဌိနဲ့လာခဲ့တာ။ လူဖြစ်ကတည်းက မိစ္ဆာဒိဋ္ဌိတွေကို နှလုံးသွင်းပြီးတော့ လုပ်လာတာ။ ငါးဆယ်နဲ့လေးနှစ်အရွယ်ရောက်တော့ အဲဒီတော့ ဒီလိုလုပ်လာတဲ့အတွက်ကြောင့် သားမယားကလည်း မကြည်ဖြူဘူးဗျ။ သားမသီးကလည်း မကြည်ဖြူဘူးဗျ။ ဘာဖြစ်လို့လဲ။ မကောင်း တဲ့ဟာလုပ်တာကိုဗျ။ အဲဒီတော့ ကိုယ်ကမကောင်းတဲ့ ကာယကံမှုတွေ၊ ဝစီကံမှုတွေ၊ မနောကံမှုတွေ ချည်းပဲ ကိုယ့်ဟာကိုယ် ဖဲရိုက်လာပြီးတော့ လျှောက်မူးတော့တာပဲ။ မကောင်းတာတွေကို နှစ်ပေါင်း၊ လပေါင်း၊ ရက်ပေါင်း လုပ်လာတဲ့ မိစ္ဆာဒိဋ္ဌိဟာ ဒီတော့ မကောင်းတဲ့စိတ်ကိုပဲ နှလုံးသွင်းပြီးတော့ သေသွားရင် အပါယ်လေးဘုံကိုရောက်ပါတယ်ဗျာ။ ဒါ အင်မတန်မှ ကြောက်မက်ဖွယ်ကောင်းပါတယ်။ သီလကလည်းမရှိ၊ စာရိတ္တကလည်းပျက်။ သီလကလည်းပျက်။ ကံနိမ့်တယ်ဗျို့ အဲဒီတော့ သူဟာ လောကီပညာမှာ ပန်းတိမ်ပညာလည်းမတတ်၊ စာမတတ်၊ ပညာလည်းမတတ်တော့ ဒါကြောင့်မို့ အဲဒါ မိစ္ဆာဒိဋ္ဌိဖြစ်တယ်နော်။ ဒါ အသိကိုလုပ်ခဲ့ပါတယ်။ အားလုံး ဒီအသိနဲ့ ဝေယျာဝစ္စတွေကိုလည်း လှူဒါန်းကြတယ်။ ဒါ့ သမ္မာဒိဋ္ဌိကုသိုလ်ကောင်းမှုကံခေါ်တယ်။ ဟိုက မကောင်းတဲ့အကုသိုလ်ကံခေါ် တယ်။ ဘယ်ကံလဲ။ မနောကံနော်။ မနောဘဝင်စိတ်က ဖြစ်လာတာ။ အပြင်က မြင်လိုက်တယ်။ ကံတွေ ဒါတွေဟာ ကံတရားတွေ မကောင်းတာလုပ်တာလည်း ကံတရား၊ ကောင်းတာလုပ်တာလည်း ကံတရား။ ဒါကြောင့်မို့ ဦးဇင်း က စာမတတ်တဲ့အတွက်ကြောင့် ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်။ ဒိဋ္ဌိ တွေပေါ့။ ငါ့မယား၊ ငါ့သား၊ ငါ့ပစ္စည်း၊ ငါ့အိမ် ငါပေးလိုက်တယ်။ ငါလုပ်ချင်တာလုပ်မယ်။ ငါ့ပိုက်ဆံ ငါသုံးတာပဲ ဘာဖြစ်လဲ။ နင်နဲ့ဘာဆိုင်လဲ။ ဒါတွေဟာ အတ္တ။ ငါဆိုတဲ့မာန်မာနတွေပါသွားတဲ့အတွက် ကြောင့် အဲဒီတော့ သီလပျက်ပါတယ်ဗျာ။ အဲဒါ မိစ္ဆာဒိဋ္ဌိစိတ်ခေါ်ပါတယ်။ အဲအသိလေး ဖြစ်သွားတယ် နော်။ သူ့ကိုယ်သူ ဟုတ်လှပြီ။ အဲဒီတော့ စာကလည်းမတတ်၊ ပေကလည်းမတတ်၊ ထင်တာစိုင်းလို့ ထင်တာလုပ်။ အဲဒါမကောင်းတဲ့လမ်းကိုသွားမယ့်ပုဂ္ဂိုလ်။ ဒါ မိစ္ဆာဒိဋ္ဌိခေါ်ပါတယ်။ အဲ အဲဒီလိုမိစ္ဆာဒိဋ္ဌိ နဲ့သွားတော့ သားကလည်း မကြည်ဖြူ၊ သမီးကလည်း မကြည်ဖြူ၊ မယားကလည်း မကြည်ဖြူ။

အိမ်နီးနားချင်းတွေကလည်း မကြည်ဖြူ။ အနားတောင် အကပ်မခံတော့ဘူးဗျို့ မယားကလည်း အနားအကပ်မခံတော့ဘူးဗျို့နော်။ ဖာသိဖာသာနေတယ်။ သူ ဒါတွေစိတ်ဆင်းရဲတာ။ ဒီလူကြီးလာရင် စိတ်ဆင်းရဲရ၊ သားတွေ၊ သမီးတွေကလည်း ဒီလူ ငါ့အဖေလာရင် စိတ်ဆင်းရဲရတယ်။ အဲဒီတော့ ဦးဇင်း ဩော် အေး အေး အေး အေး။ ကိုယ့်ဟာကိုယ် သိလာရတယ်။ ကိုယ်မကောင်းတာလုပ်တာ ကိုဗျ။ သူများ အပြစ်မပြောပါဘူး။ ခင်ဗျားတို့ကို အပြစ်မဆိုပါဘူး။ ကိုယ့်မကောင်းတာ ကိုယ်သိသွားတာပါ။ ဩော် အေး အေး။ အဲဒါဘာကြောင့်သိသလဲ။ ဦးဇင်း ဟာ ဦးဇင်း ရဲ့ အိမ်ရှေ့ မြိုင်မာလာ (၂)လမ်းမှာ ဦးမြညွန့် ဆိုတဲ့လူ ကက်ဆက်တရားကိုဖွင့်ပါတယ်။ ဘယ်ကက်ဆက်တရားလဲဆိုတော့ ဆရာတော် သဲအင်းဂူ တရားကက်ဆက်ဖွင့်ပါတယ်။ နောက် ဦးဇင်းရဲ့ အိမ်ခေါင်းရင်းမှာ ဒကာမကြီး တစ်ယောက် အခု ရန်ကုန်မှာရှိပါတယ်။ အဲဒီ ဒကာမကြီးဟာ ဆရာတော်ရဲ့ တရားကို ဖွင့်ပါတယ်။ အဲဒီဆရာတော်ကတော့ ပေမာဝန်ဆရာတော်ကြီးပါ။ အဲဒီတရားကို နားကလည်း တစ်ဖက်လေးတယ်။ အဲဒီတော့မှ တရားကို နာချင်တဲ့စိတ်ကလေးဖြစ်ပါတယ်။ အဲဒီတော့မှ တရားနာချင်တဲ့ စိတ်တွေဖြစ်လာတယ်ဗျ။ အဲဒါတွေကို ဘယ်သူမှမသိဘူး။ သားတွေ၊ သမီးတွေကလည်း မသိဘူး။ မယားကလည်း မသိဘူး။ ကိုယ်ဖြစ်လာတာလား၊ သိချင်လာတာလားတော့ မသိဘူး။ အဲဒါပဲတဲ့။ ငါလေ အလုပ်လုပ်မှပဲ ဒီတရားတွေဟာ ငါလုပ်မှပဲ။ ငါလုပ်မှသိမယ်။ သိမှပယ်မယ်၊ ဘာတွေပယ်မလဲ။ မိစ္ဆာဒိဋ္ဌိကို ပယ်မယ်ဗျို့ အဲဒီတော့ အလုပ်လုပ်တော့မှာပေါ့။ လုပ်တော့သိတယ်၊ သိတော့ပယ်တယ်တဲ့နော်။ ဘာတွေပယ်သလဲ။ မိစ္ဆာဒိဋ္ဌိ ပယ်တယ်။ မိစ္ဆာဒိဋ္ဌိ ပယ်တယ်။ မိစ္ဆာဒိဋ္ဌိ ငါတတ်တယ်။ ငါနားလည်တယ်။ ငါ့မယား၊ ငါ့အိမ်၊ ငါ့ပစ္စည်း၊ ငါဖဲရိုက်တယ်။ ငါအရက်သောက်တယ်။ ဒါတွေဟာ အယူမှား၊ အစွဲမှားကြီး ဖြစ်နေတယ်။ အဲဒါကြောင့် မိစ္ဆာဒိဋ္ဌိကိုပယ်တယ်။ သိရင်ပယ်တယ်၊ ပယ်ရင် ဆိုက်တယ်၊ ဆိုက်ရင်ပွားမယ်။ အဲဒီတော့ သူပယ်တော့မှာကို မိစ္ဆာဒိဋ္ဌိကို အဲသူက အသက်(၅၄)နှစ် အရွယ်ရောက်တော့ ငါတော့ တော်ပြီ။ ဒီနေ့ကစ၍ ငါတရားလုပ်မယ်ဟေ့ဆိုပြီး ဘယ်ထွက်လဲဆိုတော့ ဩော် ထွက်ချင်ရာ ထွက်မှာပဲဆိုတော့ သားမယားကို သူပြောခဲ့လား။ မပြောခဲ့လားတော့ မပြောတတ်ဘူး။ အဲဒါတော့ မေ့နေတယ်ဗျ။ သူတစ်ခါတည်း ထွက်တာပဲဗျို့ ဘယ်ထွက်လဲဆိုတော့ သူညောင်ပင်ကြီးကိုသွားတယ်။ စဉ့်ကူးနားက ညောင်ပင်ကြီး။ အဲဒီတော့ ဇောမိမြိုင်ဆရာတော်ရဲ့ ဈာပနကြီးကိုလည်း ဝင်ဖူးခဲ့ပါတယ်။ အိတ်ထဲမှာလည်း ဝေဘူစာအုပ်တွေလည်းပါတယ်။ တရားလိုချင်တာကိုဗျ။ ဟိုတုန်းက မိုက်လာတဲ့ လူဟာ ဒီနေ့၊ ဒီရက်၊ ဒီလ၊ ဒီအချိန်မှာ ဒီတရားတွေကို သူလုပ်ချင်တာဟာ အဲ လုပ်ချင်လာတဲ့အခါကျတော့ ညောင်ပင်ကြီးရောက်တော့ တရားထိုင်တော့

မှာကိုဗျ။ တရားထိုင်ဖို့လုပ်တော့ ကရင်အမျိုးသားကြီးကလာပါတယ်။ လာပြီးတော့ ခင်ဗျား ဘယ်ကလဲတဲ့။ ကျွန်တော် မြောင်းမြမြို့ကပါ။ ခင်ဗျား နာမည်ဘယ်လိုခေါ်လဲ။ ကျွန်တော့်နာမည် မြမောင် တဲ့။ ဘာလာလုပ်တာလဲ။ တရားထိုင်ဖို့လာတာ။ ဒီကိုအရင်ကရောက်ဖူးလား။ အရင်ကတော့ မရောက်ဖူးဘူး။ ကြားတော့ ကြားဖူးတယ်ဗျာ။ ကာယသတိပဋ္ဌာန်၊ ဓမ္မသတိပဋ္ဌာန်။ ဒါ ဘုရား ဟောတဲ့တရားတွေ။ အဲဒီတော့ ကာယသတိပဋ္ဌာန်သည်တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ မိစ္ဆာဒိဋ္ဌိ လို့ခေါ်ပါသည်။ သမ္မာဒိဋ္ဌိဆိုတာသည် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမာအာဇီဝ မှန်တာကိုကျင့်တယ်၊ မှန်တာကိုပြောတယ်၊ မှန်တာကို အသက်မွေးဝမ်းကြောင်းပြုတယ်။ ဒါ သမ္မာအယူ။ ဟုတ်တယ်ဗျို့။ အဲဒီတော့ မိစ္ဆာဒိဋ္ဌိကိုပယ်ပါပြီဗျာ။ အဲဒီမှာ သမ္မာရောက်တော့မှ သူ့ကို ပယ်လိုက်ပါပြီဗျာ။ အဲဒီတော့ ပယ်လိုက်တဲ့အခါကျတော့ သြော် ထိတာက ရုပ်၊ သိတာက နာမ်။ အဲဒါ သူက ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်း သူလုပ်ပါတယ်ဗျာ။ လုပ်တဲ့အခါကျတော့ ဘာဖြစ်သလဲ။ ကာယသတိပဋ္ဌာန်၊ ကာယဆိုတဲ့ ထိတယ်၊ သိတယ်၊ ထိတယ်၊ သိတယ်။ အဲဒီကာယသတိပဋ္ဌာန်လို အဲဒီအာရုံက လောကီအာရုံကတော့ မယားတွေ တွေးတယ်၊ သားတွေ တွေးတယ်၊ သမီးတွေ တွေးတယ်။ ထိတယ်၊ သိတယ်၊ ထိတယ်၊ သိတယ်လုပ်။ ဒါပဲ သူဘာမှမတွေးတော့ အဲဒီလိုတရားကိုထိုင်တဲ့အခါမှာ တွေးတောတဲ့စိတ်တွေ ခေါင်းပါးလာတယ်ဗျို့။ အဲဒါ ဘာလဲ။ ကာယကံကလည်း လုံလာပြီ။ အဲဒီတော့ ဝစီကလည်း လုံပြီ။ ကာယကံကလည်း လုံပြီ။ မနောကံကတော့ ခက်တယ်ဗျို့။ မနောကံက ဘာလဲ။ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ အဘိဇ္ဈာက ထိန်းဖို့ခက်တယ်။ သြော် ငါ့မိန်းမအတွက် စိုးရိမ်ကြောင့်ကြ ရှိသလား၊ သမီးအတွက် စိုးရိမ်ကြောင့်ကြ ပူသလား။ သားအတွက် စိုးရိမ်ကြောင့်ကြ ရှိသလား။ ဗျာပါဒ၊ ပဋိဃဒေဝ၊ ဒေါမနဿ ရှိသလား။ ငါ ဒီစိုးရိမ်ကြောင့်ကြ စိတ်အာရုံတွေ ငါ့ရှိသေးသလား။ ထိတယ်၊ သိတယ်၊ ထိတယ်၊ သိတယ်။ ဒါပဲလုပ်တယ်။ ဗျာပါဒ အနုသယစိတ်နော်။ မိစ္ဆာဒိဋ္ဌိအနုသယစိတ်ဝင်တယ်ဗျ။ အာရုံ (၆)ပါးလည်းပယ်ပြီး ကျင့်ရတယ်။ အားထုတ်ရတယ်။ ဟာ ဘယ်စိတ်မှလည်း မပေါ်ပါလား။ ထိတယ်၊ သိတယ်၊ ထိတယ်၊ သိတယ်။ ဒါ ဉာဏ်မရသေးပါဘူးဗျာ။ အဲဒီတော့ သီလကို အုတ်ပန္နက်ရိုက်တာ ပါဗျာ။ ဘာသီလလဲ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ အဲဒီသီလက ကံသီလဗျို့နော်။ တက် သွားတာ။ အဲဒီတော့မှ သြော် ဘုရား ဘုရား ဘုရား။ တရားက အူလည်ချာပေါက်ပါလား။ ငါ အိမ်ပြန်ချင်တယ်။ သြော် အိမ်က သားတွေ၊ သမီးတွေ၊ မိန်းမတွေ။ အဲဒီတော့ ကိုယ့်ဟာကိုယ် ထိုင်နေတာ။ အဲဒီအတွေးက ဗျာပါဒဝင်တယ်ဗျို့။ အဲဒီတော့ ကာယကံ၊ ဝစီကံ၊ မနောကံလည်း ဝင် တယ်ဗျို့။ အဲဒါ ဉာဏ်မပေါက်သေးဘူးဗျို့။ အဲဒီတော့ ကာယသတိပဋ္ဌာန်ကနေပြီးတော့ ရက်ပေါင်း၊

လပေါင်း၊ နှစ်ပေါင်း လုပ်လာတဲ့အခါကျတော့ အခုလာတဲ့ အရင်တုန်းက မြမောင် ဟာ ဟိုအိမ်တက်၊ ဒီအိမ်တက်၊ တောထဲမှာတော့ ဘယ်မှမသွားနဲ့။ အပြင်မှာ စင်ကြယ်တာကိုဗျာ။ ဘယ်မှမသွားတော့ဘူးဗျ။ အဲဒီတော့ အပြင်မှာစင်ကြယ်တော့ ခန္ဓာမှာစင်ကြယ်တယ်။ ခန္ဓာမှာ စင်ကြယ်တော့ ဉာဏ်မှာ စင်ကြယ်တယ်။ အသိတရားလည်း ရှိလာတယ်။ ဩော် သီလမဂ်တော့ပေါ်လာပြီ။ အဲဒီအချိန်မှာ ဂရုတစိုက်နဲ့ သမ္မာသမာဓိဆိုတဲ့ သဘာဝကိုပဲ ငါယူရမယ်။ သူ့သဘော သူဆောင်နေတာပါလား။ အဲဒီလိုစိတ်ဖြစ်လာတယ်ဗျာ။ အဲဒီလိုစိတ်ဖြစ်တဲ့အခါ ရက်ပေါင်း၊ လပေါင်းတွေဖြစ်လာတဲ့အခါကျတော့ သမာဓိအားကောင်းလာတဲ့အခါကျတော့ အဲဒါ ဘာနဲ့စစ်ရလဲဆိုတော့ ကာယသတိပဋ္ဌာန် အင်မတန်မှ တရားရဲ့အရသာကို ခံစားရတာပေါ့ဗျာ။ ဗမာလိုဆိုရင်တော့ အစွဲပေါ့ဗျာ၊ အဲဒီလိုသဘောဗျာ။ အဲဒီလိုသိတဲ့အတွက်ကြောင့် နာမ်ဘာလဲဆိုတော့ တို့ဟာ နာမ်ကောင်တွေ၊ ရုပ်မရှိဘူး။ တို့ဟာ နာမ်ကောင်တွေဆိုတော့ ဦးပဏ္ဍိတ ရဲ့ ပါရမီကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ သာသနာကို သိကြားက ကူတယ်၊ သိကြားကလည်း ကူတဲ့အခါမှာ သိကြားဘိုးတော်ကလည်းကူတဲ့အခါမှာ သိကြားမင်းရဲ့ လက်အောက်မှာရှိတဲ့ ဝိဇ္ဇာတွေ၊ သိုက်တွေ၊ ဓါတ်တွေကလည်း အဲဒီသာသနာကို ကူပါတယ်ဗျာ။ ဦးပဏ္ဍိတ ကိုယ်ထိလက်ရောက်မလှူနိုင်တော့ ကိုယ်ထိလက်ရောက်ပေးနိုင်တဲ့ ဒကာ၊ ဒကာမများကို လှူခိုင်းပါတယ်။ သဒ္ဓါကလည်း အလွန်ထက်သန်ပါတယ်။ စေတနာတွေကလည်း ထက်သန်တယ်။ အဲဒီတော့ သမ္မာဆိုတဲ့ ခင်ဗျားတို့ရဲ့ သမ္မာဆိုက် အယူဝါဒလည်းမှန်တယ်။ အဲဒီတော့ ဒါတွေနဲ့ပေါင်းပြီးတော့ ခင်ဗျားတို့က လှူကြဒါန်းကြတယ်။ အဆောက်အဦးတွေဆောက်၊ ဦးပဏ္ဍိတ က ဘာမှစာမတတ်။ သဘောလေးပဲဗျနော်။ ဒကာ၊ ဒကာမ ခုနှစ်ရက်သား၊ ခုနှစ်ရက်သမီး။ ယခုဘဝမှာ ဘုရားကို ယုံကြည်တဲ့စေတနာ၊ တရားကို ယုံကြည် တဲ့စေတနာ၊ သံဃာကို ယုံကြည်တဲ့စေတနာ။ ဒီစေတနာသုံးတန်နဲ့ လှူကြ၊ ဒါန်းကြတဲ့ သဒ္ဓါတွေပါဗျာ။ သဒ္ဓါကနေပြီးတော့ စေတနာက ပရမတ်ပါဗျာ။ ခင်ဗျားရဲ့ နှလုံးသားထဲက စေတနာကတော့ ခင်ဗျားဟာခင်ဗျားခံစားရပါတယ်ဗျာ။ အဲဒါ ဒီစေတနာတွေနဲ့ခံစားရတော့ တစ်ခါတည်း သဒ္ဓါတွေက တဟုန်းဟုန်းတောက်လာတယ်ဗျို့နော်။ ဒီသာသနာဟာ နာမ်ပုဂ္ဂိုလ်က မလှူနိုင်ဘူးဗျ။ ဒါက ဆီ၊ ဒါက ဆန်၊ ဒါက ဘာ၊ ဒါက ညာ။ လူပုဂ္ဂိုလ်တွေလို နာမ်ပုဂ္ဂိုလ်တွေက မလှူနိုင်ဘူးဗျ။ ဦးဇင်း ဘဝပြန်ကြည့်။ ဟာ သိတယ်၊ ဒီနာမ်ပုဂ္ဂိုလ်တွေနဲ့ အကြောင်း၊ အကျိုးဆက်သိတယ်။ ကယ်မှပဲဆိုပြီး ကယ်တာပါဗျာ။ ဒီလောက်ဆိုပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါ ဘုရား။ )

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၂၂.၇.၁၉၉၄)ရက်နေ့၊ မြောင်းမြမြို့

ဝိသုဒ္ဓိကျောင်း၊ ဝါဆိုသင်္ကန်းကပ်ပွဲတွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၇၈)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ် (၁၇၈)
# (၂၂.၇.၁၉၉၄)ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့၊ ဝါဆိုသင်္ကန်းကပ်ပွဲ
# ဝိသုဒ္ဓိဆရာတော် တရားတော်

အသိကို ဦးဇင်း ပြောပါ့မယ်။ စာပေကျမ်းဂန်မတတ်ပါဘူး။ ကျင့်တဲ့ခန္ဓာက အသိကို ဦးဇင်း ပြောပါ့မယ်။ အဲဒီအသိကိုပြောတဲ့အခါမှာ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိယောဓသစ္စာ၊ မဂ္ဂသစ္စာ သစ္စာလေးပါးခေါ်ပါတယ်။ ဒီသစ္စာလေးပါးဟာ ဘာကရသလဲ။ ဝိပဿနာကျင့်တဲ့ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန်၊ သတိပဋ္ဌာန်လေးပါးရဲ့ ခန္ဓာမှာ ဉာဏ်ဆိုက်တော့ ခန္ဓာ(၅)ပါးလို့ခေါ်ပါတယ်။ ရုပ်တရားနဲ့ နာမ်တရား(၄)ပါးလို့ခေါ်ပါတယ်။ ရုပ်ကိုအမှီပြုပြီးတော့ နာမ်ခန္ဓာလေးပါးလို့ စာကနေရေးထားပါတယ်။ အဲဒါ ဦးဇင်း က ပြန်ပြီးတော့ ဒကာ၊ ဒကာမများကို ပြန်ပြီးတော့ အသိနဲ့ စာပေကျမ်းဂန်နဲ့ ဒီကကျင့်ထားတဲ့အသိနဲ့ တိုက်ပါတဲ့။ မင်းတို့တိုက်ကြပါတဲ့။ သစ္စာလေးပါးဆိုတာ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ က လောကီနယ်ထဲမှာနေတယ်ဗျို့။ အဲဒီတော့ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာက လောကုတ္တရာမှာနေတယ် ဗျို့။ အဲဒါကို ပြန်ပြောပြတဲ့အခါမှာ ပြောမှားဆိုမှားရှိရင် ဒကာ၊ ဒကာမများ၊ ဒကာလေး၊ဒကာမလေး တွေ၊ သံဃာတော်အရှင်မြတ်တွေ၊ ထေရ်ကြီးဝါကြီးတွေ၊ ကိုရင်လေးတွေ ဦးဇင်း က တောင်းပန်ပါတယ်။ ဘာလို့တောင်းပန်လဲ။ စာလည်းမတတ်ဘူး။ စာလည်းမတတ်တော့ ပြောမှားဆိုမှားရှိရင် ပညတ်နယ်မှာ ပရမတ်ရဲ့ သဘောကို ပညတ်နဲ့ပြောပြတဲ့အခါကျတော့ သဘောမပေါက်တော့ အဲ ဇဝေဇဝါလေးဖြစ်တတ်မှာစိုးလို့ ဦးဇင်း က နေပြီးတော့ ကိုယ့်ဖအေလို၊ ကိုယ့်မအေလို၊ ကိုယ့်အစ်မကြီးလို၊ ကိုယ့်အစ်ကိုကြီးလို သဘောလေးနဲ့ နာကြပါတဲ့။ စာမတတ်ဘူးတဲ့နော်။ ဒီတရားဟာ အင်မတန် နက်နဲခက်ခဲတယ်။ နက်ရှိုင်းတယ်။ သဘောတရားတွေကိုဖော်ပြီးတော့ ပြောပြပါမယ်။ သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စ၊ သဗ္ဗေ သင်္ခါရဒုက္ခ၊ သဗ္ဗေ သင်္ခါရအနတ္တတဲ့။ စာကဒီလို ရေးထားတယ်။ ရေးထားတဲ့အခါကျတော့ သဗ္ဗေဆိုတာက ဘာလဲတဲ့။ ဒီတော့ အားလုံးရှိကြတဲ့ သက်ရှိသတ္တဝါများလို့ ခေါ်လိမ့်မယ်ဗျနော်။ ဦးဇင်း စာမတတ်ဘူး။ အဲဒီတော့ အားလုံးရှိတဲ့ အဲ ခုနက လူ့ပြည်မှာရောက်လာတဲ့ ပုဂ္ဂိုလ်မှန်သမျှ အကုန်လုံးပေါ့ဗျာ။ ဒါပေါ့ အကုန်ပါတယ်။ သူက ဒါ သစ္စာ လေးပါးနဲ့ပြောတာ။ ခုနက ကြက်ကလည်း သူ့သားလေးတွေကို ကျီးကန်းကချီတော့ အဲဒီမှာ ကြက်မ က လိုက်ခွပ်တာပဲဗျို့။ အဲဒါဘာလဲ စွဲတာ စွဲတာနော်။ သံသရာဘယ်ကသလဲ။ ခန္ဓာက စတယ်၊ သံသရာဘယ်ကစလို့ လည်သလဲ။ ခန္ဓာကလို့ လည်တယ်။ သံသရာ ဘယ်ကပြတ်သလဲ။ ခန္ဓာကစလို့

ပြတ်တယ်နော်။ လည်တာနဲ့ ပြတ်တာ ဒီနှစ်ခုကိုပြောပြတာပါဗျာ။ အဲဒီတော့ ဒါလေးတွေ သေချာလေးနဲ့နော်။ ကိုယ်ကပြတ်လား၊ မပြတ်ဘူးလားဆိုတာ ဘာပြတ်တာလဲ။ အစွဲတွေ၊ အစွဲတွေနော်။ စွဲတာ ပြတ်တာ အဲဒီတော့ ခန္ဓာက အကြောင်းကိုသတ်ရမယ်။ ခန္ဓာက အကြောင်းကိုမသတ်ပဲနဲ့ ဘယ်အကြောင်းကို သတ်မလဲ။ မပြောတတ်ဘူး။ ခန္ဓာရဲ့အကြောင်းတွေ၊ အနုသယ မနောလေးဗျ။ မျက်စိမြင်တော့ သိတယ်၊ နားကြားတော့ သိတယ်၊ နှာခေါင်းနံတော့ သိတယ်။ စားတော့ သိတယ်၊ ထိတော့ သိလာတယ်။ သိတာ စိတ်ကလေးဗျ။ ဘယ်ကသိလဲ။ မနောလေးက။ အဲဒီမှာ သွားသွားပြီး အနုသယစိတ်ကလေးဗျနော်။ သီလကို အထူးအားဖြင့် စောင့်ထိန်းကြပါတဲ့။ ဒါတွေဟာ သြော် မြင်တာ မြင်တာ။ အတ္တနဲ့ မြင်တာလား။ အနတ္တနဲ့ မြင်တာလား။ ကြားတာဟာ အတ္တနဲ့ကြားတာလား၊ အဲ အနတ္တနဲ့ ကြားတာလား။ ဒါစာဗျို့ သြော် ကြားတဲ့အခါမှာ ငါကြားပြီ၊ ကြားလိုက်တဲ့အသံလေးပေါ်မှာ သာယာတယ်။ အဲဒီအသံလေးပေါ် သာယာလိုက်တယ်ဆိုတဲ့ သောမနဿရုပ်ကြီး။ ကံတရား ဒါတွေဟာ ခန္ဓာမှာ သဘောလေးနဲ့ အသိလေးနဲ့ ပြောရတာပါနော်။ ဒါကြောင့် ဒီအာရုံ(၆)ပါးဟာ အင်မတန်ကြောက်မက်ဖွယ်ကောင်းလှပါတယ်ဗျနော်။ အဲဒီစရိုက်တွေကတော့ အဲ ခုနက တစ်ယောက်နဲ့ တစ်ယောက် ခွန်းကြီးခွန်းငယ် အဲ ပြောတဲ့အခါမှာ အပြောမှား၊ အဆိုမှားရှိရင် မကြိုက်လို့ရှိရင် စေတနာပျက်တယ်ဗျ။ ဘုရားက စေတနာကို ဦးစားပေးပြီးတော့ ကံကို အထူးသဖြင့် ဟောထားပါတယ်။ ပုပ္ဗ၊ မုဥ္စ၊ ပရ ဆိုတဲ့ စေတနာတွေ ဒါတွေဟာ ယူတဲ့ကံတွေဗျနော်။ ခုနက သီလစောင့်ထိန်းတဲ့စိတ်၊ သမာဓိစောင့်ထိန်းတဲ့စိတ်၊ ပညာစောင့်ထိန်းတဲ့စိတ်၊ ဉာဏ်ကိုရရှိတဲ့စိတ်။ အဲဒါ ကံဗျို့ သီလဆိုတာက ဘယ်လိုလဲ။ ဦးပဏ္ဍိတ ပြောပြပါဆိုရင် ပြောပြပါမယ်တဲ့။ သီလဆိုတာတဲ့ အပြင်မှာ စင်ကြယ်ရမယ်တဲ့။ အပြင်မှာ သမုတိသစ္စာခေါ်ပါတယ်။ အပြင်မှာ စင်ကြယ်တဲ့အခါ ကိုယ့်ကိုယ်ကို သားမယား၊ သားသမီး၊ ဆွေမျိုးညာတကာနဲ့ ရပ်ကွက်မှာရှိကြတဲ့ ဆွေမျိုးတွေ သို့တည်းမဟုတ် မိတ်ဆွေတွေ ရှိကြတဲ့အခါမှာ အပြင်မှာ ယဉ်ယဉ်ကျေးကျေးနဲ့ နှလုံးသားကလည်း စင်စင်ကြယ်ကြယ်နဲ့ပြောတဲ့အခါမှာ ဒီစိတ်တွေဟာ အပြင်မှာ ယဉ်ယဉ်ကျေးကျေးနဲ့ တစ်ယောက်နဲ့တစ်ယောက် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ အင်မတန်ယဉ်ကျေးတဲ့စေတနာတွေနဲ့ လုပ်တဲ့အတွက်ကြောင့် ဒါဟာ စာအရဆိုရင် သမုတိသစ္စာ။ ဗုမာလိုပြန်လိုက်မယ်ဆိုရင် အဲဒါ သူတော်ကောင်းအစစ်ရောက်ပါပြီ။ သူတော်ကောင်းအစစ်ရောက်တယ်ဆိုရင် ခင်ဗျားဟာ အပါယ်ပိတ်ပြီ။ အဲဒီတော့ သူတော်ကောင်းအဖေါင်းဆောင်း စာလိုပြောမယ်ဆိုရင် သမ္မာဒိဋ္ဌိအယူကို ယူပါတယ်။ မိစ္ဆာဒိဋ္ဌိကို ပယ်ပါတယ်။ သြော် ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့။ အပြင်မှာ နှုတ်ကလေးကချိုပြီးတော့ နှလုံးသားမှာ မဲနေရင်လည်း

အဲဒါက ခင်ဗျားအပေါ်မှာမူတည်တယ်။ အဲဒီတော့ နှလုံးသားထဲမှာလည်း စင်ကြယ်ရမယ်။ ကြည်လင်တောက်ပတဲ့စိတ်ကလေးဖြစ်ရမယ်။ အပြင်မှာလည်း ယဉ်ကျေးစွာနဲ့ မင်္ဂလာ(၃၈)ဖြာနဲ့သုံးထားရင် အတွင်းက နာမ်တွေလည်းကြိုက်၊ သံဃာတွေကကြိုက်ပါတယ်တဲ့။ ဒါက သမုတိသစ္စာ ဒီလို သမုတိသစ္စာနဲ့ မိမိရဲ့စိတ်ဓာတ်ကို စစ်ပါတဲ့။ မိမိရဲ့ စိတ်က ငါက အစွဲနဲ့ အတ္တအစွဲကြီးနဲ့ ငါတတ်တယ်၊ ငါနားလည်တယ်၊ ငါသာ သိတယ်၊ ငါသာ နားလည်တယ်ဆိုတဲ့ စိတ်မျိုးဟာ စာလိုဆိုရင်ဘာလဲ။ မောဟနော်။ လောဘ၊ ဒေါသ၊ မောဟ၊ ဒီမောဟကြောင့် လောဘ၊ ဒေါသတွေဖြစ်တာ။ ဒီမောဟက ဘယ်ကလာသလဲဆိုရင် အာရုံ(၆)ပါး။ အဲဒီတော့ စရိုက်(၆)ပါးပေါ့ဗျာ။ စရိုက်(၆)ပါးကနေ သူ့အသိနဲ့ သူ့အယူ။ အယူကလည်းမှားပြီ၊ အစွဲကလည်း မှားပြီနော်။ မကောင်းတာတွေကိုပြောလိုက်ပြီ၊ မကောင်းတာတွေကို ဆိုလိုက်ပြီ၊ အဲဒါ မောဟဖြစ်သွားလိုက်တာ။ မစဉ်းစားနိုင်တော့ဘူး။ မဆုံးဖြတ်နိုင်တော့ဘူး။ ရှူးကနဲ၊ ဒိုင်းကနဲပဲ။ ဟာ ဘာကြောင့်ဖြစ်ရတာလဲ။ ဒီစိတ်ဟာ သားအတွက်နဲ့ဖြစ်ရတယ်၊ သမီးအတွက်နဲ့ ဖြစ်ရတယ်၊ စီးပွားရေးအတွက်နဲ့ ဖြစ်ရတယ်။ အဲဒါ စီးပွားရေးအတွက် ဖြစ်ရတယ်။ ဒီအကြောင်းအမျိုးမျိုးပေါ်တာက မောဟဖြစ်တယ်ဗျို့နော်။ ခင်ဗျား ဒီအသိတွေကို မတရားသဖြင့် နိုင်ထက်စီးနင်း အတင်းအဓမ္မပြီးတော့ မခံနိုင်ဘူးဗျို့၊ တစ်ခါတည်း မစဉ်းစားနိုင်ဘူး။ အဲဒီအချိန်မှာ မောဟဖြစ်တော့ မောဟစိတ်ဝင်တာနဲ့ ဒေါသနဲ့၊ လောဘဖြစ်လာတယ်ဗျို့။ အဲဒါ ဒီမောဟက ဘယ်က လာသလဲ။ စရိုက်(၆)ပါးကဖြစ်ပါတယ်ဗျာ။ ကိုယ်ကကျင့်မှ မကျင့်ဘဲနဲ့နော်။ ဒီဟာတွေ မကျင့်နိုင်တော့ ကိုယ့်အကျင့်နဲ့ ကိုယ့်အသိနဲ့ အဲဒါတွေဟာ အင်မတန်မှ သီလပျက်ပါတယ်ဗျာ။ သီလပျက်ရင် ဘာဖြစ်လာလဲဗျာ။ ခင်ဗျား(၃၁)ဘုံမှာ မလွတ်တော့ပါဘူးဗျာ။ (၃၁)ဘုံဟာ ဥပမာပြောရမယ်ဆိုရင် ဉာဏ်သမားက ကံကိုထိုးပြလိုက်မယ်။ ဟော ဗြဟ္မာ့ဘုံကလည်း ခင်ဗျားတို့ စာနဲ့ရေးထားတယ်။ ဗြဟ္မာ့ဘုံ(၂၀)လို့ခေါ်ပါတယ်။ နတ်ဘုံ(၆)ဘုံလို့ခေါ်ပါတယ်။ အဲ အပါယ်လေးဘုံလို့ ခေါ်ပါတယ်။ လူ့ဘုံတစ်ဘုံလို့ ခေါ်ပါတယ်။ ပေါင်းလိုက်တော့ ဘယ်လောက်လဲဗျ။ (၃၁)ဘုံ။ ဩော် အေး အေး အေး။ ဩော် (၃၁)ဘုံ ဗြဟ္မာဟာလည်း ခင်ဗျားက ဗြဟ္မာပြည်မှာတဝင်းဝင်း၊ ဝက်စကျင်း တရှဲ့ရှဲ့တဲ့။ ဩော် ဗြဟ္မာဟာ တစ်နေ့သောအခါကျတော့ ဗြဟ္မာရဲ့ သက်တမ်းကုန်တော့ ဘယ်ရောက်မလဲ။ လူ့ပြည်ကိုရောက်လာတယ်။ အဲ ကံကောင်းလို့ လူ့ပြည်ကိုရောက်လာတာ။ လူ့ပြည်ရောက်လာတဲ့ အခါကျတော့ လူ့ပြည်ရောက်လာတော့ သူ့မှာ စရိုက်(၆)ပါးပါလာတယ်ဗျို့။ ပါလာတော့ အပေါင်းအသင်းများတယ်ဗျို့။ အပေါင်းအသင်းတွေပေါင်းလိုက်တော့ မှားလာတယ်ဗျို့၊ မှားလာတော့ဘာဖြစ်လဲဆိုတော့ ဟော အပေါင်းအသင်းမှားလာတော့ အဇာတသတ်မင်းကြည့်။ ဘယ်သူ့သွားပေါင်းလဲ။

ဒေဝဒတ်သွားပေါင်းတယ်ဗျို့ အောက်မှာခံနေရတာဗျို့ ဖအေကတော့ ဗိမ္ဗိသာရမင်းကြီး၊ သားလေးကတော့ အပေါင်းအသင်းမှားသွားတယ်ဗျို့နော်။ ဒါကြောင့်မို့ ဗြဟ္မာ့ပြည်ကနေ လူ့ပြည်ရောက်လာတဲ့အခါ အပေါင်းအသင်းမှားသွားတဲ့အခါ ဟော တိရစ္ဆာန်အပါယ်လေးဘုံကိုရောက်သွားတယ်ဗျို့ လူ့ပြည်ရဲ့သက်တမ်းကုန်တော့လည်း သေတော့လည်း အပါယ်လေးဘုံရောက်တယ်။ အဲဒါ သံသရာလည်တာပေါ့။ (၃၁)ဘုံဝဋ်နော်။ တွေးကြည့်ပါ။ ကိုယ့်အသိလေးနဲ့ကိုယ် တွေးကြည့်ပါ။ ပြီးတော့ နတ်ကလည်း ခင်ဗျားတွေးကြည့်ပေါ့ဗျာ။ အဲဒီနတ်ဘုံတွေနေတဲ့အခါကျတော့ နတ်ရဲ့ သက်တမ်းကုန်ပြန်ရော။ အဲဒီတော့ ဘယ်သွားမလဲ။ လူ့ပြည်လာရင်လာမယ်၊ ငရဲပြည်သွားရင်လည်း သွားမယ်။ အဲ လူ့ပြည်တက်ပြန်တော့ အဲ လူ့ပြည်ရောက်တဲ့အခါ အဲဒါ ဒုစရိုက်(၆)ပါးပါလာတယ်ဗျို့ စရိုက်(၆)ပါးနော်။ တွေးကြည့်၊ ဘာမှအယူမှား၊ အတွေးမှား။ အဲဒါလည်း လည်ပြန်ပြီဗျို့ လူကလည်း စရိုက်(၆)ပါးမလွတ်ဘူးဗျို့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ ရာဇဂုဏ်၊ ဓနဂုဏ်၊ ပစ္စည်းဂုဏ် အဲဒီလို အဲဒါတွေရှိနေတဲ့ အစွဲဥပါဒါန်လေးတွေဖြစ်လာတယ်။ ဒီအစွဲဥပါဒါန်ဟာ (၃၁)ဘုံမှာ ကိုယ့်ရဲ့ ခန္ဓာဝန်ချလိုက်တဲ့အခါကျတော့ (၃၁)ဘုံကိုသွားစွဲလိုက်တယ်။ ဝိညာဉ်ကလေးက အဲဒီ(၃၁)ဘုံထဲမှာ လည်နေတယ်။ ဗြဟ္မာ့ဘုံရောက်လာတဲ့အခါ ရောက်လိုက်၊ အပါယ်လေးဘုံရောက်တဲ့အခါ ရောက်လိုက်။ လည်နေတယ်။ ထွက်ပေါက်တွေမရနိုင်ဘူး။ အဲဒီတော့ ဒီကံလေးဟာ ကံကြောင့် ဘာဖြစ်မလဲ။ ဟော (၃၁)ဘုံကို မလွတ်နိုင်တော့ဘူးနော်။ ကံကြောင့် ဘာဖြစ်လဲ။ ဟော ကံကြောင့် ဇာတိဖြစ်တယ်။ ခင်ဗျား ဝက်ဖြစ်ရင် ဝက်ဇာတိရတယ်၊ ဇာတိပစ္စည်းရပြီဗျို့နော်။ ဇာတိရပြီး ခွေးဖြစ်ရင်လည်း ဇာတိရပြီ။ အကုန်လုံး ဇာတိဖြစ်သွားပြီ။ ဇာတိဖြစ်ရင် ခွေးလေးကလည်း အိုမယ်ဗျ၊ နွားလေးကလည်း အိုမယ်ဗျ။ ကြွက်အမျိုးမျိုး အိုမှာပေါ့ဗျာ။ အဲဒါတွေ ကံနဲ့ အကျိုးပြုတယ်။ ဒါတွေက တွေးကြည့်ပါဗျာ။ ဘယ်လောက်ရင်နာဖို့ကောင်းလဲ။ ဦးဇင်း က မျက်ရည်ကျတယ်။ ဒီတရားဟာ အင်မတန်အဆင့်မြင့်တဲ့ တရားတွေ။ ငါကလည်း အစက မြမောင် လူဆိုး၊ လူပေ။ ဂျပန်ခေတ်က လူမိုက်၊ အဲ လူမိုက်ဆိုတာ လူသတ်တာမဟုတ်ဘူး။ ငါးတွေမျှားလိုက်၊ ဖဲတွေရိုက်လိုက်၊ အရက်တွေသောက်လိုက်။ အဲ ဘိန်းတွေရှုလိုက်၊ ဘိန်းခြောက်တွေရှုလိုက်။ အဲဒါတွေကို ငါလုပ်ပါတယ်။ ဒီလို စွဲတဲ့အယူမှား၊ အစွဲမှားတွေလုပ်တာ ဒါဘာသိလဲ။ စာလိုဆိုရင် မိစ္ဆာဒိဋ္ဌိပေါ့ဗျာ။ ဒါ အပါယ်ကိုသွားမယ့်စိတ်တွေဗျို့ သူမသိလို့လုပ်တာဗျို့ နင်းလုပ်တာပဲဗျာ။ ပျော်ပျော်ပါးပါးလျှောက်လုပ်တာပါပဲဗျာ။ ဒါဘာလဲ။ ကိုယ်စွဲလို့ပေါ့ဗျာ။ သူစွဲလို့ ဒါလုပ်တာပေါ့ဗျာ။ အရက်ပုလင်းဟာ ဘုံဆိုင်မှာထောင်ထားတယ်။ ထောင်ထားတာ ပုလင်းကလာတာမဟုတ်ဘူး။ မြမောင် က စွဲလို့ သောက်တာပေါ့ဗျာ။ အဲဒါ စွဲတာ

ကံပေါ့ဗျာ။ မကောင်းတဲ့ ကံပေါ့ဗျာ။ အဲဒါတွေလုပ်ပါတယ်ဗျာ။ အဲဒီငါးတွေဟာ ကွင်းထဲမှာရှိတဲ့ ငါးတွေပဲ။ သူ့ဘာသာသူ ကွင်းထဲနေတာ။ တွေးတယ်၊ ကြံစည်တယ်၊ နှစ်သက်တယ်။ သူ ငါးမျှားမယ်။ အဲ တီတွေတူးမယ်။ ငါးမျှားမယ်။ ဒီငါးရရင် ငါဘာလုပ်မယ်။ လျှောက်ပြီးတော့ မကောင်းတဲ့အစွဲဥပါဒါန်တွေပေါ့ဗျာ။ အဲဒါစွဲတာပေါ့ဗျာ။ စွဲတာက ကံပေါ့ဗျာ။ အဲဒါ သံသရာဘယ်ကစသလဲ။ ခန္ဓာကစတယ်၊ မနောဘဝင်စိတ်ကလေး ထင်တာတွေလျှောက်စွဲနေတာပဲဗျို့။ ဒါကြောင့်မို့ ကာယကံသောင်းကျန်းမှုတွေ၊ ဝစီကံဖောက်ပြန်မှုတွေ၊ မနောကံ မစ္ဆရိယစိတ် မနာလိုတဲ့စိတ်၊ ဗျာပါဒစိတ်လို့ ရေးထားပါတယ်။ စာကနော် စာကသိပ်မှန်တာပဲဗျို့။ စာကအစစ်ပါပဲဗျာ။ အဲဒီတော့ မြမောင် ဟာ တစ်နေ့တစ်နေ့ မကောင်းတဲ့ဒုစရိုက်(၁၀)ပါးတွေ လျှောက်လုပ်ပါတယ်ဗျာနော်။ အဲဒီဒုစရိုက်(၁၀)ပါးဟာ ဘာကြောင့်ဖြစ်လဲ။ အာရုံ(၆)ပါးကြောင့်ဖြစ်တာပေါ့ဗျာ။ ဒီအာရုံ(၆)ပါးဟာ ဘာလဲ။ စရိုက်(၆)ပါးပေါ့ဗျာ။ ကျင့်မှ မကျင့်တာနော်။ အဲဒီတော့ သီလကိုပျက်တာပေါ့။ အဲဒီတော့ မြမောင် ဟာ တစ်နေ့သောအခါမှာ သူက နောင်တရလာတာပေါ့ဗျာ။ အဲ ထမင်းတွေဘာတွေငတ်၊ ငတ်လာတာပေါ့။ ငတ်တော့မှ ဒီတရား ရတာပေါ့။ အိမ်မှာ ဆန်လေးရှိတယ်။ အကျႌကျကျနနလေးရှိတယ်။ ရေအိုးတို့၊ ခွက်တို့၊ ပန်းကန်တို့ ကျကျနနနဲ့ မယားကလည်း ကြည်ဖြူတယ်ဆိုရင် မြမောင် လောကီကိုအားကိုးနေတာပေါ့ဗျာ။ လောကီ အားကိုးနေတော့ လောကုတ္တရာ သူ မလုပ်ဘူးပေါ့ဗျာ။ လောကီမှာ အားကိုးစရာမရှိတော့ဗျို့။ အိမ်ကလည်းမကောင်း၊ သားတွေ၊ သမီးတွေကလည်း သူ့မှာ အရင်လိုမဟုတ်တော့ဘူး။ ဒီလူကြီးကို ဆေးဖော်ကြောဖက်မလုပ်တော့ဘူး။ မယားကလည်း ခပ်ခွါခွါလုပ်နေတယ်။ စားဖို့သောက်ဖို့ အိမ်မှာကလည်း ဆန်တောင်မရှိ။ ဒီလို မြမောင်ရဲ့အသိ သိလာတော့ ဩော် ငါဟာ ငါ့ဘဝ တော်တော် မကောင်းပါလား။ သူ စဉ်းစားတယ်။ ငါသည် ၁၉၆၁ ခုနှစ်က (၆၀)နှစ်က ဗားမားစကိတ်ထိပေါက်တယ်။ ငါ ၁၉၄၈ ခုနှစ်က ရဲထဲဝင်တယ်။ ၁၉၆၁ ခုနှစ်မှာ ထီပေါက်ပါလား။ ထီပေါက်တော့ ရဲထဲကနေထွက်ပြီးတော့ ပင်စင်ယူပြီးတော့ ဒီအလုပ်ကို ပယ်ပစ်လိုက်တယ်။ ပိုက်ဆံတွေရတယ်ဆိုပြီးတော့ သောင်းကြမ်းတော့တာပဲဗျို့။ မြမောင်နော်။ ဒါဘာလဲ။ လောကီအားကိုးတာပေါ့ဗျာ။ ဘယ်သူမှ မသိပါဘူးဗျာ။ အဲဒါတွေ အဲဒီတရားတွေ မကောင်းတဲ့တရားတွေပြန်ပြီးပြောပြတာပါဗျာ။ အဲဒီလိုလုပ်လာတဲ့အခါမှာ ဩော် ငါ့လောက် ငါဟာ ပိုက်ဆံတွေရတာ ဘယ်သူ့လူထင်ရဦးမှာလဲ။ မဆဲယုံတစ်မယ် မနောမှာ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ အဘိဇ္ဈာတွေ၊ ဝန်တိုမိစ္ဆာ၊ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တွေ သူ့ဖြစ်နေတာ။ မြမောင် မှာ စွတ်စွတ်လုပ်နေတာ။ ဖဲတွေချ၊ ဘာတွေချ။ ကုန်သွားတယ်။ ပိုက်ဆံတွေ၊ အကျႌတောင် ဝတ်စရာမရှိ၊ ပုဆိုးတောင် ဝတ်စရာမရှိ။ အဲဒီတော့ အုန်းဆံထုတယ်။ ထမိန်စုတ်ကလေး

တွေကာထားကာ နောက်မေးတာကြည့် အုန်းဆံဖက်က မျက်စိထဲဝင်တော့ အား မျက်စိထဲ တစ်ခါတည်း ထုတ်လို့လည်းမရ။ အဲဒီအုန်းဆံဖက်ကြောင့် အဲဒီတော့မှ မြမောင် ဟာ စဥ်းစားတာ။ ငါဟာ ငါ့လောက်မိုက်တဲ့လူ ငါပဲ။ ငါထီပေါက်လို့ ကျကျနန ဆင်ခြင်တုံတရားနဲ့နေရင် ငါ ကောင်းကောင်း မွန်မွန် စားရတယ်။ ဖဲကလေးရိုက်လိုက်၊ အရက်ကလေးသောက်လိုက်၊ အပျော်အပါး လိုက်လိုက်။ မယားငယ်တွေ ယူလိုက်။ မြမောင် ဟာ တော်တော်ရှုပ်ပါလား။ သားမယားက ဘာမှမပြောရဲဘူး။ သူခဗျာ သိပ်သနားဖို့ကောင်းပါလား။ အဲဒီတော့မှ မယားကို သနားတာ။ ဟာ သူတို့အပြစ်မရှိပါလား။ သားတွေလည်း အပြစ်မရှိဘူး။ အဲ သမီးတွေလည်း အပြစ်မရှိပါဘူး။ ငါ့အပြစ်ပါ။ ကိုယ့်ဝမ်းထဲမှာ ထားတယ်။ ၁၉၄၈ ခုနှစ်က ရဲထဲဝင်လာပြီးတော့ မိဘတွေရော၊ မယားတွေရော လုပ်ကျွေးခဲ့တယ်။ စားနိုင်တယ်။ အဲဒီထီပေါက်ခါမှပဲ ဒုက္ခရောက်တာပဲ။ ဒီပိုက်ဆံတွေရကာမှ ဒုက္ခတွေရောက်တယ်။ အခု ဒီပိုက်ဆံတွေ တစ်ပြားမှမရှိတော့ဘူး။ မယားတွေလည်း အဲ သမီးနောက်လိုက်သွားပြီ။ သားတွေလည်း ပြောစကား၊ ဆိုစကား နားမထောင်တော့ဘူး။ အဲဒီတော့ အစ်မကြီး တစ်ယောက်ရှိ တယ်ဗျာ။ အစ်မကြီးကလည်း သူ့လင်သေတယ်ဗျ။ သူ့လင်သေသွားတော့ အစ်မကြီးကလည်း အဲ ဦးဇင်းနဲ့အတူတူနေတယ်ဗျ။ အဲဒီတော့ အစ်မကြီးလို့ ဦးဇင်းတော့ မနေချင်တော့ဘူးဗျာ။ ခင်ဗျားပဲ ဒီမှာနေခဲ့။ အဲဒီတော့ မိန်းမက ဘယ်ရောက်နေလဲဆိုတော့ ဟိုတောကိုရောက်သွားပြီဗျို့။ သားတွေ၊ သမီးတွေကလည်း စက်ရုံထဲလုပ်တာပေါ့ဗျာ။ ဟိုအလုပ်၊ ဒီအလုပ် အဲ အဖေ့နားမကပ်ဘူးပေါ့ဗျာ။ အဲဒီတော့ အစ်မကြီးကတော့ ဦးဇင်း နဲ့ ဆွေမျိုးမောင်နှမကိုဗျ။ အတူတူနေတာကို။ အဲဒီတော့ ခင်ဗျား တို့နဲ့ ဦးဇင်း မနေချင်တော့ဘူးဗျာ။ အိမ်ကတော့ တစ်အိမ်တည်းစုနေလိုက်တာ။ မဆုံချင်တော့ဘူး ဗျာ။ ဘယ်သွားမလို့လဲ။ အာ မထူးတော့ပါဘူး။ တရားပဲကျင့်တော့မယ်ဗျို့။ ဒကာခံပါ့မယ်။ ဒါဖြင့် ဦးစန်းအောင် တို့အိမ် အဲဒီမှာ ငါနေရင် ထမင်းတလုတ်တော့စားရပါလိမ့်မယ်တဲ့။ အဲ ဦးစန်းအောင် ရဲ့အိမ်နေရင် ကျွေးမှာပေါ့။ အေး ကောင်းတယ် သွားစားချေဆိုတော့ ဦးဇင်း က အဲဒါမှာ သွားတာကို ဘယ်သွားလဲဆိုတော့ ဦးဇင်းကြီးကနေ မြောင်းမြကနေထွက်လာတာ။ ဦးဇင်း တစ်ယောက်တည်း ထွက်လာတာ။ ထွက်လာတဲ့အခါမှာ ဇောဓိမြိုင်ကျောင်းမရောက်ခင်မှာ ဟေမာဝန်ကျောင်းနားမှာ သစ်တစ်ပင်ရှိတယ်။ ညောင်ပင်ကြီးရှိတယ်။ အဲဒီညောင်ပင်ပေါ်ကနေ ဦးဇင်း ကလည်း ဟိုကြည့်၊ ဒီကြည့်နဲ့။ ညောင်ပင်ပေါ်ကနေ ခုန်လာတာ။ ဘိုးဘိုးအောင်တွေ အားကြီးပဲ။ အား ပေါ်လာတာ။ ဘယ်လိုကိစ္စလဲ။ ငါ့အနားလည်း ဝိုင်းနေပါလား။ ငါ့အနားလည်း ဟိုကသွား၊ ဒီကသွား၊ ဟိုကရွှေ့ ဒီကရွှေ့။ ဘိုးဘိုးအောင်တွေ ကြွလာတာ။ ဟာ တယ်ခက်တာပဲ။ ဘယ်ကမှန်းလည်းမသိ၊ ကိုယ်က

အရှုးလိုဖြစ်နေတာ။ သူများတော့ မမြင်ရဘူး။ ဦးဇင်း က မြင်ရတာ။ အဲဒါကို ခင်ဗျားတို့ပြောပြတာနော်။ အဲဒီကနေ ဦးဇင်း ဘယ်သွားလဲဆိုတော့ ဗောဓိမြိုင်ကျောင်းဆရာတော် ဈာပနတော့ ဦးဇင်း ဝင်ဖူးတာ၊ ဝင်ဖူးတော့ ဒီလိုကျင့်တာ။ ဒီလိုဖြစ်တာ၊ ဒီလိုသေတာ။ မှတ်ထားတယ်ဗျို့။ အဲ သူလည်းသွားရော။ သွားတော့ ကုန်းသာရောက်တယ်ဗျာ။ ကုန်းသာရောက်တော့ ခုနက ကျေးသာတောင်ကနေ ညောင်ပင်ကြီးရောက်တာ။ အဲဒီမှာ တရားအားထုတ်တာပါပဲ။ အဲဒီတော့ သူ ခန္ဓာ(၅)ပါးကို မစွဲတော့ဘူး။ ခြင်ကိုက်လည်း ဒီအသားပေါ်မှာ ကိုက်တာ။ ငါ မစွဲတော့ဘူး။ ဝေဒနာပေါ်မှာလည်း ငါမစွဲတော့ဘူး။ ခန္ဓာ(၅)ပါးကို သူကျင့်တာ။ အာရုံ(၆)ပါးကို သူကနေပြီးတော့ ဒါကနေပြီးတော့ သိမ်းဆည်းထားတာ။ သညာ၊ သမ္မာအာရုံနဲ့လည်း သိမ်းဆည်းထားတာ။ သမ္မာအလုပ် သူလုပ်တာဗျို့။ အဲဒီခန္ဓာ(၅)ပါးပေါ်မှာရှိတဲ့ နေရာထိုင်ခင်း ငါ အယုတ်၊ အလတ်၊ အမြတ်မရွေးတော့ဘူး။ ကြမ်းပေါ်မှာ သူအိပ်နေတယ်။ ဒီအသားကိုထိတယ်။ မစွဲတော့ပါဘူး။ ခန္ဓာ(၅)ပါးကို အကြောင်းရှာတယ်။ အဲဒီတော့မှ သြော် ဘုရား ဘုရား။ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား။ အဲဒါ မှန်တာပေါ့။ ရုပ်ပေါ်နာမ်ပေါ်က နာမ်ကြောင့် ရုပ်ဒုက္ခရောက်ပါလား။ အဲဒီတော့ နာမ်၊ ရုပ်တွေနဲ့ဖြစ်နေပါလား။ အဲဒီတော့မှ သြော် ငါသည် ဒီလိုညောင်ပင်ကြီးမှာထိုင်တဲ့အခါမှာ အရင်တုန်းက ငါ ငါးမျှားတယ်၊ ဖဲရိုက်တယ်၊ အရင်တုန်းက အရက်ဝိုင်းမှာ အရက်သောက်တယ်။ ဒါ ငါစွဲလို့သောက်တာပါလား။ အခု ငါဘာလဲ မသောက်ပါလား။ ဘာမှလည်း မစားပါလား။ အဲဒီတော့ ငါသည် စရိုက်(၆)ပါးကိုပယ်ပြီ။ မြင်တဲ့တံခါး၊ နံတဲ့တံခါး၊ ကြားတဲ့တံခါး၊ စားတဲ့တံခါး၊ ထိတဲ့ တံခါး၊ တွေးတဲ့တံခါး။ စရိုက်(၆)ပါးကို ငါမစွဲတော့ဘူး။ ပယ်မယ်ဆိုပြီးတော့ အဲဒီစရိုက်(၆)ပါးကို ပယ်တဲ့အခါမှာ ပယ်လိုက်ပြီ။ အဲဒီတော့ အပြင်သမုတိသစ္စာကိုလည်း ပြောပါပြီ။ အဲဒီ သမုတိသစ္စာရဲ့ သီလတွေကတော့ စင်ကြယ်သွားပြီ။ အပြင်မှာစင်ကြယ်တော့ ခန္ဓာမှာစင်ကြယ်တယ်။ ခန္ဓာမှာစင်ကြယ်တော့ ဉာဏ်မှာစင်ကြယ်တယ်နော်။ သီလကိုရအောင် အရိယာသီလကို ရအောင်လုပ်နေတာနော်။ ဒါ အရိယာသီလကိုယူတော့မှာကိုဗျ။ အဲဒီတော့ စရိုက်(၆)ပါးကိုလည်း ငါ သမ္မာအယူနဲ့ယူပါတယ်။ မိစ္ဆာအယူနဲ့ မယူပါဘူး။ အဲဒီတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ အဲဒီတော့ မှန်တာကိုပြောပါတယ်။ မှန်တာကိုကျင့်တယ်။ မှန်တာကို အသက်မွေးဝမ်းကြောင်းပြုတယ်တဲ့။ အဲဒါ စရိုက်(၆)ပါးပဲဗျို့။ စရိုက်(၆)ပါးပယ်လိုက်တယ်ဆိုရင် မျက်စိတံခါး၊ နားတံခါး၊ နှာခေါင်းတံခါး၊ လျှာတံခါး၊ ကိုယ်တံခါး၊ မနောတံခါး။ ဒါတွေပယ်တဲ့အခါ ထိတာကရုပ်၊ သိတာကနာမ်၊ ထိတာလည်း မမြဲပါလား၊ သိတာလည်း မမြဲပါလား။ အဲဒါလေးတွေကို အလုပ်လုပ်နေတဲ့အခါမှာ ဘာပယ်ပြန်ပြီလဲ။ ကာယကံဒုစရိုက်၊ ဝစီကံဒုစရိုက်။ ဒုစရိုက်(၁၀)ပါးလည်းပယ်ပြီ။

ကာယကံဒုစရိုက်၊ ဝစီကံဒုစရိုက်၊ မနောကံဒုစရိုက်။ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး။ အဲဒီတော့ ကာယကံ(၃)ပါးပယ်ပါတယ်။ သူများအသက်ကိုလည်း မသတ်ပါဘူး။ သူများပစ္စည်းကိုလည်း မခိုးပါဘူး။ သူများသားမယားကိုလည်း မဖျက်ဆီးပါဘူး။ ဒါ ကာယနဲ့ပတ်သတ်တဲ့ အစွဲဥပါဒါန်ကိုလည်း ငါ ဥပေက္ခာပါမယ်။ ဝစီဆိုတာ မုသာဝါဒါ အဲဒါလည်း ငါမစွဲပါဘူး။ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ ဒီဟာတွေလည်း ငါမစွဲပါဘူး။ ဝစီကံ(၄)ပါးကိုလည်း ငါပယ်ပါပြီ။ အဲဒီတော့ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ အဘိဇ္ဈာသတ်တာ အဲဒါက ဗျာပါဒနဲ့ မိစ္ဆာဒိဋ္ဌိ၊ အဘိဇ္ဈာက ဝိပဿနာကပယ်ရတော့မှာကိုဗျနော်။ ဟိုနှစ်ခုကတော့ ပယ်တော့ပြီးပြီဗျို့။ အဲဒီဗျာပါဒနဲ့ မိစ္ဆာဒိဋ္ဌိနဲ့ အဘိဇ္ဈာနဲ့ မလွယ်ဘူးဗျို့။ မနောအနုသယတွေကို ပယ်ရမယ်။ အဲဒီနေရာမှာ အင်မတန်မှ သမာဓိအားကောင်းမှ တက်လို့ရတယ်နော်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဒါက သီလမဂ္ဂင်ခေါ်ပါတယ်။ သမုတိသစ္စာ အဲ သီလ ခေါ်ပါတယ်။ အပြင်မှာစင်ကြယ်တော့ ခန္ဓာမှာစင်ကြယ်တယ်။ ခန္ဓာမှာစင်ကြယ်တော့ ဉာဏ်မှာစင်ကြယ်တယ်။ သမုတိသစ္စာတော့မှန်ပြီလား။ မှန်လို့ရှိရင် ဝိရတီသစ္စာ၊ ဝိပဿနာကို နှလုံးသွင်းတော့မယ်။ ကောဓမ္မော။ အဲဒီတော့ ဝိပဿနာကျင့်ပါပြီတဲ့။ ဝိပဿနာကျင့်လို့ သမာဓိအားကောင်းလာတဲ့အခါကျတော့ ခတ်လေးပါးကို ခန္ဓာမှာ ဉာဏ်စိုက်ပြီး ခါတ်တွေငြိမ်တယ်ဗျို့။ အဲဒီတော့ ခါတ်တွေတာပဲဗျို့ နော်။ ဒီလိုကျင့်သွားတာနော်။ ဘုရားက ဘာဟောတာလဲဆိုတော့ သဗ္ဗေသင်္ခါရ အနိစ္စ၊ သဗ္ဗေသင်္ခါရ ဒုက္ခ၊ သဗ္ဗေသင်္ခါရ အနတ္တလို့ သတ္တဝါတွေနော်။ ခုနက ဒီကံဟာ (၃၁)ဘုံထဲမှာ လည်နေတာ။ ဗြဟ္မာကလည်း လည်၊ နတ်ကလည်း လည်ပါတယ်။ အဲ အပါယ်လေးဘုံကလည်း လည်ပါတယ်။ လူကလည်း လည်ပါတယ်။ ရပ်ပြစ်ရှစ်ပါးကလည်း လည်ပါတယ်။ ရပ်ပြစ်ရှစ်ပါးဆိုတာ ဘာလဲ။ အေး ရပ်ပြစ်ရှစ်ပါးက တောင်ပိုင်၊ ကွင်းပိုင်၊ တစ္ဆေ၊ သရဲ့ ဟိုလည်းမရောက်၊ ဒီလည်းမရောက်။ သစ်ပင်ကြို သစ်ပင်ကြားနေတာပါဗျာတဲ့။ အဲဒီတော့ ဒါတွေနေတဲ့အခါကျတော့ ဦးပဏ္ဍိတက ဒါတွေ သာသနာပြုပေးပါလို့ ဟိုသူကပြောကြတာကို။ စာမတတ်ဘူးဗျ။ ဦးဇင်း စာ ဘာမှမတတ်ဘူး။ သံဃာနာယကတွေက ထေရ်ကြီး ဝါကြီးတွေရှိပါတယ်ဗျာ။ သူတို့မှာ ဝါ(၂၀၊ ၃၀)ရှိပါပြီ။ စာတတ်တွေပါ။ ဒီကဘာမှ စာမတတ်တာ။ ဒါ ခွက်ထိုးခံမယ့်သာသနာမဟုတ်ဘူးဗျတဲ့။ အရှင်ဘုရားကို လာလျှုပါလိမ့်မယ်တဲ့။ အဲဒီတော့ အရှင်ဘုရား ဒါလေးတော့ လုပ်ပေးပါဘုရားတဲ့။ ဟာ မလုပ်ပါရစေနဲ့ဗျာ၊ မလုပ်ပါရစေနဲ့။ ဘာမှမတတ်ဘူး။ ဒီပြင် ဆရာတော်ခိုင်းပါ။ အာ မရဘူး လုပ်ပေးပါ။ နာမ်ပုဂ္ဂိုလ်က နိုင်တယ်ဗျို့။ ဟာ တစ်ရက်လည်း တောင်းပန်၊ တစ်ရက်လည်း တောင်းပန်။ အဲဒီပိန္နဲကုန်းမှာ တောင်းပန်ပါတယ်။ သူတစ်နေ့ကအထိ တောင်းပန်ပါတယ်။ မရဘူး၊ မရတော့လည်း အရှင်ဘုရား ကယ်တော်

မူပါဘုရား။ အရှင်ဘုရားမှမကယ်ရင် တပည့်တော်တို့ ဘုရားနဲ့ဝေးပါပြီဘုရား။ အဲဒီလိုပြောပါတယ် နော်။ ဒါ လောကီအာရုံရှိလို့ လောကုတ္တရာအာရုံ သွားတဲ့လူက အာရုံ(၆)ပါးကို လွတ်သွားပြီ။ အဲဒါ သဘောပေါက်တယ်ဗျ။ အာရုံ(၆)ပါးမလွတ်တော့ အဲဒါပေါ့ဗျာနော်။ ကိုယ့်စိတ် ကိုယ်စစ်လိုက်။ အဲဒီတော့ အာရုံ(၆)ပါးက လွတ်တဲ့ခန္ဓာရှိသလို အာရုံ (၆)ပါးမလွတ်တဲ့ ခန္ဓာရှိတယ်။ အဲဒါတွေကို သာသနာပြုပေးပါတဲ့။ ဟော သာသနာအကြောင်း ပေါ်လာပြီဗျို့။ သာသနာပြုပေးပါတဲ့။ စာမတတ်၊ ပေမတတ်တဲ့ ရဟန်းကို သာသနာပြုခိုင်းတော့ အဲ မလုပ်ပါရစေနဲ့။ လုပ်ပါဘုရားတဲ့။ ကယ်တော်မူပါ ဘုရားတဲ့။ အရှင်ဘုရားမှမကယ်ရင် တပည့်တော်တို့ ဘယ်လိုပုဂ္ဂိုလ်မျိုးကို အားကိုးရမှာလဲဘုရားတဲ့။ အရှင်ဘုရားနဲ့ ပဋ္ဌာန်းဆက်ပါပါတယ်ဘုရား။ အေး ဒါဖြင့် ပဋ္ဌာန်းဆက်ကပါရင် ကိုင်းလုပ်မယ်ဗျာ။ ဦးဇင်း အဲဒီမှာ ဝန်ခံလိုက်ပါတယ်။ ရှေးပါရမီနော်။ ဒါကြောင့်မို့ အောင်သစ္စာ ဒါ သိုက်ကပေးထားတာ။ အောင်သစ္စာမဟာခါတ်ပေါင်းချုပ်ဘုရားတဲ့နော်။ အဲဒီတော့ ဒီလိုပုဂ္ဂိုလ်တွေ ပြတဲ့အခါကျတော့ အခု ပေါ့ဗျာ။ ဒကာ၊ ဒကာမများ ဦးဇင်း ကိုလှူပါတယ်။ သင်္ကန်းတွေ လှူပါတယ်။ ဒကာ၊ ဒကာမများ ခုနစ်ရက်သား၊ ခုနစ်ရက်သမီးအပေါင်းများက အားလုံး လိုက်လှဲစွာနဲ့ သဒ္ဓါယုံကြည်မှုနဲ့ စေတနာ တွေနဲ့ လိုက်လှဲစွာလှူကြပါတယ်ဗျာ။ လှူလိုက်တဲ့အခါကျတော့ ဦးပဏ္ဍိတ က အလှူခံပါတယ်ဗျာ။ ခင်ဗျားတို့လှူလိုက်တာက ဦးပဏ္ဍိတကို အကြောင်းပြုပြီး လှူလိုက်တာ။ အေး အေး နင်တို့ရဲ့စိတ် ကလေးတွေက မစွဲတော့ဘူး။ သဒ္ဓါသာအဓိက ပဓါနပဲ။ အရင်က ငါဖြစ်ခဲ့တယ်နော်။ သံဃိကအများကို လှူခဲ့တယ်။ အဲဒါ မနောကို။ အဓိကထားနော်။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ။ ဒါ ခင်ဗျားတို့စိတ်နဲ့ ခင်ဗျားတို့ ပြန်တိုက်ကြည့်ပါ။ ခင်ဗျားတို့မှာ အဲဒီလိုစေတနာတွေနဲ့ ပုပ္ပ၊ မုဥ္စ၊ ပရ စေတနာနဲ့ ခင်ဗျား ဦးပဏ္ဍိတ ကို အကြောင်းပြုပြီး လှူလိုက်တယ်၊ အေး အေး လှူကြတယ်၊ လှူလိုက်တဲ့ဝတ္ထုတွေကို ငါကတဆင့် အယုတ်၊ အလတ်၊ အမြတ်မရွေး အေး လာတဲ့ဘယ်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် ငါပြန်လှူလိုက်ပြီ။ သူ့စေတနာနဲ့ ပေးလိုက်တာ အဲဒါ ဘယ်သူသိမလဲ။ အထူးစေတနာရှိတယ်ဗျို့။ အခု နင်တို့ ငါ့ ပိုက်ဆံတွေပေးတယ်။ သိန်းပေါင်း၊ သန်းပေါင်း နင်တို့ ကုဋေပေါင်းလာလှူကြတဲ့အတွက် နင်တို့ စေတနာတွေနဲ့နင်တို့ ငါပေးပြီး။ ကန်စွန်းရွက်ကလေးတွေပေးပြီ။ ညောင်စေ့လောက်လှူ ညောင်ပင်ကြီး လောက်ရတယ်။ ငါ့ အေး အေး ပေးပြီ။ ငါ့ကိုအကြောင်းပြုပြီးပေးလိုက်ရင် ငါက တစ်ခါ သံဃိက ကိုပြန်လှူပြီးတော့ ပရိဘောဂစေတီ၊ ဓါတုစေတီ၊ ဥဒ္ဒိဿစေတီ ဆိုတာကို ငါက ဘုရား တည်ပေးပြီ တဲ့။ ဘာလဲ နာမ်ပုဂ္ဂိုလ်တွေတဲ့။ နာမ်ပုဂ္ဂိုလ်တွေ သစ်ပင်ကြို သစ်ပင်ကြားမှာနေရတဲ့အတွက်ကြောင့် ဦးပဏ္ဍိတ က လုပ်ပေးပါတဲ့။ အားကိုးတာ။ ဒါကြောင့် စည်ပင်စမ်းမှာ ဘုရားတစ်ဆူ၊ ပိန္နဲကုန်းမှာ

ဘုရားတစ်ဆူ၊ ဒီမြောင်းမြဝိသုဒ္ဓိမဟာမြိုင်မှာ အခုကျောင်းတွေတည်ပေးတယ်။ ရေကန်၊ ဘုရားတွေ တည်ပေးတယ်။ သိမ်တွေဆောက်တယ်။ ဒါ သံဃိက ဦးပဏ္ဍိတ ဟာ မဟုတ်ပါဘူး။ ဦးပဏ္ဍိတ က သူက မနက်ဖြန်သွားမလား၊ သဘက်ခါသွားမလား၊ သွားမယ်လေ။ နောက်လာကြမယ့် ဆရာတော်၊ သမားတော်တွေ၊ ရဟန်းအပေါင်းနဲ့ သီလရှင်တွေအကုန် သူတို့သံဃိက သူများစိတ်ချမ်းသာပါစေ ဆိုပြီး လုပ်ပေးလိုက်တာနော်။ ကျောင်းကြီးကြီး ဆောက်ပေးတာ။ ဦးပဏ္ဍိတ ဆိုပြီးတော့ ဆောက်ပေးတာပဲ။ ဦးပဏ္ဍိတ တောင်းရင် အကုန်ပေးတယ်။ သူတို့ဟာ ဒီကလည်း မတောင်းရဲဘူးဗျို့ တောင်းတော့လည်း ကောင်းတာပေါ့ဗျာ။ ဦးပဏ္ဍိတ နေဖို့ဆိုပြီး အခန်းတွေချဲ့ဗျို့ ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ တိုက်နေတာပဲ။ တိုက်ပေးတယ်ဆို ဒကာကြီး ဦးအုန်းမြင့် ရေ သီလရှင်က အပါး(၄၀)ကျော်ရှိတယ် ဗျာ။ အဲဒါ သီလရှင်တွေထားပါ့မယ်ဗျာ။ ဦးဇင်း ထားချင်ရင်တော့ ဘယ်သူ့ဖြစ်ဖြစ် သူကျရာ အကုန် လျှောက်ထားတာနော်။ အဲဒီတော့ ခင်ဗျားတို့နေကြပါ။ ဒကာ၊ ဒကာမတွေလှူလိုက်တယ်။ လှူလိုက် တာထက် တရားရဖို့အရေးကြီးတယ်။ ဟိုက ဦးပဏ္ဍိတကိုအကြောင်းပြုပြီးမှ ဦးပဏ္ဍိတ ဟာ အယုတ်၊ အလတ်၊ အမြတ်မရွေး သံဃာတော်အရှင်မြတ်တွေ၊ ဒကာ၊ ဒကာမတွေ၊ ဆရာလေးတွေ နေထိုင်ကြ ပါ။ သီတင်းသုံးကြပါ။ နောက်ဆုံးတော့ ရေချိုးဖို့ဟာတွေလုပ်ပေးတယ်။ အမြဲတမ်းလုပ်ပေးတယ်။ ဒါဘာလဲ။ အပြင်ဘက်က ဒကာ၊ ဒကာမတွေဟာ ဦးပဏ္ဍိတ ကို အကြောင်းပြုပြီး လှူတာပါ။ အဲဒါ ဦးပဏ္ဍိတ က သြော် ဒါတွေ သံဃိကအနေနဲ့ပြန်ပြီးတော့ အဲ လုပ်ကြ၊ ကိုင်ကြ။ ရဟန်းတွေသုံးဖို့ ဆရာလေးတွေနေကြဖို့၊ ထိုင်ကြဖို့ လုပ်ပေးတာဗျာနော်။ ဒါလေးတွေကိုစစ်ပြီးတော့ ကြည့်မယ်ဆိုရင် သဘောပေါက်မှာပါ။ အင်မတန်အကျိုးရှိပါတယ်နော်။ ဘာမှ ဦးဇင်း ဒီကျောင်းမှာ ဦးဇင်းဘာမှ မသက် ဆိုင်ပါဘူး။ ဦးဇင်း ရဲ့ ခန္ဓာ(၅)ပါးက ဥပေက္ခာထားတယ်ဗျို့ သူပြောသွားပြီ။ ခန္ဓာကို သူပြောတာပါ။ ခန္ဓာ(၅)ပါးပေါ်က ထမင်းဆာလည်း မစားဘူး။ သူလုပ်ထားတာ။ အဲ မစားပါဘူး။ သိဒ္ဓိ(၁၀)ပါး သြော် ဒကာမကြီးတွေ စားကြပါစေ။ ငပိထောင်းနဲ့စားမယ်။ နင်တို့ကြက်သားနဲ့စားကြ။ ဒီလောက်အထိ မေတ္တာကြီးမားပါတယ်နော်။ ဒီလို မေတ္တာကြီးမားတာဟာ ဘာကြောင့်လဲ။ သစ္စာလေးပါးမှန်လို့ မေတ္တာ အောင်တာပါဗျာ။ ခင်ဗျားတို့ ဒကာ၊ ဒကာမတွေကလည်း အဲဒီတော့ အယုတ်၊ အလတ်၊ အမြတ် မရွေးတော့ဘဲ ကိုယ့်ရဲ့အသိလေးတွေပြောင်းပါဗျာ။ မပြောင်းရင်တော့ ခင်ဗျားတို့ထိုက်နဲ့ ခင်ဗျားတို့ ကံပဲ။ ဒီ ဦးပဏ္ဍိတ ဟာ စာမတတ်ပါဘူး။ သူ့ရဲ့ဘဝဖြစ်စဉ်ကိုလည်း ပြောပြပါတယ်။ မတော်တာတွေ လည်း လုပ်ပါတယ်ဗျာ။ အကုန်ပြောပြပါတယ်။ ကောင်းတာကိုလည်း သဘောနဲ့ဟောပြပါတယ်။ အဲ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ စွဲလို့ဖြစ်တာပါ။ နိရောဓသစ္စာ ပြတ်သွားတာပါ။ နိရောဓသစ္စာနဲ့

မဂ္ဂသစ္စာက ဒီမဂ္ဂင်ရှစ်ပါးကို လမ်းဆုံးတော့ နိရောဓရတာပါပဲ။ အဲဒီတော့ ရတော့မှ ခင်ဗျားတို့ ပောပြတာပါ။ အဲဒါ သစ္စာလေးပါးခေါ်တယ်ဗျို့။ ကိုယ့်ကိုနှိပ်စက်ထားတာ ကမ္မာသဝ၊ ဒိဋ္ဌာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝ အဲဒီ(၄)မျိုးဟာ အဝိဇ္ဇာဆိုတာ အာရုံ(၆)ပါးခေါ်တယ်။ ဒိဋ္ဌာသဝဆိုတာ ခန္ဓာ(၅)ပါးကို မမြင်တာ။ အဲ ဘဝါသဝဆိုတာ ဘဝကိုနှစ်သက်တာ။ ဘဝကို ဘာကြောင့်နှစ်သက်သလဲ။ ကမ္မာသဝ ကိုမသိလို့ ဘဝကို စုံမက်တာ။ ဒီသဘောတွေပဲ။ ဒါတွေက ကံတရားတွေ။ အဲဒါတွေက ကံတွေပဲနော်။ ဒါတွေဟာ အနုသယကံတွေ။ အဲဒီကံတွေကနေ ကံကြီးလည်းဖြစ်ချင်ဖြစ်မယ်။ ကံလေးလည်း ဖြစ်ချင်ဖြစ်မယ်။ ခင်ဗျားတို့အပေါ်မှာ မူတည်တယ်။ ဒီလို(၃၁)ဘုံ ဥပမာ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်။ ဒီလို (၃၁)ဘုံလွတ်တဲ့လူကို ခင်ဗျားတို့ အားရပါးရလှူသွားတဲ့ပုဂ္ဂိုလ်တွေဟာ အဲဒီမျိုးစေ့ရပါတယ်ဗျာ။ အဲဒီမျိုးစေ့ကတော့ ဟာ အင်မတန်မှကောင်းပါတယ်။ ဥပမာလေးပြောပြမယ်ဆိုရင် ဒကာကြီးတို့ ဒကာမကြီးတို့ အိမ်မှာ တစ်နေ့သောအခါ အဲ အိမ်ရှေ့မှာလာပြီးတော့ အဲ လာအလှူခံပါတယ်ဗျာ။ အဲ အမေတို့ရယ်၊ သမီးတို့ရယ် အကိုတို့ရယ် ကျွန်တော်ဟာ တစ်ရွာတစ်ကျေးကပါ။ ကျွန်တော့်ရဲ့ ကိုယ်လက်အင်္ဂါဟာ မစွမ်းမသန်ဖြစ်ပါတယ်ဗျာ။ ထမင်းဖိုးလေးပေးပါဗျာ။ ဟင်းဖိုးလေးပေးပါဗျာ ဆိုရင် အိမ်ရှင်က ဒီအသံကိုကြားတော့ စေတနာထွက်လာတယ်။ အဲဒီတော့ စေတနာထွက်လာတော့ ဒါလည်းလှူတာပဲဗျို့။ အဲ လှူတာ။ ဒီကုသိုလ်ပဲရတာပဲဗျို့။ ခုနက အာရုံ(၆)ပါးမလွတ်တဲ့ ပုဂ္ဂိုလ်ကို လှူတာလည်း ဒီကုသိုလ်ရတာပဲဗျို့။ အာရုံ(၆)ပါးလွတ်တဲ့ပုဂ္ဂိုလ်ကို လှူတာမှ အဲဒါလေးကတော့ ခင်ဗျားတို့ထူးပြီဗျို့။ အဲဒီလို ဒါနစစ်၊ ဒါနမှန်၊ သီလစစ်၊ သီလမှန်၊ ဘာဝနာစစ်၊ ဘာဝနာမှန် ခင်ဗျားရဲ့ အဝိဇ္ဇာတုံးကြီးကို ဆေးကြောပါ။ အဲ အဲဒီတော့ နင်က တစ်ကယ့်စေတနာရှိတဲ့အခါမှာ ဟုတ်ကဲ့၊ ဟုတ်ကဲ့။ အဲဒီတော့ ကိုယ်စိတ်မနိုင်ရင် လူတောထဲမသွားနဲ့။ သြော် ငါစိတ်မနိုင်သေးဘူး။ ငါ ဒီနေရာမှာ သွားသင့်၏၊ မသွားသင့်၏။ မသွားသင့်ရင် မသွားနဲ့။ ကိုယ့်တရားကို ကိုယ့်နှလုံးသွင်း။ အကျိုးရှိတာကို နှလုံးသွင်းပါ။ အကျိုးမရှိတာကို နှလုံးမသွင်းပါနဲ့။ တရားဟာ ကိုယ်မှာရှိပါတယ်။ မြင်တာ တရား၊ ကြားတာ တရား၊ နံတာ တရား၊ စားတာ တရား၊ ထိတာ တရား၊ သိတာ တရားနော်။ တရားဆိုတာ အပါယ်ပိတ်တယ်။ ကိုယ်ကျင့်တရား၊ ဗြဟ္မစိုရ်တရား၊ သံဝေဂတရား။ ဒါ ဒီတရားတွေဟာ ကိုယ်ချင်းစာတတ်တဲ့တရား။ အဲ သံဝေဂရတဲ့တရား၊ ဗြဟ္မစိုရ်တရား။ ဒါတွေ သစ္စာထားပါ။ ပြန်ကြမှာ။ လူ့ပြည်မှာ ဘယ်လောက်မှ မကြာပါဘူး။ ဘယ်လောက်မှ မကြာပါဘူးနော်။ သေကြမှာပဲ။ ဖုတ်လိုက် ဖုတ်လိုက်သေကြမှာပဲနော်။ ဒါကြောင့်မို့ လောကီအာရုံရှိသလို လောကုတ္တရာအာရုံရှိတယ်။ လောကုတ္တရာအာရုံနဲ့ လောကီအာရုံနဲ့ မတူဘူးဗျို့။ အဲဒီတော့ ခန္ဓာမှာကျင့်တဲ့ ခန္ဓာသိတဲ့အသိလေးတွေ

ကို ဆရာကြီးတို့ အဲ ခုနက ဒကာကြီး၊ ဒကာမကြီးတို့၊ ဒကာမလေးတို့ သံဃာတော်အရှင်မြတ်တွေ ဟောပေးတာပါ။ စိတ်ကိုပြောင်းလိုက်ပါ။ ခုနက ဦးပဏ္ဍိတ ပြောပြီ။ လူနာမည် မြမောင် တုန်းကတော့ ရှုပ်တယ်၊ မကောင်းတဲ့တရားကိုလည်း ဟောပြပါတယ်။ ကောင်းတဲ့တရားကိုလည်း ဟောပြပါတယ်။ သံသရာလည်တဲ့အကြောင်းလည်း ပြောပြပါတယ်။ သံသရာလွတ်တဲ့အကြောင်းလည်း ပြောပြပါတယ်။ ဒီလောက်ဆို သဘောပေါက်ရောပေါ့။

( သာဓု .... သာဓု .... သာဓု .... ပါ ဘုရား။ )

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၆.၁၁.၁၉၉၅)ရက်နေ့၊ မြောင်းမြမြို့

ဝိသုဒ္ဓိကျောင်း၊ ကထိန်သင်္ကန်းကပ်ပွဲတွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၇၉)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ် (၁၇၉)
# (၆.၁၁.၁၉၉၅)ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့ ကထိန်သင်္ကန်းကပ်ပွဲ
# ဝိသုဒ္ဓိဆရာတော် တရားတော်

ဦးဇင်း က ဗမာစာမတတ်ပါဘူး။ ခန္ဓာက ကံအသိနဲ့ ဉာဏ်အသိပေါ့။ ခန္ဓာသိကိုပြောပြပါ့မယ်။ ပြောပြတဲ့အခါမှာ ဦးဇင်း က မြန်မာစာမတတ်တော့ ပညတ်မှာ စာပေကျမ်းဂန်မတတ်တော့ မှားယွင်းခဲ့ရင် ပရမတ်တရားကို ပညတ်နယ်ထဲပြောတာ မှားသွားရင် ဆရာတော်၊ သမားတော်တွေ၊ ထေရ်ကြီးဝါကြီးတွေ၊ ရှင်သာမဏေတွေအားလုံး ဦးဇင်း က စာပေမတတ်လို့ ဒကာ၊ ဒကာမများက စာပေကျမ်းဂန်တတ်လို့။ အဲဒီလိုတတ်တဲ့အခါကျတော့ မှားသွားလို့ရှိရင် ဒကာ၊ ဒကာမအားလုံး ရှိကြတဲ့ ဒကာကြီး၊ ဒကာမကြီး၊ ဒကာမလေးတွေ၊ သီလရှင်အပေါင်းများလည်း ဦးဇင်း တောင်းပန်ပါတယ်။ စာမှမတတ်တာ။ အဲဒီတော့ ခန္ဓာက ကံအသိနဲ့၊ ခန္ဓာက ဉာဏ်အသိနဲ့။ ဦးဇင်း သဘောလေးလောက်ပဲ ပြောပြပါ့မယ်။ ကံသိက ပညတ်လို့ခေါ်တယ်။ ဉာဏ်သိကတော့ ပရမတ်လို့ခေါ်မယ်။ အဲဒီတော့ ပညတ်နဲ့ ပရမတ်နယ်မှာ ပရမတ်နယ်ကိုတော့ ကိုင်ပြလို့မရဘူး။ ပညတ်နယ်ကို တင်စားပြီးတော့ သဘောလေးကိုပဲပြောပြပါ။ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးဟောထားတဲ့ တရား(၄)ပါးရှိပါတယ်။ ဒါ အစွဲတရားတွေကို ဟောတာပါ။ အစွဲက ဦးဇင်း က ပယ်ထားတာ။ ကာယကံမှုတွေ၊ ဝစီကံမှုတွေတွေ။ မနောကံမှုတွေ။ ဒါတွေဟာ အစွဲတရားကို ဦးဇင်းပြောပြပါ့မယ်။ ဘုရားကဟောတယ်။ ဘုရားနည်းလမ်းက ကမ္မသဝ၊ ဘဝါသဝ၊ ဒိဋ္ဌိသဝ၊ အဝိဇ္ဇာသဝတဲ့ အဝိဇ္ဇာသဝထဲမှာ ဦးဇင်းလည်းပါတယ်။ အစကတော့ မသိခဲ့လို့ပါဗျာ။ အဝိဇ္ဇာဆိုတာ မြန်မာလိုပြောရင်တော့ အာရုံ(၆)ပါးပေါ့။ ဘယ်ကံက ဒုက္ခပေးတာလဲဆိုတော့ ဦးဇင်းတို့ ကာယကံ၊ ဝစီကံ၊ မနောကံတွေက အင်မတန်မှ သူကမ္မွေနေတယ်နော်။ တစ်နေ့တစ်နေ့ တွေးတာပေါ့ဗျာ။ အဲဒီတော့ မြင်လိုက်တာဘာလဲ မနောက သိတယ်ဗျနော်။ ကံတရားလေးတွေ။ အစွဲတရားလေးတွေနော်။ ဘုရားဟောတဲ့တရားဗျို့။ ဦးဇင်း က ခန္ဓာက ကံအသိနဲ့ ဉာဏ်အသိ။ ကံအသိက ခန္ဓာ။ ကာယကံက အာရုံနောက်ကိုလိုက်နေတယ်။ အဲဒါ ကံအသိ၊ ဉာဏ်အသိကတော့ အာရုံပေါ်မှာ မနောကမလိုက်ဘူး။ အဲဒါ ဉာဏ်။ အသိတရားခေါ်တယ်။ အဲဒါကို ဒကာတို့၊ ဒကာမတို့ အခုသစ္စာနဲ့ပြောတာပါ။ သစ္စာဆိုတာ သမုတိသစ္စာ၊ သည်းခံယူရပါတယ်။ အဲဒီတော့ သမုတိသစ္စာမှန်မှ အဲ နှလုံးသားထဲက သမ္မာမှန်တယ်။ သမ္မာမှန်မှ သမုတိသစ္စာကိုက်မယ်။ အဲဒါလေးကိုပြောပြတာပါ။ အဲဒီ အဝိဇ္ဇာဟာ အင်မတန်မှ ကြောက်မက်ဖွယ်ကောင်းလှပါတယ်နော်။ ဒါ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား။ အမှုမဲ့ သတိမမူ ဂူမမြင်။ လောဘစိတ်၊ ဒေါသစိတ်၊

မောဟစိတ်၊ တဏှာစိတ်၊ မာနစိတ်၊ ဒိဋ္ဌိစိတ်။ ဒီစိတ်ကလေးတွေဟာ သို့လောသို့လော။ ဒါဘာစိတ်လဲ။ လောကီနယ်၊ ပညတ်နယ်က စိတ်ကလေးတွေဗျို့။ သညာပေါင်းလိုက်တော့ သခီရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝတဲ့။ သံသရာလည်ပြီးပြောတဲ့တရားပဲ။ အစွဲတရား၊ ဒီအစွဲတရားကိုမသတ်နိုင်ရင်တော့ ဘာတွေထားခဲ့လဲဆိုတော့ ဘုရားက သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ ထားခဲ့တယ်။ ဝိနည်းလည်းပါပါတယ်။ သုတ္တန်လည်းပါပါတယ်။ အဘိဓမ္မာလည်းပါပါတယ်။ ဒီအစွဲကို တစ်အုံလုံးသတ်ဖို့က မလွယ်ဘူးဗျ။ အဲဒီအစွဲကို အဲ အာရုံပေါ်မှာ မနောကမလိုက်ရင် ကာမဂုဏ် အာရုံပေါ်မှာ စက္ခုအာရုံ၊ မနောအာရုံ၊ နံ့သာအာရုံ၊ ဇိဝှါအာရုံ၊ ကိုယ်အာရုံ။ အဲဒီတော့ ဒါလေးတွေဟာ အနုသယစိတ်ခေါ်တယ်။ ဒါကြောင့်မို့ ကာယနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တနုပဿနာ၊ ဓမ္မ နုပဿနာ။ ဒါတွေကို ဘုရားကဟောပါတယ်။ ကာယသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန် လို့ ပြောပြပါတယ်။ ဒါဖြင့်ရင် ဒကာကြီးတို့လည်း မမြဲပါဘူး။ ဦးပဏ္ဍိတလည်း မမြဲပါဘူး။ အဲဒါ မမြဲ တော့ ဒီဘုံကနေ တစ်ထောက် အနာဂတ်ကိုပြန်ရပါတယ်။ ဘယ်ကလာလဲဆိုတော့ အတိတ်က လာတာ။ အတိတ်နဲ့လာတဲ့အခါကျတော့ ဘာနဲ့လာလဲ။ ကံနဲ့လာတယ်။ အဲဒီကံတွေဟာ အင်မတန်မှ ထူးမြတ်ပါတယ်တဲ့။ အတိတ်က ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ တွေ့လာရပြန်တော့ ယခုဘဝမှာတွေ့ရ ပြန်တယ်။ နောင်ဘဝမှာလည်း တွေ့ရဦးမှာပဲနော်။ အဲဒါလေးတွေကို ခင်ဗျားတို့ ဒီဘဝမှာလှူကြတယ်။ ဘုရားအစစ်၊ တရားအစစ်၊ သံဃာအစစ်။ ဒကာ၊ ဒကာမတွေကလည်း စေတနာအစစ်တွေနဲ့နော်။ အဲဒီတော့ ဒီလှူဒါန်းလိုက်တဲ့ကုသိုလ်လေးတွေနဲ့ ဒါနလေးတွေနဲ့ ခင်ဗျားရဲ့ အဝိဇ္ဇာကို သီလနဲ့ ဆေးကြောပါ။ ဒါနနဲ့ ဆေးကြောပါ။ ဘာဝနာနဲ့ ဆေးကြောပါတဲ့။ ဘုရားက ဒီလိုပြောပါတယ်။ အဲဒီတော့ ပြန်ကြမှာ။ နောက်ပြီးတော့ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ တဏှာ၊ မာနစိတ် တွေအားလုံးပဲ ဖြစ်နေကြတာနော်။ ဒါ အစွဲတရားတွေ။ အဲဒီအစွဲတရားတွေဟာ အင်မတန်မှ နက်နဲနေပါတယ်တဲ့။ ဒါကြောင့် ဦးပဏ္ဍိတ က မျက်ရည်ကျတယ်။ ဩော် ငါသိသလို သိကြပါစေ၊ ငါမြင်သလို မြင်ကြပါစေ။ အဲဒီလို ဟာတွေဖြစ်နေတယ်။ အဲဒါကြောင့် ဩော် အင်မတန်မှလှူကြပါလား၊ အကြီးအကျယ်လှူပါလား။ စိတ်ကတော့ရှိကြတယ်ဗျ။ အင်မတန်မှ ပိုက်ဆံကလည်း ရှားတယ်။ အဲဒီတော့ ပိုက်ဆံတွေက ရှား။ အဲ အစားအသောက်တွေကလည်းရှား။ အဲဒီကြားထဲမှာ ခင်ဗျားတို့ လှူကြတယ်နော်။ အဲဒီတော့ ခင်ဗျားတို့ရဲ့စေတနာကို အရိယာပုဂ္ဂိုလ်တွေက သိပါတယ်တဲ့နော်။ စာ တော့မပေါ်ဘူးပဲ့။ အဲ ခင်ဗျားတို့စေတနာတွေကလည်း အရိယာပုဂ္ဂိုလ်တွေသိတယ်။ သိကြားမင်း ကြီးတွေသိတယ်။ ဗြဟ္မာမင်းကြီးတွေ သိပါတယ်တဲ့။ ဒါ ဦးဇင်း သစ္စာနဲ့ပြောတာနော်။ ခင်ဗျားတို့ရဲ့

စေတနာကိုပြောတာ။ အဲဒီတော့ ဒီလို စေတနာလေးတွေနဲ့ ဒီလိုခေတ်ကြီးထဲမှာ ရှားပါးတဲ့ ခေတ်ကာလကြီးထဲမှာ ခင်ဗျားတို့လာလှူတယ်ဆိုတာ တွက်သာကြည့်တော့ဗျို့ ဘုရားက စေတနာကို ဦးစားပေးပြီးဟောပါတယ်။ ဘာကံလဲ။ သမ္မာကံ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ သမ္မာအာဇီဝတဲ့။ ခင်ဗျားတို့ သီလမဂ္ဂင်နဲ့ ဒါနကို လာလှူတာပါဗျာ။ ခင်ဗျားတို့ ဒါနဟာ ဝတ္ထုပါဗျ။ ဝတ္ထုကတော့ ပညတ်တာပါဗျ။ နှလုံးသားထဲက စေတနာကတော့ ပရမတ်ဗျ။ အဲဒါ စိတ္တဝိသုဒ္ဓိသီလလို့ခေါ်ပါတယ်ဗျာ။ အဲဒီသီလ ကတော့ စင်ကြယ်ပါလိမ့်မယ်ဗျာ။ ဒါနကလည်း စင်ကြယ်ပါလိမ့်မယ်ဗျာ။ အလှူခံတဲ့ပုဂ္ဂိုလ်နဲ့ လှူတဲ့ ပုဂ္ဂိုလ်နဲ့ (၂)ယောက်ပေါင်း အလှူခံတဲ့ပုဂ္ဂိုလ်ကလည်း ကံပြတ်ရမယ့်ပုဂ္ဂိုလ်ဖြစ်ရမယ်ဗျ။ ခင်ဗျား တို့ကလည်း စေတနာမှန်ရမယ်ဗျာ။ အဲဒီစေတနာနဲ့ အဲဒီတော့ ကံပြတ်တဲ့ပုဂ္ဂိုလ်နဲ့ဆိုရင် ဘာလဲ ကုသလာနံ ဓမ္မာနံ ဟေတုပစ္စယောတဲ့။ ဘာတွေပေးမလဲတဲ့။ ဝေဒနီယဒိဋ္ဌ လက်ငင်းမျက်မှောက် အကျိုးပြုတယ်တဲ့။ ဘာတွေအကျိုးပြုသလဲတဲ့။ ခင်ဗျားစိတ်တွေ စစ်ပြီးတော့တဲ့ ကျန်းမာရေးလာဘ် တွေရပါလိမ့်မယ်။ စီးပွားရေးလာဘ်ကတော့ ခင်ဗျားရှေးကံပါရင် ခြေမွှေးမီးမလောင်၊ လက်မွှေး မီးမလောင်ဖြစ်နိုင်တဲ့နော်။ အပါယ်လေးပါးတံခါးပိတ်တယ်တဲ့။ ဒါဟာ ဘုရားအစစ်၊ တရားအစစ်၊ သံဃာအစစ် အဲဒီအစစ်ကို လှူလိုက်တဲ့စေတနာသည် အဲ ခင်ဗျားက ဖြည်းဖြည်းသိလာပါလိမ့်မယ်။ ခင်ဗျားသိလာရလိမ့်မယ်တဲ့။ ဒါဖြင့် ဦးဇင်းက စာပေကျမ်းဂန်မတတ်ဘူးနော်။ စာရေးထားတဲ့အတိုင်း ပြောပြရတာပါ။ စာတော့ ဗမာစာမတတ်ဘူးဗျ။ အဲဒါလေးတွေ ကြားဖူးနားဝရှိတဲ့ဟာလေးတွေကို ပြောပြတာပါနော်။ စာကရေးထားတယ်။ အဲ စာက ဘယ်လိုရေးထားလဲဆိုတော့ ဝတ္ထုဒါနနှင့် ကိုယ့်မှာ ရှိတာက ကိလေသာကာမနှင့် ယှဉ်တွဲသုံးဆောင်မိပါက အများကြိုက်တယ်၊ ကိုယ်လည်းကြိုက်တယ်။ အရိယာပုဂ္ဂိုလ်တွေမကြိုက်ဘူး။ ဘာလို့မကြိုက် လဲ။ မစွဲဘူး။ စွဲတဲ့ပုဂ္ဂိုလ်နဲ့ မစွဲတဲ့ပုဂ္ဂိုလ်။ အဲဒီဟာ ကာယကံရှင်ပေါ်မှာပဲ မူတည်တယ်။ ဘေးကလူက မသိဘူးနော်။ ဟုတ်တာပေါ့။ ခင်ဗျားတို့ရဲ့ စေတနာလည်း ခင်ဗျားစေတနာကို ခင်ဗျားပဲသိတယ်။ ဘေးကလူမသိဘူးတဲ့နော်။ စေတနာကို ဟောသွားတာ။ စေတနာဟာ နိဗ္ဗာန်ရောက်လိမ့်မယ်။ ဝတ္ထုကတော့ ပညတ်ခေါ်တယ်။ အဲဒီတော့ ဝတ္ထုကို ခင်ဗျားအကြောင်းပြုတော့ နှလုံးသားက စေတနာဖြစ်နေပြီတဲ့။ အဲဒီရဟန်းကလည်း သစ္စာ ဖြစ်နေပြီတဲ့။ ကုသလာနံ ကုသလာနံ ဟေတုပစ္စယောတဲ့။ ဒါက အင်မတန်မှ စဉ်းစားရခက်တယ်။ ဦးဇင်း လည်း မမြဲဘူး။ လှူတဲ့ ဒကာ၊ ဒကာမတွေကလည်း မမြဲဘူးနော်။ မမြဲဘူး။ အဲဒါ အနတ္တတရား တွေနော်။ အဲဒီတော့ ပညတ်နယ်မှာတော့ ဦးဇင်း စာတော့မတတ်ဘူးနော်။ ပညတ်နယ်မှာ မိစ္ဆာ ဒိဋ္ဌိကံရှိတယ်ဗျို့ အဲဒီမိစ္ဆာဒိဋ္ဌိရဲ့ကံဟာ အယူမှား၊ အစွဲမှား၊ အမှတ်မှားတယ်။ အဲဒီတော့ သမ္မာကံနဲ့

လုပ်ပါတယ်ဗျာ။ သံဃာကလည်း အစစ်ဖြစ်ပါတယ်ဗျာ။ လှူတဲ့သူကလည်း အစစ်ဖြစ်ပါတယ်ဗျာ။ ခင်ဗျားကြာရင် ခင်ဗျားသိလာပါလိမ့်မယ်ဗျာ။ ခင်ဗျား လုံချည်သာကျွတ်ကျမယ်။ ဒီအသိမကျွတ်ကျတော့ဘူး။ သဘောလေးနဲ့ သဘောလေးနဲ့ပြောသွားမယ်နော်။ သဘောလေးနဲ့ပဲနော်။ အဲ ခန္ဓာသိတရားက တိုတယ်ဗျ။ သိပ်မရှည်ဘူးဗျ။ အဲဒီတော့ ဦးဇင်း က စာတော့မတတ်ဘူးဗျ။ အဲဒီ အာရုံ(၆)ပါး ခင်ဗျားတို့မပယ်လိုက်နိုင်တဲ့အတွက်ကြောင့် မိစ္ဆာကို အဲဒီ စက္ခုအာရုံကလည်း မိစ္ဆာနဲ့ မမြင်ပါနဲ့။ သမ္မာနဲ့မြင်ပါ။ ခင်ဗျားတို့နားကြားတာလည်း မိစ္ဆာနဲ့ အယူကို မယူပါနဲ့။ သမ္မာနဲ့ယူလိုက်ပါ။ ခင်ဗျားရဲ့နှာခေါင်းမှာ နံလိုက်တာလည်း မိစ္ဆာအယူနဲ့မယူပါနဲ့။ သမ္မာအယူနဲ့ ယူလိုက်ပါ။ ခင်ဗျားတို့ရဲ့ စားတာလည်း အတ္တနဲ့မစားပါနဲ့၊ တဏှာနဲ့ မစားပါနဲ့။ အနတ္တနဲ့စားပါ၊ သဘာဝသဘောတရားလေးနဲ့ စားလိုက်ပါတဲ့နော်။ တပေါ့စ လို့ ပါဠိလိုရေးထားတယ်။ ဦးဇင်း က မပြောတတ်လို့နော်။ အဲဒီဟာ တွေဟာ ဉာဏ်နဲ့သိတဲ့တရားတွေပါ။ ခန္ဓာက ဉာဏ်သိတဲ့ ဉာဏ်သိတရားတွေပါ။ ကံသိတာတော့ စွဲလိမ့်မယ်။ မနောကံ အာရုံနောက်ကို မနောကပါနေပြီ။ အဲဒါ ကံသိ အာရုံနောက်ကို မနောမပါရင် ဉာဏ်ပဲ။ သဘောလေးနဲ့နာနော်။ ဒါကြောင့်မို့ ကိုယ့်ဖအေလို၊ ကိုယ့် မအေလို၊ ကိုယ့်အစ်မကြီးလို ဦးဇင်းလည်း မမြဲဘူး၊ ပြန်ရမှာပဲ။ ခင်ဗျားတို့လည်း ပြန်ရမှာ။ ဦးဇင်းကို မစွဲနဲ့။ တရားကိုနှလုံးသွင်းထား။ ဦးပဏ္ဍိတ ရဲ့ပြောတဲ့ အသိတွေကို မပယ်ပါနဲ့။ ယူထားပါ။ အဲဒီတော့ ဦးပဏ္ဍိတ ဟာ စာပေကျမ်းဂန် တော့မတတ်ဘူး။ အဲဒီတော့ သူများပြောတာလား၊ ဦးဇင်း ပြောတာလည်း မယုံနဲ့။ လေ့လာပါ၊ သုံးသပ်ပါ၊ စုံစမ်းပါ၊ မေးမြန်းပါ။ မှန်ရင် အသိကိုယူပါ။ ဦးဇင်းကြီးဆီကို ချဉ်းကပ်တယ်။ ခင်ဗျားတို့ လာလာပြီး ချဉ်းကပ်တာ အနားကပ်တယ်။ ဦးပဏ္ဍိတ က အသိတွေကို ပြောပါတယ်။ အဲဒါ ချဉ်းကပ် တတ်ဖို့လိုတယ်။ အဲ ခုနကပြောသလို ကိုးကွယ်တတ်ဖို့ပါ။ ဦးပဏ္ဍိတ က ဟောလိုက်တဲ့အခါမှာ အသိတရားတွေကို ခင်ဗျားတို့ မြေဝယ်မကျနှလုံးမှာထားတယ်။ အဲဒါ ကိုးကွယ်တယ်လို့ခေါ်တယ်။ အဲဒီဟာလေးတွေကိုယူရမယ်နော်။ ပြန်ကြမှာ။ ဟိုမှာ (၃၁)ဘုံ။ လေးအချေ်နဲ့ ကမ္ဘာတစ်သိန်း၊ ရှစ်အသချေ်နဲ့ ကမ္ဘာတစ်သိန်း၊ တစ်ဆယ့်ခြောက်အသချေ်နဲ့ ကမ္ဘာတစ်သိန်း။ ကမ္ဘာလို့ရေးထား တယ်နော်။ အင်မတန်မှ ကြောက်မယ်ဖွယ်ကောင်းပါတယ်။ အဲဒီတရား။ ခင်ဗျားတို့ နားထောင်။ အဲဒီတော့ လှူတော့လှူတာပေါ့ဗျာ။ ခေတ်ကာလက အင်မတန်ရှားပါတယ်။ ဆီတွေကလည်း ရှားတယ်၊ ဆန်တွေကလည်း ဈေးကြီးတယ်ဗျ။ အစစအရာရာ အကုန်ဈေးကြီးတယ်နော်။ ဝတ်တဲ့ ပုဆိုး၊ အင်္ကျီကအစ ယက်ကန်းကတော့ သိပ်ဈေးကြီးတော့ ချွေပြီးသုံးရမယ်။ ချွေပြီး စားရမယ်။ တပေါ့စ လို့ဆိုပါတယ်။ ကိုယ့်ကိုယ်ကို ဒီရုပ်တရားကြီးမှာ ဒုက္ခသစ္စာတွေပါဗျာနော်။ ဒုက္ခတွေဟာ ခန္ဓာမှာ

ဉာဏ်စိုက်တဲ့အခါမှာ ခန္ဓာမှာ ဉာဏ်စိုက်တော့ ဒုက္ခဝေဒနာတွေပါ။ ခန္ဓာမှာ ကံစိုက်တဲ့အခါမှာ ဒုက္ခကို သူမယူဘူးတဲ့။ ကံနဲ့လာသိတာတဲ့။ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်းအကြောင်း အမှန်တရားတဲ့။ ဒါ စာကရေးထားတယ်။ အဲဒီတော့ ဒီဒုက္ခရဲ့ဒုက္ခကိုမသိလို့ အခုဘဝရဲ့သံယောဇဉ် စွဲလမ်းလို့ အကုန်တွယ်နေတာဗျို့။ အဲဒီတော့ ဘုရားခေတ်နဲ့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးခေတ်နဲ့ ဒီခေတ်နဲ့ မတူဘူး။ ခေတ်ပါတယ်နော်။ စာကတော့ မူသေရေးထားတယ်။ စိတ်တွေက ပြောင်းလဲနေတယ်။ သဘောတရားပါတယ်။ စိတ်ကိုဟောထားတာ။ ဘုရားခေတ်က ကာလရဲ့အချိန်က စိတ်တစ်မျိုး၊ အခုကာလရဲ့စိတ်က တစ်မျိုး။ အခုကာလမှာဆိုရင်တော့ ရေဒီယိုတွေ၊ ကက်ဆက်တွေ၊ ဓါတ်ဘူးတွေ၊ ဝတ္ထုပစ္စည်းပေါများနေတယ်။ ဟိုတုန်းကဆိုရင် အင်မတန်မှ ရှားပါးပါတယ်ဗျာ။ အသုဘတွေက လောက်တွေတက်နေတဲ့အဝတ်စကို ကောက်ပြီးတော့ သင်္ကန်းလုပ်ရပါတယ်ဗျာနော်။ ဒါကြောင့်မို့ သင်္ကန်းတစ်စုံရဖို့ မလွယ်ပါဘူး။ ခုခေတ်ကတော့ ကပ်လိုက်တဲ့သင်္ကန်းတွေ နည်းတာမဟုတ်ပါဘူးဗျာနော်။ ပေါ်ပလင်တို့။ အဲဒီတော့ ခင်ဗျားတို့ရှာထားတဲ့ပစ္စည်းတွေ မှန်တာပေါ့ဗျာနော်။ ဦးဇင်း က ဒါနစစ်ရှိတဲ့ ဥပမာလေးပြောပြပါ့မယ်။ စာပေကျမ်းဂန်မတတ်ဘူး။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်။ တစ်နေ့သောအခါမှာတဲ့ အဲဒီဒကာဟာ သူ့သမီးလေးကို ပေါင်ထားတယ်တဲ့။ ပေါင်ထားတဲ့အခါကျတော့ အဲဒီ(၃)နှစ်ကြာတော့ သူ့သမီးလေးကို ရွေးချင်လို့ သူများအိမ်မှာ ပန်းရံလုပ်ပြီးတော့ ငှားတယ်။ ကြာတဲ့အခါမှာ ပိုက်ဆံလေးတွေရလာတယ်။ ဩော် ငါ့သမီးလေး သွားရွေးမယ်ဆိုပြီးတော့ သမီးရွေးဖို့ ပိုက်ဆံလေးတွေ ခါးပိုက်ထဲထည့်ပြီးသွားရင်းနဲ့ လမ်းခုလတ်မှာ ဆရာတော်တစ်ပါးနဲ့တွေ့တော့ အများတွေ့ကြတာ ထင်းခုတ်တဲ့လူတွေလည်းတွေ့တယ်။ ဒီလူကြီးလည်းတွေ့တယ်၊ တွေ့တော့ သူ့စိတ်က တစ်မျိုးဖြစ်သွားတယ်။ ထင်းခုတ်တဲ့လူတွေကလည်း တွေ့တာပဲ။ အဲဒီလူကြီးကလည်း တွေ့တာပဲဗျာ။ ဒါပေမယ့်ဗျို့ စက္ခုအာရုံကို မနောကတွေ့သွားတော့ သူစိတ်တစ်မျိုးဖြစ်သွားတယ်နော်။ ဒီဆရာတော်ကြီးကို ငါဆွမ်းကပ်ချင်တယ်။ ငါ့ပါလာတာကတော့ သမီးရွေးမယ့်ပိုက်ဆံပဲ။ အဲဒီတော့ ဒီပိုက်ဆံလေးနဲ့ ဘယ်လိုဘယ်နည်းနဲ့မှ ငါမလုပ်တတ်ဘူး။ ထင်းခုတ်တဲ့လူတွေရဲ့ ထမင်းထုပ်တွေကိုလိုက်ဝယ်တယ်။ ထမင်းထုပ်ကလည်း မရောင်းဘူး။ ကျွန်တော်တို့ အပိုမပါဘူးဗျာတဲ့။ ဒီမနက်စာပဲပါတယ်ဗျာတဲ့။ ကျွန်တော်တို့ ဒါကို ရောင်းလို့တော့ မဖြစ်ဘူးဗျာတဲ့။ အဲဒီတော့ ဟိုလူ့မေးလည်း ဒီလိုပြောတယ်။ ဒီလူ့မေးလည်း ဒီလိုပြောတယ်။ သူက ပြန်ပြောတယ်။ ကျုပ်ပိုက်ဆံက သမီးရွေးမယ့်ပိုက်ဆံက အများကြီးဗျို့ ခင်ဗျား ထမင်းထုပ်နဲ့လဲပါလားဗျာ။ အဲဒါမျိုးကျတော့ လဲတယ်။ အဲ နှစ်ထုပ်လောက်ရတယ်။ နှစ်ထုပ်၊ သုံးထုပ်လောက်ရတယ်။

အဲဒါလေးနဲ့ ကိုယ်တော်ကြီးကို ဆွမ်းကပ်တာပဲဗျို့။ ဆွမ်းကပ်တဲ့အခါကျတော့ သူကပ်ချင်တဲ့ အာရုံနဲ့ မနောဟာ ဒီအချိန်မှာ သူကပ်လိုက်ရတော့ သူပီတိဖြစ်သွားတယ်နော်။ သမီးလေးရွေးမယ့်ပိုက်ဆံ ဒါတပ္ပဝတ္ထုကလည်း စင်ကြယ်တယ်။ ဒီလူရဲ့စေတနာကလည်း စင်ကြယ်တယ်။ အကပ်ခံရတဲ့ ရဟန်း ကလည်း သစ္စာ(၄)ပါးရရှိထားတယ်တဲ့။ အဲဒါပဲဗျို့။ အဲဒီလောက်ဆို သဘောပေါက်ရောပေါ့နော်။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား။ )

ဖြောင်းမြမြို့
ဝိသုဒ္ဓိမဟာမြင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၄.၃.၁၉၉၇)ရက်နေ့
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရား
ပိန္နဲကုန်းကျေးရွာ၊ ဖြောင်းမြမြို့နယ်တွင်
ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော
ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၈၀)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ် (၁၈၀)
# (၄.၃.၁၉၉၇)အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရား၊ ပိန္နဲကုန်းရွာ၊ မြောင်းမြမြို့နယ်၊ ဝိသုဒ္ဓိဆရာတော် တရားတော်

ခန္ဓာမှာ နှလုံးသွင်းတော့ သူ့ရဲ့ရှုလိုက်တဲ့လေက ပြင်းထန်တယ်။ အနတ္တဆိုတာက ရုပ်တရား၊ နာမ်တရားတွေက သဘာဝသဘောတရားတွေပဲ။ သင်္ခါရမလုပ်ပဲနဲ့ စေတနာတွေနဲ့ သူထားသွားတာ။ သင်္ခါရတွေလုပ်မယ်ဆို အတ္တဖြစ်သွားမယ်။ သီလ ဆိုတာက ပါဠိလို သီလခေါ်တယ်။ မြန်မာလို စေတနာခေါ်တယ်။ ဟိုဟာက သုတ္တံ၊ ဝိနည်း၊ အဘိဓမ္မာဆိုတာက စာပေကျမ်းဂန်သမားကပြောတာ။ သုတ္တံ၊ ဝိနည်း၊ အဘိဓမ္မာ အဲဒီသုံးမျိုးဟာ လောကီနယ်မှာရှိတယ်။ ခုနက ပရိဘောဂစေတီဆိုတာက ကျောင်းလိုအပ်တာ ဆောင်ရွက်ပေးတာ။ တစ်ချို့ သဘောမပေါက်ကြဘူး။ သဘောမပေါက်တော့ ဒီကလည်း စာမတတ်ဘူး။ ဒီသဘောပါပဲ။ ခုနက စာပေကျမ်းဂန်ကတရားဟာ သူဟာလေးနဲ့ သူ့သဘောလေးနဲ့သွားနေကြတာ။ ဒါကြောင့်မို့ သုတ္တံ၊ ဝိနည်း၊ အဘိဓမ္မာဆိုတာရှိတယ်။ ဒီက ဓမ္မ၊ ပရိဘောဂစေတီ၊ ဓါတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီ၊ ဓမ္မဟာ ပေါက်မြောက်သွားရင် စေတီသုံးမျိုးကို သူလုပ်ပေးတယ်။ ခုနက ဓါတုစေတီဆိုတာ ဓါတ်တို့၊ သိုက်တို့၊ နတ်တို့ ဒါတွေကိုသူလုပ်ပေးတယ်။ ဥဒ္ဒိဿစေတီဆိုတာ စေတီပျက်နေတဲ့အဟောင်းတွေကို ပြင်ပေးတယ်။ ပရိဘောဂဆိုတာ ကျောင်းလိုအပ်တာတွေကို ဖြည့်ပေးတယ်။ ဓမ္မက လုပ်ပေးတယ်။ ဒါကြောင့် ဒီက အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ လက္ခဏာရေး(၃)ပါးကို သူကနေပြီးတော့ အာရုံ(၆)ပါးကိုသတ် တာ။ အနိစ္စရဲ့သဘော၊ ဒုက္ခရဲ့သဘော၊ အနတ္တရဲ့သဘော။ ခန္ဓာမှာ ဉာဏ်စိုက်တာခေါ်တယ်။ ကံရဲ့ လမ်းကြောင်းတွေသိတယ်။ အတိတ်ရဲ့ ကံတွေက သိလာတယ်။ ဘဝဟာ အသင်္ချေ အနန္တဆိုတဲ့ ဟော ပြန်ကြည့်လိုက်တဲ့အခါကျတော့ ကံရဲ့လမ်းကြောင်းတွေဟာ မဆုံးတော့ဘူး။ မဆုံးတဲ့အခါကျ တော့ သူကနေပြီးတော့ ပစ္စုပ္ပန်ကနေပြီး သူရရှိထားတဲ့တရားနဲ့ နှလုံးသွင်းပြန်ရော။ သြော် အနတ္တ ဟုတ်တာပေါ့။ အေး အေး အေး အေး အေး။ အဲဒီတော့မှ သင်္ခါရတရားဟာ ရုပ်တယ်။ ဘယ်ကရုပ် လဲ။ ခန္ဓာကရုပ်တယ်။ သင်္ခါရဆိုတာက အင်မတန်မှ နက်နဲခက်ခဲပါတယ်။ အာရုံခေါ်ပါတယ်။ ဒီအာရုံ ကို သူကနေပြီးတော့ အာရုံနောက်ကို ဒီမနောလေးက မလိုက်ပါဘူး။ အဲဒီကံကလေးက ဘယ်ကလာ လဲ။ အတိတ်ဘဝ အနန္တကပါလာတဲ့ကံ၊ အတိတ်ရဲ့ကံ၊ ပစ္စုပ္ပန်ရဲ့အာရုံ၊ မနောကံ၊ ကိလေသာနဲ့ တဏှာ ရောတဲ့ကံ။ ဒါကို သတ်တာပါ။ ကံဆိုတာ အစွဲတရားပါပဲ။ စွဲရင် ကံပဲ။ ဥပါဒါန် သားစွဲတာ ဥပါဒါန်၊ သမီးစွဲတာ ဥပါဒါန်၊ ဖအေ ပျောက်လို့ ဥပါဒါန်။ လယ်၊ ယာ၊ ကိုင်း၊ ကျွန်း ပိုးကျလို့ပူရတာ ဥပါဒါန်၊ ဥပါဒါန်နော်။ အဝိဇ္ဇာကြောင့် သင်္ခါရ၊

သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ အစွဲကိုပြောတာပါ။ ဒီအစွဲတရားကို သတ်နိုင်ရင် ဘဝပြတ်ပြီပေါ့ဗျာ။ လူတစ်ရာမှာ ကိုးဆယ့်ကိုး ယောက်က အတ္တတွေ၊ အတ္တကနေ သမ္မာလမ်းကြောင်းပြပေးတာ။ မိစ္ဆာလမ်းကြောင်းကို ဘယ်သိ ကြမလဲ။ ဒကာကြီးတို့လည်း မမြဲဘူး။ ဦးပဏ္ဍိတ လည်း မမြဲဘူး။ အဲဒါကို နှလုံးသွင်းဆင်ခြင်ကြ။ ဒီလောက်ဆို ပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား။ )

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၉.၃.၁၉၉၇)ရက်နေ့

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရား၊

ပိန္နဲကုန်းရွာ၊ မြောင်းမြမြို့တွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၈၁)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ် (၁၈၁)
# (၉.၃.၁၉၉၇)အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရား၊ ပိန္နဲကုန်းရွာ၊ မြောင်းမြမြို့နယ်၊ ဝိသုဒ္ဓိဆရာတော် တရားတော်

ငါ ဒါလှူမှုပဲ။ ငါ့ဘဝမှာ အလွန်ကြောက်မက်ဖွယ်ကောင်းတယ်။ ကမ္မဝဋ်၊ ဘဝဝဋ်ကို ကြောက်တယ်။ ငါလည်း မကျင့်နိုင်ဘူး။ ဒီလိုအသိနဲ့ လှူတဲ့အလှူ။ လောကီကို အားကိုးပြီးတော့ စီးပွားလာဘ်လာဘကိုလိုချင်တဲ့ အလှူ။ ခင်ဗျားရဲ့နှလုံးသားပေါ်မှာမူတည်တယ်။ ဒီကလည်း ဓမ္မစစ်ရမယ်။ အဲဒါ ဒါကြောင့်မို့ ခင်ဗျားတို့ရဲ့ အဝိဇ္ဇာတုံးကြီးမှာ သီလနဲ့ဆေးကြောပါ။ ဒါနနဲ့ဆေးကြောပါ။ ဘာဝနာနဲ့ ပွားများပါ။ ဦးပဏ္ဍိတ ရဲ့ အဝိဇ္ဇာတုံးကြီးကို အဓိသီလနဲ့ ဆေးကြောတယ်။ အဓိစိတ္တနဲ့ ဆေးကြောတယ်။ အဓိပညာနဲ့ ဆေးကြောတယ်။ ဒါပါပဲဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား။ )

❒ အစွဲဥပါဒါန်ကို ဒါန၊ သီလနဲ့ ဖြတ်လို့မရဘူး။

မဂ်ဉာဏ်ရမှ ပြတ်တာ။

မဂ်ဉာဏ်ရအောင် မဂ္ဂင်(၈)ပါးနဲ့ ကျင့်

မဂ္ဂင်(၈)ပါးနဲ့ ကျင့်လို့ရတဲ့ ဉာဏ်

မဂ်ဉာဏ်။

❒ ဝိသုဒ္ဓိဝိပဿနာ

နှာသီးနှာဖျားဝ၊ ထိသိမမြဲ

လမ်းလျှောက်ရင်းလည်း ခြေဖဝါး အသိကပ်၊ ထိသိမမြဲ

မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ ကြုံတာ မမြဲ

အမြဲသတိကပ်မှတ်။

❒ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိနှင့်အောင်သစ္စာ

ဝိသုဒ္ဓိမှ ဝိမုတ္တိသည်

သည်းခံ၊ စေတနာထား၊ သမ္မာလမ်းကြောင်းပေါ်ကနေ

မဂ္ဂင်(၈)ပါး ဉာဏ်လမ်းကြောင်း နဲ့ မဂ်ဉာဏ်ရအောင် ကျင့်တာ

ဂေါတမဘုရားသာသနာတွင်း နိဗ္ဗာန်ဝင်မှာ။

❒ ဝိသုဒ္ဓိဝိပဿနာသည် မဂ္ဂင်(၈)ပါး အခြေခံထား၍

သတိပဋ္ဌာန်(၄)ပါးကျင့်စဉ်ဖြင့် ဗိုလ်(၅)ပါးဦးစီး၍

ဝိသုဒ္ဓိ(၇)ပါးပိုင်ဆိုင်အောင်

သစ္စာ(၄)ပါးသိမြင်အောင်

အားထုတ်နည်းပင်ဖြစ်သည်။